http://www.dhammadownload.com

ဆဋ္ဌသံဂါယနာ တတိယသန္နိပါတ

သုတ္တန္တပိဋကေ

အင်္ဂုတ္တရနိကာယ်

သံဂါယနာအမေးအဖြေ

ပဌမအုပ်

အင်္ဂုတ္တိုရ်ပါဠိတော်

ကေကနိပါတ်မှ တိကနိပါတ်အထိ

အမေးအဖြေများ ပါဝင်သည်။



နိုင်ငံတော်ပုဒ္ဓသာသနာအဖွဲ့

သာသနာနှစ်-၂၅၀၄ ကောဇာနှစ်-၁၃၂၂

http://www.dhammadownload.com

၂၄၀၀

ဆဋ္ဌသံဂါယနာတတိယသန္နိပါတ

သုတ္တန္တပိဋကေ

အင်္ဂုတ္တရနိကာယ်

သံဂါယနာအမေးအဖြေ

ပဌမအုပ်

အင်္ဂုတ္တိုရ်ပါဠိတော်

ကေကနိပါတ်မှ တိကနိပါတ်အထိ

အမေးအဖြေများ ပါဝင်သည်။



နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ်-၂၅၀၄ ကောဇာနှစ်-၁၃၂၂

http://www.dhammadownload.com

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာ အမေးအဖြေ

နိဒါန်း

ဤမည်သော ဆဋ္ဌသံဂါယနာ အမေးအဖြေ ကျမ်းတဆူ ထွက်ပြူလာခြင်း၏ အကြောင်းရင်း နိဒါန်းမှာ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူ ထိုက်သော သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာတို့ကိုပေးတော်မူနိုင်သည့် သုတ်,အဘိဓမ္မာ,ဝိနည်းဒေသနာ တော်တို့ကို အနှစ်ငါးထောင်မက ကြာမြင့်သည်တိုင်အောင် တည်ရစ်ရန် အလို့ငှါ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော်ဘုရားကြီးကို အမှူး ထား၍ ပြည်ထောင်စု မြန်မာနိုင်ငံ, ယိုဒယားနိုင်ငံ,သီဟိုဠ်နိုင်ငံ, ကမ္ဗောဒီးယား နိုင်ငံနှင့် လောနိုင်ငံ အပါအဝင် ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံတို့မှ လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူကြသော သံဃနာယက, သံဃရာဇာ, သံဃုက္ကဋ္ဌ မထေရ်မြတ်ကြီးတို့ ဦးစီးရှေ့ဆောင်သော သံဂီတိကာရကမထေရ် ၂၅၀၀ ကျော်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရကို သာသနာ့ဒါယကာ အဖြစ် အမှီပြု၍၎င်း နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့နှင့် ပြည်ထောင်စု နိုင်ငံတော်သူ နိုင်ငံတော်သားများကို စတုပစ္စယဒါယကာအဖြစ် အမှီပြု၍၎င်း ရန်ကုန်မြို့ သီရိ မင်္ဂလာကုန်းမြေ ဆဋ္ဌသံဂီတိမဟာပါသာဏကျောက်လိုဏ်ဂူတော်ကြီးအတွင်းဝယ် သာသနာနှစ် ၂၄၉၈-ခုနှစ် ကောဇာနှစ် ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ခြောက်ကြိမ်မြောက် သံဂါယနာသဘင်ကို စတင်တော်မူခဲ့ကြလေသည်။

ဤသို့ ခြောက်ကြိမ်မြောက် သံဂါယနာ တင်တော်မူကြရာဝယ် ရှေးပဌမ သံဂါယနာ တင်တော်မူစဉ် အခါကာလက သံဃမဟာနာယက အရှင်မဟာ ကဿပ မထေရ်မြတ်ကြီးက တခုတခုသော သိက္ခာပုဒ်,တခုတခုသော တရားဒေသ နာတော်ကို "ဘယ်မြို့ ဒေသ ဘယ်ဌာန၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုအခင်း အကြောင်းရင်း ဝတ္ထုကြောင့် ပညတ်ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်" စသည်ဖြင့် မေးမြန်းတော်မူသောအခါ ဝိနည်းဆိုင်ရာ၌ အရှင်ဥပါလိ မထေရ်မြတ်က ပညတ်ရာဌာန စသည်တို့ကို ရှင်းလင်းစွာ ဖြေကြား၍ သုတ်,အဘိဓမ္မာဆိုင်ရာ၌အရှင်အာနန္ဒာ မထေရ်မြတ်က ဟောရာဌာနစသည်တို့ကို ရှင်းလင်းစွာ ဖြေကြားတော်မူကြသကဲ့သို့ ဆိုင်ရာဆိုင်ရာ သုတ်,အဘိဓမ္မာ,ဝိနည်း ဒေသနာတို့ကို မေးရန်,ဖြေရန် ကိစ္စအတွက်လည်း ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃ အဖွဲ့ကြီးက ကြိုတင်၍ စီစဉ်ခဲ့လေသည်။

သံဂါယနာတင်ရာ၌ သုတ်, အဘိဓမ္မာ, ဝိနည်းတရားတို့ကို အမေးအဖြေ ပြုလုပ်ရန် တာဝန်ကား လွယ်ကူလှသည် မဟုတ်ချေ၊ ပိဋကတ် ကျမ်းဂန်အရပ်ရပ်

http://www.dhammadownload.com

တို့၌ နှံ့စပ် ကျေပြွန် မှေနှောက် ချောက်ချားနိုင်သော တိက္ခဉာဏ်, ဇဝနဉာဏ်, ဂမ္ဘီရဉာဏ် ထက်သန်အားကောင်း၍ သံဃပရိသတ် လူပရိသတ် အလယ်တွင် နှုတ်ဘက်ရွရွ တိကျပြတ်သားစွာ ကေသရာဇာ ခြသေ့်မင်းကဲ့သို့ ရဲတင်းသော စိတ်ဖြင့် မေးစွမ်းနိုင်, ဖြေစွမ်းနိုင်သော ဗျတ္တ,ပဋိဗလဂုဏ် ကုံလုံကြွယ်ဝသည့် ပုဂ္ဂလ ဝိသေသတို့၏ အရာသာ ဖြစ်ချေသည်။

သို့ကြောင့်ပင် ဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃအဖွဲ့ကြီးက အဂ်ုတ္တရနိကာယ်ကြီးကို မေးတော်မူရန် ပုစ္ဆကထေရ်အဖြစ် ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ဘဒန္တသောဘနထေရ် (မဟာစည်)ကိုငှင်း အဂ်ုတ္တရနိကာယ်ကြီးကို ဖြေကြားတော်မူရန် ဝိဿဇ္ဇက ထေရ်အဖြစ် စစ်ကိုင်းမြို့ မင်းကွန်းဓမ္မနာဒတိုက် တိပိဋကဓရမ္မေဘဏ္ဍာဂါရိက, ဘဒန္တဝိစိတ္တသာရာဘိဝံသထေရ်ကိုငှင်း ရွေးကောက် တင်မြှောက်တော်မူခဲ့ကြလေသည်။

ဤသို့ ရွေးကောက် တင်မြှောက်ခဲ့သည့်အတိုင်း ဆဋ္ဌသံဂီတိ မဟာပါသာဏ ကျောက်လိုဏ်ဂူတော်ကြီးအတွင်း၌ ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံမှ ကြွရောက်လာကြကုန်သော သံဂီတိကာရက သံဃပရိသတ် လူပရိသတ်တို့၏ အလယ်တွင် မိမိတို့အလှည့်ကျသည့် ကျမ်းဂန်အလိုက်—ဆဋ္ဌသံဂီတိ မဟာနာယက အဖြစ်ဖြင့် ဆောင်ရွက်တော်မူကြသော သံဃမဟာနာယက ဆရာတော်ဘုရားကြီးတို့က ဩကာသဒါနကထာ မြွက်ကြားတော်မူ၍ ပုစ္ဆကထေရ်က ပုစ္ဆနဥ တ်ကို ထားပြီးလျှင် ရွှေပလ္လင်ထက်သို့ တက်ကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍ငှင်း ဝိဿဇ္ဇက ထေရ်က ဝိဿဇ္ဇနဥ တ်ကို ထားပြီးလျှင် ဆင်စွယ်ဖြင့် စီအပ်သော ယပ်ဝန်းကို ကိုင်လျက် ရွှေပလ္လင်ထက်သို့ တက်ကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍ငှင်း ရှုံရှားခြင်းကင်း ရဲတင်းသောစိတ်ဖြင့် ရှေးရှေးသော သံဂါယနာ အစဉ် အလာနှင့် အညီ မြတ်စွာဘုရား၏ **အာဟစ္စဘာသိတ** ဒေသနာတော်တို့ကို ပါဠိမြန်မာ နှစ်ဘာသာတို့ဖြင့် တိကျပြတ်သားရှင်းလင်းစွာ နှုတ်တက်ရွရွ မေးဖြေတော်မူခဲ့ကြလေပြီ၊ မေးဖြေတိုင်းသော ဒေသနာ အစဉ်တို့ကိုလည်း နိုင်ငံတော်အသံလွှင့် ဌာနမှ အသံသွင်းစက်ဖြင့် အသံသွင်းယူပြီးလျှင် မြန်မာ့အသံမှ တဆင့် အသံလွှင့်ခဲ့လေသည်၊ ထိုသို့ အသံလွှင့်ခဲ့သည်ကို ကြားနာကြရသော ရဟန်းရှင်လူ အပေါင်းတို့သည် အားရတင်းတိမ်ခြင်း မရှိကြသဖြင့် ကျမ်းစာအုပ်တဆူအနေ စက်တင်ပုံနှိပ် ထုတ်ဝေပါရန် တောင်းပန်ကြလေသည်၊

နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကလည်း ပိဋကတ်တော်၏ အဆီအနှစ် သဖွယ်ဖြစ်သော ဤ သံဂါယနာ အမေးအဖြေတို့ကို မပျောက်မပျက်ရန် အလို့ငှါငှင်း

http://www.dhammadownload.com

လေ့လာကျင့်သုံး ပွါးများလိုကြသူတို့အဘို့ လွယ်လင့်ဟကူ ကြည့်ရှုနိုင်ရန် အလို့ငှါငင်း

၁။ ကျမ်းစာအုပ်အဖြစ် စက်တင်ပုံနှိပ်ရန်

၂။ ဓာတ်ပြားသွင်းရန်

အစီအစဉ် ရှိခဲ့သည့်အတိုင်း အမေးအဖြေ ဒေသနာတော် အသံတို့ကို အသံသွင်း ဓာတ်ကြိုးမှ ကူးယူ၍ စက်တင်ပုံနှိပ်ခဲ့သောကြောင့် သံဂါယနာအမေးအဖြေဟူသော ဤကျမ်းစာတဆူ ထွက်ပြူလာခဲ့ခြင်း ဖြစ်ပါသည်။

အထူးအားဖြင့် ဤသံဂါယနာ အမေးအဖြေကျမ်း၌ ဆရာတော်နှစ်ပါး မေးဖြေတော်မူကြသော အချက်အလက်များမှာ နာရီပိုင်းမျှ အခွင့်ရသော အချိန်ကာလအတွင်း၌ "အမြတ်ရတနာ အစုအပုံထည်းမှ သင့်ရာသင့်ရာ ရတနာတို့ကို ထုတ်ဆောင်ပြသကဲ့သို့" ဆိုင်ရာဆိုင်ရာ ပိဋကတ်တို့မှ အရေးကြီးသော အချက်အလက်များကိုသာ အချိန်ကာလနှင့်နှိုင်းချိန်၍ မေးဖြေတော်မူကြခြင်းဖြစ်ပါသော ကြောင့် ထို့ထက် ကျယ်ဝန်းပြည့်စုံသော အနက်အဓိပ္ပါယ် မြတ်စွာဘုရား၏ စကားတော်များကို သိလိုကြပါသော သူတော်စင် အပေါင်းတို့သည် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ ပုံနှိပ်ထုတ်ဝေ ဖြန့်ဖြူးလျက်ရှိပြီဖြစ်ပါသော **ပိဋကတ်မြန်မာပြန်** ကျမ်းကြီးများ၌ ဘတ်ရှုကြည့်ရှုနိုင်ကြပါသည်။

သို့ဖြစ်၍ အံ့ဘွယ်ရှစ်ပါးနှင့် ပြည့်စုံသော မဟာသမုဒ္ဒရာအတွင်း၌ နစ်မြုပ်၍ နေကြကုန်သော ရတနာ ခုနစ်ပါးတို့ကို ယူဆောင်၍ ပြလိုက်သကဲ့သို့ အံ့ဘွယ်ရှစ်ဖြာ သာသနာမှ ဝိမုတ္တိရသ အမတမြိုက် ချမ်းသာတည်းဟူသော အဆီအနှစ် ဒေသနာတို့ကို ထုတ်ဆောင်၍ ပြရာဖြစ်သော **ဤသံဂါယနာ အမေးအဖြေ** ကျမ်းကို ရဟန်းရှင်လူ ခပ်သိမ်းသူတို့ ဘတ်ရှုလေ့လာ ကျင့်သုံးနိုင်ကြ ပါစေကုန်သတည်း။

[ပုံ] အသျှင်နာဂဝံသာဘိဝံသ
[ပုံ] အသျှင်ဝိသုဒ္ဓါဘိဝံသ
အကျိုးတော်ဆောင်ဆရာတော်များ
ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃအဖွဲ့

http://www.dhammadownload.com

http://www.dhammadownload.com

အင်္ဂုတ္တရနိကာယ် အမေးအဖြေ

ပဌမတွဲ

မာတိကာ

အကြောင်းအရာ စာမျက်နှာနံပါတ်

ကေကနိပါတ်

စကားချီး ၁

ရူပါဒိဝဂ် ၃

နိတတ္ထနှင့် နေယျတ္ထ ၆

နီဝရဏပ္ပဟာနဝဂ် ၇

အကမ္မနိယဝဂ် ၉

အဒန္တဝဂ် ၁၀

ပဏိဟိတအစ္ဆဝဂ် ၁၁

အစ္ဆရာသင်္ဃာတဝဂ် ၁၃

တတိယသုတ် စသည် ၁၅

အဌမသုတ် စသည်.... .... ၁၇

ဒုတိယသုတ်စသည် (ကလျာဏမိတ္တာဒိဝဂ်) ၁၉

ဆဋ္ဌသုတ် စသည် ၂၀

ပမာဒါဒိဝဂ် ၂၂

ဒုတိယ ပမာဒါဒိဝဂ် ၂၄

သုတ်တော် နှစ်ဆယ် ၂၆

ဖြူစင်သော သုက္ကပက္ခ ၂၇

ကေပုဂ္ဂလဝဂ် ၂၉

တေဒဂ္ဂဝဂ် ....

အရှင်ကောဏ္ဍည ဝတ္ထု ၃၀

အတိတ် အကြောင်း ၃၁

ကောဏ္ဍညပုဏ္ဏား ၃၃

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာနံပါတ်
ဓမ္မစကြာ ဟောကြားချိန်	၃၅
တရားဦး ရခြင်း	၃၅
ရတ္တညူတေဒဂ် ဘွဲ့ရခြင်း	၃၅
အဂ္ဂသာဝကကြီး နှစ်ပါး ဝတ္ထု	၃၆
တသဆေ်နှင့် ကမ္ဘာတသိန်းထက်	၃၇
ပညာတေဒဂ် ဆုတောင်းခြင်း	၄၁
ဒုတိယ အဂ္ဂသာဝကဆု	၄၁
ဂေါတမမြတ်စွာ ပွင့်လာချိန်	၄၂
သံဝေဂဉာဏ် ဖြစ်ပွါးချိန်	၄၃
အရှင်အဿဇိနှင့် တွေ့ခဏ်း	၄၄
ဘုရားထံ ရောက်ချိန်	၄၆
တေဒဂ် ဘွဲ့ထူးများဖြင့် ချီးကျူးခြင်း....	၄၇
အရှင်မဟာကဿပ ဝတ္ထု	၄၈
ပဒုမုတ္တရဘုရားရှင် လက်ထက်	၄၈
ဤဘုရားသာသနာတွင်	၅၀
စံပြထားပြီး ချီးကျူးခြင်း	၅၁
အရှင်အနုရုဒ္ဓတ္ထေရ ဝတ္ထု	၅၁
အတိတ် ဝတ္ထု	၅၂
ပစ္စုပ္ပန် ဖြစ်စဉ်	၅၃
အရှင် သီဝလိ ဝတ္ထု	၅၄
အတိတ် ဝတ္ထု	၅၅
ပစ္စုပ္ပန် ဖြစ်စဉ်	၅၆
လာဘ်ပေါများခြင်း	၅၈
အရှင် အာနန္ဒာထေရ် ဝတ္ထု	၅၈
အတိတ် ဝတ္ထု	၅၉
ပစ္စုပ္ပန် ဖြစ်စဉ်	၆၂
ပယ်ဆု လေးပါး	၆၃
ယူဆု လေးပါး	၆၃

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာနံပါတ်
ဧတဒဂ်ငါးမျိုး ရရှိခြင်း	၆၄
အရှင်ဥပါလိ ဝတ္ထု	၆၅
အတိတ် ဝတ္ထု	၆၆
ပစ္စုပ္ပန် ဖြစ်စဉ်	၆၆
ဝိနည်းအရာ၌ ထူးချွန်ခြင်း	၆၇
မဟာပဇာပတိဂေါတမီထေရီ ဝတ္ထု	၆၈
အတိတ်ဝတ္ထု	၆၉
ပစ္စုပ္ပန် ဖြစ်စဉ်	၇၀
မာတုဂါမများ ရဟန်းပြုခွင့်	၇၁
ခေမာထေရီ ဘိက္ခုနီမဝတ္ထု	၇၃
အတိတ် ဝတ္ထု	၇၄
ရုပ်ဆင်းအင်္ဂါ၌ မာန်ယစ်ခြင်း	၇၄
သံဝေဂ ရစေပုံ	၇၅
ပညာတေဇင် ရရှိခြင်း	၇၆
ဥပ္ပလဝဏ္ဏာထေရီဘိက္ခုနီမ ဝတ္ထု	၇၇
အတိတ် ဝတ္ထု	၇၇
ပစ္စုပ္ပန် ဖြစ်စဉ်	၇၈
တန်ခိုးအရာ ဧတဒဂ် ရခြင်း....	၇၉
ပဋာစာရာထေရီဘိက္ခုနီမ ဝတ္ထု	၈၀
အတိတ် ဝတ္ထု	၈၁
သောကမီးကို ခဲ့ပါပစ်ခြင်း	၈၂
အရဟတ္တဖိုလ်နှင့် ဧတဒဂ်ဘွဲ့ ရရှိပုံ	၈၃
ဓမ္မဒိန္နာထေရီဘိက္ခုနီမ ဝတ္ထု	၈၅
အတိတ် ဝတ္ထု	၈၅
ဝိသာခ သူဌေး	၈၆
မွေဒိန္နာ ရဟန်းပြုခြင်း	၈၆
ဧတဒဂ်ဘွဲ့ ရခြင်း....	၈၈
ယသောဓရာထေရီဘိက္ခုနီမ ဝတ္ထု	၈၈

http://www.dhammadownload.com

အကြောင်းအရာ					စာမျက်နှာနံပါတ်
အဘိညာဉ် ထူးချွန်သူ လေးပါး	....	....	....		၈၉
ယသောဓရာ ရဟန်းပြုခြင်း	....	....	....	....	၉၀
အဘိညာဉ် ထူးချွန်၍ ဇောဒဂ်ရပုံ	....	....	....	....	၉၀
တပုဿ ဘလ္လိက ဝတ္ထု	....	....	....	....	၉၁
အတိတ်နှင့် ပစ္စုပ္ပန်....	....	....	....	....	၉၂
ဘုရားပင့်တော်မူခြင်း	....	....	....	....	၉၂
ဆံတော် ရှစ်ဆူ	....	....	....	....	၉၃
အနာထပိဏ်သူဌေး ဝတ္ထု	....	....	....	....	၉၄
ကမ္ဘာတသိန်းထက်	....	....	....	....	၉၅
ဇေတဝန်ကျောင်းတော်ကြီး လှူဒါန်းခြင်း	....	....			၉၅
ဆွမ်းဝတ်မျိုးစုံ တည်ထားခြင်း	....	....	....		၉၆
သူရမ္မဋ္ဌ ဥပါသကာ ဝတ္ထု	....	....	....	....	၉၇
အတိတ်နှင့် ပစ္စုပ္ပန်	....	....	....	....	၉၈
မာရ်နတ် ဘုရားယောင် ဆောင်ခြင်း....			....	....	၉၈
သောတာပန်တို့ ထုံးစံ	....	....	....	....	၉၉
တေဒဂ်ဘဲ့ ရရှိခြင်း	....	....	....	....	၁၀၀
သုဇာတာ ဥပါသိကာမ ဝတ္ထု	....	....	....	....	၁၀၁
အတိတ်နှင့် ပစ္စုပ္ပန်....	....	....	....	....	၁၀၁
ဘုရားဖြစ်မည့်နေ့....	....	....	....	....	၁၀၂
ယသ သူဌေးသား....	....	....	....	....	၁၀၃
ဘခင် သူဌေးကြီ....	....	....	....	....	၁၀၃
မိခင်နှင့် ဇနီးဟောင်း	....	....	....	....	၁၀၄
တေဒဂ်ဘဲ့ ရရှိခြင်း....	....	....	....	....	၁၀၄
ဝိသာခါ ဥပါသိကာမ ဝတ္ထု	....	....	....	....	၁၀၅
အတိတ်နှင့် ပစ္စုပ္ပန်....	....	....	....	....	၁၀၅
ခုနစ်နှစ်အရွယ်၌ သောတာပန် တည်ခြင်း			....	....	၁၀၆
မိဂါရမာတာ အမည်ရခြင်း	....		....	....	၁၀၆
ပုဗ္ဗာရုံကျောင်းတော်ကြီး လှူဒါန်းခြင်း			....	....	၁၀၇

http://www.dhammadownload.com

အကြောင်းအရာ						စာမျက်နှာနံပါတ်
တေဒဂ်ဘွဲ့ ရရှိခြင်း....	....	....	....	....		၁၀၇
ခဇ္ဇုတ္တရာ ဥပါသိကာမ ဝတ္ထု	....	....	....	....		၁၀၈
အတိတ် ဝတ္ထု	....	....	....	....	....	၁၀၈
ပစ္စုပ္ပန် ဖြစ်စဉ်	....	....	....	....	....	၁၀၉
တေဒဂ်ဘွဲ့ ရရှိခြင်း	....	....	....	....	....	၁၁၁
ကာဠီ ဥပါသိကာမ ဝတ္ထု	....	....	....	....		၁၁၁
အတိတ်နှင့် ပစ္စုပ္ပန် ဝတ္ထု	....	....	....	....		၁၁၂
အဋ္ဌာနပါဠိ	....	....	....	....	....	၁၁၃
ကေဓမ္မပါဠိ-ပဌမဝဂ်	....	....	....	....		၁၁၄
ဒုတိယဝဂ်	....	....	....	....	....	၁၁၅
တတိယဝဂ်	....	....	....	....	....	၁၁၇
အပရအစ္ဆရာသဏ်္ဌာတဝဂ်		....	....	....		၁၂၀
ကာယဂတာသတိဝဂ်	....	....	....	....		၁၂၂
အမတဝဂ်	....	....	....	....	....	၁၂၃

ကေကနိပါတ် အမေးအဖြေ မာတိကာ ပြီး၏

ဒုကနိပါတ်

ကမ္မကရဏဝဂ် ဝဇ္ဇသုတ်	....	....	....	....	....	၁၂၅
အပြစ်နှစ်မျိုး	....	....	....	....	....	၁၂၅
ပစ္စုပ္ပန် အပြစ်	....	....	....	....	....	၁၂၆
တမလွန် အပြစ်	....	....	....	....	....	၁၂၆
အပြစ် နှစ်ပါးလုံးကို ကြောက်အပ်ခြင်း			....	....		၁၂၇
ပဓာနသုတ်	....	....	....	....	....	၁၂၈
တပနီယသုတ်	....	....	....	....	....	၁၃၀
အတပနီယသုတ်	....	....	....	....	....	၁၃၁
ဥပညာတသုတ်	....	....	....	....	....	၁၃၂

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာနံပါတ်
စရိယသုတ်	၁၃၄
အဓိကရဏဝဂ်-သတ္တမသုတ်	၁၃၆
ဇာဏုဿောဏိပုဏ္ဏား၏ အထင်	၁၃၆
အရိပ်အမြွက် ဟောကြားခြင်း	၁၃၇
ပုဏ္ဏား အခက်ကြုံသွားပုံ	၁၃၇
ပုဏ္ဏား လက်လျော့ခြင်း	၁၃၈
အကျယ်ခဲ့ ဟောခြင်း	၁၃၉
အဋ္ဌမသုတ်	၁၄၀
မပြုကောင်းသည်ကို ပြုခဲ့လျှင်	၁၄၁
ပြုကောင်းသည်ကို ပြုခဲ့လျှင်	၁၄၂
နဝမသုတ်	၁၄၂
အကုသိုလ်ကို ပယ်ရှားရ မဖြစ်လျှင်	၁၄၃
အကုသိုလ်ကို ပယ်ရ ဒုက္ခဖြစ်မည်ဆိုလျှင်	၁၄၄
ကုသိုလ်တရား ပွါးများရ မဖြစ်ဘူး ဆိုလျှင်	၁၄၄
ဒသမနှင့် ကောဒသမသုတ်	၁၄၅
ဗာလဝဂ်-ဒုတိယသုတ်	၁၄၇
တတိယသုတ်	၁၄၈
စတုတ္ထနှင့် ပဥ္စမသုတ်	၁၅၀
သမစိတ္တဝဂ်-ပဌမသုတ်	၁၅၃
အသပ္ပုရိသဘူမိ တရားကြီးနှစ်ပါး	၁၅၄
သပ္ပုရိသဘူမိ တရားကြီး နှစ်ပါး	၁၅၅
ဒုတိယသုတ်	၁၅၆
ပခုံးပေါ် ထား၍ လုပ်ကျွေးသော်လည်း	၁၅၆
ကျေးဇူးကျေအောင် ဆပ်နည်း	၁၅၇
သမစိတ္တသုတ်	၁၅၇
အရှင်သာရိပုတ္တရာ၏ သာဝကသိန္ဓိပါတ	၁၅၈
အဇ္ဈတ္တသံယောဇဉ်ရှိသော ပုဂ္ဂိုလ်	၁၅၉

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာနံပါတ်
ဗဟိဒ္ဓါသံယောဇဉ်ရှိသော ပုဂ္ဂိုလ်	၁၆၀
ဘုရားရှင် ဩဝါဒပေးတော်မူခြင်း	၁၆၁
ပရိသဝဂ်-ဥတ္တာနသုတ်	၁၆၅
တိမ်သော ပရိသတ်	၁၆၅
နက်သော ပရိသတ်	၁၆၆
နက်သော ပရိသတ်က မြေတ်သည်	၁၆၆
အနဂ္ဂဝတီသုတ်	၁၆၇
အနဂ္ဂဝတီ ပရိသတ်	၁၆၈
တပည့်တို့လည်း ဆရာနည်းတူ	၁၆၈
အဂ္ဂဝတီ ပရိသတ်	၁၆၉
အဂ္ဂဝတီပရိသတ် မြတ်၏	၁၇၀
ဩက္ကာစိတဝိနီတသုတ်	၁၇၀
ဩက္ကာစိတ ပရိသတ်	၁၇၁
ပဋိပုစ္ဆာဝိနီတ ပရိသတ်	၁၇၂
ပုဂ္ဂလဝဂ်-အသန္တသန္နိဝါသသုတ်	၁၇၃
သူယုတ်မာတို့ နေထိုင်နည်း	၁၇၄
သူတော်ကောင်းတို့ နေထိုင်နည်း	၁၇၅
သုခဝဂ်	၁၇၆
အာယာစနဝဂ်	၁၇၈
သာသနာ့ စံပြ ပုဂ္ဂိုလ်တွေလို	၁၇၉
အဝဏ္ဏာရဟသုတ်	၁၈၀
အပ္ပသာဒနီယသုတ်	၁၈၂
မာတာပိတုသုတ်	၁၈၄
တထာဂတသုတ်	၁၈၅

http://www.dhammadownload.com

အကြောင်းအရာ စာမျက်နှာနံပါတ်

တိကနိပါတ်အမေးအဖြေ

ဗာလဝဂ်-ဘယသုတ် ၁၈၉
စိန္တီသုတ် ၁၉၀
လူမိုက်လက္ခဏာသုံးမျိုး ၁၉၁
ပညာရှိလက္ခဏာ သုံးမျိုး ၁၉၂
အစ္စယသုတ် ၁၉၃
ဗာလလက္ခဏာ သုံးပါး ၁၉၄
ပဏ္ဍိတလက္ခဏာ သုံးပါး ၁၉၄
မလသုတ် ၁၉၅
ရထကာရဝဂ်-ဥာတသုတ် ၁၉၇
လူထုဆင်းရဲစေသောပုဂ္ဂိုလ် ၁၉၈
လူထုချမ်းသာစေသောပုဂ္ဂိုလ် ၁၉၈
အာသံသသုတ် ၁၉၉
အာသာမရှိသော ပုဂ္ဂိုလ် ၂၀၀
အာသာရှိသော ပုဂ္ဂိုလ် ၂၀၁
အာသာငြိမ်းပြီးသော ပုဂ္ဂိုလ် ၂၀၁
အာသာမရှိသော ရဟန်း ၂၀၂
အာသာရှိသော ရဟန်း ၂၀၂
အာသာငြိမ်းပြီးသော ရဟန်း ၂၀၂
သစေတနသုတ် ၂၀၃
ရထားဘီး နှစ်ခု ၂၀၄
ရထားဘီးချင်း ကာခြားပုံ ၂၀၅
ရထားဆရာကား ငါဘုရားပင် ၂၀၆
ဝက်သုံးပါး မပယ်ရှားရသေးလျှင် ၂၀၇
အပဏ္ဏကသုတ် ၂၀၈
ဒေဝလောကသုတ် ၂၁၀
ပဌမပါပဏိကသုတ် ၂၁၂
ဈေးသည် ဥပမာ ၂၁၂

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာနံပါတ်
သုက္ကပက္ခ	၂၁၄
ပုဂ္ဂလဝဂ်-ဂိလာနသုတ်	၂၁၅
သူနာ သုံးမျိုး	၂၁၆
သူနာနှင့်တူသော ပုဂ္ဂိုလ်သုံးမျိုး	၂၁၇
ဗဟုကာရသုတ်	၂၁၇
ကျေးဇူးကြီးလှသော ဆရာသုံးပါး	၂၁၈
ဆရာ့ကျေးဇူး မဆပ်နိုင်	၂၁၉
ဇိဂုစ္ဆိတဗ္ဗသုတ်	၂၂၀
မမှီဝဲအပ် ရှောင်ကြဉ်အပ်သော ပုဂ္ဂိုလ်	၂၂၁
မကောင်းသတင်း ဖြစ်တတ်၏	၂၂၂
လျစ်လျူရှုအပ်သော ပုဂ္ဂိုလ်	၂၂၃
မှီဝဲအပ်သော ပုဂ္ဂိုလ်မျိုး	၂၂၄
ဂူထဘာဏီသုတ်	၂၂၆
ဂူထဘာဏီပုဂ္ဂိုလ်	၂၂၇
ပုပ္ဖဘာဏီပုဂ္ဂိုလ်	၂၂၈
မဓုဘာဏီပုဂ္ဂိုလ်	၂၂၉
အန္ဓသုတ်	၂၃၁
မျက်စိ နှစ်ဖက် ကန်းသော ပုဂ္ဂိုလ်	၂၃၁
တဖက်သာ မြင်သော ပုဂ္ဂိုလ်	၂၃၂
မျက်စိနှစ်ဖက် မြင်သော ပုဂ္ဂိုလ်	၂၃၃
အဝကုဇ္ဇသုတ်	၂၃၄
အဝကုဇ္ဇပညာပုဂ္ဂိုလ်	၂၃၅
မှောက်၍ထားသော အိုးပမာ	၂၃၆
ဥစ္ဆင်္ဂပညာ ပုဂ္ဂိုလ်	၂၃၆
သတိမေ့တတ်သောသူပမာ	၂၃၇
ပုထုပညာ ပုဂ္ဂိုလ်	၂၃၈
လှန်ထားသော အိုးပမာ	၂၃၈
ဒေဝဒူတဝဂ်-သဗြဟ္မကသုတ်	၂၃၉

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာနံပါတ်
မိဘနှစ်ပါး ကျေးဇူးမျှားပုံ	၂၄၀
ဟတ္ထကသုတ်	၂၄၁
ဟတ္ထကာဠဝက မင်းသား	၂၄၂
သင့်ထင်မြင်ချက် ဖြေစမ်းပါ....	၂၄၄
လောကအမြင်ဖြင့် ဖြေခြင်း....	၂၄၅
ရာဂတွေဖြင့် ချမ်းသာစွာ အိပ်နိုင်သလား	၂၄၅
ရာဂတွေ ပယ်ပြီး၍ ချမ်းသာစွာ အိပ်နိုင်၏	၂၄၆
ဒေဝဒူတသုတ်	၂၄၇
သူအိုတမန်	၂၄၈
သူနာတမန်	၂၄၉
သူသေတမန်	၂၄၉
ဒေဝဒူတ	၂၄၉
ယမမင်းထံပို့ကြပုံ	၂၅၀
ယမမင်းက ပဌမတမန်ဖြင့် စစ်ဆေးပုံ	၂၅၁
ဒုတိယတမန်ဖြင့် စစ်ဆေးပုံ	၂၅၃
တတိယတမန်ဖြင့် စစ်ဆေးပုံ	၂၅၆
ငရဲသားတွေ ခံစံရပုံမျှား	၂၅၈
နှောင်ဖွဲ့ခြင်း ငါးပါး	၂၅၉
အခြားဒုက္ခမျှား	၂၆၀
လောဟကုမ္ဘီငရဲ၌ ပစ်ချပြန်ပုံ	၂၆၀
သံဝေဂကထာ ဟောကြားတော်မူခြင်း	၂၆၃
စတုမဟာရာဇသုတ်	၂၆၃
ရွှေပေလွှာဖြင့် စာရင်းယူကြပုံ	၂၆၄
နတ်သဘင် အစည်းအဝေး၌	၂၆၅
ကုသိုလ်ပြုသူ နည်းပါးလျှင်	၂၆၆
ကုသိုလ်ပြုသူ များလျှင်	၂၆၆
အာဓိပတေယျသုတ်	၂၆၇
အတ္တာဓိပတေယျတရား	၂၆၈

http://www.dhammadownload.com

အကြောင်းအရာ					စာမျက်နှာနံပါတ်
	လောကာဓိပတေယျတရား	....	....	....	၂၆၉
	ဓမ္မာဓိပတေယျတရား	....	....	....	၂၇၀
ပြာဟ္မဏဝဂ်-ပရိဗ္ဗာဇကသုတ်		....	....	....	၂၇၂
	တရားတော်၏ မျက်မှောက်ခံစားရပုံ စသည်		....	....	၂၇၃
ဝစ္ဆဂေါတ္တသုတ်		....	....	....	၂၇၅
	သတင်းကြီးနေပုံ	....	....	....	၂၇၆
	မမှန်မကန် စွပ်စွဲခြင်း ဖြစ်၏		....	....	၂၇၆
	အန္တရာယ်သုံးမျိုးပြုသူမည်၏		....	....	၂၇၇
	ဤသည်လည်း ဒါနပင် ဖြစ်တော့၏		....	....	၂၇၈
သင်္ဂါရဝသုတ်		....	....	....	၂၇၈
	လှူတန်းမှသာလျှင် အများအကျိုးရှိသတဲ့		....	....	၂၇၉
	ရဟန်းပြုမှုကား တကိုယ်ကောင်း လုပ်ငန်းတဲ့		....	....	၂၈၀
	ဘုရားရှင်က ပြန်၍ မေးပုံများ		....	....	၂၈၀
	ဒုတိယ အနုသန္ဓေခဏ်း	....	....	....	၂၈၂
	အရှင်အာနန္ဒာအမေး ပုဏ္ဏားအဖြေ		....	....	၂၈၃
	နန်းတော်တွင်း၌ ဖြစ်ပေါ် နေသော စကား		....	....	၂၈၄
	တန်ခိုးပြာဋိဟာ သုံးမျိုး	....	....	....	၂၈၅
	အကောင်းဆုံးသောပြာဋိဟာ		....	....	၂၈၆
	ပြာဋိဟာသုံးမျိုး ပြည့်စုံသူ များပြားစွာ ရှိ၏		....	....	၂၈၇
မဟာဝဂ်-ဝေနာဂပုရသုတ်		....	....	....	၂၈၇
	ဘုရားနှင့် ဥစ္စာသယနမဟာသယန		....	....	၂၈၈
	ရခဲ၏၊ အပ်လည်း မအပ်ခေ့		....	....	၂၈၉
	မြင့်မြတ်သော နေရာ သုံးမျိုး		....	....	၂၉၀
	ဒိဗ္ဗ ဥစ္စာသယနမဟာသယန		....	....	၂၉၀
	ဗြဟ္မ ဥစ္စာသယနမဟာသယန		....	....	၂၉၂
	အရိယ ဥစ္စာသယနမဟာသယန		....	....	၂၉၄
ကေသမုတ္တိသုတ် (ကာလာမသုတ်)			....	....	၂၉၇
	ကာလာမမင်းတို့ လျှောက်ထားခြင်း		....	....	၂၉၈

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာနံပါတ်
ယုံမှားဖြစ်စရာပါပေ	၂၉၉
သူပြော လူပြောဖြင့် မယုံကြကုန်လင့်	၂၉၉
ကိုယ်တိုင် စဉ်းစားကြည့်ကြ	၃၀၀
ဥပေါသထသုတ်	၃၀၃
ဥပုသ်သုံးပါး ဟောကြားခြင်း	၃၀၃
ဂေါပါလက ဥပုသ်	၃၀၄
နွားကျောင်းသားနှင့် တူသော ဥပုသ်သည်	၃၀၅
ဂေါပါလကသည် အကျိုးမကြီး	၃၀၆
နိဂဏ္ဌဥပုသ်	၃၀၆
အရိယာ ဥပုသ်	၃၀၉
ညစ်နွမ်းသောစိတ်ကို ဖြူစင်စေနည်း	၃၁၀
ဗြာဟ္မဥပုသ်	၃၁၀
ဓမ္မဥပုသ်	၃၁၁
သံဃဥပုသ်	၃၁၂
သီလ ဥပုသ်	၃၁၃
ဒေဝတာ ဥပုသ်	၃၁၄
အကျိုးကြီးမားပုံ ဖော်ပြချက်	၃၁၆
လူနှင့်နတ် ကွာခြားပုံ	၃၁၇
အာနန္ဒဝဂ်-အာဇီဝကသုတ်	၃၁၉
တရားကောင်း	၃၂၁
အကျင့်ကောင်း	၃၂၂
အလုပ်ကိစ္စ ပြီးသောပုဂ္ဂိုလ်	၃၂၂
ဒါယကာက ချီးကျူးခြင်း	၃၂၃
ဂန္ဓဇာတသုတ်	၃၂၅
ပကတိနှံသာ သုံးမျိုး	၃၂၆
သူတော်ကောင်း၏ ရနံ့မှာမူ	၃၂၆
သမဏဂ်-ဂဒြဘသုတ်	၃၂၈
သက်ဝါသုတ်	၃၃၀

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာနံပါတ်
ကျောင်းထိုင် ဆရာတော် ကဿပဂေါတ္တ	၃၃၁
ဝန်ချ တောင်းပန်ခြင်း	၃၃၁
မချီးမွမ်းသင့်သူကို မချီးမွမ်း	၃၃၂
ချီးမွမ်းသင့်သူကို ချီးမွမ်း၏	၃၃၃
လောဏကပလ္လဝဂ်-အစ္စာယိကသုတ်	၃၃၄
အဆောတလျင် ပြုအပ်သည့် အမှုများ	၃၃၆
သမ္မောဝဝဂ်-ရူဏ္ဏသုတ်	၃၃၇
အရက္ခိတသုတ်	၃၃၈
အာပါယိကဝဂ်-အပဏ္ဏကသုတ်	၃၄၁
ပျက်စီးခြင်း သုံးမျိုး	၃၄၁
ပြည့်စုံခြင်း သုံးမျိုး	၃၄၃
ကုသိနာရဝဂ်-ကုသိနာရသုတ်	၃၄၄
အကျိုးမကြီးသော ဒါန	၃၄၅
အကျိုးကြီးသော ဒါန	၃၄၆
ဟတ္ထကသုတ်	၃၄၇
ဟတ္ထက ပြဟ္မာမင်း	၃၄၈
မရောင့်ရဲဘဲ စုတေခဲ့သူ	၃၄၉
အနုရုဒ္ဓသုတ်	၃၅၀
အရဟတ္တဖိုလ် မရနိုင်သေးပုံ	၃၅၁
တရားသုံးပါး ငြိကပ်နေသေးသည်	၃၅၁
ပဋိစ္ဆန္နသုတ်	၃၅၃
ဖုံးထားမှ ဂုဏ်ရှိသော အရာသုံးမျိုး	၃၅၄
ဖွင့်ထားမှ တင့်တယ်သော အရာသုံးမျိုး	၃၅၄
လေခသုတ်....	၃၅၅
ယောဓာဇီဝဝဂ်-ကေသကမ္မလသုတ်	၃၅၈
အဝတ်တွင် ကေသကမ္မလာသည် အဆိုးဆုံး	၃၅၈
အယူတွင် မက္ခလိဝါဒ အဆိုးဆုံး	၃၅၉
ဘုရားရှင်တွေ့ကို ဟန့်တားသူ....	၃၅၉

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာနံပါတ်
ဝါဒမြှုံးကြီးကို ထောင်ထား၏	၃၆၀
မင်္ဂလဝင်-ဝန္ဒနာသုတ်	၃၆၀
ပုဗ္ဗဏ္ဌသုတ်	၃၆၁
အချိန်ကောင်း, အခါကောင်းများ	၃၆၁

တိကနိပါတ် အမေးအဖြေ မာတိကာ ပြီးပြီ

အင်္ဂုတ္တရနိကာယ် မေးဖြေပဌမတွဲ မာတိကာ ပြီး၏

နှ—ဗ—သ—စ၊—၃—၂၈-၁၀-၆၀—၃၀၀၀။

http://www.dhammadownload.com

သုတ္တန္တပိဋက
အင်္ဂုတ္တရနိကာယ်-အင်္ဂုတ္တိုရ်ပါဠိတော်

သံဂါယနာအမေးအဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္မုဒ္ဓဿ။

စကားချီး

ပု။ ။ပဌမမဟာသံဂီတိကာလေ အာဝုသော ဓမ္မသံဂါဟကာ မဟာကဿပါ ဒယော မဟာထေရဝရာ ပေါရာဏသံဂီတိကာရာ ပဌမံ ဝိနယပိဋကံ သံဂါယိတ္ဝာ သုတ္တန္တပိဋကေ စ ဒီဃမဇ္ဈိမသံယုတ္တသခ်ါတေ တယော နိကာယေ သံဂါယိတ္ဝာ တဒနန္တရံ ကိံ နာမ ပါဝစနံ သံဂါယိံသု။

ဝိ။ ။ပဌမမဟာသံဂီတိကာလေ ဘန္တေ ဓမ္မသံဂါဟကာ မဟာကဿပါ ဒယော မဟာထေရဝရာ ပေါရာဏသံဂီတိကာရာ ပဌမံ ဝိနယံ သံဂါယိတ္ဝာ သုတ္တန္တပိဋကေ စ ဒီဃမဇ္ဈိမသံယုတ္တသခ်ါတေ တယော နိကာယေ သံဂါယိဘ္ဝာ တဒနန္တရံ နဝဟိ စ သုတ္တသဟဿေဟိ ပဥ္စဟိ စ သုတ္တသတေဟိ သတ္တပညာသာယ စ သုတ္တေဟိ ပဋိမဏ္ဍိဘံ ဝိသဘိဘာဏဝါရသတပရိမာဏံ အင်္ဂုတ္တရနိကာယံ နာမ ပါဝစနံ သံဂါယိံသု။

မေး။ ။မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် သုံးလ ကျော်၍ လေးလအတွင်းသို့ ရောက်သောအခါကာလဝယ် ရာဇဂြိုဟ်ပြည် အနီး ဝေဘာရတောင်ဝှမ်း စရည်းပင် ရောက်ရာ လိုဏ်ဂူဝ၌ အဇာတသတ် မင်းသည် ဆောက်လုပ်၍ လှူဒါန်းအပ်သော သံဂါယနာတင် မဟာမဏ္ဍပ် တော်ကြီး အဘွင်း၌ အရှင်မဟာကဿပ အမှူးရှိသော ငါးရာသော ရဟန္တာ

http://www.dhammadownload.com

အရှင်မြတ်ဘို့သည် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ဝိနည်းတော်, သုဘ်တရားတော်တို့ကို ပေါင်းစု၍ သံဂါယနာတင်သည့် ပဌမသံယနာတင် ပွဲကြီးကို ကျင်းပတော်မူကြကုန်၏။ ထို ပဌမသံဂါယနာ မဟာသဘင်ကြီးကို ကျင်းပသော အခါကာလ၌ အရှင်မဟာကဿပ အစရှိသော ဓမ္မသံဂါဟက ရှေးသံဂါယနာတင် မဟာထေရ်မြတ်ဘို့သည် ရှေးဦးစွာ ဝိနည်းပိဋကကို သံဂါ ယနာတင်တော်မူကြပြီးလျှင် သုတ္တန်ပိဋကာ၌လည်း ဒီဃနိကာယ် မဇ္ဈိမ နိကာယ် သံယုတ္တနိကာယ်ဟု ဆိုအပ်သော နိကာယ်ကြီး သုံးရပ်တို့ကို သံဂါ ယနာတင်တော်မူကြပြီးနောက် အဘယ်မည်သော မြတ်စွာဘုရား၏ စကား တော်မြတ်ကို သံဂါယနာတင်တော်မူခဲ့ကြပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပဌမသံဂါယနာ တင်တော်မူရာကာလဝယ် အရှင်မဟာ ကဿပ အစရှိသော ဓမ္မသံဂါဟက ရှေးသံဂါယနာတင် မဟာထေရ်သူမြတ် တို့သည် ရှေးဦးစွာ ဝိနယခေါ်မှတ် ပိဋကတ်ကို နှုတ်လွှတ်ပီပြင် သံဂါယနာ တင်တော်မူကြပြီး၍ သုတ္တန်ပိဋကာ၌လည်း ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ် ဟု ဆိုအပ်ကုန်သော နိကာယ်ကြီးသုံးရပ် စကားတော်မြတ် တို့ကို နှုတ်လွှတ်ပီပြင် သံဂါယနာတင်တော်မူကြပြီး၍.... ထို့၏ အခြားမဲ့ ကာလဝယ် သုတ်အရေအတွက်အားဖြင့် ၉၅၇၇-သုဘ်ဘို့ဖြင့်လည်း တန်းဆာ ဆင်အပ်သော ဘာဏဝါရ အရေအာတွက်အားဖြင့် တရာ့နှစ်ဆယ် အတိုင်း အရှည်ရှိသော အင်္ဂုတ္တရနိကာယ် အမည်ရသော သဗ္ဗညုမြတ်စွာဘုရား၏ စကားတော်မြတ်ကို နှုတ်လွှတ်ပီပြင် သံဂါယနာတင်တော်မူကြပါကုန်သည် ဘုရား။

ပု။ ။အင်္ဂုတ္တရနိကာယေပိ အာဝုသော ကေကနိပါတော ဒုကနိပါတော တိကနိပါတောတိအာဒိနာ နိပါတပကရဏပရိစ္ဆေဒဝသေန ကော-ဒသဝိဓော။ တတ္ထ ကတရံ နိပါတပကရဏံ သံဂါယိ ံသု။

ဝိ။ ။အင်္ဂုတ္တရနိကာယေ ဘန္တေ ကောဒသသု နိပါတပကရဏပရိစ္ဆေဒေသု ကေကနိပါတံ ပဌမံ သံဂါယိ ံသု။

မေး။ ။အင်္ဂုတ္တရနိကာယ်၌လည်း ကေကနိပါတ် ဒုကနိပါတ် တိက နိပါတ် အစရှိသော နိပါတ်ကျမ်းအပိုင်းအခြား ံ အစုမ်းအားဖြင့် တဆယ့်

http://www.dhammadownload.com

တပါး အပြားရှိကုန်၏၊ ထိုဘဆယ့် တပါးသော နိပါတ်ကျမ်းတို့တွင် အဘယ်မည်သော နိပါတ်ကျမ်းကို ရှေးဦးစ၍ သံဂါယနာတင်တော်မူခဲ့ကြပါသနည်း ငါ့ရှင်.... ။

ဖြေ။ ။အဂ္ဂိုတ္တရနိကာယ်၌ ဧကကနိပါတအစရှိသော တဆယ့်တပါးသော နိပါတကျမ်းအပိုင်းအခြားတို့ဘွင် တရားတခုတခုကို စု၍ ဟောရာဖြစ်သောကြောင့် ဧကကနိပါတ အမည်ရသော သဗ္ဗညုမြတ်စွာဘုရား၏ စကားတော်မြတ်ကို ရှေးဦးစွာ သံဂါယနာ တင်တော်မူကြပါကုန်သည် အရှင်ဘုရား။

ပု။ ။ဧကကနိပါတေပိ အာဝုသော ရူပါဒိဝင္ဂေါ နီဝရဏပ္ပဟာနဝင္ဂေါ အကမ္မနိယဝင္ဂေါတိအာဒိနာ ဝဂ္ဂဘေဒဝသေန ဗဟုဝိဓော။ တတ္ထ ကတရံ ဝဂ္ဂံ ပဌမံ သံဂါယိ ံသု။

ဝိ။ ။ဧကကနိပါတေ ဘန္တေ ရူပါဒိဝင္ဂေါ နီဝရဏပ္ပဟာနဝင္ဂေါတိအာဒိနာ ဝိသဘိယာ ဝင္ဂေသု ရူပါဒိဝဂ္ဂံ ပဌမံ သံဂါယိ ံသု။

မေး။ ။ထိုအဂ္ဂိုတ္တရနိကာယ် ဧကကနိပါတ်၌လည်း ရူပါဒိဝင်် နီဝရဏပ္ပဟာနဝင်် အကမ္မနိယဝင်် အစရှိသော ဂဏ်အပိုင်းအခြား အပြားအားဖြင့် များသော အပြားရှိကုန်၏၊ ထိုများစွာသော ဝင််ဘို့တွင် အဘယ်မည်သော ဝင််ကို ရှေးဦးစွာ စ၍ သံဂါယနာတင်တော်မူခဲ့ကြပါသနည်း ငါ့ရှင်.... ။

ဖြေ။ ။ဧကကနိပါတ်၌ ရူပါဒိဝင်် နီဝရဏပ္ပဟာနဝင်် အစရှိသော အားဖြင့် နှစ်ဆယ် အပြားရှိသော ဝင််အပေါင်းတို့တွင် ရူပါဒိဝင်် အမည်ရသော စကားတော်ကို ရှေးဦးစွာ သံဂါယနာတင်တော်မူကြပါကုန်သည် အရှင်ဘုရား။

၁-ရူပါဒိဝင််

ပု။ ။သာဓု သာဓု အာဝုသော၊ မယမ္ပိ ဒါနိ အာဝုသော တတောယေဝ ပဋ္ဌာယ သံဂါဟနတ္ထာယ သံဂီတိပုဗ္ဗင််မာနိ ဓမ္မပုစ္ဆနဝိဿဇ္ဇနကိစ္စာနိ အာဝဟိတုံ သမာရဘာမ။ တေနာဝုသော ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန အဂ္ဂိုတ္တရနိကာယေ ဧကကနိပါတေ ရူပါဒိဝဂ္ဂေ ပုရိမာနိ ပဉ္စ သုတ္တာနိ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတာနိ။

http://www.dhammadownload.com

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ အာရဗ္ဘ ရူပါဒိဂရုကာနံ ပဉ္ဉန်ံ ပုရိသာနံ အဇ္ဈာသယဝသေန "နာဟံ ဘိက္ခဝေ အညံ ကေရူပမ္မိ သမနုပဿာမိ၊ ယံ ဧဝံ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ဣတ္ထိရူပံ၊ ဣတ္ထိရူပံ ဘိက္ခဝေ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတာနိ။

မေး။ ။ကောင်းပါပေစ့ ကောင်းပါပေစ့ ငါ့ရှင်....။ ငါတို့သည်လည်း ယခု ဤဆဋ္ဌသံဂါယနာ တတိယသန္နိပါတ မဟာဓမ္မသဘင်၌ ထိုအင်္ဂုတ္တရ နိကာယ် ကေကနိပါတ် ရူပါဒိဝဂ်မှပင်လျှင် စ၍ သံဂါယနာတင်ရန် အလို့ငှါ သံဂါယနာ၏ ရှေသွားဖြစ်သော တရားတော်ကို မေးခြင်း ဖြေခြင်း အမှုတို့ကို ဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်ကြပါကုန်စို့။

သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ဥယျမံ ငါးပါး တရားအသုံးစုံကို အကုန်အစင် သိမြင်တော်မူသော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ထိုသမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်သည် အင်္ဂုတ္တရနိကာယ် ကေကနိပါတ် ရူပါဒိဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ် မြတ်တို့ ရှေးဦးစွာ သံဂါယနာတင် ထားအပ်ကုန်သော ငါးခုသော သုတ်တို့ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ဓမ္မပဋိဂ္ဂါဟက ရဟန်းတော်တို့ကို အကြောင်းပြု၍ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော အာရုံငါးပါး၌ လေးစားဂရုပြုကြသော ယောကျ်ားငါးမျိုး တို့၏ အလို အဇ္ဈာသယ၏ အစွမ်းအားဖြင့်—

နာဟံ ဘိက္ခဝေ အညံ ကေရူပမ္မိ သမနုပဿာမိ၊ ယံ ဧဝံ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ဣတ္ထိရူပံ၊ ဣတ္ထိရူပံ ဘိက္ခဝေ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ။

အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....မာတုဂါမ မင်းမိန်းမ၏ အဆင်းအသံ အနံ့ အရသာ အတွေ့အထိကဲ့သို့ ပုဗ္ဗာဇင်ရှား ယောကျ်ားတို့၏ စိတ်နှလုံးကို ထက်ဝန်းကျင် သိမ်းကျုံးယူငင်၍ ထက်ဝန်းကျင် ကုသိုလ်တရား

http://www.dhammadownload.com

တို့ကို ကုန်ခန်းစေ၍ တည်နိုင်သော တပါးသော အဆင်း-ရူပါရုံ အသံ-သဒ္ဒါရုံ အနံ့-ဂန္ဓာရုံ အရသာ-ရသာရုံ အတွေ့အထိ-ဖောဋ္ဌဗ္ဗာရုံ တရားကို ငါဘုရား မြင်တော်မမူ။

ချစ်သားရဟန်းတို့.... မာတုဂါမ မင်းမိန်းမ၏ အဆင်း အသံ အနံ့ အရသာ အတွေ့အထိ တည်းဟူသော အာရုံငါးပါးသည် ပုမ္ဗာ ထင်ရှား ယောဂျိုး၏ စိတ်နှလုံးကို ထက်ဝန်းကျင် သိမ်းကျုံးယူငင်၍ ထက်ဝန်းကျင် ကုသိုလ်တရားကို ကုန်စေခန်းစေ၍ တည်နိုင်ပေသည်ဟု သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပု။ ။တတ္ထေဝ အာဝုသော ပစ္ဆိမာနိ ပဉ္ဉ သုတ္တာနိ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဥ္ဆ ဘာသိတာနိ။

ဝိ။ ။တသ္မိံ ယေဝ ဘန္တေ သာဝတ္ထိယံ သမ္မဟုလေ ဘိက္ခူ အာရဗ္ဘ ရူပါဒိဂရုကာနံ ပဉ္ဆန်ံ ဣတ္ထိနံ အဇ္ဈာသယဝသေန "နာဟံ ဘိက္ခဝေ အညံ ဧကရူပမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဣတ္ထိယာ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ပုရိသရူပံ၊ ပုရိသရူပံ ဘိက္ခဝေ ဣတ္ထိယာ စိတ္တံ ပရိယာဒါယ တိဋ္ဌတီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတာနိ။

မေး။ ။ထိုရူပါဒိဝဂ်၌ပင်လျှင် နောက်ပိုင်း ဖြစ်သော ငါးခုသော သုတ်တို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ် သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်.... ။

ဖြေ။ ။ထိုသာဝတ္ထိပြည် အရပ်၌ပင်လျှင် များစွာသော ဓမ္မပဋိဂ္ဂါဟက ရဟန်းတို့ကို အကြောင်းပြု၍ အာရုံငါးပါးတို့ကို လေးစားဂရုပြုကြသော မာတုဂါမ မင်းမိန်းမတို့၏ အလိုအဇ္ဈာသယနှင့် စပ်သဖြင့်—

နာဟံ ဘိက္ခဝေ အညံ ဧကရူပမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဣတ္ထိယာ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ပုရိသရူပံ၊ ပုရိသရူပံ ဘိက္ခဝေ ဣတ္ထိယာ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ။

အစရှိသည်ဖြင့် ချစ်သားရဟန်းတို့.... ပုမ္ဗာထင်ရှား ယောဂျိုးတို့၏ အဆင်း အသံ အနံ့ အရသာ အတွေ့အထိကဲ့သို့ မာတုဂါမ မင်းမိန်းမတို့၏

http://www.dhammadownload.com

စိတ်နှလုံးကို ထက်ဝန်းကျင် သိမ်းကျုံး၍ ထက်ဝန်းကျင် ကုသိုလ်တရားကို ကုန်စေ ခန်းစေ၍ တည်နိုင်သော တပါးသော အဆင်း အသံ အနံ့ အရသာ အတွေ့အထိကို ငါဘုရား မြင်တော်မမူ။

ချစ်သားရဟန်းတို့.... ပုဗ္ဗော ထင်ရှား မင်းယောကျ်ား၏ အဆင်း အသံ အနံ့ အရသာ အတွေ့အထိ တည်းဟူသော အာရုံငါးပါးသည် မာတုဂါမ မင်းမိန်းမ၏ စိတ်နှလုံးကို ထက်ဝန်းကျင် သိမ်းကျုံး၍ငင်း ထက်ဝန်းကျင် ကုသိုလ်တရားကို ကုန်စေ ခန်းစေ ကျွမ်းစေ၍ငင်း တည်နိုင်ပေသည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် အာရုံငါးပါးတို့၌ လေးစားဂရုပြုသော မာတုဂါမ မင်းမိန်းမတို့၏ အလိုနှင့်စပ်သဖြင့် ဤငါးရပ်သော သုတ္တန်ဒေသနာတော် မြတ်ကို စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါကုန်သည် အရှင်ဘုရား။

နီတတ္ထနှင့် နေယျတ္ထ

ပု။ ။ဣမသ္မိံ အာဝုသော ရူပါဒိဝဂ္ဂေ ဘဂဝတာ နီတတ္ထဝသေန ကိံ ကထိတံ၊ နေယျတ္ထဝသေန ပန ကိံ ဥပိတံ။

ဝိ။ ။ဣမသ္မိံ ဘန္တေ ရူပါဒိဝဂ္ဂေ ဘဂဝတာ နီတတ္ထဝသေန ဝန္နံ ကထိတံ။ နေယျတ္ထဝသေန ပန ဝိဝဏ္ဏမိ ဥပိတံ။

မေး။ ။ဤရူပါဒိဝဂ််၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် နီတတ္ထ တိုက်ရိုက်သိစေသော အနက်အလို အားဖြင့် အဘယ်သို့သော အရာကို ဟောကြားတော်မူခဲ့ပါသနည်း၊ နေယျတ္ထ ဆောင်၍ သိအပ်သော အနက်အလိုအားဖြင့် အဘယ်သို့သော အရာကို သိစေ တော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဤပဌမရူပါဒိဝဂ််၌ သဗ္ဗညုမြတ်စွာဘုရားသည် တိုက်ရိုက် သိ အပ်သော နီတတ္ထ၏ အစွမ်းအားဖြင့် ဝန္နကထာကို ဟောကြားတော်မူအပ်ပါ သည်၊ ဆောင်၍ သိအပ်သော နေယျတ္ထ၏ အစွမ်းအားဖြင့်ကား မြတ်စွာ ဘုရား၏ တရားဒေသနာတော်ဟူသည် ဝိမုတ္တိရသလျှင် တခုသော သမ္မတ္တိရသ ရှိသည်ဖြစ်သောကြောင့် အရဟတ္တဖိုလ် နိဗ္ဗာန်တိုင်အောင် ပြတော်မူလိုရင်း

http://www.dhammadownload.com

ဖြစ်ရကား နေယျတ္ထ၏အစုမ်းအားဖြင့် သဗ္ဗညုမြတ်စွာဘုရားသည် ဝိဝဋ္ဋ ကိုလည်း သိစေတော်မူအပ်ပါသည် အရှင်ဘုရား။

ရူပါဒိဝဂ် ပြီး၏

၂-နိဝရဏပဟာနဝဂ်

ပု။ ။ဒုတိယော ပန အာဝုသော နိဝရဏပဟာနဝဂ္ဂေါ ဘဂဝတာ ကတ္ထ ကထဥ္စ ဘာသိတော၊။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ "နာဟံ ဘိက္ခဝေ အညံ ကေဓမ္မမ္မိ သမနုပဿာမိ၊ ယေန အနုပ္ပန္နော ဝါ ကာမစ္ဆန္ဒော ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နော ဝါ ကာမစ္ဆန္ဒော ဘိယ္ယောဘာဝါယ ဝေပုလ္လာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ သုဘနိမိတ္တံ၊ သုဘနိမိတ္တံ ဘိက္ခဝေ အယောနိသော မနသိကရောတော အနုပ္ပန္နော စေဝ ကာမစ္ဆန္ဒော ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နော စ ကာမစ္ဆန္ဒော ဘိယ္ယောဘာဝါယ ဝေပုလ္လာယ သံဝတ္တတီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတော၊။

မေး။ ။ဒုတိယဖြစ်သော နိဝရဏပဟာနဝဂ်၌ ပါဝင်သော သုတ်တရားတော်အပေါင်းကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် နာဟံ ဘိက္ခဝေ အညံ ကေဓမ္မမ္မိ သမနုပဿာမိ အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့.... သုဘနိမိတ်ကဲ့သို့ မဖြစ်သေးသော ကာမစ္ဆန္ဒတရားတို့ ဖြစ်ပွါးကြောင်း၊ ဖြစ်ပြီးသော ကာမစ္ဆန္ဒတရားတို့ အတိုင်းထက် အလွန် ပွါးများစေကြောင်း ပြန့်ပြောစေကြောင်း ဖြစ်တဲ့ မကောင်းသော တပါးသော အကြောင်းတရားကို ငါဘုရား၏ စိတ်ဝယ် မမြင်၊ ငါဘုရား၏ ဉာဏ်ဝဝယ် မသိရ မမြင်ရ ရှိပေသည်။

ချစ်သားရဟန်းတို့.... သုဘနိမိတ်ကို မသင့် မတင့် အယောနိသော မနသိကာရဖြင့် နှလုံးသွင်းသော ပဂ္ဂိုလ်၏ သန္တာန်၌ မဖြစ်သေးသော

http://www.dhammadownload.com

ကာမစ္ဆန္ဒ တရားသည်လည်း ဖြစ်ပွါးပေသည်၊ ဖြစ်ပြီးသော ကာမစ္ဆန္ဒတရား သည်လည်း အတိုင်းထက်အလွန် ပွါးများခြင်းငှါ ပြန့်ပြောခြင်းငှါ ဖြစ်ပေ တော့သည် အစရှိသည်ဖြင့် သဗ္ဗညုမြတ်စွာဘုရားသည် ငါးရပ်သော နီဝ ရဏတို့၏ ဖြစ်ပွါးကြောင်း ထိုငါးရပ်သော နီဝရဏဘို့ကို ပယ်ရှားကြောင်း တို့ကို စုပေါင်း၍ ပြရာ ဤနီဝရဏပွဟာန အမည်ရသော ဝဂ်ကို စိတ်ဖြာခွဲ ခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပု။ ။ဣမသ္မိံ ပန အာဝုသော ဒုတိယေ နီဝရဏပွဟာနဝဂ္ဂေ ဘဂဝတာ ကိံ ကထိတံ။

ဝိ။ ။ဣမသ္မိံ ပန ဘန္တေ ဒုတိယေ နီဝရဏပွဟာနဝဂ္ဂေ ဘဂဝတာ ဝဋ္ဌမ္ပိ ဝိဝဋ္ဌမ္ပိ ကထိတံ။

မေး။ ။ဤဒုတိယမြောက် ဖြစ်သော နီဝရဏပွဟာနဝဂ်၌ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရား သခင်သည် အဘယ် သို့သော အနက် အဓိပ္ပါယ်ကို ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဤဒုတိယမြောက် ဖြစ်သော နီဝရဏပွဟာနဝဂ်၌ ရှေးဦးစွာ သော ငါးသုတ်ဖြင့် ကာမစ္ဆန္ဒ ဖြစ်ပွါးကြောင်း သုဘနိမိတ်, ဗျာပါဒ ဖြစ်ပွါး ကြောင်း ပဋိဃနိမိတ်, ထိနမိဒ္ဓ ဖြစ်ပွါးကြောင်း အရတိ တန္ဒိ ဝိဇမ္ဘိတာ ဘတ္တသမ္မဒ စေတသော လီနတ္တ တည်းဟူသော တရားအစု၊ ဥဒ္ဓစ္စ ကုက္ကုစ္စဖြစ် ပွါးကြောင်း စိတ်၏ မငြိမ်းမချမ်းခြင်း စေတသော အဝူပသမ၊ ဝိစိကိစ္ဆာ နီဝရဏ ဖြစ်ပွါးကြောင်း အယောနိသော မနသိကာရ တည်းဟူသော တရား ငါးပါးကို ပြဆိုသောကြောင့်ငုင်း၊ နောက်ငါးရပ်သော သုတ်တို့ဖြင့် ကာမစ္ဆန္ဒ ကို ပယ်ရာပယ်ကြောင်း အသုဘနိမိတ်၊ ဗျာပါဒကို ပယ်ရာပယ်ကြောင်း မေတ္တာစေတောဝိမုတ္တိ၊ ထိနမိဒ္ဓကို ပယ်ရာပယ်ကြောင်းဖြစ်သော အာရမ္ဘ ဓာတ်, နိက္ကမဓာတ် ပရက္ကမဓာတ်တည်းဟူသော ဝီရိယသုံးမျိုး၊ ဥဒ္ဓစ္စ ကုက္ကုစ္စ ကို ပယ်ရာ ပယ်ကြောင်း ဖြစ်သော စိတ်၏ ငြိမ်းချမ်းခြင်း စေတသော ဝူပ သမ၊ ဝိစိကိစ္ဆာ နီဝရဏကို ပယ်ရာ ပယ်ကြောင်း ယောနိသောမနသိကာရကို ထင်စွာ ပြသောကြောင့်ငုင်း၊ ဒုတိယမြောက် ဖြစ်သော ဤနီဝရဏပွဟာနဝဂ် ၌ ဝဋ္ဌတရားကိုငုင်း ဝိဝဋ္ဌတရားကိုငုင်း သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ခဲ့ပါသည် အရှင်ဘုရား။

နီဝရဏပွဟာနဝဂ် ပြီး၏

http://www.dhammadownload.com

၃-အကမ္မနိယဝဂ်

ပု။ ။တေနာဝုသော။ပ။သမ္မာသမ္မဒ္ဓေန အဂ်ုတ္တရနိကာယေ ဧကကနိပါတေ တတိယေ အကမ္မနိယဝဂ္ဂေ ကိဒိသိ ဓမ္မဒေသနာယော ဒေသိတာ။

ဝိ။ ။တတိယေ ဘန္တေ အကမ္မနိယဝဂ္ဂေ "နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ အဘာဝိတံ အကမ္မနိယံ ဟောတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ၊ စိတ္တံ ဘိက္ခဝေ အဘာဝိတံ အကမ္မနိယံ ဟောတိ။ နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဘာဝိတံ ကမ္မနိယံ ဟောတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ စိတ္တံ ဘိက္ခဝေ ဘာဝိတံ ကမ္မနိယံ ဟောတီ"တိ ဧဝမာဒိကာ ဘဂဝတာ ဓမ္မဒေသနာယော ဒေသိတာ။

မေး။ ။သိတော်မူ။ပ။ထိုမြတ်စွာဘုရားသခင်သည် အဂ်ုတ္တရနိကာယ် ဧကကနိပါတ် တတိယမြောက်ဖြစ်သော အကမ္မနိယဝဂ်၌ အဘယ်သို့သော တရားဒေသနာများကို ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။အဂ်ုတ္တရနိကာယ် အဝင်အပါ ဧကကနိပါတ် တတိယမြောက်ဖြစ်သော အကမ္မနိယဝဂ်၌ နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ အဘာဝိတံ အကမ္မနိယံ ဟောတိ အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....စိတ်တရားကဲ့သို့ မပျံ့းများအပ်သည်ရှိသော် အမှု၌ မခန့်ကျန်းသော တပါးသော တရားကို ငါဘုရားသည် မြင်တော်မမူ ။

ချစ်သားရဟန်းတို့....စိတ်တရားသည် သမထဝိပဿနာ ဘာဝနာတို့ဖြင့် မပျံ့းများအပ်သည်ရှိသော် အမှု၌ မခန့်ကျန်းနိုင်။

ချစ်သားရဟန်းတို့....စိတ်တရားကဲ့သို့ သမထဝိပဿနာ ဘာဝနာတို့ဖြင့် လေ့လာပျံ့းများအပ်သည်ရှိသော် အမှု၌ ခန့်ကျန်းသော တပါးသော တရားကို ငါဘုရား မြင်တော်မမူ။

ချစ်သားရဟန်းတို့....စိတ်တရားသည် သမထဝိပဿနာဘာဝနာ နှစ်ပါးဖြင့် ပျံ့းများလေ့လာအပ်သည်ရှိသော် အမှု၌ ခန့်ကျန်းနိုင်မည် အစရှိသည်ဖြင့်

http://www.dhammadownload.com

သဗ္ဗညုမြတ်စွာဘုရားသည် ဤမမ္မဒေဿနာတော်ကို စိတ်ဖြာ ခွဲခြား ဟော ကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အကမ္မနိယဝဂ် ပြီး၏

၄-အဒန္တဝဂ်

ပု။ ။စတုတ္ထေ ပနာဝုသော အဒန္တဝဂ္ဂေ ဘဂဝတာ ကိဒိသိ မမ္မဒေဿနာ-ယော ဒေသိတာ။

ဝ။ ။စတုတ္ထေ ဘန္တေ အဒန္တဝဂ္ဂေ "နာဟံ ဘိက္ခဝေ အညံ ကေဓမ္မမ္မိ သမနုပဿာမိ၊ ယံ ဧဝံ အဒန္တံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ၊ စိတ္တံ ဘိက္ခဝေ အဒန္တံ မဟတော အနတ္ထာယ သံဝတ္တတိ။ နာဟံ ဘိက္ခဝေ အညံ ကေဓမ္မမ္မိ သမနုပဿာမိ၊ ယံ ဧဝံ ဒန္တံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ၊ စိတ္တံ ဘိက္ခဝေ ဒန္တံ မဟတော အတ္ထာယ သံဝတ္တတီ"တိ ဧဝမာဒိကာ ဘဂဝတာ မမ္မဒေဿနာယော ဒေသိတာ။

မေး။ ။အရှင်မဟာကဿပအစရှိသော ရှေးရှေးသော သံဂါယနာ တင် မဟာထေရ်မြတ်တို့သည် အဂ်ုတ္တရနိကာယ် ကေကနိပါတ်၌ စတုတ္ထဝဂ် အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော အဒန္တဝဂ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော တရား ဒေသနာတော်မြတ်ကို ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။စတုတ္ထဖြစ်သော အဒန္တဝဂ်၌ နာဟံ ဘိက္ခဝေ အညံ ကေ-မေ့မ္မိ သမနုပဿာမိ၊ ယံ ဧဝံ အဒန္တံ မဟတော အနတ္ထာယ သံဝတ္တတိ အစရှိ သည်ဖြင့်—

ချစ်သားရဟန်းတို့....စိတ်တရားကဲ့သို့ ယဉ်ကျေးအောင် မဆုံးမအပ် သည်ရှိသော် စိတ်တရားကဲ့သို့ လုံခြုံစွာ မပိတ်ပင် မစောင့်ရှောက်အပ်သည်ရှိ သော် စိတ်တရားကဲ့သို့ သတိတရားဖြင့် မပိတ်ဆို့ မစောင့်ရှောက်အပ်သည်

http://www.dhammadownload.com

ရှိသော် ကြီးစွာသော အကျိုးမဲ့အလို့ငှါဖြစ်သော တပါးသော တရားကို ငါဘုရား မြင်တော်မမူ။

ချစ်သားရဟန်းတို့.... စိတ်တရားသည် ယဉ်ကျေးအောင် မဆုံးမအပ် သည်ရှိသော် စိတ်တရားသည် မလုံခြုံစေအပ်သည်ရှိသော် စိတ်တရားသည် မစောင့်ရှောက်အပ်သည်ရှိသော် စိတ်တရားသည် သတိဖြင့် မပိတ်ဆို့အပ် သည်ရှိသော် ကြီးစွာသော အကျိုးမဲ့အလို့ငှါ ဖြစ်ပေသည်။

ချစ်သားရဟန်းတို့.... စိတ်တရားကဲ့သို့ ယဉ်ကျေးအောင် ဆုံးမအပ် သည်ရှိသော် စိတ်တရားကဲ့သို့ လုံခြုံစေအပ်သည်ရှိသော် စောင့်ရှောက်အပ် သည်ရှိသော် သတိဖြင့် ပိတ်ဆို့အပ်သည်ရှိသော် ကြီးစွာသော အကျိုးကို ရွက်ဆောင်ခြင်းငှါ ဖြစ်ပွါးသော တပါးသော တရားကို ငါဘုရား မြင်တော် မမူ။

ချစ်သားရဟန်းတို့....စိတ်တရားသည် ယဉ်ကျေးအောင် ဆုံးမအပ် သည်ရှိသော် လုံခြုံစေအပ်သည်ရှိသော် စောင့်ရှောက်အပ်သည်ရှိသော် သတိ တရားဖြင့် ပိတ်ဆို့အပ်သည်ရှိသော် ကြီးစွာသော အကျိုးငှါ ဖြစ်ပေသည်ဟု ဤစတုတ္ထမြောက်ဖြစ်သော အဒန္တဝဂ်၌ ဤသို့ သဘောရှိသော ဓမ္မဒေသနာ တို့ကို သမ္ဗညူမြတ်စွာဘုရား စိတ်ဖြာခဲ့ခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အဒန္တဝဂ် ပြီး၏

၅-ပဏ္ဏိဟိတအစ္ဆဝဂ်

ပု။ ။ပဥ္စမေ အာဝုသော ပဏ္ဏိဟိတအစ္ဆဝဂ္ဂေ ဘဂဝတာ ကိဒိသီ ဓမ္မ-ဒေသနာယော ဒေသိတာ။

ဝိ။ ။ပဥ္စမေ ဘန္တေ ပဏ္ဏိဟိတအစ္ဆဝဂ္ဂေ "သေယျထာပိ ဘိက္ခဝေ သာလိ-သူကံ ဝါ ယဝသူကံ ဝါ မိစ္ဆာပဏ္ဏိဟိတံ ဟတ္ထေန ဝါ ပါဒေန ဝါ အင်္ကန္တံ ဟတ္ထံ ဝါ ပါဒံ ဝါ ဘေစ္ဆတိ၊လောဟိတံ ဝါ ဥပ္ပါဒေဿတီတိ နေတံ ဌာန ဝိဇ္ဇတိ။ တံ ကိဿဟေတု၊ မိစ္ဆာပဏ္ဏိဟိတတ္တာ ဘိက္ခဝေ သူကဿ။ ဧဝမေဝ ခေါ ဘိက္ခဝေ သော ဝတ ဘိက္ခု မိစ္ဆာပဏ္ဏိဟိတေန စိတ္တေန

http://www.dhammadownload.com

အဝိဇ္ဇံ ဘေစ္ဆတိ၊ ဝိဇ္ဇံ ဥပ္ပါဒေဿတိ၊ နိဗ္ဗာနံ သစ္ဆိကရိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ တံ ကိဿ ဟေတု၊ မိစ္ဆာပဏိဟိတတ္တာ ဘိက္ခဝေ စိတ္တဿာ"တိ ဧဝမာဒိကာ ဘဂဝတာ ဓမ္မဒေသနာယော ဒေသိတာ။

မေး။ ။အရှင်မဟာကဿပအစရှိသောရှေးရှေးသော သံဂါယနာတင် မဟာထေရ်မြတ်တို့သည် အင်္ဂုတ္တရနိကာယ် ဧကကနိပါတ်၌ ပဥ္စမဝဂ်အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့ကြသော ပဏိဟိတအစ္ဆဝဂ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော တရားဒေသနာတော်များကို ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပဏိဟိတအစ္ဆ အမည်ရသောဝဂ်၌ သဗ္ဗညုမြတ်စွာဘုရားသည် သေယျထာပိ ဘိက္ခဝေ သာလိသူကံ ဝါ ယဝသူကံ ဝါ မိစ္ဆာပဏိဟိတံ ဟတ္ထေန ဝါ ပါဒေန ဝါ အက္ကန္တံ ဟတ္ထံ ဝါ ပါဒံ ဝါ ဘေစ္ဆတိ၊ လောဟိတံ ဝါ ဥပ္ပါဒေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိအစသည်ဖြင့်—

ချစ်သားရဟန်းတို့.... လောကူပမာ နှိုင်းဘွယ်ရာအားဖြင့် အထက်သို့ ထောင်သော အဖျားရှိသည်ကို ပြု၍ မထားအပ်သော မကောင်းသဖြင့် ထားအပ်သော သလေးစပါး၏ ဆူးငြောင့်သည်၎င်း မုယောစပါး၏ ဆူးငြောင့်သည်၎င်း လက်ဖြင့် ဆုပ်စေကာမူ ခြေဖြင့် နင်းစေကာမူ လက်ကိုင်း ခြေကိုင်း ရှမည့်အကြောင်း သွေးကို ဖြစ်စေမည့်အကြောင်း မရှိနိုင်၊ အကြောင်းသော်ကား မကောင်းသဖြင့် ထားအပ်သောကြောင့် ဖြစ်ပေသည်။

ချစ်သားရဟန်းတို့.... ထို့အတူပင်လျှင် ဤသာသနာတော်ဝယ် ထိုမည်သော ရဟန်းသည် မကောင်းသဖြင့် ဝန္ဒနမမ္မ၌ ထားအပ်သော စိတ်ဖြင့် အဝိဇ္ဇာတရားကို ဖောက်ခဲ့ ဖျက်ဆီးနိုင်လတ္တံ့၊ ဝိဇ္ဇာတရားကို ဖြစ်စေနိုင်လတ္တံ့၊ အရဟတ္တမဂ် ဝိဇ္ဇာတရားကို ဖြစ်စေနိုင်လတ္တံ့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လတ္တံ့ဟူသော အကြောင်းသည် မရှိနိုင်ပေ၊ အကြောင်းသော်ကား မိမိ၏စိတ်ကို ဝန္ဒတရား၌ ဖောက်ပြန် မှားယွင်းစွာ ထားအပ်သောကြောင့် ဖြစ်ပေသည်။

ချစ်သားရဟန်းတို့.... လောကူပမာအားဖြင့် အထက်၌ အဖျားရှိသည်ကို ပြု၍ ကောင်းစွာ ထားအပ်သော သလေးစပါး၏ ဆူးသည်၎င်း မုယော

http://www.dhammadownload.com

စပါး၏ ဆူးသည်ငင်း ငယ်ငေါင်းပင် ငယ်ငေါင်းစေကာမူ လက်ဖြင့် ဆုတ်အပ်သည်ရှိသော် ခြေဖြင့် နင်းနှိပ်အပ်သည်ရှိသော် လက်ကိုငင်း ခြေကိုငင်း ရှုနိုင်ရာ၏၊ သွေးကိုသော်လည်း ဖြစ်စေနိုင်၏၊ ထိုသို့ ဖြစ်စေနိုင်ဘို့ရန် အကြောင်း ရှိပေ၏၊ အကြောင်းသော်ကား ကောင်းစွာ ထားအပ်သောကြောင့် ဖြစ်ပေသည်။

ချစ်သားရဟန်းတို့....ထို့အတူပင်လျှင် ဤသာသနာတော်ဝယ် ထိုမည်သော ကုလပုတ္တအမျိုးကောင်းသား ရဟန်းတော်၌ အရှင်မြတ်သည် ဝိဝဋ္ဋတရား၌ ကောင်းစွာ ထားအပ်သော စိတ်တရားဖြင့် အနည်းငယ်မျှသော ကုသိုလ်တရားပင် ဖြစ်စေကာမူ အဝိဇ္ဇာကို ဖောက်ခဲနိုင်လတ္တံ့၊ အရဟတ္တမဂ် ဝိဇ္ဇာဉာဏ်ကို ဖြစ်စေနိုင်လတ္တံ့၊ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်လတ္တံ့၊ ဤသို့သော အကြောင်းတရားသည် ရှိပေသည်၊ အကြောင်းသော်ကား မိမိ၏ စိတ်တရားကို ကောင်းစွာ ဝိဝဋ္ဋတရား၌ ထားအပ်သောကြောင့် ဖြစ်သည်၊ ဤသို့ အစရှိသည်ဖြင့် သဗ္ဗညုမြတ်စွာဘုရားသည် ဤပဏ်ဟိတအစ္ဆအမည် ရသော ဝဂ်၌ ဤသို့ သဘောရှိသော ဓမ္မဒေသနာတို့ကို စိတ်ဖြာခဲခြားဟောကြားတော်မူအပ်ခဲ့ပါကုန်သည် အရှင်ဘုရား။

ပဏိဟိတအစ္ဆဝဂ် ပြီး၏

၆-အစ္ဆရာသဃ်ာတဝဂ်

ပု။ ။အစ္ဆရာသဃ်ာတဝဂ္ဂေ အာဝုသော ပဌမ ဒုတိယသုတ္တာ နိ ဘဂဝတာ ကထံ ဘာသိတာနိ။

ဝိ။ ။အစ္ဆရာသဃ်ာတဝဂ္ဂေ ဘန္တေ ဘဂဝတာ "ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ၊ တံ အဿုတဝါ ပုထုဇ္ဇနော ယထာဘူတံ နပဇာနာတိ၊ တသ္မာ 'အဿုတဝတော ပုထုဇ္ဇနဿ စိတ္တဘာဝနာ နတ္ထိ'တိ ဝဒါမိ။ ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဝိပ္ပမုတ္တံ၊ တံ သုဘဝါ အရိယသာဝကော ယထာဘူတံ ပဇာနာတိ။ တသ္မာ

http://www.dhammadownload.com

'သုတပတော အရိယသာဝကဿ စိတ္တဘာဝနာ အတ္ထိ'တိ ဝဒါမိ"တိ။ ဧဝံ ခေါ ဘဂဝတာ ဘာသိတာနိ။

မေး။ ။အစ္ဆရာသင်္ဃာတဝဂ်၌ ပဌမသုတ် ဒုတိယသုတ်တို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္မာညူမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။အစ္ဆရာသင်္ဃာတအမည်ရသော ဝဂ်၌ သမ္မာညူမြတ်စွာဘုရားသည် ပဌမ ဒုတိယသုတ္တန်ဒေသနာတော်မြတ်တို့ကို ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဥ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....သတ္တဝါတို့၏ ပကတိမူလဘဝင်စိတ်သည် စင်ကြယ်သော စိတ်ပင် ဖြစ်ချေတော့သည်၊ ထိုမူလပကတိအားဖြင့် စင်ကြယ်၍ နေသော ဘဝင်စိတ်သည် နောက်ထပ်ဇောကာလ ဇောဝါရဝယ် ဖြစ်ပျံးသော လောဘ ဒေါသအစရှိသော အကုသိုလ်တရားတို့ဖြင့် ညစ်နွမ်းရခြင်း ဖြစ်ပေသည်။

ချစ်သားရဟန်းတို့.... သုတမရှိသော အန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်သည်ကား ထိုအကြောင်းကို မသိနိုင် ထို့ကြောင့်ပင်လျှင် သုတမရှိသော အန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်အား စိတ္တဘာဝနာမရှိဟူ၍ ကောန်ပင် မရှိသောကြောင့် ငါဘုရား ဟောကြားအပ်ပေသည်။

ချစ်သားရဟန်းတို့....သတ္တဝါတို့၏မူလပကတိ ဘဝင်စိတ်သည် စင်ကြယ်သန့်ရှင်း ပြိုးပြိုးပြက်ပြက် တောက်ပလျက်ပင် ရှိတော့သည်၊ သို့စင်ကြယ်သန့်ရှင်းသော ဘဝင်စိတ်သည် နောက်အခါ ဇောဝါရ ဇောခဏတို့၌ ဖြစ်ပျံးသော အလောဘ အဒေါသအစရှိသော ကောင်းမြတ်သော တရားတို့၏ လှုံ့ဆော်ချက်အရဖြင့် လောဘ ဒေါသ မောဟအစရှိသော ဥပက္ကိလေသတရားတို့မှ လွတ်မြောက်ခြင်း ဖြစ်နိုင်ပေသည်၊ ထိုအကြောင်းကို သုတဝန္တ ဖြစ်သော ငါဘုရား၏တပည့်သား သာဝကသည် ယထာဘူတ နေရာကျပင် သိနိုင်ပေသည်၊ ထို့ကြောင့် ပညာဗဟုသုတနှင့် ပြည့်စုံသော အရိယာသာဝက၏ သန္တာန်ဝယ် ကောန်စင်စစ် ရှိနိုင်သောကြောင့်ပင် စိတ္တဘာဝနာတရားသည် ရှိ၏ဟူ၍ ငါဘုရားသည် ဟောကြားအပ်တော့သည်ဟူ၍ ဤပဌမ ဒုတိယ

http://www.dhammadownload.com

သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် စိတ်ဖြာခဲ့ခြား ဟောကြားတော်မူအပ်ခဲ့ပါကုန်သည် အရှင်ဘုရား။

အစ္ဆရာသင်္ဃာတဝ် ပြီး၏

တတိယသုတ်စသည်

ပု။ ။တတ္ထဝေ အာဝုသော တတိယသုတ္တာဒီနိ ဘဂဝတာ ကထံ ဘာသိတာနိ။

ဝိ။ ။တတ္ထဝေ ဘန္တေ တတိယသုတ္တာဒီနိ ပဠသုတ္တာနိ "အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာစိတ္တံ အာသေဝတိ၊ ဘာဝေတိ၊ မနသိကရောတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ သတ္ထုသာသနကရော ဩဝါဒပတိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ ကော ပန ဝါဒေါ ယေ နံ ဗဟုလီကရောန္တီ။ ယေကေစိ ဘိက္ခဝေ ဓမ္မာ အကုသလာ အကုသလဘာဂိယာ အကုသလပက္ခိကာ၊ သဗ္ဗေတေ မနောပုဗ္ဗင်္ဂမာ၊ မနော တေသံ ဓမ္မာနံ ပဌမံ ဥပ္ပဇ္ဇတိ၊ အနုဒေဝ အကုသလာဓမ္မာ၊ ယေကေစိ ဘိက္ခဝေ ဓမ္မာ ကုသလာ ကုသလဘာဂိယာ ကုသလပက္ခိကာ၊ သဗ္ဗေတေ မနောပုဗ္ဗင်္ဂမာ၊ မနော တေသံ ဓမ္မာနံ ပဌမံ ဥပ္ပဇ္ဇတိ၊ အနုဒေဝ ကုသလာ ဓမ္မာ"တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတာနိ။

မေး။ ။ထိုအစ္ဆရာသင်္ဃာတဝ်၌ပင်လျှင် တတိယသုတ်အစရှိသော ငါးခုသော သုတ္တန်တရားတော်တို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုအစ္ဆရာသင်္ဃာတဝ်၌ တတိယအစရှိသော ငါးရပ်သော သုတ္တန်ဒေသနာတော်မြတ်တို့ကို အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာစိတ္တံ အာသေဝတိ၊ အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု

http://www.dhammadownload.com

မေတ္တာစိတ္တံ ဘာဝေတိ။ အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာစိတ္တံ မနသိကရောဘိ၊ အယံ ဝုစ္စဘိ ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ သတ္ထုသာသနကရော ဩဝါဒပဘိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဥ္ဇတိ၊ ကော ပနဝါဒေါ ယေနံ ဗဟုလီကရောန္တိ အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....လက်ဖျစ်တတွက်ခန့် တိုတောင်းလှသော ခဏမျှ ပင်သော်လည်း မေတ္တာနှင့် ယှဉ်သောစိတ်ကို ရဟန်းတော်သည် ပွါးများအပ်သည်ရှိသော် လေ့လာအပ်သည်ရှိသော် နှလုံးသွင်းအပ်သည်ရှိသော် ဤ ရဟန်းကို မဆိတ်သော မစွန့်ပယ်အပ်သော စျာန်ရှိ၍နေသော ရဟန်းဟူ၍ဝင်း မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒ အနုသာသနီကို လိုက်နာကျင့်ကြံသော ရဟန်းဟူ၍ဝင်း အချည်းနှီး မဟုတ်ဘဲ တိုင်းသားပြည်သူ ဗိုလ်သူတို့ လျှုအပ်သော ဆွမ်းကို သာမိပရိဘောဂ ဒါယဇ္ဇပရိဘောဂတို့ဖြင့် သုံးဆောင်သော ပုဂ္ဂိုလ်ဟူ၍ဝင်း ဆိုအပ်ပေတော့သည်၊ အမှတ်မထင် အကြင်သို့ သဘောရှိသော ရဟန်းတော် အရှင်သူမြတ်ဘို့သည်ကား ထိုမည်သော မေတ္တာဘာဝနာတရားကို ကြိမ်ဖန်များစွာ လေ့လာကြကုန်၏၊ ထို ပုဂ္ဂိုလ်ဘို့ အတွက်မှာမူ အဘယ်မှာလျှင် ဆိုဘွယ်ရာ ရှိတော့အံ့နည်းဟူ၍ဝင်း။

ယေ ကေစိ ဘိက္ခဝေ ဓမ္မာ အကုသလာ အကုသလဘာဂိယာ အကုသလပက္ခိကာ အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....အကုသိုလ်အဘို့ရှိကုန်သော အကုသိုလ်ဘက် အသင်းအပင်းဝင် ဖြစ်ကုန်သော အမှတ်မထင် အကြင်တရားတို့သည် ထင်ရှားရှိကုန်၏၊ ခပ်သိမ်းသော အကုသိုလ်ဂိုဏ်းဝင် တရားတို့သည် စိတ်တရားလျှင် ရှေ့သွားရှေ့ဆောင် ရှိပေကုန်၏၊ စိတ်တရားသည် ထိုတရားတို့အနက် ရှေးဦးခေါင်းဆောင်အဖြစ်ဖြင့် ဖြစ်ပေါ်လာပေ၏၊ အကုသိုလ်တရားတို့သည်ကား ထိုစိတ်ဘရားနှင့် အတူတကွ တွဲဖော် တွဲဖက်အဖြစ်ဖြင့် ဖြစ်ပေါ်၍လာကုန်၏ ဟူ၍ဝင်း။

ချစ်သားရဟန်းတို့....ကုသိုလ် အသင်းအပင်း၌ ဖြစ်ကုန်သော ကုသိုလ်အဘို့ အစုသို့ သက်ဝင်ကုန်သော အပြစ်မရှိကုန်သော ခပ်သိမ်းသော တရားတို့သည် ရှိပေကုန်၏၊ ထိုခပ်သိမ်းသော ကုသိုလ်မည်သော တရားတို့သည်

http://www.dhammadownload.com

စိတ်သာလျှင် ရှေသွားခေါင်းဆောင် ရှိပေကုန်၏၊ စိတ်သည် ထိုတရားတို့ အနက် ရှေးဦးစွာ ရှေသွားခေါင်းဆောင် အဖြစ်ဖြင့် ဖြစ်ပေါ်လာပေ၏၊ ထိုစိတ်နှင့် အတူတကွ တဲ့ဖော် တဲ့ဖက် အခြံအရံ ပရိဝါရအဖြစ်ဖြင့် စေတသိက် ဖြစ်သော ကုသိုလ်တရားတို့သည် ဖြစ်ပွါး၍ လာပေကုန်သည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် မေတ္တာဘာဝနာ၏ ကျေးဇူးဥပကာရများကြောင်းကို ငင်း စိတ်တရား၏ ရှေသွားခေါင်းဆောင် ဖြစ်ပုံကိုငင်း ထင်စွာဖော်ပြသော ဤသုတ္တန်ငါးရပ်တို့ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါကုန်သည် အရှင်ဘုရား။

အဋ္ဌမသုတ် စသည်

ပု။ ။တတ္ထေဝ အာဝုသော အဋ္ဌမ နဝမ ဒသမသုတ္တာနိ စ ဝီရိယာရမ္ဘာဒိ-ဝဂ္ဂေ ဒသသုတ္တာနိ စ ကလျာဏမိတ္တာဒိဝဂ္ဂေ ပဌမသုတ္တဉ္စ ဘဂဝတာ ကထံ ဘာသိတာနိ။

ဝိ။ ။တတ္ထေဝ ဘန္တေ အဋ္ဌမ နဝမ ဒသမသုတ္တာနိ စ ဝီရိယာရမ္ဘာဒိဝဂ္ဂေ ဒသသုတ္တာနိ စ ကလျာဏမိတ္တာဒိဝဂ္ဂေ ပဌမသုတ္တဉ္စ "နာဟံ ဘိက္ခဝေ အညံ ကေဓမ္မမ္မိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ ပမာဒေါ၊ ပမတ္တဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ပရိဟာယန္တိ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတာနိ။

မေး။ ။ထိုအစ္ဆရာသင်္ဃာတဝဂ်၌ပင်လျှင် အဋ္ဌမသုတ် နဝမသုတ် ဒသမသုတ်တို့ကိုငင်း ဝီရိယာရမ္ဘာဒိဝဂ်၌ ဆယ်ခုသော သုတ်တရားတော်တို့ကိုငင်း ကလျာဏမိတ္တာဒိဝဂ်၌ ရှေးဦးစွာသော ပဌမသုတ္တန်တရားတော်တို့ကိုငင်း ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုအစ္ဆရာသင်္ဃာတဝဂ်၌ အဋ္ဌမ နဝမ ဒသမသုတ္တန်တို့ကိုငင်း ဝီရိယာရမ္ဘာဒိဝဂ်၌ ဆယ်ရပ်သော သုတ္တန်တို့ကိုငင်း ကလျာဏမိတ္တာဒိဝဂ်၌ ရှေးဦးအစ ပဌမသုတ္တန်ကိုငင်း နာဟံ ဘိက္ခဝေ အညံ ကေဓမ္မမ္မိ သမနု-

http://www.dhammadownload.com

ပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ အစရှိသည်ဖြင့်----

ချစ်သားရဟန်းတို့....ကုသိုလ်တရားတို့၌ မေ့လျော့ခြင်း ပမာဒတရား၊ ကုသိုလ်တရားဘို့၌ ပျင်းရိခြင်း ကောသဇ္ဇတရား၊ အလိုကြီးခြင်း မဟိစ္ဆတရား၊ မရောင့်ရဲလွယ်ခြင်း အသန္တုဋ္ဌိတရား၊ မသင့်မတင့်သောအားဖြင့် နှလုံးသွင်းခြင်း အယောနိသော မနသိကာရတရား၊ သတိသမ္ပဇဉ်မရှိခြင်း အသမ္ပဇညတရား၊ ယုတ်မာသော အဆွေခင်ပွန်းနှင့်ပေါင်းသင်းခြင်း ပါပမိတ္တတာတရား၊ ဤတရားဘို့ကဲ့သို့ မဖြစ်သေးသော အကုသိုလ်တရားတို့ကို ဖြစ်ပွါးစေကြောင်း ဖြစ်ပြီးသော ကုသိုလ်တရားတို့ ဆုတ်ယုတ်ကြောင်းဖြစ်သော တပါးသော မကောင်းသော အကြောင်းတရားကို ငါဘုရားသည် လားလားမျှ မြင်တော်မမူ။

ချစ်သားရဟန်းတို့.... ပမာဒတရားနှိပ်စက်သော ပုဂ္ဂိုလ်အားငင်းကောသဇ္ဇတရား နှိပ်စက်သော ပုဂ္ဂိုလ်အားငင်း မဟိစ္ဆတရား နှိပ်စက်သော ပုဂ္ဂိုလ်အားငင်း အသန္တုဋ္ဌိတရား နှိပ်စက်သော ပုဂ္ဂိုလ်အားငင်း မသင့်မတင့် အယောနိသော မနသိကာရ နှလုံးသွင်းရှိသောပုဂ္ဂိုလ်အားငင်း သတိသမ္ပဇဉ်ကင်းလွတ်သော ပုဂ္ဂိုလ်အားငင်း မကောင်းသော မိတ်ဆွေရှိသော ပုဂ္ဂိုလ်အားငင်း မဖြစ်ပွါးသေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ် ၍လာကုန်၏၊ မဖြစ်ဘူးသေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ် ၍ လာကုန်၏၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကြပေကုန်၏ ဟူ၍ငင်း။

ချစ်သားရဟန်းတို့.... ဤသာသနာတော်ဝယ် ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း အပမာဒတရား၊ အာရမ္ဘဓာတ် နိက္ကမဓာတ် ပရက္ကမဓာတ် တည်းဟူသော ဝီရိယတရား၊ အလိုနည်းခြင်း အပ္ပိစ္ဆတရား၊ ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌိတရား၊ အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်း ယောနိသော မနသိကာရတရား၊ သတိသမ္ပဇဉ်နှင့်ယှဉ်ခြင်းတည်းဟူသော သတိသမ္ပဇညတရား၊ မိတ်ဆွေကောင်း ပေါင်းသင်းမိခြင်းတည်းဟူသော ကလျာဏမိတ္တတာတရား၊ ဤတရားမျှားကဲ့သို့ မဖြစ်ပွါးသေးသော ကုသိုလ်တရားတို့ကို ဖြစ်ပွါးစေကြောင်း ဖြစ်ပြီးသော အကုသိုလ်တရားတို့ ယုတ်လျော့ကြောင်းဖြစ်သော ကောင်းမြတ်သော အကြောင်းအရာကို ငါဘုရား မြင်တော်မမူ။

http://www.dhammadownload.com

ချစ်သားရဟန်းတို့....မမေ့မလျော့ မပေါ့မတန် အပ္ပမာဒတရား လက်ရှိ ထားရှိနေသော ရဟန်းအားငင်း အာရဒ္ဓဝီရိယဖြစ်၍ ဝီရိယသုံးမျိုးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အားငင်း အလိုနည်းသော ပုဂ္ဂိုလ်အားငင်း ရောင့်ရဲလွယ် သော ပုဂ္ဂိုလ်အားငင်း အသင့်အားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အားငင်း သမ္မဇ္ဇညတရား လက်ရှိထားသော ပုဂ္ဂိုလ်အားငင်း မိတ်ဆွေကောင်း ပေါင်း သင်းမိသော ပုဂ္ဂိုလ်အားငင်း ဤပုဂ္ဂိုလ်သူမြတ်တို့အား မဖြစ်ဘူးသေးသော စျာန်မဂ်ဖိုလ်တည်းဟူသော အပြစ်မရှိသော ကုသိုလ်တရားတို့သည်လည်း ဆင့်ကာ ဆင့်ကာ ဖြစ်ပွါး၍ လာပေကုန်၏၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ သည်လည်း တနေ့တခြား လျော့ပါး ဆုတ်ယုတ်သွားပေကုန်၏ဟူ၍ ဤ သုတ္တန်ဒေသနာတော်မြတ်တို့ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သမ္မည္ဇမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါကုန်သည် အရှင်ဘုရား။

ဒုတိယသုတ် စသည်

ပု။ ။ကလျာဏမိတ္တာဒိဝဂ္ဂေ အာဝုသော ဒုတိယ တတိယသုတ္တာနိ ဘဂဝတာ ကထံ ဘာသိတာနိ။

ဝိ။ ။ကလျာဏမိတ္တာဒိဝဂ္ဂေ ဘန္တေ ဒုတိယ တတိယသုတ္တာနိ "နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ အနုယောဂေါ အကုသလာနံ ဓမ္မာနံ အနနုယောဂေါ ကုသလာနံ ဓမ္မာန"န္တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတာနိ။

မေး။ ။ကလျာဏမိတ္တာဒိဝဂ်၌ ဒုတိယ တတိယဖြစ်သော သုတ္တန် တရားတော်တို့တို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္မည္ဇ မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်းငါ့ရှင်....။

ဖြေ။ ။ကလျာဏမိတ္တာဒိဝဂ်၌ ဒုတိယ တတိယဖြစ်သော သုတ္တန် ဒေသနာတော်မြတ်တို့ကို ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ အစရှိသည်ဖြင့်—

http://www.dhammadownload.com

ချစ်သားရဟန်းတို့....အကုသိုလ် တရားတို့ကို လေ့လာပွါးများခြင်း ကုသိုလ်တရားတို့ကို မလိုက်စား အားမထုတ်ခြင်းတည်းဟူသော တရားကဲ့သို့ မဖြစ်သေးသော အကုသိုလ်တရားတို့ ဖြစ်ပွါးဘို့ရန် ဖြစ်ပြီးသော လောကီ ကုသိုလ်တရားတို့ ဆုတ်ယုတ်ဆုံးရှုံးဘို့ရန် တပါးသော အကြောင်းတရားကို ငါဘုရားသည် မြင်တော်မမူ။

ချစ်သားရဟန်းတို့....အကုသိုလ်တရားတို့ကို လိုက်စားခြင်း ကုသိုလ်တရားတို့ကို မပွါးများခြင်းတည်းဟူသော အကြောင်းကြောင့် မဖြစ်သေးသော အကုသိုလ်တရားတို့သည် ထပ်တလဲလဲဖြစ်ပွါး၍ လာကုန်တော့သည်။ ဖြစ်ပြီးသော လောကီဝိပဿနာဈာန် ကုသိုလ်တို့လည်း ဆုံးရှုံး၍ သွားကုန်တော့သည်။

ချစ်သားရဟန်းတို့.... ကုသိုလ်တရားတို့ကို လေ့လာပွါးများခြင်း အကုသိုလ်တရားတို့ကို မလိုက်စားခြင်း တည်းဟူသော တရားကဲ့သို့ မဖြစ်သေးသော ကုသိုလ်တရားတို့ ဖြစ်ပွါးဘို့ရန် ဖြစ်ပြီးသော အကုသိုလ်တရားတို့ ဆုတ်ယုတ်ဘို့ရန် တပါးသော အကြောင်းတရားကို ငါဘုရား မြင်တော်မမူ။

ချစ်သားရဟန်းတို့.... ကုသိုလ်တရားတို့ကို လိုက်စားခြင်းဟူသော အကြောင်း အကုသိုလ်တရားတို့ကို မလိုက်စားခြင်းဟူသော အကြောင်းကြောင့် မဖြစ်သေးသော ဈာန် မဂ် ဖိုလ် ကုသိုလ်တရားတို့ကိုလည်း ဖြစ်ပွါး၍ လာကုန်တော့သည်၊ ရှေးကဖြစ်ဘူးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်တော့သည်ဟူ၍ ဤသုတ္တန် ဒေသနာတော် ၂-ရပ်တို့ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

ဆဋ္ဌသုတ် စသည်

ပု။ ။တတ္ထဝေ အာဝုသော ဆဋ္ဌသုတ္တာဒီနိ စ ပမာဒါဒိဝဂ္ဂေ ပဋမသုတ္တဉ္စ ဘဂဝတာ ကထံ ဘာသိတာနိ။

ဝိ။ ။တတ္ထဝေ ဘန္တေ ဆဋ္ဌသုတ္တာဒီနိ စ ပမာဒါဒိဝဂ္ဂေ ပဋမသုတ္တဉ္စ "အပ္ပမတ္တိကာ သော ဘိက္ခဝေ ပရိဟာနိ ယဒိဒံ ဥတိပရိဟာနိ။ တေံ ပတိကိဋ္ဌံ ဘိက္ခဝေ ပရိဟာနိနံ ယဒိဒံ ပညာပရိဟာနိတိ။ အပ္ပမတ္တိကာ သော ဘိက္ခဝေ ဝုဋ္ဌိ ယဒိဒံ ဥတိဝုဋ္ဌိ။ ဏေဒဂ္ဂံ ဘိက္ခဝေ ဝုဋ္ဌိနံ ယဒိဒံ

http://www.dhammadownload.com

ပညာဝုဒ္ဓိ။ တသ္မာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ 'ပညာဝုဒ္ဓိယာ ဝဒ္ဓိဿာမာ'တိ။ ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗ"န္တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတာနိ။

မေး။ ။ထိုကလျာဏမိတ္တာဒိဝင်၌ပင်လျှင် ဆဋ္ဌသုတ္တန် အစရှိသော ငါးခုသောသုတ်တို့ကိုလည်း ပမာဒါဒိဝင်၌ ရှေးဦးစွာသော ပဌမသုတ္တန် တရားတော်ကိုလည်း ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဝဂ်၌ ဆဋ္ဌအစရှိသော ငါးရပ်သော သုတ္တန်တို့ကိုလည်း ပမာဒါဒိဝင်၌ ရှေးဦးစွာသော ပဌမသုတ္တန်ကိုလည်း ဤခြောက်ပါးသော သုတ္တန်ဒေသနာတော်မြတ်တို့ကို အပ္ပမတ္တိကာ သော ဘိက္ခဝေ ပရိဟာနိ ယဒိဒံ ဉာတိပရိဟာနိ အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့.... ဆွေမျိုးတို့၏ ယုတ်လျော့ခြင်း ၊ စည်းစိမ်၏ ယုတ်လျော့ခြင်း အခြံအရံအကျော်အစော၏ ယုတ်လျော့ခြင်းတည်းဟူသော ဤသုံးပါးသော ယုတ်လျော့ခြင်းသည်ကား မပြောပလောက်၊ မထောင်းတာသော ယုတ်လျော့ခြင်းသာ ဖြစ်ပေသည်။

ချစ်သားရဟန်းတို့....၊ ပညာ၏ ယုတ်လျော့ခြင်းသည်ကား ပညာ၏ ဆုံးရှုံးခြင်းသည်ကား အယုတ်ဆုံး အနစ်နာဆုံးသော ဆုံးရှုံးခြင်း ယုတ်လျော့ခြင်းပင် ဖြစ်တော့သည်။

ချစ်သားရဟန်းတို့.... ဆွေမျိုး၏ တိုးပွါးခြင်း ဉာတိဝုဒ္ဓိ၊ စည်းစိမ်၏ တိုးပွါးခြင်း ဘောဂဝုဒ္ဓိ၊ အခြံအရံ အကျော်အစော၏ တိုးပွါးခြင်း ယသဝုဒ္ဓိ၊ ဤတိုးပွါးခြင်း သုံးမျိုးသည်ကား မပြောပလောက်၊ဂုဏ်မရသောတိုးပွါးခြင်းမျှသာ ဖြစ်ပေသည်။

ချစ်သားရဟန်းတို့.... တိုးပွါးခြင်း ကြီးပွါးခြင်း အမျိုးမျိုးတို့တွင် ပညာတည်းဟူသော တိုးပွါးခြင်း ကြီးပွါးခြင်း ပညာဝုဒ္ဓိကသာလျှင် အမြတ်ဆုံး ဖြစ်ပေတော့သည်။

သို့ရကား ချစ်သား ရဟန်းတို့.... ငါတို့သည် ပညာတည်းဟူသော တိုးပွါးခြင်းဖြင့် တိုးပွါးကုန်အံ့ဟူ၍ သင်ချစ်သားတို့သည် ကျင့်ကြံကြိုးကုတ်

http://www.dhammadownload.com

အားထုဘ်ရာ၏ဟူ၍ ဤခြောက်ပါးသော သုတ္တန်ဒေသနာတော်မြတ်တို့ကို ပညာတရား တိုးပွါးစေလိုတော်မူသော၊ အလိုတော်မြတ်ဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ကလျာဏမိတ္တာဒိဝဂ် ပြီး၏

ပမာဒါဒိဝဂ်

ပု။ ။တေနာဝုသော။ပ။ သမ္မာသမ္ဗုဒ္ဓေန ပမာဒါဒိဝဂ္ဂေ ဒုတိယသုတ္တာဒီနိ ကထံ ဘာသိတာနိ။

ဝိ။ ။နာဟံ ဘိက္ခဝေ အညံ ကေဓမ္မမ္မိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ပမာဒေါ။ ပမာဒေါ ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တတိ။ နာဟံ ဘိက္ခဝေ အညံ ကေဓမ္မမ္မိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အတ္ထာယ သံဝတ္တဘိ၊ ယထယိဒံ ဘိက္ခဝေ အပ္ပမာဒေါ၊ အပ္ပမာဒေါ ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တဘီတိ ဧဝမာဒိနာ ဘဂ္ဂေ ဘဂဝတာ ဘာသိတာနိ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်သည် အဂ်ုတ္တရနိကာယ်. ကေကနိပါတ် ပမာဒါဒိဝဂ်၌ ဒုတိယသုတ်အစရှိသော သုဘ္တန်တရားဘော်ဘို့ကို အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဂ်ုတ္တရနိကာယ် အဝင်အပါ ကေကနိပါတ် ပမာဒါဒိဝဂ်၌ ဒုတိယသုဘ်အစရှိသော တဆယ့်ခြောက်ပါးသော သုတ္တန်ဒေသနာတော်မြတ်တို့ကို နာဟံ ဘိက္ခဝေ အညံ ကေမ္မမ္မိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ. ပမာဒေါ။ ပမာဒေါ ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တတိ အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့.... ကုသိုလ်တရားတို့၌ မေ့လျော့ခြင်း ပမာဒတရားကဲ့သို့ငင်း ကုသိုလ်တရားတို့၌ ပျင်းရိခြင်း ကောသဇ္ဇတရားကဲ့သို့ငင်း အလို

http://www.dhammadownload.com

ကြီးခြင်း မဟိစ္ဆတာဘရားကဲ့သို့ဝင်း မရောင့်ရဲနိုင်ခြင်း အသန္တုဋ္ဌတာ တရားကဲ့သိုဝင်း အသင့်အားဖြင့်နှလုံးမသွင်းခြင်း အယောနိသော မနသိကာရ တရားကဲ့သို့ဝင်း မကောင်းသော အဆွေခင်ပွန်းရှိခြင်း ပါပမိတ္တတာ တရားကဲ့သို့ဝင်း ဆင်ခြင်တိုင်းထွာတတ်သော ဉာဏ်ပညာမှ ကင်းခြင်း အသမွဇညတရားကဲ့သို့ဝင်း အကုသိုလ်တရားတို့ကို လိုက်စားခြင်း ကုသိုလ်တရားတို့ကို မလိုက်စားခြင်း အကုသလာနံ အနုယောဂ အကုသလာနံ အနနုယောဂ တရားကဲ့သို့ဝင်း ကြီးစွာသော အကျိုးမဲ့ကို ဖြစ်စေတတ်သော တပါးသော တရားကို ငါဘုရားသည် မြင်တော်မမူ။

ချစ်သားရဟန်းတို့....မေ့လျော့ခြင်း ပမာဒတရားသည်၊ ပျင်းရိခြင်း ကောသဇ္ဇတရားသည်၊အလိုကြီးခြင်း မဟိစ္ဆတာတရားသည်၊မရောင့်ရဲနိုင်ခြင်း အသန္တုဋ္ဌတရားသည်၊ မသင့်မတင့်သော အားဖြင့် နှလုံးသွင်းခြင်း ယောနိသော မနသိကာရတရားသည်၊ သတိသမ္ပဇဉ် ကင်းစင်ခြင်း အသမွဇည တရားသည်၊ မကောင်းသော အဆွေခင်ပွန်းရှိသူ၏ အဖြစ်တည်းဟူသော ပါပမိတ္တတာ၊ အကုသိုလ်တရားတို့ကို လိုက်စားခြင်း ကုသိုလ်တရားတို့ကို အာ့းမထုတ်ခြင်း အကုသလာနံ အနုယောဂ ကုသလာနံ အနနုယောဂတရားသည် ကြီးစွာသော အကျိုးမဲ့အလို့ငှါ ဖြစ်ချေတော့သည်။

ချစ်သားရဟန်းတို့....ကုသိုလ်တရားတို့၌ မမေ့မလျော့ မပေါ့မတန်သော အပွမာဒတရားကဲ့သို့ဝင်း၊ ကုသိုလ်တရားတို့ကို ပွါးများအားထုတ်ခြင်း ဝီရိယာရမ္ဘတရားကဲ့သို့ဝင်း၊ အလိုနည်းခြင်း အပ္ပိစ္ဆတာ တရားကဲ့သို့ဝင်း၊ ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌတာ တရားကဲ့သို့ဝင်း၊ အသင့်အားဖြင့် နှလုံးသွင်းခြင်း ယောနိသော မနသိကာရတရားကဲ့သို့ဝင်း၊ ဆင်ခြင် တိုင်းထွာတတ်သော ဉာဏ်သမ္ပဇဉ်နှင့် ပြည့်စုံခြင်း သမွဇညတရားကဲ့သို့ဝင်း၊ ကောင်းသော အဆွေခင်ပွန်းရှိခြင်း ကလျာဏမိတ္တတာတရားကဲ့သို့ဝင်း၊ ကုသိုလ်တရားတို့ကို လိုက်စားခြင်း အကုသိုလ်တရားတို့ကို မလိုက်စားခြင်း ကုသလာနံ အနုယောဂ အကုသလာနံ အနနုယောဂ တရားကဲ့သို့ဝင်း သတ္တဝါတို့၏ အကျိုးတရားကို ကြီးစွာ ဖြစ်စေတတ်သော တပါးသော တရားကို ငါဘုရားသည် မြင်တော်မမူချေ။

ချစ်သားရဟန်းတို့....မမေ့မလျော့ခြင်း အပွမာဒတရား၊ အားထုတ်ခြင်း ဝီရိယာရမ္ဘတရား၊ အလိုနည်းခြင်း အပ္ပိစ္ဆတာတရား၊ ရောင့်ရဲလွယ်ခြင်း

http://www.dhammadownload.com

သန္တုဋ္ဌိတာတရား၊ အသင့်အားဖြင့် နှလုံးသွင်းခြင်း ယောနိသော မနသိကာရ တရား၊သမ္ပဇဉ်နှင့် ပြည့်စုံခြင်း သမ္ပဇညတရား၊ ကောင်းသော အဆွေခင်ပွန်း ရှိခြင်း ကလျာဏမိတ္တတာတရား၊ကုသိုလ်တရားတို့ကို လိုက်စား အားထုတ်ခြင်း အကုသိုလ်တရားတို့ကို မလိုက်စားခြင်း ကုသလာနံ အနုယောဂ အကုသလာနံ အနနုယောဂတရား ဤတရားရှစ်မျိုးသည် ကြီးစွာသော အကျိုးတရား အလို့ငှါ ဖြစ်ပေသည်ဟု ဤတဆဲ့ခြောက်ပါးသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြား တော်မူအပ်ခဲ့ပါကုန်သည် အရှင်ဘုရား။

ဒုတိယ ပမာဒါဒိဝဂ်

ပု။ ။ဒုတိယေ ပနာဝုသော ပမာဒါဒိဝဂ္ဂေ ပဌမသုတ္တာဒီနိ ဘဂဝတာ ကထံ ဘာသိတာနိ။

ဝိ။ ။ဒုတိယေ ဘန္တေ ပမာဒါဒိဝဂ္ဂေ အဇ္ဈတ္တိကံ ဘိက္ခဝေ အင်္ဂန္တိ ကရိတ္ဝာ နာညံ ဧကင်္ဂမ္ပိ သမနုပဿာမိ၊ယံ ဧဝံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ပမာဒေါ။ ပမာဒေါ ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တတိ။ အဇ္ဈတ္တိကံ ဘိက္ခဝေ အင်္ဂန္တိ ကရိတ္ဝာ နာညံ ဧကင်္ဂမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ အပ္ပမာဒေါ။ အပ္ပမာဒေါ ဘိက္ခဝေ မဟတော အတ္ထာယ သံဝတ္တတီတိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတာနိ။

မေး။ ။ဒုတိယပမာဒါဒိဝဂ်၌ ပဌမသုတ် အစရှိသော သုတ္တန်တရား ဒေသနာတော်တို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား တော်မူအပ်ခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဒုတိယပမာဒါဒိဝဂ်၌ အဇ္ဈတ္တိကံ ဘိက္ခဝေ အင်္ဂန္တိ ကရိတ္ဝာ နာညံ ဧကင်္ဂမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ပမာဒေါ အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....ကုသိုလ်တရားတို့၌ မေ့လျော့ခြင်း ပမာဒတရား ကဲ့သို့ငှင်း၊ ကုသိုလ်တရားတို့၌ ပျင်းရိခြင်း ကောသဇ္ဇတရားကဲ့သို့ငှင်း၊ အလို ကြီးခြင်း မဟိစ္ဆတာ တရားကဲ့သို့ငှင်း၊ မရောင့်ရဲနိုင်ခြင်း အသန္တုဋ္ဌိတာ

http://www.dhammadownload.com

တရားကဲ့သို့ရင်း၊ မသင့်သောအားဖြင့် နှလုံးသွင်းခြင်း အယောနိသော မနသိကာရ တရားကဲ့သို့ရင်း၊ သတိသမ္ဗောဇ္ဈင်လွှတ်ခြင်း အသမ္မဇ္ဇနတရားကဲ့သို့ ရင်း ကိုယ်တွင်း အစ္ဆိတ္တသန္တာန်၌ဖြစ်သော အကြောင်းအင်္ဂါအနေဖြင့် ကြီးစွာသော အကျိုးမဲ့ကို ဖြစ်စေတတ်သော တရားတပါး အကြောင်းတပါး ကို ငါဘုရားမြင်တော်မူ။

ချစ်သားရဟန်းတို့.... ပမာဒတရား ကောသဇ္ဇတရား မဟိစ္ဆတာတရား အသန္တုဋ္ဌိတာဘာရား အယောနိသော မနသိကာရတရား အသမ္မဇ္ဇနတရား သည် ကြီးစွာသော အကျိုးမဲ့အလို့ငှါ ဖြစ်ပေသည်ဟူ၍ငင်း။

ချစ်သားရဟန်းတို့.... ယုတ်မာသော အဆွေခင်ပွန်းရှိခြင်းတည်းဟူ သော ပါပမိတ္တတာဘတရားကဲ့သို့ ဗာဟိရအကြောင်းအနေဖြင့် ကြီးစွာသော အကျိုးမဲ့ကို ဖြစ်စေတတ်သော တပါးသော အကြောင်းတရားကို ငါဘုရား မြင်တော်မူ။

ချစ်သားရဟန်းတို့.... ဗာဟိရ အကြောင်းအနေဖြင့် မကောင်းသော မိတ်ဆွေကို ပေါင်းသင်းမိခြင်း တည်းဟူသော ပါပမိတ္တတာဘတရားသည် ကြီးစွာသော အကျိုးမဲ့ကို ဖြစ်စေတတ်ပါသည်၊ ကြီးစွာသော အကျိုးမဲ့ အလို့ငှါ ဖြစ်သည်ဟူ၍ငင်း။

ချစ်သားရဟန်းတို့.... ကုသိုလ်တရားတို့၌ မမွေ့မလျော့ခြင်း အပွမာဒ တရား၊ ကုသိုလ်တရားတို့ကို ပွါးများအားထုတ်ခြင်း ဝီရိယာရမ္ဘတရား၊ အလို နည်းခြင်း အပ္ပိစ္ဆတာတရား၊ ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌိတာတရား၊ အသင့် အားဖြင့် နှလုံးသွင်းခြင်း ယောနိသော မနသိကာရတရား၊ သတိသမ္ဗောဇ္ဈ ဉာဏ်အမြင်နှင့် ပြည့်စုံခြင်း သမ္မဇ္ဇနတရားကဲ့သို့ ကိုယ်တွင်း အစ္ဆတ္တိက အကြောင်းအနေဖြင့် ကြီးစွာသော အကျိုးအလို့ငှါဖြစ်သော တပါးသော အကြောင်းအရာကို ငါဘုရား မြင်တော်မူ။

ချစ်သားရဟန်းတို့.... ဖော်ပြအပ်ပြီးသော အပွမာဒအစရှိသော ခြောက်ပါးသောတရားသည် ကြီးစွာသော အကျိုးအလို့ငှါ ဖြစ်ပေသည် ဟူ၍ငင်း။

ချစ်သားရဟန်းတို့.... ကောင်းသော အဆွေခင်ပွန်းရှိခြင်း တည်းဟူ သော ကလျာဏမိတ္တတာဘတရားကဲ့သို့ ဗာဟိရ အကြောင်းတပါးအနေဖြင့်

http://www.dhammadownload.com

(အပြင်အပအကြောင်းအနေဖြင့်) ကြီးစွာသော အကျိုးအလို့ငှါ ဖြစ်သော တပါးသော အကြောင်းတရားကို ငါဘုရား မြင်တော်မမူ။

ချစ်သားရဟန်းတို့.... မိတ်ဆွေကောင်း ပေါင်းသင်းမိခြင်းတည်းဟူသော ကလျာဏမိတ္တဘာဝတရားသည် ဗာဟိရက အကြောင်းတပါးအနေဖြင့် ကြီးစွာသော အကျိုးတရားအလို့ငှါ ဖြစ်ပေသည်ဟု ဤသို့ အစရှိသည်ဖြင့် သုံးဆဲ့နှစ်ပါးသော သုတ္တန်ဒေသနာတော်မြတ်ဘုရားကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါကုန်သည် အရှင်ဘုရား။

သုတ်တော် နှစ်ဆယ်

ပု။ ။တတ္ထဝ အာဝုသော တေတ္တိံ သမာဒိနိစ ဒသသုတ္တာနိ အဓမ္မဝဂ္ဂေ စ ဒသသုတ္တာနိ ဘဂဝတာ ကထံ ဘာသိတာနိ။

ဝိ။ ။တတ္ထဝ ဘန္တေ တေတ္တိံ သမာဒိနိ ဒသသုတ္တာနိ စ အဓမ္မဝဂ္ဂေ ဒသသုတ္တာနိ စ ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ"အဓမ္မော"တိ ဒီပေန္တိ၊ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနအဟိဘာယ ပဋိပန္နာ ဗဟုဇနအသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ ဗဟုဇ္ဇ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ၊ တေ စိမံ သဒ္ဓမ္မံ အန္တရဓာပေန္တိတိ ဧဝမာဒိနာ စ၊ ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ"အဓမ္မော"တိ ဒီပေန္တိ၊ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနဟိတာယ ပဋိပန္နာ ဗဟုဇနသုခါယ ဗဟုဇနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ ဗဟုဇ္ဇ တေ ဘိက္ခဝေ ဘိက္ခူ ပုညံ ပသဝန္တိ၊ တေ စိမံ သဒ္ဓမ္မံ ဌပေန္တိတိ ဧဝမာဒိနာ စ ဘန္တေ ဘဂဝတာ ဘာသိတာနိ။

မေး။ ။ထိုဒုတိယပမာဒါဒိဝဂ်ဋ္ဌပင်လျှင် သုံးဆဲ့သုံးခုမြောက် တော်တို့ သမသုတ် အစရှိသော ဆယ်ပါးသော သုတ္တန်တရားတော်တို့ကိုငင်း၊ အဓမ္မဝဂ်ဋ္ဌ ဆယ်ပါးသော သုတ္တန်တရားတော်တို့ကိုငင်း၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထို ဒုတိယပမာဒါဒိဝဂ်ဋ္ဌ သုံးဆဲ့သုံးခုမြောက်အစရှိသော ဆယ်ပါးသော သုတ္တန်ဒေသနာတော်မြတ်တို့ကိုငင်း၊ အဓမ္မဝဂ်ဋ္ဌ ဆယ်ရပ်

http://www.dhammadownload.com

သော သုတ္တန်ဒေသနာတော်မြတ်တို့ကိုဂင်း ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ ဓမ္မောတိ ဒီပေန္တိ အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့.... အမှတ်မထင် အကြင်ရဟန်းတို့သည် မြတ်စွာဘုရားမဟောကြားအပ်သော အဓမ္မကို ဓမ္မအနေဖြင့် ပြဆိုကြပေကုန်၏၊ ဓမ္မကို အဓမ္မအနေဖြင့် ပြဆိုကြပေကုန်၏၊ အဝိနယ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟုဘ်သော အနေဖြင့် ပြဆိုကြပေကုန်၏၊ ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုဘ်သော အနေဖြင့် ပြဆိုကြပေကုန်၏၊ မြတ်စွာဘုရား မဟောကြားအပ်သည်ကို မြတ်စွာဘုရား အဟောပြုလုပ်၍ ပြောကြားပြဆိုတတ်ပေကုန်၏၊ မြတ်စွာဘုရား ဟောကြားအပ်သည်ကို မြတ်စွာဘုရား မဟောကြားအပ်ဟူ၍ ပြဆိုကြပေကုန်၏၊ မြတ်စွာဘုရားတို့၏ အလေ့အကျက်မဟုတ်သည်ကို မြတ်စွာဘုရားဘို့၏ အလေ့အကျက်ဟူ၍ ပြဆိုကြပေကုန်၏၊ မြတ်စွာဘုရားတို့၏ အလေ့အကျက်ကို မြတ်စွာဘုရားတို့၏ အလေ့အကျက် မဟုတ်ဟူ၍ ပြဆိုကြပေကုန်၏၊ မြတ်စွာဘုရားတို့ မပညတ်အပ်သည်ကို ပညတ်အပ်၏ဟူ၍ ပြဆိုကြပေကုန်၏၊ မြတ်စွာဘုရားတို့ ပညတ်အပ်သည်ကို မပညတ်အပ်ဟူ၍ ပြဆိုကြပေကုန်၏။

ချစ်သားရဟန်းတို့.... ထိုဖော်ပြရာပါ ဆယ်မျိုးသော ရဟန်းတို့သည် များစွာသော လူအပေါင်း၏ အစီးအပွါးမဲ့အလိုဋ္ဌာဂင်း များစွာသော လူအပေါင်းတို့ မချမ်းသာရန်အလိုဋ္ဌာဂင်း များစွာသော လူအပေါင်း၏ အကျိုးမဲ့ဖြစ်ရန်အလိုဋ္ဌာဂင်း အစီးအပွါးမဲ့ ဖြစ်ရန်အလိုဋ္ဌာဂင်း နတ်လူအပေါင်းတို့၏ အစီးအပွါးမဲ့ဖြစ်ရန် အလိုဋ္ဌာ ကျင့်ကြံသော ပုဂ္ဂိုလ်တို့ဖြစ်ကြသည် ဟူ၍ဂင်း။

ချစ်သားရဟန်းတို့.... ထိုရဟန်းတို့သည် များစွာသော အကုသိုလ်တရားဘို့ကိုလည်း ပွါးစေကြပေကုန်သည်၊ ဤတွင်မျှမကသေး၊ ချစ်သားရဟန်းတို့.... ဆိုအပ်ပြီးသော ထိုတကျိပ်သော ရဟန်းတို့သည် ဤပရိဿတ္တိသဒ္ဓမ္မ ပဋိပတ္တိသဒ္ဓမ္မ ပဋိဝေဓသဒ္ဓမ္မ တည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်ကို ကွယ်ပစေကြသော သူတို့တည်းဟူ၍ဂင်း။

ဖြူစင်သော သုက္ကပက္ခ

ဖြူစင်သော သုက္ကပက္ခအနေအားဖြင့် ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ အဓမ္မောတိ ဒီပေန္တိ အစရှိသည်ဖြင့်—

http://www.dhammadownload.com

ချစ်သားရဟန်းတို့.... အမှတ်မထင် အကြင်ရဟန်း သူတော်ကောင်းတို့ သည်ကား ဓမ္မမဟုတ်သည်ကို ဓမ္မမဟုတ်သော အခြင်းအရာဖြင့် ပြဆိုကြပေကုန်၏၊ အကြင်ရဟန်းတို့သည် ဓမ္မဟုတ်သည်ကို မမွေဟုတ်သောအနေဖြင့် ပြဆိုကြပေကုန်၏၊ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်သောအခြင်းအရာဖြင့် ပြဆိုကြပေကုန်၏၊ ဝိနည်းဟုတ်သည်ကို ဝိနည်းဟုတ်သော အခြင်းအရာဖြင့် ပြဆိုကြပေကုန်၏၊ မြတ်စွာဘုရား မဟောကြားအပ်သည်ကို မြတ်စွာဘုရား မဟောကြားအပ်ဟူ၍ ယထာဘူတ အမှန်ပင် ပြဆိုကြပေကုန်၏၊ မြတ်စွာဘုရား ဟောကြားအပ်သည်ကို မြတ်စွာဘုရား ဟောကြားအပ်၏ဟူ၍ ပြဆိုကြပေကုန်၏၊ မြတ်စွာဘုရားတို့၏ အလေ့အလာ မဟုတ်သည်ကို မြတ်စွာဘုရားတို့၏ အလေ့အလာ မဟုတ်ဟူ၍ ပြဆိုကြပေကုန်၏၊ မြတ်စွာဘုရားတို့ အလေ့အလာဟုတ်သည်ကို မြတ်စွာဘုရားတို့၏ အလေ့အကျက်တည်းဟု ယထာဘူတအမှန်ပင် ပြဆိုကြပေကုန်၏၊ မြတ်စွာဘုရား မပညတ်အပ်သည်ကို မပညတ်အပ်ဟူ၍ပင် မြတ်စွာဘုရား ပညတ်အပ်သည်ကို ပညတ်အပ်၏ ဟူ၍ပင် ယထာဘူတ သစ္စာဝါစာ၌ တည်၍ ပြဆိုကြပေကုန်၏။

ချစ်သားရဟန်းတို့.... ထိုဆိုအပ်ပြီးသော တကျိပ်သော ရဟန်း သူတော်ကောင်းတို့သည် များစွာသော လူအပေါင်းတို့၏ အစီးအပွါး အလို၌ငြင်း များစွာသော လူအပေါင်း၏ ချမ်းသာခြင်းအလို၌ငြင်း များစွာသော လူအပေါင်း၏ အစီးအပွါးအလို၌ငြင်း အကျိုးအလို၌ငြင်း နတ်လူတို့၏ ချမ်းသာရန် အလို၌ငြင်း ကျင့်ကြံတတ်သော ပုဂ္ဂိုလ်တို့ ဖြစ်ကြပေကုန်၏။

ဤတွင်မျှမကသေး ထိုဆယ်ပါးသော ရဟန်းတော် ရဟန်းကောင်း အရှင်မြတ်ဘို့သည် များစွာသော ကုသိုလ်ကောင်းမှု တရားကိုလည်း ပွါးစေကြပေကုန်၏၊ ဤမျှမကသေး ဖော်ပြရာပါ ထိုဆယ်မျိုးသော ရဟန်းတော် သူမြတ်တို့သည် ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓတည်းဟူသော သဒ္ဓမ္မသုံးဖြာ ဤသာသနာတော် သုံးရပ်ကို အခွန့်ရှည်စွာ တည်စေကြပေကုန်၏ဟူ၍ငင်း ဤနှစ်ဆယ်သော သုတ္တန်ဒေသနာတော်မြတ်တို့ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါကုန်သည် အရှင်ဘုရား။

http://www.dhammadownload.com

ကေပုဂ္ဂလဝဂ်

ပု။ ။ကေပုဂ္ဂလဝဂ္ဂေ အာဝုသော ဘဂဝတာ ကိဒိသီ မွေဒေဿနာယော၊ ဒေသိတာ။

ဝိ။ ။ကေပုဂ္ဂလဝဂ္ဂေ ဘန္တေ ဘဂဝတာ ကေပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ ကတမော ကေပုဂ္ဂလော၊ တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အယံ ခေါ ဘိက္ခဝေ ကေပုဂ္ဂလော လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနန္တိ ဧဝမာဒိကာ ဘဂဝတာ မွေဒေဿနာယော ဒေသိတာ။

မေး။ ။ကေပုဂ္ဂလဝဂ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်ကဲ့သို့သော တရားဒေသနာတော်တို့ကို ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကေပုဂ္ဂလဝဂ်၌ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္ဗညုမြတ်စွာဘုရားသခင်သည် ကေပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....ဤသတ္တလောကကြီး၌ အတုမရှိ တဦးတည်းသော ပုဂ္ဂိုလ်သူမြတ်သည် ဖြစ်ပေါ်လာသည်ရှိသော် များစွာသော လူအပေါင်းတို့၏ အစီးအပွါးအလို့ငှါ များစွာသော လူအပေါင်း၏ ချမ်းသာတရားတိုးပွါးခြင်းအလို့ငှါ သတ္တလောကကို သနားစောင့်ရှောက်ခြင်း အလို့ငှါ နတ်လူတို့၏ အကျိုးတရား တိုးပွါးခြင်းအလို့ငှါ နတ်လူတို့၏ အစီးအပွါး ကြီးထွားစေခြင်းအလို့ငှါ နတ်လူဘို့ ချမ်းသာတရား တိုးပွါးစေခြင်း အလို့ငှါ ဖြစ်ပေါ်၍လာပေ၏၊ တဦးတည်းသော အတုမရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်ပုဂ္ဂိုလ်နည်းဟူမူကား—ရွေးဘုရားတို့ အတူလာခြင်း ကောင်းတော်မူသော အရဟံဂုဏ်ရှင်ဖြစ်တော်မူပေသော မဖောက်မပြန် ဥေ ယျဓံတရားတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားပေတည်း။

http://www.dhammadownload.com

ချစ်သားရဟန်းတို့ ....ဤဆိုအပ်ပြီးသော ရှေးဘုရားတို့အတူ လာခြင်း ကောင်းတော်မူသော အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားဘည်းဟူသော တဦးတည်းသော အတုမရှိသော ပုဂ္ဂိုလ်သည် ဤသတ္တလောက၌ ပွင့်ပေါ်လာသည် ရှိသော် များစွာသော လူအပေါင်းတို့၏ အစီးအပွါးအလို့ငှါ များစွာသော လူအပေါင်းတို့ ချမ်းသာခြင်းအလို့ငှါ နတ်သူတို့အား သနားစောင့်ရှောက်ခြင်းအလို့ငှါ နတ်လူတို့၏ စီးပွါးတရား ချမ်းသာဘရား နတ်လူဘို့၏ အကျိုးတရား စီးပွါးတရား ချမ်းသာတရား တိုးပွါးခြင်းအလို့ငှါ ဖြစ်ပေသည်ဟု ဤသို့အစရှိသည်ဖြင့် ဤကေပုဂ္ဂလဝဂ်၌ သဗ္ဗညုမြတ်စွာဘုရားနှင့် စပ်သော တရားဒေသနာတော်တို့ကို သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါကုန်သည် အရှင်ဘုရား။

ကေပုဂ္ဂလဝဂ် ပြီး၏

တေဒဂ္ဃဝဂ်

အရှင်ကောဏ္ဍည ဝတ္ထု

ပု။ ။ဘေဒဂ္ဃဝဂ္ဂေ အာဝုသော အာဂတေသု ကေစတ္တာလီသာယ ထေရေသု အာယသ္မာ အညာသိကောဏ္ဍညတ္ထေရော ကထံ ဘဂဝတာ တေဒဂ္ဃ-ဋ္ဌာနေ ဌပိတော။

ဝိ။ ။ဘေဒဂ္ဃဝဂ္ဂေ ဘန္တေ အာဂတေသု ကေစတ္တာလီသာယ မဟာထေရေသု "တေဒဂ္ဃံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာ-သိကောဏ္ဍညော"တိ၊ ဧဝံ ခေါ ဘန္တေ အာယသ္မာ အညာသိ-ကောဏ္ဍညတ္ထေရော ဘဂဝတာ တေဒဂ္ဃဋ္ဌာနေ ဌပိတော။

မေး။ ။တေဒဂ္ဃဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါ-ယနာတင်လျက် ဖော်ပြထားသောကြောင့် အထင်အရှားလာရှိကုန်သော လေးဆယ့်တပါးသော မဟာထေရ်တို့တွင် အညာသိကောဏ္ဍညအမည်ရသော မဟာထေရ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာ ဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် တေဒဂ်ရာထူးဌာန၌ ချီးမြှောက်တင်ထားတော်မူခဲ့ပါသနည်း ငါ့ရှင်.....။

ဖြေ။ ။တေဒဂ္ဃဝဂ်၌ ရှေးသံဂါယနာတင် မထေရ်သူမြတ်တို့သည် ထားခဲ့သဖြင့် အထင်အရှားလာရှိကြကုန်သော တေဒဂ်ရမဟာထေရ် လေး

http://www.dhammadownload.com

ကျိပ်တပါးတို့တွင် အညာသိကောဏ္ဍညမဟာထေရ်မြတ်ကို တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာသိကောဏ္ဍညော ဟု—

ချစ်သားရဟန်းတို့....ညဉ့်အပိုင်းအခြားကို သိကြကုန်သော ရဟန္တာ အပေါင်းသို့အနက် ငါ၏သားတော်ဖြစ်သော အညာသိကောဏ္ဍညမထေရ်သည် ရှေးဦးစွာ ဤသာသနာဝယ် သစ္စာလေးပါးတရားကို သိသူဖြစ်သော ကြောင့် အစအဦးဆုံး အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ပေသည်ဟူ၍ ရတ္တညူအရာဝယ် တေဒဂ် ထားတော်မူအပ်ခဲ့ပါသည်။

အတိတ်အကြောင်း

ထိုသို့ တေဒဂ်ထားရာဝယ် အဋ္ဌုပ္ပတ္တိကား ပုဗ္ဗာဓိကာရ အစရှိသော အားဖြင့် အကြောင်းနှင့်တကွ တေဒဂ်ရာထူးကို ရသည်ဖြစ်ရကား အညာသိကောဏ္ဍညမထေရ်သူမြတ်၏ တေဒဂ်ရကြောင်း ပုဗ္ဗာဓိကာရကို အနည်းငယ်မျှ လျှောက်ထားလိုပါသည်။

ဤဘဒ္ဒကမ္ပာမှ ပဋိလောမအဆန် အပြန်ရေတွက်သည်ရှိသော် လွန်ခဲ့သော ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်ပေါ်တော်မူခဲ့ပါသည်။

ထိုအခါ အညာသိကောဏ္ဍညမထေရ်သူမြတ်၏ အလောင်းအလျာသည် တခုသော များစွာသော စည်းစိမ်ဥစ္စာနှစ်နှင့် ပြည်စုံသော ဂဟပတိသူကြွယ်မျိုး၌ ဖြစ်ခဲ့ပါသည်။

ပဒုမုတ္တရမြတ်စွာဘုရားသည် တပါးသောအခါဝယ် အညာသိကောဏ္ဍညမထေရ်သူမြတ်ကဲ့သို့ ရှေးဦးစွာ မိမိ၏ သာသနာတွင် သစ္စာလေးပါးတရားကို သိသောမထေရ်မြတ်တပါးကို ရတ္တညူအရာ တေဒဂ်ထားသည်ကို ရှင်ကောဏ္ဍည၏အလောင်း သူကြွယ်မြင်လတ်သဖြင့် ထိုရတ္တညူတေဒဂ်ရ မထေရ်၏ ရာထူးကို ရလိုလှသဖြင့် ပဒုမုတ္တရမြတ်စွာဘုရားအမှူးရှိသော တသိန်းသော သံဃာတော်အရှင်မြတ်တို့ကို မိမိနေအိမ်သို့ပင့်ဘိတ်၍ မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ဖြင့် ဆက်ကပ်ကျွေးမွေး လှူဒါန်းခဲ့ပါသည်။

ထိုသို့လှူဒါန်းပြီးသောအခါ ငါတောင့်တသော ရတ္တညူတေဒဂ်ရ အရာသည်ကား ကြီးမားလှပေသည်၊ ဤမျှသော ကုသိုလ်ကောင်းမှုဖြင့်

http://www.dhammadownload.com

ငါ၏ ဆုတောင်းကား ပြည့်စုံနိုင်ဘွယ်ရာ မရှိဟု အကြံဖြစ်ပြီးလျှင် ပဒုမုတ္တရမြတ်စွာဘုရားအား—

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ဤနည်းဖြင့် ဘုရားတပည့်တော်၏ အိမ်ဝယ် တသိန်းသော သံဃာတော်တို့ဖြင့် ခုနစ်ရက်ပတ်လုံး ဆွမ်းအလှူခံ ကြွတော်မူပါဘုရားဟု ပင့်ဖိတ်ခဲ့ပါသည်။

ပဒုမုတ္တရမြတ်စွာဘုရားသည်လည်း သည်းခံသာယာတော် မူခဲ့ပါသည်၊ ဤသို့ခုနစ်ရက်ပတ်လုံး ပဒုမုတ္တရဘုရား အမှူးရှိသော တသိန်းသော သံဃာတော်အရှင်သူမြတ်တို့အား မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ်တို့ဖြင့် ပြုစုကျွေးမွေးလှူဒါန်းပြီးသောအခါ ဘတ္တာနုမောဒနာ မမ္မဒေသနာ၏ အဆုံး၌ ကောဏ္ဍညမထေရ်သူမြတ်၏အလောင်း ဆွမ်းဒါယကာသည်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ဘုရားတပည့်တော် ယခုပြုအပ်သော ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်ကို ဆွမ်းပြုစုရသော ကောင်းမှုကုသိုလ်ကံသည် ဤယနေ့မှ ပဋိလောမပြန်၍ ရေသည်ရှိသော် ခုနစ်ရက်မြောက်သောနေ့၌ အရှင်ဘုရား၏ တပည့်သားသာဝကဘို့တွင် ရတ္တညုအရာ ဤသာသနာ၌ သစ္စာလေးပါးကို သိကြသော ပုဂ္ဂိုလ်တို့အနက် အမြတ်ဆုံး အစဆုံး ပုဂ္ဂိုလ်ဟူ၍ တေဒဂ်ထားရသော မထေရ်သူမြတ်ကဲ့သို့ ရတ္တညုတေဒဂ်ရ သာဝကဆု၏ အထောက်အပံ့ဖြစ်ပါစေသားဟု ဆုတောင်းခဲ့ပါသည်။

ပဒုမုတ္တရမြတ်စွာဘုရားရှင်သည်လည်း ထိုအလောင်းတော်သူမြတ်၏ အနာဂတ်အရေးကို အနာဂတံသဉာဏ်ဖြင့် ဆင်ခြင်တော် မူလတ်၍ ကမ္ဘာတသိန်း လွန်မြောက်သည့် ဘဒ္ဒကမ္ဘာထက်၌ သကျပုတ္တအမည်ရသော ဂေါတမ မြတ်စွာဘုရားသာသနာ၌ အသင်္ဃဒါယကာသည် ရတ္တညုအရာ တေဒဂ်ရသော အညာသိကောဏ္ဍညမထေရ်ဖြစ်လိမ့်မည်ဟူ၍ ဗျာဒိတ်စကား ကြားတော်မူခဲ့ပါသည်။

ထိုအခါ အညာသိကောဏ္ဍညမထေရ်သူမြတ်၏ အလောင်းဖြစ်သော သူကြွယ်သည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ လူ့ပြည်နတ်ရွာ လူးလာစုန်ဆန် ခံစံပြီးသည်နောက် ဤဘဒ္ဒကမ္ဘာမှ ပဋိလောမအားဖြင့်

http://www.dhammadownload.com

ပြန်၍ ရေသည်ရှိသော် ကိုးဆဲ့တကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူခဲ့ပါသည်။

ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူသော အခါကာလဝယ် အညာသိကောဏ္ဍညမထေရ်မြတ်၏ အလောင်းသည် ဗာရာဏသီမြို့တံခါး၏အနီး တခုသော ရွာအရပ်ဝယ် သူကြွယ်မျိုး၌ ဖြစ်ခဲ့ပါသည်၊ အမည်အားဖြင့် မဟာကာလအမည်ဘွင်ခဲ့ပါသည်၊ စူဠကာလအမည်ရှိသော ညီဘယောက်လည်း ရှိခဲ့ပါသည်။

ဝိပဿီမြတ်စွာဘုရားကို ခမည်းတော် ဗန္ဓုမမင်းတရားသည် တိုင်းသားပြည်သူတို့အား လှူခွင့် တန်းခွင့် မပေးသဖြင့် တိုင်းသားပြည်သူနှင့်တကွ စစ်သေနာပတိတို့ အရေးဆိုရကား တိုင်းသားပြည်သူ ဗိုလ်လူဘို့ ပူဇော်ခွင့် ရကြသောအခါ ရှေးဦးစွာမြို့နေလူထုဘို့ ပူဇော်ကြပါသည်၊ မြို့နေလူထုဘို့ ပူဇော်ကြပြီးသောအခါ မြို့၏အနီးအပါး ဇနပုဒ် တိုင်းကားဥ်ရှိသော လူထုတို့ ပူဇော်ခွင့် ကျရောက်ခဲ့ပါသည်။

ထိုအခါ အရှင်ကောဏ္ဍညမထေရ်၏ အလောင်းအလျာဖြစ်သော မဟာကာလသူကြွယ်သည် ညီငယ်စူဠကာလအား မိမိတို့ပိုင် ၁၆-မင်းပယ်စားရှိသော လယ်မြေအရပ်ဝယ် နို့ရည်ဝင်ကာစ ဖြစ်သော စပါးဖြင့် ကြီးစွာသော မွန်မြတ်သော ဃနာကို ပြုလုပ်ရန် တိုင်ပင်သော်လည်း ညီညွတ်ခြင်းမရှိသဖြင့် ညီငယ်အဘွက် ရှစ်မင်းပယ်စားမျှသော လယ်မြေအရပ်ကို ခွဲပြီးလျှင် မိမိဝေစု ရှစ်မင်းပယ်စားမျှသော လယ်မြေအရပ်မှ နို့ရည်ဝင်ကာစဖြစ်သော ကောက်စပါးဘို့ကို ကြိတ်၍ နို့ရည်တို့ဖြင့် ရောနှောပြီးလျှင် ဃနာနို့ဆွမ်းပြုလုပ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆက်ကပ်လှူဒါန်း ခဲ့ပါသည်။

ကောဏ္ဍည ပုဏ္ဏား

ဤဘွင်မျှမကသေး ကောက်ဦး ကိုးကြိမ်တို့ကိုလည်း အသက်ထက်ဆုံး ပူဇော်လှူဒါန်းခဲ့ပါသည်၊ ဤကောက်ဦး ကိုးကြိမ် လှူဒါန်းခဲ့သော ကောင်းမှု ကုသိုလ်ကံ လုံ့ဖန်သဖြင့် ကိုးဆယ့်တကမ္ဘာပတ်လုံး အပါယ်သို့ မလားမရောက်ဘဲ ဤမြတ်စွာဘုရား၏ သာသနာဝယ် မြတ်စွာဘုရားပွင့်တော်မမူမီ ကပိလဝတ်ပြည်၏အနီး ဒေါဏဝတ္ထုအမည်ရှိသော ပုဏ္ဏားရွာ၌ ဗြာဟ္မဏ မဟာသာလ အမျိုး၌ဖြစ်၍ မွေးဖွားသောအခါ ကောဏ္ဍညဟူသောအမည်ကို မှည့်ခဲ့ကြပါသည်။

http://www.dhammadownload.com

အလောင်းတော်မင်းသား မွေးဖွားရှု အလောင်းတော်၏ လက္ခဏာ နိမိတ်ဘတ်အံ့သောငှါ တရားရှစ်ယောက်သော ပုဏ္ဏားတို့၏ အစည်းအဝေးဝယ် အငယ်ဆုံး အထွေးဆုံး ပညာအားဖြင့် အကြီးရင့်ဆုံး ကောဏ္ဍညလုလင်ဟူ၍ ထင်ရှားခဲ့ပါသည်။

ထိုပုဏ္ဏားအစည်းအဝေးမှ ရွေးကောက်၍ တင်မြောက်အပ်သော ရှစ်ယောက်သော ပုဏ္ဏားပညာရှိတို့အနက် အငယ်ဆုံး အထွေးဆုံးဖြစ်သော ပုဏ္ဏားပညာရှိ ဖြစ်ခဲ့ပါသည်။

အလောင်းတော်၏ လက္ခဏာကို ဘတ်ကြသောအခါ ကောဏ္ဍညမှ ကြွင်းသော ခုနစ်ဦးသော ပုဏ္ဏားတို့သည် လက်နှစ်ချောင်းကို ထောင်ကြ၍ လူ့ဘောင်နေလျှင် စကြာမင်းဖြစ်မည်၊ ရဟန်းပြုလျှင် သမ္မာသမ္ဗုဒ္ဓဘုရား ဖြစ်မည်ဟူ၍ နိမိတ်စကား ပြောကြားကြပါကုန်သည်၊ ကောဏ္ဍညလုလင်မူကား ဤအလောင်းမင်းသားသည် တောထွက်၍ ဧကန်စင်စစ် သဗ္ဗညုဘုရား ဖြစ်လိမ့်မည်ဟု လက်တချောင်းကို ထောင်ခဲ့ပါသည်။

နောက်အခါ သဗ္ဗညုမြတ်စွာဘုရား သံဝေဂဉာဏ် ရင့်သန်တော်မူသဖြင့် တောထွက်လတ်သောအခါ ကောဏ္ဍညလုလင်သည် ဗေဒင်ဟောဘက် ရှစ်ယောက်သောပုဏ္ဏားတို့၏ သားတို့၏ အဆုံသို့သွားရောက်ပြီးလျှင် အဖော်ညှိသော်လည်း လေးဦးမျှသာ အဖော်ရ၍ ထိုလေးဦးတို့၏ ရှေ့သွား ဦးဆောင် အဖြစ်ဖြင့် သဗ္ဗညုမြတ်စွာဘုရား ပင့်တော်မူလတ္တံ့သည်ကို ရည်ရော်၍ ရဟန်းပြုပြီးလျှင် အလောင်းတော်ရှိရာအရပ်ကို စုံစမ်း၍ ဥရုဝေလတောအရပ်၌ သဗ္ဗညုမြတ်စွာဘုရားအလောင်း တရားအလုပ် အားထုတ်နေသည်ကို ကြားသိသဖြင့် ဥရုဝေလတောအရပ်သို့ သွားရောက်ပြီးလျှင် ဒုက္ကရစရိယာခြောက်နှစ်ကြာ ကျင့်သုံးသော ကာလ၌ အလောင်းတော်ကို ရေပူရေချမ်း ကမ်းလှမ်းခြင်း အစရှိသည်ဖြင့် ပြုစုခဲ့ကြပါသည်။

ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ကျင့်ကြံတော်မူသဖြင့် ဉာဏ်တော်ရင့်ကျက်လတ်သည်ရှိသော် အလောင်းတော်သည် သြဠာရိကာဟာရခေါ်သော အစာရေစာလှမ်း၍ ကျင့်ကြံသောအခါ ပဓာနဝိဇ္ဇန္တ—ကမ္မဋ္ဌာန်းအလုပ်မှ လျှောကျပြီဟု ကောဏ္ဍညမထေရ်အမှူးရှိသော ပဉ္စဝဂ္ဂိမထေရ်ငါးဦးတို့သည် အလောင်းတော်ကို စွန့်ပယ်၍ **ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောသို့ သွားကြပါသည်။**

http://www.dhammadownload.com

ဓမ္မစက္ကာ ဟောကြားချိန်

အလောင်းတော်သည် ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ကျင့်သုံး၍ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့ဝယ် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ပြီးသောအခါ မဟာဗောဓိပင်၏အနီး သတ္တသတ္တာဟ စံနေတော်မူပြီး၍ သဟမွတိပြဟ္မာတောင်းပန်ချက်ဖြင့် သတ္တလောကကို တရားဟောအံ့သောငှါ ဆင်ခြင်တော်မူလတ်သည်ရှိသော် ရှေးဦးစွာ အာဠာရ, ဥဒက ရသေ့တို့ စုတေပြတ်ကြွေ သေလွန်ကြပြီးသည်ကို သိ၍ ပဥ္စဝဂ္ဂိမထေရ် ငါးဦးတို့အား တရားဟောအံ့သောငှါ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ကြွတော်မူ၍ ကောဏ္ဍညမထေရ်အမှူးရှိသော ပဥ္စဝဂ္ဂိမထေရ်ငါးဦး, စကြဝဠာတိုက်တသောင်းမှ စည်းဝေးရောက်လာကြကုန်သော တဆယ့်ရှစ်ကုဋေ ပမာဏရှိသည့် များစွာသော နတ် ဗြဟ္မာအပေါင်းတို့အား "ဒေ့မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နဲ့ သေဝိတဗ္ဗာ"—အစရှိသော တေပရိဝဋ္ဋဓမ္မစက္ကပဝတ္တန သုတ္တန်ဒေသနာတော်မြတ်ကို ဟောကြားတော်မူအပ်ပါသည်။

တရားဦး ရခြင်း

ဓမ္မစက္ကပဝတ္တနသုတ္တန် ဒေသနာတော်အဆုံးဝယ် ကောဏ္ဍညမထေရ်သူမြတ်သည် တဆယ့်ရှစ်ကုဋေသော ဗြဟ္မာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်ပါသည်။

ဤသို့လျှင် ဤဘုရားသာသနာဝယ် လူ့ပြည်လောက လူသားထည်းမှ သစ္စာလေးပါးကို သိကြသော သာဝကတို့အနက် ကောဏ္ဍညမထေရ်သူမြတ်သည် အစဆုံး သိမြင်သော ပဌိုလ်သူမြတ်ဖြစ်ပါသည်။

ထိုအခါ သမ္ဗည်မြတ်စွာဘုရားသည် နှစ်လိုအားရမ်း ဝမ်းမြောက်တော်မူလှသဖြင့် အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော ဟု နှစ်ကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်တော်မူခဲ့ပါသည်၊ ဤသို့ သမ္ဗည်မြတ်စွာဘုရား၏ ဥဒါန်းစကားကို စွဲ၍ အညာသိကောဏ္ဍညဟူသော အမည်ဖြင့် တွင်ခဲ့ပါသည်။

ရတ္တည် တေဒဂ်ဘွဲ့ရခြင်း

နောက်အခါဝယ် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ များစွာသော ရဟန်းတော်အရှင်သူမြတ်တို့အား တေဒဂ်

http://www.dhammadownload.com

ဘွဲ့ထူးသဘင် ယင်တော်မူသော အခါကာလဝယ် "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာသိ ကောဏ္ဍညော"ဟူ၍—

ချစ်သားရဟန်းတို့....ညဉ့်အပိုင်းအခြားကို သိကြကုန်သော ငါဘုရား၏ တပည့်သား သာဝကရဟန္တာ အရှင်သူမြတ်တို့အနက် အညာသိကောဏ္ဍညသည် ဤသာသနာဝယ် လွန်ခဲ့သော ဝိပဿီမြတ်စွာဘုရား လက်ထက်၌ ကောက်ဦးကိုးကြိမ် လှူခဲ့ခြင်းတည်းဟူသော အဦးဒါန ကုသိုလ်ကံ၏ အာနိသံသကြောင့် ရှေးဦးစွာအစ သစ္စာလေးပါး လူသားတို့မှ သိသော ပုဂ္ဂိုလ်ဖြစ်သဖြင့် ရတ္တညူပုဂ္ဂိုလ်အပေါင်းတို့တွင် အညာသိကောဏ္ဍညမထေရ်မြတ်သည် အစဆုံး အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်ပါပေသည်ဟု ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာအတိုင်း ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္ဗညူမြတ်စွာဘုရားသည် အညာသိကောဏ္ဍညမထေရ်သူမြတ်ကို ရတ္တညူအရာ တေဒဂ် ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အရှင်ကောဏ္ဍည ဝတ္ထု ပြီး၏

အဂ္ဂသာဝကကြီးနှစ်ပါး ဝတ္ထု

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အင်္ဂုတ္တရနိကာယေ ကေကနိပါတေ တေဒဂ္ဂဝဂ္ဂေ အာဂတေသု ကေစတ္တာလီသာယ မဟာထေရေသု အာယသ္မာ စ သာရိပုတ္တတ္ထေရော ဓမ္မသေနာပတိ ပဌမော အဂ္ဂသာဝကော အာယသ္မာ စ မဟာမောဂ္ဂလ္လာနတ္ထေရော ဒုတိယော အဂ္ဂသာဝကော ကထံ တေဒဂ္ဂဋ္ဌာနေ ဌပိတော။

ဝိ။ ။အာယသ္မာ ဘန္တေ သာရိပုတ္တတ္ထေရော မေသေနာပတိ "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဟာပညာနံ ယဒိဒံ သာရိပုတ္တော"တိ။ အာယသ္မာ ပန မဟာမောဂ္ဂလ္လာနတ္ထေရော "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဣဒ္ဓိမန္တာနံ ယဒိဒံ မဟာမောဂ္ဂလ္လာနော"တိ။ ဧဝံ ဧကေ ဘန္တေ ဘဂဝတာ တေဒဂ္ဂဋ္ဌာနေ ဌပိတော။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုမြတ်စွာဘုရားသခင်သည် အင်္ဂုတ္တရနိကာယ် ကေကနိပါတ် တေဒဂ္ဂဝဂ်၌ ရှေးသံဂါယနာတင် မထေရ်

http://www.dhammadownload.com

မြတ်တို့ သံဂါယနာတင်ထားတော်မူသဖြင့် အထင်အရှားလာရှိကုန်သော လေးဆယ့်ဘပါးသော မဟာထေရ်မြတ်တို့တွင် ပဌမအဂ္ဂသာဝက တရားစစ်မှူးကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်နှင့် ဒုတိယအဂ္ဂသာဝကဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလ္လာန်မဟာထေရ်မြတ်တို့ကို အဘယ်သို့သော အခြင်းအရာဖြင့် ဧတဒဂ်ရာထူး၌ ချီးမြှောက်တင်ထားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။တရားစစ်မှူး ဓမ္မသေနာပဘိဖြစ်တော်မူသော ရှင်သာရိပုတ္တရာမထေရ်မြတ်ကို ပညာကြီးသောအရာ၌ ဧတဒဂ်ထားတော်မူအပ်ခဲ့ပါသည်။

ဒုတိယအဂ္ဂသာဝက ဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလ္လာန် မဟာထေရ်မြတ်ကိုကား တန်ခိုးကြီးသောအရာဝယ် ဧတဒဂ်ထားတော်မူအပ်ခဲ့ပါသည်။

အဌုပ္ပတ္တိအကြောင်းကို အနည်းငယ်မျှ ထပ်လောင်း လျှောက်ဆိုပါအံ့—

တသင်ချ်နှင့် ကမ္ဘာတသိန်းထက်

ဤဘဒ္ဒကမ္ဘာမှ ပဋိလောမအဆန် အပြန် ရေတွက်သည်ရှိသော် ကမ္ဘာတသိန်းအလွန်ရှိသော တသင်ချ်ထက်၌ အနောမဒဿီမြတ်စွာဘုရား ပွင့်ပေါ်တော်မူခဲ့ပါသည်။

ထိုအခါ အရှင်သာရိပုတ္တရာအလောင်းသည် များစွာသော ဥစ္စာနှစ်ရှိသော ဗြာဟ္မဏမဟာသာလအမျိုး၌ဖြစ်၍ သရဒလုလင်ဟု အမည်တွင်ခဲ့ပါသည်။

အရှင်မဟာမောဂ္ဂလ္လာန်၏ အလောင်းဖြစ်သော အမျိုးကောင်းသားသည် များသော ဥစ္စာနှစ်ရှိသော သူကြွယ်မျိုး ဂဟပတိမဟာသာလအမျိုး၌ဖြစ်၍ သီရိဝစုန ဟူ၍ အမည်တွင်ခဲ့ပါသည်။

သရဒလုလင်နှင့် သီရိဝစုနလုလင်တို့သည် ငယ်ရွယ်စဉ်ကာလကပင် အတူဘကွ မြေမှုန့်ကစားဘက် သဟပံသုကီဋ္ဌန သူငယ်ချင်း ဖြစ်ခဲ့ကြပါသည်၊ အရွယ်ရောက်၍ မိဘတို့ ကွယ်လွန်သောအခါ သရဒလုလင်သည် ကြီးစွာသော သံဝေဂဘရားရရှိသဖြင့် ဝဋ္ဌဒုက္ခမှ လွတ်ရာလွတ်ကြောင်း တရားကောင်းကို

http://www.dhammadownload.com

ရှာမှီးအံ့ဟု ကြံစည်ပြီးလျှင် သီရိဝစ္ဆန အဆွေခင်ပွန်းထံ သွားရောက်၍ ရသေ့ရဟန်း ပြုလုပ်ရန် အဖော်ညှိ အဖော်သွေးပါသော်လည်း သီရိဝစ္ဆန သူငယ်ချင်း မလိုက်ပါသဖြင့် မိမိတဦးတည်း တောင်ခြေသို့ ထွက်၍ ရသေ့ရဟန်း ပြုခဲ့ပါသည်။

သရဒရသေ့ကို အတုလိုက်၍ ရသေ့ရဟန်းပြုကြသော ပုဂ္ဂိုလ်တို့သည်ကား ခုနစ်သောင်းလေးထောင်မျှ အတိုင်းအရှည်ရှိကြပါသည်၊ သရဒရသေ့သည် မိမိကိုယ်တိုင်လည်း ကသိဏ်းပရိကံကို ပွါးများ အားထုတ်၍ အဘိညာဉ် ငါးပါး သမာပတ်ရှစ်ပါးသို့ ရောက်ခဲ့ပါသည်၊ တပည့်အပေါင်း ခုနစ်သောင်းလေးထောင်တို့အားလည်း ထို့အတူ ကသိဏ်းပရိကံ အစီအမံကို ညွှန်ပြ၍ အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးသို့ ရောက်စေတော်မူခဲ့ပါသည်။

တနေ့သောအခါ အနောမဒဿီမြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုဖြင့် သတ္တလောကကို ရှုမြင်တော်မူလတ်သည်ရှိသော် သရဒရသေ့ကို မြင်တော်မူလတ်၍ သရဒရသေ့၏တပည့်ဖြစ်သော ရသေ့အပေါင်း ခုနစ်သောင်းလေးထောင်တို့ သစ်သီးကြီးငယ်ရှာရန်သွားကြသော အခိုက်အတန့်ကာလဝယ် တကိုယ်တော် တည်း သပိတ်သင်္ကန်းကို ယူဆောင်တော်မူ၍ ကောင်းကင်ခရီးဖြင့် သရဒရသေ့၏ သခ်ိမ်းကျောင်းသို့ ကြွတော်မူခဲ့ပါသည်။

သရဒ ရသေ့သည်လည်း သုံးဆယ့်နှစ်ရပ်သော ဗာတ္တိံသ မဟာပုရိသလက္ခဏာတော်ကြီးတို့ကို မြင်သဖြင့် ဗေဒင်အရာ တဖက်ကမ်းခတ် တတ်မြောက်ပြီးသော သူဖြစ်ရကား သမ္မာသမ္ဗုဒ္ဓဘုရားစစ်ဖြစ်ကြောင်း သိရှိသဖြင့် မြင့်သောနေရာ မြတ်သောနေရာ၌ထား၍ မိမိကိုယ်တိုင်မူကား တင့်တယ်လျောက်ပတ်သော အရပ်၌ ထိုင်နေပြီးလျှင် ပဋိသန္ဓာရစကား ပြောကြားလျက် ရှိနေပါသည်။

ထိုအခါ သရဒ ရသေ့၏ တပည့်ပေါင်း ခုနစ်သောင်းလေးထောင်တို့ ရောက်လတ်၍ မြတ်စွာဘုရားနှင့် မိမိတို့၏ ဆရာဖြစ်သော သရဒ ရသေ့တို့၏ နေပုံကို ဆင်ခြင်ပြီးလျှင် ခုနစ်သောင်းလေးထောင်သော တပည့်တို့၏ စိတ်သန္တာန်ဝယ်—

ဤလောက၌ ငါတို့၏ဆရာ သရဒ ရသေ့ထက်, လွန်မြတ်သော ပုဂ္ဂိုလ် မရှိဟူ၍ပင် မှတ်ထင်ခဲ့ပါသည်၊ အိုဆရာ....ယခု ဆရာနှင့် ပဋိသန္ဓာရ

http://www.dhammadownload.com

နှီးနှောစကားပြောသော ရဟန်းသူမြတ်သည်ကား ဆရာထက် မြတ်ပါသလောဟု မေးမြန်းကြပါသည်။

ထိုအခါ သရဒ ရသေ့က "တပည့်တို့....မြင်းမိုရ်တောင်ကို မုန်ညင်းစေ့ဖြင့် နှိုင်းခိုင်းသည့်ပမာ အနောမဒဿီမြတ်စွာဘုရားကို ငါနှင့် နှိုင်းခိုင်းခြင်းငှါ မသင့်တန်ပါ၊ ငါတမူကား မုန်ညင်းစေ့ပမာဏ ဂုဏ်ရည်အားဖြင့် သေးငယ်လှပါသည်၊ အနောမဒဿီမြတ်စွာဘုရားမူကား မြင်းမိုရ်တောင်မျှ ဂုဏ်တော်အားဖြင့် ကြီးမားလှပါပေသည်ဟု မိန့်ကြားတော်မူပြီးလျှင်—

တပည့်ဘို့....အနောမဒဿီမြတ်စွာဘုရားသည် ဆွမ်းခံချိန်၌ ကြွလာတော်မူပါပေသည်၊ အခြားလှူဘွယ်မရှိ၊ သစ်သီးဆွမ်းကို လှူကုန်အံ့ဟု တိုင်ပင်ညှိညှိတ်၍ မိမိအဘို့ရန် ရရှိသော သစ်သီးဦးတို့ကို အနောမဒဿီမြတ်စွာဘုရားအား လှူဒါန်းဆက်ကပ်ခဲ့ပါသည်၊ မိမိကိုယ်တိုင်ပင် သောက်ရေကို စစ်၍ အနောမဒဿီမြတ်စွာဘုရားအား လှူဒါန်းဆက်ကပ်ခဲ့ပါသည်။

အနောမဒဿီမြတ်စွာဘုရားသည် သစ်သီးဆွမ်း ဘုဉ်းပေးပြီးသော ကာလဝယ် အဂ္ဂသာဝက နှစ်ပါးနှင့်တကွ တသိန်းသော ရဟန်းတော်တို့သည် ကြွလာစေသတည်းဟု မိဋ္ဌာန်တော်မူလတ်သည်ရှိသော် အဂ္ဂသာဝက ဖြစ်တော်မူကြသော နိသဘမထေရ် အနောမမထေရ်တို့သည် ရဟန္တာပေါင်း တသိန်းခြံရံသျှက် သရဒ ရသေ့ အနောမဒဿီမြတ်စွာဘုရား သီတင်းသုံးရာ တောအုပ်သို့ ကြွလာတော်မူခဲ့ကြပါသည်။

ထိုအခါ သရဒရသေ့သည် မိမိ၏ တပည့်ဖြစ်သော ခုနစ်သောင်းလေးထောင်သော အဘိညာဉ်ရ ရသေ့တို့အား—

တပည့်တို့.... မြတ်စွာဘုရား အမှူးရှိသော သံဃာတော်တို့အား ပန်းမွေ့ရာ နေရာဖြင့် ပူဇော်ကြကုန်အံ့၊ခဏအတွင်းဝယ် ဘုရားအမှူးရှိသော သံဃာတော်ဘို့အား ပူဇော်ရန် ပန်းတို့ကို စုရုံးကြကုန်လော့ ဟု တိုက်တွန်းတော်မူခဲ့ပါသည်၊ ပြောဆိုသည်ကား ကြာမြင့်လှပါသေးသည်၊ တန်ခိုးရှင်တို့၏ တန်ခိုးအရာသည်ကား မကြံအပ် မကြံစည်နိုင်အောင် ဖြစ်ပါပေသည်၊ ခဏအတွင်းမှာပင် အနောမဒဿီမြတ်စွာဘုရားအလို့ငှါ တယူဇနာ အတိုင်းအရှည် ရှိသော ပန်းမွေ့ရာကို ခင်းကြပါသည်၊ အဂ္ဂသာဝကနှစ်ပါး၏ အလို့ငှါကား ယူဇနာဝက် အတိုင်းအရှည်ရှိသော ပန်းမွေ့ရာကို ခင်းကြပါသည်၊ ဤနည်းဖြင့် အသီတိသာဝက အစရှိသော ထေရ်စဉ်ဝါလိုက် အတိုင်း ပန်းမွေ့ရာ နေရာ

http://www.dhammadownload.com

တို့ကို ခင်းကြပါသည်၊ အငယ်ဆုံး သံဃနဝက မထေရ်အတွက် ပန်းမွေ့ရာ နေရာသည် တဥသဘမျှ ကျယ်ဝန်းခဲ့ပါသည်။

ဤသို့ ပန်းမွေ့ရာကို ခင်းလတ်ပြီးသောအခါ သရဒ ရသေ့သည်—

• ဣဒံ တေ အာသနံ ဝိရ၊ ပညတ္တံ တဝနုစ္ဆဝိ ံ။
မမ စိတ္တံ ပသာဒေန္တော၊ နိသီဒ ပုပ္ဖမာသနေ။

ဟု အနောမဒဿီ မြတ်စွာဘုရားအား ပန်းမွေ့ရာ နေရာကို လျှုဒါန်း ခဲ့ပါသည်၊ အနောမဒဿီဘုရားအမျှူးရှိသော သာဝကပေါင်း တသိန်း နှစ်ပါး တို့သည်လည်း မိမိတို့ ရောက်ရာ နေရာ၌ သီတင်းသုံးကြပြီးလျှင် ခုနစ်ရက် ပတ်လုံး နိရောဓသမာပတ်, ဖလသမာပတ်တို့ကို အသီးအသီး ဝင်စား၍ နေတော်မူကြပါသည်။

ထိုသို့ ဘုရားအမျှူးရှိသော သံဃာတော်တို့ နိရောဓသမာပတ်ကို ဝင်စားတော် မူကြသောအခါ သရဒ ရသေ့သည် မိမိကိုယ်တိုင်ပင် အနော မဒဿီမြတ်စွာဘုရားအား ပန်းထီးဖြင့် ခုနစ်ရက် ပတ်လုံး ပူဇော်၍ သစ်သီး ဆွမ်းကိုမစား ပီတိလျှင် အစာရှိသည်ဖြစ်၍ အချိန်ကို လွန်ခဲ့စေပါသည်၊ သရဒရသေ့၏ တပည့်ဖြစ်သော ခုနစ်သောင်းလေးထောင်သော ရသေ့တို့ သည်ကား သစ်သီးရှာချိန်၌ သစ်သီးကိုရှာ၍ သစ်သီးဆွမ်း စားပြီးသောအခါ သံဃာတော်တို့အား ပန်းလေတ်ခြင်း ပန်းထီးဆောင်းခြင်းဖြင့် သံဃ ဝေယျာဝစ္စ အမှု ပြုခဲ့ကြပါသည်။

ခုနစ်ရက်လွန်၍ နိရောဓသမာပတ်မှ ထတော်မူလတ်သောအခါ နိသဘ မထေရ်တည်းဟူသော ပဌမအဂ္ဂသာဝကမထေရ်သည် ရှေးဦးစွာ ပန်း အနုမောဒနာတရား ဟောကြားတော်မူခဲ့ပါသည်၊ အနောမ မထေရ်တည်း ဟူသော ဒုတိယအဂ္ဂသာဝကမထေရ်မြတ်သည်ကား ဒုတိယအကြိမ်မြောက် ပန်း အနုမောဒနာတရား ဟောကြားတော်မူခဲ့ပါသည်၊ တတိယအကြိမ်ဝယ် အနောမဒဿီ မြတ်စွာဘုရားကိုယ်တိုင် ခုနစ်သောင်း လေးထောင်အတိုင်း အရှည်ရှိသော ရသေ့တို့အား ပန်း အနုမောဒနာ တရားကို ဟောကြားတော် မူခဲ့ပါသည်။

အနုမောဒနာ ဒေသနာတော်၏ အဆုံး၌ ခုနစ်သောင်းလေးထောင် အတိုင်းအရှည်ရှိသော သရဒ ရသေ့၏ တပည့်အပေါင်းတို့သည် အရဟတ္တဖိုလ် ပေါက် ရောက်တော် မူကြပါပေသည်။

http://www.dhammadownload.com

ပညာတေဒဂ် ဆုတောင်းခြင်း

သရဒ ရသေ့မှာမူကား ပဌမအဂ္ဂသာဝက ပညာကြီးသောအရာ တေဒဂ်ရတော်မူသော အရှင်နိသဘ၏ ကျေးဇူးဂုဏ်ကို အာနုံပြု၍ ထိုအရှင်နိသဘမထေရ်သူမြတ်ကဲ့သို့ တဆူသော ဘုရားရှင်၏ အထံဝယ် ပညာကြီးသောအရာ တေဒဂ်ဆုကို ရလိုသော အာသာဖြင့် စဉ်းစားဆင်ခြင်ကြံစည်၍ နေရကား အရဟတ္တဖိုလ်ပေါက် ရောက်တော်မူခြင်း မရှိခဲ့ပါ၊ ပန်းအနုမောဒနာတရား ပြီးဆုံးသောကာလ၌ သရဒရသေ့သည် အနောမဒဿီမြတ်စွာဘုရား ထံဝယ်—

> ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်သည် ဤယခုပြုစုလှူဒါန်းရသော ကာယကံမေတ္တာ ဝစီကံမေတ္တာ မနောကံမေတ္တာ အရင်းခံသည့် များစွာသော ကုသိုလ်ကောင်းမှု အစုစုကြောင့် တဆူသော ဘုရားရှင် အထံဝယ် နိသဘမထေရ်သူမြတ်ကဲ့သို့ ပညာကြီးသောအရာ တေဒဂ်ရ အဂ္ဂသာဝက ဖြစ်ရပါလိုသားဟု ဆုတောင်းပတ္ထနာ ပြုမူခဲ့ပါသည်။

အနောမဒဿီမြတ်စွာဘုရားသည်လည်း အနာဂတံသဉာဏ်ဖြင့် ရှုမြင်တော် မူလတ်သော် ဤသကျပုတ္တ ဂေါတမမြတ်စွာ သာသနာ၌ ပညာ တေဒဂ်ရ ဓမ္မသေနာပတိ သာရိပုတ္တရာ မထေရ်သူမြတ် ဖြစ်အံ့သော အရေးကို မြင်တော်မူလတ်သဖြင့် "ဤမှသည် ကမ္ဘာတသိန်းအလွန်ရှိသော တသင်္ချေထက်၌ ဂေါတမမြတ်စွာ သာသနာဝယ် ပညာတေဒဂ်ရ ဓမ္မသေနာပတိ သာရိပုတ္တရာ စင်စစ် ဖြစ်လိမ့်မည်" ဟု ဗျာဒိတ်စကား ကြားတော်မူပြီးလျှင် ရဟန္တာပေါင်း တသိန်းခုနစ်သောင်းလေးထောင်ခြံရံ၍ ကောင်းကင် ခရီးဖြင့် ကြွအံ့ဆဲ ဖြစ်ပါတော့သည်။

ဒုတိယအဂ္ဂသာဝကဆု

ထိုအခါ သရဒ ရသေ့သည် မိမိ၏ အန္တေဝါသိက တပည့်ဟောင်း ဖြစ်ဘူးသော ခုနစ်သောင်းလေးထောင်သော ရဟန္တာမထေရ်သူမြတ်တို့ထံ ချဉ်းကပ်၍—

အရှင်သူမြတ်တို့.... တပည့်တော်၏ စကားဖြင့် တပည့်တော်၏ အဆွေခင်ပွန်းဖြစ်သော သီရိဇုနသူဌေးအား ပြောကြားကြပါလေ၊ အသင်၏

http://www.dhammadownload.com

အဆွေခင်ပွန်းဖြစ်သော သရဒရသေ့သည်ကား ဂေါတမမြတ်စွာဘုရား၏ သာသနာဝယ် ပဌမအင်္ဂသာဝကဆုကို တောင်းရ၍ ပြည့်စုံခဲ့လေပြီ၊ အသင် သည်လည်း ထိုဂေါတမမြတ်စွာ သာသနာ၌ ဒုတိယအင်္ဂသာဝကရာထူးကို ဆုတောင်းပါဟု မိန့်ကြားတော်မူကြပါဘုရားဟု လျှောက်ထားပြီးလျှင် မိမိ ကိုယ်တိုင်လည်း ထိုမထေရ်သူမြတ်တို့ မရောက်ခင် တခုသော နံပါးဖြင့်အလျင် သွားဘိ၍ သီရိဝစုနသူဌေးအား ထိုအကြောင်းကို ပြောကြားခဲ့ပါသည်။

သီရိဝစုနသူဌေးသည်လည်း မြတ်စွာဘုရားနှင့် စကားနှီးနှောမပြောဆို ဘူးကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင် အဓိကာရကုသိုလ်ကောင်းမှု အထူးပြုဘို့ရန် သင့် စီမံလော့၊ မြတ်စွာဘုရားနှင့် လျှောက်ထားစကား နှီးနှော ပြောဆိုဘို့ရန် ငါ၏တာဝန်ရှိစေဟု မိန့်ကြားတော်မူပြီးလျှင် သီရိ-ဝစုနသူဌေးသည် မိမိအိမ် တံခါးဝဝယ် တယူဇနာမျှ ကျယ်ဝန်းသော အရပ်၌ ကြီးစွာသော သဘင် မဏ္ဍပ်ထိုး၍ ဒါနဝတ္ထု အစုစုတို့ကို စီမံပြီးလတ်သော အခါ သရဒရသေ့သည် အနောမဒဿီမြတ်စွာဘုရား အမှူးရှိသော တပည့် သာဝက အပေါင်းအား သီရိဝစုနသူဌေး၏ မဏ္ဍပ်သို့ပင့်လျှောက်၍ ဘုရား အမှူးရှိသော သံဃာတော်တို့အား သီရိဝစုနသူဌေးသည် ခုနစ်ရက်ပတ်လုံး မွန်မြတ်သော ဆွမ်း ခဲဘွယ် ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေး ပြီးလျှင် ခုနစ်ရက် မြောက်သောနေ့၌ တိစီဝရိက်သင်္ကန်းတို့ဖြင့် အသီးသီး လှူဒါန်းပြီးလျှင် ဒုတိယအင်္ဂသာဝကဆုကို တောင်းခဲ့ပါသည်။

အနောမဒဿီမြတ်စွာဘုရားသည်လည်း အနာဂတံသဉ္ဉာဏ်တော်ဖြင့် ဤကမ္ဘာမှ ကမ္ဘာတသိန်း အလွန်ရှိသော တသခ်ေါ်ထက်ဝယ် ဂေါတမ မြတ်စွာ သာသနာ၌ မဟာမောဂ္ဂလ္လာနအမည်ဖြင့် ဒုတိယအင်္ဂသာဝက ရာထူးကို အသင်ဒါယကာရလိမ့်မည်ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့ ပါသည်။

ဂေါတမမြတ်စွာ ပွင့်လာချိန်

ဤသို့လျှင် သရဒရသေ့နှင့် သီရိဝစုနသူကြွယ်နှစ်ဦးသော မိတ်ဆွေ သူငယ်ချင်းတို့သည် ထိုဘုရားလက်ထက်မှသည် ဤဘုရားလက်ထက်တိုင် အောင် လူ့ပြည် နတ်ရွာ စုန်ဆန် လှူးလာ သံသရာတလျှောက် ကျင်လည် ခဲ့ကြပြီး၍ ဤဘုရားမြတ်စွာ ပွင့်ပေါ်ရာကာလဝယ် ရှင်သာရိပုတ္တရာ၏

http://www.dhammadownload.com

အလောင်း သူတော်ကောင်းသည် မဂဓတိုင်း ဥပတိဿရွာ၌ အကြီးအမှူး၏ အိမ်ဝယ် ဥပတိဿဟူသောအမည်ဖြင့် ပြာဟ္မဏလုလင် ဖြစ်ခဲ့ပါသည်။ ရှင်မောဂ္ဂလ္လာန်၏ အလောင်း အမျိုးကောင်းသားသည်ကား မောဂ္ဂလီပုဏ္ဏားမ၏ဝမ်းဝယ် ပဋိသန္ဓေတည်နေ၍ ကောလိတရွာ၌ အကြီးအကဲဖြစ်သော ပြာဟ္မဏ၏သား ကောလိတဟူသောအမည်ဖြင့် ထင်ရှားခဲ့ပါသည်။

ငယ်စဉ်ကပင် သဟပံသုကီဠန အတူတကွ မြေမှုန့်ကစားဘက် သူငယ်ချင်း ဖြစ်ကြ၍ အရွယ်သို့ရောက်၍ ဗေဒင်သုံးပုံ အစရှိသော တတ်သင့် တတ်ထိုက်သော ပညာတို့၏ တဖက်ကမ်းခတ် တတ်မြောက် ရောက်တော်မူကြပြီး လျှင် ဥပတိဿလုလင်ကား အမြဲတစေ ရွှေတညင်းငါးရာဖြင့် လှည့်လည် ကျက်စား သွားလာလေ့ ရှိပါသည်၊ ကောလိတလုလင်သည်ကား အမြဲတစေ အာဇာနည်မြင်းကသော ရထားငါးရာဖြင့် လှည့်လည်ကျက်စား သွားလာလေ့ရှိပါသည်။

နှစ်ဦးသားပင် ရာဇဂြိုဟ်ပြည်၌ ပွဲလမ်းသဘင် ရှိသောအခါ ပွဲကြည့်စင်ထိုး၍ အတူတကွ ပွဲကြည့်ကြပြီးလျှင် ရှင်လန်း ဝမ်းမြောက် သင့်သော အရာကို ရှင်လန်းဝမ်းမြောက်၍ ထိတ်လန့်သင့်သော အရာကို ထိတ်လန့်ခြင်း အတူတကွဖြစ်ကြပြီးလျှင် ဆုချသင့်သောအရာ၌ အတူတကွ သဘောတူ ဆုချခြင်း အမှုပြုကြပါသည်။

သံဝေဂဉာဏ်ဖြစ်ပွါးချိန်

ဤနည်းဖြင့် သံဝေဂဉာဏ်ရင့်သန်လတ်သောအခါ ပွဲကြည့်စဉ်ကာလ ဝယ် ဝမ်းမြောက်ဘွယ်ကိုလည်း ဝမ်းမမြောက်၊ထိတ်လန့်ဘွယ် ငိုးကြေးဘွယ် ကိုလည်း မထိတ်လန့်ဘဲ ဆုချသင့်သော အရာ၌လည်း ဆုမချဘဲ ဤယခု စည်းဝေးမိသောပုဂ္ဂိုလ်အပေါင်းသည်ကား အနှစ်တရာသို့ မရောက်မီပင် အပဏ္ဏတ္တိကဘာဝ ပညတ်၍မရသော မရဏစုတေ သေလွန်ခြင်းသို့ ရောက်ကြလိမ့်မည်ဟု သံဝေဂဉာဏ်ပြင်းစွာ ဖြစ်ကြသဖြင့် ပွဲသဘင်မှ ထသောအခါ အချင်းချင်း မိမိတို့အကြံကို ပြောကြားကြပြီးလျှင် စုတိပြတ်ကြွေ သေလွန်သော တရားရှိလျှင် မသေသော အမတ-တရားလည်း ရှိချိမ့်မည်၊ ထိုအမတ တရားကို ရှာမှီးကုန်အံ့၊ ထိုအမတတရားကို ဤလောက၌ ရှင်ရဟန်း အဖြစ်နှင့် ရှာမှီးအံ့ ဟူ၍ တိုင်ပင် ညှိညွတ်ပြီးလျှင် ပရိဗိုဇ်ရဟန်းအဖြစ်ကို ခံယူ၍

http://www.dhammadownload.com

မြ ဘ်စွာဘုရား ပင့်တော်မမူမီ ထိုထိုပရိဗိုဇ်တို့၏ အထံ၌ ဝါဒနည်းခံ၍ မသေရာ တရားကို ရှာမှီးခဲ့ကြပါသည်။

ရှေးဦးစွာ သိဉ္ဇည်းဆရာကြီးထံ၌ ပရိဗိုဇ်ရဟန်းပြု၍ နှစ်ရက် သုံးရက်မျှ ဝါဒကို စုံစမ်းသင်္ဘောအခါ သိဉ္ဇည်းဆရာ၏ ဝါဒ၌လည်း အမဘာမည်သော အမြိုက်နိဗ္ဗာန်မရှိကြောင်း သိကြ၍ ဇမ္ဗုဒီပါကျွန်းအပြင်ဝယ် လှည့်လည်ကြပြီးသျှင် အမတနိဗ္ဗာန်ကို ရှာမှီးကြပါသော်လည်း မိမိတို့မေးသော ပြဿနာကို တစုံဘယောက်သော ပရိဗိုဇ်မျှ မဖြေဆိုနိုင်ကြဘဲ ထိုထိုအရပ်လေးမျက်နှာမှ ပရိဗိုဇ်တို့ မေးမြန်းသော ပြဿနာကိုသာလျှင် မိမိတို့က ဖြေခဲ့ကြ၍ မူလ နရင်း ရာဇဂြိုဟ်ပြည်အရပ်သို့ ပြန်ကြွတော်မူခဲ့ကြပါသည်။

အရှင်အဿဇိနှင့် တွေ့ခဏ်း

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်လည်း ဘုရားဖြစ်တော်မူပြီး၍ ဗိမ္မိသာရမင်းအား ပဋိညာဉ်ဝန်ခံတော်မူခဲ့သည့်အတိုင်း ရှေးဦးစွာ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူလတ်ဆဲ ဖြစ်ပါသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ပြာသိုလဆန်းတရက်နေ့ဝယ် အရှင်အဿဇိ မထေရ်သူမြတ်သည် ရာဇဂြိုဟ်ပြည်ဘွင်းသို့ ကြည်ညိုဖွယ်သော ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း စသည်ဖြင့် ဆွမ်းခံကြွဝင်တော်မူခဲ့ပါသည်၊ ရှင်အဿဇိမထေရ်သူမြတ်ကို ဥပတိဿပရိဗိုဇ်မြင်လတ်သောအခါ—

ယေ ဝတ လောကေ အရဟန္တော ဝါ အရဟတ္တမဂ္ဂံ ဝါ သမာပန္နာ၊
အယံ တေသံ ဘိက္ခု အညတရော။

ဤလောက၀ယ် ရဟန္တာ, အရဟတ္တမဂ်သို့ ရောက်ဆဲပုဂ္ဂိုလ်တို့တွင် ယခု ငါမြင်ရသော ပုဂ္ဂိုလ်သည်ကား စင်စစ်လျှင် တဦးအပါအဝင် ဖြစ်ရာ ချေသည်။

ယန္နူနာဟံ ဣမံ ဘိက္ခုံ ဥပသင်္ကမိဘ္ဘာ ပဉ္ဍံ ပုစ္ဆေယျံ။

ငါဘုရားကား....ဤရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် "သင်၏ဣန္ဒြေတို့ သည်ကား ကြည်လင်လှပါပေကုန်၏၊ အဘယ်ဆရာကို ရည်စူး၍ သင်ရဟန်း ပြုသနည်း၊ အဘယ်ဆရာ၏ တပည့်ပါနည်း၊ သင်သည် အဘယ်ဆရာ၏ တရားကို နှစ်သက်ပါသနည်း" ဟု မေးမြန်းအံ့ ကြံစည်ပြီးလျှင် ယခုသော်

http://www.dhammadownload.com

မူကား ဆွမ်းခံချိန်ဖြစ်၍ မေးမြန်းခြင်းငှါ မသင့်လျော် မလျောက်ပတ်သေး၊ ဤရဟန်း၏ နောက်မှပင် ငါတောင့်တသော နိဗ္ဗာန်ကို ရှာမှီး၍ ငါသည် လိုက်ပါအံ့ဟု ကြံစည်ပြီးလျှင် ရှင်အဿဇိနောက်မှ လိုက်ပါခဲ့၍ လျောက်ပတ်သော နေရာဝယ် ရှင်အဿဇိ ဆွမ်းကိစ္စပြုတော်မူလတ်သည်ရှိသော် မိမိ၌ ပါရှိသော ရေဖြင့် လုပ်ဆေးရေ လက်ဆေးရေစသည်တို့ကို ဆက်ကပ်ပြီးလျှင် ဆွမ်းကိစ္စပြီးလတ်သော် ရှင်အဿဇိမထေရ်သူမြတ်အား သာယာချိုမြိန်သော ပဋိသန္ဓာရစကားပြောကြား၍ "ဝိပ္ပသန္နာနိ ခေါ တေ အာဝုသော ဣန္ဒြိယာနိ၊ ပရိသုဒ္ဓေါ ဆဝိဝဏ္ဏော" အစရှိသည်ဖြင့်—

ငါ့ရှင်....ငါ့ရှင်၏ စကျွတ်အစရှိသော ဣန္ဒြေတို့သည်ကား လွန်စွာလွန်စွာ ကြည်လင်သန့်ရှင်းလှပါပေ၏၊ ငါ့ရှင်သည် အဘယ်ကို အာရုံပြု၍ အဘယ် ဆရာကို ရည်ညွှန်း၍ ရဟန်းပြုပါသနည်း၊ သင်၏ ဆရာကား အဘယ်သူ ဖြစ်ပါသနည်း၊ အသင်သည် အဘယ်ဆရာ၏ တရားကို နှစ်သက်ပါသနည်း ဟု မေးမြန်းသောအခါ ရှင်အဿဇိမထေရ်မြတ်က—

ဤလောကဝယ် မဟာသမဏ အမည်ရသော သဗ္ဗညုမြတ်စွာဘုရား ထင်ရှား ရှိကြောင်း၊ ထိုမြတ်စွာဘုရားကို ရည်ညွှန်း၍ ရဟန်းပြုကြောင်း၊ ထိုမြတ်စွာဘုရား၏ တပည့်သားဖြစ်ကြောင်း၊ ထိုမြတ်စွာဘုရား၏ တရားတော်ကို နှစ်သက်ကြောင်း ပြန်ပြောင်း ပြောဆိုခဲ့ပါပေသည်။

ထိုအခါ မြတ်စွာဘုရားသည် အဘယ်ဝါဒရှိပါသနည်း၊ အဘယ်တရားကို ဟောကြားသနည်း ဟု ဥပတိဿပရိဗိုဇ် မေးမြန်းလတ်သော အခါ—

ငါတမူကား ဤသာသနာဝယ် ဝါငယ်သော ပုဂ္ဂိုလ်ဖြစ်ပါသည်၊ သင့်အား အကျယ်တဝင့် တရားမဟောနိုင်၊ သို့စေကာမူ အကျဉ်းချုပ်အား ဖြင့် သဘာဝစစ်စစ် အနက်အနှစ်ကိုကား သင့်ကို ငါဟောကြားမည်ဟု မိန့် ကြားတော် မူပြီးလျှင်—

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော။
အာဟ တေသဉ္စ ယော နိရောဓော၊
ဧဝံဝါဒီ မဟာသမဏော—

ဟူသော သစ္စာလေးရပ်နှင့် စပ်သော ဂါထာတရားကို ဟောကြားတော် မူခဲ့ပါသည်။

http://www.dhammadownload.com

ထိုအခါ ဂါထာ၏ ရွေ့ထက်ဝက် အဆုံးဝယ် ဥပတိဿပရိဗိုဇ် သောတာပန်တည်ခဲ့ပါသည်။

ထို့ဥပတိဿပရိဗိုဇ်သည် ပရိဗိုဇ်အရံသို့ ပြန်သွားသောအခါ ကောလိတပရိဗိုဇ်အားလည်း ထို့အတူပင် ဤဂါထာကို ရွတ်ဆို၍ သောတာပတ္တိဖိုလ်၌ တည်စေပြီးလျှင် သိဉ္ဇည်းဆရာကြီးထံသို့ သွားရောက်၍ မြတ်စွာဘုရားထံသို့ လိုက်ပါရန် သုံးကြိမ်တိုင်တိုင် ခေါ်ငင်သော်လည်း မလိုက်ပါရှိသည်ကို စွန့်ပစ်ခဲ့၍ ပရိဗိုဇ် ၂၅၀-အခြံအရံဖြင့် ဝေဠုဝန်ကျောင်းတော်သို့ သွားရောက်ကြပါသည်။

ဘုရားထံ ရောက်ချိန်

သမ္ဗညူမြတ်စွာဘုရားထံမှောက် ရောက်လတ်သောအခါ မြတ်စွာဘုရား၏ ဖမိုးတော်တို့၌ ဦးခေါင်းဖြင့် တုပ်ဝပ်ပြီးလျှင်—

လဘေယျာမ မယံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျာမ ဥပသမ္ပဒံ။

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၏ အထံတော်၌ ရှင်အဖြစ် ရဟန်း အဖြစ်ကို ရပါရစေကုန်ဘုရားဟု လျှောက်ထားသော အခါဟေ၊ ဘိက္ခု ခေါ်တော်မူသဖြင့် အလုံးစုံ ရဟန်းဖြစ်တော်မူကြပြီးလျှင် ထိုခဏမှာပင် ဓမ္မဒေသနာစကား မြတ်စွာဘုရား ဟောကြား တော်မူလတ်သော အခါ ၂၅၀-သော တပည့်တို့သည် အရဟတ္တဖိုလ်ပေါက် ရောက်တော်မူကြပါသည်။

ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလ္လာန်တို့မှာမူကား သာဝကပါရမီဉာဏ်ကြီးမားလှသဖြင့် အရဟတ္တဖိုလ်ပေါက် မရောက်သေးဘဲ ရှိကြပါသည်။

ထို့နောက် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်ကား ခုနစ်ရက်မြောက်သော ကာလမှ အရဟတ္တဖိုလ်ပေါက် ရောက်တော်မူခဲ့ပါသည်၊ အရှင်သာရိပုတ္တရာမထေရ်သူမြတ်သည်ကား မဟာသက္ကရာဇ် ၁၀၃ ခုနှစ်သို့ပြည့်သွေ့ ရဟန်းပြုသည်မှ တဆယ့်ငါးရက်မြောက်သောနေ့ သာဝကသန္နိပါတဖြစ်မည့်နေ့ဝယ် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင် သူကရခတာ အမည်ရသော ဝက်တူးသိုက်၌ မိမိ၏တူဖြစ်သော ဒီဃနခပရိဗိုဇ်အား ဟောကြားအပ်သည့် ဝေဒနာပရိဂ္ဂဟသုတ္တန်ကို ကြားနာရသည်၏အဆုံး၌ ထိုဝေဒနာပရိဂ္ဂဟ

http://www.dhammadownload.com

သုတ္တန်ကို အစဉ်သဖြင့် ဥဏ်တော်စေလွှတ် စဉ်းစား ဆင်ခြင်တော်မူလတ်ရကား သူတပါးအလို့ငှါ ခူး၍ထားအပ်သော ထမင်းစားပွဲကို စားသော သူကဲ့သို့ ဒီဃနခပရိဗိုဇ်အား ဟောကြားအပ်သော ဝေဒနာပရိဂ္ဂဟသုတ္တန်တရားကို ဆင်ခြင်တော်မူလတ်၍ အရဟတ္တဖိုလ်ပေါက် ရောက်တော်မူခဲ့ပါသည်။

တေဒဂ်ဘွဲ့ထူးများဖြင့် ချီးကျူးခြင်း

နောက်သောအခါ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းဝယ် တေဒဂ်ပွဲသဘင် ယင်တော်မူသောကာလ၌ သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းပရိသတ်တို့ အလယ်ဝယ် အရှင်သာရိပုတ္တရာ မထေရ်သူမြတ်အား—

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဟာပညာနံ ယဒိဒံ သာရိပုတ္တော။

ချစ်သားရဟန်းတို့.... ငါဘုရား၏ တပည့်သာဝကတို့အနက် ပညာကြီးကြသော တပည့်သားသာဝကတို့တွင် သာရိပုတ္တရာမထေရ်သူမြတ်သည် အမြတ်ဆုံး အလွန်ဆုံး အကဲဆုံးဟူ၍ ပညာကြီးသောအရာ် တေဒဂ်ထားတော်မူခဲ့ပါသည်။

အရှင်မဟာမောဂ္ဂလ္လာန် အရှင်သူမြတ်ကိုကား—

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဣဒ္ဓိမန္တာနံ ယဒိဒံ မဟာမောဂ္ဂလ္လာနော။

ချစ်သားရဟန်းတို့....တန်ခိုးတေဇော် အာနုဘော်ကြီးလှသော ငါဘုရား၏ တပည့်သားသာဝကတို့တွင် မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်သည် အမြတ်ဆုံး အကြီးဆုံး ထိတ်တန်း အကျဆုံးဟူ၍ တန်ခိုးအဘိညာဉ်တေဒဂ်ရာထူး၌ ထားတော်မူအပ်ခဲ့ပါသည်။

ဤသို့လျှင် သာရိပုတ္တရာမထေရ်သူမြတ်အား ဥဏ်ပညာကြီးသောအရာ၊ မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်အား တန်ခိုးတေဇော် အာနုဘော်ကြီးသောအရာ၌ သဗ္ဗညုမြတ်စွာဘုရား တေဒဂ်ရာထူး၌ ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

http://www.dhammadownload.com

အရှင်မဟာကဿပ ဝတ္ထု

ပု။ ။အာဃသ္မာ. ပန အာဝုသော မဟာကဿပတ္ထေရော ပဌမမဟာ-သံဂီတိကာလေ ပါမောက္ခသံဃနာယကဘူတော ဘဂဝတာ ကထံ တေဒဂ္ဂဋ္ဌာနေ ဌပိတော။

ဝိ။ ။အာယသ္မာ ဘန္တေ မဟာကဿပတ္ထေရော ပဌမမဟာသံဂီတိကာလေ သံဃပါမောက္ခဘူတော "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဓုတဝါဒါနံ ယဒိဒံ မဟာကဿပေါ"တိ။ ဧဝံ ခေါ ဘန္တေ ဘဂဝတာ တေဒဂ္ဂဋ္ဌာနေ ဌပိတော။

မေး။ ။ပဌမသံဂါယနာတင်စဉ် အခါကာလ၌ အကြီးအမှူး သံဃ နာယက မထေရ်ဖြစ်တော်မူသော အရှင်မဟာကဿပ မထေရ်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင် သည် တေဒဂ်ရာထူးဌာနဋ္ဌ အဘယ်သို့ ပျင် ချီးမြှောက် တင်ထားတော်မူခဲ့ ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပဌမ သံဂါယနာ မဟာသဘင် ယင်သောကာလဝယ် သံဃ ပါမောက္ခ သံဂီတိနာယကဖြစ်တော်မူသော အရှင်မဟာကဿပမထေရ် သူမြတ်ကိုကား ကိုယ်တိုင်လည်း ဓုတင်တရားကိုဆောင်၍ သူတပါးတို့ အားလည်း ဓုတင်တရားစကားကို ဟောကြားကြသော ပုဂ္ဂိုလ်တို့တွင် အမြတ် ဆုံးဖြစ်သော တေဒဂ်ရာထူးဌ သဗ္ဗညုမြတ်စွာဘုရား ချီးကျူး မြှောက်စား ထားတော်မူအပ်ခဲ့ပါသည်။

ပဒုမုတ္တရဘုရားရှင် လက်ထက်

ရှင်မဟာကဿပ၏ အဋ္ဌုပ္ပတ္တိကို အကျဉ်းမျှ လျှောက်ထားလိုပါ သည်—

ဤဘဒ္ဒကမ္ပဘမှ ပဋိလောမ အဆန်အပြန် ရောက်သည်ရှိသော် လွန်ခဲ့ သော ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်ပေါ်တော်မူခဲ့ ပါသည်။

ထိုအခါ ရှင်မဟာကဿပ၏ အလောင်းသည် ဝေဒေဟမည်သော သူကြွယ်ဖြစ်၍ ပဒုမုတ္တရမြတ်စွာဘုရားအထံ ပရိသတ်လေးပါးတို့နှင့် အတူ တကွ တရားနာရောက်ခဲ့ပါသည်၊ပဒုမုတ္တရမြတ်စွာဘုရားသည် တတိယသာဝက

http://www.dhammadownload.com

ဖြစ်သော မဟာနိသဘ မထေရ်အား ဓုတင်ဝါဒရဟန်းတော်တို့တွင် အမြတ်ဆုံး တေဒဂ်ရာထူးဌာန ထားတော်မူသည်ကို ဝေဒေဟသူကြွယ်မြင်၍ ဤမဟာနိသဘ မထေရ်ကဲ့သို့ပင် တဆူသောဘုရားရှင်၏ သာသနာ၌ ဓုတင်ဝါဒ ကိုယ်တိုင်ပင် ဓုတင်ကျင့်ကြံ၍ သူတပါးတို့အားလည်း ဓုတင်တရားဟောကြားနိုင်သော ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး တေဒဂ်ရာထူးကို ရလိုသဖြင့် တရားနာပရိသတ်တို့ စဲလတ်သောအခါ ပဒုမုတ္တရမြတ်စွာဘုရားထံမှောက် ချဉ်းကပ်၍ နက်ဖြန် အလှူဒါ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းစားပင့်လျှောက်ခဲ့ ပါသည်။

နောက်ဘန္ဓေမှစ၍ ပဒုမုတ္တရဘုရားအမှူးရှိသော သံဃာတော်တို့အား မှန်မြတ်သော ဆွမ်း ခဲဘွယ် ဘောဇဉ်တို့ဖြင့် ခုနစ်ရက်ပတ်လုံး ပြုစုလှူဒါန်း ပြီးလတ်သောအခါ ခုနစ်ရက်မြောက်သောနေ့၌ အဘိုးမျှားစွာထိုက်တန်သော အဝတ်ဘန်းဆာတို့ဖြင့် ဘုရားအမှူးရှိသော သံဃာတော်တို့အား လေးစား ကော်ရော် ပူဇော်ပြီးလျှင်—

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား... ဘုရားတပည့် တော်သည် ယခုပြုရသော မဟာဒါနကောင်းမှု ကုသိုလ်ကံကြောင့် တဆူသော မြတ်စွာဘုရား၏အထံဝယ် လွန်ခဲ့သော ခုနစ်ရက်မြောက်က ဓုတင်ဝါဒအရာ တေဒဂ်ထားတော်မူသော မဟာနိသဘ မထေရ်မြတ်ကဲ့သို့ ဓုတင်ဝါဒအရာ တေဒဂ်ရရှိသော ဌာနရာထူး၏ အကြောင်းအထောက်အပံ့ ဖြစ်ပါစေသားဟူ၍ ဆုတောင်းပန်ထွာ ပတ္ထနာ ပြုခဲ့ပါသည်။

တောင်းအပ်သော ဆုအတိုင်း အနာဂတ်ကာလ ကမ္ဘာတသိန်းဝယ် ဂေါတမမြတ်စွာဘုရား သာသနာ၌ မဟာကဿပဟူသော အမည်ဖြင့် ဓုတင် တရသကို ကိုယ်ဘိုင်ဆောင်၍ ဓုတင်အကျင့်ကို ဟောကြားသော ပုဂ္ဂိုလ် တို့အနက် အမြတ်ဆုံး တေဒဂ်ရာထူး ရပေလတ္တံ့ဟု ပဒုမုတ္တရ မြတ်စွာဘုရား ဗျာဒိတ်စကားကြားတော်မူခဲ့ပါသည်။

ပဒုမုတ္တရမြတ်စွာဘုရား၏ သာသနာဝယ် အနှစ်တသိန်းကာလပတ်လုံး ဒါန သီလ ဘာဝနာ အစရှိသော ကောင်းမှု ကုသိုလ်တို့ကို ပြုစု၍ ထိုဘဝမှ စုတေပြီးလျှင် လူ့ပြည်နတ်ရွာ၌ အစုန်အဆန် လူးလာပြန်ခေါက် သံသရာ၌

http://www.dhammadownload.com

ကျင်လည်ကျက်စားပြီးလျှင် ဝိပဿီမြတ်စွာဘုရား၏လက်ထက် ကေသာဠုက ပုဏ္ဏားဖြစ်၍လည်း ကြီးစွာအုံ့သြဘွယ်ရာ အလှူဒါနကို ပြုခဲ့ပါပေသည်။

ကောဏာဂုံမြတ်စွာဘုရားနှင့် ကဿပမြတ်စွာဘုရားတို့၏ အကြား ကာလဝယ် သင်္ကန်းချုပ်သဖြင့် အနားပတ်လျှာ မလောက်သော ပစ္စေက-ဗုဒ္ဓါ အရှင်သူမြတ်အား မိမိ၏ အပေါ်ရုံ စုလျားကို သင်္ကန်းအနားပတ် အလို၌ လှူခဲ့တန်းခဲ့ပါသည်။

ထိုနောက်ကာလဝယ် နန္ဒမင်းဟူသောအမည်ဖြင့် ပဒုမဒေဝီ၏သား ငါးရာသော ပစ္စေကဗုဒ္ဓါ မထေရ်သူမြတ်တို့အား မိမိ၏မင်းဥယျာဉ်ဝယ် ပင့်ဘိတ်၍ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ဖြင့် ပြုလုပ်ပူဇော်ခဲ့ပါသည်။

ပစ္စေကဗုဒ္ဓါ ငါးရာတို့ တပြိုင်နက်တည်း ပရိနိဗ္ဗာန် စံတော်မူကြသော အခါ နန္ဒမင်းနှင့်တကွ မိဖုယားကြီးတို့သည် ကြီးစွာသော သတိသံဝေဂ ရကြ၍ ထိုဥယျာဉ်၌ပင်လျှင် ရသေ့ ရဟန်း ပြုလုပ်ကြပြီးလျှင် ဗြဟ္မဝိဟာရစျာန်ကို ပွါးများ၍ ဗြဟ္မာ့ပြည်လျှင် လားရာရှိခဲ့ကြပါသည်။

ဤဘုရားသာသနာတွင်

ဤဘုရားမြတ်စွာ သာသနာ၌ မဟာကဿပအလောင်းသည်ကား မဟာတိတ္ထရာဒ် ပိပ္ပလိလုလင်ဟူသော အမည်ဖြင့် သူဌေးသား ဖြစ်ခဲ့ပါသည်။

ဘဒ္ဒါကာပိလာနီထေရိမ၏ အလောင်းအလျှာသည်ကား မဒ္ဒတိုင်း သာဂလပြည်ဝယ် ကောသိယအနွယ်၌ ကောသိယအနွယ်ဝင် ပုဏ္ဏား၏သမီး ဖြစ်၍ ဘဒ္ဒါကာပိလာနီဟူသော အမည်ဖြင့် ထင်ရှားခဲ့ပါသည်။

ထိုသူနှစ်ဦးတို့သည် မိဘတို့၏ အလိုဆန္ဒဖြင့် ကာမစိတ်လုံးဝမရှိဘဲ ဇနီးမောင်နှံအဖြစ်သို့ ရောက်ခဲ့ကြပြီးလျှင် နှစ်ဦးသဘောတူ ကာမစ္ဆန္ဒစိတ်ဖြင့် တကြိမ်ဘဖန် တရံတခါမျှ မကြည့်ခဲ့ကြ မရှုခဲ့ကြပါဘဲ နှစ်ဦးသဘောတူ တော ထွက်၍ မြတ်စွာဘုရားကို ရည်မှန်းပြီးလျှင် ရဟန်းပြုခဲ့ကြ၍ ရှင်မဟာကဿပ သည် ဘုရားထံမှောက် ရောက်လတ်သောအခါ သုံးပါးသော ဩဝါဒဖြင့် ဩဝါဒပဋိဂ္ဂဟဏုပသမ္ပဒါ ရဟန်းအဖြစ်ကို ခံယူရရှိခဲ့ပါသည်၊ ခုနစ်ရက် မြောက်သောနေ့ဝယ် ရဟန္တာအဖြစ်သို့ ရောက်တော်မူလတ်ပါပေသည်၊

http://www.dhammadownload.com

ရဟန္တာဝစင်စစ် ဖြစ်တော်မူလတ်သောအခါ ကိုယ်တိုင်လည်း ဓုတင်တရားအကျင့် ပဋိပတ်တို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူပြီးလျှင် သီတင်းသုံးဖော် သံဃာတော်တို့အားလည်း ဓုတင်အကျင့် ပဋိပတ်နှင့် စပ်သော တရားစကားကို ဟောကြားတော် မူခဲ့ပါသည်။

စံပြထားပြီး ချီးကျူးခြင်း

ထို့ကြောင့်ပင်လျှင် သမ္မည့ုမြတ်စွာဘုရားသည် စန္ဒူပမသုတ္တန်အစရှိသည်၌ ရှင်မဟာကဿပကိုပင် ဥပမာစံပြအနေထား၍ ကဿပါ ဘိက္ခဝေ စန္ဒူပမော ကုလာနိ ဥပသင်္ကမတိ အစရှိသည်ဖြင့် ချစ်သားရဟန်းတို့.... ငါဘုရား၏တပည့်သားဖြစ်သော ကဿပမထေရ်သည် ကောင်းကင်မှာ သွားသော လရထားနည်းတူ အမျိုးလေးပါးတို့အိမ်သို့ ကပ်ပါပေသည် အစရှိသည်ဖြင့် စံပြမထေရ်တပါး အနေဖြင့် ချီးကျူးတော်မူခဲ့ပါသည်။

နောက်အခါ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း အရပ်ဝယ် ဧတဒဂ် ပုဂ္ဂိုလ်သဘင် ယင်တော်မူသောအခါကာလ၌ မဟာကဿပမထေရ်သူမြတ်ကို "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဓုတဝါဒါနံ ယဒိဒံ မဟာကဿပော" ဟု—

ချစ်သားရဟန်းတို့....ငါဘုရား၏တပည့်သား သာဝကတို့အနက် ဓုတင်တရားအကျင့် ပဋိပတ်ကို ကိုယ်တိုင်လည်း ကျင့်ကြံ၍ သီတင်းသုံးဖော် သံဃာတော်တို့အားလည်း ဟောကြားတော်မူကြသော တပည့်သား သာဝကတို့အနက် မဟာကဿပသည် အမြတ်ဆုံး အထွဋ်ဆုံး ထိပ်တန်းအကျဆုံး ပဂ္ဂိုလ်ပါပေတည်းဟု သမ္မည့ုမြတ်စွာဘုရားသည် မဟာကဿပ မထေရ်သူမြတ်ကို ဓုတင်တရားသကို ကိုယ်တိုင်ဆောင်၍ သီတင်းသုံးဖော်တို့အားလည်း ဟောဖော်သော အရာဝယ် ဧတဒဂ်ရာထူးဖြင့် ချီးကျူးမြှောက်စားထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အရှင်မဟာကဿပထွေရ ဝတ္ထု ပြီး၏

အရှင်အနုရုဒ္ဓတ္ထေရ ဝတ္ထု

ပု။ ။တေနာဝုသော။ပ။ သမ္မာသမ္ဗုဒ္ဓေန အဂ်္ဂတ္တရနိကာယေ ဧကကနိပါတေ ဧတဒဂ္ဂဝဂ္ဂေ အာဂတေသု ဧကစတ္တာလီသာယ မဟာထေရေသု အာယသ္မာ အနုရုဒ္ဓတ္ထေရော ကထံ ဧတဒဂ္ဂဋ္ဌာနေ ဌပိတော။

http://www.dhammadownload.com

ဝိ။ ။အာယဿ္မာ ဘန္တေ အနုရုဒ္ဓတ္ထေရော "တေဒဂ္ဃံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဒိဗ္ဗစက္ခုကာနံ ယဒိဒံ အနုရုဒ္ဓေါ" တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ တေဒဂ္ဂဋ္ဌာနေ ဌပိတော။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုမြတ်စွာဘုရားသခင်သည် အင်္ဂုတ္တရနိကာယ် ကေကနိပါတ် တေဒဂ္ဂဝဂ်၌ ရှေးသင်္ဂါယနာတင် မဟာထေရ်မြတ်တို့ သင်္ဂါယနာတင်ထားတော်မူကြသဖြင့် အထင်အရှား လာရှိကြသော လေးဆယ့်ဘပါးသော မဟာထေရ်တို့ဘုင် အရှင်အနုရုဒ္ဓါမထေရ်မြတ်ကို တေဒဂ်ရာထူး၌ အဘယ်သို့လျှင် ချီးကျူးတင်ထားတော် မူခဲ့ပါသနည်း ငါ့ရှင်.... ။

ဖြေ။ ။အင်္ဂုတ္တရနိကာယ် ကေကနိပါတ် တေဒဂ္ဂဝဂ်၌ လေးကျိပ်တပါးသော တေဒဂ်ရမထေရ်သူမြတ်တို့တွင် အရှင်အနုရုဒ္ဓါမထေရ်သူမြတ်ကို "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဒိဗ္ဗစက္ခုကာနံ ယဒိဒံ အနုရုဒ္ဓေါ" ဟု သမ္မာသမ္ဗုဒ္ဓါမြတ်စွာဘုရားသည် ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် ပြည့်စုံတော်မူသော တပည့်သား သာဝကတို့အနက် အမြတ်ဆုံး ထိပ်တန်းအကျဆုံးဟူ၍ တေဒဂ်ရာထူး၌ ချီးကျူးမြွောက်စား ထားတော်မူအပ်ခဲ့ပါသည်။

အတိတ် ဝတ္ထု

အဋ္ဌုပ္ပတ္တိအကြောင်းကို အနည်းငယ်မျှ ပြန်ပြောင်း လျှောက်ထား လိုပါသည်—

ဤဘဒ္ဒကမ္ပာမှအဆန် ပဋိလောမအပြန် ရေတွက်သည်ရှိသော် ကမ္ဘာ တသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသောကာလဝယ် ဃောင်ရှားသော သူကြွယ်သည် ပရိသတ်လေးပါးတို့နှင့် အတူတကွ ဘုရားထံမှောက် တရားနာရောက်ခဲ့ပါသည်။

ထိုအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် တရားပွဲ ပြီးဆုံးသောကာလ၌ မထေရ်တပါးကို ဒိဗ္ဗစက္ခုအရာ တေဒဂ်ထားတော်မူပါသည်၊ ဒိဗ္ဗစက္ခုအရာ တေဒဂ်ထားသည်ကို ထိုသူကြွယ် မြင်လတ်သည်ရှိသော် ပဒုမုတ္တရမြတ်စွာဘုရားအမှူးရှိသော သံဃာတော်တို့ကို မိမိအိမ်သို့ ပင့်ဘိတ်၍ ခုနစ်ရက် ပတ်လုံး ဆွမ်းပြုစုလုပ်ကျွေးပြီးလျှင် ခုနစ်ရက်လွန်မြောက်သော ကာလ၌ ဒိဗ္ဗစက္ခုအဘိညာဉ်ရသော ပုဂ္ဂိုလ်တို့အနက် တေဒဂ်ရာထူးဖြင့် ချီးကျူး

http://www.dhammadownload.com

အပ်သော တပည့်အဖြစ်ကို ဆည်ညှတ်ပန်ထွာ ပတ္ထနာပြုခဲ့ပါသည်၊ ပဒုမုတ္တရမြတ်စွာဘုရားသည်လည်း ဗျာဒိတ်စကား ကြားတော်မူခဲ့ပါသည်။

ပဒုမုတ္တရမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသဖြင့် ခုနှစ်ယူဇနာ အတိုင်းအရှည်ရှိသော စေတီတော်မြတ် တည်လတ်၍ ပြီးသောအခါ တပည့်သား သာဝကသံဃာတော်တို့သို့ ချဉ်းကပ်၍ ထိုအရှင်အနုရုဒ္ဓါ၏ အလောင်းဖြစ်သော သူကြွယ်သည် "အရှင်ဘုရားတို့....ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရဘို့ရန် မည်သို့သော ကောင်းမှု ပရိက်ံကို ကျင့်ကြံကြိုးကုတ် ပါ်းများ အားထုတ်ရပါသနည်းဟု မေးမြန်း လျှောက်ထား လတ်သည်ရှိသော် ဆီမီး အလှူဒါနသည် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရခြင်း၏ ဥပနိဿယပစ္စည်း အားကြီး သော အကြောင်းပင် ဖြစ်သည်ဟု မထေရ်မြတ်တို့ မိန့်ကြားတော် မူချက် အရ ပဒုမုတ္တရမြတ်စွာဘုရား၏ ခုနစ်ယူဇနာ အတိုင်းအရှည်ရှိသော စေတီ တော်ဝယ် ဆီမီး .တပင်တပင်လျှင် ဆီမီးပုဋ်ပေါင်း တထောင်တထောင်ဖြင့် တန်းဆာဆင်အပ်သော ဆီမီးတထောင်တို့ဖြင့် သဒ္ဓါကောင်ရော် ပူဇော်ခဲ့ ပါသည်။

ကဿပမြတ်စွာဘုရား သာသနာဝယ် သူကြွယ်တဦးဖြစ်၍ ကဿပ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူလတ်သည်ရှိသော် တယူဇနာ အတိုင်းအရှည် ရှိသော စေတီတော်ကို တည်ဆောက်ကြ၍ စေတီတော်ပြီးဆုံးသော ကာလ ဝယ် အနုရုဒ္ဓါ အလောင်း ဖြစ်သော ထိုသူကြွယ်သည် ကဿပမြတ်စွာဘုရား၏ စေတီ ပတ်ဝန်းကျင်၌ ရွှေခွက်တို့ဝယ် ထောပတ်ကို အပြည့်ထည့်၍ ရွှေခွက် နားခမ်းချင်း အနားရေးချင်းထိမျှ ထားပြီးလျှင် ထောပတ် ဆီမီး ပူဇော် လှူဒါန်းခဲ့ပါသည်။

မိမိကိုယ်တိုင်လည်း ကြီးစွာသော ရွှေခွက်အတွင်း၌ တထောင်မျှသော ဆီမီးဘို့ကို ညှိထွန်း၍ ဦးထိပ်ထက်ရွက်ပြီးလျှင် တယူဇနာအတိုင်း အရှည်ရှိ သော ကဿပမြတ်စွာ စေတီတော်၌ ညဉ့်လုံးပေါက် လှည့်လည် ပူဇော်ခဲ့ပါ သည်။

ပစ္စုပ္ပန် ဖြစ်စဉ်

ဤ မြတ်စွာဘုရား၏ သာသနာဝယ် အသမ္ဘိန္နေ သကျသာကိဝင်မင်း မျိုးဌာဖြစ်၍ ဘဒ္ဒိယမင်းသား အစရှိသော ငါးဦးသော မင်းသားတို့နှင့် အတူ

http://www.dhammadownload.com

တကွ တောထွက်ခဲ့ကြပြီးလျှင် အနုပီယအမည်ရှိသော သရက်တော၌ ဘုရားရှင်ထံ ရဟန်းပြုလုပ်ပြီးသောကာလ အရှင်သာရိပုတ္တရာ၏အထံမှ ကမ္မဋ္ဌာန်းတရားကိုနာယူ၍ တရားအားထုတ် ပွါးများစဉ် မဟာပုရိသဝိတက်ကြီးရှစ်ပါးကို ကြံစည်ရာ ခုနစ်ခုမြောက်ကိုသာလျှင် ပြည့်စုံစွာ ကြံစည်နိုင်၍ ရှစ်ခုမြောက်ဖြစ်သော မဟာပုရိသဝိတက်ကို သဗ္ဗညုမြတ်စွာဘုရား ညွှန်ကြားတော်မူပြီးလျှင် အရိယဝံသပဋိပဒါတရားဒေသနာကို ကြားနာပြီး၍ သဗ္ဗညုမြတ်စွာဘုရား ပြန်ကြွတော်မူသော ကာလဝယ် ဝိပဿနာတရား ပွါးများအားထုတ်လတ်သည်ရှိသော် ပဋိသမ္ဘိဒါပတ္တ ရဟန္တာသခင် အရှင်သူမြတ်အဖြစ်သို့ ရောက်ခဲ့ပါသည်။

ထို အရှင်အနုရုဒ္ဓါမထေရ်သူမြတ်သည် အမြဲတစေ ဒိဗ္ဗစက္ခုအဘိညာဉ်ကို တပါးသော မထေရ်သူမြတ်တို့ထက် လေ့လာနိုင်နင်းစွာ ပွါးများတော်မူလေ့ရှိပါသည်၊ ထို့ကြောင့်ပင် သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဧတဒဂ်ပွဲကြီးသဘင် ယင်ရာကာလဝယ် ရဟန်းတော်ပရိသတ်တို့၏ အလယ်၌—

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဒိဗ္ဗစက္ခုကာနံ ယဒိဒံ အနုရုဒ္ဓေါ။

ချစ်သားရဟန်းတို့....ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် ပြည့်စုံသော ငါဘုရား၏ တပည့်သား သာဝက ရဟန်းတော်တို့တွင် အနုရုဒ္ဓါမထေရ်သူမြတ်သည် အမြတ်ဆုံး အလွန်ဆုံး အသာဆုံးဟူ၍ ဧတဒဂ်ရာထူးဖြင့် ချီးကျူးမြှောက်စား တင်ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အရှင်အနုရုဒ္ဓတ္ထေရဝတ္ထု ပြီး၏

အရှင်သီဝလိ ဝတ္ထု

ပု။ ။အာယသ္မာ ပန အာဝုသော သီဝလိတ္ထေရော ဘဂဝတာ ကထံ ဧတဒဂ္ဂဋ္ဌာနေ ဌပိတော။

ဝိ။ ။အာယသ္မာ ဘန္တေ သီဝလိတ္ထေရော "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ လာဘီနံ ယဒိဒံ သီဝလီ"တိ ဧဝံ ၎ခါ ဘန္တေ ဘဂဝတာ ဧတဒဂ္ဂဋ္ဌာနေ ဌပိတော။

http://www.dhammadownload.com

မေး။ ။ရှင်သီဝလိအမည်ရှိသော မထေရ်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် တေဒဂ်ရာထူး ဌာနဌ အဘယ်သို့လျှင် ချီးကျူးတင်ထားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ရှင်သီဝလိမထေရ်သူမြတ်ကို "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ လာဘီနံ ယဒိဒံ သီဝလိ" ဟူ၍ လာဘ်ပေါများသော အရာဝယ် တေဒဂ် ရာထူးဌ ချီးကျူးမြောက်စား တင်ထားတော်မူအပ်ခဲ့ပါသည်။

အတိတ် ဝတ္ထု

အဋ္ဌုပ္ပတ္တိ အကြောင်းကို အနည်းငယ်မျှ လျှောက်ထားလိုပါသည်—

ဤဘဒ္ဒကမ္ပာမှ ပဋိလောမ အဆန်အပြန် ရေတွက်သည် ရှိသော် လွန်ခဲ့သော ကမ္ပာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရားပွင့်တော်မူသော ကာလဝယ် အရှင်သီဝလိ၏ အလောင်းတော် ဖြစ်သော အမျိုးကောင်းသား သည် ပဒုမုတ္တရမြတ်စွာဘုရားထံ တရားနာ၍ တရားပွဲ ပြီးလတ်သောအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် တပါးသောရဟန်းအား လာဘ်များသော အရာဝယ် တေဒဂ်ထားသည်ကို မြင်၍ လာဘီတေဒဂ်ရာထူးကို ရလိုသဖြင့် ရှေးနည်းအတူ ပဒုမုတ္တရမြတ်စွာဘုရား အမှူးရှိသော သံဃာတော်တို့ကို ပင့်ဘိတ်၍ အဓိကာရကောင်းမှုကုသိုလ်ထူးကို ဆည်းပူး ပွါးများ အားထုတ် ပြီးလျှင် လာဘီတေဒဂ်ဆုထူးကို တောင်းပန်ခဲ့ပါသည်၊ ပန်ထူခဲ့ပါသည်၊ ပဒုမုတ္တရမြတ်စွာဘုရားသည် ဗျာဒိတ်စကား ကြားတော်မူခဲ့ပါသည်။

ထိုအမျိုးကောင်းသားသည် ထိုဘဝ၌ အသက်ရှည်သမျှ ကာလပတ်လုံး ဒါနသီလတည်းဟူသော ကုသိုလ်ကောင်းမှု တရားပွါးများ၍ စုတေသည်မှ နောက်ကာလဝယ် လူ့ရွာနတ်ရပ် အစုန်အဆန် လေ့လာကျင့်လည်ကျက် စား၍ ဝိပဿီမြတ်စွာဘုရား လက်ထက်တော်ကာလဝယ် ဗန္ဓုမတီနေပြည် တော်၏ အနီးဖြစ်သော တောရွာတခု၌ အမျိုးကောင်းသားဖြစ်၍ နေခဲ့ ပါသည်။

ထိုအခါ စစ်သေနာပတိ အမှူးရှိသော တိုင်းသားပြည်သူ ဗိုလ်လူ အပေါင်းတို့ ဗန္ဓုမမင်းတရားအား အရေးဆိုသဖြင့် ဝိပဿီမြတ်စွာဘုရား အမှူးရှိသော တပည့်သားသာဝကအပေါင်းကို ဆွမ်းပစ္စည်းတို့ဖြင့် ပြုစုခွင့် ရရှိကြ၍ အသီးအသီး ဆွမ်းပစ္စည်းတို့ဖြင့် ပြုစုလှူဒါန်းကြသောအခါ ဒါန

http://www.dhammadownload.com

သဘင်ပွဲဝယ် ဒါနအဦးဝယ် မပါမရှိသော အလှူဝတ္ထုတို့ကို စူးစမ်း ရှာဖွေလတ်သည် ရှိသော်ပျားရည်နှင့် နွားနို့ခဲ မပါသည်ကို မြင်လတ်၍ ယောကျ်ားတယောက်ကို မြို့တံခါးဝ၌ ပျားရည်နှင့် နွားနို့ခဲရအောင် ရှာဘို့ရန် ညွှန်ကြား တိုက်တွန်း ထားပါသည်။

ထိုအခါ အရှင်သီဝလိ၏အလောင်းတော်ဖြစ်သော အမျိုးကောင်းသားသည်လည်း မိမိနေရာ တောရွာမှ နွားနို့ခဲနှင့်တကွ ပျားရည်ကိုယူ၍ မြို့တွင်းသို့ ဝင်ရောက်လာသောအခါ ဤအကြောင်းအရာကို သိသဖြင့် ဝိပဿီမြတ်စွာဘုရားနှင့်တကွ တပည့်သားသာဝကအပေါင်းအား မိမိပါရှိလာသော ပျားရည်နှင့် နွားနို့ခဲကို လှူဒါန်းဆက်ကပ်ခဲ့ပါသည်၊ ဝိပဿီမြတ်စွာဘုရား၏ အဓိဋ္ဌာန်တေဇော် အာနုဘော်ကြောင့် ဘုရားအမှူးရှိသော သံဃာတော်တို့ သုံးဆောင်သော်လည်း မကုန်ဘဲရှိခဲ့ပါပေသည်။

ပစ္စုပ္ပန် ဖြစ်စဉ်

ထိုဘဝမှ စုတိပြတ်ကြွေ သေလွန်သော ကာလဝယ် လူ့ရွာနတ်ရပ် လူးလာ စုန်ဆန် သံသရာဝယ် ကျင်လည်ရ၍ နောက်ပစ္ဆိမ ဤဘဝဝယ် **သုပ္ပဝါသာ** အမည်ရသော ကောလိယမင်းသမီး၏ ဝမ်းကြာတိုက်၌ ခုနစ်နှစ်ကြာ ပဋိသန္ဓေတည်နေရပြီးလျှင် ခုနစ်နှစ်မှ အထက်ဝယ် ခုနစ်ရက် ကာလပတ်လုံး သုပ္ပဝါသာမင်းသမီးသည် **ဂဗ္ဘမူဇဒုက္ခ**[1] ဖြင့် လွှမ်းမိုးနှိပ်စက် အပ်သည် ဖြစ်ရကား—

သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊ ယော ဣမဿာ ဝေရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ။

သုပ္ပဋိပန္နော ဝတ တဿ ဘဂဝတော သာဝကသံဃော၊ ယော ဣမဿာ ဝေရူပဿ ဒုက္ခဿ ပဟာနာယ ပဋိပန္နော။

သုသုခံ ဝတ နိဗ္ဗာနံ၊ ယတ္ထိဒံ ဧဝရူပံ ဒုက္ခံ န သံဝိဇ္ဇတိ—

ဟူသော ဘုရားနှင့်စပ်သော နှလုံးသွင်းခြင်း သံဃာတော်တို့နှင့်စပ်သော နှလုံးသွင်းခြင်း တရားတော်နှင့်စပ်သော နှလုံးသွင်းခြင်း ဘုရားဂုဏ် သံဃာ့ဂုဏ် တရားဂုဏ်ကို အာရုံပြုခြင်းဖြင့် ဂဗ္ဘမူဇဒုက္ခမှ လွန်မြောက်ခဲ့ပါသည်။

၁-ဂဗ္ဘမူဇဒုက္ခ-ကိုယ်ဝန်ကြောင့် တွေဝေမိန်းမောသော ဆင်းရဲ။

http://www.dhammadownload.com

သီဝလိသတို့သား ဖွားမြင်၍ ခုနစ်ရက်မြောက်သော ကာလဝယ် ဘုရားအမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက်ကာလပတ်လုံး ကြီးစွာသော အလှူဒါန ပြုစုကျွေးမွေး လှူဒါန်းသော ကာလဝယ် တရားစစ်မှူးဖြစ်တော်မူသော ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာမထေရ်နှင့် သီဝလိသူငယ်တို့ စကားနှီးနှော ပြောဆိုသော ကာလဝယ် ဓမ္မစစ်မှူး ဖြစ်တော်မူသော ရှင်သာရိပုတ္တရာမထေရ်သူမြတ်က "သီဝလိ....ဤမျှ နှစ်ရှည်လများ ဂဗ္ဘဝါသဒုက္ခ[1] တရားကို သံဝေဂတရား ရပါစ" ဤသို့မေးမြန်း လတ်သော အခါ ပြင်းစွာသံဝေဂရရှိ၍ မိခင်ဖခင်တို့ ခွင့်ပြုပါမူကား ရဟန်းပြုလိုကြောင်း ပြန်ပြောင်း လျှောက်ထားခဲ့ပါသည်။

ထိုအခါ မယ်တော်ဖြစ်သော သုပ္ပဝါသာမင်းသမီးသည်လည်း မိမိ၏ သားဖြစ်သော သီဝလိသတို့သား၏ တရားစစ်မှူးဖြစ်တော်မူသော ရှင်သာရိပုတ္တရာနှင့် စကားနှီးနှော ပြောဆိုသည်ကို နှစ်လိုအားရမ်း ဝမ်းမြောက်လှသဖြင့် ရှင်သာရိပုတ္တရာထံမှောက် လာရောက်ပြီးလျှင် "တပည့်တော်မ၏ သားဖြစ်သော သီဝလိသူငယ်သည် အရှင်ဘုရားနှင့် စကားနှီးနှော ပြောဆိုပါသလား" ဟု မေးမြန်းလျှောက်ထားသည်တွင် ပြောဆိုကြောင်း၊ အကယ်၍ သုပ္ပဝါသာမင်းသမီးတို့ ခွင့်ပြုပါမူ ရှင်ပြုလိုကြောင်း ပြောဆိုသည့် အကြောင်းကို ပြန်ပြောင်း မိန့်ကြားသည်တွင် ရှင်ပြုရန် အလို့ငှါ သုပ္ပဝါသာမင်းသမီး ခွင့်ပြုခဲ့ပါသည်။

ခွင့်ပြုသည့်အတိုင်း ရှင်သာရိပုတ္တရာသည် သီဝလိသတို့သားအား ရှင်ပြုသော ကာလဝယ် တစပဉ္စကကမ္မဋ္ဌာန်းကို ပေး၍—

သီဝလိ.... ရှင်ပြုပေးရန်ကား ငါတို့၏တာဝန် ဖြစ်ချေသည်၊ တရားနှလုံးသွင်းဘို့ရန် အသင့်အား အခြားတရား ညွှန်ကြားဖွယ်မရှိပါပြီ၊ ခုနစ်နှစ် ကာလပတ်လုံး အမိဝမ်းခေါင်း ကိန်းအောင်းရခြင်းတည်းဟူသော ဂဗ္ဘဇာတိဒုက္ခ[2]ကို အသင်သည် ဒိဋ္ဌထင်ထင် တွေ့မြင်ခဲ့သောသူဖြစ်ပါသည်ဟု တစပဉ္စက ကမ္မဋ္ဌာန်းကို ပေး၍ ဆံချသော ကာလဝယ် ပဌမဆံဝန်း ကျသည်နှင့် တပြိုင်နက် သောတာပတ္တိဖိုလ် ဒုတိယဆံဝန်းကျသည်နှင့် တပြိုင်နက် သကဒါဂါမိဖိုလ် တတိယဆံဝန်းကျသည်နှင့်တပြိုင်နက် အနာဂါမိဖိုလ် စတုတ္ထဆံဝန်း

၁-ဂဗ္ဘဝါသဒုက္ခ-မိခင်ဝမ်းတိုက်တွင်း၌ ကိန်းအောင်းရသော ဆင်းရဲ။
၂-ဂဗ္ဘဇာတိဒုက္ခ-အမိဝမ်းတွင်း ပဋိသန္ဓေနေရမှု ဆင်းရဲ။

http://www.dhammadownload.com

ကျ၍ အလုံးစုံ ဆံကိုချခြင်းကိစ္စ ပြီးဆုံးသည်နှင့်တပြိုင်နက် အရဟတ္တဖိုလ် ပေါက်ရောက်သောအချိန်သည် မရွေးမနှောင်း တပြိုင်နက်ပင် ဖြစ်ခဲ့ပါသည်။

လာဘ်ပေါများခြင်း

ရှင်သီဝလိမထေရ် သာသနာတော်၌ ရှင်ရဟန်းပြုသောကာလမှစ၍ များစွာသော ရဟန်းတော်တို့အား များစွာသော လာဘ်လာဘ ပူဇော်သက္ကာရတို့နှင့် ပြည့်စုံခြင်း ဖြစ်ခဲ့ပါသည်။

နောက်အခါဝယ် ရှားတောနေ ရှင်ရေဝတ[၁] ထံသို့ များသော ရဟန်းတော်အပေါင်းနှင့် တကွ ရှင်သီဝလိကို ခေါ်ဆောင်၍ မြတ်စွာဘုရားကြွသွားတော် မူသောကာလဝယ် များစွာသော ရဟန်းတော်တို့အား လာဘ်လာဘ ပစ္စည်းလေးပါး တောအရပ်၌ပင်ဖြစ်သော်လည်း မရှားသည့်အကြောင်း ဝတ္ထုနိဒါန်းပြု၍ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်ဝယ် ရဟန်းတော်အပေါင်းဘို့အား တေဒဂ်ပဲ့ကြီးသဘင်ယင်တော်မူသောကာလ၌—

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ လာဘီနံ ယဒိဒံ သီဝလီ" ဟု—

ချစ်သားရဟန်းတို့.... ငါဘုရား၏ တပည့်သား သာဝကတို့တွင် ပစ္စည်းလေးဖြာ လာဘ်လာဘပေါများကြသော ရဟန်းတော်တို့အနက် သီဝလိမထေရ်သည် အမြတ်ဆုံး အသာဆုံးဟူ၍ လာဘ်လာဘပေါများသော အရာဝယ် ဘေဒဂ်ရာထူး၌ ချီးကျူး မြွောက်စား ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အရှင်သီဝလိထေရ်ဝတ္ထု ပြီး၏

အရှင်အာနန္ဒာထေရ် ဝတ္ထု

ပု။ ။အာယသ္မာ ပန အာဝုသော အာနန္ဒတ္ထေရော ဓမ္မဘဏ္ဍာဂါရိကော ပဋမမဟာသံဂီတိကာလေ ဓမ္မဝိဿဇ္ဇကထေရဘူတော ကထံ ဘဂဝတော တေဒဂ္ဂဋ္ဌာနေ ဌပိတော။

၁-ခဒိရဝနိယရေဝတမထေရ်ကို ဆိုလိုသည်။

http://www.dhammadownload.com

ဝိ။ ။အာဃသ္မာ ဘန္တေ အာနန္ဒတ္ထေရော ဓမ္မဘဏ္ဍာဂါရိကော ပဌမမဟာသံဂီတိကာလေ မေဝိဿဇ္ဇကဘူတော "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဗဟုဿုတာနံ ယဒိဒံ အာနန္ဒော။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သတိမန္တာနံ ယဒိဒံ အာနန္ဒော။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဂတိမန္တာနံ ယဒိဒံ အာနန္ဒော။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဓိတိမန္တာနံ ယဒိဒံ အာနန္ဒော။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဥပဋ္ဌာကာနံ ယဒိဒံ အာနန္ဒော"တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ပဥ္စသု ဧတဒဂ္ဂဋ္ဌာနေသု ဌပိတော။

မေး။ ။ပဌမမဟာသံဂါယနာ တင်စဉ်အခါကာလ၌ အရှင်မဟာကဿပမထေရ်မြတ်က မေးမြန်းတော်မူသဖြင့် သုတ် အဘိဓမ္မာ ဆိုင်ရာ တရားတော်တို့ကို ဖြေကြားတော်မူသော ဓမ္မဝိဿဇ္ဇကမထေရ်ဖြစ်တော်မူသည့်ပြင် ဓမ္မဘဏ္ဍာဂါရိကလည်း ဖြစ်တော်မူသော အရှင်အာနန္ဒာမ္မထေရ်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဧတဒဂ်ရာထူး၌ အဘယ်သို့သော အခြင်းအရာအားဖြင့် ချီးကျူးတင်ထားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပဌမမဟာသံဂီတိသဘင် ယင်ရာကာလဝယ် ဓမ္မဝိဿဇ္ဇကဖြစ်တော်မူသော တရားဘဏ္ဍာစိုး အရှင်အာနန္ဒာမထေရ်သူမြတ်ကို ဗဟုဿုတများသောအရာ, သတိမန္တအရာ, ဂတိမန္တအရာ, ဓိတိမန္တအရာ, ဥပဋ္ဌာကအရာ၊ ဤငါးဖြာသော ဌာနတို့၌ ဧတဒဂ်ရာထူး၌ ချီးကျူး မြှောက်စားထားတော်မူအပ်ခဲ့ပါသည်။

အတိတ် ဝတ္ထု

အဋ္ဌုပ္ပတ္တိ အကြောင်းကို အနည်းငယ်မျှ ဖွင့်ပြလျှောက်ထား လိုပါသည်—

လွန်ခဲ့သော ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသောကာလဝယ် သုမနထေရ်အမည်ရှိသော ဥပဋ္ဌာက ပဒုမုတ္တရမြတ်စွာဘုရား၏ အလုပ်အကျွေး မထေရ်မြတ်တပါး ရှိခဲ့ပါသည်။

http://www.dhammadownload.com

ပဒုမုတ္တရမြတ်စွာဘုရား၏ ညီတော်ဖြစ်သော သုမနမင်းသားသည် ခမည်းတော် နန္ဒမင်း၏ သနားခွင့်ပြုချက်အရ ဟံသာဝတီနေပြည်တော်မှ ယူဇနာတရာ့နှစ်ဆယ် ဝေးကွာသော အရပ်၌ မြို့စားဖြစ်၍ နေခဲ့ပါသည်။

ဇနပုဒ်တိုင်းသား သောင်းကျန်း ဆူပူသောအခါ ခမည်းတော်၏ အမိန့်အရ ထိုသောင်းကျန်းမှုကို နှိမ်နင်းသဖြင့် သောင်းကျန်းမှု ငြိမ်အေးလတ်၍ ခမည်းတော်က နေပြည်တော်သို့ ခေါ်လတ်သောအခါ လမ်းခရီးအကြာဝယ် ပညာရှိသော မှူးမတ်တို့နှင့် တိုင်ပင်၍ ခမည်းတော်က အကယ်၍ ဆုလာဘ်ပေးသနားခဲ့သည် ရှိသော် ဘုရားအမှူးရှိသော သံဃာတော်တို့အား ပြုစုနိုင်ခွင့် ဆုလာဘ်ကို တောင်းယူတို့ရန် ကြံစည်ခဲ့၍ ခမည်းတော်ထံမှောက် ရောက်လတ်သောအခါ မိမိတို့ကြံစည်သည့်အတိုင်း ဆုလာဘ်ပေးသနားတော်မူလတ်သည်ဘင် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဝါတွင်း သုံးလပတ်သုံး ပြုစု လိုပါကြောင်း ဆုတောင်းသည်တွင် ခမည်တော်နန္ဒမင်းက "ချစ်သားသုမန....မြတ်စွာဘုရားသခင်တို့၏ အလိုတော်ကို သိနိုင်ခဲသည်" ဟု မိန့်တော်မူသည်တွင် ခမည်းတော်ဘုရား....မြတ်စွာဘုရား စိတ်ချမ်းသာအောင် ပြုစုဘို့ရန် သားတော်၏ တာဝန်ဖြစ်ပါသည်ဟု လျှောက်ဆို၍ ဘုရားထံမှောက် သွားရောက်သောအခါ မြတ်စွာဘုရားသည် တကိုယ်တည်း ကိန်းအောင်းခြင်နှင့် ကြုံကြိုက်၍ ရဟန်းတော်တို့အား ဘုရားထံမှောက် ဝင်ရောက်ရန် ခွင့်တောင်းပါသော်လည်း တပါးသောရဟန်းမျှ ဝင်ရောက်ရန် ခွင့်မပြုနိုင်ဘဲ အလုပ်အကျွေး ဥပဋ္ဌာကဖြစ်သော အရှင်သုမနထံသို့ စေလွှတ်ကြသဖြင့် ရှင်သုမနထံမှောက် ရောက်သောအခါ မြတ်စွာဘုရားကို ဖူးမျှော်လိုပါကြောင်းနှင့် ခွင့်တောင်းသည်တွင် တောင်းသောခဏ၌ပင်လျှင် မြတ်စွာဘုရားအား ဖူးမျှော်ခွင့်ရအောင် ရှင်သုမန ရွှေဆောင်၍ ဘုရားထံမှောက် ခေါ်ဆောင်ခဲ့ပါသည်။

ပဒုမုတ္တရမြတ်စွာဘုရားထံမှောက် ရောက်ရှိလာသောအခါ မိမိ၏ တိုင်းပြည် မိမိ၏ စားကျေးမြို့ရွာ၌ ဘုရားအမှူးရှိသော သံဃာတော်တို့ ဝါဘွင်း သုံးလပတ်သုံး သီတင်းသုံးတော်မူရန် လျှောက်ထားတောင်းပန်ခဲ့၍ ဘုရားကြွတော်မူမည့် လမ်းခရီးအကြာဝယ် တပည့်တော်သည် တယူဇနာ တယူဇနာ အရပ်၌ ကျောင်းတဆောင် တဆောင်ဆောက်၍ သွားပါဦးမည်၊

http://www.dhammadownload.com

အလုံးစုံကျောင်းကိစ္စ ပြီးဆုံးသော ကာလဝယ် ဘုရားတပည့်တော် ပင့်လျှောက်ထားသောအခါ၌ ရှင်တော်ဘုရား ကြွတော် မူပါမည့် အကြောင်း တောင်းပန်လျှောက်ထားခဲ့၍ ဆယ်းတော်ထံမှ ခွင့်ပန်ပြီးလျှင် မိမိမြို့သို့ ပြန်သောကာလဝယ် တယူဇနာ တယူဇနာရှိသောဌာန ကျောင်းတော် တဆောင်တဆောင် ဆောက်လုပ်၍ မိမိနေရင်း စားကျေးမြို့သို့ ရောက်သော ကာလဝယ် သောဘန္နအမည်ရှိသော သူဌေးပိုင်ဆိုင်သည့် ဥယျာဉ်ကို အသပြာ တသိန်းဖြင့်ဝယ်ယူ၍ အသပြာတသိန်းအကုန်ခံ၍ ကျောင်းတော်ဆောက်လုပ် ပြီးလျှင် ပဒုမုတ္တရမြတ်စွာဘုရား အမှူးရှိသော သံဃာတော်တို့အား ပင့်ဘိတ် ခဲ့ပါသည်။

ပဒုမုတ္တရဘုရား အမှူးရှိသော သံဃာတော်တို့သည်လည်း တယူဇနာ တယူဇနာဝယ် ဆောက်လုပ်ပြီးဖြစ်သော ကျောင်းတို့၌ တည့်စို့စီ တည့်စို့စီ ကိန်းစက်တော်မူပြီးမှ သုမနမင်းသား၏ စားကျေးမြို့သို့ ရောက်၍ သောဘန ဥယျာဉ်အတွင်း သောဘနာရုံကျောင်းတိုက်အတွင်းသို့ ရောက်ရှိသောအခါ သုမနမင်းသားက——

သတသဟဿေန မေ ကိတံ၊
သတသဟဿေန မာပိတံ။
သောဘနံ နာမ ဥယျာနံ။
ပဋိဂ္ဂဏှ မဟာမုနိ ဟူ၍——

သောဘနဥယျာဉ်အတွင်း သောဘနာရုံကျောင်းကို ခံယူတော်မူပါမည့် အကြောင်း လျှောက်ထား၍ ကျောင်းဖြင့် ပူဇော်မှု ပြုခဲ့ပါ ပေသည်။

ဘုရား အမှူးရှိသော သံဃာတော်တို့ကိုလည်း ဝါတွင်း သုံးလပတ်လုံး မိမိ၏ အစေအပါး အမတ်မျှားကို ဘုရားအမှူးရှိသော သံဃာတော်တို့အား ပြုစုလုပ်ကျွေးရန် မှာကြားပြီးလျှင် မိမိကိုယ်တိုင်ကား ဖန်ရည်စွန်းသော အဝတ်ကို ဝတ်၍ မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်သော အရှင်သုမနနှင့် အတူတကွနေပြီးလျှင် မြတ်စွာဘုရားအား ပြုစုလုပ်ကျွေးခဲ့ပါသည်။

http://www.dhammadownload.com

ဝါကျဘ်သောအခါ ဘုရားအမှူးရှိသောသံဃာတော်တို့အား တိစီဝရိက် သင်္ကန်းတို့ဖြင့် အသီးအသီး လှူဒါန်းပြီးလျှင် ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ဘုရားတပည့်တော်သည် ဤယခု ဝါတွင်း သုံးလပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်တို့ကို သဒ္ဓါကော်ရော် ပစ္စည်းလေးပါးဘို့ဖြင့် ပူဇော်ရခြင်းတည်းဟူသော ကောင်းမှုကုသိုလ်ကံကြောင့် နောက်ကာလဝယ် တဆူသောဘုရားရှင် အထံ၌ ဤသုမနမထေရ်သူမြတ်ကဲ့သို့ မြတ်စွာဘုရားသာသနာဝယ် ဘုရားရှင်နှင့် အကျမ်းဝင်ဆုံးတပည့် ဥပဋ္ဌာကဘာပည့် ဥပဋ္ဌာကရာထူးလက်ရှိ တပည့်ဖြစ်ရပါလိုသားဟူ၍ ဆုတောင်းပန်ထွာလတ်သည်ရှိသော် ပဒုမုတ္တရမြတ်စွာဘုရားသည်လည်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့ပါသည်။

ပစ္စုပ္ပန် ဖြစ်စဉ်

ထိုဘဝမှသည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် ကမ္ဘာတသိန်းကာလပတ်လုံး အပါယ်ဘုံသို့ မလားရောက်ဘဲ လူ့ရွာနတ်ရပ် သုဂတိဘုံ၌သာလျှင် သုခချမ်းသာကို ခံစံခဲ့ပြီး၍ ဤဘုရားသာသနာ ဤနောက် ပစ္ဆိမဘဝဝယ် အသမ္ဘိန္နသကျသာကီဝင်မင်းမျိုး၌ ဖြစ်လတ်၍ အနုရုဒ္ဓမင်း ဘဒ္ဒိယမင်းသား ဒေဝဒတ္တမင်းသား ဘဂုမင်းသား ကိမိလမင်းသားတို့နှင့် အတူတကွ ဥပါလိဆတ္တာသည်ကို ခေါ်၍ ဘုရားထံမှောက် သွားရောက်၍ ရဟန်းပြုကြပြီးလျှင် မကြာမြင့်မီကာလဝယ် အရှင်ပဏ္ဍာမထေရ် ဟောကြားအပ်သော ကြေးမုံဥပမာ ဓမ္မကထာဖြင့် သောတာပတ္တိဖိုလ်၌ တည်တော်မူခဲ့ပါပေသည်။

ထိုအရှင်အာနန္ဒာမထေရ်သူမြတ်သည် တရားပိဋကတ်ကို သင်ယူသော အခါ၌လည်း ဘဏ္ဍာဂါရိကပရိယတ္တိမျိုးဖြင့် သင်ယူခဲ့ပါပေသည်၊ တရားတော်ကို ဆောင်ရာ၌ အထူးသဖြင့် ဆောင်စွမ်းနိုင်သော သတိနှင့်လည်း ပြည့်စုံတော်မူပါပေသည်၊ လျင်လျင်မြန်မြန် တရားတော်ကို သိစွမ်းနိုင်သော ဉာဏ်အမြင်နှင့်လည်း ပြည့်စုံတော်မူပါပေသည်၊ တရားတော်ကို သင်ကြားခြင်းငှါ အထူးသဖြင့် စွမ်းဆောင်သောလုံလ, ရွတ်အံခြင်း ဆောင်ခြင်းငှါ အထူးသဖြင့် စွမ်းဆောင်သော လုံလနှင့်လည်း ပြည့်စုံတော်မူပါသည်။

ထိုမှတပါး သမ္မဉ္ဇမြတ်စွာဘုရားသည် ပဌမဗောဓိ ဝါနှစ်ဆယ်အတွင်း ကာလဝယ် ရှင်နာဂသမာလ မထေရ် ရှင်နာဂိတ မထေရ်အစရှိသော မထေရ်

http://www.dhammadownload.com

ရှစ်ပါးတို့ မမြဲသော အလုပ်အကျွေးပြုခြင်းဖြင့် အလုပ်အကျွေးခံတော်မူရပါသည်၊ ဝါနှစ်ဆယ်မြောက် ရောက်တော် မူလတ်သောအခါ အမြဲဥပဋ္ဌာက အလုပ်အကျွေးကို ယူလိုသောကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းပရိသတ်အပေါင်းဝယ် မိန့်ကြားတော်မူလတ်သည်တွင် အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန်အစရှိသော အခြားသော သာဝကတို့သည် အသီးအသီး မြတ်စွာဘုရားအား လုပ်ကျွေးပြုစုလိုပါကြောင်း လျှောက်ထားသည်တွင် တပါးကိုမျှ လက်မခံ အသီးအသီး ပယ်တော်မူလတ်ပါသည်။

ထိုအခါ မျှားစွာသော ရဟန်းတော်တို့က ရှင်အာနန္ဒာအား ငါ့ရှင် အာနန္ဒာ မြတ်စွာဘုရားအား ပြုစုလုပ်ကျွေးသောဥပဋ္ဌာက အရာကို တောင်းယူပါ ဟု ဝိုင်းဝန်း တိုက်တွန်း ပါသည်။

ထိုအခါ မြတ်စွာဘုရားက ချစ်သားရဟန်းတို့....အာနန္ဒာသည် သူတပါး တိုက်တွန်းမှ ရရှိသည့် သသခ်ါရကုသိုလ်မျိုးကို ရယူမည့် ပုဂ္ဂိုလ်မဟုတ်၊ မိမိ၏ အတိုင်းအရှည်ကိုသိ၍ ဥပဋ္ဌာကရာထူးကို မိမိအလိုလို တောင်းပါလိမ့်မည် ဟု မိန့်ကြားတော် မူလတ်ပါသည်။

ပယ်ဆု လေးပါး

ထိုအခါ အရှင်အာနန္ဒာမထေရ်သူမြတ်သည် ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ရှင်တော်ဘုရားသည် တပည့်တော်အား အကယ်၍ ရှင်တော်ဘုရား ရရှိသောသင်္ကန်းနှင့် မှန်မြတ်သောဆွမ်းကို တပည့်တော်အား မပေးတော်မူပါလျှင်၎င်း ရှင်တော်ဘုရားနှင့် ဂန္ဓကုဋိ တဘိုက်တည်းဝယ် အခွင့်အရေးပေးသောအနေဖြင့် အတူတကွ မနေရပါလျှင်၎င်း ရှင်တော်ဘုရား ဆွမ်းစားကြွရာ၌ တပည့်တော်အား အတူတကွ ခေါ်ဆောင်၍ မသွားပါလျှင်၎င်း ဤလေးပါးသော ဌာနဝယ် တပည့်တော်အလိုရှိသည့်အတိုင်း ရှင်တော်ဘုရားမပေးခဲ့လျှင် ရှင်တော်ဘုရားအား တပည့်တော် ပြုစု လုပ်ကျွေးလိုပါသည်။

ယူဆု လေးပါး

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... အကယ်၍ ရှင်တော်ဘုရားသည် အရပ်တပါး တိုင်းခြားမှ အမျိုးသားတို့ လာရောက်၍

http://www.dhammadownload.com

ရှင်တော် ဘုရားအား ဖူးမျှော်ခွင့် တောင်းသော အခါ ခဏအတွင်း ဖူးမျှော်ခွင့်ပေးနိုင်ပါလျှင်သော်ငင်း တပည့်တော်အား ယုံမှားသံသယဖြစ်ရှိသော အခါ ဖြစ်သောကာလမှာပင် မေးမြန်းခွင့် ပြုနိုင်သော်ငင်း တပည့်တော် လျှောက်ထား ပင့်ဘိဘ်ရာသို့ သဒ္ဓါတရားကို ငဲ့၍ ရှင်တော်ဘုရား လိုက်ပါ ကြွတော်မူလတ်ပါလျှင်ငင်း တပည့်တော်၏မျက်ကွယ်၌ ဟောအပ်သော တရားတို့ကို သနားသဖြင့် တဖန်ပြန်၍ ဟောကြားတော်မူပါလျှင်ငင်း တပည့်တော်သည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားအား ပြုစုလုပ်ကျွေး လိုပါသည်ဟု ပယ်လေးပါး, ယူလေးပါး အားဖြင့် ရှစ်ပါးသောဆုတို့ကို တောင်းခံ၍ သဗ္ဗညုမြတ်စွာဘုရား၏အထံဝယ် ဥပဋ္ဌာကအလုပ်အကျွေး ရာထူးကို တောင်းပန်ခဲ့ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည်လည်း ရှစ်ပါး သော ဆုတို့ကိုပေး၍ ဥပဋ္ဌာကရာထူးဖြင့် ချီးကျူးလက်ခံတော်မူခဲ့ပါပေ သည်၊ အလုပ်အကျွေး ဥပဋ္ဌာကဖြစ်တော်မူသော အခါကာလဝယ် သဗ္ဗညု မြတ်စွာဘုရားအား တပါးသော အလုပ်အကျွေးမထေရ်သူမြတ်တို့နှင့် မတူ ကဲလွန် ထူးချွန်စွာ ပြုစုလုပ်ကျွေးတော်မူခဲ့ပါသည်။

တေဒဂ် ငါးမျိုး ရရှိခြင်း

ဤသို့လျှင် ရှင်အာနန္ဒာမထေရ်သူမြတ်သည် ဘဏ္ဍာဂါရိကဘဏ္ဍာစိုး အရာ၌တည်၍ တရားပရိယတ်ကို သင်ယူခြင်း, တရားတော်ကို ဆောင်ယူခြင်း ငှါ ထက်သန်သောသတိနှင့်ပြည့်စုံခြင်း, တရားတော်ကို လျင်မြန်စွာ သင်ယူ ခြင်းငှါ စွမ်းနိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း, တရားတော်ကို သရဇ္ဈာယ် ခြင်း, ရွတ်အံခြင်းငှါ ထက်သန်သော လုံ့လဝီရိယနှင့် ပြည့်စုံခြင်း, မြတ်စွာ ဘုရားအား တပါးသော ရှေးမထေရ်တို့နှင့်မတူ ကဲချွန်စွာပြုစုလုပ်ကျွေး ခြင်း တည်းဟူသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံခြင်း ဤအကြောင်းငါးပါးကို အကြောင်းပြု၍ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းအရပ်ဝယ် တေဒဂ် ပွဲကြီးသဘင် ယင်တော်မူသောကာလ၌ များစွာသောရဟန်းပရိသတ်တို့ အလယ်ဝယ်—

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဗဟုဿုတာနံ။ သတိ-မန္တာနံ။ ဂတိမန္တာနံ။ ဓိတိမန္တာနံ။ ဥပဋ္ဌာကာနံ ယဒိဒံ အာနန္ဒော" ဟု-

http://www.dhammadownload.com

ချစ်သားရဟန်းတို့.... ငါဘုရား၏ သာသနာတော်ဝယ် ဓမ္မဘဏ္ဍာဂါရိက ဘဏ္ဍာစိုးအနေဖြင့် ဘဏ္ဍာဂါရိကပရိယတ္တိအနေဖြင့် တရားကို သင်ယူ၍ ဗဟုဿုတများကြသော ပုဂ္ဂိုလ်တို့တွင်၎င်း တရားတော်ကို ဆောင်ယူနိုင်သော သတိနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့တွင်၎င်း တရားတော်ကို လျင်မြန်စွာ သင်ယူနိုင်သော ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့ဘွင်၎င်း တရားတော်ကို သင်ယူနိုင်သောလှံလ, အထူးသဖြင့် ရွတ်အံနိုင်သောလှံလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့တွင်၎င်း ငါဘုရားအား ပြုစုလုပ်ကျွေးကြသော ပုဂ္ဂိုလ်တို့တွင်၎င်း ညီဘော်အာနန္ဒာသည် အသာဆုံး အမြတ်ဆုံးပေတည်းဟု ငါးပါးသောတေဒင်္ဂရာထူးတို့၌ ချီးကျူးမြောက်စား ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အရှင်အာနန္ဒာဝတ္ထု ပြီး၏။

အရှင်ဥပါလိ ဝတ္ထု

ပု။ ။တေနာ ဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အဂ်ုတ္တရနိကာယေ ကေကနိပါတေ တေဒဂ်ဝဂ်ေ အာဂတေသု ကေစတ္တာလီသာယ မဟာထေရေသု အာယသ္မာ ဥပါလိတ္ထေရော ပဌမမဟာသံဂီတိကာလေ ဝိနယဝိဿဇ္ဇကဘူတော ကထံ တေဒဂ်ဋ္ဌာနေ ဌပိတော။

ဝိ။ ။အာယသ္မာ ဘန္တေ ဥပါလိတ္ထေရော ပဌမမဟာသံဂီတိကာလေ ဝိနယဝိဿဇ္ဇကဘူတော "တေဒဂ်ံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလီ" တိ ဧဝံခေါ ဘန္တေ ဘဂဝတာ တေဒဂ်ဋ္ဌာနေ ဌပိတော။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုမြတ်စွာဘုရားသခင်သည် အဂ်ုတ္တရနိကာယ် ကေကနိပါတ် တေဒဂ်ဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာတင်ထားခဲ့သည့်အတိုင်း တေဒဂ်ရ မထေရ်အဖြစ်ဖြင့် အထင်အရှား လာရှိကုန်သော လေးဆယ့်တပါးသော မထေရ်မြတ်တို့တွင် ပဌမမဟာသံဂါယနာတင်စဉ် အခါကာလ၌ အရှင်မဟာကဿပက မေးမြန်းအပ်

http://www.dhammadownload.com

သော ဝိနည်းပိဋကဆိုင်ရာ မေးခွန်းပုစ္ဆာတို့ကို ဖြေတော်မူသည့် ဝိနယ-ဝိဿဇ္ဇက ပဂ္ဂိုလ် ဖြစ်တော်မူသော အရှင်ဥပါလိမထေရ်မြတ်ကို တေဒဂ် ရာထူး၌ အဘာယ်သို့လျှင် ချီးကျူးတင်ထားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပဌမမဟာသံဂါယနာသဘင် ယင်ရာကာလဝယ် ဝိနယ-ဝိဿဇ္ဇက ဖြစ်တော်မူသော အရှင်ဥပါလိမထေရ်သူမြတ်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္ဗဉ္ဇုမြတ်စွာဘုရားသည် ဝိနည်းမိုရ် အရာဝယ် တေဒဂ်ရာထူး၌ ချီးကျူးမြွောက်စား ထားတော်မူအပ်ခဲ့ပါသည်။

အတိတ် ဝတ္ထု

အဋ္ဌုပ္ပတ္တိ အကြောင်းကို အနည်းငယ်မျှ ထပ်လောင်း လျှောက်ဆိုလို ပါသည်—

လွန်ခဲ့သော ကမ္ဘာတသိန်းထက် ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော် မူသော ကာလဝယ် ဥပါလိမထေရ်၏အလောင်း အမျိုးကောင်းသားသည် တခုသော အမျိုး၌ ဖြစ်၍ ပဒုမုတ္တရမြတ်စွာဘုရားထံ တရားနာသွားရောက် ပြီးလျှင် တရားပွဲ ပြီးဆုံးသောကာလ၌ ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန်း တော်တပါးကို ဝိနည်းမိုရ်အရာ၌ တေဒဂ်ထားသည်ကို မြင်၍ နှစ်လိုအားရမ်း ဝမ်းမြောက်သော စိတ်နှလုံးရှိသဖြင့် ပဒုမုတ္တရမြတ်စွာဘုရား သာသနာဝယ် အဓိကာရကောင်းမှု လွန်ကဲသော ကုသိုလ်ကိုပြုခဲ့၍ ဝိနည်းမိုရ် တေဒဂ် ရာထူးကို ဆည်ညှတ်ပန်ထွာ ပတ္ထနာမှု ပြုခဲ့ပါသည်၊ အသက်ထက်ဆုံးလည်း ဒါန သီလတည်းဟူသော ကောင်းမှုကုသိုလ်ကို ပွါးများ၍ ထိုဘဝမှသည် ကမ္ဘာတသိန်း ကာလတိုင်အောင် အပါယ်သို့ မလားရောက်ဘဲ လူ့ရွာနတ်ရွာ သုဂတိဘုံ ဌာနဋ္ဌပင် ချမ်းသာသုခတို့ကို ခံစား၍ ဤဘုရားလက်ထက်တော် ကာလဝယ် ဆတ္တာသည်အမျိုး၌ဖြစ်၍ ဥပါလိလုလင်ဟူ၍ တွင်ခဲ့ပါသည်။

ပစ္စုပ္ပန် ဖြစ်စဉ်

အရွယ်ရောက်လတ်သောအခါ ဘဒ္ဒိယမင်းသား အနုရုဒ္ဓါမင်းသား အာနန္ဒာမင်းသား ဒေဝဒတ္တမင်းသား ဘဂုမင်းသား ကိမိလမင်းသားတည်း ဟူသော မင်းသားခြောက်ယောက်တို့အထံဝယ် ဆတ္တာသည် အလုပ်ဖြင့် ဆည်းကပ်ခစား လုပ်ကျွေးပြုစုပါသည်။

http://www.dhammadownload.com

ထိုမင်းသားခြောက်ယောက်တို့ တောထွက်သောကာလဝယ် အတူတကွ လိုက်ပါ၍ သဗ္ဗညုမြတ်စွာဘုရား အနုပိယသရက်တော၌ သီတင်းသုံးတော်မူသောကာလ ဘုရားထံမှောက် မင်းသားခြောက်ယောက်တို့နှင့် အတူရောက်ရှိ၍ ရဟန်းပြုဘို့ရန် အစီအမံပြုလုပ်လတ်သည်ရှိသော် အနုရုဒ္ဓါမင်းသားက—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်တို့၏ သာကီဝင်မင်းမျိုးတို့သည် မာန်မာန ခက်ထန်လှပါကုန်သည်၊ ဤဥပါလိဆတ္တာသည်ကား တပည့်တော်တို့ အမြဲတစေ ခိုင်းစေ၍ လာခဲ့သော ရှည်ကျားသောကာလပင် အစေအပါး ဖြစ်ခဲ့ပါသည်၊ ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် ဥပါလိဆတ္တာသည်ကို ရှေးဦးစွာ ရဟန်းပြု၍ ပေးတော်မူပါ၊ သိက္ခာကြီးသောဥပါလိအား တပည့်တော်တို့သည် နောက်မှ ရဟန်းပြု၍ ဂရုဂါရဝ ရှိခိုးခြင်း အမှုပြုရပါမည်၊ ထိုသို့ ပြုရလျှင် တပည့်တော်တို့၏ သာကီဝင် မာန်မာနကင်းစင်၍ မဂ်ဖိုလ်၏အန္တရာယ် အဖြစ်မှ ငြိမ်းအေးပါလိမ့်မည်ဟု လျှောက်ထားသဖြင့် မင်းသားခြောက်ယောက်တို့ထက်အလျင် ရှေးဦးစွာ ဥပါလိဆတ္တာသည်ကို ရဟန်းပြု၍ ပေးတော်မူခဲ့ပါပေသည်။

ဝိနည်းအရာ၌ ထူးချွန်ခြင်း

ဥပါလိမထေရ်သူမြတ်သည် ရဟန်းဖြစ်ပြီးသောကာလဝယ် မြတ်စွာဘုရားအထံ၌ ကမ္မဋ္ဌာန်းကို ယူ၍ ဝိပဿနာအလုပ် အားထုတ်လတ်သည်ရှိသော် မကြာမြင့်မီပင်လျှင် အရဟတ္တဖိုလ်ပေါက် ရောက်တော်မူခဲ့ပါသည်၊ အရဟတ္တဖိုလ်ရောက်တော် မူပြီးသော ကာလမှ နောက်အခါဝယ် သမ္မာသမ္ဗုဒ္ဓဘုရားထံ၌ ဝိနည်းပိဋကကို အထူးသဖြင့် လေ့လာ သင်ကြား တတ်မြောက်ခဲ့ပါပေသည်။

ထို့ကြောင့်ပင်လျှင် မိမိ၏ အပဒါန်ကို လျှောက်ထားရာ ကာလ၌—

ဝိနယော ဝါသယော မယှံ၊
ဝိနယော ဌာနစင်္ကမံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊
ဝိနယော မမ ဂေါစရော။

http://www.dhammadownload.com

ဟူ၍ ဘုန်းတော်ကြီးမြတ်တော် မူလှသော မြတ်စွာဘုရား ဝိနည်း ပိဋကတော်သည် တပည့်တော်၏ အမြဲတစေ ကိန်းနေရာ အာသယလည်း မှန်ပါပေသည်၊ ဝိနည်းပိဋကတော်သည် တပည့်တော်၏ ရပ်တည်ရာ စက်ြံသွားရာလည်း မှန်ပါပေသည်၊ တပည့်တော်သည် ဝိနည်းပိဋက၌ အမြဲတစေ နေထိုင်လျက် ရှိပါပေသည်၊ ဝိနည်းပိဋကတော်သည်ကား တပည့်တော်၏ ကျက်စားရာ ဂေါစရဂါမ်လည်း မှန်ပါပေသည်ဟု လျှောက်ထားခဲ့ပါသည်။

နောက်အခါဝယ် အဇ္ဇုကဝတ္ထု, ဘာရုကစ္ဆကဝတ္ထု, ကုမာရကဿပဝတ္ထုတည်းဟူသော ဤဝတ္ထုသုံးခုတို့၌ သဗ္ဗညုမြတ်စွာဘုရား အလိုတော်ကျ ဝိနည်းဓမ္မကံ မှန်ကန်အောင် ဆုံးဖြတ်တော်မူခဲ့ပါသည်၊ သုံးဝတ္ထုလုံး၌ ပင်လျှင် သဗ္ဗညုမြတ်စွာဘုရားသည် ကောင်းချီးနုမော် သာဓုခေါ်တော်မူခဲ့ပါပေသည်။

ဤဝတ္ထုသုံးပါး၌ သဗ္ဗညုမြတ်စွာဘုရား အလိုတော်ကျ ဝိနည်းဓမ္မကံကို မှန်ကန်အောင် ဆုံးဖြတ်နိုင်မှုကိုပင် အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ များစွာသော ရဟန်းတော်တို့အား ဇေဒဂ် ဘွဲနှင်းသဘင် ယင်ရာကာလဝယ်—

ဇေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလိ—

ဟု....ချစ်သားရဟန်းတို့....ဝိနည်းပိဋကကို ဆောင်ယူကြကုန်သော ငါဘုရား၏ တပည့်သားရဟန်းတော်တို့တွင် ဥပါလိမထေရ်သည် အမြတ်ဆုံး အသာဆုံးသူပါပေတည်း ဟု သဗ္ဗညုမြတ်စွာဘုရားသည် ဥပါလိမထေရ်သူမြတ်ကို ဝိနည်းဓိုရ် အရာဝယ် ဇေဒဂ် ရာထူး၌ ချီးကျူး မြှောက်စား ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အရှင်ဥပါလိဝတ္ထု ပြီး၏

မဟာပဇာပတိဂေါတမီထေရီ ဝတ္ထု

ပု။ ။ဇေဒဂ္ဂဝဂ္ဂေ အာဝုသော အာဂတာသု တေရသသု ထေရီသု မဟာ-ပဇာပတိ ဂေါတမီထေရီ ကထံ ဘဂဝတာ ဇေဒဂ္ဂဋ္ဌာနေ ဌပိတာ။

http://www.dhammadownload.com

ဝိ။ ။တေဒဂ္ဂဝင်္ဂေ ဘန္တေ အာဂတာသု တေရသသု ထေရီသု မဟာပဇာ-
ပတိဂေါတမီထေရီ "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ
ရတ္တညူနံ ယဒိဒံ မဟာပဇာပတိ ဂေါတမီ" တိ ဧဝံခေါ ဘန္တေ ဘဂဝတာ
တေဒဂ္ဂဋ္ဌာနေ ဌပိတာ။

မေး။ ။အင်္ဂုတ္တရနိကာယ် ကေကနိပါတ် တေဒဂ္ဂဝဂ်၌ ရှေးသံဂါယနာ
တင် မဟာထေရ်မြတ်ဘို့ တေဒဂ်ရပုဂ္ဂိုလ်အဖြစ်ဖြင့် သံဂါယနာတင်ထား
သည့်အတိုင်း အထင်အရှား လာရှိကုန်သော တဆယ့်သုံးပါးသော ထေရီမ
တို့တွင် မဟာပဇာပတိဂေါတမီအမည်ရှိသော (မိထွေးတော် ဂေါတမီ)
ထေရီမကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္ဗညုမြတ်စွာ
ဘုရားသခင်သည် အဘယ်သို့လျှင် ဘေဒဂ်ရာထူး၌ ချီးကျူးတင်ထားတော်
မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။တေဒဂ္ဂဝဂ်လာ တေဒဂ်ရ ဘိက္ခုနီထေရီ တကျိပ်သုံးပါး
တို့တွင် မြတ်စွာဘုရား၏ မိထွေးတော် မဟာပဇာပတိဂေါတမီထေရီမကို
"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ရတ္တညူနံ ယဒိဒံ မဟာပဇာပတိ
ဂေါတမီ" ဟူ၍ ဤဘုရားသာသနာဝယ် ရှည်လျားသော ကာလပတ်လုံး ညဉ့်
အပိုင်းအခြားကို သိကြကုန်သော အရိယာသာဝိကာမဖြစ်၍ အကြာမြင့်ဆုံး
ဖြစ်ကြကုန်သော ဘိက္ခုနီမတို့တွင် သစ္စာလေးပါးတရားကို သိကြသော
ထေရီဘိက္ခုနီမတို့တွင် မိထွေးတော် မဟာပဇာပတိဂေါတမီသည် အမြတ်ဆုံး
အစဆုံးဟူ၍ ချီးကျူးမြွောက်စား တေဒဂ်ရာထူး၌ ထားတော်မူအပ်ခဲ့ပါ
သည်။

အတိတ် ဝတ္ထု

အဋ္ဌုပ္ပတ္တိ အကြောင်းကို အနည်းငယ်မျှ ဖွင့်ပြ လျှောက်ထား
လိုပါသည်—

လွန်ခဲ့သော ကမ္ဘာတသိန်းထက်၌ မိထွေးတော် မဟာပဇာပတိ
ဂေါဘမီ၏ အလောင်းဖြစ်သော အမျိုးကောင်းသမီးသည် တခုသော အမျို
၌ ဖြစ်၍ ပဒုမုတ္တရမြတ်စွာဘုရားထံ တရားနာ ရောက်ခဲ့ပါသည်။

http://www.dhammadownload.com

ထိုအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် ဘိက္ခုနီ ထေရီမတပါးကို ရတ္တညူအရာ ဧတဒဂ်ထားသည်ကို မြင်လတ်၍ ပဒုမုတ္တရမြတ်စွာ သာသာနာဝယ် အဓိကာရ ကောင်းမှု လွန်ကဲသော ကုသိုလ်ကို ပြု၍ ရတ္တညူရာထူးကို ဆုညွတ်ပန်ထွာ ပတ္ထနာမှုပြုခဲ့ပါသည်။

ထိုဘဝမှ စုတေ၍ လူ့ပြည် နတ်ရွာတွင်သာ လူးလာတုံ့ခေါက် သံသရာ ကျင်လည်ခဲ့ပြီးလျှင် ဤဘဒ္ဒကမ္ဘာ တခုသော ဘုရားတို့၏ အကြား၌ ဗာရာဏသီပြည်အရပ်ဝယ် ကျွန်မအမျိုး၌ဖြစ်၍ ငါးရာသောကျွန်မတို့၏ အကြီးအကဲဖြစ်ခဲ့ပါသည်။

ထိုအခါ နန္ဒမူလပဗ္ဘာရ-နန္ဒမူလကလိုဏ်မှ ငါးပါးသော ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်တို့သည် ဝါဆိုဝါကပ် နီးလတ်သဖြင့် နေရာကုဋ္ဌိကျောင်းကို ရှာအံ့သောငှါ ဗရာဏသီပြည်တွင်း သူဌေးအိမ်သို့ သွားရောက်တော်မူ၍ ဟတ္ထကမ္မ လက်လုပ် အမှုကို (လက်သမား,အလုပ်သမား) အလှူခံသော်လည်း မရရှိခဲ့ပါ။

ထိုအခြင်းအရာကို မဟာပဇာပတိဂေါတမီ၏ အလောင်းဖြစ်သော အကြီးအကဲဖြစ်သော ကျွန်မသည် မြင်၍ ငါးရာသော ကျွန်မတို့နှင့် တိုင်ပင်ပြီးလျှင် ထိုပစ္စေကဗုဒ္ဓါ ငါးဆူတို့အတွက် နေ့ချင်းပြီး ဝါဆိုကျောင်း ငါးဆောင်စက်ုံ ကျောင်းငါးဆောင် ပရိဝုဏ်ငါးထပ်ကို ပြုပြင်စီရင်၍ လှူဒါန်းခဲ့ပါသည်။

ဝါတွင်းသုံးလပတ်လုံးလည်း ဆွမ်းဝတ် အလှည့်ကျ ပြုစုကြပြီးလျှင် ဝါကျွတ်သော ကာလဝယ် ကျွန်မတယောက် တယောက်လျှင် တထည်တထည်စီသော ဖျင်ကြမ်း အဝတ်ကို ရက်လုပ်၍ ထိုဖျင်ကြမ်း အဝတ်အထည် ငါးရာတို့ဖြင့် သင်္ကန်းလျာ ပိတ်တို့ကို လဲလှယ်၍ ပစ္စေကဗုဒ္ဓါ မထေရ်သူမြတ်တို့အား တိစီဝရိက် သင်္ကန်းကို လှူဒါန်းဆက်ကပ် ခဲ့ပါသည်။

ပစ္စုပ္ပန် ဖြစ်စဉ်

ထိုဘဝမှ စုတေလတ်၍ လူ့ရပ်နတ်ရွာ လူးလာစုန်ဆန် သံသရာ တလျှောက် ကျင်လည်ခဲ့ရပြီးလျှင် နောင်ပစ္ဆိမ ဤဘဝ၌ အသမ္ဘိန္နသကျ သာကီဝင်မင်းမျိုး၌ဖြစ်လတ်၍ ဘုရားမယ်တော် မာယာဒေဝီ၏ ညီမ အရင်း မဟာပဇာပတိဂေါတမီ ဟူသော အမည်ဖြင့် သုဒ္ဓေါဒန မဟာရာဇာ၏ မိဖုရား ဖြစ်ခဲ့ပါသည်။

http://www.dhammadownload.com

သဗ္ဗညုမြတ်စွာဘုရား အလောင်းတော်ကို မယ်တော်မာယာ မီးသန့်စင်ပြီးနောက် ခုနစ်ရက်မြောက်ကာလဝယ် နတ်ရွာစံလတ်သည်ရှိသော် မဟာပဇာပတိဂေါတမီကို သုဒ္ဓေါဒနမဟာရာဇာသည် အဂ္ဂမဟေသီ ဒေဝီအရာ အပ်နှင်းခဲ့ပါပေသည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူပြီးသည့်နောက် ငါးရက်မြောက်ကာလဝယ် နန္ဒမင်းသားကို မဟာပဇာပတိဂေါတမီ ဖွားမြင်ခဲ့ပါသည်၊ သားရင်းဖြစ်သော နန္ဒမင်းသားကို မဟာပဇာပတိဂေါတမီသည် အထိန်းတော်ဘို့ထံ အပ်နှံ၍ အလောင်းတော် မင်းသားကိုကား မိမိကိုယ်တိုင်ပင်လျှင် နို့ချိုအေး တိုက်ကျွေးသမှု ပြုစုခဲ့ပါသည်။

မာတုဂါမများ ရဟန်းပြုခွင့်

နောက်အခါ အလောင်းတော်သည် တောထွက်တော်မူ၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် အစဉ်သဖြင့် ကပိလဝတ်ပြည်သို့ ရောက်တော်မူသောကာလဝယ် နိဂြောဓာရုံကျောင်း အရပ်၌ ကိန်းအောင်း မွေလျော် နေတော်မူသော အခါ မဟာပဇာပတိဂေါတမီသည် ဘုရားထံမှောက်သွားရောက်၍ မာတုဂါမ မင်းမိန်းမတို့ ဤဘုရားသာသနာ၌ ရဟန်းပြုခွင့် တောင်းပါသော်လည်း ပြုခွင့် မရခဲ့ပါ။

နောက်အခါဝယ် ဝေသာလီပြည် မဟာဝုန်တော၌ ဘုရားကိုယ်တော်မြတ် သီတင်းသုံးနေတော်မူဆဲအခါ သုဒ္ဓေါဒနမင်းကြီးသည် ထီးဖြူအောက်မှ ပင် အရဟတ္တဖိုလ် ပေါက်ရောက်၍ ပရိနိဗ္ဗာန်စံပြီးသည်မှ နောက်ကာလဝယ် မိထွေးတော် မဟာပဇာပတိဂေါတမီသည် မဟာသမယသုတ္တန်၌ လာရှိသော ငါးရာသော သာကီဝင်မင်းသား ရဟန်းတို့၏ဇနီး ငါးရာသော သာကီဝင် မင်းသမီးတို့နှင့် အတူတကွ ဆံတို့ကိုပယ်၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ဆင်ပြီးလျှင် ခြေလျင်ခရီးဖြင့် ကပိလဝတ်ပြည်မှသည် ဝေသာလီပြည်အရောက် သွားရောက်၍ မဟာဝုန်တော ဘုရားရှိရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် ရှင်အာနန္ဒာ၏ အကူအညီဖြင့် မာတုဂါမ မင်းမိန်းမတို့ ဘုရားသာသနာဝယ် ရဟန်းပြုခွင့်ကို တောင်းပန်ခဲ့ပါသည်။

http://www.dhammadownload.com

ထိုအခါ သမ္မည္ုမြတ်စွာဘုရားက ဂရုမံရှစ်ပါးကို လိုက်နာလျှင် မိထွေးတော် မဟာပဇာပတိဂေါတမီအား ရဟန်းအဖြစ်ခွင့်ပြုတော်မူမည်ဟု မိန့်ကြားတော်မူလတ်သည်တွင် ရှင်အာနန္ဒာမထေရ်သူမြတ်သည် ဂရုမံရှစ်ပါး တရားကိုလေ့လာ၍ မဟာပဇာပတိဂေါတမီအား ပြန်ကြားမိန့်ဆိုတော် မူလတ်သောသခါ အမျိုးကောင်းသမီးသည် မိုးစေ့ပန်း ပဒုမ္မာကြာပန်းတို့ကို ဝမ်းမြောက်ဝမ်းသာ မိမိ၏ ဦးထိပ်ရွက် ပန်ဆင်သကဲ့သို့ တပည့်တော်သည်လည်း ရှင်တော်ဘုရားဟောကြားအပ်သော ဂရုမံရှစ်ပါး တရားတို့ကို ဝမ်းမြောက်ဝမ်းသာ ဦးထိပ်ရွက် ပန်ဆင်လိုက်နာပါမည်ဟု လျှောက်ထားခဲ့ပါသည်။

ဤသို့လျှင် မိထွေးတော် မဟာပဇာပတိဂေါတမီအား **အဋ္ဌဂရုဓမ္မ-ပဋိဂ္ဂဟဏ ဥပသမ္ပဒါ** ဂရုမံရှစ်ပါးတရားကို လက်ခံခြင်း, နာယူခြင်း, ကျင့်သုံးခြင်းလျှင် ရဟန်းပြုခွင့် ရရှိခဲ့ပါသည်၊ သာကီဝင်မင်းသမီး ငါးရာတို့သည်ကား ဘိက္ခုသံဃာတဖက်၌ပင်လျှင် မဟာပဇာပတိဂေါတမီကို ဥပဇ္ဈာယ် ပြု၍ ရဟန်းမိန်းမအဖြစ်ကို ရရှိခဲ့ပါသည်။

နောက်အခါ ကာလဝယ် မဟာပဇာပတိဂေါတမီသည် "ယေ ခေါ တေ ဂေါတမီ ဓမ္မေ ဇာနေယျာသိ၊ဣမေ ဓမ္မာ သရာဂါယ သံဝတ္တန္တိ၊နော ဝိရာဂါယ" အစရှိသည်ဖြင့် ဟောကြားအပ်သော သမ္မည္ုမြတ်စွာဘုရား တရားကို နာယူပြီး၍ ဘုရားအထံ၌ ကမ္မဋ္ဌာန်းတရား ယူပြီးလျှင် ဝိပဿနာအလုပ် ကြိုးကုတ်လတ်၍ ဘိက္ခုနီမ အပေါင်းတို့တွင် ရှေးဦးစွာ အရဟတ္တဖိုလ်ပေါက် ရောက်ရှိခဲ့ပါသည်၊ သာကီဝင်မင်းသမီးမှ ရဟန်းပြုကြသော ဘိက္ခုနီမ ငါးရာတို့သည်ကား နောက်ကာလ၌ နန္ဒက မထေရ်ဆုံးမသည့် နန္ဒကောဝါဒသုတ်အဆုံး၌ အရဟတ္တဖိုလ်ပေါက် ရောက်ရှိခဲ့ကြပါသည်။

ဤသို့လျှင် ဤဘုရား သာသနာဝယ် ဘိက္ခုနီမအပေါင်းတို့တွင် ရှေးဦးစွာ အရဟတ္တဖိုလ်ပေါက် ရောက်သဖြင့် ကြာမြင့်စွာသော ကာလကပင်လျှင် ညဉ့်အပိုင်းအခြားကို သိကြသော ဘိက္ခုနီမအပေါင်းတို့တွင် မဟာပဇာပတိဂေါတမီသည် အစဆုံး အဦးဆုံး အရဟတ္တဖိုလ်ပေါက် ရောက်သူ ဖြစ်ရကား နောက်အခါ ကာလဝယ် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဘိက္ခုနီမတို့အား အစဉ်သဖြင့် တေဒဂ်ရာထူး ချီးကျူးသော ကာလဝယ်—

http://www.dhammadownload.com

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ရတ္တညူနံ ယဒိဒံ မဟာပဇာပတိဂေါတမီ"—

ဟူ၍ ချစ်သားရဟန်းတို့....ညဉ့်အပိုင်းအခြားကို သိကြကုန်သော သစ္စာလေးပါးတရားကို အရဟတ္တဖိုလ်ပေါက် စောစောစီးစီး သိကြကုန်သော ငါဘုရား၏တပည့်မ ဘိက္ခုနီထေရီမအပေါင်းတို့တွင် မဟာပဇာပတိ ဂေါတမီသည် အစဆုံး အဦးဆုံးဖြစ်၍ အမြတ်ဆုံးပါပေတည်း ဟု ရတ္တညူ တေဒဂ် အရာ၌ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် မိထွေးတော် မဟာပဇာပတိ ဂေါတမီထေရီကို ချီးကျူးမြောက်စား ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

မဟာပဇာပတိဂေါတမီထေရီဝတ္ထု ပြီး၏

ခေမာထေရီဘိက္ခုနီမ ဝတ္ထု

ပု။ ။ခေမာထေရီ ပန အာဝုသော အဂ္ဂသာဝိကာ ဘဂဝတာ ကထံ တေဒဂ္ဂဌာနေ ဌပိတာ။

ဝိ။ ။ခေမာထေရီ ဘန္တေ ပဌမာ အဂ္ဂသာဝိကာ "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ မဟာပညာနံ ယဒိဒံ ခေမာ"တိ ဧဝံခေါ ဘန္တေ ဘဂဝတာ တေဒဂ္ဂဌာနေ ဌပိတာ။

မေး။ ။တေဒဂ်ရ ထေရီမတဆယ့်သုံးပါးတို့တွင် တပါးအပါအဝင်ဖြစ်သော ဤမြတ်စွာဘုရား၏ သာသနာတော်၌ ထေရီမတို့တွင် ပဌမ အဂ္ဂသာဝိကာမ ဖြစ်သော ခေမာအမည်ရှိသော ထေရီမကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့လျှင် တေဒဂ် ရာထူး၌ ချီးကျူးတင်ထား တော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ခေမာထေရီ အဂ္ဂသာဝိကာ ဘိက္ခုနီမကို ပညာကြီးသော အရာ၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သည် တေဒဂ်ရာထူး၌ ချီးကျူးမြောက်စား ထားတော်မူခဲ့ပါသည်။

http://www.dhammadownload.com

ထိုခေမာထေရီဘိက္ခုနီမ၏ အင်္ဂုပ္ပတ္တိအကြောင်းကား လွန်ခဲ့သော ကမ္ဘာတသိန်းထက် ပဒုမုတ္တရမြတ်စွာဘုရားသခင်၏ လက်ထက် ကာလဝယ် ခေမာထေရီဘိက္ခုနီမ၏ အလောင်းအလျာဖြစ်သော အမျိုးကောင်းသမီး သည် ပဒုမုတ္တရမြတ်စွာဘုရား၏ အဂ္ဂသာဝက သုဇာတမထေရ်အား သုံးခု သော ကတ္တော်မုံတို့ကို လှူဒါန်းခဲ့၍ ထိုနေ့မှာပင် မိမိ၏ ဆံပင်တို့ကို စွန့်၍ ရသမျှသော ဥစ္စာဖြင့် အဂ္ဂသာဝက အရှင်သုဇာတမထေရ်သူမြတ်အား အထူးထူးသော ဒါတမ္ဗဝတ္ထုတို့ကို လှူဒါန်းပြီးလျှင် "အရှင်ဘုရား.... တပည့်တော်၏ ဤဒါနကောင်းမှုသည် အရှင်ဘုရားကဲ့သို့ ဉာဏ်ပညာ ကြီး ခြင်း၏ အကြောင်းဖြစ်ပါစေသား"ဟူ၍ ဆုညွှတ်ပန်ထွာ ပတ္ထနာအမှု ပြုခဲ့ ပါသည်။

အတိတ် ဝတ္ထု

ထိုဘဝ၌ အသက်ထက်ဆုံး ဒါနသီလကောင်းမှုတို့ကို ပြုခဲ့ပြီး၍ အပါယ် ဘုံသို့ မကပ်ရောက်ဘဲ ကမ္ဘာတသိန်းပတ်လုံး လူ့ရွာ နတ်ရပ်၌သာလျှင် ချမ်းသာတခုမှ ချမ်းသာတခုသို့ ပြောင်းရွှေ့စံပယ်ခဲ့၍ ကဿပမြတ်စွာ သာသနာခေတ်ကာလဝယ် ဗာရာဏသီပြည် ကိကီမင်း၏သမီးတော် ခုနစ် ယောက်တို့တွင် တပါးအပါအဝင်ဖြစ်၍ ငယ်စဉ်ကပင် အိမ်ရာတည်ထောင်မှု မပြုဘဲ **ကောမာရဗြဟ္မစရိယ**[1] မြတ်သောအကျင့်ကို အနှစ်နှစ်သောင်း ကာလပတ်လုံး ကျင့်သုံးပြီး၍ ခုနစ်ဖော်သော ညီမတော်တို့နှင့် အတူတကွ ကဿပမြတ်စွာဘုရား၏ သီတင်းသုံးရာ ပရိဝုဏ်ကျောင်းတိုက်ကို ဆောက်လုပ် လှူဒါန်းခဲ့ပြီး၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်သို့ သွားရောက်ပြီးလျှင် နောက်ပစ္ဆိမ ဤဘဝ၌ မဒ္ဒတိုင်း သာဂလပြည်ဝယ် ခေမာမင်းသမီးဖြစ်၍ အရွယ်သို့ ရောက်လတ်သည်ရှိသော် ဗိမ္ဗိသာရ မဟာရာဇာ၏ အဂ္ဂမဟေသီ မိဖုရားခေါင် ဖြစ်လတ်ပါသည်။

ရုပ်ဆင်းအင်္ဂါ၌ မာန်ယစ်ခြင်း

ရုပ်အဆင်း လွန်စွာလှပခြင်းဖြင့် ရူပမာန်ယစ်ရကား သဗ္ဗညုမြတ်စွာ ဘုရား ဝေဠုဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေ

၁-ကောမာရဗြဟ္မစရိယ-အိမ်ထောင်မပြုဘဲ ကုမ္မာရီ အဖြစ်ဖြင့် မြတ်သောအကျင့်ကို ကျင့်သုံးခြင်း။

http://www.dhammadownload.com

တော်မူပါသော်လည်း ဘုရားကိုယ်တော်မြတ်သည် ရုပ်အဆင်း၌ အပြစ်ဒေါသကို ဟောဖော်ပြတော်မူလေ့ရှိသည်ဟူ၍ ဘုရားထံမှောက် ဖူးမျှော်ရန် မရောက်ဘဲ ရှိခဲ့ပါသည်။

ဗိမ္မိသာရမင်းတရားသည် ငါကိုယ်တိုင်ကား ဘုရားကိုယ်တော်မြတ်၏ အမြတ်ဆုံးသော အလုပ်အကျွေးဖြစ်ပါလျက် ငါ၏ အဂ္ဂမဟေသီ ခေမာဒေဝီ မိဖုရားကား ဘုရားထံမှောက် တကြိမ်တဖန် တရံတခါမျှ အဖူးအမျှော် မရောက်ရှိခြင်းကို ငါမနှစ်သက်နိုင်ဟု ကြံစည်ပြီးလျှင် စာရေးဆရာ ကဗျာကဝိတို့နှင့် တိုင်ပင်နှိုင်းညှိ၍ ဝေဠုဝန်ကျောင်းဖွဲ့ကဗျာဂါထာတို့ကို ဖွဲ့ဆို ပြီးလျှင် ခေမာဒေဝီ မဟေသီကြားလောက်သော အရပ်၌ ထိုထိုသဘင်သည် ကချေသည်တို့ကို ရွတ်ဆိုစေခဲ့ပါသည်။

ခေမာဒေဝီ မဟေသီသည်လည်း ဝေဠုဝန်ကျောင်းဖွဲ့ ဂါထာတို့ကို ကြားလတ်၍ ဝေဠုဝန် ဥယျာဉ်တော် ဖွဲ့ဂါထာတို့ကို ကြားလတ်၍ ဝေဠုဝန် ဥယျာဉ်သို့ သွားလိုကြောင်း ဗိမ္မိသာရမင်းတရားထံ ခွင့်တောင်းလတ်သည် ရှိသော် ဝေဠုဝန်ဥယျာဉ်သို့ သွားလျှင် သဗ္ဗညုမြတ်စွာဘုရားကို ဖူးမျှော် ပြီးမှ ပြန်ခဲ့ရမည်ဟု အမိန့်တော်မှတ်သားပါသော်လည်း စကားတုံ့ပြန်ပြော ဆိုခြင်း မပြုဘဲ သွားခဲ့ပါသည်။

ဗိမ္မိသာရ မင်းတရားသည်လည်း မင်းချင်းယောကျ်ားတို့ကို အကယ်၍ ခေမာဒေဝီသည် သဗ္ဗညုမြတ်စွာဘုရားကို မဖူးမျှော်ဘဲ ဥယျာဉ်တော်မှ ထွက်ခဲ့လျှင် ငါ၏မင်းအာဏာဖြင့် ဘုရားထံမှောက် ရောက်အောင် ပို့ဆောင်ရမည်ဟု မှာကြားလိုက်သည့်အတိုင်း ခေမာဒေဝီ မဟေသီသည် နေ့ အဘို့ကာလပတ်လုံး ဝေဠုဝန်ဥယျာဉ်ကို ကြည့်ရှုရ၍ နေ့အချိန် ကုန်လွန်လတ်သည် ရှိသော် ဘုရားကို မဖူးမျှော်ဘဲ ပြန်အံ့ပြူသည်တွင် မင်းချင်းယောကျ်ားတို့ မင်းအာဏာဖြင့် ဘုရားထံမှောက် ရောက်အောင် ပို့ဆောင်ခဲ့ပါသည်။

သံဝေဂ ရစေပုံ

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ အနီးအပါးဝယ် ယပ်လေခတ်၍ နေသောနိမ္မိတ[၁] နတ်သမီးကို ဖန်ဆင်း၍ထားခဲ့ပါပေသည်။

၁-နိမ္မိတ-ဖန်ဆင်းအပ်သော နတ်သို့၊ မြတ်စွာဘုရားက ဖန်ဆင်းထားသော နတ်သို့းအတု ဖြစ်သည်။

http://www.dhammadownload.com

ခေမာဒေဝီ မဟေသီသည်လည်း ထိုနတ်သမီးကို မြင်လျှင် လွန်စွာအံ့သြလှ၍ မိမိ၏ မာန်မာန မှားကြောင်း စဉ်စားပြီးလျှင် ထိုနတ်သမီးကိုပင် ကြည့်ရှု၍ နေခဲ့ပါသည်။

ထိုနိမ္မိတနတ်သမီးသည် ဘုရားကိုယ်တော်မြတ်၏ အဓိဋ္ဌာန် အာနုဘော်ကြောင့် ခေမာဒေဝီ မဟေသီကြည့်ရှုစဉ်ကာလပင် ပဌမအရွယ်ကိုလွန်၍ မဇ္ဈိမအရွယ်၌တည်သကဲ့သို့ဝင်း မဇ္ဈိမအရွယ်ကိုလွန်၍ ပစ္ဆိမအရွယ်၌ တည်သကဲ့သို့ဝင်း နောက်ဆုံးဝယ် ကြီးစွာသော အမျိုးသမီးဖြစ်၍ ဘုရား၏အနီး အပါးဝယ် မိမိခတ်သော ယပ်နှင့်တကွ တိမ်းလဲ၍ သွားသည့်တိုင်အောင် သံဝေဂဖြစ်ဘွယ်ရာကို မြင်လတ်၍ ခေမာဒေဝီမဟေသီလည်း ဤမျှတင့်တယ် လှပသော ရုပ်အဆင်းပင်သော်မှ ဤသို့ ဖောက်ပြန်ခြင်း ပျက်စီးခြင်း သဘောရှိပေသည်၊ ငါ၏ရုပကာယသည်လည်း ဤသဘောကို မလွန်မြောက်နိုင်၊ ဤသို့ အလားရှိလိမ့်မည်ဟု သံဝေဂဉာဏ်ရင့်သန်လတ်သည် ရှိသော်—

"ယေ ရာဂရတ္တာနုပတန္တိ သောတံ၊
သယံကတံ မက္ကဋွေဝ ဇာလံ၊
ဧတမ္ပိ ဆေတ္ဝာန ဝဇန္တိ ဓီရာ။
အနပေက္ခိနော သဗ္ဗဒုက္ခံ ပဟာယ"—

ဟူ၍ သဗ္ဗညူ မြတ်စွာဘုရားသည် အရဟတ္တဖိုလ် ပေါက်ရောက်အောင် ဤဂါထာကို ဟောကြားတော် မူလတ်ပါပေသည်။

ထိုဂါထာအဆုံးဝယ် ခေမာဒေဝီမဟေသီသည် အာသဝေါကုန်ခန်း ရဟန္တာမ ဖြစ်၍ ထိုနေ့ပင် ဗိမ္ဗိသာရမင်းတရားထံ အခွင့်ပန်၍ ဘိက္ခုနီမအဖြစ်သို့ ရောက်ခဲ့ပါသည်။

ပညာတေဇဂ် ရရှိခြင်း

နောက်အခါကာလဝယ် သာဝတ္ထိပြည်နှင့် သာကေတမြို့၏ အကြား တောရဏ္ဍဝတ္ထုအမည်ရှိသော အရပ်၌ ပသေနဒီ ကောသလမင်း လျှောက်ထားသော အမေးပုစ္ဆာ ပြဿနာလေးချက်ကို သဗ္ဗညုမြတ်စွာဘုရား အလိုတော်ကျ ဖြေရှင်း ခဲ့ပါသည်။

http://www.dhammadownload.com

ဤဝတ္ထုကိုပင် အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဘိက္ခုနီမတို့အား အစဉ်အတိုင်း တေဒဂ်ရာထူး ထားတော်မူသော ကာလဝယ်—

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ မဟာပညာနံ ယဒိဒံ ခေမာ"—

ဟု ချစ်သားရဟန်းတို့.... ငါဘုရား၏ ပညာကြီးမြတ်ကြသော တပည့် သာဝိကာမ ထေရီအပေါင်းတို့တွင် ခေမာထေရီဘိက္ခုနီမသည် အမြတ်ဆုံး အသာဆုံးဟူ၍ ဤဏ်ပညာကြီးသော အရာ၌ ခေမာထေရီဘိက္ခုနီမကို သဗ္ဗညုမြတ်စွာဘုရား တေဒဂ်ရာထူး၌ ချီးကျူးမြွောက်စား ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား....။

ခေမာထေရီဘိက္ခုနီမဝတ္ထု ပြီး၏

ဥပ္ပလဝဏ္ဏာထေရီဘိက္ခုနီမ ဝတ္ထု

ပု။ ။ဥပ္ပလဝဏ္ဏာ ပန အာဝုသော ထေရီ ဒုတိယအဂ္ဂသာဝိကာ ဘဂဝတာ ကထံ တေဒဂ္ဂဋ္ဌာနေ ဌပိတာ။

ဝိ။ ။ဥပ္ပလဝဏ္ဏာ ဘန္တေ ထေရီ ဒုတိယအဂ္ဂသာဝိကာ "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဣဒ္ဓိမန္တီနံ ယဒိဒံ ဥပ္ပလဝဏ္ဏာ"တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ တေဒဂ္ဂဋ္ဌာနေ ဌပိတာ။

မေး။ ။မြတ်စွာဘုရား၏ ဒုတိယအဂ္ဂသာဝိကာမဖြစ်သော ဥပ္ပလဝဏ္ဏာ အမည်ရှိသော ထေရီမကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့လျှင် တေဒဂ်ရာထူး၌ ချီးကျူးတင်ထားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။မြတ်စွာဘုရား၏ ဒုတိယအဂ္ဂသာဝိကာ ဖြစ်ပါသော ဥပ္ပလဝဏ္ဏာထေရီ ဘိက္ခုနီမကို တန်ခိုးတေဇော် ကြီးမြတ်သောအရာ၌ တေဒဂ်ရာထူး၌ ချီးကျူးမြွောက်စား သဗ္ဗညုမြတ်စွာဘုရား ထားတော်မူအပ်ခဲ့ပါသည်။

အတိတ် ဝတ္ထု

ဥပ္ပလဝဏ္ဏာထေရီမ၏ အလောင်းဖြစ်သော အမျိုးကောင်းသမီးသည် လွန်ခဲ့သော ကမ္ဘာတသိန်းထက် ပဒုမုတ္တရမြတ်စွာဘုရား သာသနာဝယ်

http://www.dhammadownload.com

တရားတော်ကို ကြားနာ၍ ထေရိမတဦးအား တန်ခိုးကြီးသောအရာ ဇောဒင်္ဂ ရာထူး ချီးကျူးမြှောက်စား ထားသည်ကို မြင်လတ်၍ ကြီးစွာသော အဓိကာရ ကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ဣဒ္ဓိမန္တအရာ ဇောဒင်္ဂရာထူးကို ဆည်ဟန်ပန်ထား ပတ္ထနာအမှု ပြုခဲ့ပါသည်။

ထိုဘဝမှ စုတေ၍ တခုသောဘဝ လယ်သမား၏သမီး ဖြစ်သော ကာလဝယ် လယ်တောသို့ သွားရောက်သောအခါ လမ်းခရီးအကြား၌ ပဒုမ္မာကြာအိုင်ကို တွေ့၍ ထိုကြာအိုင်အတွင်း သက်ဆင်းပြီးလျှင် ပဒုမ္မာကြာပန်းတို့ကိုလည်း ပဒုမ္မာကြာရွက်ဘို့ကိုလည်း ခူးယူခဲ့၍ မိမိလယ်တောလယ်တဲသို့ ရောက်ရှိသောအခါ ကောက်နှံတို့ကို ရိတ်ဖြတ်၍ ပေါက်ပေါက်ကို လှော်ပြီးလျှင် ထိုပေါက်ပေါက်ကို ရေတွက်၍ နေစဉ် ဂန္ဓမာဒနလိုဏ်မှ အရှင်ပစ္စေကဗုဒ္ဓါတရားသည် ကြွရောက်လာ၍ ထိုအမျိုးသမီး၏ လယ်တဲသို့ ဆွမ်းခံကြွတော်မူလတ်သည်ကို သဒ္ဓါကြည်ဖြူ ဆည်းကပ်၍ မိမိလှော်ပြီးဖြစ်သော ပေါက်ပေါက်ကို သပိတ်အတွင်း ထည့်လှူ၍ ထိုသပိတ်အတွင်းဝယ် ပေါက်ပေါက်ပန်း၏ အထက်၌ ပဒုမ္မာကြာပန်းကို လှူဒါန်းခဲ့ပါပေသည်၊ ဤသို့လည်း ဆည်ဟတ်ပန်ထား ပြုခဲ့ပါသည်။

အရှင်သူမြတ်ဘုရား....တပည့်တော်သည် ဤပဒုမ္မာကြာပန်း လှူဒါန်းရသော **ကောင်းမှုကုသိုလ်**ကံကြောင့် ဖြစ်လေရာဘဝသံသရာဝယ် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ပဒုမ္မာကြာပန်းတို့သည် ခြေအောက်မှာ ခံသည့်ကိုယ် ဖြစ်ရပါလို၏၊ ဤပေါက်ပေါက်တို့ကို လှူဒါန်းရသော ကောင်းမှုကံကြောင့် ဤပေါက်ပေါက်ပွင့်တို့နှင့် အမျှ မျှားစွာသော သားတို့ကို ရသည့်ကိုယ် ဖြစ်ရပါလို၏-ဟူ၍ ဆည်ဟတ်ပန်ထား ပတ္ထနာမှု ပြုခဲ့ပါသည်။

ထိုဘဝမှ စုတေ၍ ကဿပမြတ်စွာဘုရားသာသနာ နောက်ကာလဝယ် **ပဒုမဝတီ** ဟူသော အမည်ဖြင့် ပစ္စေကဗုဒ္ဓါ မထေရ်ငါးရာတို့၏ မယ်တော် ဖြစ်ခဲ့ပါသည်။

ပစ္စုပ္ပန် ဖြစ်စဉ်

ဤဂေါတမမြတ်စွာ သာသနာတော်ခေတ် အခါနှင်တိုင်ရောက်လတ်သည်ရှိသော် သာဝတ္ထိပြည်အတွင်းဝယ် သူဌေးသမီး ဖြစ်လတ်၍ ဥပ္ပလဝဏ္ဏာ အမည်တွင်ခဲ့ပါသည်၊ အရွယ်သို့ရောက်လတ်သောအခါ ဇမ္ဗူဒီပ်ကျွန်းအပြင်

http://www.dhammadownload.com

ထင်ရှားရှိသော မင်းအပေါင်း သူဌေးသားအပေါင်းတို့က ဖခင်သူဌေးထံ တောင်းကြသဖြင့် "ငါသည် ခပ်သိမ်းကုန်သောမင်းသား, ခပ်သိမ်းကုန်သော သူဌေးသားတို့၏ စိတ်နှလုံးကို ယူတို့ရန် ခဲယဉ်းဘိတကား" ဟု ကြံစည်ပြီးလျှင် ချစ်သမီး ဥပ္ပလဝဏ္ဏာ....အသင်ချစ်သမီးသည် ရဟန်းပြုခြင်းငှါ စွမ်းနိုင်ပါ၏လော ဟု မေးမြန်းလတ်ပါသည်။

ထိုအခါ ဥပ္ပလဝဏ္ဏာသူဌေးသမီး၏ စိတ်သန္တာန်ဝယ် ပစ္ဆိမဘဝိက ပုဂ္ဂိုလ်စင်စစ် ဖြစ်လတ်ရကား ဖခင်ပြောကြားသော စကားသည် အကြိမ်တရာ ချက်အပ်သော ဆီဖြင့် မိမိ၏ဦးခေါင်းကို လောင်းလိုက်သည့်ပမာ စိတ်နှလုံး လွန်စွာ လွန်စွာ အေးချမ်းပြီးလျှင် "ဖခင် အကျွန်မသည် ဖခင်အလိုရှိသည့်အတိုင်း ရဟန်းပြုနိုင်ပါသည်"ဟု လျင်မြန်စွာ အဖြေစကား ပြောကြားခဲ့ပါသည်။

ထိုနေ့ပင်လျှင် ကြီးစွာသော ပဲ့လမ်းသဘင်ဖြင့် ရွှေတည်းဖြင့် တင်ဆောင်၍ ဥပ္ပလဝဏ္ဏာသူဌေးသမီးကို ဘိက္ခုနီမကျောင်းသို့ ရောက်အောင် ပို့ဆောင်၍ ရဟန်းပြုစေခဲ့ပါသည်။

ဥပ္ပလဝဏ္ဏာထေရီဘိက္ခုနီမသည် ရဟန်းပြု၍ မကြာမြင့်မီပင်လျှင် ဥပုသ်အိမ်၌ ဆီမီးညှိထွန်းသောအခါ ထိုဆီမီးအရောင်ကို အာရုံပြု၍ နိမိတ်ယူ၍ တေဇောကသိုဏ်းလျှင် အာရုံရှိသော စျာန်ကို ပွါးများပြီးလျှင် ထိုစျာန်ကို အခြေပါဒကပြု၍ ဝိပဿနာတရား ပွါးများလတ်သည်ရှိသော် အဘိညာဉ် ခြောက်ပါး သမာပတ်ရှစ်ပါးနှင့်တကွ အရဟတ္တဖိုလ်ပေါက် ရောက်ခဲ့ပါသည်။

တန်ခိုးအရာ တေဒဂ်ရခြင်း

နောက်အခါဝယ် သဗ္ဗညုမြတ်စွာဘုရား ယမိုက်ပြာဋ္ဌိဟာ ပဲ့သဘင် ယင်တော်မူသောကာလဝယ် ဥပ္ပလဝဏ္ဏာထေရီမသည် "ရှင်တော်ဘုရား၏ ကိုယ်စား တပည့်တော်ပင် ယမိုက်ပြာဋ္ဌိဟာကို ပြလိုပါသည်ဘုရား" ဟု ပရိသတ်လေးပါးတို့၏ အလယ်ဝယ် ရဲဝံ့စွာ လျှောက်ထားခဲ့ပါသည်။

ဤသည်ကိုပင် အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဘိက္ခုနီမတို့အား အစဉ်အားဖြင့် တေဒဂ်ပုံကြီး သဘင် ယင်တော်မူရကာလဝယ်—

http://www.dhammadownload.com

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဣဒ္ဓိမန္တာနံ ယဒိဒံ ဥပ္ပလဝဏ္ဏာ"—

ဟူ၍ ချစ်သား ရဟန်းတို့....တန်ခိုးရှိန်စော် အာနုဘော် ကြီးမြတ်လှကုန်သော ငါဘုရား၏ တပည့်မ သာဝိကာ ထေရီမအပေါင်းတို့တွင် ဥပ္ပလဝဏ္ဏာထေရီ ဘိက္ခုနီမသည် အမြတ်ဆုံး အသာဆုံးပါပေတည်းဟု တန်ခိုးတေဇော် အာနုဘော်ကြီးသောအရာ၌ သဗ္ဗညုမြတ်စွာဘုရားသည် ဥပ္ပလဝဏ္ဏာထေရီမကို ဧတဒဂ်ရာထူး၌ ချီးကျူးမြှောက်စားထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဥပ္ပလဝဏ္ဏာထေရီဘိက္ခုနီမဝတ္ထု ပြီး၏

ပဋ္ဌာစာရာထေရီဘိက္ခုနီမ ဝတ္ထု

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အင်္ဂုတ္တရနိကာယေ ဧကကနိပါတေ တေဒဂ္ဂဝဂ္ဂေ အာဂတာသု တေရသသု ထေရီသု ပဋ္ဌာစာရာနာမ ထေရီ ကထံ တေဒဂ္ဂဋ္ဌာနေ ဌပိတာ။

ဝိ။ ။တေဒဂ္ဂဝဂ္ဂေ ဘန္တေ အာဂတာသု တေရသသု ထေရိကာသု ပဋ္ဌာစာရာထေရီ "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဝိနယဓရာနံ ယဒိဒံ ပဋ္ဌာစာရာ"တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ တေဒဂ္ဂဋ္ဌာနေ ဌပိတာ။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုမြတ်စွာဘုရားသခင်သည် အင်္ဂုတ္တရနိကာယ် ဧကကနိပါတ် တေဒဂ္ဂဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာတင်ထားသဖြင့် အထင်အရှားလာရှိကုန်သော တေဒဂ်ရ ထေရီမတဆယ့်သုံးပါးတို့တွင် ပဋ္ဌာစာရာအမည်ရှိသော ထေရီမကို အဘယ်သို့လျှင် တေဒဂ်ရာထူး၌ ချီးကျူးတင်ထားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။တေဒဂ္ဂဝဂ်လာ တကျိပ်သုံးပါးသောထေရီမတို့တွင် ပဋ္ဌာစာရာထေရီဘိက္ခုနီမကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ဝိနည်းဓိရ်အရာဝယ် တေဒဂ်ရာထူး၌ ချီးကျူးမြှောက်စားထားတော်မူအပ်ခဲ့ပါသည်။

http://www.dhammadownload.com

အတိတ် ဝတ္ထု

ဤဘဒ္ဒကမ္ပာမှ ပဋိလောမအဆန်အပြန် ရေတွက်သည်ရှိသော် ကမ္ဘာ တသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူရာကာလဝယ် ပဋ္ဌာစာရာ ထေရီဘိက္ခုနီမ၏ အလောင်းဖြစ်သော အမျိုးကောင်းသမီးသည် ပဒုမုတ္တရ မြတ်စွာဘုရားထံ တရားနာ၍ တရားပဲ့ ပြီးဆုံးလတ်သောအခါ ပဒုမုတ္တရ မြတ်စွာဘုရားသည် တယောက်သော ထေရီဘိက္ခုနီမကို ဝိနည်းဓိုရ်အရာ၌ တောဒဂ်ထားသည်ကို မြင်လတ်၍ ကြီးစွာသော အဓိကာရကောင်းမှု ကုသိုလ် ကိုပြုပြီးလျှင် ဝိနည်းဓိုရ် တောဒဂ်အရာ၌ ဆည္ဆတ်ပန်ထား ပတ္ထနာအမှု ပြုခဲ့ ပါသည်။

ထိုပဋ္ဌာစာရာထေရီ ဘိက္ခုနီမ၏အလောင်းဖြစ်သော အမျိုးကောင်း သမီးသည် ထိုဘဝမှသည် ကမ္ဘာတသိန်းကာလပတ်လုံး နတ်ပြည်လူ့ပြည်တို့၌ လှည့်လည်ကျက်စားခဲ့၍ ဤဘဒ္ဒကမ္ပာ ကဿပမြတ်စွာဘုရား လက်ထက် တော်ကာလဝယ် ဗာရာဏသီပြည် ကိကီမင်း၏သမီးတော်၊ ခုနစ်ယောက်တို့ တွင် တပါးအပါအဝင်ဖြစ်ခဲ့၍ နှစ်ပေါင်း နှစ်သောင်းတိုင်တိုင် ကောမာရ ဗြဟ္မစရိယအကျင့်ကို ကျင့်သုံးခဲ့၍ ကဿပမြတ်စွာဘုရား သီတင်းသုံးတော် မူရာ ပရိဝုဏ်အလှူကို ညီမတော်ခြောက်ဦးတို့နှင့် အတူတကွ လှူဒါန်းပြုစုခဲ့ ပြီးလျှင် ဤဂေါတမမြတ်စွာ သာသနာကာလ နောက်ပစ္ဆိမဘဝဝယ် သာဝတ္ထိ ပြည်၌ သူဌေးသမီးဖြစ်လတ်၍ အရွယ်ရောက်လတ်သည်ရှိသော် အိမ်၌ အစေ အပါးဖြစ်သော သူနှင့် မေတ္တာရည်ငံ ဖြစ်ကြ၍ မိဘတို့ မသိခင် မြို့မှ လေး ယူဇနာ ငါးယူဇနာ ဝေးကွာသော ရွာငယ်၌ သွားရောက်နေကြ၍ နှစ်ယောက် သောသားတို့ ထွန်းကားသောကာလဝယ် မိဘတို့ထံပြန်၍ အလာတွင် သားလည်းဆုံး လင်လည်းဆုံးသဖြင့် "ဥဘော ပုတ္တာ ကာလင်္ကတာ၊ ပန္ထေ မယှံ ပတိ မတော"ဟု သားနှစ်ယောက်သည်လည်း စုတိပြတ်ကြွေ သေလွန်ခဲ့ လေပြီ၊ လမ်းခရီးအကြွားဝယ် အရှင်သခင်လင်လည်း ကွယ်လွန်ခဲ့လေပြီဟူ၍ ငိုကြွေးမြည်တမ်းလျက် သာဝတ္ထိပြည်အရပ်သို့ ရောက်လတ်သောအခါ မိခင် ဖခင်တို့၏ အကြောင်းကို စုံစမ်းလတ်သည်ရှိသော် လွန်ခဲ့သော ညကပင် သည်းထန်သော လေပြင်းမုန်တိုင်း တိုက်ခတ်၍ တိုက်အိမ်ပြိုကျသဖြင့် မိဘနှင့် တကွ မောင်ဖွား စုတိပြတ်ကြွေ သေလွန်ကြပြီး၍ ယခုမြင်ရသော မီးခိုး

http://www.dhammadownload.com

အညွှန့်သည် ထိုမိဘနှင့် မောင်ဖွား သုံးဦးသားကို သင်္ဂြိဟ်ရာ မီးခိုးညွှန့်ပေတည်း ဟု ပြောဆိုလတ်သဖြင့် ထိုအရပ်သို့ သွားရောက်ပြီးလျှင်—

"ဥဘော ပုတ္တာ ကာလင်္ကတာ၊
ပန္ဆေ မယှံ ပတီ မတော။
မာတာပိတာ စ ဘာတာ စ၊
ဧကစိဘကသ္မိံ ဥယှရေ"—

ဟု သည်းထန်စွာ ငိုကြွေး၍ မိမွေးတိုင်းသော ပါကတိကအသွင်ဖြင့်ပင်လျှင် ဝန်းကျင်ဒိသာ လှည့်ပတ်လျက်နေပါသည်။

အခါတပါး သဗ္ဗညုမြတ်စွာဘုရား တရားပွဲကျင်းပနေရာ အရပ်သို့ ထိုပဋ္ဌာစာရာအမျိုးသမီး ရောက်လတ်သည်ရှိသော် ဘုန်းတော်ကြီးမြတ်တော်မူလှသော သဗ္ဗညုမြတ်စွာဘုရားသည် မေတ္တာဖြန့်ဝေ၍ "သတိံ ပဋိလဘ ဘဂိနိ" ချစ်သမီး ပဋ္ဌာစာရာ....သတိတရားကို ရပါလော့-ဟူ၍ သတိပေးတော်မူလတ်သည်တွင် ကြီးစွာသော သတိသံဝေဂရ၍ ဟိရီသြတ္တပ္ပစိတ် ကိန်းဝပ်လတ်ရကား ရောက်သော အရပ်မှာပင် ရုတ်တရက် ထိုင်ခဲ့ပါသည်။

အနီးအနားရှိ တရားနာရာ ပရိသတ် အထည်းမှ တဦးသော အမျိုးကောင်းသားက အပေါ်ရုံ စုလျားတဘက်ကို ပေးသဖြင့် ဝတ်ရုံခဲ့ရပါသည်။

သောကမီးကို ခွါပစ်ခြင်း

ထိုတရားပွဲ အတွင်း၌ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားအား မိမိ၌ သားသေခြင်း အရှင်သခင် လင်၏ကွယ်လွန်ခြင်း မိဘနှစ်ပါးနှင့်တကွ မောင်ဖွားတို့ ကွယ်လွန်ခြင်းတည်းဟူသော ပိယေဟိ ဝိပ္ပယောဂ ဒုက္ခတို့ ပြင်းထန်စွာ နှိပ်စက်ကြကြောင်း လျှောက်ထားသည်တွင် ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည်—

"စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
တတော ဗဟုံ အဿုဇလံ အနပ္ပကံ။
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊
ကိံ ကာရဏာ အမ္မ တုဝံ ပမဇ္ဇသိ"—

ဟု ချစ်သမီး ပဋ္ဌာစာရာ.... အဘယ့်ကြောင့် ပြင်းထန်စွာ မေ့လျော့ပေါ့ဆ၍ နေရသနည်း၊ သင်ချစ်သမီး ယခုတွေ့ရသော ပိယေဟိ ဝိပ္ပယောဂ ဒုက္ခ

http://www.dhammadownload.com

သည် ယခုဘဝမှာမှ တွေ့ရသည့် အသစ်အဆန်း ဒုက္ခမျိုး မဟုတ်၊ အနမတဂ္ဂ အစမထင် သံသရာတခွင်၌ ပိယေဟိ ဝိပ္ပယောဂ ဒုက္ခနှိပ်စက်သဖြင့် စိုးရိမ်ငိုကြွေး ပူဆွေးရသော ပုဂ္ဂိုလ်၏ မျက်ရည်တို့ကို တခုသော နေရာဝယ် စုပေါင်း၍ ထားခဲ့သည်ရှိသော် မဟာသမုဒ္ဒရာလေးစင်း၏ အတွင်း၌ ရှိသော ရေကား နည်းရာပါသေး၏။ အနမတဂ္ဂသံသရာတခွင်ဝယ် ပိယေဟိ ဝိပ္ပယောဂ ဒုက္ခနှိပ်စက်သဖြင့် ငိုကြွေးရသော သတ္တဝါတယောက်၏ မျက်ရည်ပေါက်ကသာလျှင် ထိုသမုဒ္ဒရာလေးစင်း အတွင်းဝယ် ထင်ရှားရှိသော ရေတို့ထက် များရာ၏ဟု မျက်ရေသိမ်း သောကငြိမ်း ဂါထာများကို ဟောကြား တော်မူလတ်သည်ရှိသော် ပဋ္ဌာစာရာအမျိုးသမီးသည်လည်း သောက ပြေပျောက်လျက် ရှိပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်—

"နံ သန္တိ ပုတ္တာ တာဏာယ၊
နံ ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊
နတ္ထိ ဉာတီသု တာဏတာ။
တေမတ္ထဝသံ ဉတ္ဝာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ"—

ဟု ဤဂါထာ နှစ်ရပ်ကို ဟောပြခြွေချွတ်တော် မူလတ်ပါသည်၊ ထိုဂါထာတို့၏ အဆုံး၌ ပဋ္ဌာစာရာ အမျိုးသမီးသည် သောတာပတ္တိဖိုလ်၌ တည်ပါသည်။

သောတာပတ္တိဖိုလ်၌ တည်ပြီး၍ မြတ်စွာဘုရားအထံ ဘိက္ခုနီမအဖြစ် ရပါလိုကြောင်း ခွင့်တောင်းသည်တွင် ဘိက္ခုနီမကျောင်းသို့ သွားရောက်၍ ရဟန်းပြုစေခဲ့ပါသည်။

အရဟတ္တဖိုလ်နှင့် တေဒဂ်ဘွဲ့ရရှိပုံ

ပဋ္ဌာစာရာထေရီဘိက္ခုနီမသည် ရဟန်းပြု၍ မကြာမြင့်မီ တနေ့သော အခါဝယ် ရေအိုးဖြင့်ရေကိုဆောင်၍ မိမိခြေကို ဆေးလတ်သည်ရှိသော် ပဌမ

http://www.dhammadownload.com

ရေအိုးဖြင့် ဆောင်ယူခဲ့သော ရေသည် သွန်းလောင်းရာ အရပ်မှ မနီးမဝေးသော အရပ်သို့ ရောက်၍ ရေအစဉ်ပြတ်သည်ကို မြင်လတ်ပါသည်၊ ဒုတိယ ရေတအိုးကို ယူဆောင်၍ ရှေးနည်းအတူ သွန်းလောင်းလတ်သောအခါ ပဌမ ရေ ရောက်ရာထက် အနည်းငယ် ဝေးခြားသော အရပ်သို့ရောက်၍ ရေပြတ်ခဲ့ပါသည်၊ တတိယရေတအိုးဖြင့် သွန်းလောင်းသောအခါ ထို့ထက် ဝေးခြားသော အရပ်သို့ ရောက်၍ ရေအစဉ်ပြတ်သည်ကို ဒိဋ္ဌဆင်ဆင် တွေ့မြင်ရ၍ တရားနှလုံး သုံးခဲ့သည်မှာ "ဤလူ့ပြည်လောကဝယ် ရှိသမျှ ဥဿုံ အလုံးစုံသောသတ္တဝါတို့သည် အချို့ကား ပဌမအရွယ်၌ပင်လျှင် ဘဝဇာတ်သိမ်း ပြတ်ငြိမ်းကြရပေသည်၊ အချို့ကား မဇ္ဈိမအရွယ်၊ အချို့ကား ပစ္ဆိမအရွယ်၌ ဘဝဇာတ်သိမ်း ပြတ်ငြိမ်းကြရပါသည်" ဟု သံဝေဂဉာဏ် ရင့်သန်၍ ဝိပဿနာတရား ဆက်လက်ပွါးများလတ်သည်တွင် သဗ္ဗညုမြတ်စွာဘုရားသည်—

"ယော စ ဝဿသတံ ဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ။
ကောဟံ ဇီဝိတံ သေယ္ယော၊
ပဿတော ဥဒယဗ္ဗယံ"—

ဟူသော ဩဘာသဂါထာဖြင့် ချွေချွတ်တော်မူလတ်ပါသည်။

ထိုဂါထာ၏ အဆုံးဝယ် ပဋ္ဌာစာရာထေရီဘိက္ခုနီမသည် အရဟတ္တဖိုလ် ပေါက် ရောက်ခဲ့ပါသည်၊ နောက်အခါ ဤဘုရားသာသနာ၌ မြတ်စွာဘုရား၏ စကားတော်ကို သင်ယူလတ်သည်ရှိသော် အထူးသဖြင့် ဝိနည်းပိဋကတ်၌ လေ့လာ နိုင်နင်းခဲ့ပါသည်၊ ဤဝတ္ထုအကြောင်းအရာပွတ်ကို နိဒါန်းပြု၍ သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ များစွာသော ဘိက္ခုနီမ အပေါင်းတို့ကို အစဉ်သဖြင့် တေဒဂ်ရာထူး၌ ထားသော ဧတေဒဂ်ပဲ့ကြီးသဘင် ယင်ရာကာလဝယ်—

"ဧတေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဝိနယဓရာနံ ယဒိဒံ ပဋ္ဌာစာရာ"—

ဟု ချစ်သားရဟန်းတို့.... ငါဘုရား၏ တပည့်မထေရီ ဘိက္ခုနီမ အပေါင်းတို့တွင် ဝိနည်းပိဋကကို ဆောင်ယူကြသော ဘိက္ခုနီထေရီတို့အနက် ပဋ္ဌာ

http://www.dhammadownload.com

စာရာထေရီမသည် အမြတ်ဆုံး အသာဆုံးပါပေတည်းဟု ပဋ္ဌာစာရာထေရီ ဘိက္ခုနီမကို ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် တေဒဂ်ရာထူးဌ၌ ချီးကျူးမြောက်စား ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပဋ္ဌာစာရာထေရီဘိက္ခုနီမဝတ္ထု ပြီး၏

ဓမ္မဒိန္နာထေရီဘိက္ခုနီမ ဝတ္ထု

ပု။ ။ဓမ္မဒိန္နာ ပန အာဝုသော ထေရီ ဘဂဝတာ ကထံ တေဒဂ္ဂဌာနေ ဌပိတာ။

ဝိ။ ။ဓမ္မဒိန္နာ ဘန္တေ ထေရီ "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဓမ္မကထိကာနံ ယဒိဒံ မွေဒိန္နာ" တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ တေဒဂ္ဂဌာနေ ဌပိတာ။

မေး။ ။အင်္ဂုတ္တရနိကာယ် ကေကနိပါတ် ကေဒဂ္ဂဝဂ်၌ ဧတေဒဂ်ရ ထေရီမအဖြစ်ဖြင့် အထင်အရှား လာရှိကုန်သော တဆယ့်သုံးပါးသော ထေရီမတို့ဘုင် မွေဒိန္နာအမည်ရှိသော ထေရီမကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့လျှင် တေဒဂ်ရာထူး၌ ချီးကျူးတင်ထားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဓမ္မဒိန္နာထေရီ ဘိက္ခုနီမကို ဘုန်းတော်ကြီးမြတ်တော်မူလှသော သဗ္ဗညုမြတ်စွာဘုရားသည် မွေကထိကထေရီ ပဋိုလ်အပေါင်းတို့တွင် အမြတ်ဆုံး အသာဆုံးဟူ၍ တေဒဂ်ရာထူး၌ ချီးကျူးမြောက်စား ထားတော်မူအပ်ခဲ့ပါသည်။

အတိတ် ဝတ္ထု

ဤကမ္ဘာမှ ပဋိလောမ အဆန်အပြန် ရေတွက်သည်ရှိသော် ကမ္ဘာ တသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသော ကာလဝယ် မွေဒိန္နာ ထေရီဘိက္ခုနီ၏ အလောင်းသည် အမျိုးကောင်းသမီး ဖြစ်လတ်၍ ပဒုမုတ္တရ မြတ်စွာဘုရားထံ တရားနာ သွားရောက်ရာတွင် ပဒုမုတ္တရမြတ်စွာဘုရားသည်

http://www.dhammadownload.com

တပါးသော ဘိက္ခုနီမကို ဓမ္မကထိကအရာ တောဒဂ်ထားသည်ကို မြင်လတ်၍ ကြီးစွာသော အဓိကာရ မဟာကုသိုလ်ကောင်းမှု အစုကို ပြုခဲ့၍ ဓမ္မကထိက တောဒဂ်ရာထူးကို ဆည်ညှတ်ပန်ထား ပတ္ထနာမှု ပြုခဲ့ပါသည်။

ထိုဘဝမှစုတေလတ်၍ ကမ္ဘာတသိန်းကာလပတ်လုံး လူ့ပြည်နှတ်ပြည်၌ ကျင်လည်ကျက်စားခဲ့၍ ကဿပမြတ်စွာ လက်ထက်တော် အခါကာလဝယ် ဗာရာဏသီပြည် ကိကီမင်း၏ သမီးတော် ခုနစ်ယောက်တို့တွင် တပါးအပါ အဝင်ဖြစ်၍ အနှစ်နှစ်သောင်းကာလပတ်လုံး အိမ်ရာမထောင်ဘဲ ကောမာရဗြဟ္မစရိယအကျင့်ကို ကျင့်သုံး၍ ကဿပမြတ်စွာဘုရား သီတင်းသုံးရာ ပရိဝုဏ်ကျောင်းတိုက်အရံကိုပြု၍ ညီအစ်မ ခြောက်ဦးတို့နှင့် အတူတကွ ကြီးစွာသော အလှူဒါနကို ပြုပြီးလျှင် နောက်ပစ္ဆိမ ဤဘဝဝယ် ရာဇဂြိုဟ်ပြည် ဝိသာခသူဌေး၏ သူဌေးကတော် ဓမ္မဒိန္နာဖြစ်၍ လာခဲ့ပါသည်။

ဝိသာခ သူဌေး

ဝိသာခသူဌေးသည် သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည်သို့ ပဌမဦးစွာ ကြွရောက်တော်မူသောကာလ၌ ဗိမ္ဗိသာရမင်းတရားနှင့်အတူတကွ ဘုရားထံမှောက် တရားနာလာရောက်သဖြင့် သောတာပန်တည်ခဲ့ပါသည်၊ ဗိမ္ဗိသာရမင်းတရားနှင့်လည်း လွန်စွာရင်းနှီးသော မိတ်ဆွေဖြစ်ခဲ့ပါသည်။

နောက်အခါဝယ် ဝိသာခသူဌေးသည် ဘုရားထံမှောက် တရားနာလာရောက်ရာဘုင် အနာဂါမိဖိုလ်၌ တည်သဖြင့် မိမိအိမ်သို့ ပြန်လာသော အခါ ရှေးကနှင့်မတူ အမူထူးခြား ရဟန်းတော်တပါးကဲ့သို့ မိမိအိမ်၌ နေသည်တွင် ဓမ္မဒိန္နာသူဌေးကတော်သည် အမူဖောက်ပြား ထူးခြားသည်ကို အစဲ့ပြု၍ မိမိအား အပြစ်ရှိ မရှိ မေးမြန်းရာတွင် ဓမ္မဒိန္နာအား အပြစ်မရှိကြောင်းငါသည် အရိယာသာဝကဖြစ်၍ ရှေးကကဲ့သို့ နေခြင်းငှါ မသင့်ကြောင်း၊ အသင်နှမ ဓမ္မဒိန္နာသည် ဤအိမ်၌နေလိုသော်မူလည်း နေပါ၊ သို့မဟုတ် အလိုရှိရာ ပစ္စည်းဥစ္စာနှစ်ကိုယူ၍ မိဘဘို့အိမ်ပြန်လိုမူ ပြန်ပါဟု ခွင့်ပြုခဲ့ပါသည်။

ဓမ္မဒိန္နာ ရဟန်းပြုခြင်း

ထိုအခါ ဓမ္မဒိန္နာသူဌေးကတော်က အရှင့်သား ထွေးမြဲပစ်သော တံခွေးခွက်,အရှင့်သား အန်၍ ပစ်သော အန်ဖတ်ကို အကျွန်ုပ်သည် အဘယ်

http://www.dhammadownload.com

မှာလျှင် ဦးခေါင်းနှင့်ရွက်၍ ထားနိုင်ပါအုံးနည်း၊ ယနေ့ပင် အကျွန်ုပ်အား ရဟန်းပြုခွင့်ပေးပါဟု ခွင့်တောင်းလတ်ပါသည်။

ထိုအခါ ဝိသာခသူဌေးသည် ဓမ္မဒိန္နာသူဌေးကတော်အား ကြီးစွာသော ပွဲသဗ်းအခမ်းအနားကို ကျင်းပ၍ ရွှေထမ်းစင်၌ တင်စေပြီးလျှင် ဘိက္ခုနီမ အရံသို့ ပို့ဆောင်၍ ထိုနေ့ပင် ဘိက္ခုနီမ ပြုလုပ်စေခဲ့ပါသည်။

ဓမ္မဒိန္နာသည် ရဟန်းမိန်းမအဖြစ်သို့ ရောက်ပြီး၍ မကြာမြင့်မီပင်လျှင် များစွာသော အဖော်ဘိက္ခုနီမတို့နှင့် အဘူတက္က ရွာငယ်အရပ်သို့ သွားရောက်ပြီးလျှင် သမထဝိပဿနာ ဘာဝနာတရား ပွါးများအားထုတ်သဖြင့် မကြာမြင့်မီပင်လျှင် အရဟတ္တဖိုလ်ပေါက် ရောက်ခဲ့ပါသည်။

အရဟတ္တဖိုလ်ပေါက် ရောက်ရှိပြီးသောအခါ ဉာတိသင်္ဃ ဆွေမျိုးတို့အား ချီးမြှင့်ထောက်ပံ့ခြင်းကို ပြုလိုရကား ရာဇဂြိုဟ်ပြည်သို့ တဖန်ပြန်၍ လာသည်တွင် ဝိသာခသူဌေးသည် ဓမ္မဒိန္နာထေရီဘိက္ခုနီမရှိရာ ဘိက္ခုနီအရံသို့ သွားရောက်၍ "အရှင်မ ဓမ္မဒိန္နာ....ဤသာသနာတော်၌ ပျော်ပိုက်ပါ၏လား" ဟူ၍ တိုက်ရိုက်မမေးမြန်းပဲ ဥပါဒါနက္ခန္ဓာငါးပါး သက္ကာယတရားမှ အစပြု၍ မက်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တိုင်အောင်သော ပုစ္ဆာတို့ကို အစဉ်သဖြင့် ဆင့်ကာ ဆင့်ကာ မေးမြန်းလျှောက်ထားခဲ့ပါပေသည်။

ဓမ္မဒိန္နာထေရီဘိက္ခုနီမသည်လည်း မေးတိုင်း မေးတိုင်းသော ပြဿနာတို့ကို သန်လျက်ဖြင့် ကြာရိုးကို ဖြတ်ဘိသကဲ့သို့ တိက္ခပြတ်သားစွာ ဖြေဆိုခဲ့ပါသည်။

ဝိသာခသူဌေးသည် အရဟတ္တဖိုလ် နိဗ္ဗာန်ထက် လွန်၍ အမေးပုစ္ဆာပြဿနာကို ဆက်လျှောက်မေးမြန်းသောအခါ ဓမ္မဒိန္နာထေရီ ဘိက္ခုနီမက အမေးပုစ္ဆာပြဿနာနယ်ကျွံ၍ သွားပြီဖြစ်ကြောင်း၊ ယခုမေးခဲ့သော အမေးပုစ္ဆာပြဿနာအဖြေ ဝိဿဇ္ဇနာတို့ကို ဘုရားထံမှောက် သွားရောက် လျှောက်ထားနိုင်ကြောင်း မိန့်ကြားသည်တွင် ဝိသာခသူဌေးသည်လည်း ဘုရားထံမှောက် သွားရောက်၍ မိမိက ဤသို့မေးမြန်းပါကြောင်း၊ ဓမ္မဒိန္နာထေရီက ဤသို့ ဖြေကြားပါကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင် သဗ္ဗညုမြတ်စွာဘုရားသည် ငါ၏ ချစ်သမီး ဓမ္မဒိန္နာထေရီမကား ပစ္စုပ္ပန် အတိတ်

http://www.dhammadownload.com

အနာဂတ်တည်းဟူသော ကာလသုံးပါးဝယ် ထင်ရှားရှိသော ခန္ဓာတို့၌ တဏှာတည်းဟူသော ကြောင့်ကြမှု တဉ်တာမှု အလျှင်းပင်ကင်းပြတ်သည့် ရဟန္တာထေရီဘိက္ခုနီမ ဖြစ်ကြောင်း ထင်စွာ ပြတော်မူလိုသည်ဖြစ်၍—

"ယဿ ပုရေ စ ပစ္ဆာ စ၊
မဇ္ဈေစ နတ္ထိ ကိဉ္စနံ။
အကိဉ္စနံ အနာဒါနံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ"—

ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

ထိုအချိန်မှစ၍ ဓမ္မဒိန္နာထေရီသည် ဓမ္မကထိကတရားဟောကောင်းကြောင်း ဤသာသနာတော်၌ လွန်စွာ လွန်စွာ ထင်ရှားခဲ့ပါသည်။

တေဒဂ်ဘွဲ့ ရရှိခြင်း

နောက်အခါ သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဘိက္ခုနီမတို့အား တေဒဂ် ဘွဲ့နှင်းသဘင် ယင်တော်မူလတ်သော အခါ ဓမ္မဒိန္နာထေရီဘိက္ခုနီမကို—

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဓမ္မကထိကာနံ ယဒိဒံ ဓမ္မဒိန္နာ"—

ဟု ချစ်သား ရဟန်းတို့....တရာဟော ကောင်းကြသော ငါဘုရား၏ တပည့်မ သာဝိကာထေရီ ဘိက္ခုနီမအပေါင်းတို့တွင် ဓမ္မဒိန္နာထေရီဘိက္ခုနီမသည် အမြတ်ဆုံး အသာဆုံးပါပေတည်း ဟု ဓမ္မကထိကတေဒဂ်အရာ၌ သဗ္ဗညုမြတ်စွာဘုရား ချီးကျူးမြွောက်စား ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဓမ္မဒိန္နာထေရီဘိက္ခုနီမဝတ္ထု ပြီး၏

ယသောဓရာထေရီဘိက္ခုနီမ ဝတ္ထု

ပု။ ။ဘဒ္ဒကစ္စာနာနာမ အာဝုသော ယသောဓရာထေရီ ဘဂဝတာ ကထံ တေဒဂ္ဂဋ္ဌာနေ ဌပိတာ။

http://www.dhammadownload.com

ဝိ။ ။ဘဒ္ဒကစ္စာနာ ဘန္တေ ယသောဓရာထေရီ ဘဂဝတာ "တေဒဂ္ဂံ ဘိက္ခဝေ မမသာဝိကာနံ ဘိက္ခုနီနံ မဟာဘိညပတ္တာနံ ယဒိဒံ ဘဒ္ဒကစ္စာနာ"တိ။ ဧဝံ ဧကါ ဘန္တေ တေဒဂ္ဂဋ္ဌာနေ ဌပိတာ။

မေး။ ။ဘဒ္ဒကစ္စာနာအမည်ရှိသော ယသောဓရာထေရီမကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္မာသမ္ဗုဒ္ဓဘုရားသခင်သည် အဘယ်သို့လျှင် တေဒဂ်ရာထူးဌာန ချီးကျူးတင်ထားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဘဒ္ဒကစ္စာနာအမည်ရသော ယသောဓရာထေရီ ဘိက္ခုနီမကို ကြီးကျယ်သော အဘိညာဉ်သို့ ရောက်ကြသော ပုဂ္ဂိုလ်တို့အနက် အမြတ်ဆုံး အသာဆုံးဟူ၍ တေဒဂ်ရာထူးဌာန ချီးကျူးမြောက်စား ထားတော်မူအပ်ခဲ့ပါသည်။

အဘိညာဉ်ထူးချွန်သူ လေးပါး

ဤမြတ်စွာဘုရား၏ သာသနာဝယ် သာဝကတိုင်း မဟာအဘိညပတ္တ ကြီးကျယ်သော အဘိညာဉ်သို့ ရောက်ကြသည် မဟုတ်ပါ၊ ဤမြတ်စွာဘုရား၏ သာသနာဝယ် အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန် အရှင်ဗာကုလ နှင့် ယသောဓရာထေရီဘိက္ခုနီ ဤလေးဦးသားတို့သည်သာလျှင် မဟာဘိညာ အဖြစ်သို့ ရောက်တော်မူကြပါသည်၊ အခြားတပါးသော သာဝကတို့သည် ကမ္မာတသိန်းအတွင်းသာလျှင် အောက်မေ့တော် မူနိုင်ကြပါသည်၊ မဟာဘိညအဖြစ်သို့ ရောက်တော်မူကြသော သာဝကလေးဦးသည်ကား တသောင်း နှင့် ကမ္မာတသိန်းကာလပတ်လုံး အောက်မေ့တော်မူစွမ်းနိုင်ကြပါသည်။

ယသောဓရာထေရီဘိက္ခုနီ၏အလောင်းဖြစ်သော အမျိုးကောင်းသမီး သည် လွန်ခဲ့သော ကမ္မာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား သာသနာဝယ် မဟာဘိညပတ္တထေရီမတပါးကို တေဒဂ်ထားသည်ကို မြင်လတ်၍ ကြီးစွာသော အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် မဟာဘိညပတ္တ တေဒဂ်ရာထူးကို ဆည္ဆာတ်ပန်ထာ ပတ္ထနာအမှု ပြုခဲ့ပြီးလျှင် ကမ္မာတသိန်း ကာလအတွင်း နတ်ပြည်လူ့ပြည်၌ ကျင်လည်ကျက်စားခဲ့ပြီး၍ ဤဘုရား သာသနာဝယ် အသမ္ဘိန္နသကျသာကီဝင်မင်းမျိုး၌ ဖြစ်လတ်၍ အရွယ် ရောက်လတ်သည်ရှိသော် အလောင်းတော်၏ အဂ္ဂဒေဝီ မဟေသီအရာ၌ တည် ခဲ့ပါသည်။

http://www.dhammadownload.com

ရာဟုလာမင်းသား ဖွားမြင်တော်မူပြီးနောက် သဗ္ဗညုမြတ်စွာဘုရား အလောင်း တောထွက်တော်မူပြီး၍ မဟာဗောဓိမဏ္ဍိုင်ဝယ် သဗ္ဗညုတညာဏ်သို့ ရောက်တော်မူပြီးသောကာလ လောကသင်္ဃာ သတ္တလောကအား ချီးမြှောက် သမ္မ ပြုစုတော်မူသောအားဖြင့် အစဉ်သဖြင့် ခရီးဒေသစာရီ ကြွချီတော်မူ လတ်သောအခါ ကပိလဝတ်နေပြည်သို့ ရောက်ရှိခဲ့ပါသည်။

ယသောဓရာ ရဟန်းပြုခြင်း

နောက်ကာလဝယ် မြတ်စွာဘုရား ဝေသာလီပြည်မဟာဝုန်တောအရပ်ဝယ် သီတင်းသုံးနေတော်မူသောအခါ ခမည်းတော် သုဒ္ဓါဒနမင်းကြီး ထီးဖြူအောက်၌ ပရိနိဗ္ဗာန်စံပြီးသည့်နောက် ကာလဝယ် မဟာပဇာပတိဂေါတမီ အမှူးပြုသော သာကီဝင်မင်းသမီးငါးရာတို့ ဘုရားထံမှောက် ရှင်ရဟန်းမ ပြုလုပ်ကြပါသည်၊ ရှင်ရဟန်းမ-ပြုလုပ်ကြပြီးသည့် နောက်ကာလဝယ် ယသောဓရာဒေဝီ မဟေသိနှင့် ဇနပဒကလျာဏီ မင်းသမီး နှစ်ဦးသားတို့သည် သဘောချင်းတူညီ၍ မဟာပဇာပတိဂေါဘမီ ထေရီမအထံ၌ ရဟန်းပြုကြပြီးလျှင် ဝိပဿနာတရား ပွါးများအားထုတ်သဖြင့် ယသောဓရာဒေဝီဘိက္ခုနီသည် အဘိညာဉ်သို့ရောက်သော ရဟန္တာထေရီမ-ဖြစ်ခဲ့ပါသည်။

အဘိညာဉ်ထူးချွန်၍ တေဒဂ်ရပုံ

ထိုဘဒ္ဒကစ္စာနာအမည်သာသော ယသောဓရာထေရီမသည် တခုသော တင်ပလ္လင်၏ အဘွင့်၌ ပင်လျှင် တသခ်ျနှင့် ကမ္မာတသိန်းကို ဆင်ခြင်စဉ်းစားနိုင်သော ကြီးစွာသော အဘိညာဉ်သို့ ရောက်ခဲ့ပါသည်။

ထို့ကြောင့်ပင်လျှင် သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘိက္ခုနီမအပေါင်းဘို့အား တေဒဂ်ပဲ့ကြီးသဘင် ယင်ရာကာလ၌ ဘဒ္ဒကစ္စာနာအမည်ရသော ယသောဓရာထေရီဘိက္ခုနီမကို—

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ မဟာဘိညပတ္တာနံ ယဒိဒံ ဘဒ္ဒကစ္စာနာ"—

ဟု ချစ်သားရဟန်းတို့....၊ တသခ်ျနှင့် ကမ္မာတသိန်းဘိုင်တိုင် ဆင်ခြင်စဉ်းစားနိုင်လောက်အောင် ကြီးစွာသော အဘိညာဉ်သို့ ရောက်ကြကုန်သော ငါဘုရား၏တပည့်မ သာဝိကာထေရီဘိက္ခုနီမအပေါင်းတို့တွင် ဘဒ္ဒကစ္စာနာ

http://www.dhammadownload.com

အမည်ရသော ယသောရောထေရီဘိက္ခုနီမသည် အမြတ်ဆုံး အသာဆုံးပါ ပေဘည်းဟု မဟာဘိညပတ္တအရာ တေဒဂ်ရာထူးဌ ချီးကျူးမြောက်စား ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ယသောရောထေရီ ဘိက္ခုနီမဝတ္ထု ပြီး၏

တပုဿဘလ္လိက ဝတ္ထု

ပု။ ။အဂ်ုတ္တရနိကာယေ အာဝုသော တေဒဂ္ဂဝဂ္ဂေ အာဂတေသု ကော-ဒဿသု ဥပါသကေသု တပုဿဘလ္လိကာနဂ္ဂ ဝါဏိဇာ ဘဂဝတာ ကထံ တေဒဂ္ဂဋ္ဌာနေ ဌပိတာ။

ဝိ။ ။တပုဿဘလ္လိကာ ဘန္တေ ဝါဏိဇာ "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ပဌမံ သရဏံ ဂစ္ဆန္တာနံ ယဒိဒံ တုပုဿဘလ္လိကာ ဝါဏိဇာ"တိ၊ ဧဝံ ခေါ ဘန္တေ ဘဂဝတာ တေဒဂ္ဂဋ္ဌာနေ ဌပိတာ။

မေး။ ။အဂ်ုတ္တရနိကာယ် ကေကနိပါတ် တေဒဂ္ဂဝဂ်၌ တေဒဂ်ရ ဥပါသကာအဖြစ်ဖြင့် အထင်အရှားလာရှိကုန်သော တဆယ့်တဦးသော ဥပါသကာတို့ဘွင် **မြန်မာပြည် ဥက္ကလာပမည်သော ဣရန်ကုန်မြို့မှပင်** မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံသို့သွားရောက်၍ မြတ်စွာဘုရားပွင့်တော်မူစက မြတ်စွာဘုရားကို ရှေးဦးစွာ ဖူးတွေ့ခဲ့သည်ဟု မြန်မာပြည်မှ အသိအမှတ်ပြု မှတ်တမ်းတင်ထားအပ်ကုန်သော တပုဿနှင့် ဘလ္လိကမည်သော ညီနောင် ကုန်သည်နှစ်ဦးတို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့လျှင် တေဒဂ်ရာထူးဌ ချီးကျူးတင်ထား တော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။တပုဿဘလ္လိကအမည်ရသော နောင်ညီကုန်သည် နှစ်ဦးတို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သည် ရှေးဦးစွာ သရဏကုံ ခံယူသောအရာ တေဒဂ်ရာထူးဌ ချီးကျူးမြောက်စား ထားတော်မူအပ်ခဲ့ပါသည်။

http://www.dhammadownload.com

အတိတ်နှင့် ပစ္စုပ္ပန်

လွန်ခဲ့သော ကမ္ဘာတသိန်းကာလ ပဒုမုတ္တရမြတ်စွာဘုရားရှင် လက်ထက်တော်အခါဝယ် တပုဿ ဘလ္လိက ညီနောင်တို့၏အလောင်း အမျိုးကောင်းသား ညီနောင်နှစ်ယောက်တို့သည် ပဒုမုတ္တရမြတ်စွာဘုရားထံ တရားနာကြ၍ ရှေးဦးစွာ သရဏဂုံတည်၍ တေဒဂ်ထားသော ညီနောင်နှစ်ဦးကို မြင်၍ ကြီးစွာသောအဓိကာရ ကောင်းမှုကုသိုလ်ကို ပြုလုပ်ကြပြီးလျှင် ရှေးဦးစွာ သရဏဂုံတည်သောအရာ တေဒဂ်ဆုထူးကို ပန်ထွာတောင့်တခဲ့ကြပါသည်။

ထိုဘဝမှသည် ကမ္ဘာတသိန်းကာလပတ်လုံး နတ်ပြည် လူ့ပြည်၌ ကျင်လည်ကျက်စား၍ ဤဂေါတမ မြတ်စွာဘုရားသာသနာဝယ် ဘုရားပွင့်တော်မမူမီပင် **အသိတဉ္ဇန**အမည်ရသော်မှိုင်၌ တပုဿဟူသောအမည် ဘလ္လိကဟူသောအမည်ဖြင့် နောင်ညီနှစ်ဦးသား ကုန်သည်ယောကျ်ားတို့ ဖြစ်ကြ၍ ကုန်သွယ်မှုဖြင့် အသက်မွေးကြပါသည်။

ဘုရားပွင့်တော်မူချိန်

သဗ္ဗညုမြတ်စွာဘုရား ဘုရားအဖြစ်သို့ရောက်၍ သတ္တသတ္တာဟ စံနေတော်မူရာ သတ္တမ သတ္တာဟဖြစ်သော ရာဇာယတန လင်းလွန်းပင် သတ္တာဟ၌ ဘုရားကိုယ်တော်မြတ် သီတင်းသုံးနေတော်မူလတ်သောအခါ တပုဿ ဘလ္လိက နောင်ညီ ကုန်သည် နှစ်ဦးသားတို့သည် ငါးရာသော လှည်းတို့ဖြင့် ထိုအရပ်သို့ ကုန်သွယ်ရန် အလို့ငှါ ရောက်ခဲ့ပါသည်။

ထိုအခါ လွန်ခဲ့သော အခြားမရှိ ငါးဘဝ၌ မိခင်ဖြစ်ခဲ့ဘူးသော နတ်၏ တိုက်တွန်းညွှန်ပြချက်အရဖြင့် တပုဿ ဘလ္လိက နောင်ညီနှစ်ဦးသားတို့သည် မိမိဘို့ ခရီးရိက္ခာ အလို့ငှါ ယူဆောင်၍ လာခဲ့သော ပျားမွှေးဆုပ်နှင့် မုံကြွက်ကျွတ်ဘို့ကို ရွှေခွက်၌ ထည့်ပြီးလျှင် ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားအား ဆက်ကပ်ပူဇော လုပ်ကျွေးကြပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ပျားမွှေးဆုပ်ဆွမ်းကို ဘုဉ်းပေးတော်မူပြီးသောကာလ၌ တပုဿဘလ္လိကနောင်ညီ နှစ်ဦးသားတို့သည် ဘုရားရှင်ကို ရိုသေစွာ ရှိခိုး၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေကြပြီးလျှင်—

http://www.dhammadownload.com

"တေ ဘန္တေ မယံ ဘဂဝန္တံ သရဏံ ဂစ္ဆာမ မမ္မဉ္စုဥပါသကေ နော ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတေ သရဏံ ဂတေ" ဟု—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား တပည့်တော်တို့ နောင်ညီ နှစ်ဦးသားတို့သည် ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားကိုငင်း တရားတော်မြတ်ကိုငင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ သိရှိပါကုန်၏၊ တပည့်တော်တို့ကို ယနေ့မှစ၍ အသက်နှင့်ပြည့်စုံသမျှ ကာလပတ်လုံး အသက်ရှည်သမျှ ကာလပတ်လုံး သရဏဂုံတည် ဥပါသကာတို့ဟူ၍ မှတ်ယူတော်မူပါဘုရား ဟု ဒေဝါစိက သရဏဂုံ ခံယူခဲ့ပါသည်။

ဆံတော်ရှစ်ဆူ

ဒေဝါစိကသရဏဂုံ ခံယူ၍ ပြီးလုတ်သောအခါ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်တို့သည် ဥက္ကလာပအရပ်သို့ ရောက်လတ်သောအခါ အမြဲတစေ ပူဇော်နိုင်စေရန် စေတီထိုက်သောအရာ ဝတ္ထုတခုကို ချီးမြှောက် ပေးသနားတော်မူပါဘုရား ဟု၊ လျှောက်ထား တောင်းပန်သည်တွင် သဗ္ဗညုမြတ်စွာဘုရားသည်လည်း လက်ျာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ဓာတ် ရှစ်ဆူတို့ကို ကိုးကွယ်စေရန် အပ်နှံ ပေးသနားတော်မူလိုက်ပါသည်။

ထိုဆံတော်ဓာတ် ရှစ်ဆူတို့ကို မိမိတို့၏ မြို့ဖြစ်သော အသိတဉ္ဇနမြို့သို့ ရောက်သောအခါ မြို့၏တံခါးဝဝယ် ကြီးစွာသော စေတီ[၁] တည်ထား၍ ကိုးကွယ်ခဲ့ကြပါသည်။

နောက်အခါ သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ ဥပါသကာဒါယကာတို့အား တေဒဂ် ဘွဲ့နှင်းသဘင် ယင်တော်မူရာ ကာလဝယ် တပုဿဘလ္လိကနောင်ညီ ကုန်သည် နှစ်ဦးသားတို့ကို—

"တေဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဥပါသကာနံ ပဌမံ သရဏံ ဂစ္ဆန္တာနံ ယဒိဒံ တပုဿဘလ္လိကာ ဝါဏိဇာ" ဟု—

၁-ထိုစေတီတော်ကြီးကား ဂေါတမမြတ်စွာဘုရား သာသနာတော်တွင် ဤလူ့ပြည်၌ ရှေးဦးစွာ တည်သည့် စေတီတော်ကြီးပင်ဖြစ်၏၊ ယခုအခါ မြန်မာနိုင်ငံ ရန်ကုန်မြို့တော်ရှိ ရွှေတိဂုံစေတီတော်ကြီးမှာ ထိုစေတီတော်ပင်ဖြစ်ကြောင်း ရာဇဝင် သာသနာဝင်များနှင့်တကွ သမိုင်းများက ညွှန်ပြကြသည်။

http://www.dhammadownload.com

ချစ်သား ရဟန်းတို့.... ရှေးဦးစွာ သရဏဂုံ ခံယူကြသည့် ငါဘုရား၏ တပည့်သား ဥပါသကာ ဒါယကာတို့အနက် တပုဿဘလ္လိကနောင်ညီ ကုန်သည် နှစ်ဦးသားတို့သည် ဤသာသနာတော်ဝယ် ရှေးဦးစွာ သရဏဂုံ ခံယူကြသူ ဖြစ်သဖြင့် သရဏဂုံ ခံယူကြသော ပဂ္ဂိုလ်တို့အနက် အသာဆုံး အမြတ်ဆုံး ဖြစ်ပေသည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် တပုဿဘလ္လိကနောင်ညီ ကုန်သည်နှစ်ဦးသားတို့ကို ရှေးဦးစွာ သရဏဂုံ ခံယူရာ၌ တေဒင်ရာထူးဝယ် ချီးကျူးမြောက်စား ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

တပုဿဘလ္လိကဝတ္ထု ပြီး၏

အနာထပိဏ်သူဌေး ဝတ္ထု

ပု။ ။တေနာဝုသော ဘဂဝဘာ အရဟတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အင်္ဂုတ္တရ နိကာယေ ကေကနိပါတေ တေဒဂ္ဂဝဂ္ဂေ အာဂတေသု ကောဒဿသု ဥပါသကေသု သုဒတ္တော ဂဟပတိ အနာထပိဏ္ဍိကော ကထံ တေဒဂ္ဂ-ဌာနေ ဌပိတော။

ဝိ။ ။တေဒဂ္ဂဝဂ္ဂေ ဘန္တေ အာဂတေသု ကောဒဿသု ဥပါသကေသု သုဒတ္တော ဂဟပတိ အနာထပိဏ္ဍိကော "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ဒါယကာနံ ယဒိဒံ သုဒတ္တော ဂဟပတိ အနာထပိဏ္ဍိကော"တိ။ ဧဝံ ခေါ ဘန္တေ ဘဂဝတာ တေဒဂ္ဂဌာနေ ဌပိတော။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်သည် အင်္ဂုတ္တရနိကာယ် ကေကနိပါတ် တေဒဂ္ဂဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါဟနာတင်ထားသည့်အဘိုင် တေဒင်ရပဂ္ဂိုလ်ထူးအဖြစ်ဖြင့် လာရှိကုန်သော တဆယ့်တဦးသော ဥပါသကာတို့တွင် ငယ်နာမည်အားဖြင့် သုဒတ္တအမည်ရှိသော ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းသူ မြတ်စွာဘုရား၏ ကျောင်းဒါယကာကြီး ဖြစ်သော အနာထပိဏ်သူဌေးကို အဘယ်သို့လျှင် တေဒင် ရာထူး၌ ချီးကျူးတင်ထားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။တေဒဂ္ဂဝဂ်၌ လာရှိကုန်သော တေဒင်ရဥပါသကာတကျိပ် တဦးတို့တွင် ငယ်နာမည်အားဖြင့် သုဒတ္တ၊ အလှူဒါန ပေးခြင်း၌ မွေ့လျော်

http://www.dhammadownload.com

ခြင်းကြောင့် အနာထပိဏ္ဍိကအမည်ရသော ဇေတဝန်ကျောင်းဒါယကာ အနာထပိဏ်သူဌေးကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အလှူပေးခြင်း၌ မွေ့လျော်သောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး ဘေဒဂ်ရာထူး၌ ချီးကျူးမြှောက်စား ထားတော်မူအပ်ခဲ့ပါသည်။

ကမ္ဘာတသိန်းထက်

လွန်ခဲ့သော ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသောအခါ အနာထပိဏ်သူဌေး၏အလောင်း အမျိုးကောင်းသားသည် ပဒုမုတ္တရမြတ်စွာဘုရားထံ တရားနာသွားရောက်၍ ပဒုမုတ္တရမြတ်စွာဘုရား ဒါယကာဘဉီးကို ဒါယကအရာ အလှူပေးခြင်း၌ မွေ့လျော်သောအရာဝယ် ဘေဒဂ်ထားသည်ကို မြင်၍ ပဒုမုတ္တရမြတ်စွာဘုရား သာသနာဝယ် အဓိကာရကောင်းမှု လွန်ကဲသော ကုသိုလ်ကို ပြုပြီးလျှင် ဒါယကအရာ အလှူပေးခြင်း၌ မွေ့လျော်သော အရာ ဘေဒဂ် ဆုထူးကို ပန်ထွာတောင့်တခဲ့ပါသည်။

ထိုဘဝမှသည် ကမ္ဘာတသိန်းကာလပတ်လုံး လူ့ရွာ နှတ်ပြည်၌ ကျင်လည် ကျက်စားခဲ့၍ နောက်ပစ္ဆိမ ဤဘဝ၌ ဤဘုရားသာသနာဝယ် သာဝတ္ထိပြည် သုမနသူဌေး၏သား သုဒတ္တ-ဟူသောအမည်ဖြင့် ထင်ရှားစွာ ဖြစ်ပေါ်ခဲ့ပါသည်။

ဇေတဝန်ကျောင်းတော်ကြီး လှူဒါန်းခြင်း

နောက်အခါ အရွယ်ရောက်၍ သူဌေးကိုစွဖြင့် ရာဇဂြိုဟ်သူဌေးအထံသို့ သွားရောက်လတ်သည်ရှိသော် သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည် သိတဝန အမည်ရသော ယင်းတိုက်တော၌ သီတင်းသုံးတော်မူခိုက် ဖြစ်ပါသည်။

ရာဇဂြိုဟ်သူဌေးအထံမှ သဗ္ဗညုမြတ်စွာဘုရား ပွင့်တော်မူကြောင်း သတင်းစကား ကြားသိလျှင် မိုးသောက်အားကြီး လင်းခါနီးအခါ၌ နတ်တို့ဖွင့်အပ်သော တံခါးဖြင့် ဘုရားထံမှောက် သွားရောက်၍ မြတ်စွာဘုရားသည် သုဒတ္တသူကြွယ်အား အဇ္ဈာသယကို ကြည့်ပြီး တရားတော်ကို ဟောပြတော်မူလျှင် သောတာပတ္တိဖိုလ်၌ တည်၍ နောက်တနေ့အလို့ငှါ ဘုရားအမှူးရှိသော သံဃာတော်တို့ကို ဆွမ်းဖြင့် ပင့်ဘိတ်၍ ရာဇဂြိုဟ်သူဌေးအိမ်၌ ဘုရားအမှူးရှိသော သံဃာတော်တို့အား မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ်တို့ဖြင့် ဆက်

http://www.dhammadownload.com

ကပ်ပြီးလျှင် မြတ်စွာဘုရားကို သာဝတ္ထိပြည်သို့ ကြွရောက်သီတင်းသုံးတော်မူရန် တောင်းပန်လျှောက်ထားပြီး၍ လမ်းခရီးအကြား အကြားဝယ် တယူဇနာ တယူဇနာမျှ သော အရပ်၌ တသိန်း တသိန်းသော အသပြာကို ကုန်စေ၍ ကျောင်းတဆောင်တဆောင် ဆောက်လုပ်ပြီးလျှင် သာဝတ္ထိပြည် အရပ်သို့ ရောက်သောအခါ ဇေတမင်း၏ ဥယျာဉ်နေရာကို ဝယ်ယူ၍ ဇေတဝန်မည်သော ကျောင်းတော်ဆောက်လုပ်ပြီးလျှင် ဘုရားအမှူးရှိသော စာတုဒ္ဒိသာသံဃာတော်တို့အား ဆက်ကပ် လှူဒါန်းခဲ့ပါပေသည်။

ဆွမ်းဝတ်မျိုးစုံ တည်ထားခြင်း

ဇေတဝန်ကျောင်းတော် ဒါယကာဖြစ်သော ကာလမှစ၍ အမြဲတစေ အလှူဒါနဥ္စ မ္မေလျော်ခဲ့ပါပေသည်၊ ထိုအနာထပိဏ်သူဌေး၏ အိမ်၌ နေ့စဉ်တစေ စာရေးတံဆွမ်း ငါးရာကိုလည်း ဝတ်တည်၍ ထားအပ်ပါသည်၊ လဆန်းပက္ခ လဆုတ်ပက္ခ၌ အမှတ်ပြု၍ လှူအပ်သော ဆွမ်းဝတ်ငါးရာကိုလည်း အမြဲတစေ ဝတ်တည်၍ ထားအပ်ပါသည်၊ စာရေးတံ ယာဂုဆွမ်း ငါးရာကိုလည်း နေ့စဉ် ဝတ်တည်၍ ထားအပ်ပါပေသည်၊ လဆန်းပက္ခ လဆုတ်ပက္ခ၌ အမှတ်ပြု၍ လှူအပ်သော ယာဂုဆွမ်းငါးရာကိုလည်း ဝတ်တည်ထား၍ လှူဒါန်းအပ်ခဲ့ပါပေသည်။ အမြဲတစေ မိမိအိမ်၌ ငါးရာသော သံဃာတော်တို့အား ဓုဝဆွမ်းဝတ်ကိုလည်း ဆက်ကပ်ခဲ့ပါသည်၊ အမြဲတစေ အာဂန္တုရဟန်းတော်တို့ သုံးဆောင်ရန် အာဂန္တုက ဆွမ်းဝတ်ငါးရာကိုလည်း တည်ထားပါသည်၊ အမြဲတစေ ခရီးသွားရဟန်းတို့အတွက် ဆွမ်းဝတ်ငါးရာကိုလည်း တည်ထားခဲ့ပါပေသည်၊ မမာမကျန်းသော ဂိလာနရဟန်း သူနာပြု ဂိလာနုပဋ္ဌာက ရဟန်းတို့ အလို့ငှါ အမြဲတစေ ဆွမ်းဝတ် ငါးရာကိုလည်း ဝတ်တည်၍ ထားခဲ့ပါသည်။

ထိုအနာထပိဏ်သူဌေးကြီး၏ အိမ်၌ အမြဲတစေ ရဟန်းတော်တို့ သီတင်းသုံး ထိုင်နေရန် ငါးရာသော နေရာတို့ကို ခင်းထားအပ်ပြီးပင် ဖြစ်ပါသည်။

ဤသို့လျှင် အနာထပိဏ်သူဌေးသည် အလှူပေးခြင်း၌ လွန်စွာ လွန်စွာ မ္မေလျော်ပေါ်ပိုက်လှပါပေသည်၊ ဤသည်ကိုပင် အကြောင်းအဋ္ဌုပ္ပတ်ပြု၍ သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ များစွာသော ဥပါသကာတို့ကို တေဒဂ်ရသူ ရာထူးသဘင် ယင်ရာကာလဝယ်—

http://www.dhammadownload.com

ဇေတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ဒါယကာနံ ယဒိဒံ သုဒတ္တော ဂဟပတိ အနာထပိဏ္ဍိကော-ဟူ၍—

ချစ်သား ရဟန်းတို့....၊ ငါဘုရား၏ တပည့်သား သာဝကဖြစ်ကြသော ဥပါသကာတို့တွင် အလှူပေးခြင်း၌ အထူးမွေ့လျော်ကြသော ဥပါသကာ ဒါယကာတို့အနက် မိဘတို့ မှည့်ဆိုအပ်သော ငယ်မည်အားဖြင့် သုဒတ္တ၊ အလှူပေးခြင်းကို အစဲ့ပြု၍ ရရှိသော အနာထပိဏ္ဍိက-အမည်ရှိသော ဇေတဝန် ကျောင်းဒါယကာ ဥပါသကာသည် အမြတ်ဆုံး အသာဆုံးပါပေတည်း-ဟု အလှူပေးခြင်း၌ မွေ့လျော်သောအရာဝယ် အနာထပိဏ်သူဌေးကို ဇေတဝန် ရာထူး၌ ချီးကျူးမြောက်စား ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အနာထပိဏ်သူဌေးဝတ္ထု ပြီး၏

သူရမ္ဘဋ္ဌ ဥပါသကာ ဝတ္ထု

ပု။ ။သူရမ္ဘဋ္ဌော နာမ အာဝုသော ဥပါသကော ဘဂဝတာ ကထံ ဇေတဒဂ္ဂဋ္ဌာနေ ဌပိတော။

ဝိ။ ။သူရမ္ဘဋ္ဌော ဥပါသကော "ဇေတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ အဝေစ္စပ္ပသန္နာနံ ယဒိဒံ သူရမ္ဘဋ္ဌော"တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဇေတဒဂ္ဂဋ္ဌာနေ ဌပိတော။

မေး။ ။သူရမ္ဘဋ္ဌ အမည်ရှိသော ဥပါသကာကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့လျှင် ဇေတဝန်ရာထူး၌ ချီးကျူးတင်ထားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သူရမ္ဘဋ္ဌ အမည်ရသော ဥပါသကာကို အရာအထောင်မကသော မာရ်နတ် အရာအထောင်မကသော ဗြဟ္မာအပေါင်းတို့ ဖျက်ဆီးအပ်သော်လည်း မပျက်စီးနိုင် မတုန်လှုပ်နိုင်၊ ဤသာသနာတော်ဝယ် သက်ဝင်ယုံကြည်ကြသော **အဝေစ္စပ္ပသာဒ, အဝေစ္စပ္ပသန္န** ဥပါသကာဒါယကာတို့အနက်

http://www.dhammadownload.com

အမြတ်ဆုံး အသာဆုံးဟူ၍ တေဒဂ်ရာထူးဌာန ချီးကျူးမြောက်စား ထားတော်မူအပ်ခဲ့ပါသည်။

အတိတ်နှင့် ပစ္စုပ္ပန်

လွန်ခဲ့သော ကမ္ဘာတသိန်းထက်၌ သူရမဋ္ဌဒါယကာ၏ အလောင်း အမျိုးကောင်းသားသည် ပဒုမုတ္တရမြတ်စွာဘုရားအထံ တရားနာလတ်သည် ရှိသော် ပဒုမုတ္တရမြတ်စွာဘုရားသည် တဦးသော ဒါယကာကို အဝေစ္ဆပ္ပသန္နမတုန်မလှုပ် သာသနာတော်ဝယ် သက်ဝင်ယုံကြည်သောအရာ တေဒဂ်ထား သည်ကိုမြင်လတ်၍ ထိုရာထူးကို တောင့်တလျက် အဓိကာရကောင်းမှု ကုသိုလ်ကို ပြုလုပ်ခဲ့ပါသည်။

ထိုဘဝမှသည် ကမ္ဘာတသိန်းကာလပတ်လုံး လူ့ရွာ နတ်ရွာ၌ ကျင်လည် ကျက်စား၍ ဤမြတ်စွာဘုရား ပွင့်တော်မူရာ ကာလဝယ် သာဝတ္ထိပြည် အရပ်၌ သူကြွယ်အိမ်၌ဖြစ်၍ သူရမဋ္ဌသူကြွယ်ဟူ၍ ခေါ်တွင်ခဲ့ပါသည်။

အရွယ်သို့ ရောက်သောအခါ သူရမဋ္ဌသူကြွယ်သည် ပါပမိတ္တတာ အပေါင်းမှုံးသဖြင့် တိတ္ထိဆရာကြီးများကိုပင် ဘုရားဟုထင်မှတ်ကာ တိတ္ထိဆရာကြီးတို့၏ တပည့်သာဝကအဖြစ်သို့ ရောက်ခဲ့ပါသည်။

ကျွတ်တမ်းဝင်ရန် အချိန်စေ့သည့် တနေ့သောအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုဖြင့် သတ္တလောကကို ကြည့်ရှုတော်မူလတ်သည်ရှိသော် သူရမဋ္ဌဒါယကာ၏ သောတာပတ္တိမဂ်ဖိုလ်၏ ဥပနိဿရည်း အားကြီးသော အကြောင်းကို မြင်တော်မူလတ်၍ သူရမဋ္ဌအိမ်သို့ ကိုယ်တော်တိုင် ကြွရောက်ဘော်မူပြီးလျှင် သူရမဋ္ဌဒါယကာအား တရားရအောင် တိုက်ကြွေးသဖြင့် သူရမဋ္ဌ ဒါယကာသည် သောတာပတ္တိဖိုလ်၌ တည်ခဲ့ပါသည်၊ သဗ္ဗညုမြတ်စွာဘုရားသည် သူရမဋ္ဌ ဒါယကာအား သောတာပတ္တိဖိုလ်၌ တည်စေပြီးလျှင် ကျောင်းတော်သို့ ပြန်ကြွတော်မူခဲ့ပါသည်။

မာရ်နတ် ဘုရားယောင် ဆောင်ခြင်း

ထိုအခါ မာရ်နတ်သားသည် ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရားသည် သူရမဋ္ဌအိမ်သို့ ကြွတော်မူခဲ့သည်၊ ထိုသူရမဋ္ဌသည် ငါ၏အရာ ငါ၏ဝိသယကို လွန်မြောက်လေသလော၊ မလွန်မြောက်လေသလော စုံစမ်း

http://www.dhammadownload.com

အံ့ ဟု ကြံစည်ပြီးလျှင် မိမိ၏ နတ်တန်ခိုးဖြင့် သုံးဆယ့်နှစ်ရပ်သော ဗာတ္တိံသ ပဝရ သတပုညဇ မဟာပုရိသလက္ခဏာတော်ကြီးတို့ဖြင့် တင့်တယ်လှပသော သဗ္ဗညုမြတ်စွာဘုရား၏ ရုပ်ပွါးတော်ကို ဖန်ဆင်း၍ သူရမ္ဘဋ္ဌ အိမ်သို့ ကြွရောက်ပြီးလျှင် အိမ်တံခါးဝ၌ တည်ရပ်လျက် ရှိပါသည်။

ထိုအခါ သူရမ္ဘဋ္ဌ ဒါယကာသည် သဗ္ဗညုမြတ်စွာဘုရားတို့သည် အနိယျာနိက အကြွမျိုးဖြင့် ကြွတော်မူရိုး ထုံးစံမရှိပါ၊ ယခုပင် ဘုရားကိုယ်တော်မြတ်သည် ဤအိမ်မှ ဆုံမ်းကိစ္စပြုပြီး၍ ကြွတော်မူပြီးစ ဖြစ်ပါသည်၊ အဘယ်အလို့ငှါ ကြွလာတော်မူပါလိမ့်မည်နည်း ဟု အကြံဖြစ်၍ မိမိအိမ်တွင်းဝယ်နေရာခင်းခြင်း ကိစ္စပြု၍ ဘုရားကို ပင့်ဘိတ်ခဲ့ပါသည်။

ဘုရားအယောင်ဆောင်ခဲ့သော မာရ်နတ်သားသည်လည်း သူရမ္ဘဋ္ဌ ခင်းသောနေရာ၌ ထိုင်ပြီးလတ်သည်ရှိသော် ဒါယကာသူရမ္ဘဋ္ဌ....၊ ငါ နံနက်ကာလက တရားဟောစဉ် ကာလဝယ် မစူးမစမ်း မဆင်မခြင် တခုသော အရာကို ဟောမိခဲ့ပါသည်၊ ခန္ဓာငါးပါးစလုံးပင် အနိစ္စ ဒုက္ခ အနတ္တ မမြဲသော တရား ဆင်းရဲသောတရား အခါခပ်သိမ်း မတည်နိုင်သော တရားဟူ၍ ဟောဆိုခဲ့ပေသည်၊ မစဉ်းမစား ဟောမှား ပြောမှား ဖြစ်ခဲ့ပေသည်၊ ဒါယကာသူရမ္ဘဋ္ဌ....၊ ခန္ဓာငါးပါးတို့တွင် အချို့သော ခန္ဓာတို့ကသာ အနိစ္စ အဓုဝ အသဿတ မမြဲမခိုင် အခါခပ်သိမ်း မတည်နိုင်သည်ဖြစ်၍ အချို့သော ခန္ဓာတရား တို့သည်ကား နိစ္စ ဓုဝ သဿတ မြဲသည် ခိုင်သည် အခါခပ်သိမ်း တည်ရှိနိုင်သော သဘောရှိပေသည်ဟု ပြောကြားခဲ့ပါသည်။

သောတာပန်တို့ ထုံးစံ

ထိုအခါ သူရမ္ဘဋ္ဌ သောတာပန်ဒါယကာ၏ စိတ်ဝယ် "အဒ္ဓေဇ္ဈဝစနာ ဗုဒ္ဓါ-သဗ္ဗညုမြတ်စွာဘုရားတို့သည် နှစ်ခွသော စကားကို ဟောကြားရိုးထုံးစံ ရှိတော်မမူကြကုန်၊ ဤယခုရောက်လာသော ပဂ္ဂိုလ်မှာ သဗ္ဗညုမြတ်စွာဘုရား စင်စစ်မဟုတ်၊ သဗ္ဗညုမြတ်စွာဘုရား၏ ဆန့်ကျင်ဘက်ဖြစ်သော မာရ်နတ်သားသာလျှင် ဖြစ်ရာ၏" ဟု ကြံစည်ပြီးလျှင် "နနု တုံ မာရောသိ-အသင်သည် မာရ်နတ်သား မဟုတ်ပါလော" ဟု တိုက်ဖိုက်ပင် မေးမြန်းပါတော့သည်။

အရိယာသာဝက ဥပါသကာဒါယကာ မေးမြန်းအပ်သော မာရ်နတ်သားသည် မိမိ၏ မူလကိုယ်ဖြင့် တည်ငြိမ်ခြင်းငှါ မစွမ်းနိုင်တော့ဘဲ "ငါသည်

http://www.dhammadownload.com

မာရ်နတ်သား စင်စစ် ဖြစ်ပါကြောင်း"ပြန်ပြောင်းပြောဆို ဝန်ခံလတ်ပါတော့သည်။

ထိုအခါ သူရမ္ဗဋ ဒါယကာက "ဟယ် မာရ်နတ်သား....သင်ကဲ့သို့သော မာရ်နတ်အပေါင်း အရာအထောင် လာရောက်၍ ဖျက်ဆီးသော်လည်း ငါသည် သမ္မည်မြတ်စွာဘုရား၌ဌင်း တရားတော်၌ဌင်း သံဃာတော်၌ဌင်း သက်ဝင်ယုံကြည်သော သဒ္ဓါတရားကို ဖျက်ဆီးမည်မဟုတ်"ဟု မောင်းမဲပြီးလျှင် "သင်သည် ငါ၏ အိမ်မှ ယခုပင် ထွက်သွားလော့" ဟု မောင်းမဲခဲ့ပါတော့သည်။

ထိုအခါ မာရ်နတ်သားသည် ငါ့အကြောင်းကို သူရမ္ဗဋ သိပြီ-ဟူ၍ စိတ်နှလုံး မသာမယာဘဲ ထိုနေရာမှာပင် ကွယ်ပခဲ့ပါသည်။

ညနေချမ်းအခါဝယ် သူရမ္ဗဋဒါယကာသည် မြတ်စွာဘုရားထံမှောက်သွားရောက်၍ ဤအကြောင်းကို လျှောက်ဆိုလတ်ပါသည်။

တေဒဂ်ဘွဲ့ ရရှိခြင်း

ဤအကြောင်းအရာကိုပင်လျှင် အဋ္ဌုပ္ပတ္တိအကြောင်း ပြု၍ သမ္မည်မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ များစွာသော ဥပါသကာတို့ကို တေဒဂ်ပဲကြီးသဘင် ယင်ရာကာလဝယ်—

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ အဝေစ္စပ္ပသန္နာနံ ယဒိဒံ သူရမ္ဗဋ္ဌော" ဟု—

ချစ်သားရဟန်းတို့....ငါဘုရား၏တပည့်သား သာဝက ဥပါသကာဒါယကာတို့အနက် သူရမ္ဗဋ အမည်ရသော သောတာပန်တည် ဥပါသကာဒါယကာသည် မာရ်နတ်ပေါင်း အရာအထောင် ဖြဟ္မာပေါင်း အရာအထောင်ပင် ဖျက်ဆီးသော်လည်း ပျက်စီးခြင်းငှါ မစွမ်းနိုင်ရာသော မတုန်မလှုပ် ရတနာသုံးပါးဂုဏ်ကို သက်ဝင်ယုံကြည်ကြသော ဥပါသကာဒါယကာတို့အနက် အမြတ်ဆုံး အမှန်ဆုံး ဖြစ်ပါပေသည်ဟု အဝေစ္စပ္ပသာဒအရာ၌ သူရမ္ဗဋ ဒါယကာကို တေဒဂ် ရာထူး၌ ချီးကျူးမြှောက်စား ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သူရမ္ဗဋ ဥပါသကာဝတ္ထု ပြီး၏

http://www.dhammadownload.com

သုဇာတာ ဥပါသိကာမ ဝတ္ထု

ပု။ ။တေဒဂ္ဂဝင္ဂေ အာဝုသော အာဂတာသု ဒသသု ဥပါသိကာသု သုဇာတာနာမ ဥပါသိကာ သေနိယဓီတာ ကထံ ဘဂဝတာ တေဒဂ္ဂ-ဌာနေ ဌပိတာ။

ဝိ။ ။သုဇာတာ ဘန္တေ သေနိယဓီတာ "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ပဌမံ သရဏံ ဂစ္ဆန္တိနံ ယဒိဒံ သုဇာတာ သေနိယ-ဓီတာ" တိ၊ ဧဝံ ခေါ ဘန္တေ ဘဂဝတာ တေဒဂ္ဂဌာနေ ဌပိတာ။

မေး။ ။တေဒဂ္ဂဝဂ်၌ တေဒဂ်ရ ဥပါသိကာမအဖြစ်ဖြင့် အထင်အရှား လာရှိကုန်သော ဆယ်ဦးသော ဥပါသိကာမတို့တွင် သေနိယသူဌေး၏ သမီး ဖြစ်သော သုဇာတာအမည်ရှိသော ဥပါသိကာမကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့လျှင် တေဒဂ် ရာထူး၌ ချီးကျူးတင်ထားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။တေဒဂ္ဂဝဂ်၌ လာရှိကုန်သော တေဒဂ်ရ ဥပါသိကာ ဒါယိကာမ တကျိပ်တို့တွင် သေနိယသူဌေး၏ သမီးဖြစ်သော သုဇာတာဥပါသိကာမကို ရှေးဦးစွာ တေဝါစိကသရဏဂုံကို ခံယူသော ဥပါသိကာ ဒါယိကာမတို့အနက် တေဒဂ်ရာထူး၌ ချီးကျူးမြောက်စား ထားတော်မူအပ်ခဲ့ပါသည်။

အတိတ်နှင့် ပစ္စုပ္ပန်

သုဇာတာ၏အလောင်းဖြစ်သော အမျိုးကောင်းသမီးသည် လွန်ခဲ့သော ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရားထံ တရားနာ သွားရောက် လတ်သည်ရှိသော် တယောက်သော ဥပါသိကာဒါယိကာမကို ရှေးဦးစွာ သရဏဂုံခံယူသူဘို့အနက် တေဒဂ်ရာထူး၌ ထားသည်ကို မြင်လတ်၍ သာသနာ တော်ဝယ် အဓိကာရကောင်းမှုကုသိုလ်ကို ပြုလုပ်ပြီးလျှင် နောက်တဆူဆူ သော ဘုရားမြတ်စွာ လက်ထက်တော်အခါ၌ ရှေးဦးစွာ သရဏဂုံ ခံယူသူတို့ အနက် တေဒဂ်ရာထူးကို ရလိုပါကြောင်း ဆုတောင်းပန်ထွာ ပတ္ထနာမှု ပြုခဲ့ ပါသည်။

http://www.dhammadownload.com

ထိုဘဝမှသည် ကမ္ဘာတသိန်းကာလပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ကျက်စားပြီးလျှင် ဤဘုရားမြတ်စွာ ပွင့်ပေါ်တော်မူသည့်အခါဝယ် သေနာမည်သော နိဂုံး၌ သူဌေးသမီး သုဇာတာဖြစ်လတ်၍ မိမိသည် တခုသော ညောင်ပင်၏ အရင်းဝယ် ညောင်စောင့်နတ်အား သွားရောက်၍ အမျိုးအိမ်သို့ လိုက်ပါရသောအခါ ရှေးဦးစွာ သားယောကျ်ားကို ဖွားမြင်သည်ဖြစ်ပါမူကား နှစ်စဉ် နှစ်ဘိုင်းပင် ဗလိနတ်စာ ပူဇော်သက္ကာရမှု ပြုပါမည်ဟု ပဋိညာဉ်ဝန်ခံချက် ပြုခဲ့ပါသည်။

မိမိ ဝန်ခံချက်အတိုင်း ဗာရာဏသီသူဌေးအိမ်သို့ ရောက်၍ ရှေးဦးစွာ ယသမည်သော အမျိုးကောင်းသား သားယောကျ်ားကို ဖွားမြင်လတ်သည်ရှိသော် မိမိဆုတောင်းပြည့်လတ်သည်ဖြစ်ရကား နှစ်စဉ် နှစ်တိုင်းပင်လျှင် ညောင်စောင့်နတ်အား ဗလိနတ်စာ ပူဇော်သက္ကာရ ပြုမြဲဖြစ်ပါသည်။

ဘုရားဖြစ်မည့်နေ့

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်လည်း ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ကျင့်သုံးတော်မူ၍ ဘုရားဖြစ်တော်မူမည့် မဟာသက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့်နေ့ဝယ် သုဇာတာကိုးကွယ်ရာဖြစ်သော ညောင်ပင်ရင်း၌ အရုဏ်တက်ကာလဝယ် ဆွမ်းခံချိန်ကို ငံ့လင့်၍ သီတင်းသုံးနေတော်မူဆဲဖြစ်ပါသည်။

ထိုအခါ သုဇာတာသည် မိမိပြုမြဲဖြစ်သော ဗလိနတ်စာ ပူဇော်သက္ကာရကို ပြုအံ့ ဟူ၍ အဖိတ်နေ့ညကပင်လျှင် နို့ဃနာ ဆွမ်းချက်လတ်သောအခါ သိကြားနတ်မင်း စတုလောကပါလနတ်မင်း ဗြဟ္မာမင်းတို့ ပိုင်းဝန်းကူညီ၍ ဃနာနို့ ဆွမ်းချက်ကြသော အံ့ဘွယ်သရဲကိုမြင်၍ ကျွန်မကို စေလွှတ်ပြီးလျှင် ညောင်ပင်ရင်း၌ သန့်ရှင်းစေလတ်သည်ရှိသော် မြတ်စွာဘုရားအလောင်းတော် သီတင်းသုံးနေသည်ကို မြင်လတ်၍ ညောင်စောင့်နတ် ကိုယ်တိုင်ပင်လျှင် ဆင်း၍ ဗလိနတ်စာကို ခံအံ့သော အခြင်းအရာ ကျွန်မပြောဆို ပြန်ကြားလျှောက်ထားသည်ဘွင် သုဇာတာသူဌေးသမီးသည်လည်း မိမိကိုယ်တိုင် တခုသော ရွှေခွက်၌ မွန်မြတ်သော နို့ဃနာဆွမ်းကို ထည့်၍ အခြားသော ရွှေခွက်ဖြင့် ဖုံးအုပ်ပြီးလျှင် မြတ်စွာဘုရားအလောင်းရှိရာ ညောင်ပင်ရင်းသို့ သွားရောက်၍ မြတ်စွာဘုရား အလောင်းတော်အား ရွှေခွက်နှင့် တကွသော

http://www.dhammadownload.com

ဃနာနို့ဆွမ်းကို ဆက်ကပ်ပြီးလျှင် အကျွန်ုပ်အား အလိုရှိသောဆု ပြည့်ဝသကဲ့သို့ အချင့်အားလည်း အလိုရှိအပ် တောင့်တအပ်သော ဆုသည် ပြည့်တော်မူပါစေသား ဟု ဆုတောင်းပတ္ထနာ ပြုမူပြီးလျှင် သုဇာတာသည် ထိုအရပ်မှ ဖဲခဲ့ပါသည်။

ယသ သူဌေးသား

မြတ်စွာဘုရားအလောင်းတော်သည်လည်း သုဇာတာလှူဒါန်းသော နို့ဃနာဆွမ်းကို ၄၉-လုပ် ဘဉ်းပေးတော်မူ၍ ထိုနေ့ပင်လျှင် မဟာဗောဓိပင်သို့ ကပ်ရောက်တော်မူ၍ ညဦးယံဝယ် ပုဗ္ဗနိဝါသဉာဏ် သန်းခေါင်ယံဝယ် ဒိဗ္ဗစက္ခု မိုးသောက်လုဝယ် အာသဝက္ခယဉာဏ်ရောက် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပြီးသည်မှ သတ္တသတ္တာဟ လွန်မြောက်၍ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောဝယ် ပဌမဝါ သီတင်းသုံးနေတော်မူလတ်သည်ရှိသော် နို့ဆွမ်း ဒါယိကာမဟောင်းဖြစ်ခဲ့သော သုဇာတာသူဌေးကတော်၏ သား ယသသူဌေးသားကို သဗ္ဗညုမြတ်စွာဘုရား ချေချွတ်တော်မူခဲ့ပါပေသည်၊ ယသသူဌေးသား သောတာပန်တည်သော နေ့မှာပင် ဖခင်သူဌေးကြီး လိုက်လာ၍ ဘုရားထံခမျာက် ယသသူဌေးသားကို အရှာရောက်သည်တွင် သဗ္ဗညုမြတ်စွာဘုရားက ဣန္ဒြေရာဂ္ဂ ခေတ္တခဏ ဆိုင်းတွ ငုံလင့်နေပါမူ ယသသူဌေးသားကို မြင်ရချိမ့်မည်ဟု ပြောဆို၍ သူဌေးကြီးသည် မြတ်စွာဘုရား၏ မျက်မှောက်၌ ခေတ္တခဏ ထိုင်နေပါသည်။

ဘခင်သူဌေးကြီး

ထိုအခါ သဗ္ဗညုမြတ်စွာဘုရား တရားဟောတော်မူသဖြင့် သူဌေးသည် သောတာပန်၌ တည်၍ ယသသူဌေးသားကား၊ ခမည်းတော်အား၊ ဟောကြား အပ်သော တရားတော်ကို အစဉ်လျှောက်အောက်မေ့သဖြင့် သူတပါးအလို့ငှါ ခူးထားအပ်သော ထမင်းပွဲကို စားသောသူပမာ အရဟတ္တဖိုလ်ပေါက် ရောက်ရှိခဲ့ပါသည်။

ထိုအခါ တန်ခိုးတော်ဖြင့် ကွယ်ထားသော ယသအမျိုးသားကို ဘခင်သူဌေးမြင်ဘို့ရန် သဗ္ဗညုမြတ်စွာဘုရားသည် တန်ခိုးအရှိန်အဝါကို ရှုပ်သိမ်းတော်မူခဲ့ပါသည်။

http://www.dhammadownload.com

ထိုခဏ၌ပင်လျှင် ယသအမျိုးကောင်းသားသည်လည်း "ဟေဘိကွ" ရဟန်းအဖြစ်ကို ရရှိ၍ ဖခင်သူဌေး၏ ပင့်ဘိတ်ချက်အရ သဗ္ဗညုမြတ်စွာဘုရားသည် ယသအမျိုးကောင်းသားကို နောက်လိုက် ပစ္စာသမဏရဟန်းပြု၍ သူဌေးအိမ်သို့ ကြွရောက်ခဲ့ပါပေသည်။

မိခင်နှင့် ဇနီးဟောင်း

သူဌေးအိမ်သို့ ရောက်သောအခါ ယသအမျိုးကောင်းသား၏ မိခင်နှင့် ရှေးဇနီးဟောင်းတို့သည် မြတ်စွာဘုရားထံမှောက်သို့ လာရောက်၍ တရားနာကြပါသည်၊ သဗ္ဗညုမြတ်စွာဘုရားသည် အစဉ်အတိုင်း ဖြစ်သော ဒါနကထာ သီလကထာ သဂ္ဂကထာ ကာမာနံ အာဒီနဝကထာ-အစရှိသော ကထာတရားတို့ကို ဟောကြားတော်မူသည်၏ အဆုံး၌ ယသအမျိုးကောင်းသား၏ မိခင်ဖြစ်သော နို့ဆွမ်း ဒါယိကာမ သုဇာတာအမျိုးသမီးသည် သောတာပတ္တိဖိုလ်၌ ချွေးမနှင့် အတူတကွ တည်ကြ၍—

"တော့ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊ ဥပါသိကာယော နော ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတာ သရဏံ ဂတာ" ဟု—

ဤလူ့ပြည်လောကဝယ် ဥပါသိကာ ဒါယိကာမတို့အနက် ရှေးဦးစွာ တော်ဝင်စိုက် သရဏဂုံ ခံယူကြသော ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်။

တေဒဂ်ဘို့ ရရှိခြင်း

ဤအကြောင်းအရာကိုပင် အဋ္ဌုပ္ပတ္တိနိဒါန်းပြုလုပ်၍ သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ များစွာသော ဥပါသိကာတို့အား တေဒဂ်ပုံကြီးသဘင် ယင်ရာကာလဝယ် သေနိယသူဌေး၏သမီး ဗာရာဏသီပြည် သူဌေးကတော် နို့ဆွမ်းဒါယိကာမဖြစ်သော သုဇာတာ ဥပါသိကာမကို—

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ပဌမံ သရဏံ ဂစ္ဆန္တီနံ ယဒိဒံ သုဇာတာ သေနိယဓီတာ" ဟု—

ချစ်သားရဟန်းတို့....၊ ငါဘုရား၏ တပည့်မ သာဝိကာတို့အနက် သေနိယသူဌေး၏ သမီးဖြစ်သော ယသအမျိုးကောင်းသား၏မိခင် သုဇာတာ

http://www.dhammadownload.com

ဥပါသိကာမသည် ရှေးဦးစွာ သရဏဂုံခံယူကြသော ဥပါသိကာတို့အနက် အစဆုံး အမွန်ဆုံး အမြတ်ဆုံး ဖြစ်ပါပေသည်ဟု တေဒဂ်ရာထူး၌ ချီးကျူး မြှောက်စား ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သုဇာတာ ဥပါသိကာမဝတ္ထု ပြီး၏

ဝိသာခါ ဥပါသိကာမ ဝတ္ထု

ပု။ ။ဝိသာခါ ပန အာဝုသော ဥပါသိကာ ကထံ ဘဂဝတာ တေဒဂ္ဂဋ္ဌာနေ ဌပိတာ။

ဝိ။ ။ဝိသာခါ ဘန္တေ ဥပါသိကာ မိဂါရမာတာ "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဒါယိကာနံ ယဒိဒံ ဝိသာခါ မိဂါရမာတာ"- တိ ဧဝံခေါ ဘန္တေ ဘဂဝတာ တေဒဂ္ဂဋ္ဌာနေ ဌပိတာ။

မေး။ ။ဝိသာခါအမည်ရှိသော ဥပါသိကာမကို ဘုန်းတော်ခြောက်ပါး နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့လျှင် တေဒဂ်ရာထူး၌ ချီးကျူးတင်ထားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဝိသာခါဥပါသိကာမကို သဗ္ဗညုမြတ်စွာဘုရားသည် အလှူ အတန်း အလှူပေးခြင်း၌ မွေ့လျော်ကြသော ဥပါသိကာဒါယိကာမတို့အနက် အမြတ်ဆုံး အသာဆုံးဟူ၍ တေဒဂ်ရာထူး၌ ချီးကျူးမြှောက်စား ထား တော်မူအပ်ခဲ့ပါသည်။

အတိတ်နှင့် ပစ္စုပ္ပန်

ရှေးနည်းအတူပင် ဝိသာခါ၏အလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရမြတ်စွာဘုရား၏ လက်ထက်တော်အခါဝယ် တဦးသော ဥပါသိကာ ဒါယိကာမကို ပဒုမုတ္တရမြတ်စွာဘုရားသည် ဒါယိကာ— ဒါနာဘိရတအရာ၌ အလှူပေးခြင်း၌ မွေ့လျော်သော အရာဝယ် တေဒဂ်ထားသည်ကို မြင်လတ်၍ ပဒုမုတ္တရ မြတ်စွာဘုရား အမှူးရှိသော ရဟန်း သံဃာတော်တို့အား မြတ် သော ဆွမ်းခဲဘွယ်ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးပြီးလျှင် ထိုသို့ ဒါယိကာ အလှူပေးခြင်း၌ မွေ့လျော်သော အရာကို ဆုညွတ်ပန်ထွာခဲ့ပြီး ကမ္ဘာ တသိန်း ကာလပတ်လုံး အပါယ်သို့မလားရောက်ဘဲ ဤဘုရားမြတ်စွာ ပွင့် တော်မူရာ ကာလဝယ် ဝိသာခါဟူသော အမည်ဖြင့် ဖြစ်ခဲ့ပါပေသည်။

http://www.dhammadownload.com

ခုနစ်နှစ်အရွယ်၌ သောတာပန်တည်ခြင်း

ငယ်ရွယ်စဉ် ခုနစ်နှစ်ကပင် သဗ္ဗညုမြတ်စွာဘုရား ဝိသာခါဘို့၏ နယ်ပယ် ဘဒ္ဒိယမြို့သို့ ကြွရောက်တော်မူသောကာလ ရှေးဦးစွာ မြတ်စွာဘုရားကို ဖူးမျှော်ရ တရားတော်ကို ကြားနာရသဖြင့် သောတာပန်တည် ဥပါသိကာ ဒါယိကာမ ဖြစ်ခဲ့ပါသည်။

အရွယ်သို့ ရောက်လတ်သောအခါ သာကေတပြည် ဓနဥယသူဌေး၏ သမီးဖြစ်သော ဝိသာခါသည် သာဝတ္ထိပြည် မိဂါရသူဌေးသား ပုဏ္ဏဝစုနနှင့် စုံဖက်၍ သာဝတ္ထိပြည်အရပ်သို့ ရောက်ခဲ့ပါသည်။

မိဂါရသူဌေးသည်ကား မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်ပီပီ ဘုရားအမှူးရှိသော သံဃာတော်တို့အား မကြည်ညိုဘဲ ရှိပါ့သည်။

တနေ့သော အခါဝယ် ဝိသာခါနှင့် မိဂါရသူဌေးဘို့ အရေးဆိုကြပြီးလျှင် ဝိသာခါသည် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းဝတ်ပြုစုဘို့ရန် အခွင့်ရရှိခဲ့ပါသည်၊ သို့အခွင့်ရသဖြင့် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဝိသာခါအိမ်သို့ ပင့်ဘိတ်၍ ဆွမ်းဝတ် ပြုစုသော ကာလဝယ် မိဂါရသူဌေးသည် တင်းတိမ်ကန့်လန့်ကာ၏ အပြင်ဘက်မှ မြတ်စွာဘုရား၏တရားတော်ကို ကြားနာခဲ့ပါသည်။

မိဂါရမာတာ အမည်ရခြင်း

ဒေသနာတော်အဆုံးဝယ် မိဂါရသူဌေးသည် သောတာပတ္တိဖိုလ်၌ တည်၍ ဘုရားထံမှောက် လာရောက်ပြီးလျှင် "ရှင်မ ဝိသာခါ....၊ဤယနေ့မှစ၍ ရှင်မသည် ငါ၏မိခင်အရာ၌ တည်ပါပေသည်" ဟု ဘုရား၏ မျက်မှောက်ဝယ် ဝိသာခါအား မိခင်အရာ၌ ထားခဲ့ပါသည်၊ ထိုအချိန်မှစ၍ ဝိသာခါသည် မိဂါရမာတာ မိဂါရသူဌေး၏မိခင်ဟူသော အမည်ဖြင့်လည်း ထင်ရှားခဲ့ပါသည်။

နောက်အခါ သာဝတ္ထိပြည်၌ ပဲ့လမ်းသဘင်ရှိလတ်သောအခါ ဝိသာခါသည် ကျွန်မတယောက်နှင့် အတူတကွ ပဲ့လမ်းသဘင်သို့ မသွားမရောက်ဘဲ သဗ္ဗညုမြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းသို့ တရားနာသွားခဲ့ပါသည်၊ ဝိသာခါ ဝတ်ဆင်သော မဟလ္လတာ တန်းဆာကို ကျွန်မအား

http://www.dhammadownload.com

အပ်နှံ၍ တရားနာပြီးသောကာလ ထိုကျွန်မသည် ဝိသာခါ ဝတ်ဆင်သော မဟလ္လတာတန်းဆာကို မေ့ရစ်၍ ကျောင်းတော်၌ ထားခဲ့ပါသည်။

ပြန်သောကာလဝယ် အိမ်သို့ရောက်ကာနီးမှ မိမိမေ့ရစ်သည်ကို သိ၍ မဟလ္လတာတန်းဆာကို ပြန်၍ ယူအံ့သောငှါ အားထုတ်လတ်သည်ရှိသော် ဝိသာခါမေးမြန်းသဖြင့် အကြောင်းကို သိရှိ၍ ဤသို့ ကျောင်းတော်၌ မေ့ရစ်ကျန်ရစ်ပြီးသော ပစ္စည်းကို တဖန်ငါသည် ပြန်၍ သုံးဆောင်ခြင်းငှါ မထိုက်တန်ပါ၊ ယခုကျန်ရစ်သော မဟလ္လတာတန်းဆာဖြင့် သဗ္ဗညုမြတ်စွာဘုရားအား ကျောင်းတော် ဆောက်လုပ်အံ့ဟု ကြံစည်ပြီးလျှင် ထိုမဟလ္လတာတန်းဆာကို ဆောင်ယူခဲ့စေ၍ ရာဖြတ်တိုအား အဘိုးဖြစ်စေခဲ့ပါသည်။ ကိုးကုဋ္ဌေတန် ဖြစ်ခဲ့ပါသည်။

ပုဗ္ဗာရုံကျောင်းတော်ကြီး လှူဒါန်းခြင်း

နောက်တနေ့ဝယ် ဝိသာခါသည် ဘုရားအမှူးရှိသော သံဃာတော်တို့အား မိမိအိမ်သို့ ပင့်ဘိတ်၍ ဆွမ်းကျွေးမွေး လှူဒါန်းပြီးလျှင် ဤမဟလ္လတာတန်းဆာဖြင့် ပုဗ္ဗာရုံကျောင်း ဆောက်လုပ် လှူဒါန်းလိုပါကြောင်း လျှောက်ထားသည်တွင် သဗ္ဗညုမြတ်စွာဘုရား သည်းခံသာယာတော်မူ၍ သာဝတ္ထိပြည်၏ အရှေ့အရပ်ဝယ် ပုဗ္ဗာရုံမည်သောကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ပုဗ္ဗာရုံကျောင်း ဆောက်လုပ်ပြီးသောကာလဝယ် ဝိသာခါ ဒါယိကာမသည် ရှေးဆိုအပ်ပြီးသော အနာထပိဏ်သူဌေး အတူ မိမိ၏အိမ်၌ အမြဲတစေ စာရေးတံ ယာဂုဆွမ်း ငါးရာ, စာရေးတံဆွမ်းငါးရာအစရှိသော အလှူဒါန နိစ္စဘာဘ်တို့ကို အမြဲတစေ လှူဒါန်း ပြုစုလျက်ရှိပါသည်။

ဇေတဝန်ဘွဲ့ ရရှိခြင်း

သဗ္ဗညုမြတ်စွာဘုရားသည် နောက်ကာလဝယ် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဥပါသိကာမဟို့ကို ဇေတဝန်ရာထူး၌ ထားတော်မူလတ်သော အခါ ဝိသာခါ ဒါယိကာမကို—

"ဇေတဝဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဒါယိကာနံ ယဒိဒံ ဝိသာခါ မိဂါရမာတာ" ဟု—

http://www.dhammadownload.com

ချစ်သားရဟန်းတို့....၊ ငါဘုရား၏ သာဝိကာ ဥပါသိကာဒါယိကာမတို့ အနက် ဝိသာခါဒါယိကာမသည် အလှူအတန်း ပေးကမ်းခြင်း၌ အမြဲတစေ ရောင့်ရဲသော အရာ၌ သူမတူတန်အောင် ထူးမြတ်လှပါပေသည်ဟု ဝိသာခါ ဒါယိကာမကို အလှူအတန်း ပေးခြင်း၌ အထူးမွေ့လျော်သော အရာဝယ် တေဒဂ်ရာထူး၌ ချီးကျူးမြောက်စား ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဝိသာခါ ဥပါသိကာမဝတ္ထု ပြီး၏

ခုဇ္ဇုတ္တရာ ဥပါသိကာမ ဝတ္ထု

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အင်္ဂုတ္တရနိကာယေ ကေကနိပါတေ တေဒဂ္ဂဝဂ္ဂေ အာဂတာသု ဒသသု ဥပါသိကာသု ခုဇ္ဇုတ္တရာနာမ ဥပါသိကာ ကထံ တေဒဂ္ဂဋ္ဌာနေ ဌပိတာ။

ဝိ။ ။တေဒဂ္ဂဝဂ္ဂေ ဘန္တေ အာဂတာသု ဒသသု ဥပါသိကာသု ခုဇ္ဇုတ္တရာ ဥပါသိကာ "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဗဟုဿုတာနံ ယဒိဒံ ခုဇ္ဇုတ္တရာ"တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ တေဒဂ္ဂဋ္ဌာနေ ဌပိတာ။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုမြတ်စွာဘုရားသခင်သည် အင်္ဂုတ္တရနိကာယ် ဧကကနိပါတ် တေဒဂ္ဂဝဂ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာတင်ထားသည့်အတိုင်း တေဒဂ်ရ ဥပါသိကာမအဖြစ်ဖြင့် အထင်အရှား လာရှိကုန်သော ဆယ်ဦးသော ဥပါသိကာမတို့တွင် ခုဇ္ဇုတ္တရာမည်သော ဥပါသိကာမကို အဘယ်သို့လျှင် တေဒဂ်ရာထူး၌ ချီးကျူးတင်ထားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။တေဒဂ္ဂဝဂ်လာ တကျိပ်သော ဥပါသိကာ ဒါယိကာမတို့တွင် ခုဇ္ဇုတ္တရာမည်သော ဥပါသိကာဒါယိကာမကို ဗဟုဿုတများသော အရာ၌ သဗ္ဗညုမြတ်စွာဘုရား တေဒဂ်ရာထူး၌ ချီးကျူးမြောက်စား ထားတော်မူအပ်ခဲ့ပါသည်။

အတိတ် ဝတ္ထု

လွန်ခဲ့သော ကမ္ဘာတသိန်း ကာလ၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသော အခါ ခုဇ္ဇုတ္တရာ၏အလောင်းဖြစ်သော ဥပါသိကာအမျိုးကောင်း

http://www.dhammadownload.com

သမီးသည် ပဒုမုတ္တရမြတ်စွာဘုရားထံမှောက် တရားနာသွားရောက်သည် ရှိသော် ပဒုမုတ္တရမြတ်စွာဘုရားသည် တဦးသောဥပါသိကာဒါယိကာမကို ဗဟုဿုတမျှားသောအရာ၌ တေဒင်ထားသည်ကို မြင်ရ၍ အဓိကာရကောင်းမှု လွန်ကဲသော ကုသိုလ်ကိုပြုပြီးလျှင် ဗဟုဿုတမျှားဘို့ရန် ဆုတည်တ်ပန်ထွာ ပတ္ထနာအမှု ပြုခဲ့ပါသည်။

အသက်ထက်ဆုံး ဒါနသီလတည်းဟူသော ကုသိုလ်ကောင်းမှုကို ပြုပြီး၍ ကမ္ဘာတသိန်း ကာလပတ်လုံး နတ်ပြည်လူ့ပြည်တို့၌ လှည့်လည် ကျက်စားပြီးလျှင် ကဿပမြတ်စွာ သာသနာခေတ်ရောက်လတ်သောအခါ ခုဇ္ဇုတ္တရာအလောင်း အမျိုးသမီးသည် တယောက်သော သာမဏေရီအား မိမိ၏ ဝေယျာဝစ္စ အမှုကို ပြုစေခဲ့ပါသည်။

တခုသောဘဝ တဆူသောဘုရား၏အကြားကာလဝယ် မင်း၏မိဖုရား ဖြစ်၍ မင်း၏နန်းတော်သို့ ကြွရောက်တော်မူသော ပစ္စေကဗုဒ္ဓါတပါး အနည်းငယ်ကုန်း၍ သွားသည်ကို မြင်လတ်၍ ပြက်ရယ်ပြောင်လှောင်လိုသော စိတ်ဖြင့် မောင်းမမိသံတို့အလည်ဝယ် ကုန်းယောင် ကွယောင်ပြု၍ ပြခဲ့ပါသည်။

ထိုမင်း၏ မိဖုရားဘဝ၌ပင်လျှင် ရှစ်ပါးသော ပစ္စေကဗုဒ္ဓါမထေရ် သူမြတ်တို့ ပူလှသော နို့ဆန်နာဆွမ်းကို ခံယူခဲ့ကြ၍ လက်မချမ်းသာသည်ကို မြင်လတ်သည် ရှိသော် "အရှင်တို့.... ဤလက်ကောက်၌ သပိတ်ကိုထား၍ ကြွသွားတော်မူပါဘုရား" ဟူ၍ မိမိလက်ဝယ် ဝတ်ဆင်၍ ထားအပ်သော ရှစ်ခုသော ရွှေလက်ကောက်တို့ကို ချွတ်၍ လှူခဲ့ပါသည်။

ပစ္စုပ္ပန် ဖြစ်စဉ်

ဤသို့ ပြုခဲ့သော မကောင်းမှုအကုသိုလ်ကံ, ကောင်းမှုကုသိုလ်ကံတို့ကြောင့် ဤဘုရားမြတ်စွာ သာသနာခေတ်ကာလတိုင်အောင် ဘဝငါးရာ ကျွန်မအဖြစ်ဖြင့် လှည့်လည်ကျက်စားခဲ့၍ ဤဘုရားမြတ်စွာ ပဉ္စင်ပေါ်ရာ ကာလဝယ် သာမာဝတီ အမှူးပြုသော ငါးရာသော အမျိုးကောင်းသမီးတို့၏ အစေအပါး ကျွန်မဖြစ်၍ ကောသမ္မီပြည်အရပ်၌ နေခဲ့ပါသည်။

တနေ့သောအခါ ကောသမ္မီသူဌေးသုံးဦးတို့ ပင့်လျှောက်ချက်အရ သမ္မည မြတ်စွာဘုရား ကောသမ္မီပြည်သို့ ရောက်၍ ဝေနေယျသတ္တဝါတို့အား

http://www.dhammadownload.com

ချီးမြှောက်တော်မူသောအခါကာလ ပန်းသည်တို့၏ အကြီးအကဲဖြစ်သော သူ၏အိမ်၌ ဘုရားအမှူးရှိသော သံဃာတော်ကို ဆွမ်းပြုစု ကျွေးမွေးဆဲ ကာလဖြစ်သည်။

ခုဇ္ဇုတ္တရာကျွန်မသည် ထိုပန်းသည်မှူး၏ အိမ်သို့ ရောက်လတ်သည် ရှိသော် ထိုပန်းသည်မှူးက "ရှင်မခုဇ္ဇုတ္တရာ....ယနေ့အခါမှာမူ မြတ်စွာဘုရား အမှူးရှိသော သံဃာတော်တို့ကို ဆွမ်းပြုစုလုပ်ကျွေးရသဖြင့် ရှေးရက်တို့ ကကဲ့သို့ ပန်းကို မပေးနိုင်ကြောင်း၊ ကျွန်ုပ်တို့နှင့်အတူတက္ခ ဘုရားအမှူး ရှိသော သံဃာတော်တို့အား ဝေယျာဝစ္စကောင်းမှုကုသိုလ် ပြုလုပ်စေလို ကြောင်း" မေတ္တာရပ် ခံသည်တွင် ဘုရားအမှူးရှိသော သံဃာတော်တို့အား ထိုအိမ်၌ ဝေယျာဝစ္စ ကောင်းမှုကုသိုလ်ကို ပြုလုပ်ခဲ့ပါသည်၊ မြတ်စွာဘုရား သည် ဥပနိသိန္နဓမ္မကထာနည်းဖြင့် ဟောကြားအပ်သော တရားတို့ကိုလည်း အလုံးစုံ ဆောင်ယူနိုင်ခဲ့ပါသည်။ ဘတ္တာနုမောဒန ဆွမ်းအနုမောဒနာ တရား ပြီးဆုံးသောကာလ၌ တရားဘော်ကိုလည်း အလုံးစုံ ဆောင်ယူနိုင်ခဲ့ပါသည်၊ သောဘာပတ္တိဖိုလ်၌လည်း တည်ခဲ့ပါသည်။

ထိုအခါဝယ် မိမိဝယ်ပါလာရင်းဖြစ်သော ရွှစ်အသပြာတို့ဖြင့် များစွာ သော ပန်းတို့ကို ဝယ်ယူ၍ သာမာဝတီမိဖုရားအမှူးရှိသော ငါးရာသော မိဖုရား မောင်းမမိသံဘို့ကံသို့ သွားရောက်ပြီးလျှင် များစွာသော ပန်းတို့ကို ဆက်သခဲ့ပါသည်၊ အကြောင်းအရာကို မေးမြန်းလတ်၍ အမြိုက်တရားကို မိမိချဉ်ခဲ့ကြောင်း ပြန်ပြောင်းပြောဆိုသည်ဘွင် သာမာဝတီဒေဝီအမှူးရှိသော ငါးရာသော အမျိုးကောင်းသမီးဘို့သည်လည်း "ရှင်မခုဇ္ဇုတ္တရာ....ရှင်မ ရရှိ ခဲ့သော အမြိုက်တရားကို ငါဘို့အားလည်း ပေးပါ" ဟူ၍ တောင်းပန်လတ် သည်ဘွင် မြင့်မြတ်သောနေရာ၌ နေ၍ သာမာဝတီအမှူးရှိသော ငါးရာသော အမျိုးကောင်းသမီးတို့အား မိမိကြားနာခဲ့ရင်းဖြစ်သော တရားစကားတို့ကို ပြန်ကြား ပြောကြားခဲ့ပါသည်၊ ဒေသနာ၏ အဆုံးဝယ် ငါးရာသော အမျိုး ကောင်းသမီးတို့ သာမာဝတီမိဖုရားနှင့်တကွ သောတာပတ္တိဖိုလ်၌ တည်ကြ ပါသည်။

နောက်အခါဝယ် ခုဇ္ဇုတ္တရာ အမျိုးကောင်းသမီးသည်ကား ဗဟုဿုတ များလှပါပေ၏ ဟူ၍ လူအပေါင်းတို့ ကောင်းတင်းစကား ပြောကြားခဲ့ကြ ပါပေသည်။

http://www.dhammadownload.com

ဇေတဒင်ဘွဲ့ ရရှိခြင်း

ဤအကြောင်းကိုပင် အဋ္ဌုပ္ပတ္တိပြု၍ သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဥပါသိကာဒါယိကာမတို့ကို တေဒဂ်ပဲကြီးသဘင် ယင်ရာကာလဝယ်—

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဗဟုဿုတာနံ ယဒိဒံ ခုဇ္ဇုတ္တရာ" ဟု—

ချစ်သားရဟန်းတို့....၊ငါဘုရား၏ တပည့်မသာဝိကာ ဥပါသိကာအပေါင်း တို့တွင် "ခုဇ္ဇုတ္တရာမည်သော အမျိုးကောင်းသမီးသည် ဗဟုဿုတများကြသော ဥပါသိကာတပည့်မ သာဝိကာတို့အနက် အမြတ်ဆုံး အသာဆုံးပေတည်း ဟု ဗဟုဿုတများသော အရာ တေဒဂ်ရာထူး၌ ချီးကျူးမြွောက်စား ထားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ခုဇ္ဇုတ္တရာ ဥပါသိကာမဝတ္ထု ပြီး၏

ကာဠဥပါသိကာမ ဝတ္ထု

ပု။ ။ကာဠဥနာမဲ အာဝုသော ဥပါသိကာ ကုရရဃရိကာ ကထံ ဘဂဝတာ တေဒဂ္ဂဋ္ဌာနေ ဌပိတာ။

ဝိ။ ။ကာဠဥိ ဘန္တေ ဥပါသိကာ ကုရရဃရိကာ "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ အနုဿဝပ္ပသန္နာနံ ယဒိဒံ ကာဠဥိ ဥပါသိကာ ကုရရ-ဃရိကာ" တိ ဧဝံ ဧခါ ဘန္တေ ဘဂဝတာ တေဒဂ္ဂဋ္ဌာနေ ဌပိတာ။

မေး။ ။ကုရရဃရမြို့၌နေသော ကာဠဥိအမည်ရှိသော ဥပါသိကာမကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင် သည် အဘယ်သို့လျှင် တေဒဂ် ရာထူး၌ ချီးကျူး တင်ထားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကုရရဃရမည်သောမြို့၌ နေသော ကာဠဥိ အမည်ရှိသော ဥပါသိကာ ဒါယိကာမကို မြတ်စွာဘုရားကို မိမိကိုယ်တိုင် ဖူးတွေ့ရသည်မဟုတ်ဘဲ ဘုရားဟောသော တရားကို မိမိ ကိုယ်တိုင် ကြားနာရသည်လည်း မဟုတ်ဘဲ သူတပါးတို့အထံမှ တဆင့်ကြားဖြင့် မြတ်စွာဘုရား တရားတော်တို့ကို သက်ဝင် ယုံကြည်ကြသော အမျိုးကောင်းသမီးတို့တွင် အမြတ်ဆုံး အသာဆုံးပါ

http://www.dhammadownload.com

ပေတည်းဟု သဗ္ဗညုမြတ်စွာဘုရား တေဒင်ရာထူး၌ ချီးကျူး မြှောက်စား တင်ထားတော် မူအပ်ခဲ့ပါသည်။

အတိတ်နှင့် ပစ္စုပ္ပန် ဝတ္ထု

ကာဠီအမျိုးသမီး၏အလောင်း အမျိုးကောင်းသမီးသည် လွန်ခဲ့သော ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာ သာသနာဝယ် အမျိုးကောင်းသမီး တယောက်ကို အနုဿဝပ္ပသန္နာ တဆင့်ကြားအနေဖြင့် သာသနာဝယ် ကြည်ညိုသောအရာ တေဒင်ရာထူး၌ ချီးကျူးမြှောက်စား ပဒုမုတ္တရမြတ်စွာ ဘုရား ထားသည်ကို မြင်လတ်၍ အဓိကာရကောင်းမှု လွန်ကဲသောကုသိုလ် ကို ပြုလုပ်ပြီးလျှင် ထိုအနုဿဝပသာဒအရာ တေဒင်ဆုထူးကို ဆုညွှတ် ပန်ထွာ တောင့်တခဲ့ပါပေသည်။

ထိုဘဝမှသည် ကမ္ဘာတသိန်း ကာလတိုင်အောင် နတ်ပြည် လူ့ပြည်၌ ကျင်လည်ကျက်စားခဲ့၍ ဤဘုရားပွင့်တော်မူရာကာလဝယ် ရာဇဂြိုဟ်ပြည် အရပ်၌ သူဌေးသမီးဖြစ်လတ်၍ အရွယ်သို့ရောက်လတ်သည်ရှိသော် အဝန္တိ ဒက္ခိဏပထတိုင်း ကုရရဃရမြို့၌ အိမ်ထောင်ကျခဲ့၍ ထိုအဝန္တိဒက္ခိဏပထတိုင်း ကုရရဃရမြို့၌နေစဉ် ကိုယ်ဝန်ပဋိသန္ဓေတည်လတ်၍ မိမိမူလဖွားရာ ရာဇဂြိုဟ် ပြည် မိခင်ဘခင်တို့ အိမ်သို့ ပြန်ရောက်ခဲ့ပါသည်။

ထိုအခါ မဟာသက္ကရာဇ် ၁၀၃-ခု ဝါဆိုလပြည့် ဓမ္မစကြာတရားကို ဟော ကြားတော် မူသောနေ့ ညဉ့်ကာလဝယ် ဟေမဝတဘီလူး သာတာဂိရဘီလူး နှစ်ဦးတို့ မိမိ၏အိမ်မှ အထက်ကောင်းကင်ယံဝယ် မြတ်စွာဘုရား၏ ဂုဏ် ကျေးဇူးနှင့် စပ်သော စကားတို့ကို မေးကြဖြေကြသော အသံကိုကြားလတ် ၍ ထိုသာတာဂိရ, ဟေမဝတဘီလူးနှစ်ဦးတို့၏ ပြောဆိုသော အသံဝယ် ပါရှိသော မြတ်စွာဘုရား၏ ကျေးဇူးဂုဏ်တို့ကို အစဉ်လျှောက်သဖြင့် ဗုဒ္ဓါ-နုဿတိကို အရင်းခံ၍ ဝိပဿနာတရားပွါးများလတ်သည်ရှိသော် ထိုအရပ်၌ ပင်လျှင် သောတာပတ္တိဖိုလ်၌ တည်ခဲ့ပါသည်။

ဤသို့သော အကြောင်း အဌုပ္ပတ်ကြောင့်ပင် သဗ္ဗညုမြတ်စွာဘုရား သည် နောက်အခါဝယ် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ များစွာသော အမျိုးကောင်းသမီး ဥပါသိကာမတို့ကို တေဒင်ပွဲကြီးသဘင် ယင်ရာကာလ၌-

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ အနုဿဝပ္ပသန္နာနံ ယဒိဒံ ကာဠီ ဥပါသိကာ ကုရရဃရိကာ" ဟု—

http://www.dhammadownload.com

ချစ်သားရဟန်းတို့....၊အဝန်္တိဒက္ခိဏာပထတိုင်း ကုရရဃရမြို့ အရပ်၌ နေသော ကာဠိမည်သော အမျိုးကောင်းသမီးသည် ငါဘုရား၏တပည့်မသာဝိကာ ဥပါသိကာဘို့အနက် တဆင့်ကြားအနေဖြင့် ကြည်ညိုသောအရာဝယ် အမြတ်ဆုံး အသာဆုံးပါပေဘည်းဟု မြင့်မြတ်သော တေဒဂ်ရာထူး၌ သဗ္ဗညုမြတ်စွာဘုရား ချီးကျူး တင်ထား အပ်ခဲ့ပါသည် အရှင်ဘုရား။

ကာဠိဥပါသိကာမဝတ္ထု ပြီး၏

တေဒဂ္ဂဝဂ် အမေးအဖြေ ပြီးပြီ

အဋ္ဌာနပါဠိ

ပု။ ။သကလာပိ အာဝုသော အဋ္ဌာနပါဠိ ဘဂဝတာ ကထံ ဘာသိတာ။

ဝိ။ ။အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ကဉ္စိသင်္ခါရံ နိစ္စတော ဥပဂစ္ဆေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ ဌာနဉ္စ ခေါ တေံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော ကဉ္စိသင်္ခါရံ နိစ္စတော ဥပဂစ္ဆေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ သကလာပိ အဋ္ဌာနပါဠိ ဘာသိတာ။

မေး။ ။အဋ္ဌာနပါဠိ ဟု ခေါ်ဆိုအပ်သော အလုံးစုံသော တရားဒေသနာအပေါင်းကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။အဋ္ဌာနပါဠိ အမည်ရှိသော အလုံးစုံသော ဒေသနာအစဉ်ကို “အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ကဉ္စိသင်္ခါရံ နိစ္စတော ဥပဂစ္ဆေယျ။ နေတံ ဌာနံ ဝိဇ္ဇတိ” အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊သောတာပတ္တိ မဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသော အရိယာသာဝကသည် တစုံတခုသော စတုဘူမကသင်္ခါရတရားကို နိစ္စအားဖြင့် ဖြစ်စေ, သုခအားဖြင့် ဖြစ်စေ, အတ္တအားဖြင့် ဖြစ်စေ ဘဝဒိဋ္ဌိ, အတ္တဒိဋ္ဌိ အစွဲငြိ၍ အသိအမှတ်ပြုဘို့ရန် အကြောင်း မရှိပေ။

http://www.dhammadownload.com

ချစ်သားရဟန်းတို့....ပုထုဇဉ်ပုဂ္ဂိုလ်သည်သာလျှင် တစုံတခုသော တေဘူမကသင်္ခါရတရားကို နိစ္စအားဖြင့်ဖြစ်စေ, သုခအနေဖြင့်ဖြစ်စေ, အတ္တအနေဖြင့် ဖြစ်စေ သဿတဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ စွဲငြိ၍ သိဖွယ်မှတ်ဖွယ် ပြောကြားဖွယ် အကြောင်း ရှိပေသည်။

ချစ်သားရဟန်းတို့....ဧသောတာပတ္တိမဂ်ဉာဏ် အမြင်နှင့် ပြည့်စုံသော အရိယာပုဂ္ဂိုလ် သောတာပန်ပုဂ္ဂိုလ်သည် အမိကိုသတ်ခြင်း, အဖကိုသတ်ခြင်း, ရဟန္တာကို သတ်ခြင်း, မြတ်စွာဘုရားအား သွေးစိမ်းတည်အောင် ပြုလုပ်ခြင်း, သံဃာတော်အား သင်းခွဲခြင်း, ဘုရားမှတပါးသော ဆရာကို ညွှန်ကြားခြင်း တည်းဟူသော အဘိဋ္ဌာနခြောက်ပါးတို့ကို ပြုမှားဘို့ရန် အကြောင်းမရှိ။ ပုထုဇဉ်ပုဂ္ဂိုလ်သည်သာလျှင် ဤခြောက်ပါးသော အဘိဋ္ဌာနတရားတို့ကို ပြုမှားဘို့ရန် အကြောင်းရှိသည် အစရှိသည်ဖြင့် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား အဋ္ဌာနပါဠိအမည်ရသော အကြောင်းမဟုတ်သောတရား, အကြောင်းဟုတ်သော တရားတို့ကို စိတ်ဖြာခွဲခြားဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အဋ္ဌာနပါဠိ ပြီး၏

ကေဓမ္မပါဠိ ပဌမဝဂ်

ပု။ ။ကေဓမ္မပါဠိယံ အာဝုသော ပဌမဝဂ္ဂေ ကီဒိသီ ဓမ္မဒေသနာ ဘဂဝတာ ဒေသိတာ။

ဝိ။ ။ကေဓမ္မပါဠိယံ ဘန္တေ ပဌမဝဂ္ဂေ "ကေဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ကေန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ကတမော ကေဓမ္မော၊ ဗုဒ္ဓါနုဿတိ၊ အယံခေါ ဘိက္ခဝေ ကေဓမ္မော ဘာဝိတော ဗဟုလီကတော ကေန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ" တိ ဧဝမာဒိကာ ဘဂဝတာ ဓမ္မဒေသနာ ဒေသိတာ။

မေး။ ။ကေဓမ္မမည်သော ပါဠိတွင် ပဌမဝဂ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသခင်သည် အဘယ်သို့သော တရားဒေသနာတော်တို့ကို ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

http://www.dhammadownload.com

ဖြေ။ ။ကေဓမ္မပါဠိအမည်ရသော စကားတော် အစဉ်၌ ပဌမဝဂ်ဝယ် သဗ္ဗညုမြတ်စွာဘုရားသည် "ကေဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ကေန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ ဗုဒ္ဓါနုဿတိတည်းဟူသော တခုသောတရားသည် ကြိမ်ဖန်များစွာ လေ့လာပွါးများအပ်သည်ရှိသော် သံသရာဝဋ်ဒုက္ခ၌ ငြီးငွေ့ခြင်းအကျိုးငှါ သံသရာဝဋ်ဒုက္ခ၌ တပ်ခြင်းကင်းခြင်းအလို့ငှါ ဝဋ်ဒုက္ခကို ချုပ်ငြိမ်းစေခြင်း ကိလေသာခပ်သိမ်းတို့ကို ချုပ်စေခြင်း အကျိုးငှါ ကိလေသာခပ်သိမ်း ငြိမ်းစေခြင်းအလို့ငှါ ထူးသောဝိပဿနာဉာဏ်ဖြင့် ရုပ်နာမ်ဓမ္မ သခ်ၤါရတို့ကို ယထာဘူတ နေရာက္ခ သိမြင်ရန်အလို့ငှါ ဉာဏပရိညာ, တီရဏပရိညာ, ပဟာနပရိညာတည်းဟူသော ပရိညာသုံးပါးဖြင့် တရားတို့ကို ပိုင်းခြားစွာသိမြင်ရန် အလို့ငှါ သမ္မောဓမည်သော မဂ်ဉာဏ်တို့သို့ရောက်ရန်အလို့ငှါ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှါ ဖြစ်ပေသည်ဟူ၍ငင်း။

ဓမ္မာနုဿတိမည်သော တခုသောတရား, သံဃာနုဿတိမည်သော တခုသောတရား, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာ နုဿတိ, ဥပသမာနုဿတိ, မရဏာနုဿတိ, ကာယဂတာသတိ, အာနာပါနဿတိ-တည်းဟူသော တခုသောတရား, ဤတရားသည် ကေန္တနိဗ္ဗိဒါ, ကေန္တဝိရာဂ, ကေန္တနိရောဓ, ဥပသမ,အဘိညာ,သမ္မောဓ,နိဗ္ဗာန်အလို့ငှါ ဖြစ်ပေသည်ဟု ဤကေဓမ္မ ပါဠိဝယ် ပဌမဝဂ်၌ ဤဆယ်ရပ်သော အနုဿတိ သုတ္တန်ဒေသနာတော်မြတ်တို့ကို ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပဌမဝဂ် ပြီး၏

ဒုတိယဝဂ်

ပု။ ။ဒုတိယဝဂ္ဂေ ပန အာဝုသော ဘဂဝတာ ကီဒိသီ ဓမ္မဒေသနာယော ဒေသိတာ။

http://www.dhammadownload.com

၀။ ။ဒုတိယဝဂ္ဂေ ဘန္တေ ဘဂဝတာ "နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဘိယ္ယောဘာဝါယ ဝေပုလ္လာယ သံဝတ္တန္တိ၊ ယထယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ။ မိစ္ဆာဒိဋ္ဌိကဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ဘိယ္ယောဘာဝါယ ဝေပုလ္လာယ သံဝတ္တန္တိ" တိ။ ဧတမာဒိကာ ဘဂဝတာ ဓမ္မဒေသနာယော ဒေသိတာ။

မေး။ ။ကေဓမ္မပါဠိတွင် ဒုတိယဝဂ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် အဘယ်သို့သော တရားဒေသနာတော်တို့ကို ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကေဓမ္မပါဠိ ဒုတိယဝဂ်၌ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည် "နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဘိယ္ယောဘာဝါယ ဝေပုလ္လာယ သံဝတ္တန္တိ၊ ယထယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ဖောက်ပြန် မှားယွင်းသော အယူတည်းဟူသော မိစ္ဆာဒိဋ္ဌိ တရားကဲ့သို့ မဖြစ်သေးသော အကုသိုလ်တရားတို့ ဖြစ်ပွါးစေကြောင်း ဖြစ်ပြီးသောအကုသိုလ်တရားတို့ အတိုင်းထက်အလွန် ပွါးများစေကြောင်း ပြန့်ပြောစေကြောင်းဖြစ်သော တပါးသော မကောင်းသော အကြောင်းတရားကို ငါဘုရားမြင်တော် မမူ။

ချစ်သားရဟန်းတို့....၊မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်၏သန္တာန်ဝယ် မဖြစ်ဘူးသော အကုသိုလ်တရားတို့သည်လည်း တရိပ်ရိပ် တဖွားဖွား ဖြစ်ပွါး၍ လာကုန်တော့သည်၊ ဖြစ်ဘူးပြီးသော အကုသိုလ်တရားတို့သည်လည်း အတိုင်းထက်အလွန် ပွါးများခြင်းငှါ ပြန့်ပြောခြင်းငှါ ဖြစ်ကုန်တော့သည်၊ ဤသို့ အစရှိသော မမှဒေသနာ မိစ္ဆာဒိဋ္ဌိ၏ မကောင်းသော အကြောင်းကို ဟောပြရာ, သမ္မာဒိဋ္ဌိ၏ ကောင်းသောအကြောင်းကို ဟောပြရာ, အယောနိသော မနသိကာရ၏ မကောင်းကျိုးကို ပေးပုံ, ယောနိသောမနသိကာရ၏

http://www.dhammadownload.com

ကောင်းသောအကျိုးကိုပေးပုံတို့ကို အကျယ်တဝင့်ဖွင့်ပြရာဖြစ်သော ဒေသနာတို့ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါကုန်သည့် အရှင်ဘုရား။

ဒုတိယဝဂ် ပြီး၏

တတိယဝဂ်

ပု။ ။တတိယဝဂ္ဂေ ပန အာဝုသော ပဥ္စမာဒီနိ အဋ္ဌ သုတ္တာနိ ဘဂဝတာ ကထံ ဘာသိတာနိ။

ဝိ။ ။တတိယဝဂ္ဂေ ဘန္တေ ပဥ္စမာဒီနိ အဋ္ဌသုတ္တာနိ "ဒုရက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ယော စ သမာဒပေတိ၊ ယဉ္စ သမာဒပေတိ၊ ယော စ သမာဒပိတော တထတ္တာယ ပဋိပဇ္ဇတိ။ သဗ္ဗေတေ ဗဟုံ အပုညံ ပသဝန္တိ။ တံကိဿဟေတု၊ ဒုရက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿ။ သွာက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ယော စ သမာဒပေတိ၊ ယဉ္စ သမာဒပေတိ၊ ယော စ သမာဒပိတော၊ တထတ္တာယ ပဋိပဇ္ဇတိ၊ သဗ္ဗေတေ ဗဟုံ ပုညံ ပသဝန္တိ။ တံကိဿဟေတု သွာက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတာနိ။

မေး။ ။ဧကဓမ္မပါဠိတွင် တတိယဝဂ်၌ ပဥ္စမသုတ္တန်အစရှိသော ရှစ်ရပ်သော သုတ္တန်တရားတော်တို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဧကဓမ္မပါဠိ တတိယဝဂ်ဝယ် ပဥ္စမသုတ္တန် ဆဋ္ဌသုတ္တန်။ပ။ ဒုဒိဒသမသုတ္တန်တည်းဟူသော ရှစ်ပါးသောသုတ္တန်တို့ကို "ဒုရက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ယော စ သမာဒပေတိ" အစရှိသည်ဖြင့် —

ချစ်သားရဟန်းတို့....၊ အစဉ် သီလတည်းဟူသောကောင်းခြင်း, အလယ်၌ သမာဓိတည်းဟူသော ကောင်းခြင်း, အဆုံး၌ ပညာတည်းဟူသော ကောင်း

http://www.dhammadownload.com

ခြင်းမရှိသဖြင့် သုံးဌာနဝယ် မကောင်းသဖြင့် ဟောကြားအပ်သော သာသနာ၌ အကြင်ဆရာဖြစ်သောပုဂ္ဂိုလ်သည် တပည့်ဖြစ်သောပုဂ္ဂိုလ်ကို ဆောက်တည်စေ၏၊ အကြင်အန္တေဝါသိက တပည့်ဖြစ်သော ပုဂ္ဂိုလ်ကို ဆောက်တည် ခိုင်းအပ်ပေ၏၊ ဆောက်တည်ခိုင်းအပ်သော အကြင်အန္တေ-ဝါသိကတပည့်သည်လည်း ထိုဆရာညွှန်ကြားသည့် အတိုင်း မှားယွင်းသော အကျင့်ပဋိပတ်ကို လိုက်နာကျင့်ကြံပေ၏၊ ထိုဆိုအပ်ပြီးသော ဆောက်တည်စေသော ဆရာဖြစ်သောပုဂ္ဂိုလ်၊ အဆောက်တည် အကျင့်ကြံ အလိုက်နာခိုင်းအပ်သော တပည့်ဖြစ်သောပုဂ္ဂိုလ်၊ ဆောက်တည်စေအပ်သဖြင့် လိုက်နာကျင့်ကြံသော တပည့်ဖြစ်သောပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်သုံးမျိုးလုံးပင်လျှင် မျှားစွာသော အကုသိုလ်တရားတို့ကို ပွါးစေသည်မည်၏၊ အကြောင်းသော်ကား ဆောက်တည်စေအပ်သော တရားအရင်းကိုကပင် အစ အလယ် အဆုံး သီလ, သမာဓိ, ပညာတည်းဟူသော ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ မဟောကြားအပ်သောကြောင့် ဖြစ်ပေသည်။

ချစ်သားရဟန်းတို့....၊ အစ အလယ် အဆုံး သုံးပါးစုံကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားရာဖြစ်သော ဓမ္မဝိနယဘုရားသာသနာတော်၌ အကြင်ဆရာဖြစ်သောပုဂ္ဂိုလ်သည် ဆောက်တည်စေ၏၊ အကြင်တပည့်ဖြစ်သောပုဂ္ဂိုလ်ကို ဆောက်တည်စေအပ်၏၊ ဆောက်တည်စေအပ်သော အကြင်တပည့်ဖြစ်သောပုဂ္ဂိုလ်သည်လည်း ထိုမဇ္ဈိမပဋိပဒါကို လိုက်နာကျင့်ကြံပေ၏၊ ထိုသုံးမျိုးစလုံးသော ဆောက်တည်စေသောဆရာ၊ ဆောက်တည်ခိုင်းအပ်သောတပည့်၊ ခိုင်းအပ်သဖြင့် မဇ္ဈိမပဋိပဒါကို လိုက်နာကျင့်ကြံသောတပည့်၊ ဤပုဂ္ဂိုလ်သုံးမျိုးလုံးပင်လျှင် မျှားစွာသော ကုသိုလ်တရားတို့ကို ပွါးစေကြသည် မည်ပေ၏၊ အကြောင်းသော်ကား ဆောက်တည်စေအပ်သော မဇ္ဈိမပဋိပဒါတရားကိုကပင်လျှင် အစ အလယ် အဆုံး သုံးပါးအစုံကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားအပ်သည့် သွာက္ခာတ ဂုဏ်နှင့် ပြည့်စုံသောကြောင့် ဖြစ်ပေသည်။

ချစ်သားရဟန်းတို့....၊ ဒုရက္ခာတဖြစ်သော ဗာဟိရက သာသနာ၌ ဒါယကာဖြစ်သော ပုဂ္ဂိုလ်တို့ကသာလျှင် လှူဘွယ်တန်းဘွယ်အစရှိသည်နှင့်

http://www.dhammadownload.com

အတိုင်းအရှည်ကို သိအပ်သိသင့်တော့သည်၊ အလှူခံပုဂ္ဂိုလ်တို့သည်ကား မူလတရားရင်းကိုကပင် မကောင်းသဖြင့် ဟောကြားအပ်သော တရားဖြစ်၍ အတိုင်းအရှည်ကို သိကြမည် မဟုတ်ပေ။

ချစ်သားရဟန်းတို့....၊ သွာကွာတဖြစ်သော အစ အလယ် အဆုံး သုံးပါး အစုံကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားအပ်သော ဤဘုရား သာသနာ၌ကား အလှူခံပုဂ္ဂိုလ်တို့ကပင်လျှင် အလှူဒါယကာ၏ အင်အား၊ အလှူဝတ္ထု၏အင်အား၊ မိမိ၏ အင်အား၊ ဤသုံးပါးကို နှိုင်းချိန်၍ အတိုင်းအရှည်ကို သိအပ် သိသင့်ပေသည်။

ဒါယကာသည် မူကား သွာကွာတ ကောင်းစွာ ဟောကြားအပ်သော ဓမ္မဝိနယသာသနာ၌ တရားတော်ကိုကပင် အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာဟောကြား အပ်ရကား သဒ္ဓါတရား တိုးပွါးကာ တိုးပွါးကာ ဖြင့်သာ ထပ်၍ ထပ်၍ လှူလိုသောကြောင့်ငင်း သို့လှူပြီးသော ကုသိုလ်တရားကို ပွါးသည်ထက်သာ ပွါးများရာသည် ဖြစ်သောကြောင့်ငင်း ဒါယကာတို့ဘက်မှ မူကား အတိုင်းအရှည်ကို မသိအပ်ဟူ၍ငင်း။

ချစ်သားရဟန်းတို့....၊မကောင်းသဖြင့် ဟောကြားအပ်သော ဗာဟိရက သာသနာတော်ဝယ် အာရဒ္ဓဝီရိယ ထိုသာသနာ၌ လာရှိသော အကျင့်ကို ပြင်းစွာ ကျင့်ကြံသောပုဂ္ဂိုလ်သည် ဆင်းရဲစွာနေရတော့သည်၊ အကြောင်း သော်ကား တရားရင်းကိုကပင် နိယျာနိကသံသရာဝဋ်မှ ထွက်မြောက်စေနိုင် သော အစွမ်းသတ္တိမရှိ၊ မကောင်းသဖြင့် ဟောကြားအပ်သော တရားဖြစ် သောကြောင့် ဖြစ်ပေသည်။

ချစ်သားရဟန်းတို့....၊ သွာကွာတ အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားအပ်သော ဤဓမ္မဝိနယငါဘုရား သာသနာတော်၌ ပျင်းရိစွာနေသောပုဂ္ဂိုလ်သည် ဆင်းရဲစွာနေရပေသည်၊ အကြောင်း သော်ကား ဤသာသနာတော်ဝယ် ဓမ္မကိုက အစအလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားအပ်လတ်ရကား ထိုတရားကို အားမထုတ် ပျင်းရိစွာနေသောပုဂ္ဂိုလ်သည် ပစ္စုပ္ပန်သံသရာ ဆင်းရဲစွာ နေရပေတော့သည်။

http://www.dhammadownload.com

ချစ်သားရဟန်းတို့....ဖကောင်းသဖြင့် ဟောကြားအပ်သော ဗာဟိရက သာသနာ၌ ပျင်းရိစွာနေရခြင်းသည် ဒိဋ္ဌမွေ့ ပစ္စုပ္ပန်ဘဝ၌လည်း ချမ်းသာ၊ တမလွန် လောက၌လည်း ချမ်းသာစွာနေရတော့သည်၊ အကြောင်း သော်ကား တရားရင်းကိုကပင် နိယျာနိက သံသရာဝဋ်မှ ထွက်မြောက် ဖွယ်မဟုတ်၊ မကောင်းသဖြင့် ဟောကြားအပ်သော တရားဖြစ်သောကြောင့် အားမထုတ်ခြင်းကပင်လျှင် ချမ်းသာစွာ နေရခြင်း ဖြစ်ပါပေသည်။

ချစ်သားရဟန်းတို့....၊ အစအလယ်အဆုံး သုံးပါးအစုံ ကောင်းခြင်း ဂုဏ်နှင့်ပြည့်စုံစွာ ဟောကြားအပ်သော ဤဘုရားသာသနာတော်၌ အာရဒ္ဓ-ဝီရိယ သမ္မပ္ပဓာန် လုံ့လဝီရိယလေးပါးရှိသောပုဂ္ဂိုလ်သည် ဒိဋ္ဌမွေ့ ခုဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန်လောကဝယ် ချမ်းသာစွာနေရပါတော့သည်၊ အကြောင်း သော်ကား တရားတော်ကို အစအလယ်အဆုံး သုံးပါးအစုံကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားအပ်သောကြောင့် အကြင်မျှလောက် အားထုတ်၏၊ ထိုမျှလောက် သမ္မပ္ပဓာန် လုံ့လဝီရိယနှင့် ပြည့်စုံသလောက် ချမ်းသာစွာ နေနိုင်သောကြောင့် ဖြစ်ပါသည်ဟု ဤရွှစ်ပါးသော သုတ္တန်ဒေသနာတော်တို့ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သမ္မာညူမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါကုန်သည် အရှင်ဘုရား။

ကေဓမ္မပါဠိ ပြီး၏

အပရ အစ္ဆရာသင်္ဃာတဝဂ်

ပု။ ။အပရအစ္ဆရာသင်္ဃာတဝဂ္ဂေ ပန အာဝုသော ဘဂဝတာ ကီဒိသီ ဓမ္မ-ဒေသနာယော ဒေသိတာ။

ဝိ။ ။အပရအစ္ဆရာသင်္ဃာတဝဂ္ဂေ ဘန္တေ "အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု ပဌမံ ဈာနံ ဘာဝေတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ သတ္ထုသာသနကရော သြဝါဒပတိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ ကော ပန ဝါဒေါ ယေ နံ ဗဟုလီ-ကရောန္တီ"တိ ဧဝမာဒိကာ ဘန္တေ ဘဂဝတာ ဓမ္မဒေသနာယော ဒေသိတာ။

http://www.dhammadownload.com

မေး။ ။နောက်ပိုင်းဖြစ်သော အစ္ဆရာသင်္ဃာတဝက်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော တရားဒေသနာတော်တို့ကို ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။နောက်ပိုင်းဖြစ်သော အစ္ဆရာသင်္ဃာတဝက်၌ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည် "အစ္ဆရာ သင်္ဃာတမတ္တမိ စေ ဘိက္ခဝေ ဘိက္ခု ပဌမံ ဈာနံ ဘာဝေတိ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ အချိန်များစွာ မဆိုထားဘိ လက်ဖျစ်တတွက်ခန့် ကာလပတ်သုံး ရဟန်းတော်သည် ပဌမဈာန်ကို ဝင်စား၍ နေပါမူ ဤရဟန်းတော်ကို မဆိတ်သော (မစွန့်ပစ်အပ်သော) ဈာန်တရားနှင့် ပြည့်စုံစွာနေသော ရဟန်းဟူ၍ငင်း မြတ်စွာဘုရား၏ အဆုံးအမသြဝါဒကို လိုက်နာကျင့်ကြံသော သူဟူ၍ငင်း အဆုံးအမသြဝါဒကိုပြုလုပ်သောပုဂ္ဂိုလ်ဟူ၍ငင်း တိုင်းသား ပြည်သူ ဗိုလ်လူတို့ လှူအပ်သောဆွမ်းကို အချည်းနှီးမဖြစ်စေ့ပဲ သုံးဆောင်သောပုဂ္ဂိုလ်ဟူ၍ငင်း ဆိုအပ်ပေတော့သည်၊ အကြင်ရဟန်းတော်တို့သည်ကား ပဌမဈာန်ကို အကြိမ်များစွာ လေ့လာပွါးများကြပေကုန်၏၊ ထိုရဟန်းတော်တို့အဘို့ မှာ အဘယ်မှာလျှင် ဆိုဘွယ်ရာ ရှိတော့အံ့နည်းဟူ၍ငင်း။

ချစ်သားရဟန်းတို့....၊ အချိန်များစွာ မဆိုထားဘိ လက်ဖျစ်တတွက်ခဏအတွင်းမှာပင်လျှင် ဒုတိယဈာန်ကို။ တတိယဈာန်ကို။ စတုတ္ထဈာန်ကို။ မေတ္တာစေတောဝိမုတ္တိကို။ ကရုဏာစေတောဝိမုတ္တိကို။ မုဒိတာစေတောဝိမုတ္တိကို။ ဥပေက္ခာစေတောဝိမုတ္တိကို အကြင်ရဟန်းသည် ပွါးများအားထုတ်ပေ၏။ ထိုရဟန်းကို မဆိတ်သော ဈာန်ရှိသောရဟန်းဟူ၍ငင်း မြတ်စွာဘုရား၏ အဆုံးအမ သြဝါဒသာသနာကို လိုက်နာပြုကျင့်သော ရဟန်းဟူ၍ငင်း တိုင်းသား ပြည်သူ ဗိုလ်လူတို့လှူအပ်သောဆွမ်းကို အချည်းနှီးမဟုတ်ဘုဉ်းပေးသုံးဆောင်သော ရဟန်းဟူ၍ငင်း ဆိုအပ်တော့သည်၊ အကြင်ရဟန်းတော်တို့သည်ကား ဆိုအပ်ပြီးသော ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတည်းဟူသော စေတောဝိမုတ္တိတရားတို့ကို ကြိမ်ဖန်များစွာ လေ့လာပွါးများ ကြပေကုန်၏၊ ထိုရဟန်းတော်တို့ အဘို့မှာ အဘယ်မှာ ဆိုဘွယ်ရာ ရှိတော့အံ့နည်း။

http://www.dhammadownload.com

ဤသို့ အစရှိသည်ဖြင့် အပရအစ္ဆရာသဿတဝဂ်ဝယ် ဤသို့သဘောရှိသော ဓမ္မဒေသနာတို့ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါကုန်သည် အချင်ဘုရား။

အပရ အစ္ဆရာသဿတဝဂ် ပြီး၏

ကာယဂတာသတိဝဂ်

ပု။ ။သကလောပိ အာဝုသော ကာယဂတာသတိဝဂ္ဂေါ ဘဂဝတာ ကထံ ဘာသိတော။

ဝိ။ ။ယဿ ကဿစိ ဘိက္ခဝေ မဟာသမုဒ္ဒေါ စေတသာ ဖုဋ္ဌော၊ အန္တော-ဂဓာ တဿ ကုန္နဒီယော ယာကာစိ သမုဒ္ဒဂ်မာ၊ ဧဝမေဝ ဘိက္ခဝေ ယဿ ကဿစိ ကာယဂတာသတိ ဘာဝိတာ ဗဟုလီကတာ၊ အန္တော-ဂဓာ တဿ ကုသလာ ဓမ္မာ ယေကေစိ ဝိဇ္ဇာဘာဂိယာ”တိ ဧဝမာ-ဒိနာ ဘန္တေ ဘဂဝတာ သကလောပိ ကာယဂတာသတိဝဂ္ဂေါ ဘာသိတော။

မေး။ ။ကာယဂတာသတိဝဂ်ဟု ခေါ်ဆိုအပ်သော အလုံးစုံသော တရားဒေသနာတော်အစုကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကာယဂတာသတိဝဂ်ဟု ခေါ်ဆိုအပ်သော အလုံးစုံသော တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသည် “ယဿ ကဿစိ ဘိက္ခဝေ မဟာသမုဒ္ဒေါ စေတသာ ဖုဋ္ဌော” အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ အမှတ်မထင် အကြင်ပုဂ္ဂိုလ်အား လောက ဥပမာအားဖြင့် အမှတ်မထင် အကြင်ပုဂ္ဂိုလ်၏စိတ်ဖြင့် မဟာသမုဒ္ဒရာသည် ထင်လင်းရှိ နေတော့၏၊ ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်ဝယ် သမုဒ္ဒရာသို့သက်ဝင်ကြသော အလုံးစုံသော မြစ်ငယ်တို့သည် အတွင်းဝင်ရှိသာလျှင် နေကုန်ဘိသကဲ့သို့ ထို့အတူပင် ချစ်သားရဟန်းတို့.... အမှတ်မထင် အကြင်ပုဂ္ဂိုလ်၏

http://www.dhammadownload.com

သန္ဓာန်ဝယ် (အမှတ်မထင် အကြင်ပုဂ္ဂိုလ်သည်) ကာယဂတာသတိဘာဝနာကို ပွါးများ ကြိမ်ဖန်များစွာလေ့လာအပ်ပေ၏၊ ထိုပုဂ္ဂိုလ်၏ ဉာဏ်ဝယ် ဝိဇ္ဇာပက္ခိက ဉာဏ်ပညာ ဝိဇ္ဇာအသင်းအပင်း၌ ဖြစ်သမျှ အလုံးစုံသော ကုသိုလ်တရားတို့သည် သက်ဝင်၍ တည်တော့သည် အစရှိသည်ဖြင့် သဗ္ဗညုမြတ်စွာဘုရားသည် များစွာသော အကျိုးတို့ကိုပြ၍ ကာယဂတာသတိဝဂ္ဂ အမည်ရသော တရားဒေသနာတော်ကို စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ကာယဂတာသတိဝဂ် ပြီး၏

အမတဝဂ်

ပု။ ။သကလောပိ အာဝုသော အမတဝဂ္ဂေါ ဘဂဝတာ ကထံ ဘာသတော။

ဝိ။ ။အမတံ တေ ဘိက္ခဝေ နံ ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာသတိံ နံ ပရိဘုဉ္ဇန္တိ။ အမတံ တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာသတိံ ပရိဘုဉ္ဇန္တိ။ အမတံ တေ ဘိက္ခဝေ အပရိဘုတ္တံ၊ ယေသံ ကာယဂတာသတိ အပရိဘုတ္တာ။ အမတံ တေ ဘိက္ခဝေ ပရိဘုတ္တံ၊ ယေသံ ကာယဂတာသတိ ပရိဘုတ္တာတိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ သကလောပိ အမတဝဂ္ဂေါ ဘာသိတော။

မေး။ ။အမတဝဂ်ဟု ခေါ်ဆိုအပ်သော အလုံးစုံသော တရားဒေသနာတော်အစုကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။အမတဝဂ်ဟူ၍ ခေါ်ယူပညတ် သမုတ်အပ်သော အလုံးစုံသော ဓမ္မဒေသနာကို "အမတံ တေ ဘိက္ခဝေ နံ ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာသတိံ နံ ပရိဘုဉ္ဇန္တိ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ အမှတ်မထင် အကြင်သူတို့သည် ကာယဂတာသတိဘာဝနာကို မသုံးဆောင်၊ မခံစားကြကုန်။ ထိုပုဂ္ဂိုလ်တို့သည် အမြိုက်

http://www.dhammadownload.com

နိဗ္ဗာန်ချမ်းသာကို မသုံးဆောင် မခံစားကြသည် မည်ပေ၏၊ ကာယဂတာသတိဘာဝနာကို သုံးဆောင် ခံစားကြသော ပုဂ္ဂိုလ်တို့သည်သာလျှင် အမြိုက်ချမ်းသာကို သုံးဆောင်ခံစားကြသည် မည်ပေကုန်၏။

ချစ်သားရဟန်းတို့....၊ ကာယဂတာသတိဘာဝနာကို မသုံးဆောင် မခံစားအပ်သည်ရှိသော် အမြိုက်နိဗ္ဗာန်ကို မသုံးဆောင်အပ် မခံစားအပ်သည် မည်ပေ၏၊ ကာယဂတာသတိဘာဝနာကို သုံးဆောင် ခံစားအပ်သည်ရှိသော် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ခံစားအပ်သည် မည်ပေ၏။

ချစ်သားရဟန်းတို့....၊အကြင်ပုဂ္ဂိုလ်တို့အား ကာယဂတာသတိဘာဝနာသည် ယုတ်လျော့၍ နေ၏၊ ထိုပုဂ္ဂိုလ်တို့အား အမြိုက်ချမ်းသာသည် ယုတ်လျော့၍ နေ၏၊ အကြင်ပုဂ္ဂိုလ်တို့အား ကာယဂတာသတိဘာဝနာသည် မယုတ်လျော့၊ ထိုပုဂ္ဂိုလ်တို့အား အမြိုက်ချမ်းသာသည် မယုတ်လျော့ မဆုံးရှုံး။

ချစ်သားရဟန်းတို့....၊အကြင်ပုဂ္ဂိုလ်တို့သည် ကာယဂတာသတိဘာဝနာကို ချုတ်လွဲစေအပ်ပေ၏၊ ထိုပုဂ္ဂိုလ်တို့သည် အမြိုက်ချမ်းသာကို ချုတ်လွဲစေအပ်သည် မည်ပေကုန်၏၊ ချစ်သားရဟန်းတို့ အကြင်ပုဂ္ဂိုလ်တို့သည် ကာယဂတာသတိ ဘာဝနာကို မချုတ်မလွဲစေအပ်၊ မိမိကိုယ်သို့ ရောက်အောင် ဆောင်အပ်ပေကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် အမြိုက်ချမ်းသာကို မချုတ်မလွဲစေအပ်၊ မိမိကိုယ်သို့ ရောက်အောင် ဆောင်အပ်သည်မည်ပေ၏။

ဤသို့ အစရှိသည်ဖြင့် အမတဝဂ္ဂအမည်ရသော အလုံးစုံသော ဓမ္မဒေသနာကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အမတဝဂ် ပြီး၏

ကေကနိပါတ် အမေး အဖြေ ပြီးပြီ

http://www.dhammadownload.com

ဒုကနိပါတ် အင်္ဂုတ္တိုရ် အမေးအဖြေ

ကမ္မကရဏဝဂ် ဝဇ္ဇသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အင်္ဂုတ္တရနိကာယေ ဒုကနိပါတေ ကမ္မကရဏဝဂ္ဂေ ပဌမံ ဝဇ္ဇသုတ္တံ ကတ္ထ ကဿ ကထဥ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလာနံ ဘိက္ခူနံ "ဒ္ဝေမာနိ ဘိက္ခဝေ ဝဇ္ဇာနိ။ ကတမာနိ ဒ္ဝေ၊ ဒိဋ္ဌမ္မိကဉ္စ ဝဇ္ဇံ သမ္ပရာယိကဉ္စ ဝဇ္ဇ"န္တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုသမ္ဗညူမြတ်စွာဘုရားသခင်သည် အင်္ဂုတ္တရနိကာယ် ဒုကနိပါတ် ကမ္မကရဏဝဂ်၌ ရှေးဦးစွာသော ဝဇ္ဇသုတ်မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်အား အဘယ်သို့သော အခြင်းအရာဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်၌ မျှားစွာသော ရဟန်းတော်တို့အား ဟောကြားတော်မူအပ်ခဲ့ပါသည်။

အပြစ် နှစ်မျိုး

သမ္ဗညူမြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းအရပ်၌ ကိန်းအောင်း မွေ့လျော် နေတော်မူသောအခါ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် ဓမ္မပွဋိဂ္ဂါဟက ရဟန်းတော်တို့ကို ဘိက္ခဝေါ-ချစ်သား ရဟန်းတို့....ဟူ၍ ခေါ်တော်မူလတ်လျှင် ဘဒန္တေ ဟု ရဟန်းတော်တို့ စကား တုံ့ပြန် ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ထိုအခါ သမ္ဗညူမြတ်စွာဘုရားသည်"ဒ္ဝေမာနိ ဘိက္ခဝေ ဝဇ္ဇာနိ၊ကတမာနိ ဒ္ဝေ" အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....၊အပြစ်ဒေါသတို့သည် ခုဝတ္တမာန် ပစ္စုပ္ပန်၌ဖြစ်သော အပြစ်ဒေါသ ဒိဋ္ဌမ္မိကဝဇ္ဇတပါး၊ တမလွန်လောက ဟိုဘဝ၌ဖြစ်သော အပြစ်ဒေါသတပါးဟူ၍ အပြစ်ဒေါသနှစ်ပါးတို့ရှိကြပေသည်။

http://www.dhammadownload.com

ပစ္စုပ္ပန် အပြစ်

ချစ်သားရဟန်းတို့....၊ ဒိဋ္ဌဓမ္မိကဝဇ္ဇ ပစ္စုပ္ပန်ဘဝ၌ ဖြစ်သော အပြစ်တရား ဟူသည် အဘယ်နည်းဟူမူကား—

ချစ်သားရဟန်းတို့....၊ ဤလောက၌ တစုံတယောက်သော ပုဂ္ဂိုလ်သည် ခိုးမှုအပြစ်ကို ကျူးလွန်သော ခိုးသားကို မင်းတို့ဖမ်းယူ၍ အထူးထူးအပြားပြားသော ကမ္မကရဏအမှုကို ပြုလုပ်သည်တို့ကို မြင်ပါသည်၊ ထိုအခါ ထိုမြင်သော ယောကျ်ား၏ စိတ်သန္တာန်ဝယ် ဤသို့ အကြံအစည်ဖြစ်ရာသည်။

"အကြင်သို့ သဘောရှိကုန်သော သူ့အသက်ကိုသတ်ခြင်း သူ့ဥစ္စာကို ခိုးယူခြင်း မုသားစကားပြောခြင်း အစရှိသော မကောင်းသော အမှုတို့ကို ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် မကောင်းမှုကို ပြုလုပ်သော ခိုးသားကို မင်းတို့သည် ဖမ်းယူပြီးလျှင် ကြိမ်ဒဏ်ခတ်ခြင်း အစရှိသော အထူးထူးအပြားပြားသော ကမ္မကရဏအမှုတို့ကို ပြုကြပေကုန်သည်၊ အကယ်၍ ငါသည်လည်း ပါဏာတိပါတအစရှိသော မကောင်းသော အမှုကို ပြုလုပ်မိသည် ဖြစ်ငြားအံ့၊ ငါ့ကိုလည်း မင်းတို့သည် ဖမ်းယူပြီးလျှင် ကြိမ်ဒဏ်ခတ်ခြင်း အစရှိသော ကမ္မကရဏ အမှုတို့ကို ပြုလုပ်ကုန်လေရာ၏"။

ဤသို့ အကြံဖြစ်ပြီးလျှင် ဤဆိုအပ်ပြီးသော ခုဝတ္တမာန် ပစ္စုပ္ပန်ဘဝ ရောက်လတ္တံ့သော အပြစ်ဒေါသမှ ကြောက်သည်ဖြစ်၍ တစုံတယောက်သော ပုဂ္ဂိုလ်၏ ဥစ္စာကိုမှ မခိုးယူ မလုယက် မတိုက်ဖျက်ဘဲ ထိုယောကျ်ားသည် လှည့်လည်ကျက်စားသွားလာ၍ အပြစ်မရှိသော သွားလာခြင်းဖြင့် သွားလာနေထိုင်ခဲ့ပေသည်။

ချစ်သားရဟန်းတို့....၊ ဤဆိုအပ်ခဲ့ပြီးသည်ကား ခုဝတ္တမာန် ပစ္စုပ္ပန်ဘဝ၌ ကျရောက်သော အပြစ်ပေတည်း။

တမလွန် အပြစ်

ချစ်သားရဟန်းတို့....၊ တမလွန်လောက ဟိုဘဝ၌ ကျရောက်သော အပြစ်ဟူသည် အဘယ်နည်းဟူမူကား ဤလောကဝ၌ အချို့သော အမျိုးကောင်းသားသည် ဤသို့ဆင်ခြင်၏။

http://www.dhammadownload.com

"ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တည်းဟူသော ဒုစရိုက်တရားသုံးပါးတို့၏ အကျိုး ဝိပါက်သည်ကား ဆင်းရဲလှစွာ၏၊ မကောင်းလည်း မကောင်းလှပါချေ၊ ငါသည် အကယ်၍ ကာယ ဝစီ မနောတည်းဟူသော ဒုစရိုက်တရားတို့ကို ပြုမှားမိသည်ဖြစ်အံ့၊ စုတိပြတ်ကြွေသေလွန်သည်မှ နောက်ကာလဝယ် ငါသည် အပါယ်ဒုဂ္ဂတိ နိရယဘဝသို့ မရောက်ဘို့ရန်အကြောင်း အဘယ်မှာလျှင် ရှိနိုင်ပါအံ့နည်း။ ယခုဘဝ၌ ဒုစရိုက်မှုကို ပြုလုပ်လတ်သည်ရှိသော် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ဘဝ တမလွန်လောကဝယ် ဧကန်စင်စစ် အပါယ်ဒုဂ္ဂတိ ဝိနိပါတ နိရယဘုံသို့ ကျရောက်ရအံ့သည်သာတည်း" ဟု—

တမလွန်လောက၌ ဖြစ်ပွါးအံ့သော အပြစ်ဒေါသမှ ကြောက်သည်ဖြစ်၍ ကာယ ဝစီ မနောတည်းဟူသော ဒုစရိုက်သုံးပါးတို့ကို ပယ်ရှား၍ ကာယ ဝစီ မနောသုစရိုက်တရားတို့ကို ပွါးများအားထုတ်ပါပေသည်၊ စင်ကြယ်စွာ မိမိကိုယ်ကိုလည်း ဆောင်ခဲ့ပါပေသည်။

ချစ်သားရဟန်းတို့....၊ဤဆိုအပ်ပြီးသည်ကား တမလွန်လောက ဟိုဘဝ၌ ကျရောက်တတ်သော သမ္မရာယိက အပြစ်ဒေါသပါပေတည်း။

အပြစ်နှစ်ပါးလုံးကို ကြောက်အပ်ခြင်း

တသ္မာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ "ဒိဋ္ဌဓမ္မိကဿ ဝဇ္ဇဿ ဘာယိဿာမ၊ သမ္မရာယိကဿ ဝဇ္ဇဿ ဘာယိဿာမ၊ ဝဇ္ဇဘီရုနော ဘဝိဿာမ ဝဇ္ဇဘယဒဿာဝိနော "တိ။ ဧဝံ ဟိ ခေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ။

သို့ရကား ချစ်သားရဟန်းတို့....၊ သင်ချစ်သားတို့သည် "ငါတို့သည်ကား ခုဝတ္တမာန် ပစ္စုပ္ပန်၌ ကျရောက်သော အပြစ်ဘေးမှလည်း ကြောက်ကြကုန်အံ့၊ တမလွန်လောက ဟိုဘဝ၌ ကျရောက်လတ္တံ့သော အပြစ်မှလည်း ကြောက်ကြကုန်အံ့၊ အပြစ်ကို ကြောက်လေ့ရှိသောသူ အပြစ်ကို ဘေးဟု ရှုလေ့ရှိသော သူတို့ဖြစ်ကြကုန်အံ့" ဟူ၍ သင်ချစ်သားတို့သည် ကျင့်ကြံ ပွါးများ အားထုတ်ကြကုန်ရာသည်။

ချစ်သားရဟန်းတို့....၊ ဒိဋ္ဌဓမ္မိကဝဇ္ဇ သမ္မရာယိကဝဇ္ဇကို ကြောက်လေ့ရှိသော ပုဂ္ဂိုလ်၊ ထိုအပြစ်နှစ်ပါးကို ဘေးဟု ရှုလေ့ရှိသောပုဂ္ဂိုလ်အား ဆိုအပ်

http://www.dhammadownload.com

ပြီးသော အပြစ်ခပ်သိမ်းတို့မှ လွတ်ငြိမ်းဘို့ရန် ကေန်စင်စစ် ဖြစ်နိုင်လတ္တံ့ ဟု ဤရှေးဦးစွာသော ဝဇ္ဇသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီး သော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါ သည် အရှင်ဘုရား။

ဝဇ္ဇသုတ် ပြီး၏

ပဓာနသုတ်

ပု။ ။တတ္ထေဝ အာဝုသော ဒုတိယံ ပဓာနသုတ္တံ ဘဂဝတာ ကတ္ထ ကဿ ကထဥ္ဇ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံယေဝ ဘန္တေ သမ္မဟုလာနံ ဘိက္ခူနံ "ဒေ္ဓမာနိ ဘိက္ခဝေ ပဓာနာနိ ဒုရဘိသမ္ဘဝါနိ လောကသ္မိ ။ ကတမာနိ ဒေ္ဓ၊ ယဥ္ဇ ဂိဟီနံ အဂါရံ အဇ္ဈာဝသတံ စီဝရပိဏ္ဍပါတသေနာသနဂိလာနပစ္စယဘေသဇ္ဇ ပရိက္ခာရာနုပ္ပါဒနတ္ထံ ပဓာနံ၊ ယဥ္ဇ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတာနံ သဗ္ဗူပဓိပဋိနိဿဂ္ဂတ္ထံ ပဓာနံ။ ဣမာနိ ခေါ ဘိက္ခဝေ ဒေ္ဓ ပဓာနာနိ ဒုရဘိသမ္ဘဝါနိ လောကသ္မိ" နွှိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုကမ္မကရဏဝဂ်၌ပင်လျှင် ဒုတိယနှစ်ခုမြောက် ဖြစ်သော ပဓာနသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်မည်သောပုဂ္ဂိုလ်အား အဘယ်သို့သော အခြင်းအရာအားဖြင့် ဟော ကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည် အရပ်၌ပင်လျှင် များစွာသော ရဟန်းတော်တို့ အား "ဒေ္ဓမာနိ ဘိက္ခဝေ ပဓာနာနိ ဒုရဘိသမ္ဘဝါနိ လောကသ္မိ" အစ ရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ ဤလောက၌ ဖြစ်စေဘို့ရန် ခဲယဉ်းစွာသော ပြုလုပ်ဘို့ရန် ခဲယဉ်းစွာသော ပဓာနအလုပ် အားထုတ်ခြင်းအမှုတို့သည် နှစ်မျိုးရှိကြပေကုန်သည်။ နှစ်မျိုးတို့ဟူသည်မှာ အဘယ်သည်တို့ နည်းဟူ မူကား—

http://www.dhammadownload.com

(၁) ချစ်သားရဟန်းတို့....၊အိမ်ရာတည်ထောင် လူ့ဘောင်၌နေ၍ အိမ်ရာကို စိုးအုပ်၍နေကုန်သော လူတို့အား ဆွမ်း သင်္ကန်း ကျောင်းဆေး ပစ္စည်းလေးပါးတည်းဟူသော အလှူဒါနကို ပေးလှူခြင်းငှါ အားထုတ်ခြင်း အလုပ်သည်လည်း ဤလောက၌ ဖြစ်စေခြင်းငှါ ပြုလုပ်ခြင်းငှါ ခဲယဉ်းလှပေ၏။

(၂) ချစ်သား ရဟန်းတို့....၊အိမ်မှ ထွက်မြောက်၍ အိမ်ရာမထောင် ရဟန်းဘောင်၌ ရဟန်းပြု၍နေကြကုန်သော ရဟန်းတော်တို့အား ကာမတရားတည်းဟူသော ကာမုပဓိ, ခန္ဓာငါးပါးတည်းဟူသော ခန္ဓုပဓိ, ကိလေသာတည်းဟူသော ကိလေသုပဓိ, ဝဋ်ဂါမိကံတည်းဟူသော အဘိသင်္ခါရုပဓိ၊ ဤဥပဓိ လေးပါးကို စွန့်လွှတ်ရာဖြစ်သော နိဗ္ဗာန်သို့ ရောက်အောင် နိဗ္ဗာန်တည်းဟူသော အကျိုးရှိသော ပဓာနအလုပ် အားထုတ်ခြင်းကိုလည်း ပြုလုပ်ခြင်းငှါ ဤလောကဌ၌ ခဲယဉ်းလှပေ၏။

ချစ်သားရဟန်းတို့....၊ဤဆိုအပ်ပြီးသော နှစ်ပါးတို့သည်ကား လောကဌ၌ လုပ်ခြင်းငှါ ခဲယဉ်းလှစွာသော ဖြစ်စေခြင်းငှါ ခဲယဉ်းလှစွာသော ပဓာနအလုပ် အားထုတ်ခြင်း အမှုတို့ဖြစ်ကုန်တော့သည်၊ ဤနှစ်ပါးသော ပဓာနအလုပ်ဘို့ဘွင် အလုံးစုံသော ဥပဓိတို့ကို စွန့်လွှတ်ရာဖြစ်သော နိဗ္ဗာန်ဟူသော အကျိုးရှိသော ပဓာနအလုပ် အားထုတ်ခြင်းသည် အမြတ်ဆုံး ဖြစ်ပေတော့သည်။

သို့ရကား ချစ်သားရဟန်းတို့....၊ သင်ချစ်သားတို့သည် သဗ္ဗုပဓိပဋိနိဿဂ္ဂ အလုံးစုံသော ဥပဓိလေးပါးတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်တည်းဟူသော အကျိုးရှိသော ပဓာနအလုပ်ကို အားထုတ်ကြကုန်အံ့ဟူ၍ ကျင့်ကြံကြိုးကုတ် ပွါးများ အားထုတ်ကုန်ရာ၏ဟူ၍ ပဓာနသုတ္တန်အမည်ရသော ဤဓမ္မဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပဓာနသုတ် ပြီး၏

အမေးအဖြေ ၈-၉—နှ.ဗု.သ

http://www.dhammadownload.com

တပနီယသုတ်

ပု။ ။တတ္ထဝ အာဝုသော တပနီယသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ဒ္ဒေမေ ဘိက္ခဝေ ဓမ္မာ တပနီယာ။ ကတမေ ဒ္ဒေ၊ ဣဓ ဘိက္ခဝေ ကေစ္စဿ ကာယဒုစ္စရိတံ ကတံ ဟောတိ၊ အကတံ ဟောတိ ကာယ သုစရိတံ၊ ဝစီဒုစ္စရိတံ ကတံ ဟောတိ၊ အကတံ ဟောတိ ဝစီသုစရိတံ၊ မနောဒုစ္စရိတံ ကတံ ဟောတိ၊ အကတံ ဟောတိ မနောသုစရိတံ။ သော "ကာယဒုစ္စရိတံ မေ ကတ"န္တိ တပ္ပတိ၊ "အကတံ မေ ကာယ သုစရိတ"န္တိ တပ္ပတိ။ဝစီဒုစ္စရိတံ (ပ) "မနောဒုစ္စရိတံ မေ ကတ"န္တိ တပ္ပတိ၊ "အကတံ မေ မနောသုစရိတ"န္တိ တပ္ပတိ။ဣမေ ခေါ ဘိက္ခဝေ ဒ္ဒေ ဓမ္မာ တပနီယာတိ။ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုကမ္မကရဏ်ဝဂ်ပင်လျှင် တတိယသုံးခုမြောက် ဖြစ်သော တပနီယသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်း အရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဒ္ဒေမေ ဘိက္ခဝေ ဓမ္မာ တပနီယာ။ ကတမေ ဒ္ဒေ၊ ဣဓ ဘိက္ခဝေ ကေစ္စဿ ကာယဒုစ္စရိတံ ကတံ ဟောတိ၊ အကတံ ဟောတိ ကာယသုစရိတံ-အစရှိသည်ဖြင့် ချစ်သားရဟန်းတို့.... ခုဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန်လောက ဟိုဘဝဝယ် ပူပန်စေတတ်သော တရားတို့သည် နှစ်မျိုးရှိကုန်သည်။ နှစ်မျိုးတို့ဟူသည်မှာ—

ချစ်သားရဟန်းတို့....၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကာယ ဒုစရိုက်ကိုသာ ပြုပြီး၍ ကာယသုစရိုက်ကိုကား မပြုအပ်ဘဲရှိတော့သည်။ ဝစီဒုစရိုက်, မနောဒုစရိုက်ကိုသာပြု၍ ဝစီသုစရိုက်, မနောသုစရိုက်ကိုကား မပြုအပ်ဘဲ ရှိတော့သည်။

(၁) ထိုပုဂ္ဂိုလ်သည် ငါတမူကား ကာယ ဝစီ မနောဒုစရိုက်ကိုပြုမှားခဲ့ လေပြီဟု နောင်တတဖန် ပူပန်ရပေ၏။

(၂) ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်ကိုကား ငါသည် မပြုလိုက်မိချေ ဟု နောင်တတဖန် ပူပန်ရပေ၏။

http://www.dhammadownload.com

ချစ်သားရဟန်းတို့....၊ဤဆိုအပ်ခဲ့ပြီးသည်ကား ခုဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန်လောက ဟိုဘဝဝယ် ပူပန်စေတတ်သော တရားနှစ်မျိုးတို့ ဖြစ်ပေသည်ဟု ဤထပနီယအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

တပနီယသုတ် ပြီး၏

အတပနီယသုတ်

ပု။ ။စတုတ္ထံ ပန အာဝုသော အတပနီယသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။စတုတ္ထံ ဘန္တေ အတပနီယသုတ္တံ "ဒဋ္ဌမေ ဘိက္ခဝေ ဓမ္မာ အတပနီယာ။ ကတမေ ဒဋ္ဌေ၊ ဣဓ ဘိက္ခဝေ ကေစ္စဿ ကာယသုစရိတံ ကတံ ဟောတိ၊ အကတံ ဟောတိ ကာယဒုစ္စရိတံ။ ဝစီသုစရိတံ ကတံ ဟောတိ၊ အကတံ ဟောတိ ဝစီဒုစ္စရိတံ။ မနောသုစရိတံ ကတံ ဟောတိ၊ အကတံ ဟောတိ မနောဒုစ္စရိတံ။ သော 'ကာယသုစရိတံ မေ ကတ'န္တိ န တပ္ပတိ၊ 'အကတံ မေ ကာယဒုစ္စရိတ'န္တိ နတပ္ပတိ။ 'ဝစီသုစရိတံ။ပ။ မနောသုစရိတံ မေ ကတ'န္တိ န တပ္ပတိ။ 'အကတံ မေ မနောဒုစ္စရိတ'န္တိ န တပ္ပတိ။ ဣမေ ခေါ ဘိက္ခဝေ ဒွေ ဓမ္မာ အတပနီယာ"တိ။ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။စတုတ္ထလေးခုမြောက်ဖြစ်သော အတပနီယသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။အတပနီယအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "ဒွေ မေ ဘိက္ခဝေ ဓမ္မာ အတပနီယာ။ ကတမေ ဒွေ"အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....၊ခုဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန်လောက ဟိုဘဝဝယ် နိဗ္ဗာန်ကျ

http://www.dhammadownload.com

အောင် မပူပန်စေတတ် ငြိမ်းအေးစေတတ်သောတရားတို့သည် နှစ်ပါးရှိကုန်သည်၊ နှစ်ပါးတို့ဟူသည်မှာ ဤလောကဌ အချို့သောပုဂ္ဂိုလ်သည် ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်ကို ပြုပြီးဖြစ်၏၊ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်ကို မပြုအပ်ပြီး ဖြစ်ပေ၏။

ထိုသို့ သဘောရှိသော သုစရိုက်သမားသည် ငါသည် ကာယသုစရိုက်ကို ပြုအပ်ပြီဟု မပူပန်၊ နှစ်လိုအားရမ်း ဝမ်းမြောက်ခြင်း ဖြစ်ရတော့သည်၊ ကာယဒုစရိုက်ကို ငါကား မပြုမှားခဲ့ဟူ၍ နှစ်လိုအားရမ်း ဝမ်းမြောက်ခြင်း ဖြစ်ရတော့သည်၊ ငါသည် ဝစီသုစရိုက် မနောသုစရိုက်ကို နှစ်နှစ်ကာကာ ပြုအပ်ရပြီဟု နှစ်လိုအားရမ်း ဝမ်းမြောက်ခြင်း ဖြစ်ရတော့သည်၊ ဝစီ မနောဒုစရိုက်ဘို့ကို ငါသည် ရှောင်ရှားအပ်ပြီ၊ မပြုလုပ်အပ်ဟူ၍ နှစ်လိုအားရမ်း ဝမ်းမြောက်ခြင်း ဖြစ်ရတော့သည်။

ချစ်သားရဟန်းတို့....၊ ဤဆိုအပ်ပြီးသော ပြုလိုက်မိသော သုစရိုက်တရား, မပြုမှားမိသော ဒုစရိုက်တရား၊ ဤတရားနှစ်ပါးအပေါင်းသည် ခုဝတ္ထမာန် ပစ္စုပ္ပန်နှင့် တမလွန်လောက နိဗ္ဗာန်ကျအောင် မပူပန်စေတတ်သောတရားနှစ်ပါးတို့ပေတည်းဟု ဤအတပနီယအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်အရှင်ဘုရား။

အတပနီယသုတ် ပြီး၏

ဥပညာတသုတ်

ပု။ ။ပဥ္စမံ ပန အာဝုသော ဥပညာတသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ပဥ္စမံ ဘန္တေ ဥပညာတသုတ္တံ "ဒ္ဝိန္နာဟံ ဘိက္ခဝေ ဓမ္မာနံ ဥပညာသိံ။ ယာ စ အသန္တဋ္ဌိတာ ကုသလေသု ဓမ္မေသု၊ ယာ စ အပ္ပဋိဝါနိတာ ပဓာနသ္မိံ။ အပ္ပဋိဝါနိ သုဒါဟံ ဘိက္ခဝေ ပဒဟာမိ 'ကာမံ-တစော စ နှာရု စ အဋ္ဌိ စ အဝသိဿတု ဥပသုဿတု သရီရေ မံသလောဟိတံ၊

http://www.dhammadownload.com

ယံ တံ ပုရိသထာမေန ပုရိသဝီရိယေန ပုရိသပရက္ကမေန ပတ္တဗ္ဗံ၊ န တံ အပါပုဏိတ္ဝာ ဝီရိယဿ သဏ္ဌာနံ ဘဝိဿတီ”တိ။ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ပဥ္စမ ငါးခုမြောက်ဖြစ်သော ဥပညာတသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ငါးခုမြောက်ဖြစ်သော ဥပညာတအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို “ဒ္ဝိန္နာဟံ ဘိက္ခဝေ ဓမ္မာနံ ဥပညာသိ”အစရှိသည်ဖြင့် ချစ်သားရဟန်းတို့.... အပြစ်မရှိသော ကုသိုလ်တရားတို့၌ မရောင့်ရဲနိုင်ခြင်းတည်းဟူသော အသန္တုဋ္ဌိတာ ကုသလေသု ဓမ္မေသု တပါး၊ ပဓာန အလုပ်၌ မဆုတ်နစ်ခြင်းတည်းဟူသော အပ္ပဋိဝါနတရားတပါး၊ ဤနှစ်ပါးသော တရားတို့၏ ကျေးဇူးဂုဏ်ကို ငါဘုရားသည် ပိုင်းခြားထင်ထင် သိမြင်အပ်ခဲ့လေပြီ။

ချစ်သားရဟန်းတို့.... ငါဘုရားသည် “အကယ်၍ ငါ့အား အရေသာလျှင် ကြွင်းမူ ကြွင်းပစေ၊အကြောသာလျှင် ကြွင်းမူ ကြွင်းပစေ၊ အရိုးသာလျှင် ကြွင်းမူ ကြွင်းပစေ၊ ငါ၏ကိုယ်၌ အသား အသွေး အလုံးစုံတို့ ခန်းခြောက်လိုမူ ခန်းခြောက်ပစေ။ ယောကျ်ားတို့၏ ဉာဏ်စွမ်းလှုံ့လဖြင့် ရောက်အပ်ရထိုက်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို မရောက်ဘဲ မရဘဲ ငါသည် ဝီရိယ၏ ရပ်တုံ့ခြင်းအမှုကို မပြုအံ့ မဖြစ်စေအံ့ ဟု ဤသို့လျှင် မဆုတ်နစ်သော ပဓာနအလုပ်ကို ငါဘုရားသည် ပွါးများအားထုတ်ခဲ့လေပြီ။

ချစ်သားရဟန်းတို့....၊ ဤသို့ ပွါးများအားထုတ်ခဲ့သည့်အတိုင်း ငါဘုရားသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် ရအပ်ခဲ့လေပြီ၊ အတုမရှိ မြတ်သော ယောဂလေးတန်ကုန်ရာမှန်သည့် အရဟတ္တဖိုလ်နိဗ္ဗာန်ကိုလည်း အပွဓာဒတရားလက်ဝိုင်ထား၍ ငါဘုရား ရအပ်ခဲ့လေပြီ။

http://www.dhammadownload.com

ချစ်သားရဟန်းတို့.... သင်ချစ်သားတို့သည်လည်း ဤဆိုအပ်ပြီးသော စတုရင်္ဂဝိရိယဗလ[၁] အဦးရှိသော မဆုတ်နစ်သော ပဓာနအလုပ်ကို ပွါးများကြိုးကုတ် အားထုတ်ကြကုန်သည်ဖြစ်အံ့၊ သင်ချစ်သားတို့သည်လည်း အရဟတ္တဖိုလ်ကို ခုဝတ္တမာန် ပစ္စုပ္ပန်ဘဝ၌ပင်လျှင် မျက်မှောက်ပြု၍ ချမ်းသာစွာ နေကြရကုန်လတ္တံ့။

သို့ရကား သင်ချစ်သားတို့သည် ဆိုအပ်ပြီးသောအတိုင်း စတုရင်္ဂဝိရိယလျှင် အဦးရှိသော မဆုတ်နစ်သော ပဓာနအလုပ်ကို ငါတို့သည် ကျင့်ကြံကြိုးကုတ် အားထုတ်ကုန်မည်ဟူ၍ သင်ချစ်သားတို့သည်လည်း ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမည်ဟူ၍ ဤဥပညာတအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဥပညာတသုတ် ပြီး၏

စရိယသုတ်

ပု။ ။နဝမံ ပန အာဝုသော စရိယသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။နဝမံ ဘန္တေ စရိယသုတ္တံ "ဒေ့မေ ဘိက္ခဝေ ဓမ္မာ သုက္ကာ လောကံ ပါလေန္တိ။ ကတမေ ဒေ့၊ ဟိရီစ ဩတ္တပ္ပဉ္စ။ ဣမေ ခေါ ဘိက္ခဝေ ဒေ့ သုက္ကာ ဓမ္မာ လောကံ နပါလေယျုံ၊ နယိဓ ပညာယေထ 'မာတာ'-တိဝါ 'မာတုစ္ဆာ'တိဝါ 'မာတုလာနီ'တိဝါ 'အာစရိယဘရိယာ'တိဝါ 'ဂရူနံ ဒါရာ'တိ"ဝါ တိ၊ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။နဝမ ကိုးခုမြောက်ဖြစ်သော စရိယမည်သော သုတ္တန်တရားဒေသနာကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်... ။

---

၁ စတုရင်္ဂဝိရိယဗလ = အင်္ဂါလေးပါးရှိသော ပိရိယ၏အစွမ်း။

http://www.dhammadownload.com

ဖြေ။ ။ကိုးခုမြောက်ဖြစ်သော စရိယအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသည် "ဒေ့မေ ဘိက္ခဝေ မွော သုက္ကာလောကံ ပါလေန္တိ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊မကောင်းမှု ဒုစရိုက်တို့မှ ရှက်ခြင်းတည်းဟူသော ဟိရီတရား၊ မကောင်းမှု ဒုစရိုက်တို့မှ လန့်ခြင်း တည်းဟူသော ဩတ္တပ္ပတရား၊ ဤသို့ ဖြူစင်သော တရားနှစ်ပါးအပေါင်းသည် ဤသတ္တလောကကြီးကို စောင့်ရှောက်၍ နေပေကုန်၏၊ ဤသတ္တလောကကြီးကို ဟိရီ,ဩတ္တပ္ပတည်းဟူသော တရားနှစ်ပါးသည် လောကပါလ[1] တို့ပီပီ စောင့်ရှောက်၍ နေကြပါပေကုန်၏။

ချစ်သားရဟန်းတို့....၊ ဟိရီ,ဩတ္တပ္ပတည်းဟူသော လောကပါလတရားနှစ်ပါးသည် ဤသတ္တလောကကို အကယ်၍ မစောင့်ရှောက်ပါမူကား ဤလောကဝယ် မိခင်ဟူ၍ငင်း မိကြီး မိထွေးဟူ၍ငင်း ဦးကြီး ဦးလေး၏ ဇနီးဟူ၍ငင်း ဆရာတို့၏အလုပ်အကျွေးဟူ၍ငင်း အလေးအမြတ်ပြုအပ်သော အစ်ကိုကြီး နောင်ကြီးစသည်တို့၏ဇနီး ဟူ၍ငင်း လောကဝယ် ဝေါဟာရဖြစ်တော့မည် ရှိတော့မည် မဟုတ်ချေ၊ ဤသတ္တလောကကြီးသည် ကြက်ငှက်ခွေးဝက် တိရစ္ဆာန်တို့ပမာ ရောယှက်ခြင်းသို့သာ ရောက်လေရာ၏။

ချစ်သားရဟန်းတို့....၊ယခုသော်တမူ ဟိရီ,ဩတ္တပ္ပတည်းဟူသော တရားနှစ်ပါးတို့သည် ဤသတ္တလောကကို ထိန်းအုပ်ထားခြင်းဟူသော အကြောင်းကြောင့် အမိဟူ၍ငင်း မိကြီးမိထွေးဟူ၍ငင်း အရီးဟူ၍ငင်း ဆရာ၏ဇနီးဟူ၍ငင်း အလေးအမြတ်ပြုအပ်သော ပဂ္ဂိုလ်တို့၏ အလုပ်အကျွေးဟူ၍ငင်း ဤသတ္တလောကဝယ် ထင်ရှားရှိနေတော့သည်ဟု လောကပါလ အမည်ရသော ဟိရီ,ဩတ္တပ္ပနှစ်ပါး ဖြူစင်သော တရားတို့ကို ဖော်ပြရာ ဖြစ်သော ဤစရိယသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည်အရှင်ဘုရား။

စရိယသုတ် ပြီး၏

၁-လောကပါလ = လောကကိုစောင့်သည့် တရားနှစ်ပါး။

http://www.dhammadownload.com

အဓိကရဏဝဂ်-သတ္တမသုတ်

ပု။ ။အဓိကရဏဝဂ္ဂေ ပန အာဝုသော သတ္တမသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဒ္ဓ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ ဇာဏုဿောဏိံ ပြာဟ္မဏံ အာရဒ္ဓ ဘာသိတံ။ ဇာဏုဿောဏိ ဘန္တေ ပြာဟ္မဏော ဘဂဝန္တံ တေဒဝေါစ "ကော နု ခေါ ဘောဂေါတမ ဟေတု ကော ပစ္စယော၊ ယေန မိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံမရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ကတ်တ္တာ စ ပြာဟ္မဏ အကတတ္တာ စ ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံမရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တီ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။အဂ်ုတ္တရနိကာယ် ဒုကနိပါတ် ဒုတိယဝဂ် ဖြစ်သော အဓိကရဏဝဂ်၌ ခုနစ်ခုမြောက် သတ္တမသုတ္တန်တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်း အရာကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါ သနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် ဇာဏုဿောဏိအမည်ရှိသော ပုဏ္ဏား ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ဇာဏုဿောဏိ ပုဏ္ဏား၏အထင်

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းအရပ်၌ ကိန်း အောင်း မွေ့လျော် နေတော်မူသောအခါ ဇာဏုဿောဏိအမည်ရှိသော ပုရောဟိတ်ပုဏ္ဏားသည် ဘုရားထံမှောက် သွားရောက်ပြီးလျှင် ဝမ်းမြောက် ဝမ်းသာ သမ္မောဒနီယကထာ စကားပြောကြား၍ အပြစ်ခြောက်ပါးလွတ် သည့် တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပါသည်။

ထိုသို့ ထိုင်နေပြီးလျှင် ရဟန်းကြီးဂေါတမသည် ငါတို့သိသော ပုဒ်မျည်း အနက် အကွာရာဘို့ကိုသာလျှင် ဟောဆိုတတ်ပေ၏၊ ရဟန်းကြီးဂေါတမသည်

http://www.dhammadownload.com

ငါတို့ သိပြီးဖြစ်သော ပုဒ်ဗျည်းအနက် အက္ခရာတို့ထက် ပိုလွန်၍သိမည်မဟုတ်ဟု အယောနိသောမနသိကာရအရင်းခံ၍ သဗ္ဗညုမြတ်စွာဘုရားကို လျှောက်ထားသည်မှာ—

ကော နု ခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ ယေန မိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိ ံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။

အို အရှင်ကြီးဂေါတမ....၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်တို့သည် ကိုယ်ခန္ဓာပျက်ကြွေ စုတေသည်မှ နောက်ကာလဝယ် ချမ်းသာကင်းရာ မကောင်းသောသူတို့၏ လားရာ အလိုမတူဘဲ ဖရိုဖရဲကျရောက်ရာ ဖြစ်သော အပါယ်ငရဲသို့ ကျရောက်ကြပါသည်၊ ထိုသူတို့ အပါယ်ငရဲသို့ ကျရောက်ခြင်း၏ ဇနကအကြောင်း ဥပတ္ထမ္ဘက အကြောင်းကား အဘယ်တရားပါနည်းဟု မေးမြန်းခဲ့ပါသည်။

အရိပ်အမြွက် ဟောကြားခြင်း

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ပုဏ္ဏား၏ အတွင်းအဇ္ဈတ္တသန္တာန်ဝယ် အယောနိသောမနသိကာရ အရင်းခံကို သိမြင်တော်မူသဖြင့် ထိုပုဏ္ဏားအား တော်ဝေ၍ သွားစိမ့်သောဌာ—

"ကတတ္တာစ ပြာဟ္မဏ အကတတ္တာစ ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိ ံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ" ဟု—

ဇာဏုဿောဏိပုဏ္ဏား....၊ ဤလောက၌ ပြုအပ်သောကြောင့်၎င်း မပြုအပ်သောကြောင့်၎င်း အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်ကြွေ စုတေသည်မှ နောက်ကာလဝယ် ချမ်းသာကင်းရာ မကောင်းသောသူတို့၏လားရာ အလိုမတူဘဲ ဖရိုဖရဲ ကျရာဖြစ်သော ငရဲသို့ ကပ်ရောက်ကြကုန်သည်ဟု အရိပ်အမြွက်မျှ ဟောပြတော်မူခဲ့ပါသည်။

ပုဏ္ဏား အခက်ကြုံသွားပုံ

ထိုအခါ ပုဏ္ဏားသည် မိမိမူလ ထင်မှတ်သည့်အတိုင်း မြတ်စွာဘုရား ဟောသော စကားအလုံးစုံကို မိမိသိလိမ့်မည်ဟု ထင်မှားခဲ့သော်လည်း ယခု

http://www.dhammadownload.com

ဖြေကြားအပ်သော အဖြေ၏ အနက်အဓိပ္ပါယ်ကိုကား စိတ်ဖြာခဲ့ဝေ၍ မသိနိုင်ဘဲ ရှိပါသည်၊ မသိသည့်အလျောက် "မသိပါဘုရား" ဟု ဝန်ခံရမည်လည်း အခက်၊ဆိတ်ဆိတ်နေရမည်လည်း အခက်ဖြစ်၍ တဖန်တက်ပြီးလျှင်—

ကော ပန ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ယေန မိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိ ံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ—

အို အရှင်ကြီးဂေါတမ....၊ အကြင်သို့သော အကြောင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် ကောင်းသောသူတို့၏ လားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရပါကုန်သည်၊ သို့နတ်ပြည်လောကသို့ ကပ်ရောက်ရခြင်း၏ ဇနက အကြောင်း ဥပတ္ထမ္ဘက အကြောင်းကား အဘယ်တရားပါနည်းဟု မေးမြန်းလျှောက်ထားပါသည်။

ပုဏ္ဏား လက်လျှော့ခြင်း

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်—

ကတတ္တာ စ ဗြာဟ္မဏ အကတတ္တာ စ ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိ ံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။

အို ဇာဏုဿောဏိပုဏ္ဏား....၊ ဤလောက၌ ပြုအပ်သောကြောင့်၎င်း မပြုအပ်သောကြောင့်၎င်း အချို့သောသတ္တဝါတို့သည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် သုဂတိဘုံဌာန နတ်ပြည်လောကသို့ ရောက်ရကုန်သည်ဟု ရှေးနည်းအတူ ဖြေတော်မူလတ်သည်တွင်—

နု ခေါ အဟံ ဣမဿ ဘောတော ဂေါတမဿ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အဝိဘတ္တဿ ဝိတ္ထာရေန အတ္ထံ အာဇာနာမိ-အစရှိသည်ဖြင့် လက်လျှော့ပြီးလျှင်—

အို အရှင်ကြီးဂေါတမ....၊အကျွန်ုပ်သည် အကျယ်တဝင့် အနက်အဓိပ္ပါယ်ကို ဝေဘန်၍ မပြအပ်သော အကျဉ်းချုပ်မျှသာ အရှင်ကြီးဂေါတမ ဟောကြားအပ်သော ယခုစကား၏ အနက်အဓိပ္ပါယ်ကို အကျွန်ုပ် မသိနိုင်ပါ။

သာဓု မေ ဘဝံ ဂေါတမော တထာ ဓမ္မံ ဒေသေတု။

http://www.dhammadownload.com

အကျွန်ုပ် တောင်းပန်တိုက်တွန်းပါ၏၊ အရှင်ကြီးဂေါတမသည် အကြင် သို့သော အခြင်းအရာဖြင့် ဟောကြားအပ်သည်ရှိသော် ယခု အရှင်ကြီး ဂေါတမ အကျဉ်းချုပ်ဟောပြအပ်သော စကား၏ အနက်အဓိပ္ပါယ်အကျယ်ကို သိနိုင်ရာပါ၏၊ ထိုသို့သော အခြင်းအရာဖြင့် အကျွန်ုပ်အား တရားစကား ဟောကြားတော်မူပါဟု သာယာညွတ်ပြောင်း တောင်းပန်ခဲ့ပါသည်။

အကျယ်ခွဲ ဟောခြင်း

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် မဟာကရုဏာချွေထား၍ "ဣမ ဗြာဟ္မဏ ကေစ္စဿ ကာယဒုစ္စရိတံ ကတံ ဟောတိ၊ အကတံ ဟောတိ ကာယ သုစရိတံ။ ဝစီဒုစ္စရိတံ ကတံ ဟောတိ၊ အကတံ ဟောတိ ဝစီသုစရိတံ။မနော ဒုစ္စရိတံ ကတံ ဟောတိ၊အကတံ ဟောတိ မနောသုစရိတံ" အစရှိသည်ဖြင့်—

ဇာဏုဿောဏိပုဏ္ဏား....၊ဤလောကဌ် အချို့သော ပဂ္ဂိုလ်အား ကာယ ဒုစရိုက်ကိုသာ ပြုခဲ့၍ ကာယသုစရိုက်ကိုကား မပြုမိ၊ ဝစီဒုစရိုက်ကိုသာပြု၍ ဝစီသုစရိုက်ကိုကား မပြုမိ၊ မနောဒုစရိုက်ကိုသာ ပြု၍ မနောသုစရိုက်ကိုကား မပြုမိ၊ ဤသို့လျှင် ဒုစရိုက်ကို ပြုမိုက်မိခြင်း ပြုမှားခြင်းဟူသော အကြောင်း ကြောင့်၎င်း သုစရိုက်ကို မပြုလိုက်မိခြင်းဟူသော အကြောင်းကြောင့်၎င်း ဤလောကဌ် အချို့သောပဂ္ဂိုလ်တို့သည် ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် ချမ်းသာကင်းရာ မကောင်းသောသူတို့၏လားရာ အလို မတူဘဲ ဖရိုဖရဲ ကျရောက်ရာ ငရဲသို့ ပဋိသန္ဓေတည်နေ ကပ်စွဲကြရကုန်သည်။

ဇာဏုဿောဏိပုဏ္ဏား....၊ ထိုမှတပါး ဤလောကဌ် အချို့သော အမျိုး ကောင်းသားသည် ကာယသုစရိုက်ကို ပြုစုပျိုးများအားထုတ်၍ ကာယ ဒုစရိုက်ကိုကား ရှောင်ရှားမပြုစု မပျိုးများ အားမထုတ်အပ်ပေ။ ဝစီသုစရိုက် မနောသုစရိုက်ကို ပြုစုကြိုးကုတ် အားထုတ်အပ်ခဲ့ပေ၏၊ ဝစီ မနော ဒုစရိုက်ကို ကား ရှောင်ရှားသောအနေ မပြုစု အားမထုတ်ခဲ့ပါပေ။

ဇာဏုဿောဏိပုဏ္ဏား....၊ ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် ကာယ သုစရိုက် ဝစီသုစရိုက် မနောသုစရိုက်ကို ပြုခြင်းတည်းဟူသော အကြောင်း ကြောင့်၎င်း ကာယ ဝစီ မနောဒုစရိုက်သုံးပါးကို မပြုခြင်းဟူသော အ ကြောင်းကြောင့်၎င်း ဤသို့လျှင် အချို့သောသတ္တဝါတို့သည် ကိုယ်ခန္ဓာ ပျက်ကြွေ စုတေသည်မှ နောက်ကာလဝယ် ကောင်းသောသူတို့၏လားရာ

http://www.dhammadownload.com

နတ်ရွာလောကသို့ ဘဝပဋိသန္ဓေ ကပ်ရောက်၍ တည်နေရပေသည်ဟု ဟော ကြားတော်မူခဲ့ပါသည်။

ထိုအခါ ဇာဏုဿောဏိပုဏ္ဏားသည် "အဘိက္ကန္တံ ဘော ဂေါတမ အဘိက္ကန္တံ ဘော ဂေါတမ" အစရှိသည်ဖြင့် ဗုဒ္ဓ ဓမ္မ သံဃ သရဏဂုံကို နှစ်လို အားရမ်း ဝမ်းမြောက်စွာ ခံယူခဲ့ပါပေသည်။

ဤသို့လျှင် ခုနစ်ခုမြောက်ဖြစ်သော ဇာဏုဿောဏိသုတ္တန်ဒေသနာ တော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အကြောင်းအဋ္ဌုပ္ပတ်ကြောင့် သာဝတ္ထိ ပြည်အရပ်ဝယ် ဇာဏုဿောဏိပုဏ္ဏားကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာ ဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သတ္တမသုတ် ပြီး၏

အဋ္ဌမသုတ်

ပု။ ။တတ္ထေဝ အာဝုသော အဋ္ဌမသုတ္တံ ဘဂဝတာ ကတ္ထ ကဿ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မတော အာနန္ဒဿ "ဧကံသေနာဟံ အာနန္ဒ အကရဏီယံ ဝဒါမိ ကာယဒုစ္စရိတံ ဝစီဒုစ္စရိတံ မနောဒုစ္စရိ-တ"န္တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုအဓိကရဏဝဂ်၌ပင်လျှင် ရှစ်ခုမြောက် ဖြစ်သော အဋ္ဌမ သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်မည်သော ပုဂ္ဂိုလ်အား အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါ သနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်၌ အရှင်အာနန္ဒာ မထေရ်သူမြတ်အား သဗ္ဗညုမြတ်စွာဘုရားသည် "ဧကံသေနာဟံ အာနန္ဒ အကရဏီယံ ဝဒါမိ ကာယ ဒုစ္စရိတံ ဝစီဒုစ္စရိတံ မနောဒုစ္စရိတံ" အစရှိသည်ရှိဖြင့်—

ချစ်သားအာနန္ဒာ....၊ကာယဒုစရိုက်သုံးပါး ဝစီဒုစရိုက်လေးပါး မနော ဒုစရိုက်သုံးပါး၊ဤဒုစရိုက်ဆယ်ပါး အကုသိုလ်တရားကို ငါဘုရားသည် ဧကန်

http://www.dhammadownload.com

စင်စစ်လျှင် မပြုထိုက် မပြုကောင်းဟူ၍ ဟောဆိုအပ်သည်ဟု မိန့်ကြားတော်မူပါသည်။

မပြုကောင်းသည်ကို ပြုခဲ့လျှင်

ထိုအခါ ရှင်အာနန္ဒာ မထေရ်သူမြတ်က "ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....၊အကြင်ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တည်းဟူသော ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကို ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် မပြုကောင်း မလုပ်ကောင်းဟူ၍ ဟောကြားတော်မူအပ်ပါပေ၏၊ သို့မပြုကောင်း မလုပ်ကောင်းသည့် ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကို အကယ်၍ပြုလုပ်ခဲ့လျှင် မည်သို့ သဘောရှိသော အပြစ်ဒေါသအာဒီနဝဖြစ်ပါသနည်း"ဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ယမိဒံ အာနန္ဒ မယာ ဧကံသေန အကရဏီယံ အက္ခာတံ ကာယဒုစ္စရိတံ ဝစီဒုစ္စရိတံ မနောဒုစ္စရိတံ" အစရှိသည်ဖြင့်—

ချစ်သားအာနန္ဒာ....၊ငါဘုရားသည် အကြင်သို့ သဘောရှိသော ကာယ ဝစီ မနော ဒုစရိုက်ကို မပြုထိုက် မပြုကောင်းဟူ၍ ဟောကြား အပ်ပေသည်၊ မပြုထိုက် မပြုကောင်းဟူ၍ ဟောကြားအပ်သော ထို ကာယ ဝစီ မနော ဒုစရိုက် တရားကို ပြုမှားမိသည်ရှိသော် မိမိကိုယ်ကို မိမိစွပ်စွဲခြင်း အတ္တာနုဝါဒ၊ ပညာရှိတို့သည် ဉာဏ်ပညာဖြင့် သက်ဝင်၍ ကဲ့ရဲ့ခြင်းတည်းဟူသော ပရာနုဝါဒ၊ စုတိပြတ်ကြွေ သေခါနီး ကာလဝယ် တွေတွေ ဝေဝေ သေရခြင်းတည်းဟူသော သမ္မုဋ္ဌကာလံကိရိယာ၊ စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် အပါယ်ငရဲသို့ ကျရောက်ခြင်းတည်းဟူသော ဤအပြစ်ဒေါသ အာဒီနဝတရားများသည် မချတ်ဖြစ်လိမ့်မည်ဟု မိန့်ကြားတော်မူပြီးလျှင်—

"ဧကံသေနာဟံ အာနန္ဒ ကရဏီယံ ဝဒါမိ ကာယသုစရိတံ ဝစီသုစရိတံ မနောသုစရိတံ" ဟု—

ချစ်သားအာနန္ဒာ....၊ကာယ ဝစီ မနောသုစရိုက် သုံးမျိုးကိုကား ဧကန်စင်စစ်ပင် မချတ်လျှင် ပြုထိုက်ပြုကောင်း၏ဟု ငါဘုရားဟောကြားသည်ဟု မိန့်တော် မူလတ်သည်တွင်—

http://www.dhammadownload.com

ပြုကောင်းသည်ကို ပြုခဲ့လျှင်

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... အကြင် ကာယသုစရိုက်သုံးပါး ဝစီသုစရိုက်လေးပါး မနောသုစရိုက်သုံးပါး။ ဤသုစရိုက်ဆယ်ပါး ကုသိုလ်တရားတို့ကို ပြုကောင်းသည် ပြုလုပ်ရမည်ဟု ရှင်တော် ဘုရား ဟောကြားတော်မူအပ်ပါသည်၊ ထို ပြုလုပ်ရမည့် သုစရိုက်ဆယ်ပါး တရားကို ပြုလုပ်သည်ရှိသော် အဘယ်သို့သော အကျိုးအာနိသင်တရားသည် မချွတ် ဖြစ်ပါလိမ့်မည်နည်းဘုရားဟု လျှောက်ထား ခဲ့ပါသည်။

ထိုအခါ သမ္မာသမ္ဗုဒ္ဓဘုရားက "ယမိဒံ အာနန္ဒ မယာ ကေသေန ကရဏီသံ အက္ခာတံ ကာယသုစရိတံ ဝစီသုစရိတံ မနောသုစရိတံ" အစရှိသည်ဖြင့်—

ချစ်သားအာနန္ဒာ....၊အကြင်သို့သဘောရှိသော ကာယသုစရိုက်သုံးပါး ဝစီသုစရိုက်လေးပါး မနောသုစရိုက်သုံးပါး၊ ဤဆိုအပ်ခဲ့ပြီးသော သုစရိုက်ဆယ်ပါး ကုသိုလ်တရားကို ငါသည် ပြုထိုက်သည် ပြုကောင်းသည် ပြုရမည်ဟု ဟောကြားအပ်၏၊ သို့ ဟောကြားအပ်သော ပြုထိုက် ပြုရမည့် ပြုကောင်းသည့် သုစရိုက်ဆယ်ပါးတရားကို ပြုလုပ်သည်ရှိသော် မိမိကိုယ်ကို မိမိ မစုပ်စဲ့ခြင်း၊ ပညာရှိတို့ ဥဏ်ပညာဖြင့် သက်ဝင်၍ ချီးမွမ်းခြင်း၊ စုတိပြတ်ကြွေ သေခါနီးကာလဝယ် မတွေမဝေသေခြင်း၊ စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် နတ်ရွာလောကသို့ ရောက်ရခြင်းတည်းဟူသော အကျိုးအာနိသင်တရားသည် မချွတ်ကောန် ဖြစ်ပေါ်လတ္တံ့ဟူ၍ ဤသုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဓမ္မဘဏ္ဍာဂါရိက ဖြစ်တော်မူသော ရှင်အာနန္ဒာမထေရ်သူမြတ်အား သမ္မာသမ္ဗုဒ္ဓဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အဋ္ဌမသုတ် ပြီး၏

နဝမသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အင်္ဂုတ္တရနိကာယေ ဒုကနိပါတေ အဓိကရဏဝဂ္ဂေ နဝမသုတ္တံ ကထံ'ဘာသိတံ။

http://www.dhammadownload.com

ဝိ။ ။အကုသလံ ဘိက္ခဝေ ပဇဟထ၊ သက္ကာ ဘိက္ခဝေ အကုသလံ ပဇဟိတုံ။ နောစေဒံ ဘိက္ခဝေ သက္ကာ အဘဝိဿ အကုသလံ ပဇဟိတုံ၊ နာဟံ ဧဝံ ဝဒေယျံ "အကုသလံ ဘိက္ခဝေ ပဇဟထာ"တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ သက္ကာ အကုသလံ ပဇဟိတုံ၊ တသ္မာဟံ ဧဝံ ဝဒါမိ "အကုသလံ ဘိက္ခဝေ ပဇဟထာ"တိ။ အကုသလဉ္စ ဟိဒံ ဘိက္ခဝေ ပဟီနံ အဟိတာယ ဒုက္ခာယ သံဝတ္တေယျ၊ နာဟံ ဧဝံဝဒေယျံ "အကုသလံ ဘိက္ခဝေ ပဇဟထာ"တိ။ ယသ္မာ စခေါ ဘိက္ခဝေ အကုသလံ ပဟီနံ ဟိတာယ သုခါယ သံဝတ္တတိ၊ တသ္မာဟံ ဧဝံ ဝဒါမိ "အကုသလံ ဘိက္ခဝေ ပဇဟထာ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုသမ္ဗညုမြတ်စွာဘုရားသခင်သည် အင်္ဂုတ္တရနိကာယ် ဒုကနိပါတ် အဓိကရဏဝဂ်၌ ကိုးခုမြောက်ဖြစ်သော နဝမသုတ္တန်တရားဒေသနာတော်ကို အဘယ်သို့သော အခြင်းအရာအားဖြင့် ကရုဏာရွှေသွားလျက် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။အင်္ဂုတ္တရနိကာယ် အဝင်အပါ ဒုကနိပါတ် အဓိကရဏဝဂ်၌ ကိုးခုမြောက်ဖြစ်သော သုတ္တန်ဒေသနာတော်မြတ်ကို "အကုသလံ ဘိက္ခဝေ ပဇဟထ၊ သက္ကာ ဘိက္ခဝေ အကုသလံ ပဇဟိတုံ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ သင်ချစ်သားတို့သည် အကုသိုလ်တရားတို့ကို ပယ်ရှားကြကုန်လော့၊ ချစ်သားရဟန်းတို့....အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါ တတ်ကောင်းရာသည်၊ စွမ်းနိုင်ရာသည်၊ ပယ်ရှား၍ ဖြစ်နိုင်သည်။

အကုသိုလ်ကို ပယ်ရှား၍ မဖြစ်လျှင်

ချစ်သားရဟန်းတို့....၊အကုသိုလ်တရားတို့ကို ပယ်ရှား၍ မဖြစ်ဘူးပ ဆိုလျှင် ငါဘုရားသည် "အကုသလံ ဘိက္ခဝေ ပဇဟထ-ချစ်သားတို့....အကုသိုလ်တရားကို ပယ်ရှားကြကုန်"ဟူ၍ မဟောကြား။စင်စစ်မှာမူ အကုသိုလ်တရားကို ပယ်ရှားခြင်းငှါ စွမ်းနိုင်ရာသည်၊ အကုသိုလ်တရားကို ပယ်ရှား၍ ဖြစ်သည်၊ ထို့ကြောင့်ပင် ငါဘုရားသည် "အကုသလံ ဘိက္ခဝေ ပဇဟထ-ချစ်သားတို့....အကုသိုလ်တရားကို ပယ်ရှားကြကုန်လော့"ဟူ၍ ဟောကြားအပ်သည်။

http://www.dhammadownload.com

အကုသိုလ်ပယ်၍ ဒုက္ခဖြစ်မည်ဆိုလျှင်

ချစ်သားတို့....၊ အကုသိုလ်တရားကို ပယ်၍ သင်ချစ်သားတို့အား အစီးအပွါးမဲ့ ဖြစ်မည်ဆိုလျှင် ဆင်းရဲဒုက္ခ ဖြစ်မည်ဆိုလျှင် ငါဘုရားသည် "အကုသလံ ဘိက္ခဝေ ပဇဟထ-ချစ်သားတို့.... အကုသိုလ်တရားကို ပယ်ရှားကြကုန်လော" ဟူ၍ မဟောကြား၊ စင်စစ်မှာမူ အကုသိုလ်တရားကို သင်ချစ်သားတို့ ပယ်ရှားအပ်သည် ရှိသော် များစွာသော စီးပွါး ချမ်းသာ အလိုငှါ ဖြစ်တော့သည်၊ ထို့ကြောင့်ပင်လျှင် သင်ချစ်သားတို့ကို ငါဘုရားသည် "အကုသလံ ဘိက္ခဝေ ပဇဟထ-ချစ်သားတို့....၊အကုသိုလ်တရားကို ပယ်ရှားကြကုန်လော့" ဟု ဟောကြား အပ်ခဲ့သည်။

ကုသလံ ဘိက္ခဝေ ဘာဝေထ-ချစ်သားတို့....၊ကုသိုလ်တရားကို ပွါးများကြကုန်လော့၊ ချစ်သားတို့....ကုသိုလ်တရားကို ပွါးများ၍ မဖြစ်သည်မဟုတ်၊ မစွမ်းနိုင်သည် မဟုတ်၊ ဖြစ်သည်, စွမ်းနိုင်သည်။

ကုသိုလ်တရားပွါးများ၍၊ မဖြစ်ဘူးဆိုလျှင်

ချစ်သားတို့....၊ အကယ်၍ ကုသိုလ်တရားကိုပွါးများ၍ မဖြစ်ဘူးပဆိုလျှင် သင်ချစ်သားတို့ကို ငါဘုရားသည် "ကုသလံ ဘိက္ခဝေ ဘာဝေထ-ချစ်သားတို့....ကုသိုလ်တရားကို ပွါးများကြကုန်" ဟူ၍ မဟော၊ မတိုက်တွန်း၊ စင်စစ်မှာမူ ကုသိုလ်တရားကို ပွါးများနိုင်သည်၊ ပွါးများ၍ဖြစ်သည်၊ သို့ပွါးများနိုင်သောကြောင့်ပင်လျှင် "ကုသလံ ဘိက္ခဝေ ဘာဝေထ-ချစ်သားတို့....ကုသိုလ်တရားကို ပွါးများကြကုန်" ဟူ၍ ငါဘုရားဟောကြားသည်၊ ချစ်သားတို့....အကယ်၍များ ကုသိုလ်တရားကို ပွါးများသည့်အတွက် သင်ချစ်သားတို့အား ကြီးစွာသော အစီးအပွါးမဲ့ ကြီးစွာသော ဒုက္ခတရားဖြစ်မည်ဆိုလျှင် သင်ချစ်သားတို့အား ငါဘုရားသည် "ကုသလံ ဘိက္ခဝေ ဘာဝေထ-ချစ်သားတို့....ကုသိုလ်တရားကို ပွါးများကြကုန်" ဟု တိုက်တွန်းဟောကြားတော် မူမည် မဟုတ်၊ စင်စစ်သော်ကား ကုသိုလ်တရားကို ပွါးများလတ်သည်ရှိသော် သင်ချစ်သားတို့အား ကြီးစွာသော စီးပွါးချမ်းသာ ဖြစ်နိုင်သည်၊ ထို့ကြောင့်ပင်လျှင် သင်ချစ်သားတို့အား ငါဘုရားသည် "ကုသလံ ဘိက္ခဝေ ဘာဝေထ-ချစ်သားတို့....ကုသိုလ်တရားကို ပွါးများကြကုန်" ဟု ကရဏာပြဋ္ဌာန်း၍ တိုက်တွန်း ဟောကြားခဲ့သည်ဟု ဤကိုးခုမြောက်ဖြစ်သော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်း

http://www.dhammadownload.com

အရာဖြင့် မဟာကရုဏာတော်ပြဋ္ဌာန်း၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြား တော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

နဝမသုတ် ပြီး၏

ဒသမသုတ် နှင့် ဧကာဒသမသုတ်

ပု။ ။တတ္ထဝေ အာဝုသော ဒသမဧကာဒသမသုတ္တာနိ ဘဂဝတာ ကထံ ဘာသိတာနိ။

ဝိ။ ။တတ္ထဝေ ဘန္တေ ဒသမဧကာဒသမသုတ္တာနိ "ဒဋ္ဌမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ။ ကတမေ ဒဋ္ဌ၊ ဒုန္နိက္ခိတ္တဥ္စ ပဒဗျဉ္ဇနံ အတ္ထော စ ဒုန္နီတော၊ ဒုန္နိက္ခိတ္တဿ ဘိက္ခဝေ ပဒဗျဉ္ဇနဿ အတ္ထောပိ ဒုန္နယော ဟောတိ။ ဣမေ ခေါ ဘိက္ခဝေ ဒဋ္ဌ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တီ"တိ စ။ "ဒဋ္ဌမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ ဋ္ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တန္တိ။ ကတမေ ဒဋ္ဌ၊ သုနိက္ခိတ္တဥ္စ ပဒဗျဉ္ဇနံ အတ္ထော စ သုနီတော၊ သုနိက္ခိတ္တဿ ဘိက္ခဝေ ပဒဗျဉ္ဇနဿ အတ္ထောပိ သုနယော ဟောတိ။ ဣမေခေါ ဘိက္ခဝေ ဒဋ္ဌ ဓမ္မာ သဒ္ဓမ္မဿ ဋ္ဌိတိယာ အသမ္မော-သာယ အနန္တရဓာနာယ သံဝတ္တန္တီ"တိ စ။ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတာနိ။

မေး။ ။ထိုအဓိကရဏဝဂ်၌ပင်လျှင် ရှေးသံဂါယနာတင် ဆရာမြတ်တို့ သံဂါယနာတင်ထားတော်မူသည့်အတိုင်း ဒသမသုတ်, ဧကာဒသမသုတ် အဖြစ်ဖြင့် လာရှိသော နုစ်ခုသော သုတ္တန်တရားဒေသနာတော်တို့ကို ဘုန်း တော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့လျှင် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုအဓိကရဏဝဂ်၌ပင်လျှင် ဆယ်ခုမြောက်, တဆယ့်တခု မြောက်ဖြစ်သော သုတ္တန်နှစ်ပါးကို သဗ္ဗညုမြတ်စွာဘုရားသည် "ဒဋ္ဌမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ" အစရှိသည်ဖြင့်—

http://www.dhammadownload.com

ချစ်သားရဟန်းတို့....၁ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ တည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်၏ ပျက်စီးဘို့ရန်, ကွယ်ပ ဘို့ရန် အကြောင်းတရားနှစ်ပါးရှိသည်၊ ထိုအကြောင်းတရားနှစ်ပါး ဟူသည် မှာ—

(၁) ပုဒ် ဗျည်း အက္ခရာ ဝါကျတို့ကို ဖောက်ဖောက်ပြန်ပြန် မှားမှားယွင်းယွင်း ထားခြင်းလည်း တပါး၊

(၂) ထိုသို့ ပုဒ် ဗျည်း အက္ခရာ ဝါကျတို့ကို ဖောက်ပြန် မှားယွင်းစွာ ထားခြင်းကြောင့် အနက်အဓိပ္ပါယ်တို့ကို ဖောက်ပြန် မှားယွင်းစွာ မှတ်ယူခြင်း တပါး၊

ချစ်သားရဟန်းတို့....၁ဖောက်ပြန်မှားယွင်းစွာ ပုဒ် ဗျည်း အက္ခရာ ဝါကျ တို့ကို ထားအပ်သည်ရှိသော် အနက်ကိုလည်း ဖောက်ပြန် မှားယွင်းစွာပင် မှတ်ယူအပ်တော့သည်။

ချစ်သားရဟန်းတို့....၁ဤဆိုအပ်ပြီးသောအတိုင်း ငါဘုရား၏ စကား တော်တို့ကို အက္ခရာ ပုဒ် ဗျည်း ဝါကျတို့ ဖောက်ပြန် မှားယွင်းစွာထားခြင်း တပါး၊ ဖောက်ပြန် မှားယွင်းစွာ အနက်တို့ကို မှတ်ယူခြင်း တပါး၊ ဤနှစ်ပါး သည် ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မတည်းဟူသော သဒ္ဓမ္မ သုံးဖြာ သာသနာတော်သုံးရပ် ကွယ်ပခြင်း အကြောင်းဖြစ်ပေသည်။

ချစ်သားရဟန်းတို့....၁သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် အရှည်တည် ထွန်းရန် မကွယ် မပရန် အကြောင်းလည်း နှစ်ပါးပင် ရှိသည်၊ နှစ်ပါးတို့ ဟူသည်မှာ—

(၁) ငါဘုရား ဟောကြားအပ်သော စကားတော်တို့ကို အက္ခရာ ပုဒ်ဗျည်း မဖောက်မပြန် မှန်ကန်စွာထားရှိခြင်း တပါး၊

(၂) မဖောက်မပြန် မှန်ကန်စွာ ထားအပ်သော အက္ခရာ ပုဒ်ဗျည်း တို့၏ မဖောက်မပြန် မှန်ကန်သောအနက်အဓိပ္ပါယ်ကို သိမြင်ခြင်းတပါး၊

ချစ်သားရဟန်းတို့....၁အက္ခရာ ပုဒ် ဗျည်း တို့ကို ကောင်းစွာ ထားအပ် သည်ရှိသော် အနက်မှန်ကိုလည်း ကောင်းစွာပင် သိအပ်တော့သည်။

http://www.dhammadownload.com

ချစ်သားတို့....၊သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် အခွန့်ရှည်စွာ တည်ခြင်း၊ မကွယ်မပြင်း၏ အကြောင်းတရားတို့ကား ဤဆိုအပ်ပြီးသော အတိုင်း ငါဘုရား၏ စကားတော်တို့ကို အကွာရာ ပုဒ်ဗျည်း ဝါကျ မဖောက်မပြန် မှန်ကန်စွာ ထားခြင်း, မဖောက်မပြန် မှန်ကန်စွာ အနက်ကို သိခြင်း၊ ဤနှစ်ပါးပင် ဖြစ်တော့သည်ဟု သာသနာတော်ကွယ်ကြောင်း, သာသနာတော် အရှည်တည်ကြောင်းတို့ကို ဖော်ပြရာ ဤဆယ်ခုမြောက် ဆယ့်တခုမြောက်ဖြစ်သော သုတ္တန်ဒေသနာတော်တို့ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ပါကုန်သည် အရှင်ဘုရား။

ဒသမနှင့် ကောဒသမသုတ် ပြီး၏

ဗာလဝဂ်

ဒုတိယသုတ်

ပု။ ။ဗာလဝဂ္ဂေ ပန အာဝုသော ဒုတိယသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ဗာလဝဂ္ဂေ ဘန္တေ ဒုတိယံ သုတ္တံ "ဒဋ္ဌမေ ဘိက္ခဝေ တထာဂတံ အဗ္ဘာစိက္ခန္တိ။ ကတမေ ဒွေ၊ ဒုဋ္ဌော ဝါ ဒေါသန္တရော သဒ္ဓါ ဝါ ဒုဂ္ဂဟီတေန။ ဣမေ ခေါ ဘိက္ခဝေ ဒွေ တထာဂတံ အဗ္ဘာစိက္ခန္တီ"တိ၊ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ဗာလဝဂ်၌ နှစ်ခုမြောက်ဖြစ်သော ဒုတိယသုတ္တန်တရား ဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဗာလဝဂ်၌ နှစ်ခုမြောက်ဖြစ်သော ဒုတိယသုတ္တန်ဒေသနာတော်မြတ်ကို "ဒဋ္ဌမေ ဘိက္ခဝေ။ပ။ အဗ္ဘာစိက္ခန္တီ"ဟု ချစ်သားရဟန်းတို့....၊ ဤလောကဝယ် ငါဘုရားကို စွပ်စွဲနိုင်သောပုဂ္ဂိုလ်တို့သည် နှစ်မျိုးတို့ပင် ရှိသည်၊ နှစ်မျိုးတို့ ဟူသည်မှာ——

http://www.dhammadownload.com

(၁) သုနက္ခတ္တ ရဟန်းကဲ့သို့ ဒေါသကြီးသော ပုဂ္ဂိုလ်သည်လည်း ဒေါသပဒဋ္ဌာန် စိတ်ရင်းခံ၍ ငါဘုရားအား မဟုတ်မလျား စွပ်စွဲ ပြောကြားတတ်သည်။

(၂) ထိုမှတပါး သဒ္ဓါတရားလွန်ကဲသော ပုဂ္ဂိုလ်သည်လည်း မုဓပွသန္န အချည်းနှီး အလဲလဲ ကြည်ညိုသဖြင့် အကြည်ညိုလွန်လွန်း သဒ္ဓါတရားလွန်လွန်းသဖြင့် ငါဘုရား၏ အပေါ်ဝယ် "သဗ္ဗညုမြတ်စွာဘုရားကား အလုံးစုံပင် လောကုတ္တရာတရားစုဖြစ်တော်မူပါပေသည်" ဟု ငါဘုရား၏ ကိုယ်ခန္ဓာဝယ် ထင်ရှားရှိသမျှသော ရူပက္ခန္ဓာကိုလည်း လောကုတ္တရာ, ဝေဒနာက္ခန္ဓာကိုလည်း လောကုတ္တရာ, သညာက္ခန္ဓာကိုလည်း လောကုတ္တရာ, သင်္ခါရက္ခန္ဓာကိုလည်း လောကုတ္တရာ, ဝိညာဏက္ခန္ဓာကိုလည်း လောကုတ္တရာ, မြတ်စွာဘုရားနှင့် စပ်သွယ်သမျှ အလုံးစုံကို လောကုတ္တရာဟူ၍ အယူမှား ဖောက်ပြားပြီးလျှင် ငါဘုရားကို စွပ်စွဲတတ်သည်။

ချစ်သားရဟန်းတို့....၊ ဤဆိုအပ်ပြီးသော အတိုင်း ဒေါသကြီးသော ပုဂ္ဂိုလ်, သဒ္ဓါတရားလွန်ကဲ၍ ပညာနည်းပါးသောပုဂ္ဂိုလ် ဤပုဂ္ဂိုလ်နှစ်ပါးသည် ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားကို စွပ်စွဲတတ်ပေကုန်၏ဟု ဤနှစ်ခုမြောက်ဖြစ်သော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအတိုင်း သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဒုတိယသုတ် ပြီး၏

တတိယသုတ်

ပု။ ။တတ္ထဝေ အာဝုသော တတိယသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထဝေ ဘန္တေ တတိယသုတ္တံ ဘဂဝတာ "ဒ္ဝေမေ ဘိက္ခဝေ တထာဂတံ အဗ္ဘာစိက္ခန္တိ။ ကတမေ ဒ္ဝေ၊ ယော စ အဘာသိတံ အလပိတံ တထာဂတေန 'ဘာသိတံ လပိတံ တထာဂတေန'တိ ဒီပေတိ။ ယော စ ဘာသိတံ လပိတံ တထာဂတေန 'အဘာသိတံ အလပိတံ တထာ-

http://www.dhammadownload.com

ဂတေနာတိ' ဒီပေတိ။ ဣမေ ခေါ ဘိက္ခဝေ ဒ္ဝေ တထာဂတံ အဗ္ဘာစိက္ခန္တိ။ ဒ္ဝေမေ ဘိက္ခဝေ တထာဂတံ နာဗ္ဘာစိက္ခန္တိ။ ကတမေ ဒ္ဝေ၊ ယော စ အဘာသိတံ အလပိတံ တထာဂတေန 'အဘာသိတံ အလပိတံ တထာဂတေနာ'တိ ဒီပေတိ။ ယော စ ဘာသိတံ လပိတံ တထာဂတေန 'ဘာသိတံ လပိတံ တထာဂတေနာ'တိ ဒီပေတိ။ ဣမေ ခေါ ဘိက္ခဝေ ဒ္ဝေ တထာဂတံ နာဗ္ဘာစိက္ခန္တိ" တိ၊ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဗာလဝဂ်၌ပင်လျှင် သုံးခုမြောက်ဖြစ်သော တတိယသုတ္တန် တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဗာလဝဂ်၌ပင်လျှင် သုံးခုမြောက် ဖြစ်သော တတိယသုတ္တန် ဒေသနာတော်မြတ်ကို "ဒ္ဝေမေ ဘိက္ခဝေ တထာဂတံ အဗ္ဘာစိက္ခန္တိ။ ကတမေ ဒ္ဝေ၊ ယော စ အဘာသိတံ အလပိတံ တထာဂတေန 'ဘာသိတံ လပိတံ တထာဂတေနာ'တိ ဒီပေတိ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....ဤသုံးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားကို စွပ်စွဲသော ပုဂ္ဂိုလ်တို့သည် နှစ်မျိုးရှိကုန်သည်၊ နှစ်မျိုးတို့ဟူသည်မှာ—

(၁) အမှတ်မထင် အကြောင်ပုဂ္ဂိုလ်သည် သတိပဋ္ဌာန်ငါးပါး၊ ဣဒ္ဓိပါဒ်ငါးပါး၊ ဣန္ဒြေခြောက်ပါး၊ ဗိုလ်ခြောက်ပါး၊ ဗောဇ္ဈင်ရှစ်ပါး၊ မဂ္ဂင်ခုနစ်ပါး အစရှိသည်ဖြင့် မြတ်စွာဘုရား မဟောကြားအပ်သည်ကိုလည်း မြတ်စွာဘုရား အဟောပြု၍ ပြပေ၏။

(၂) အကြောင်ပုဂ္ဂိုလ်သည်လည်း မြတ်စွာဘုရား ဟောကြားအပ်သည့် သဘိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးကို မြတ်စွာဘုရား မဟောကြားအပ်ဟူ၍ မတရားသဖြင့် ပြပေ၏။

http://www.dhammadownload.com

ချစ်သားရဟန်းတို့....၊ဤဆိုအပ်ပြီးသော ပဂ္ဂိုလ်နှစ်ပါးသည် ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားကို စွပ်စွဲသော ပဂ္ဂိုလ်တို့မည်ကြပေသည်။

ချစ်သားရဟန်းတို့....၊ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားကို မစွပ်စွဲသော ပဂ္ဂိုလ်တို့သည်လည်း နှစ်မျိုးပင်ရှိကုန်တော့သည်၊ နှစ်မျိုးတို့ ဟူသည်မှာ—

(၁) အကြင်ပဂ္ဂိုလ်သည်လည်း မြတ်စွာဘုရားတို့ မဟောကြားအပ်သည့် သတိပဋ္ဌာန်သုံးပါး သတိပဋ္ဌာန်ငါးပါး သမ္မပ္ပဓာန်သုံးပါး သမ္မပ္ပဓာန်ငါးပါးစသည်ကို မြတ်စွာဘုရားများ မဟောကြားအပ်ဟူ၍ပင် ယထာဘူတ အမှန်ကိုပင် ပြပေ၏။

(၂) အကြင်ပဂ္ဂိုလ်သည်ကား မြတ်စွာဘုရား ဟောကြားအပ်သည့် သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါးစသည်ကို မြတ်စွာဘုရားဟောကြားအပ်သည့်အတိုင်း သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး မဂ္ဂင်ရှစ်ပါးဟူ၍ ယထာဘူတ နေရာကျပင် ပြဆိုပေ၏။

ချစ်သားရဟန်းတို့....၊ဤဆိုအပ်ပြီးသော နှစ်ဦးသော ပဂ္ဂိုလ်တို့သည် ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားကို မစွပ်စွဲသော ပဂ္ဂိုလ်တို့ဖြစ်ပေသည်ဟု ဤတတိယသုတ္တန်ဒေသနာတော်မြတ်ကို ကဏှသုက္က နှစ်ပက္ခထား၍ သမ္မည်မြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

စတုတ္ထနှင့် ပဥ္စမသုတ်

ပု။ ။တတ္ထေဝ အာဝုသော စတုတ္ထပဥ္စမသုတ္တာနိ ဘဂဝတာ ကထံ ဘာသိတာနိ။

ဝိ။ ။တတ္ထေဝ ဘန္တေ စတုတ္ထပဥ္စမသုတ္တာနိ "ဒဋ္ဌမေ ဘိက္ခဝေ တထာဂတံ အဗ္ဘာစိက္ခန္တိ။ ကတမေ ဒ္ဒေ၊ ယော စ နေယျတ္ထံ သုတ္တန္တံ 'နီတတ္ထော

၁။ ကဏှသုက္က-အမည်းနှင့်အဖြူ။ အဆိုးနှင့်အကောင်း နှစ်မျိုးခွဲခြား၍ ဟောကြားသည်။

http://www.dhammadownload.com

သုတ္တန္တေ၁'တိ ဒီပေတိ၊ ယော စ နီတတ္ထံ သုတ္တန္တံ 'နေယျတ္ထော သုတ္တန္တေ၁'တိ ဒီပေတီ"တိ၊ ဧဝမာဒိနာ ဘဂဝတာ ဘာသိတာနိ။

မေး။ ။ထိုဗာလဝဂ်၌ပင်လျှင် စတုတ္ထပဉ္စမသုတ်တွေ့နှင့် တရားဒေသနာတော်တို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဗာလဝဂ်၌ပင်လျှင် စတုတ္ထပဉ္စမဖြစ်သော သုတ်တွေ့နှင့်ဒေသနာတော် နှစ်ရပ်တို့ကို "ဒေ့မေ ဘိက္ခဝေ တထာဂတံ အဿာစိက္ခန္တိ"အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....၊ ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားကို စုပ်စွဲသော ပုဂ္ဂိုလ်တို့သည်ကား နှစ်မျိုးပင် ရှိကုန်သည်၊ နှစ်မျိုးတို့ ဟူသည်မှာ—

(၁) အမှတ်မထင် အကြောင်ပုဂ္ဂိုလ်သည် "ကေပုဂ္ဂလော ဘိက္ခဝေ ဒေ့မေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိ၊ တယော မေဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိ"အစရှိသည်ဖြင့် ငါဘုရား ဟောကြားအပ်သော ပုဂ္ဂလကထာ ပုဂ္ဂိုလ်နှစ်မျိုး ပုဂ္ဂိုလ်သုံးမျိုး ပုဂ္ဂိုလ်လေးမျိုးစသည့် ဝေါဟာရပညတ်အားဖြင့်ရှိသည်ကို ရည်၍ ငါဘုရား ဟောကြားအပ်သောစကားကို နေယျတ္ထသုတ္တန်ဒေသနာပြု၍ ပရမတ္ထအားဖြင့်ကား ပုဂ္ဂိုလ်မရှိဟူ၍ပင် ယူရမည်ဖြစ်ပါလျက် နေယျတ္ထ[1]ဖြစ်သော ဤသုတ္တန်ဒေသနာမျိုးကို နီတတ္ထ[2]တိုက်ရိုက်သိအပ်သော အနက်ရှိသော သုတ္တန်ဟုယူဆပြီးလျှင် "ဒေ့မေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိ" အစရှိသည်ဖြင့် မြတ်စွာဘုရားကိုယ်၌က ပုဂ္ဂိုလ်နှစ်မျိုး ပုဂ္ဂိုလ်သုံးမျိုး ပုဂ္ဂိုလ်လေးမျိုးစသည် ထင်ရှား

၁-နေယျတ္ထ-ဆောင်၍ သိအပ်သောအနက်၊ စကားလုံးဆိုတိုင်း မဟုတ်ဘဲ ဖြည့်စွက်၍ သိအပ်သော သုတ်တော်များ။

၂-နီတတ္ထ-တိုက်ရိုက်သိအပ်သောအနက်၊ဖြည့်စွက်စရာမလိုဘဲ စကားလုံးဆိုတိုင်း တိုက်ရိုက်သိအပ်သော သုတ်တော်များ။

http://www.dhammadownload.com

ရှိကြောင်း ဟောကြားအပ်သောကြောင့် **ပုဂ္ဂိုလ်ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားရှိပေသည်** ဟု ဖောက်ဖောက်ပြန်ပြန် မှားမှားယွင်းယွင်း ပြဆိုသောပုဂ္ဂိုလ်သည်လည်း မြတ်စွာဘုရားကို စွပ်စွဲကဲ့ရဲ့သည် မည်ပေသည်။

(၂) အကြင်ပုဂ္ဂိုလ်သည်ကား နီတတ္ထ တိုက်ရိုက်သိအပ်သော အနက်ရှိသော သုတ္တန်ဒေသနာတော်မြတ်ကို တိုက်ရိုက်သိအပ်သော အနက်ရှိသည့် သုတ္တန်ဒေသနာတော်ဖြစ်သည့် "ရူပံ ဘိက္ခဝေ အနိစ္စံ၊ ရူပံ ဘိက္ခဝေ ဒုက္ခံ၊ရူပါ ဘိက္ခဝေ အနတ္တာ" အစရှိသော သုတ္တန်ဒေသနာတော် များ၌ ရူပ်သည် အနိစ္စသာလျှင် ကောန်၊ ဒုက္ခသာလျှင် ကောန်၊ အနတ္တသာလျှင် ကောန်ဟူ၍ တိုက်ရိုက်ယူဆရမည့် သုတ္တန်ဖြစ်ပါသော်လည်း နီတတ္ထအနေဖြင့် မယူဆဘဲ နေယျတ္ထဆောင်၍ သိအပ်သောအနက် တပါးကို ရှာကြံ၍ ဖောက်ပြန်မှားယွင်းစွာ အချို့သောရုပ်ကား နိစ္စ, အချို့သောရုပ်ကားသုခ, အချို့သောရုပ်ကား အတ္တဟူ၍, သူတပါးတို့အား ဖော်ပြပြောဆိုပေ၏။

ချစ်သားရဟန်းတို့....၊ ဤဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်နှစ်မျိုးသည် ရှေးဘုရားတို့ အတူလာခြင်း ကောင်းတော်မူသော မြတ်စွာဘုရားကို စွပ်စွဲသော ပုဂ္ဂိုလ်တို့ပင် ဖြစ်တော့သည်။

ချစ်သားရဟန်းတို့....၊ မြတ်စွာဘုရားကို မစွပ်စွဲသော ပုဂ္ဂိုလ်တို့သည်လည်း နှစ်မျိုးပင်ရှိကုန်သည်။ နှစ်မျိုးတို့ဟူသည်မှာ—

(၁) ရှေးဆိုအပ်ပြီးသော အတိုင်းဆောင်၍သိအပ် ဆင်သိအပ်သော အနက်ရှိသော ပဋိလကထာအစရှိသော သုတ္တန်ဒေသနာတော်များကို ဤသုတ္တန်ဒေသနာတော်များကား နေယျတ္ထသုတ္တန် ဒေသနာတော်ဖြစ်၍ ဝေါဟာရပညတ်အားဖြင့်သာလျှင် ပုဂ္ဂိုလ်ဟူ၍ မပြောလျှင်မပြီး၍ သဗ္ဗညုမြတ်စွာဘုရား ပုဂ္ဂိုလ်နှစ်မျိုး သုံးမျိုး လေးမျိုး စသည်ရှိကြောင်း ဟောကြားတော်မူအပ်ပါပေသည်၊ **ပရမတ္ထအားဖြင့် သော်ကား ပုဂ္ဂိုလ်ဟူသည် ထင်ရှားမရှိ** ဟု နေယျတ္ထသုတ္တန်ကို နေယျတ္ထအနေအားဖြင့်လည်း ပြပါပေ၏။

http://www.dhammadownload.com

(၂) အကြင်ပုဂ္ဂိုလ်သည်လည်း နီတတ္ထ-တိုက်ရိုက် သိအပ်သော အနက်ရှိသော သုတ္တန်ဖြစ်သည့် "ရူပံ ဘိက္ခဝေ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ" အစရှိသော ဒေသနာတော်များကို နီတတ္ထ-တိုက်ရိုက်သိအပ်သော အနက်ရှိသော သုတ္တန်ဒေသနာတော်များပီပီ ရူပက္ခန္ဓာမှန်သမျှသည် အနိစ္စသာလျှင်တည်း၊ ဒုက္ခချည်းတည်း၊ အနတ္တချည်းတည်း ဟူ၍ နီတတ္ထသုတ္တန်ကို ယထာဘူတနေရာကျ ဖော်ပြပေ၏။

ချစ်သားရဟန်းတို့....ဤဆိုအပ်ပြီးသော နေယျတ္ထသုတ္တန်ကို နေယျတ္ထသုတ္တန် ဟူ၍ ဖော်ပြသော်ပုဂ္ဂိုလ်, နီတတ္ထသုတ္တန်ကို နီတတ္ထသုတ္တန်ဟူ၍ ဖော်ပြပြောဆိုသော်ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ် နှစ်မျိုးတို့သည် ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော သဗ္ဗညုမြတ်စွာဘုရားကို မကဲ့ရဲ့သော်ပုဂ္ဂိုလ်, မစုပ်စဲ့သော ပုဂ္ဂိုလ်များ ဖြစ်ကြသည်ဟု ဤစတုတ္ထပဉ္စမသုတ္တန်ဒေသနာတော် နှစ်ရပ်ကို ကဏ္ဍပက္ခ သုက္ကပက္ခ အစဉ်ထား၍ ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် စိတ်ဖြာခဲ့ခြား ဟောကြားတော်မူအပ်ခဲ့ပါကုန်သည် အရှင်ဘုရား။

စတုတ္ထနှင့်ပဉ္စမသုတ် ပြီး၏

ဗာလဝဂ် ပြီး၏

သမစိတ္ထဝဂ် ပဌမသုတ်

ပု။ ။သမစိတ္ထဝဂ္ဂေ အာဝုသော ပဌမသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။သမစိတ္ထဝဂ္ဂေ ဘန္တေ ပဌမသုတ္တံ "အသပ္ပုရိသဘူမိဥ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ သပ္ပုရိသဘူမိဥ္စ၊ တံ သုဏာထ သာဓုကံ မနသိကရောထ၊ ဘာသိဿာမီ"တိ၊ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။သမစိတ္ထဝဂ်၌ ရှေးဦးစွာသော ပဌမသုတ္တန် တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သမစိတ္ထဝဂ်၌ ရှေးဦးစွာသော သုတ္တန်ဒေသနာတော်မြတ်ကို "အသပ္ပုရိသဘူမိဥ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ သပ္ပုရိသဘူမိဥ္စ၊တံ သုဏာထ သာဓုကံ မနသိကရောထ၊ ဘာသိဿာမိ" အစရှိသည်ဖြင့် —

http://www.dhammadownload.com

ချစ်သားရဟန်းတို့....၊သင်ချစ်သားတို့အား သူတော်မဟုတ် သူယုတ်မာ အသပ္ပုရိသပုဂ္ဂိုလ်တို့ ပေါက်ပွါးရာ ဖြစ်ပွါးရာဖြစ်သော အသပ္ပုရိသဘူမိ အမည်ရသော တရားကိုငင်း၊ သူတော်ကောင်း သပ္ပုရိသပုဂ္ဂိုလ်တို့၏ ဖြစ်ပွါး ပေါ်ပေါက်ရာ သပ္ပုရိသဘူမိ အမည်ရသော တရားရင်းကိုငင်း သင်ချစ်သားတို့ အား ငါဘုရား ဟောကြားမည်၊ အကျယ်အားဖြင့်လည်း ဟောပြမည်၊ ထို ဒေသနာတော်ကို သင်ချစ်သားတို့သည် နာကြားကြကုန်၊ မြဲမြံစွာ နှလုံးသွင်း ကြကုန်၊ အကျယ်အားဖြင့် ငါဘုရား ဟောကြားအံ့ ဟု မိန့်ကြားတော်မူ လတ်ပါသည်။

အသပ္ပုရိသဘူမိ တရားကြီး နှစ်ပါး

ထိုအခါ များစွာသော ရဟန်းတော်တို့က ဧဝံ ဘန္တေ ဘုန်းတော်ကြီး မြတ်တော်မူလှသော မြတ်စွာဘုရား....၊ ကောင်းပါပြီဘုရား ဟု ဝန်ခံလျှောက် ထားသည်ဘုင် သမ္မညုမြတ်စွာဘုရားသည် "ကတမာ စ ဘိက္ခဝေ အသပ္ပုရိသ ဘူမိ၊အသပ္ပုရိသော ဘိက္ခဝေ အကာဘညူ ဟောတိ အကတဝေဒီ" အစရှိသည် ဖြင့် ချစ်သားရဟန်းတို့....၊ သူတော်မဟုတ် သူယုတ်မာတို့၏ ဖြစ်ပွါးပေါ် ပေါက်ရာ အသပ္ပုရိသဘူမိအမည်ရသော တရားဟူသည်ကား အဘယ်တရား ပါနည်း။

(၁) ချစ်သားရဟန်းတို့....၊ သူတော်မဟုတ် သူယုတ်မာဖြစ်သော ပုဂ္ဂိုလ်သည် သူတဖက်သား ပြုစုသော ကျေးဇူးကိုလည်း စိတ်အားဖြင့် မသိတတ်ပေ။

(၂) သူတဖက်သား ပြုစုထားသည့် ကျေးဇူးတရားကိုလည်း ပရိသတ် ဗိုလ်ပုံအလယ်၌ ထင်ရှားစွာလည်း မဖော်ပြ။

ချစ်သားရဟန်းတို့....၊ ဤဆိုအပ်ပြီးသော သူတပါး၏ ကျေးဇူးကို စိတ်ထည်းမှာ မသိခြင်း, ပရိသတ်ဗိုလ်ပုံအလယ်၌ ထင်စွာ မဖော်ပြခြင်း ဟု ဆိုအပ်သော အကတညုတာ, အကတဝေဒီ တရားနှစ်ပါးကို သူတော်မဟုတ် သူယုတ်မာတို့သည် အမြတ်တနိုးထား၍ ပညတ်အပ်သည်၊ အမြတ်တနိုးထား ၍ အသုံးအစဲ့ အသိအမှတ် ပြုအပ်သည်။

ချစ်သားရဟန်းတို့....၊ ဤဆိုအပ်ပြီးသော သူတပါး၏ ကျေးဇူးကို စိတ်ထည်းမှာ မသိခြင်း အကာဘညုတာ၊သူတပါး၏ ကျေးဇူးတရားကို ပရိသတ်

http://www.dhammadownload.com

ဗိုလ်ပုံ အလယ်၌ ထင်စွာမပြခြင်း အကဲတဒေဒိတာ၊ ဤမကောင်းသော တရားနှစ်ပါးသည် အလုံးစုံ ပြည့်စုံစွာသော သူတော်မဟုတ် သူယုတ်မာ အသပ္ပုရိသပုဂ္ဂိုလ်တို့ ဖြစ်ပွါးပေါ် ပေါက်ရာ အသပ္ပုရိသဘူမိတရားကြီး နှစ်ပါး ပေတည်းဟူ၍ငင်း။

သပ္ပုရိသဘူမိ တရားကြီး နှစ်ပါး

ချစ်သားရဟန်းတို့....၊ သူတော်ကောင်း သပ္ပုရိသပုဂ္ဂိုလ်တို့ ဖြစ်ပွါး ပေါ် ပေါက်ရာ သပ္ပုရိသဘူမိအမည်ရသော တရားရင်းကား—

(၁) သူတော်ကောင်းသည် မျက်မြင်အားဖြင့်ပင် သူတဖက်သား ပြုလုပ်ထားသော ကျေးဇူးတရားကိုလည်း စိတ်ထည်းမှလည်း သိတတ် ပေသည်။

(၂) ပရိသတ်ဗိုလ်ပုံ အလယ်၌လည်း ထင်ရှားစွာ ဖော်ပြတတ်ပေ သည်။

ချစ်သားရဟန်းတို့....၊ သူတပါး၏ ကျေးဇူးကို စိတ်ထည်း၌ သိခြင်း ကတညူတာ၊ပရိသတ် ဗိုလ်ပုံအလယ်၌ ထင်ရှားစွာ ဖော်ပြခြင်း ကတဒေဒိတာ၊ ဤတရားနှစ်ပါးအပေါင်းကို ရှေးသူတော်ကောင်း ဗောဓိလောင်းတို့သည် မြတ်သောတရားဟူ၍ ချီးမွမ်းအပ် အသိအမှတ်ပြုအပ်ပေသည်။

ချစ်သားရဟန်းတို့....၊ကတညူတာအမည်ရသော သူတဖက်သားကျေးဇူး တရားကိုသိခြင်း၊ ကတဒေဒိတာအမည်ရသော သူတဖက်သား ကျေးဇူးတရား ကို ပရိသတ် ဗိုလ်ပုံအလယ်၌ ထင်စွာပြုခြင်း၊ ဤတရားနှစ်ပါးသည် အလုံးစုံ သော သူတော်သူမြတ် သပ္ပုရိသပုဂ္ဂိုလ်တို့၏ ဖြစ်ပွါးပေါ် ပေါက်ရာ မူလဘူမိ တရားပေတည်း၊ သပ္ပုရိသဘူမိတရားပေတည်းဟူ၍ သပ္ပုရိသဘူမိတရား အသပ္ပုရိသဘူမိတရား ဤနှစ်ပါးကို ခွဲခြားဖော်ပြရာဖြစ်သော ဤသုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညူ မြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

http://www.dhammadownload.com

ဒုတိယသုတ်

ပု။ ။တတ္ထဝ အာဝုသော ဒုတိယသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထဝ ဘန္တေ ဒုတိယသုတ္တံ "ဒ္ဝိန္နာဟံ ဘိက္ခဝေ န သုပ္ပတိကာရ ဝဒါမိ။ ကတဇမသံ ဒ္ဝိန္နံ၊ မာတု စ ပိတု စာ"တိ၊ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသမစိတ္တဝဂ်၌ပင်လျှင် နှစ်ခုမြောက်ဖြစ်သော ဒုတိယသုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုသမစိတ္တဝဂ်၌ နှစ်ခုမြောက်ဖြစ်သော သုတ္တန်ဒေသနာတော်မြတ်ကို "ဒ္ဝိန္နာဟံ ဘိက္ခဝေ န သုပ္ပတိကာရံ ဝဒါမိ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ ဤလောကဝယ် မိခင် ဘခင် တည်းဟူသော ဤပုဂ္ဂိုလ်နှစ်ဦးဘို့အား ကျေးဇူးဥပကာရ အတွံ့အပြန် ကျေလည်အောင် ပြုလုပ်ဘို့ရန် မလွယ်ကူဟူ၍ ငါဘုရား ဟောကြားသည်။

ပခုံးပေါ် ထား၍ လုပ်ကျွေးသော်လည်း

ချစ်သားရဟန်းတို့....၊ လက်ျာပခုံးပေါ်၌ အမိကိုထား၍ လက်ဝဲပခုံးထက်၌ အဘကို ထားပြီးလျှင် အနှစ်တရာ အသက်ရှည်သော သားသမီးသည် အနှစ်တရာကာလပတ်လုံး ပခုံးထက်မှ မိဘနှစ်ပါးကို မချဘဲ မိမိ၏ပခုံးပေါ်၌ပင်လျှင် မိဘနှစ်ပါးတို့အား အဝတ်အစား ဆင်ယင်၍ပေးခြင်း ရေမိုးချိုးပေးခြင်း ထမင်းအစာတို့ကိုကျွေးမွေးခြင်းအစရှိသည်ဖြင့် ပြုစုစေကာမူ မိခင်ဘခင်တို့သည်လည်း အရပ်တပါးသို့ မသွားဘဲ ထိုသား၏သမီး၏ပခုံးပေါ်မှာသာလျှင် ကျင်ကြီးကျင်ငယ်တို့ကို စွန့်ကြဲကုန်စေကာမူ ဤမျှဖြင့်လည်း မိခင်ဘခင် ကျေးဇူးရှင်တို့အား သားသမီးတို့က ကျေလည်အောင် ကျေးဇူးတုံ့ဆပ်သည် မမည်ပေ။

ချစ်သားရဟန်းတို့....၊ ရတနာခုနစ်ပါးနှင့် ပြည့်သော ဤမြေအဝန်း၌ မိခင်ဘခင်ကျေးဇူးရှင် နှစ်ဦးတို့အား စကြဝဠာတမ်းအဖြစ်၌ပင်လျှင် သားဖြစ်သော ပုဂ္ဂိုလ်တို့က တင်၍ ထားစေကာမူ ဤမျှဖြင့်လည်း မိခင်ဘခင်တို့အား သားသမီးတို့က ကျေးဇူးဥပကာရ အတွံ့အပြန် ကျေလည်အောင်

http://www.dhammadownload.com

ဆပ်သည်ဟူ၍ မဆိုနိုင်၊ ထိုသို့ မဆိုနိုင်ရခြင်းသည် အကြောင်း အဘယ့်ကြောင့်နည်းဟူမူကား—ချစ်သားရဟန်းတို့....၊ မိခင်ဘခင် ကျေးဇူးရှင်တို့သည် သားသမီးတို့၏အပေါ်ဝယ် ကျေးဇူးဥပကာရ များလှပေကုန်၏၊ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကပင် မိမိတို့၏ နှလုံးသွေး အမည်ရှိသော နို့ရည်အေး တိုက်ကျွေးခဲ့ပါပေသည်။

ကျေးဇူးကျေအောင် ဆပ်နည်း

ချစ်သားရဟန်းတို့....၊ အမှတ်မထင် အကြင်သို့သဘောရှိသော ပညာရှိသော သားသမီးသည်ကား မိခင်ဘခင်ကျေးဇူးရှင်တို့ကို သဒ္ဓါတရားမရှိသေးသည်ကို သဒ္ဓါတရားရှိလာအောင်၊ သီလမရှိသေးသော မိခင်ဘခင်တို့ကို သီလရှိအောင်၊ စွန့်ကြဲခြင်း စာဂမရှိသည့် မစ္ဆရိယသမားဖြစ်၍နေသော မခင်ဘခင်တို့ကို စွန့်ကြဲခြင်းတရားနှင့် ပြည့်စုံလာအောင်၊ ပညာမဲ့သော မိခင်ဘခင်တို့ကို ပညာတရားနှင့် ပြည့်စုံလာအောင် ဆောက်တည်စေပါပေ၏၊သွန်းထားပါပေ၏။ ဤသို့ သဒ္ဓါတရားမရှိသော မိဘကို သဒ္ဓါတရားရှိအောင်၊ သီလမရှိသော မိဘကို သီလနှင့်ပြည့်စုံအောင်၊စွန့်ကြဲခြင်း စာဂမဲ့ရှိသော မိဘကို စာဂတရားနှင့် ပြည့်စုံအောင်၊ ပညာမရှိသောမိဘကို ပညာတရားနှင့် ပြည့်စုံအောင် ဆောက်တည်စေသော သားသမီးသည်သာလျှင် မိခင်ဘခင်ကျေးဇူးရှင်တို့အား ကျေးဇူးကို ကျေလည်အောင် တုံ့ဆပ်သည် မည်ပေသည်ဟု မိခင်ဘခင်ကျေးဇူးရှင်တို့အား ကျေးဇူးဆပ်ပုံကို ထင်စွာဖော်ပြရာဖြစ်သော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သမ္မည်မြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဒုတိယသုတ် ပြီး၏

သမစိတ္တသုတ်

ပု။ ။တတ္ထဝ အာဝုသော ပဋမံ သမစိတ္တသုတ္တံ ကတ္ထ ကဿ ကေန ကထဋ္ဌ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလာနံ ဘိက္ခူနံ "အဇ္ဈတ္တသံယောဇနဋ္ဌ အာဝုသော ပုဂ္ဂလံ ဒေသေဿာမိ ဗဟိဒ္ဓါသံယောဇနဋ္ဌ၊ တံသုဏာထ

http://www.dhammadownload.com

သာဓုကံ မနသိကရောထာ”တိ၊ ဧဝမာဒိနာ ဘန္တေ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။

မေး။ ။ထိုသမစိတ္တဝင်္ဂပင်လျှင် ငါးခုမြောက်ဖြစ်သော သမစိတ္တ သုတ္တန်မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်မည်သော ပုဂ္ဂိုလ်အား အဘယ်မည်သောပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုသမစိတ္တဝင်္ဂ၌ ငါးခုမြောက် သမစိတ္တအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းအရပ်၌ တရားစစ်မှူးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည် များစွာသော ရဟန်းတော်ဘို့အား ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် နေတော်မူလတ်သောအခါ အရှင်သာရိပုတ္တရာမထေရ်သူမြတ်သည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေတော်မူဆဲရှိလတ်ပါသည်။

အရှင်သာရိပုတ္တရာ၏ သာဝကသန္နိပါတ

ထိုနေ့အဘို့ရာ ရှင်သာရိပုတ္တရာ၏ သာဝကသန္နိပါတ ဖြစ်သဖြင့် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ရှင်အာနန္ဒာ ရှင်မဟာကဿပ အစရှိသော မဟာသာဝကကြီးတို့ကိုငင်း အနာထပိဏ် ဝိသာခါအစရှိသော ဥပါသကာ ဥပါသိကာအပေါင်းတို့ကိုငင်း ရှင်သာရိပုတ္တရာ သီတင်းသုံးရာ ပုဗ္ဗာရုံကျောင်းသို့ သွားဘို့ရန် ခွင့်ပြုတော်မူခဲ့ပါသည်၊ အချိန်အားဖြင့် ညနေချမ်းအချိန်ဖြစ်ပါသည်၊ ထိုအခါ၌ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားကိုယ်တော်မြတ် တဆူတည်းသာ ကျန်ရစ်တော်မူပါသည်။

ပုဗ္ဗာရုံကျောင်း၌ကား သာဝတ္ထိပြည်နှင့်တကွ သာဝတ္ထိပြည်၏ ပတ်ဝန်းကျင် တယူဇနာအတွင်းဝယ်ရှိသော ဥပါသကာ ဥပါသိကာအပေါင်းတို့သည်ငင်း စကြဝဠာတိုက်တသောင်းမှ များစွာသော နတ် ဗြဟ္မာအပေါင်းဘို့သည်ငင်း ပုဗ္ဗာရုံ ကျောင်းအရပ်၌ စည်းဝေးမိကြပါသည်၊ များစွာသော နတ် ဗြဟ္မာတို့သည် ပုဗ္ဗာရုံ ပရိဝုဏ်မှသည် စကြဝဠာတိုက်နားခမ်းရေးတိုင်အောင် တန်ခိုး အကြီးအငယ်ကို လိုက်၍ သားမြီးဖျား

http://www.dhammadownload.com

ထောက်လောက်ရုံသောအရပ်၌ တကျိပ်ငင်း နှစ်ကျိပ်ငင်း သုံးကျိပ် လေးကျိပ် ငါးကျိပ် ခြောက်ကျိပ်ငင်း စုဝေး၍ တည်နေကြပါသည်။

သို့ ပရိသတ်စုံညီသောအခါ ညနေချမ်းအချိန်၌ ရှင်သာရိပုတ္တရာမထေရ် သူမြတ်သည် ပရိသတ် အဦးဖြစ်သော များစွာသော ရဟန်းတို့ကို ခေါ်တော်မူ၍ "အဏ္ဏတ္တသံယောဇနဉ္စ အာဝုသော ပုဂ္ဂလံ ဒေသေဿာမိ ဗဟိဒ္ဓါသံယောဇနဉ္စ" အစရှိသည်ဖြင့်—

"ငါ့ရှင်တို့....(၁)ဤကာမဘုံသို့ ဆွဲဆောင်တတ်သည့် အဏ္ဏတ္တသံယောဇဉ် ရှိသော ပုဂ္ဂိုလ်ကိုငင်း၊

(၂) ရူပ အရူပဘုံသို့ ဆွဲဆောင်တတ်သည့် ဗဟိဒ္ဓါသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ကိုငင်း ငါ့ရှင်တို့အား စိတ်ဖြာခွဲခြား ဟောကြားပါတော့မည်ဟု တရားဦး ချီတော်မူလတ်ပါသည်။

ထိုအခါ များစွာသော ရဟန်းတော်တို့က "ဧဝမာဝုသော"ကောင်းပါပြီ ငါ့ရှင်ဟု ပဋိညာဉ် ဝန်ခံမှု ပြုလတ်ပါသည်။

အဏ္ဏတ္တသံယောဇဉ်ရှိသော ပုဂ္ဂိုလ်

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သူမြတ်က "ကတမော စာဝုသော အဏ္ဏတ္တသံယောဇနော ပုဂ္ဂလော" အစရှိသည်ဖြင့်—

ငါ့ရှင်တို့....၊ ကာမဘုံသို့ ဆွဲဆောင်တတ်သော အဏ္ဏတ္တသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်ပုဂ္ဂိုလ်မျိုးနည်းဟူမူကား—ငါ့ရှင်တို့....၊ ဤသာသနာတော်၌ သောတာပန် ဖြစ်သောရဟန်း, သကဒါဂါမ်ဖြစ်သော ရဟန်းသည် အရိယာတို့၏ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံပေသည်၊ သမထတရား သမာဓိကမ္မိကပုဂ္ဂိုလ်မဟုတ်သည့်အတွက် စျာန်သမာပတ်ကို ကား မရဘဲရှိပါသည်၊ ထိုပုဂ္ဂိုလ်သည် ဓာတုမနသိကာရ ဓာတ်တရား၌ နှလုံးသွင်းခြင်းဖြင့် ဝိပဿနာသက်သက်ကိုသာလျှင် ပွါးများအားထုတ်၍ စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် ကာမဘဝစရနတ်ပြည် ခြောက်ထပ်တို့တွင် တရပ်ရပ်သို့ ပဋိသန္ဓေ ကပ်ရောက်၍ နေပါသည်၊ ဤသို့ သဘောရှိသော သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်မျိုးကိုကား ဤကာမဘုံ ဤလူ့ဘုံသို့ တဖန်ပြန်၍ လာရောက်တတ်သည့် အဏ္ဏတ္တသံယောဇဉ် ရှိသော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရသည်။

http://www.dhammadownload.com

ဗဟိဒ္ဓါသံယောဇဉ်ရှိသော ပုဂ္ဂိုလ်

ငါ့ရှင်တို့....၊ ရူပ အရူပဘုံသို့ ဆွဲဆောင်တတ်သည့် ဗဟိဒ္ဓါသံယောဇဉ် ရှိသော ပုဂ္ဂိုလ်မျိုး ဟူသည်မှာ အဘယ်ပုဂ္ဂိုလ်မျိုးနည်း၊ ဤသာသနာတော်၌ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်သော ရဟန်းတော် အရှင်သူမြတ်သည် အရိယာတို့ ချီးမွမ်းအပ်သော အရိယာသီလ ပါတိမောက္ခသံဝရသီလနှင့်လည်း ပြည့်စုံပါပေ၏၊ မွန်မြတ်သော စတုတ္ထစျာန်သမာပတ်နှင့်လည်း ပြည့်စုံပါပေ၏၊ ထိုပုဂ္ဂိုလ်သည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် အဝိဟာ အစရှိသော သုဒ္ဓါဝါသငါးဘုံ၌ အနာဂါမ် ပုဂ္ဂိုလ်သည်သာ ကပ်ရောက်ရပါတော့သည်။ သောတာပန်, သကဒါဂါမ် စျာန်ရပုဂ္ဂိုလ်တို့သည်ကား အောက်ဖြစ်သော ရူပါဝစရပြဟ္မာ့ဘုံသို့ ကပ်ရောက်ကြရပါတော့သည်၊ ဤသို့ ရူပပြဟ္မာ့ဘုံသို့ ကပ်ရောက်ကြသော သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တို့ကို ဤကာမဘုံမှ အပြင်ဘက်ဖြစ်သော ရူပဘုံ၌ ဆွဲဆောင်တတ်သော ဗဟိဒ္ဓါသံယောဇဉ်ရှိသော ပုဂ္ဂိုလ်တို့ ဟူ၍ပင် ခေါ်ဆိုရပါသည်။

ငါ့ရှင်တို့....၊ထိုမှတပါး ဤသာသနာတော်၌ အခြို့သော သောတာပန်, သကဒါဂါမ်,အနာဂါမ် အရိယာပုဂ္ဂိုလ်သူမြတ်သည် အရိယာတို့၏ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံပါပေ၏၊ ထိုအရိယာသခင် အရှင်သူမြတ်သည် သောတာပန်, သကဒါဂါမ်ဖြစ်သော ပုဂ္ဂိုလ်တို့သည်ကား ကာမရာဂကို ပယ်ဘို့ရန်၊ အနာဂါမ်ဖြစ်သော ပုဂ္ဂိုလ်သည်ကား ဘဝရာဂကိုပယ်ဘို့ရန်၊ သောတာပန်, သကဒါဂါမ် ဖြစ်သောပုဂ္ဂိုလ်တို့သည်ကား ကာမဘဝကိုပယ်ဘို့ရန်၊ အနာဂါမ် ပုဂ္ဂိုလ်သည်ကား ရူပဘဝ အရူပဘဝကို ပယ်ဘို့ရန်၊ သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်သည်ကား ပဥ္စဂုဏိက ကာမရာဂကို ပယ်၍ အနာဂါမိမဂ်သို့ ရောက်ဘို့ရန်၊ အနာဂါမ်ဖြစ်သော အရိယာပုဂ္ဂိုလ်သည်ကား ဘဝရာဂကို ပယ်၍ အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ရောက်ဘို့ရန် ဝိပဿနာတရား ပွါးများကြီးကုတ် အားထုတ်ပါပေသည်၊ ထိုပုဂ္ဂိုလ်သည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် ရူပ အရူပ ပြဟ္မာ့ဘုံ၌ ပဋိသန္ဓေ ကပ်ရောက်၍ နေပါတော့သည်၊ ဤပုဂ္ဂိုလ်များကိုသည်း ဗဟိဒ္ဓါသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟူ၍ပင် ခေါ်ဆိုအပ်ပါသည်ဟု ဤသုတ္တန်ဒေသနာတော်မြတ် ဤသံယောဇနပဟာနပရိယာယ အမည်ရသော တရားဒေသနာတော်မြတ်ကို တရားစစ်မှူးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့်

http://www.dhammadownload.com

များစွာသော ရဟန်းတော်တို့အား စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဘုရားရှင် ဩဝါဒပေးတော်မူခြင်း

ပု။ ။ကထဉ္စ အာဝုသော တထာ ဘဂဝါ ဩဝါဒံ အဒါသိ။

ဝိ။ ။တထာ ဘန္တေ ဘဂဝါ "တသ္မာတိဟ သာရိပုတ္တ ဧဝံ သိက္ခိတဗ္ဗံ 'သန္တိန္ဒြိ-ယာ ဘဝိဿာမ သန္တမာနသာ'တိ။ ဧဝံ ဟိ ဝေါ သာရိပုတ္တ သိက္ခိ-တဗ္ဗ"န္တိ ဧဝမာဒိနာ ဩဝါဒမဒါသိ။

မေး။ ။ထိုသမစိတ္တသုတ္တန်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အဆုံးအမ ဩဝါဒကို ပေးသနားတော်မူပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုသမစိတ္တသုတ္တန် ဒေသနာတော်မြတ်၌ လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် တရားစစ်မှုးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ် သံယောဇနပဟာနဓမ္မဒေသနာကို ဟောကြားပြီးသည်၏ အဆုံး၌ ကုဋ္ဌေတသိန်းသော နတ်ပြဟ္မာတို့သည် အရဟတ္တဖိုလ်ပေါက် ရောက်တော်မူကြပါကုန်သည်၊ သောတာပန် သကဒါဂါမ် အနာဂါမ် ဖြစ်ကြသော နတ်လူပြဟ္မာ သတ္တဝါတို့သည်ကား အပိုင်းအခြားမရှိ ဖြစ်ပါတော့သည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရား ဤပရိသတ်အတွင်းသို့ ကြွရောက်တော်မူလာဘို့ရန် တူညီသော စိတ်ရှိကြသဖြင့် သမစိတ္တအမည်ရသော၊ တနည်းအားဖြင့် သမာပတ်၏အစုမ်းကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားဘို့ရန် တိုက်တွန်းတောင်းပန်လိုစိတ် တူညီသော စိတ်ရှိကြသဖြင့် သမစိတ္တအမည်ရသော၊ တနည်းအားဖြင့် ဤတရားဒေသနာတော်မြတ်ကို ဗုဒ္ဓဘာသိတဖြစ်စေဘို့ရန် တူညီသောစိတ်ရှိကြသော များစွာသော သမစိတ္တအမည်ရသော နတ်ပြဟ္မာအပေါင်းတို့သည် သဗ္ဗညုမြတ်စွာဘုရားထံမှောက် သွားရောက်ပြီးလျှင်—

"ဧသော ဘန္တေ အာယသ္မာ သာရိပုတ္တော ပုဗ္ဗာရာမေ မိဂါရမာတုပါသာဒေ ဘိက္ခူနံ အဇ္ဈတ္တသံယောဇနဉ္စ ပဂ္ဂလံ ဒေသေတိ ဗဟိဒ္ဓါ သံယောဇနဉ္စ"
အစရှိသည်ဖြင့်—

http://www.dhammadownload.com

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တရားစစ်မှူး ဖြစ်တော်မူသော ထိုအရှင်သာရိပုတ္တရာမထေရ်သူမြတ်သည် ပုဗ္ဗာရုံကျောင်း မိဂါရမာတုပြာသာဒ်၌ များစွာသော ရဟန်းတော်အပေါင်းအား အဇ္ဈတ္တ သံယောဇဉ်ရှိသောပုဂ္ဂိုလ် ဗဟိဒ္ဓါသံယောဇဉ်ရှိသောပုဂ္ဂိုလ်ကို ဟောကြား၍ နေတော်မူပါသည်၊ ပရိသတ်လည်း များစွာပင် ကောင်းချီးနုမော် သာဓုခေါ်၍ နှစ်လိုရွှင်လန်း ဝမ်းမြောက်လျက်ရှိပါသည်။

သာဓု ဘန္တေ ဘဂဝါ ယေန အာယသ္မာ သာရိပုတ္တော တေနုပသင်္ကမတု အနုကမ္ပံ ဥပါဒါယ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊တပည့်တော်များ ဝပ်တွားတောင်းပန် လျှောက်ထားလိုပါသည်၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ ရှိတော်မူရာအရပ်သို့ ကရှဏာရှေးရှူ ကြွရောက်တော်မူပါဘုရားဟု လျှောက်ထားတောင်းပန်ခဲ့ကြပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ကွေးသောလက်ကို ဆန့်သောယောက်ျား ဆန့်သောလက်ကို ကွေးသောယောက်ျားကဲ့သို့ ခဏအတွင်းမှာပင် ဇေတဝန်ကျောင်းတော်၌ ကွယ်ခဲ့၍ ပုဗ္ဗာရုံကျောင်း မိဂါရမာတုပြာသာဒ်အတွင်း ရှင်သာရိပုတ္တရာ၏ မျက်မှောက်ဝယ် ထင်ရှားပေါ်ပေါက်တော်မူခဲ့ပါပေသည်၊ ခင်းထားအပ်သောနေရာ၌ သဗ္ဗညုမြတ်စွာဘုရား ထိုင်နေတော်မူပါသည်၊ ရှင်သာရိပုတ္တရာသည်လည်း မြတ်စွာဘုရားကို ဝပ်တွားရိုကျိုး ရှိခိုးပြီးလျှင် အပြစ်ခြောက်ပါးလွတ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ကိုယ်တော်မြတ်ထံမှောက်သို့ သမစိတ္တအမည်ရသော များစွာသော နတ်ဗြဟ္မာတို့ လာရောက်၍ တောင်းပန်လျှောက်ထားကြောင်း မိန့်ကြားတော်မူပြီးလျှင်—

တာ ခေါ ပန သာရိပုတ္တ ဒေဝတာ ဒသပိ ဟုတွာ ဝီသမ္ပိ ဟုတွာ တိံသမ္ပိ ဟုတွာ စတ္တာလီသမ္ပိ ဟုတွာ ပညာသမ္ပိ ဟုတွာ သင္ဌိပိ ဟုတွာ အာရဂ္ဂကောဋ္ဌိနိတုဒနမတ္တေပိ တိဋ္ဌန္တိ၊ န စ အညမညံ ဗျာဗာဓေန္တိ-အစရှိသည်ဖြင့်—

http://www.dhammadownload.com

ချစ်သားသာရိပုတ္တရာ....၊ သို့စင်ကလောက် စကြာဝဠာတိုက်တသောင်းမှ ဤစကြာဝဠာတခုတည်းဝယ် စုပေါင်း၍ တရားနာ လာရောက်ကြကုန်သော များစွာသော နတ်ပြဟ္မာအပေါင်းတို့သည် မိမိတို့၏ ငြိမ်သက်သော သိမ်မွေ့သော သမာဓိအစွမ်းဖြင့် သားမြီးဖျားတခု ချလောက်ရုံသော အပ်ဖျားတခု ချလောက်ရုံသော စူးဖျားတခု ထောက်လောက်ရုံသော အရပ်တရပ်တရပ်မှာပင်လျှင် တကျိပ်စီသော်၎င်း နှစ်ကျိပ်စီသော်၎င်း သုံးကျိပ်စီသော်၎င်း လေးကျိပ်စီသော်၎င်း ငါးကျိပ်စီသော်၎င်း ခြောက်ကျိပ်စီသော်၎င်း စုပေါင်း၍ တည်နေကြပါပေကုန်၏၊ ဤမျှ ကျဉ်းလှစွာသော အရပ်ဒေသ၌ တကျိပ် နှစ်ကျိပ် ။ပ။ခြောက်ကျိပ်စုပေါင်း၍ တည်နေရသော်လည်း တဦးနှင့် တဦး အချင်းချင်းထိပါးခြင်း မရှိကြကုန်။

ချစ်သားသာရိပုတ္တရာ....၊ သင်ချစ်သား၏ စိတ်ဝယ် ဤဆိုအပ်ပြီးသော နတ်ပြဟ္မာ အပေါင်းတို့သည် အခြား သာသနာ၌ စိတ္တဘာဝနာကို ပွါးကြလိမ့်မည်ဟု သင်ချစ်သား မှတ်ယူလျှင် မှတ်ယူပေလိမ့်မည်။

ချစ်သားသာရိပုတ္တရာ....၊ ဤသို့ မမှတ်အပ်ပေ၊ စင်စစ်သော်ကား ဤမျှများစွာသော နတ်ပြဟ္မာ အပေါင်းတို့သည်ဤလူ့ပြည်၌ပင်ဤငါဘုရား သာသနာတော်၌ ဤမျှသိမ်မွေ့သောအတ္တဘောကို ဖန်ဆင်းနိုင်လောက်အောင် စိတ္တသမာဓိဘာဝနာကို ပွါးများခဲ့ကြသည်၊ ပွါးများခဲ့ကြသော ထိုစိတ်ဖြင့်ပင်လျှင် ထိုနတ်ပြဟ္မာ အပေါင်းတို့သည် သားမြီးဖျားတခု ထောက်လောက်ရုံသော အရပ်၊ စူးဖျားတခု ထောက်လောက်ရုံသော အရပ်၌လည်း တန်ခိုးအခြိန်အဝါသို့လိုက်၍ တကျိပ်သော်၎င်း ။ပ။ ခြောက်ကျိပ်သော်၎င်း စုပေါင်း၍ တည်နေကြပေသည်၊ အချင်းချင်း တဦးနှင့် တဦးလည်း ထိပါးခြင်း မရှိကြပေ။

တသ္မာတိဟ သာရိပုတ္တ ဧဝံ သိက္ခိတဗ္ဗံ သန္တိန္ဒြိယာ ဘဝိဿာမ သန္တမာနသာ။

သို့ရကား ချစ်သားသာရိပုတ္တရာ....၊ သင်ချစ်သားတို့သည် ငါတို့သည်ကား ငြိမ်သက်သော စက္ခုအစရှိသော ဣန္ဒြေ ငြိမ်သက်သော စိတ်နှလုံး နှင့်

http://www.dhammadownload.com

ပြည့်စုံသူဘို့ ဖြစ်ကြကုန်အံ့၊ ဤသို့ သင်ချစ်သားတို့ နှလုံးသွင်း၍ သိက္ခာသုံးပါး တရားကို ပွါးများကြိုးကုတ် အားထုတ်ရာသည်။

ချစ်သားသာရိပုတ္တရာ....ငြိမ်သက်သော ဣန္ဒြေရှိကြ၍ ငြိမ်သက်သော စိတ်နှလုံးရှိကြပြီး နေကြသော သင်ချစ်သားတို့၏ အလုံးစုံသော ကာယကံမှ သည်လည်း ငြိမ်သက်စွာပင် ဖြစ်လိမ့်မည်၊ အလုံးစုံသော ဝစီကံမှသည်လည်း ငြိမ်သက်စွာပင် ဖြစ်လိမ့်မည်၊ အလုံးစုံသော မနောကံသည်လည်း ငြိမ်သက်သော မနောကံအမှု အစုသာလျှင် ဖြစ်လိမ့်မည်။

သို့ရကား ချစ်သားသာရိပုတ္တရာ....ငါတို့သည် အချင်းချင်း ကာယကံမှုကို ပြုဆောင်သောအရာ၊ ဝစီကံအမှု ကို ပြောဆိုသောအရာ သီတင်းသုံးဖော်သဟာယတော်တို့ အပေါ်၌ ငြိမ်သက်သော ဆောင်ခြင်းကိုသာလျှင် ဆောင်ကြကုန်အံ့ဟူ၍ သင်ချစ်သားတို့သည် ကျင့်ကြံကြိုးကုတ် အားထုတ်ရမည်ဟု ထိုသမစိတ္တသုတ္တန်ဒေသနာတော်မြတ်၌ လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရားသည် အဆုံးအမသြဝါဒစကား ကရုဏာရွှေထား ပေးသနားတော်မူခဲ့ပါသည် အရှင်ဘုရား။

သမစိတ္တသုတ် ပြီး၏

သမစိတ္တဝဂ် ပြီးပြီ

http://www.dhammadownload.com

ပရိသဝဂ်

ဥတ္တာနသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အဂ်ုတ္တရနိကာယေ ဒုကနိပါတေ ပရိသဝဂ္ဂေ ပဌမံ ဥတ္တာနသုတ္တံ ကထံ ဘာသိတံ။

ဝိ။ ။ပဌမံ ဘန္တေ ဥတ္တာနသုတ္တံ "ဒ္ဝေမာ သိက္ခဝေ ပရိသာ၊ ကတမာ ဒ္ဝေ၊ ဥတ္တာနာ စ ပရိသာ ဂမ္ဘီရာစ ပရိသာ၊ ကတမာ စ ဘိက္ခဝေ ဥတ္တာနာ ပရိသာ၊ ဣဓ ဘိက္ခဝေ ယာသံ ပရိသာယံ ဘိက္ခူ။ ဥဒ္ဓတာ ဟောန္တိ ဥန္နဠာ စပလာ မုခရာ ဝိကိဏ္ဏဝါစာ မဋ္ဌဿတီ အသမာဟိတာ ဝိဗ္ဘန္တစိတ္တာ ပါကတိန္ဒြိယာ။ အယံ ဝုစ္စတိ ဘိက္ခဝေ ဥတ္တာနာ ပရိသာ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုသဗ္ဗညုမြတ်စွာဘုရားသခင်သည် အဂ်ုတ္တရနိကာယ် ဒုကနိပါတ် ပရိသဝဂ်၌ ရှေးဦးပဌမဖြစ်သော ဥတ္တာနသုတ်ဟု ခေါ်ဆိုအပ်သော တရားဒေသနာတော်ကို အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပရိသဝဂ် အဝင်အပါ ရှေးဦးစွာ ဥတ္တာနသုတ်မည်သော ဒေသနာတော်မြတ်ကို"ဒ္ဝေမာ ဘိက္ခဝေ ပရိသာ ကတမာ ဒ္ဝေ၊ ဥတ္တာနာ စ ပရိသာ ဂမ္ဘီရာ စ ပရိသာ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ ပရိသတ် အစုအဝေးသည် နှစ်မျိုးနှစ်စားပင်ရှိသည်၊ နှစ်မျိုး နှစ်စားဘို့ဟူသည်မှာ ပေါ်လွင်သော တိမ်သော ပရိသတ် အမျိုးအစားသည်တပါး၊ နက်နဲသော ဂမ္ဘီရပရိသတ် အမျိုးအစားသည်တပါး၊ ဤသို့ နှစ်ပါး ဖြစ်ပေသည်။

တိမ်သော ပရိသတ်

အဘယ်သို့သော ပရိသတ်သည် ပေါ်လွင်သော တိမ်သော ဥတ္တာန ပရိသတ်မည်သနည်း။

ချစ်သားရဟန်းတို့....၊ အကြင်ပရိသတ် အစုအဝေး၌ ရဟန်းတော်တို့သည် ဥဒ္ဓစ္စပြောများကြပေကုန်၏၊ တက်ကြွသော မာန်မာန ပြောများကြ

http://www.dhammadownload.com

ပေကုန်၏၊ နှုတ်ကြမ်းကြပေကုန်၏၊ဖရိုဖရဲ ကြဲကြသောစကားရှိကြပေကုန်၏၊ တည်လည်း မတည်ကြည်ကြကုန်၊ လွတ်ကင်းသော သတိလည်း ရှိကြပေကုန်၏၊ သမ္မဇညတရားလည်း လက်လွှတ်၍ နေကြပေကုန်၏၊ မျောက်ကဲ့သို့ လျှပ်ပေါ် တလျှပ်လျှပ် တလှုပ်လှုပ် လှုပ်သော စိတ်နှလုံးလည်း ရှိကြပေကုန်၏၊ ပေါ်လွင်သော မစောင့်စည်းသော စက္ခုအစရှိသော ဣန္ဒြေလည်း ရှိကြပေကုန်၏၊ချစ်သားတို့....၎ကျွန်ုပ်အပ်ပြီးသော ဥဒ္ဒစ္စပေါမျှားသော ရဟန်းစသည် စည်းဝေးသောပရိသတ်သည် ပေါ်လွင်သော တိမ်သော ဥတ္တာန ပရိသတ် မည်တော့သည်။

နက်သော ပရိသတ်

ချစ်သားရဟန်းတို့....၊အဘယ်ပရိသတ်မျိုးသည် လေးနက်သော ဂမ္ဘီရ ပရိသတ်မျိုး ဖြစ်ပါသနည်းဟူမူကား–ဤလောကဌ အကြင်ပရိသတ် အစည်းအဝေးဝယ် ရဟန်းတော်တို့သည် ဥဒ္ဒစ္စလည်း မပြောမျှားကြကုန်၊ မာန်မာန လည်း မထူပြောကြကုန်၊ သပိတ်သင်္ကန်းကို တန်းဆာဆင်ခြင်း အစရှိသော လျှပ်ပေါ် လော်လည်မှုမှုလည်း ကင်းကြပေကုန်၏၊နှုတ်လည်း မကြမ်းကြကုန်၊ ဖရိုဖရဲကြဲသော စကားကိုလည်း မပြောဆိုကြကုန်၊ ထင်သော သတိလည်း ရှိကြပေကုန်၏၊ သတိသမ္မဇညတရားနှင့်လည်း ပြည့်စုံကြပေကုန်၏၊ တခုသော အာရုံ၌ တည်ကြည်သော စိတ်နှလုံးလည်း ရှိကြကုန်၏၊ ဥပစာရသမာဓိ အပ္ပနာသမာဓိနှစ်ပါးနှင့်လည်း ပြည့်စုံကြပေကုန်၏၊ လက်ခြေအစရှိသော ကာယဣန္ဒြေ, စက္ခုအစရှိသော ဣန္ဒြေတို့ကိုလည်း စောင့်စည်းတော်မူကြပေကုန်၏။ ချစ်သားတို့....၎ကျွှန်ုပ် သဘောရှိသော ပရိသတ်အစည်းအဝေးမျိုးကို ဂမ္ဘီရပရိသတ် သေးနက်သော နက်နဲသောပရိသတ်ဟူ၍ ခေါ်ဆိုအပ်တော့သည်။

နက်သောပရိသတ်က မြတ်သည်

ဇေတဒဂ္ဂံ ဘိက္ခဝေ ဣမာသံ ဒ္ဝိန္နံ ပရိသာနံ ယဒိဒံ ဂမ္ဘီရာ ပရိသာ။

ချစ်သားရဟန်းတို့....၎ကျွှန်ုပ်အပ်ပြီးသော ပရိသတ်နှစ်မျိုးနှစ်စားတို့တွင် နက်နဲသော ဂမ္ဘီရပရိသတ်သည် လွန်မြတ်လှပါပေသည်ဟု ဤရှေးဦးစွာသော ဥတ္တာန အမည်ရသော ဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါး

http://www.dhammadownload.com

ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် စိတ်ဖြာခွဲခြား ဟောကြား တော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဥတ္တာနသုတ် ပြီး၏

အနဂ္ဂဝတီသုတ်

ပု။ ။တတ္ထဝေ အာဝုသော တတိယံ အနဂ္ဂဝတီသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထဝေ ဘန္တေ တတိယံ အနဂ္ဂဝတီသုတ္တံ "ဒ္ဒမာ ဘိက္ခဝေ ပရိသာ။ ကတမာ ဒ္ဒေ၊ အနဂ္ဂဝတီ စ ပရိသာ အဂ္ဂဝတီ စ ပရိသာ။ ကတမာ စ ဘိက္ခဝေ အနဂ္ဂဝတီ ပရိသာ၊ ဣဓ ဘိက္ခဝေ ယဿံ ပရိသာယံ ထေရာ ဘိက္ခူ ဗာဟုလိကာ ဟောန္တိ သာထလိကာ၊ သြက္ကမနေ ပုဗ္ဗင်္ဂမာ၊ ပဝိဝေကေ နိက္ခိတ္တဓုရာ၊ န ဝီရိယံ အာရဘန္တိ အပ္ပတ္တဿ ပတ္တိယာ အနဓိဂတဿ အဓိဂမာယ အသစ္ဆိကတဿ သစ္ဆိကိရိယာယာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုပရိသဝဂ်၌ပင်လျှင် တတိယ သုံးခုမြောက် ဖြစ်သော အနဂ္ဂဝတီသုတ်ဟု ခေါ် ဆိုအပ်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထို ပရိသဝဂ်၌ပင်လျှင် သုံးခုမြောက်ဖြစ်သော အနဂ္ဂဝတီ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို ဒ္ဒမာ ဘိက္ခဝေ ပရိသာ။ ကတမာ ဒ္ဒေ၊ အနဂ္ဂဝတီ စ ပရိသာ အဂ္ဂဝတီ စ ပရိသာ အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....ပရိသတ်အစုအဝေးသည် နှစ်မျိုး နှစ်စား ဖြစ်ပေသည်၊ နှစ်မျိုး နှစ်စားဘို့ဟူသည်မှာ မြတ်သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့ ပါဝင်သည့် အဂ္ဂဝတီပရိသတ်တမျိုး၊ မြတ်သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့ မပါဝင်သည့် အနဂ္ဂဝတီပရိသတ်တမျိုး၊ ဤသို့လျှင် နှစ်မျိုး နှစ်စား ရှိပေသည်။

http://www.dhammadownload.com

အနဂ္ဂဝတီ ပရိသတ်

ချစ်သားရဟန်းတို့....၊မြတ်သော ပဂ္ဂါလ်တို့ မပါ မရှိသော အနဂ္ဂဝတီ ပရိသတ်မျိုးဟူသည် အဘယ်ကဲ့သို့ နည်းဟူမူကား—ချစ်သားတို့....၊ လောကဥ္စ ဤသာသနာတော်ဝယ် အကြင်ပရိသတ် အစည်းအဝေးဌ မထေရ်ကြီး ဖြစ်ကြကုန်သော ရဟန်းတော်တို့သည် ပစ္စည်းလေးပါးပေါများဘို့ရန် ကြိုးစား ဂရုစိုက်၍ အားထုတ်ကြပေကုန်၏၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါးတို့ကို ရောင့်ရဲစွာ အားထုတ်ဆောက်တည်ကြပေကုန်သည်၊ ဩကွက္ကမနအမည်ရသော အောက်သို့ သက်ဆင်းစေတတ်သည့် နီဝရဏတရားတို့ဌ်သာလျှင် ရှေ့သွားပြုကြပေကုန်၏၊ ကာယဝိဝေက စိတ္တဝိဝေက ဥပဓိဝိဝေကတည်းဟူသော ဝိဝေကသုံးပါး တရားတော်မြတ်ဌ် စွန့်ပစ်အပ်သော ပယ်ရှားအပ်သော လုံလဝိရိယရှိကြပေကုန်၏၊ သို့လုံလဝိရိယကို ပယ်ရှားပြီးဖြစ်သည့်အတိုင်း မရောက်သေး မရသေး မျက်မှောက်မပြုရသေးသော မင်္ဂဖိုလ်နိဗ္ဗာန်တရားတို့ကို ရောက်ဘို့ရန် ရဘို့ရန် မျက်မှောက်ပြုဘို့ရန် ကာယိကဝိရိယ စေတသိက ဝိရိယတို့ကိုလည်း အားမထုတ်ဘဲ ရှိ၏၊ ထိုသို့ သဘောရှိသော မထေရ်ကြီးတို့၏ နောက်သို့က် နောက်ပါဖြစ်သော သဒ္ဓါဝိဟာရိကတပည့် အန္တေဝါသိကတပည့် အပေါင်းသည်လည်း ထိုဆရာဖြစ်သော မထေရ်ကြီးတို့၏ ပြုအပ်သော အကျင့်ကို မြင်သည်ကို အတုလိုက်သောအားဖြင့် (ဒိဋ္ဌာနုဂတိသို့လိုက်၍) ကျင့်ကြကုန်တော့သည်။

တပည့်တို့လည်း ဆရာနည်းတူ

တပည့်ဖြစ်သော သဒ္ဓါဝိဟာရိကအန္တေဝါသိကတပည့် အစုအဝေးသည်လည်း ဆရာတို့ နည်းအားပင်လျှင် ပစ္စည်းလေးပါး ပေါများဘို့ရန်ကိုသာ ကျင့်ကြံကြိုးကုတ် အားထုတ်ကြပေကုန်၏၊ သိက္ခာသုံးပါးကို ရောင့်ရည်းရောင့်ရဲ အားထုတ်ကြပေကုန်၏၊ သိက္ခာသုံးပါးဌ် ရောင့်ရဲစွာဖြင့် ကျင့်ကြပေကုန်၏။ ဩကွက္ကမနအမည်ရသော နီဝရဏ တရားတို့ဌ် ရှေ့သွားရှေ့ဆောင် ကျင့်ကြံကြပေကုန်၏၊ ကာယ စိတ္တ ဥပဓိ ဝိဝေကတည်းဟူသော ဝိဝေကသုံးပါး မြတ်သော တရားဌ် ပယ်ရှားအပ် စိတ်ကို ဒုန်းဒုန်းချအပ်သော ဝီရိယဌ်ကြပေကုန်၏၊ ထိုတပည့်ဖြစ်သော ပရိသတ်သည် မရသေး မရောက်သေး မျက်မှောက် မပြုရသေးသော လောကုတ္တရာတရားကို ရဘို့ရန် ရောက်ဘို့ရန် မျက်မှောက်ပြုဘို့ရန်လည်း အားမထုတ်။ ချစ်သားတို့...၊ဤသို့ သဘောရှိသော

http://www.dhammadownload.com

ပရိသတ်မျိုးကို မြတ်သောပုဂ္ဂိုလ်တို့ မပါမဝင်သော အနဂ္ဂဝတီပရိသတ်ဟူ၍ ခေါ်ဆိုအပ်တော့သည်။

အဂ္ဂဝတီ ပရိသတ်

အဘယ်သို့သော ပရိသတ်မျိုးသည် မြတ်သောပုဂ္ဂိုလ်တို့ ပါဝင်သော မြတ်သော အကျင့်ပဋိပတ်နှင့် ပြည့်စုံသော အဂ္ဂဝတီပရိသတ် မည်သနည်းဟူ မူကား—ချစ်သားတို့....၊ဤသာသနာတော်၌ အကြင်ပရိသတ် အစည်း အဝေး၌ မထေရ်ကြီးဖြစ်ကြသော ပုဂ္ဂိုလ်တို့သည် ပစ္စည်းလေးပါး ပေါများဘို့ ရန်လည်း အားမထုတ်ကြ၊ သီလ သမာဓိ ပညာ သိက္ခာ တည်းဟူသော သိက္ခာ သုံးပါးကိုလည်း ရော့ရဲစွာ အားထုတ်သည်မဟုတ်၊ တင်းတင်းရင်းရင်း အားထုတ်တော်မူကြပေကုန်၏၊ နီဝရဏတရားတို့၌ ပယ်ရှားအပ်ပြီးသော လှုံလရှိကြပေကုန်၏၊ ကာယ စိတ္တ ဥပဓိဝိဝေက သုံးပါး၌ အမြဲတစေ ရှေ့သွား ပြုတော်မူကြကုန်၏၊ ထိုမထေရ်သူမြတ်ကြီးတို့သည် မရသေး မရောက်သေး မျက်မှောက်မပြုရသေးသော မဂ်ဖိုလ်နိဗ္ဗာန်တို့ကိုရရန် ရောက်ရန် မျက်မှောက် ပြုရန်အလို့ငှါ ကာယိကဝီရိယ စေတသိကဝီရိယကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြပေကုန်၏။

ထိုမထေရ်ကြီးတို့၏ တပည့်သားနောက်လိုက် ဖြစ်သော သဒ္ဓိဝိဟာရိက တပည့် .အန္တေဝါသိကဘပည့်အပေါင်းသည်လည်း ထိုဆရာဖြစ်သော မထေရ် ကြီးတို့၏ အကျင့်ကို အမြင်ကို အတုလိုက်၍ ကျင့်ကြံကြပေကုန်၏၊ ပစ္စည်း လေးပါးပေါများဘို့ရန် မကျင့်ကြံကြကုန်၊ သိက္ခာသုံးပါးကို မရော့မရဲ တင်းတင်းကြီး ကျင့်ကြံကြိုးကုတ် အားထုတ်ကြပေကုန်သည်၊ နီဝရဏတရား အောက်သို့ လားစေတတ်သော မကောင်းသောတရားအစု၌ ပယ်ရှားအပ် စွန့်ပစ်အပ်သော လှုံလရှိကြပေကုန်၏၊ ကာယ စိတ္တ ဥပဓိဝိဝေကသုံးပါး၌ ရှေ့ သွား ရှေ့ဆောင် ဖြစ်ကြပေကုန်၏၊ မရသေး မရောက်သေး မျက်မှောက် မပြုရသေးသော မဂ်ဖိုလ်နိဗ္ဗာန်တရားတို့ကို ရဘို့ရန် ရောက်ဘို့ရန် မျက်မှောက် ပြုဘို့ရန် အလို့ငှါ ကာယိက စေတသိက ဝီရိယနှစ်ပါးကို ပွါးများကြိုးကုတ် အားထုတ်ကြပေကုန်၏။ ချစ်သားတို့....၊ ဤသို့ သဘောရှိသော ပရိသတ် မျိုးကို အဂ္ဂဝတီပရိသတ် မြတ်သောကျေးဇူးဂုဏ်နှင့် ပြည့်စုံသောပရိသတ် မြတ်သောအကျင့် ပဋိပတ်နှင့် ပြည့်စုံသော ပရိသတ်ဟူ၍ ခေါ်ဆိုအပ်တော့ သည်။

http://www.dhammadownload.com

အဂ္ဂဝတီပရိသတ် မြတ်၏

ဤပရိသတ် နှစ်မျိုးတို့တွင် မြတ်သော အကျင့်ဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့ ပါဝင်သော မြတ်သောအကျင့် ပဋိပတ်နှင့် ပြည့်စုံသော အဂ္ဂဝတီပရိသတ်သာလျှင် အမြတ်ဆုံး အသာဆုံး ဖြစ်ပေသည်ဟု ဤအနဂ္ဂဝတီ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားမတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အနဂ္ဂဝတီသုတ် ပြီး၏

ဩကာစိတဝိနီတသုတ်

ပု။ ။တတ္ထဝ အာဝုသော ဆဋ္ဌံ ဩကာစိတဝိနီတသုတ္တံ ဘဂဝဘာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထဝ ဘန္တေ ဆဋ္ဌံ ဩကာစိတဝိနီတသုတ္တံ "ဒေ့မာ ဘိက္ခဝေ ပရိသာ။ ကတမာ ဒေ့၊ ဩကာစိတဝိနီတာ ပရိသာ နော ပဋိပုစ္ဆာဝိနီတာ၊ ပဋိပုစ္ဆာ ဝိနီတာ ပရိသာ နော ဩကာစိတဝိနီတာ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုပရိသဝဂ်၌ပင်လျှင် ခြောက်ခုမြောက် ဆဋ္ဌသုတ်ဖြစ်သော ဩကာစိတဝိနီတသုတ်ဟု ခေါ်ဆိုအပ်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူအပ်ခဲ့သနည်း ငါ့ရှင်....။

ဖြေ။ ။ထိုပရိသတ်၌ပင်လျှင် ခြောက်ခုမြောက်သော ဩကာစိတဝိနီတအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို ဒေ့မာ ဘိက္ခဝေ ပရိသာ။ ကတမာ ဒေ့၊ ဩကာစိတဝိနီတာ ပရိသာ နော ပဋိပုစ္ဆာဝိနီတာ၊ ပဋိပုစ္ဆာ ဝိနီတာ ပရိသာ နော ဩကာစိတဝိနီတာ ဤသို့ အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....ပရိသတ်အစုအဝေးသည် နှစ်မျိုးနှစ်စားပင်ဖြစ်ပေတော့သည်၊ နှစ်မျိုးနှစ်စားဟူသည်မှာ မေးမြန်းသင်ကြား၍ လိမ်မာယဉ်ကျေးသော ပရိသတ်မဟုတ်ဘဲ မလိမ်မာမယဉ်ကျေး ဆုံးမဘို့ရန် ခဲယဉ်းသော

http://www.dhammadownload.com

ဩကာသဝိတဝိနီတ ပရိသတ်လည်းတမျိုး၊ လိမ်မာယဉ်ကျေးသော ဆုံးမဘို့ရန် မခဲယဉ်းသော မေးခြင်းမြန်းခြင်းတို့ဖြင့် ယဉ်ကျေးစွာ ဆုံးမအပ်သော ပဋိပုစ္ဆာဝိနီတအမည်ရသော ပရိသတ်လည်းတမျိုး၊ ဤသို့ နှစ်မျိုးနှစ်စား ရှိပေသည်။

ဩကာသဝိတ ပရိသတ်

အဘယ်သို့သော ပရိသတ်မျိုးကို ဩကာသဝိတပရိသတ် ဆုံးမ၍ ယဉ်ကျေးဘို့ရန် ခဲယဉ်းသောပရိသတ်ဟူ၍ ခေါ်ဆိုအပ်သနည်း။

ချစ်သားရဟန်းတို့....၊အကြင်ပရိသတ်အစုအဝေး၌ ရဟန်းတော်တို့သည် ရှေးဘုရားတို့ ဟောကြားတော်မူအပ်သော တထာဂတဘာသိတဖြစ်သော သဒ္ဒါ အားဖြင့်လည်း နက်နဲ အနက်အားဖြင့်လည်း နက်နဲ လောကုတ္တရာတရား ကိုးပါးနှင့်လည်းစပ်သော သုညတပဋိပဒါနှင့်လည်းစပ်ယှဉ်သော ဘုရားစကား တော်တို့ကို ဟောကြားအပ်သည်ရှိသော် ရိုသေစွာမနာယူကြကုန်၊ နားမ ထောင်ကြကုန်၊ သိဘို့ရန် စိတ်ကို နှလုံးမသွင်းထားကြဖေကုန်၊ ဤသို့ သဘောရှိသော ဗုဒ္ဓဘာသိတ တရားစကားကို ဟောကြားအပ်သည်ရှိသော် သင်ကောင်းသည် နာကောင်းသည်ဟူ၍မျှ မမှတ်ထင်ကြကုန်။

အကြင်သို့သဘောရှိသော သုတ္တန်တရားတို့ကိုကား စာရေးဆရာ ကဗျာကဝိတို့ ရေးသားပြုပြင် စီရင်အပ်ပေ၏၊ ဆန်းကြယ်သော ပုဒ် ဗျည်း အက္ခရာ နှင့်လည်း ပြည့်စုံပေ၏၊ သာသနာပြင်ပ ဗာဟီရကဖြစ်သော ပုဂ္ဂိုလ်တို့ ဟောကြားအပ်သော စကားမျိုးလည်း ဖြစ်ပေ၏၊ ထိုသို့ သဘောရှိသော ဆန်းကြယ်သော ပုဒ်ဗျည်းရှိသော ဗာဟီရက သာဝကဘာသိတသုတ်မျိုး ကိုမှ ဟောကြားလျှင် နာယူကြပေကုန်သည်၊ နားထောင်ကြပေကုန်သည်၊ မိမိတို့၏နားကို သိဘို့ရန် နှလုံးသွင်းကြပေကုန်သည်၊ ထိုသို့သဘောရှိသော တရားမျိုးကိုမှ နာကောင်းသည် သင်ကောင်းသည်ဟု မှတ်ယူကြပေကုန်သည်၊ ထိုသူတို့သည် ထိုတရားမျိုးကို သင်ကြားနာယူကြပြီးလျှင် အချင်းချင်းလည်း မမေးမမြန်းကြကုန်၊ အရပ်လေးမျက်နှာသို့လည်း လှည့်လည်၍ ဤကား မည်သို့နည်း၊ ဤသဒ္ဒါ၏ အနက်ကား မည်သို့သဘောရှိပါသနည်း အစရှိသည်ဖြင့် မေးမြန်း ထောက်လှမ်းခြင်း မရှိကြကုန်၊ ထိုသို့သော ပုဂ္ဂိုလ်တို့သည် မပွင့်မလင်းသေးသော အရာကိုလည်း ပွင့်လင်းအောင် မသိနိုင်ကြ၊

http://www.dhammadownload.com

မပေါ်လွင် မထင်ရှားသော အရာကိုလည်း ပေါ်လွင်ထင်းရှားအောင် မပြုနိုင်ကြ၊ မျှားလှစ္စာသော ယုံမှားဘွယ်ရာ အကြောင်းတို်၌လည်း ယုံမှားကို မပယ်ဖျောက်နိုင်ဘဲ ရှိကြတော့သည်၊ ချစ်သားရဟန်းတို့....ဤသို့သဘော ရှိသော ပရိသတ်မျိုးကို သြက္ကာစိတပရိသတ် ယဉ်ကျေးဘို့ရန် ခဲယဉ်းသော ပရိသတ်ဟူ၍ ခေါ်ဆိုအပ်တော့သည်။

ပဋိပုစ္ဆာဝိနီတ ပရိသတ်

ချစ်သားရဟန်းတို့....ပဋိပုစ္ဆာဝိနီတပရိသတ်- မေးမြန်းခြင်း သင်ကြားခြင်းဖြင့် တကယ်စင်စစ် ယဉ်ကျေးသော ပရိသတ်ဟူသည် အဘယ်ပရိသတ်မျိုးနည်း ဟူမူကား—ချစ်သားရဟန်းတို့....ဤသာသနာတော်ဝယ် အကြင် ပရိသတ်၌ ရဟန်းတော်ဘို့သည် ခေတ်ပေါ်ဖြစ်သော စာရေးဆရာ ကဗျာကဝိတို့ ရေးဖွဲ့စီအပ်သော ဆန်းကြယ်သော ပုဒ်ဗျည်းနှီ့အက္ခရာရှိသည့် သာဝက ဘာသိတဖြစ်သော သုတ္တန်မျိုးကို ဟောဆိုအပ်သည်ရှိသော် မနာယူကြကုန်၊ နာ်းမထောင်ကြကုန်၊ ထိုသုတ္တန်မျိုးကို သိဘို့ရန် နှလုံးမသွင်းကြကုန်၊ ထို တရားမျိုးကို နာကောင်းသည် သင်ကောင်းသည် ဟူ၍ မမှတ်ယူကြကုန်။

အကြင်သို့သဘောရှိသော သုတ္တန်တရားတော်တို့သည်ကား ရှေးဘုရားတို့အဘူ လာခြင်းကောင်းတော်မူသော သဗ္ဗညုမြတ်စွာဘုရားတို့ ဟောကြားအပ်သော စကားတော်လည်း မှန်ပေကုန်၏၊ သဒ္ဒါအားဖြင့် နက်နဲ အနက်အားဖြင့်လည်းနက်နဲ လောကုတ္တရာတရား ကိုးပါးနှင့်လည်းစပ်ယှဉ် သုညတပဋိပဒါနှင့်လည်းစပ်ယှဉ်သော သုတ္တန်တရားတို့ ဖြစ်ကြပေကုန်၏၊ ထိုသို့သဘောရှိသော ဗုဒ္ဓဘာသိတဖြစ်သော ဘုရားစကားတော် အစစ်ကို ဟောဆိုအပ်သည်ရှိသော် ရိုသေစွာ နာကြပေကုန်၏၊ နားထောင်ကြပေကုန်၏၊ သိဘို့ရန် စိတ်ကို နှလုံးသွင်းကြပေကုန်၏၊ ထိုသို့ သဘောရှိသော သုတ္တန်တရားမျိုးကိုမှ နာကောင်းသည် သင်ကောင်းသည်ဟု မှတ်ယူကြပြီးလျှင် ထိုသို့သဘောရှိသော သုတ္တန်တရားတို့ကို သင်ကြားနာယူပြီးသော ကာလဝယ် အချင်းချင်းလည်း မေးမြန်းကြပါပေကုန်သည်၊အရပ်လေးမျက်နှာ ဒေသစာရီလှည့်သည်ကျက်စား၍ မိမိတို့ မသိသော်အရာကိုလည်း "ဣဒံ ကထံ-ဤအရာသည်ကား မည်သို့သဘောရှိပါသနည်း၊ ဣမဿ ကော အတ္ထော၊ ဤသဒ္ဒါ၏ အနက်ကား မည်သို့သော အနက်ဖြစ်ပါသနည်း" ဤသို့ အစရှိသည်ဖြင့် သဒ္ဒါအနက် အနုသန္ဓေ အဓိပ္ပါယ် ယူဆပုံ စသည်ကို အရပ်လေးမျက်နှာ လှည့်လည်

http://www.dhammadownload.com

ကျက်စား၍ မေ့မြန်းထောက်လှမ်းလေ့ ရှိကြပေကုန်၏၊ သို့မေးမြန်း ထောက်လှမ်းလေ့ရှိကြသော ပုဂ္ဂိုလ်တို့သည် မပွင့်မလင်းသေးသော အရာကို လည်း ပွင့်စေလင်းစေကြပေကုန်၏၊ မပေါ်လွင်သော အရာကိုလည်း ပေါ်လွင် အောင် ပြုနိုင်ကြပေကုန်၏၊ မျှားလှစ္စာသော ယုံမှားဘွယ်ရာ ဌာနဌ်လည်း ယုံမှားသံသယကို ပယ်ဖျောက်နိုင်ကြပါပေကုန်၏၊ ချစ်သားတို့....ဤသို့ သဘောရှိသော ပရိသတ်မျိုးကိုမှ ပဋိပုစ္ဆာဝိနီတ မေးမြန်းထောက်လှမ်းခြင်း နှင့် ပြည့်စုံသဖြင့် တကယ်စင်စစ်ပင် ယဉ်ကျေးသော ပရိသတ်ဟူ၍ ခေါ်ဆို အပ်တော့သည်။

ချစ်သားတို့....ဤပရိသတ် နှစ်မျိုး နှစ်စားတို့တွင် ပဋိပုစ္ဆာဝိနီတ ပရိသတ် မေးမြန်းစုံစမ်း ထောက်လှမ်းခြင်း များသဖြင့် စင်စစ် ယဉ်ကျေး သော ပရိသတ်သည် အမြတ်ဆုံး အသာဆုံး ပရိသတ်ဖြစ်သည်ဟု ဤ သြကာစိတဝိနီတသုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော သမ္မည့်မြတ်စွာ ဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သြကာစိတဝိနီတသုတ် ပြီး၏

ပဋ္ဌလဝဂ်

အသန္တသန္ဓိဝါသသုတ်

ပု။ ။ပဋ္ဌလဝဂ္ဂေ အာဝုသော ကောဒသမံ အသန္တသန္ဓိဝါသသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ပဋ္ဌလဝဂ္ဂေ ဘန္တေ ကောဒသမံ အသန္တသန္ဓိဝါသသုတ္တံ "အသန္တသန္ဓိ-ဝါသဥ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ သန္တသန္ဓိဝါသဥ္စ၊ တံ သုဏာထ၊ သာဓုကံ မနသိကရောထ ဘာသိဿာမီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ပဋ္ဌလဝဂ်၌ ကောဒသမ တဆယ့်တခုမြောက်ဖြစ်သော အသန္တသန္ဓိဝါသဟူ ခေါ်ဆိုအပ်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်း တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္မည့်မြတ်စွာဘုရားသခင်သည်

http://www.dhammadownload.com

အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား‌တော်မူအပ်ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပုဂ္ဂလဝဂ်၌ တဆယ့်တခုမြောက်ဖြစ်သော အသန္တသန္နိဝါသအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို အသန္တသန္နိဝါသဥ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ သန္တသန္နိဝါသဥ္စ၊ တံ သုဏာထ သာဓုကံ မနသိကရောထ ဘာသိဿာမိ အစရှိသည်ဖြင့်—

ချစ်သား‌ရဟန်းတို့....၊သူတော်မဟုတ် သူယုတ်တို့၏ နေထိုင်ခြင်းမျိုးကိုငင်း သူတော်ကောင်းတို့၏ နေထိုင်ခြင်းမျိုးကိုငင်း ငါဘုရားသည် သင်ချစ်သား‌တို့အား အကျယ်တဝင့် ဟောကြားပေမည်။

သူယုတ်မာတို့ နေထိုင်နည်း

ချစ်သား‌တို့....၊အဘယ်သို့လျှင် သူတော်မဟုတ် သူယုတ်တို့၏ နေထိုင်ခြင်းမျိုး ဖြစ်ပါသနည်း၊ သူတော်မဟုတ် သူယုတ်တို့သည် ဘယ်ပုံ ဘယ်ပန်းအားဖြင့် နေထိုင်ကြကုန်သနည်း ဟူမူကား—

ဤသာသနာတော်ဝယ် မထေရ်ကြီး ဖြစ်သော ရဟန်းအားငင်း ထေရ်လတ်ဖြစ်သော ရဟန်းအားငင်း သီတင်းငယ်ဖြစ်သော ရဟန်းအားငင်း ဤသို့သော စိတ်အကြံအစည်သည် ဖြစ်သည်၊ အဘယ်သို့ ဖြစ်သနည်း—ငါ့ကို မထေရ်ကြီးသည် မပြောပါစေသတည်း၊ ငါ့ကို မထေရ်လတ်သည် အဆုံးအမ ဩဝါဒ မပေးပါစေသတည်း၊ ငါ့ကို သီတင်းငယ်သည် ဩဝါဒအဆုံးအမ မပေးပါစေသတည်း၊ ငါသည်လည်း ထေရ်ကြီးကိုငင်း ထေရ်လတ်ကိုငင်း သီတင်းငယ်ကိုငင်း ဩဝါဒအဆုံးအမကို မပေးပါလို၊ အကယ်၍ ငါ့ကို ထေရ်ကြီးကဖြစ်စေ သီတင်းလတ်ကဖြစ်စေ သီတင်းငယ်ကဖြစ်စေ ဩဝါဒအဆုံးအမ ပေးသော အခါ စကား‌ပြောကြားပါလျှင် စီးပွါးချမ်းသာကို လိုလား၍ ပြောကြားသည်မဟုတ်၊ အစီးအပွါးမဲ့ကိုသာ လိုလား၍ ပြောကြားပေလိမ့်မည်၊ ထို့သို့ ပြောကြားလျှင် ငါသည် "နော" ဟု ထိုမထေရ်ကြီး သီတင်းလတ် သီတင်းငယ်တို့ ပြောကြားသော စကားကို မလိုက်နာနိုင်ကြောင်း ပြန်၍ ပြောဆိုမည်၊ ထိုပုဂ္ဂိုလ်တို့ ပြောသော စကားကို မလိုက်နာခြင်းဖြင့် ညှဉ်းပန်းနှိပ်စက်ပေမည်၊ ထိုပုဂ္ဂိုလ်တို့ ပြောသည့်အတွက် မိမိ၏ အပြစ်ကို မိမိမြင်ငြားသော်လည်း ငါသည် ကုစား‌မည်မဟုဘ်၊ ဤကဲ့သို့ ထေရ်ကြီးဖြစ်သော ရဟန်းအားငင်း သီတင်းလတ်ဖြစ်သော ရဟန်းအားငင်း သီတင်းငယ်ဖြစ်

http://www.dhammadownload.com

သော ရဟန်းအားငင်း အကြံအစည်ဖြစ်၍ နေပါမူကား ဤသို့သောနေခြင်း မျိုးသည် သူတော်မဟုတ် သူယုတ်မာတို့၏ နေခြင်းမျိုး ဖြစ်ပေတော့သည်၊ သူတော်မဟုတ် သူယုတ်မာတို့သည် ဤပုံ ဤပန်းအားဖြင့် နေကြပေသည်။

သူတော်ကောင်းတို့ နေထိုင်နည်း

ချစ်သားရဟန်းတို့....၊သူတော်ကောင်းဖြစ်သော ပုဂ္ဂိုလ်တို့၏ နေခြင်းကား အဘယ်ကဲ့သို့သော နေခြင်းမျိုးနည်း၊ သူတော်ကောင်း ဖြစ်ကုန်သော သူတို့သည် ဘယ်ပုံ ဘယ်ပန်း နေကြကုန်သနည်းဟူမူကား—

ချစ်သားရဟန်းတို့....၊ဤသာသနာတော်၌ သူတော်ကောင်း ဖြစ်သော မထေရ်ကြီးအားငင်း သီတင်းလတ်အားငင်း သီတင်းငယ်အားငင်း ဤသို့ အကြံအစည် ဖြစ်ပါတော့သည်၊ အဘယ်သို့နည်း၊ ငါ့ကို ထေရ်ကြီးကငင်း သီတင်းလတ်ကငင်း သီတင်းငယ်ကငင်း အဆုံးအမ ဩဝါဒစကား ပြောကြားပါစေသတည်း။

ငါကိုယ်တိုင်ကလည်း သာသနာတော်ကြီးပွါးရေးကို ရှေးရှု၍ ထေရ်ကြီးကိုငင်း ထေရ်လတ်ကိုငင်း သီတင်းငယ်ကိုငင်း အဆုံးအမဩဝါဒစကားကို လျှောက်ထားလိုလှပါသည်၊ ငါ့ကို ထေရ်ကြီးကဖြစ်စေ သီတင်းလတ်ကဖြစ်စေ သီတင်းငယ်ကဖြစ်စေ အဆုံးအမဩဝါဒစကားကို ပြောကြားလျှင် စီးပွါးချမ်းသာကို အလိုရှိရှိသော ပြောကြားပေလိမ့်မည်၊ စီးပွါးမဲ့ကို အလိုရှိရှိ ပြောကြားမည် မဟုတ်၊ ငါသည်လည်း ထိုထေရ်ကြီး သီတင်းလတ် ထေရ်ငယ် ဖြစ်သော ပုဂ္ဂိုလ်ကို ကောင်းပါပြီ လိုက်နာပါမည် ဟူ၍ပင် ကောင်းစွာ ပြန်ကြား လျှောက်ထားခြိမ့်မည်၊ ထိုထေရ်ကြီး သီတင်းလတ် ထေရ်ငယ်ကို ငါသည် မညှဉ်းဆဲလိုပါ၊ မနှိပ်စက်လိုပါ၊ ထိုထေရ်ကြီး သီတင်းလတ် သီတင်းငယ်တို့ ပြောကြားသဖြင့် ငါ၏အပြစ်ကို ငါသည် မြင်ပါမူကား ချက်ခြင်းပင် ကုစားပါမည်၊ ပပျောက်စေပါမည်ဟု အကြံအစည် ဖြစ်ခဲ့ပါပေသည်။

ချစ်သားရဟန်းတို့....၊ဤဆိုအပ်ပြီးသောအတိုင်း သူတော်ကောင်း ဖြစ်သော ပုဂ္ဂိုလ်တို့၏နေခြင်းသည် ဖြစ်ပေတော့သည်၊ သူတော်ကောင်း ဖြစ်သော ပုဂ္ဂိုလ်တို့သည် ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် နေထိုင်ကြပါပေသည်ဟု သူတော်မဟုတ် သူယုတ်မာတို့၏ နေထိုင်ပုံ အသန္တသန္ဓိဝါသကိုငင်း သူတော်ကောင်းစင်စစ်တို့၏ နေထိုင်ပုံ သန္တသန္ဓိဝါသကိုငင်း ဤနှစ်ပါးကို စိတ်ဖြာခွဲခြား ဟောကြားရာဖြစ်သော ဤအသန္တသန္ဓိဝါသအမည်ရသော

http://www.dhammadownload.com

သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အသန္တသန္နိဝါသသုတ် ပြီး၏

သုခဝဂ်

ပု။ ။သုခဝဂ္ဂေ ပန အာဝုသော ဘဂဝတာ ကိံဒိသိံ ဓမ္မဒေသနာယော ဒေသိတာ။

ဝိ။ ။သုခဝဂ္ဂေ ဘန္တေ ဘဂဝတာ "ဒ္ဝေမာနိ ဘိက္ခဝေ သုခါနိ။ ကတမာနိ ဒ္ဝေ၊ ဂိဟိသုခဉ္စ ပဗ္ဗဇိတသုခဉ္စ၊ ဣမာနိ ခေါ ဘိက္ခဝေ ဒ္ဝေ သုခါနိ။ ဧတဒဂ္ဂံ ဘိက္ခဝေ ဣမေသံ ဒ္ဝိန္နံ သုခါနံ ယဒိဒံ ပဗ္ဗဇိတသုခ"န္တိ ဧဝမာဒိကာ ဓမ္မဒေသနာယော ဒေသိတာ။

မေး။ ။သုခဝဂ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော တရားဒေသနာတော်တို့ကို ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်....။

ဖြေ။ ။သုခဝဂ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ဒ္ဝေမာနိ ဘိက္ခဝေ သုခါနိ။ ကတမာနိ ဒ္ဝေ၊ ဂိဟိသုခဉ္စ ပဗ္ဗဇိတသုခဉ္စ အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊သုခချမ်းသာတို့သည် လူ၏ချမ်းသာတည်းဟူသော ဂိဟိသုခ၊ ရဟန်း၏ချမ်းသာ တည်းဟူသော ပဗ္ဗဇိတသုခဟူ၍ နှစ်ပါးရှိသည်၊ ထိုနှစ်ပါးတို့ဘင် ရဟန်းတော်တို့၏ချမ်းသာခြင်း ပဗ္ဗဇိတသုခသည်သာလျှင် မြင့်မြတ်လှပေ၏ ဟူ၍ဝင်း။

တနည်းအားဖြင့် အာရုံငါးပါး ကာမဂုဏ်ဘရားနှင့်စပ်သော ကာမသုခ၊ အာရုံငါးပါး ကာမဂုဏ်ဘရားမှ လွတ်မြောက်၍ ရဟန်းအဖြစ်နှင့် စပ်သော နေက္ခမ္မသုခဟူ၍ နှစ်ပါးရှိသည့်အနက် နေက္ခမ္မသုခသည် သာလွန် မြင့်မြတ်လှ၏ဟူ၍ဝင်း။

ဥပါဒါနက္ခန္ဓာငါးပါးနှင့် စပ်သော ဥပဓိသုခ၊ ဥပဓိလေးတန် ဆိတ်ရာ မှန်သည့် နိဗ္ဗာန်နှင့် စပ်သော နိရုပဓိသုခဟူ၍ သုခနှစ်ပါးရှိရာတွင် နိရုပဓိ-သုခသည် သာလွန်မြင့်မြတ်လှ၏ဟူ၍ဝင်း။

http://www.dhammadownload.com

အာသဝတရားတို့၏ အာရုံဖြစ်သော သာသဝသုခ-လောကီချမ်းသာ၊ အာသဝတရားတို့မှ လွတ်မြောက်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာ လောကုတ္တရာချမ်းသာဟူ၍ သုခနှစ်ပါးရှိသည့်အနက် အနာသဝချမ်းသာ, လောကုတ္တရာချမ်းသာသည် အမြတ်ဆုံးဖြစ်၏ဟူ၍ငင်း။

ဝဋ္ဋချမ်းသာတည်းဟူသော သာမိသချမ်းသာ, ဝိဝဋ္ဋချမ်းသာတည်းဟူသော နိရာမိသချမ်းသာ နှစ်ပါးရှိသည့်အနက် နိရာမိသချမ်းသာသည် သာလွန်မြင့်မြတ်သ့၏ဟူ၍ငင်း။

အရိယာပုဂ္ဂိုလ်တို့၏ အာဝေဏိကချမ်းသာတည်းဟူသော အရိယသုခ, ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ချမ်းသာတည်းဟူသော အနရိယသုခ နှစ်ပါးတို့ဘွင် အရိယသုခက သာလွန်မြင့်မြတ်လ့၏ဟူ၍ငင်း။

ကာယိကသုခ, စေတသိကသုခနှစ်ပါးတို့တွင် စေတသိကသုခက မြတ်လ့၏ဟူ၍ငင်း။

သပ္ပိတိက-နှစ်သက်ခြင်းနှင့်တကွဖြစ်သောသုခ, နှစ်သက်ခြင်း မပါသော နိပ္ပီတိကသုခ နှစ်မျိုးတို့ဘွင် နှစ်သက်ခြင်းပီတိ ပေါ်လွင်သော ဥပ္ပီလဝ-သဘောမပါသည့် နိပ္ပီတိကသုခသာလျှင် မြင့်မြတ်လ့၏ဟူ၍ငင်း။

သုခဝေဒနာ သက်သက်ဖြစ်သော သာတသုခ, ဥပေက္ခာဝေဒနာတည်းဟူသော ဥပေက္ခာသုခနှစ်ပါးတို့တွင် ငြိမ်းအေးလှသဖြင့် ဥပေက္ခာသုခ သာလျှင် မြင့်မြတ်သ့၏ဟူ၍ငင်း။

ဥပစာရသမာဓိ အပ္ပနာသမာဓိနှင့်ယှဉ်သောသုခ, ဥပစာရသမာဓိ အပ္ပနာသမာဓိမပါရှိသည့် အသမာဓိသုခနှစ်ပါးတို့တွင် ဥပစာရအပ္ပနာသမာဓိ နှစ်ပါးနှင့်ယှဉ်သောသုခသာလျှင် သာလွန်မြင့်မြတ်လ့၏ဟူ၍ငင်း။

သပ္ပိတိက စျာန်ကို အာရုံပြု၍ဖြစ်သော သပ္ပိတိကာရမ္မဏသုခ, နိပ္ပီတိက စျာန်ကို အာရုံပြု၍ ဖြစ်သော နိပ္ပီတိကာရမ္မဏသုခနှစ်ပါးတို့တွင် နိပ္ပီတိက စျာန်ကို အာရုံပြု၍ဖြစ်သော နိပ္ပီတိကာရမ္မဏသုခသာလျှင် သာလွန်မြင့်မြတ်လ့၏ဟူ၍ငင်း။

http://www.dhammadownload.com

သာတအမည်ရှိသော အောက်ဈာန်သုံးပါးကို အာရုံပြု၍ဖြစ်သော သာဘာရမ္မဏသုခ, အထက်ဖြစ်သော စတုတ္ထဈာန်ကို အာရုံပြု၍ဖြစ်သော ဥပေက္ခာရမ္မဏသုခနှစ်ပါးတို့တွင် စတုတ္ထဈာန်ဥပေက္ခာကို အာရုံပြု၍ဖြစ်သော ဥပေက္ခာရမ္မဏ သုခသာလျှင် သာလွန်မြင့်မြတ်လှ၏ဟူ၍ဆိုလိုသည်။

ရူပဈာန်ကို အာရုံပြု၍ ဖြစ်သော ရူပါရမ္မဏသုခ, အရူပဈာန်ကို အာရုံပြု၍ ဖြစ်သော အရူပါရမ္မဏသုခနှစ်ပါးတို့တွင် အရူပဈာန်ကို အာရုံပြု၍ဖြစ်ရသည့် အရူပါရမ္မဏသုခသည်သာလျှင် သာလွန်မြင့်မြတ်လှ၏ဟူ၍ဆိုလိုသည်၊ တဆဲ့သုံးစုံသော သုခတို့ဖြင့် တန်းဆာဆင်၍ ဟောရာဖြစ်သော သုခဝဂ်၌ လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သုခအပြား ဓမ္မဒေသနာတရားတို့ကို သမ္မည့်မြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သုခဝဂ် ပြီး၏

အာယာစနဝဂ်

ပု။ ။အာယာစနဝဂ္ဂေ ပန အာဝုသော ဘဂဝတာ ပဌမာဒီနိ စတ္တာရိ သုတ္တာနိ ကထံ ဘာသိတာနိ။

ဝိ။ ။အာယာစနဝဂ္ဂေ ဘန္တေ ပဌမာဒီနိ စတ္တာရိ သုတ္တာနိ "သဒ္ဓါ ဘိက္ခဝေ ဘိက္ခု ဧဝံ သမ္မာ အာယာစမာနော အာယာစေယျ တာဒိသော ဟောမိ၊ ယာဒိသာ သာရိပုတ္တမောဂ္ဂလ္လာနာ"တိ၊ဧဝမာဒီနာ ဘဂဝတာ ဘာသိတာနိ။

မေး။ ။အာယာစနမည်သောဝဂ်၌ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္မည့်မြတ်စွာဘုရားသခင်သည် ပဌမသုတ္တန်အစရှိသော လေးပါးသော သုတ္တန်ဒေသနာတော်တို့ကို အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။အာယာစနဝဂ်၌ ပဌမ ဒုတိယ တတိယ စတုတ္ထသုတ္တန် လေးပါးတို့ကို "သဒ္ဓါ ဘိက္ခဝေ ဘိက္ခု ဧဝံ သမ္မာ အာယာစမာနော အာယာစေယျ" အစရှိသည်ဖြင့်—

http://www.dhammadownload.com

သာသနာ့ စံပြပုဂ္ဂိုလ်တွေလို

ချစ်သားရဟန်းတို့....၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ရဟန်းတော် အရှင်သူမြတ်သည် ယထာဘူတဉာနရာကျ နည်းမှန်လမ်းကျ တောင့်တလိုပါမူ ဤဆိုသတ္တံ့သော အခြင်းအရာဖြင့်သာလျှင် တောင့်တသင့်ပေသည်၊ အဘယ်သို့နည်း "ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလ္လာန်တို့သည် အကြင်သို့ ပညာကြီးခြင်း ၊ တန်ခိုးကြီးခြင်း သဘောရှိတော်မူကြပါပေကုန်၏၊ ငါသည်လည်း ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလ္လာန်တို့အတူ ပညာတန်ခိုးကြီးမြတ်သော ပုဂ္ဂိုလ်ဖြစ်ရပါလို၏"ဟု ဤသို့တောင့်တမှသာလျှင် ယထာဘူတနေရာကျ မှန်ကန်ကောင်းမြတ်သော တောင့်တခြင်းဖြစ်နိုင်ပေသည်၊ ချစ်သားရဟန်းတို့....၊ ဤငါဘုရား၏ တပည့်သား ရဟန်းတော်တို့တွင် သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန် ဤပုဂ္ဂိုလ်နှစ်ဦးသားတို့သည် ချိန်ခွင်ကြီးသဖွယ် ခြင့်တောင်းကြီးသဖွယ် ဆုတောင်းသောအရာဝယ် နှိုင်းချိန်ဖွယ်ရာ ချိန်ခွင်သဖွယ် ခြင်တွယ်ဘွယ်ရာ ခြင့်တောင်းကြီးသဖွယ် ဖြစ်ကြပါပေကုန်၏ဟူ၍ငင်း။

ချစ်သားရဟန်းတို့....၊ သဒ္ဓါတရားနှင့်ပြည့်စုံသော ဘိက္ခုနီမသည် "ငါသည်တမူကား ပညာကြီးသော ခေမာထေရီ တန်ခိုးကြီးဒွိပါဒ်ကြီးသော ဥပ္ပလဝဏ်ထေရီမတို့ကဲ့သို့ ပညာကြီးရပါလို၏၊ တန်ခိုးကြီးဒွိပါဒ်ကြီးရပါလို၏" ဟု ဆုတောင်းမူ ယထာဘူတ နေရာကျ ဤပုံ ဤပန်း ဆုတောင်းရာသည်။

ချစ်သားရဟန်းတို့....၊ ငါဘုရား၏ တပည့်မ သာဝိကာဖြစ်ကြသော ဘိက္ခုနီမတို့အနက် ခေမာထေရီ ဥပ္ပလဝဏ်ထေရီ ဤထေရီမ နှစ်ပါးသည် ငါဘုရား၏သာသနာဝယ် ချိန်ခွင်သဖွယ် ခြင့်တောင်းသဖွယ် ပမာဏဂရုံ အလေးပြုလောက်သော ပုဂ္ဂိုလ်တို့ ဖြစ်ကြပေသည်ဟူ၍ငင်း။

ချစ်သားရဟန်းတို့....၊သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသကာ ဒါယကာသည် "ငါတမူကား စိတ္တသူကြွယ်ကဲ့သို့ တရားဟောကောင်းသည့် ပုဂ္ဂိုလ်၊ ဟတ္ထာဠဝကသီတင်းသည်ကဲ့သို့ တန်ခိုးကြီးဒွိပါဒ်နှင့် ပြည့်စုံသောပုဂ္ဂိုလ် ဖြစ်ရပါလို၏"ဟု ယထာဘူတ ကောင်းမွန်နေရာကျ ဆုတောင်းလိုမူ ဤပုံ ဤပန်း ဆုတောင်းရာ၏။

http://www.dhammadownload.com

ချစ်သားရဟန်းတို့....၊ ငါဘုရား၏တပည့် ဖြစ်ကြသော ဥပါသကာ ဒါယကာတို့တွင် စိတ္တသူကြွယ်နှင့် ဟတ္ထာဠဝကသီတင်းသည် ဤသူနှစ်ဦးသား တို့သည် ဤငါဘုရား၏ သာသနာ၌ ဒါယကာတို့ဘက်မှ ချိန်ခွင်ကြီးမျှား သဖွယ် ခြင့်တောင်းကြီးမျှားသဖွယ်ပင် ဖြစ်ကြပေကုန်၏ဟူ၍ဆင်း။

ချစ်သားရဟန်းတို့....၊ သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသမီး ဥပါသိကာ ဒါယိကာမသည် "ငါတမူကား ခဇ္ဇုတ္တရာအမည်ရှိသော ဥပါသိကာ သီတင်းသည်မ-ကဲ့သို့ ပညာကြီးရပါလိုရ်၊ ဝေဠုကဏ္ဍကမြို့သူ နန္ဒမာတာ အမျိုးသမီးကဲ့သို့ ဖြစ်ရပါလိုရ်" ဟု ဤသို့ဆုတောင်းလိုမူ ကောင်းစွာ ဆုတောင်းနိုင်ရာပေ၏။

ချစ်သားရဟန်းတို့....၊ငါဘုရား၏တပည့်မ သာဝိကာဥပါသိကာ အပေါင်း တို့တွင် ခဇ္ဇုတ္တရာမည်သော ဥပါသိကာ ဝေဠုကဏ္ဍကမြို့သူ နန္ဒမာတာ အမည် ရှိသော ဥပါသိကာ ဤသူနှစ်ယောက်တို့သည် ငါဘုရား၏ သာသနာဝယ် စံနမူနာထားလောက်သော ချိန်ခွင်ကြီးပမာ ခြင့်တောင်းကြီးပမာ အလေး ဂရု ပမာဏပြုလောက်သော ဥပါသိကာတို့ဖြစ်ကြပေသည်ဟု ဤလေးရပ်သော တောင့်တသော အခြင်းအရာတို့ကို ဖော်ပြရာဖြစ်သော သုတ္တန်ဒေသနာ တော်မြတ်တို့ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာ ဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပဌမစသော လေးသုတ် ပြီး၏

အဝဏ္ဏာရဟသုတ်

ပု။ ။တတ္ထဝေ အာဝုသော ပဋမံ အဝဏ္ဏာရဟသုတ္တံ ဘဂဝတာ ကထိတံ ဘာသိတံ။

ဝိ။ ။တတ္ထဝေ ဘန္တေ ပဋမံ အဝဏ္ဏာရဟသုတ္တံ "ဒိဋ္ဌိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဗာလော အမျတ္တော အသပ္ပုရိသော ခတံ ဥပဟတံ အတ္တာနံ ပရိဟရတိ၊ သာဝဇ္ဇော စ ဟောတိ သာနုဝဇ္ဇော စ ဝိညူနံ၊ ဗဟုဉ္စ အပုညံ ပသဝတိ" တိ၊ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

http://www.dhammadownload.com

မေး။ ။ထိုအာယာစနဝဂ်၌ပင်လျှင် ငါးခုမြောက် ဖြစ်သော အဝဏ္ဏာ-ရဟသုတ္တန် တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအား ဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုအာယာစနဝဂ်၌ ငါးခုမြောက်ဖြစ်သော အဝဏ္ဏာရဟသုတ္တန်ဒေသနာတော်မြတ်ကို "ဒီဟိ ဘိက္ခဝေ ဓမ္မေဟိ။ပ။ ပရိဟရတိ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ချီးမွမ်းခြင်းငှါ မထိုက်သော ပုဂ္ဂိုလ်အား ချီးမွမ်းခြင်း,ချီးမွမ်းခြင်းငှါထိုက်သော ဘုရားမြတ်စွာ သဝကတို့အား မချီးမွမ်းခြင်း၊ ဤသို့သော အကြောင်းတရား နှစ်ပါးနှင့် ပြည့်စုံသော မလိမ်မာသော ဉာဏ် ပညာမရှိသော သူတော်မဟုတ် သူယုတ်မာသည် ဂုဏ်ပျက်စီးသော ဖျက်ဆီးအပ်ပြီးသောဂုဏ်ရှိသော တူးဖြိုအပ်ပြီးသောဂုဏ်ရှိသော မိမိကိုယ်ကို ဆောင်ရွက်နေသည်မည်တော့သည်၊ အပြစ်ကြီးလေးလှတော့သည်၊ ပညာရှိသူတော်ကောင်းတို့ အကဲ့ရဲ့ ခံရတော့သည်၊ များစွာသော အကုသိုလ်တရားတို့ကိုလည်း တိုးပွါးစေတော့သည်။

ချစ်သားရဟန်းတို့....၊ဤငါဘုရား၏ သာသနာဝယ် ချီးမွမ်းခြင်းငှါ မထိုက်သော ပုဂ္ဂိုလ်ကို ဉာဏ်ပညာဖြင့် သက်ဝင်စဉ်းစားပြီးလျှင် မချီးမွမ်းခြင်းတည်းဟူသော တရားတပါး, ချီမွမ်းခြင်းငှါထိုက်သော ပုဂ္ဂိုလ်ကိုငင်း အကျင့်ကိုငင်း ဉာဏ်ပညာဖြင့် စူးစမ်း ဆင်ခြင်ပြီးလျှင် ချီးမွမ်းခြင်းတည်းဟူသော တရားတပါး၊ ဤတရားနှစ်ပါးနှင့် ပြည့်စုံသော ပညာရှိသော လိမ်မာသော သူတော်ကောင်း ဖြစ်သော ပုဂ္ဂိုလ်သည် မပျက်စီးသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော မိမိကိုယ်ကိုလည်း တိုးစေပွါးစေ စောင့်ရှောက်သည်မည်ပါပေ၏၊ အပြစ်လည်း ကင်းစင်ပေ၏၊ ပညာရှိသူတော်ကောင်းတို့ အကဲ့ရဲ့လည်း မခံရ၊ ကြီးစွာသော ကောင်းမှုကုသိုလ်တရားကိုလည်း ပွါးစေသည်ဟု ဤ အဝဏ္ဏာရဟအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

http://www.dhammadownload.com

အပ္ပသာဒနီယသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အင်္ဂုတ္တရနိကာယေ ဒုကနိပါတေ အာယာစနဝဂ္ဂေ ဆဋ္ဌံ အပ္ပသာဒနီယသုတ္တံ ကထံ ဘာသိတံ။

ဝိ။ ။ဆဋ္ဌံ ဘန္တေ အပ္ပသာဒနီယသုတ္တံ "ဒ္ဒိဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဗာလော အဗျတ္တော အသပ္ပုရိသော ခတံ ဥပဟတံ အတ္တာနံ ပရိဟရတိ၊ သာဝဇ္ဇော စ ဟောတိ သာနုဝဇ္ဇော စ ဝိညူနံ၊ ဗဟုဉ္စ အပုညံ ပသဝတိ။ ကတမေဟိ ဒ္ဒိဟိ၊ အနနုဝိစ္စ အပရိယောဂါဟေတွာ အပ္ပသာဒနိယေ ဌာနေ ပသာဒံ ဥပဒံသေတိ၊ အနနုဝိစ္စ အပရိယောဂါဟေတွာ ပသာဒနိယေ ဌာနေ အပ္ပသာဒံ ဥပဒံသေတိ" တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုမြတ်စွာဘုရား သခင်သည် အင်္ဂုတ္တရနိကာယ် ဒုကနိပါတ် အာယာစနဝဂ်၌ ခြောက်ခုမြောက်ဖြစ်သော အပ္ပသာဒနီယမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။အာယာစနဝဂ်ဝယ် ခြောက်ခုမြောက် ဖြစ်သော အပ္ပသာဒနီယအမည်ရသော သုတ္တန်တရားဒေသနာတော်ကို "ဒ္ဒိဟိ ဘိက္ခဝေ ဓမ္မေဟိ။ပ။ ဗဟုဉ္စ အပုညံ ပသဝတိ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ နှစ်ပါးသောတရားတို့နှင့် ပြည့်စုံသော မလိမ်မာသော မိုက်သော သူတော်မဟုတ် ယုတ်သောသူသည် ပျက်စီးသော ဂုဏ်ကျေးဇူးရှိသော ကျေးဇူးဂုဏ်မှ ဆိတ်သုဉ်းဒဲ့သော မိမိကိုယ်ကိုလည်း ဆောင်သည်မည်ပေ၏၊ အပြစ်လည်း ရှိသူမည်ပေ၏၊ ပညာရှိသူတော်ကောင်းတို့သည် အကဲ့ရဲ့ခံရပေ၏၊ များစွာသော အကုသိုလ်ကိုလည်း ဆည်းပူးသည်မည်ပေ၏။

အဘယ်တရားနှစ်ပါးတို့နှင့် ပြည့်စုံသနည်း ဟူမူကား—မိမိဉာဏ်ပညာဖြင့် မသက်ဝင် မစဉ်းစား မသိမြင်ပါဘဲလျက် ကြည့်ညိုဘွယ်မရှိသော အညာ-

http://www.dhammadownload.com

တိတ္ထိယ တိတ္ထိယသာဝကတို့၌ ကြည်ညိုခြင်း ပသာဒကို ထင်စွာ ပြပေ၏၊ ကြည်ညိုဘွယ် ပသာဒနီယဌာနဖြစ်သော ရတနာသုံးပါး၌ကား ကြည်ညိုခြင်း ပသာဒအမှုကို မပြုခဲ့ မပြခဲ့ပေ။

ချစ်သားရဟန်းတို့....၂၌ဆိုအပ်ခဲ့ပြီးသော နှစ်ပါးသောတရားနှင့် ပြည့်စုံသော မလိမ်မာသော မိုက်သော သူတော်မဟုတ် ယုတ်သောသူသည် ကျေးဇူးဂုဏ်မှ ဆိတ်သုဉ်းသော မိမိကိုယ်ကိုလည်း ဆောင်သည်မည်ပေ၏။ အပြစ်ရှိသူလည်း မည်ပေ၏၊ ပညာရှိသူတော်ကောင်းတို့ အကဲ့ရဲ့လည်း ခံရပေ၏၊ များစွာသော ကုသိုလ်တရားကိုလည်း ပွါးစေသည် မည်ပေ၏။

ချစ်သားရဟန်းတို့....၂နှစ်ပါးသော တရားတို့နှင့် ပြည့်စုံသော ပညာရှိသော လိမ်မာသော သူတော်ကောင်းသည်ကား ကျေးဇူးဂုဏ်မှ မဆုတ်ယုတ် မပျက်စီးသော မိမိဂုဏ်ကို ဆောင်သည်မည်ပေ၏၊ အပြစ်ကင်းသူလည်း ဖြစ်ပေ၏၊ ပညာရှိတို့ ချီးမွမ်းလည်း ချီးမွမ်းအပ်ပေ၏၊ များစွာသော ကုသိုလ်တရားကိုလည်း ပွါးစေသည် မည်ပေ၏။

အဘယ်တရား နှစ်ပါးတို့နှင့် ပြည့်စုံသနည်း ဟူမူကား—ဉာဏ်ပညာဖြင့် သက်ဝင်စဉ်းစားပြီးလျှင် ကြည်ညိုဘွယ်မရှိသော အပ္ပသာဒနီယဌာနဖြစ်သည့် အညတိတ္ထိယ တိတ္ထိယသာဝကတို့၌ မကြည်ညိုခြင်း အပ္ပသာဒအမှုကိုလည်း ပြပေ၏၊ ကြည်ညိုဘွယ်ရှိသော၀တ္ထုမှန် ရတနာသုံးတန်၌ ကြည်ညိုခြင်း ပသာဒတရားကို ထင်ရှားပြပေ၏။

ချစ်သားတို့....၂ဆိုအပ်ခဲ့ပြီး ဤတရားနှစ်ပါးတို့နှင့်ပြည့်စုံသော ပညာရှိသော လိမ်မာသော သူတော်ကောင်းသည် ကျေးဇူးဂုဏ်မှ မဆုတ်ယုတ်သော မပျက်စီးသော ကျေးဇူးဂုဏ်နှင့် ပြည့်စုံသော မိမိကိုယ်ကိုလည်း ဆောင်သည်မည်ပေ၏၊ အပြစ်ကင်းသူလည်း မည်ပေ၏၊ ပညာရှိ သူတော်ကောင်းတို့ အစွပ်စွဲ အကဲ့ရဲ့မှုလည်း လွတ်ပေ၏၊ အချီးမွမ်းလည်း ခံရပေ၏၊ များစွာသော ကုသိုလ်တရားကိုလည်း ပွါးစေသည် မည်ပေ၏ဟု ဤအပ္ပသာဒနီယအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော

http://www.dhammadownload.com

အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည်အရှင်ဘုရား။

အပ္ပသာဒနီယသုတ် ပြီး၏

မာတာပိတုသုတ်

ပု။ ။တတ္ထေဝ အာဝုသော သတ္တမံ မာတာပိတုသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထေဝ ဘန္တေ သတ္တမံ မာတာပိတုသုတ္တံ "ဒ္ဒီသု ဘိက္ခဝေ မိစ္ဆာပဋိပဇ္ဇမာနော ဗာလော အဗျတ္တော အသပ္ပုရိသော ခတံ ဥပဟတံ အတ္တာနံ ပရိဟရတိ၊သာဝဇ္ဇော စ ဟောဟိ သာနုဝဇ္ဇော စ ဝိညူနံ၊ ဗဟုဥ အပုညံ ပသဝတိ။ ကတမေသု ဒ္ဒီသု၊ မာတရိ စ ပိတရိ စာ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုအာယာစနဝဂ်၌ပင်လျှင် ခုနစ်ခုမြောက်ဖြစ်သော မာတာပိတုသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုအာယာစနဝဂ်၌ပင်လျှင် ခုနစ်ခုမြောက်ဖြစ်သော သုတ္တန်ဒေသနာတော်မြတ်ကို "ဒ္ဒီသု ဘိက္ခဝေ မိစ္ဆာပဋိပဇ္ဇမာနော ဗာလော အဗျတ္တော အသပ္ပုရိသော ခတံ ဥပဟတံ အတ္တာနံ ပရိဟရတိ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊နှစ်ဦးသော ပုဂ္ဂိုလ်တို့အပေါ်၌ ဖောက်ပြန်စွာကျင့်ခြင်းရှိသော မိုက်သော မလိမ်မာသော သူတော်မဟုတ် သူယုတ်မာသည် ကျေးဇူးဂုဏ်မှ ဆုံးရှုံးနစ်နာသော မိမိကိုယ်ကို ဆောင်၍နေသည် မည်ပေသည်၊ အပြစ်မကင်းသူလည်း ဖြစ်ပေသည်၊ ပညာရှိတို့အကဲ့ရဲ့လည်း၊ ခံရ၏၊ များစွာသော အကုသိုလ်ကိုလည်း ဆည်းပူးပွါးများသည် မည်၏၊ အဘယ်သူနှစ်ဦးတို့၌လည်းဟူမူကား—အမိ၌ဌင်း အဘ၌ဌင်းတည်း။ချစ်သားတို့....၊ဤဆိုအပ်ပြီးသော မိဘနှစ်ပါးတို့၌ကျင့်သင့်ကျင့်ထိုက်သော ဝတ္တရားတို့ကိုမကျင့်

http://www.dhammadownload.com

သည် ဖြစ်၍ ဖောက်ပြန်မှားယွင်းစွာ ကျင့်ကြံသော ဝတ္တရားကို ချို့ယွင်းစေသော မလိမ်မာသော မသိသော သူတော်မဟုတ် သူယုတ်မာသည် ကျေးဇူးဂုဏ်မှကင်းစင်သော ကျေးဇူးဂုဏ်မှဆိတ်သုဉ်းသော မိမိကိုယ်ကို ရွက်ဆောင်၍ နေသည်မည်ပေ၏၊ အပြစ်ရှိသည်လည်း မည်ပေ၏၊ ပညာရှိတို့ အကဲ့ရဲ့လည်း ခံရပေ၏၊ များစွာသော အကုသိုလ်တရားကိုလည်း တိုးပွါးစေသည်မည်ပေ၏။

ချစ်သားရဟန်းတို့....၊ နှစ်ဦးသောပုဂ္ဂိုလ်တို့၌ ကောင်းမွန်စွာ ဝတ္တရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းရှိသော ပညာရှိသော လိမ်မာရေးခြားသော သူတော်ကောင်းပုဂ္ဂိုလ်သည် ကျေးဇူးဂုဏ်မှမယုတ်ဆုတ်သော မပျက်စီးသော ကျေးဇူးဂုဏ်နှင့်ပြည့်စုံသော မိမိကိုယ်ကို ရွက်ဆောင်သည်မည်ပေ၏၊ အပြစ်ကင်းသူလည်း မည်ပေ၏၊ ပညာရှိတို့၏ အကဲ့ရဲ့မခံရသူလည်း ဖြစ်ပေ၏၊ များစွာသော ကုသိုလ်တရားတို့ကိုလည်း ပွါးစေသူလည်း ဖြစ်ပေ၏၊ အဘယ်သူနှစ်ဦးတို့၌ နည်းဟူမူကား—မိခင်ဘခင် ကျေးဇူးရှင်နှစ်ဦးတို့၌ တည်း။

ချစ်သားတို့....၊ ဤမိခင်ဘခင် ကျေးဇူးရှင် တည်းဟူသော နှစ်ဦးသော ပုဂ္ဂိုလ်တို့အပေါ်၌ မိမိတို့ ပြုသင့်ပြုထိုက် စောင့်ရှောက်သင့် စောင့်ရှောက်ထိုက်သော ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုစုစောင့်ရှောက်သဖြင့် နှစ်ပါးသော တရားနှင့် ပြည့်စုံသော ပညာရှိသော လိမ်မာသော အမျိုးကောင်းသား သူတော်ကောင်းပုဂ္ဂိုလ်သည် ကျေးဇူးဂုဏ်တို့မှ မဆုတ်ယုတ် မပျက်စီးသော မိမိကိုယ်ကို ဆောင်၍ နေသည် မည်ပေ၏၊ အပြစ်ကင်းစင်သူလည်း ဖြစ်ပေ၏။ ပညာရှိတို့ အကဲ့ရဲ့မခံရသူလည်း ဖြစ်ပေ၏၊ များစွာသော ကုသိုလ်တရားတို့ကိုလည်း ပွါးစေသူ မည်ပေ၏ ဟု ဤခုနစ်ခုမြောက် ဖြစ်သော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

မဟာပိတုသုတ် ပြီး၏

တထာဂတသုတ်

ပု။ ။တတ္ထေဝ အာဝုသော အဋ္ဌမံ တထာဂတသုတ္တံ ဘဂဝတာ ကထိတံ ဘာသိတံ။

http://www.dhammadownload.com

ဝိ။ ။တတ္ထဝ ဘန္တေ အဋ္ဌမံ တထာဂတသုတ္တံ "ဒ္ဒိသု ဘိက္ခဝေ မိစ္ဆာပဋိပဇ္ဇ-မာနေ ဗာလေ အဗျတ္တေ အသပ္ပုရိသေ ခတံ ဥပဟတံ အတ္တာနံ ပရိဟရတိ၊ သာဝဇ္ဇော စ ဟောတိ သာနုဝဇ္ဇော စ ဝိညူနံ၊ ဗဟုဉ္စ အပုညံ ပသဝတိ။ ကတမေသု ဒ္ဒိသု၊ တထာဂတော စ တထာ-ဂတသာဝကော စာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုအာယာစနဝဂ်၌ပင်လျှင် ရှစ်ခုမြောက်ဖြစ်သော တထာ ဂတသုတ် ဟု ခေါ်ဆိုအပ်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါး နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်....။

ဖြေ။ ။ထိုတထာဂတဝဂ်၌ပင်လျှင် ရှစ်ခုမြောက် တထာဂတအမည်ရ သော သုတ္တန်ဒေသနာတော်မြတ်ကို "ဒ္ဒိသု ဘိက္ခဝေ။ပ။ ပရိဟရတိ" အစရှိ သည်ဖြင့်—

ချစ်သားရဟန်းတို့....၊ နှစ်ဦးသော ပုဂ္ဂိုလ်တို့၌ ဖောက်ပြန်မှားယွင်းစွာ ကျင့်ကြံသော မလိမ်မာသော မိုက်သော သူတော်မဟုတ် ယုတ်သောပုဂ္ဂိုလ် သည် ကျေးဇူးဂုဏ်ကို ဖျက်ဆီး၍ ဖျက်ဆီးအပ်ပြီးသော ကျေးဇူးဂုဏ်ရှိသော ကျေးဇူးဂုဏ်တို့မှ ဆိတ်သုဉ်းသော မိမိကိုယ်ကိုလည်း ဆောင်ရွက်နေသူ ဖြစ်ပေ၏။ အပြစ်နှင့်တကွဖြစ်သောသူလည်း မည်ပေ၏၊ ပညာရှိတို့လည်း ကဲ့ရဲ့အပ်ပေ၏၊ များစွာသော အကုသိုလ်တရားကိုလည်း ပွါးစေသူ မည်ပေ ၏၊ အဘယ်သူနှစ်ဦးတို့၌နည်းဟူမူကား—ရှေးဘုရားတို့အတူ လာခြင်း ကောင်းတော်မူသော သဗ္ဗညုမြတ်စွာဘုရား၌၎င်း မြတ်စွာဘုရား၏တပည့် သားသာဝကတို့၌၎င်း ပြစ်မှားသောပုဂ္ဂိုလ်တည်း။ ချစ်သားတို့....၊ ဤဆို အပ်ခဲ့ပြီးသော ဘုရား ဘုရား၏တပည့်သား ဤပုဂ္ဂိုလ်နှစ်ဦးတို့၌ ဖောက်ပြန် မှားယွင်းစွာ ကျင့်သော မိုက်သော မသိမလိမ်မာသော သူတော်မဟုတ် ယုတ် သောသူသည် ကျေးဇူးဂုဏ်မှ ဆိတ်သုဉ်းသော မိမိကိုယ်ကိုလည်း ရွက်ဆောင် ၍ နေသူ မည်ပေ၏၊ အပြစ်ရှိသူလည်း ဖြစ်ပေ၏၊ ပညာရှိတို့လည်း ကဲ့ရဲ့အပ် ပေ၏။ များစွာသော အကုသိုလ်တရားတို့ကိုလည်း ပွါးစေသူ ဖြစ်ပေ၏။

ချစ်သားတို့....၊နှစ်ပါးသောပုဂ္ဂိုလ်တို့၌ မဖောက်မပြန် ကောင်းမွန်စွာ ကျင့်ကြံသော ပညာရှိသော လိမ်မာသော သူတော်ကောင်းပုဂ္ဂိုလ်သည်

http://www.dhammadownload.com

ကျေးဇူးဂုဏ်တို့မှ မဆုတ်ယုတ်သော မပျက်စီးသော ကျေးဇူးဂုဏ်နှင့် ပြည့်စုံ့သော မိမိကိုယ်ကို ရွက်ဆောင်သူ ဖြစ်ပေ၏၊ အပြစ်ကင်းသူလည်း ဖြစ်ပေ၏၊ ပညာရှိတို့လည်း မကဲ့ရဲ့အပ်သော သူလည်း ဖြစ်ပေ၏၊ များစွာသော ကုသိုလ်တရားကိုလည်း ပွါးစေသူဖြစ်ပေ၏။ အဘယ်သူနှစ်ဦးတို့၌ နည်းဟူမူကား— မြတ်စွာဘုရား၌ဌင်း ဘုရား၏တပည့်သားသာဝက၌ဌင်းတည်း။ချစ်သားတို့....၊ ဤသူ နှစ်ဦးတို့၌ ကောင်းမွန်စွာ ကျင့်ကြံသော ပညာရှိသော လိမ်မာသော အမျိုးကောင်းသားသည် ဂုဏ်ကျေးဇူးမှ မဆုတ်ယုတ်မပျက်စီးသော မိမိကိုယ်ကို ဆောင်သူလည်း မည်ပေ၏၊ အပြစ်ကင်းသူလည်း ဖြစ်ပေ၏၊ ပညာရှိတို့လည်း အကဲ့ရဲ့ မခံရပေ၊ များစွာသော ကုသိုလ်တရားကိုလည်း ပွါးစေသူဖြစ်ပေ၏ဟု ဤရှစ်ခုမြောက်ဖြစ်သော တထာဂတအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသောအခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

တထာဂတသုတ် ပြီး၏

ဒုကနိပါတ်အမေးအဖြေ ပြီးပြီ

http://www.dhammadownload.com

http://www.dhammadownload.com

တိကနိပါတ် အင်္ဂုတ္တိုရ် အမေးအဖြေ

ဗာလဝဂ် ဘယသုတ်

ပု။ ။တိကနိပါတေ ပန အာဝုသော ပဌမံ ဘယသုတ္တံ ဘဂဝတာ ကတ္ထ ကဿ ကထေ္ဆ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ္တ သမ္မဟုလာနံ "ယာနိ ကာနိစိ ဘိက္ခဝေ ဘယာနိ ဥပ္ပဇ္ဇန္တိ၊ သဗ္ဗာနိ တာနိ ဗာလတော ဥပ္ပဇ္ဇန္တိ နော ပဏ္ဍိတတော။ယေ ကေစိ ဥပ္ပဒ္ဒဝါ ဥပ္ပဇ္ဇန္တိ၊ သဗ္ဗေတေ ဗာလတော ဥပ္ပဇ္ဇန္တိ နော ပဏ္ဍိတတော။ ယေကေစိ ဥပသဂ္ဂါ ဥပ္ပဇ္ဇန္တိ၊ သဗ္ဗေတေ ဗာလတော ဥပ္ပဇ္ဇန္တိ နော ပဏ္ဍိတတော" တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။တိကနိပါတ် ပဌမဗာလဝဂ်၌ ရှေးဦးစွာသော ဘယသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္မာသမ္ဗုဒ္ဓဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်အား အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။တိကနိပါတ် အဝင်အပါ ဗာလဝဂ်ဝယ် ရှေးဦးစွာသော ဘယအမည်ရှိသော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် မျှားစွာသော ရဟန်းတော်အရှင်သူမြတ်တို့အား "ယာနိ ကာနိစိ ဘိက္ခဝေ။ပ။ နော ပဏ္ဍိတတော" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ အမှတ်မထင် အကြောင်သို့ သဘောရှိကုန်သော ကြောက်လန့်ဘွယ်မျိုး ဘေးဆိုးတို့သည် ဤလောကဝယ် ဖြစ်ပေါ်၍လာကုန်၏၊ ထိုအလုံးစုံသော ဘေးအမျိုးမျိုးတို့သည် လူမိုက်မှသာလျှင် ဖြစ်ပေါ်၍ လာပေကုန်၏၊ ပညာရှိမှ ဖြစ်ပေါ်၍ လာသည်မဟုတ်ကုန်။

ချစ်သားရဟန်းတို့....၊ ဤလောက၌ အမျိုးမျိုးသော အန္တရာယ်၊ စိတ်နှလုံးမသာယာဘွယ် အလုံးစုံတို့သည် လူမိုက်မှသာလျှင် ဖြစ်ပေါ်၍ လာပေကုန်၏၊ ပညာရှိမှ ဖြစ်ပေါ်၍ လာသည်မဟုတ်ကုန်။

ချစ်သားရဟန်းတို့....၊ လောကီပမာ နှိုင်းဘွယ်ရာ အားဖြင့် ကျူးမိုး ကျူးကာအိမ်မှဌင်း မြက်မိုးမြက်ကာအိမ်မှဌင်း မီးစဲ့လောင်သည်ရှိသော်

http://www.dhammadownload.com

ထိုမီးသည် အဆင့်ဆင့်ပွါး၍ အတွင်းအပ လိမ်းကျံအပ်သော စေ့စပ်သော တံခါးရွက်တို့နှင့် ပြည့်စုံသော အလွန်မွန်မြတ်သော အထွဋ်တပ်သော တိုက်တာ အိမ်ကောင်းတို့ကိုလည်း စွဲလောင်ရာသည်။

ချစ်သားရဟန်းတို့....၊ ဤနည်းအတူပင်လျှင် အလုံးစုံသော ဘေးဥပါဒ်မျိုး, အလုံးစုံသော အန္တရာယ်မျိုး, အလုံးစုံသော ကုစား၍မလွယ်သော စိတ်ဝယ် ဆင်းရဲရခြင်း အမျိုးမျိုးတို့သည် လူမိုက်၏ အထံမှသာလျှင် ဖြစ်ပေါ်၍ လာပေကုန်၏၊ ပညာရှိ၏ အထံမှ ဖြစ်ပေါ်၍ လာသည်မဟုတ်ကုန်။

ချစ်သားရဟန်းတို့....၊ ဤသို့လျှင် လူမိုက်သည်ကား အမြဲတမ်း ကြောက်လန့်ဘွယ် ဘေးဘျမ်းနှင့် တကွ ဖြစ်ပေ၏၊ ဥပဒ္ဒဝေါနှင့် တကွ ဖြစ်ပါပေ၏၊ ကုစား၍ မလွယ် စိတ်မသက်သာဘွယ်နှင့်လည်း တကွ ဖြစ်ပေ၏။

ချစ်သားရဟန်းတို့....၊ပညာရှိမှ တစုံတခုသော ဘေးရန်အန္တရာယ်သည် မဖြစ်ပေါ်၊ သို့ရကား သင်ချစ်သားတို့သည် အကြင်ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တည်းဟူသော ဒုစရိုက်တရား သုံးပါးတို့ကြောင့် ဤပုဂ္ဂိုလ်ကား လူမိုက်ဟူ၍ ပညာရှိတို့ သိအပ်ပေ၏၊ ထိုသို့ လူမိုက်၏ အဖြစ်ကို ပြုတတ်သော ဒုစရိုက်သုံးပါးတရားတို့ကို အကြွင်းမဲ့ ရှောင်ကြဉ် ပယ်ရှားပြီးလျှင် အကြင်ကာယ ဝစီ မနောသုစရိုက် သုံးပါးတို့ကြောင့် ပညာရှိပုဂ္ဂိုလ်ဟူ၍ ပညာရှိသူတော်ကောင်းတို့ သိအပ်ပေ၏၊ ထိုပညာရှိ အဖြစ်ကို ပြုတတ်သော သုစရိုက်သုံးပါး တရားတို့ကို ဆောက်တည်၍ ကျင့်ကြကုန်အံ့ ဟူ၍ သင်ချစ်သားတို့သည်လည်း လိုက်နာကြိုးကုတ် ကျင့်ကြံအားထုတ်ရမည်ဟူ၍ ဩဝါဒ အနုသာသနီစကား ထားတော်မူ၍ ဤဘယမည်သော သုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဘယသုတ် ပြီး၏

စိန္တီသုတ်

ပု။ ။တတ္ထဝေ အာဝုသော တတိယံ စိန္တီသုတ္တံ ဘဂဧတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထဝေ ဘဂ္ဂေ စိန္တီသုတ္တံ "တီဏိမာနိ ဘိက္ခဝေ ဗာလဿ ဗာလ-

http://www.dhammadownload.com

လက္ခဏာနိ ဗာလနိမိတ္တာနိ ဗာလာပဒါနာနိ။ကတမာနိ တီဏိ၊ ဣဓ ဘိက္ခဝေ ဗာလော ဒုစ္စိန္တိတစိန္တီ စ ဟောတိ ဒုဘ္ဘာသိတဘာသီ စ ဒုက္ကဋကမ္မကာရီ စာ”တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဗာလဝဂ်၌ပင်လျှင် သုံးခုမြောက် ဖြစ်သော စိန္တိသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဗာလဝဂ်၌ သုံးခုမြောက် စိန္တိမည်သော သုတ္တန်ဒေသနာတော်မြတ်ကို“တီဏိမာနိ ဘိက္ခဝေ ဗာလဿ ဗာလလက္ခဏာနိ ဗာလနိမိတ္တာနိ ဗာလာပဒါနာနိ”အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ လူမိုက်ဟူ၍ သိအပ်ကြောင်း လူမိုက်ဟူ၍ မှတ်ယူအပ်ကြောင်း လူမိုက်၏ထင်ရှားသော အမှုတို့ကား သုံးမျိုးတို့ ရှိကြပေကုန်၏။

လူမိုက်လက္ခဏာ သုံးမျိုး

သုံးမျိုးတို့ဟူသည်မှာ ချစ်သားရဟန်းတို့....၊ ဤလောက၌ လူမိုက်သည် ကြံစည်လျှင်လည်း မနောဒုစရိုက်သုံးပါးတည်းဟူသော မကောင်းသော အကြံအစည်ကိုသာလျှင် ကြံစည်လေ့ ရှိပေသည်၊ ပြောဆိုလျှင်လည်း ဝစီဒုစရိုက်လေးပါးတည်းဟူသော မကောင်းသော စကားကိုသာလျှင် ပြောဆိုလေ့ရှိပေသည်၊ ပြုလျှင်လည်း ကာယဒုစရိုက် သုံးပါးတည်းဟူသော မကောင်းသော အမှုကိုသာလျှင် ပြုလုပ်လေ့ရှိပေသည်။

ချစ်သားရဟန်းတို့ ....၊လူမိုက်ဖြစ်သောပုဂ္ဂိုလ်သည် မကောင်းသော မနောဒုစရိုက်သုံးပါးကို မကြံစည်ပါမူကား မကောင်းသော ဝစီဒုစရိုက်လေးပါးကို မပြောကြားပါမူကား ကာယဒုစရိုက်သုံးပါးကို မပြုပါမူကား အဘယ်မည်သော အကြောင်းဖြင့် ပညာရှိတို့သည် ဤသူကား လူမိုက်ပေတည်း ဟု သိနိုင်ပါကုန်အံ့နည်း။

ချစ်သားတို့....၊စင်စစ်သော်ကား လူမိုက်ဖြစ်သောပုဂ္ဂိုလ်သည် မိမိ၏လူမိုက်အဖြစ်ကို ကောင်းစွာဖော်ပြ သိစေကြောင်း ဖြစ်သည့် မကောင်းသော အကြံအစည်ကို ကြံစည်လေ့ရှိပေသည်၊ မကောင်းသောစကားကိုလည်း

http://www.dhammadownload.com

ပြောကြားလေ့ရှိပေသည်၊ မကောင်းသော ကာယကံအမှုကိုလည်း ပြုလုပ်လေ့ရှိပေသည်၊ ထို့ကြောင့်ပင် ပညာရှိသူတော်ကောင်းတို့သည် ထိုလူမိုက်ကို "ဤပုဂ္ဂိုလ်သည်ကား လူမိုက်ပေတည်း" ဟု ပိုင်းခြားထင်ထင် သိမြင်ရပေကုန်သည်။

ချစ်သားရဟန်းတို့....၊ ဤဆိုအပ်ပြီးသော မကောင်းသော အကြံကို ကြံခြင်း, မကောင်းသော အပြောကိုပြောဆိုခြင်း, မကောင်းသောအမှုကို ပြုခြင်းတရားသုံးပါးတို့သည် လူမိုက်၏ လူမိုက်ဟူ၍သိကြောင်း, လူမိုက်ဟူ၍ မှတ်ယူကြောင်း, လူမိုက်၏အမှုဟူ၍ ထင်ရှားသည့်တရားသုံးမျိုးတို့ဖြစ်ပေတော့သည်။

ပညာရှိလက္ခဏာ သုံးမျိုး

ချစ်သားရဟန်းတို့....ပညာရှိ၏အပေါ် ဝယ်ပညာရှိဟူ၍သိသာကြောင်း, ပညာရှိဟူ၍ မှတ်ယူနိုင်ကြောင်း, ပညာရှိ၏အမှုတို့ဟူ၍ ထင်ရှားသော ကိစ္စတို့သည်ကား သုံးမျိုးတို့ပင် ရှိတော့သည်။ သုံးမျိုးတို့ ဟူသည်မှာ---ကြံစည်လျှင်လည်း ကောင်းသော မနောသုစရိုက် သုံးမျိုးတို့ကိုသာလျှင် ကြံစည်လေ့ရှိပေသည်၊ ပြောကြားလျှင်လည်း ကောင်းသော ဝစီသုစရိုက် လေးပါးတို့ကိုသာလျှင် ပြောကြားလေ့ ရှိပေသည်၊ ကာယကံ အမှုပြုလုပ်သောအခါ၌လည်း ကာယသုစရိုက်သုံးပါးကိုသာလျှင် ပြုလုပ်လေ့ရှိပေတော့သည်။

ချစ်သားရဟန်းတို့....၊ အကယ်၍ပညာရှိသည် ကောင်းသော အကြံအစည်ကို မကြံစည်ပါမူ၊ ကောင်းသောအပြောအဆိုမျိုးကို မပြောဆိုပါမူ၊ ကောင်းသော အမှုမျိုးကို မပြုပါမူ အဘယ်မည်သော အကြောင်းဖြင့် ထိုပညာရှိကို ပညာရှင် ပုဂ္ဂိုလ်တို့က "ဤသူမြတ်သည်ကား ပညာရှိပါပေတည်း" ဟု သိနိုင်ကြကုန်အံ့နည်း၊ စင်စစ်မှာမူ ပညာရှိသူတော်ကောင်း ဖြစ်သော ပုဂ္ဂိုလ်သည် ကောင်းသော အကြံကိုသာလျှင် ကြံစည်လေ့ရှိပေ၏၊ ကောင်းသောစကားကိုသာလျှင် ပြောကြားလေ့ရှိပေ၏၊ ကောင်းသောအမှုကို သာလျှင် ပြုလုပ်လေ့ ရှိပေ၏၊ ထို့ကြောင့် ထိုပညာရှိ ဖြစ်သော ပုဂ္ဂိုလ်ကို အခြားသော ပညာရှင်ပုဂ္ဂိုလ်တို့က "ဤအရှင်သူမြတ်သည်ကား ပညာရှိပါပေတည်း"ဟူ၍ ပိုင်းခြား ထင်ထင် သိမြင်ရပေကုန်၏။

http://www.dhammadownload.com

ချစ်သားရဟန်းတို့....၊ဤဆိုအပ်ပြီးသောကောင်းသော အကြံကို ကြံခြင်း, ကောင်းသော အပြောကို ပြောဆိုခြင်း, ကောင်းသောအပြုကိုပြုမူခြင်း၊ ဤ တရားသုံးပါးအပေါင်းသည် ပညာရှိ ပုဂ္ဂိုလ်၏ ပညာရှိဟူ၍ လူတဖက်သားတို့ သိကြောင်း မှတ်ကြောင်း ထင်ရှားသော တရားသုံးမျိုးတို့ ဖြစ်ပေသည်။

သို့ရကား သင်ချစ်သားတို့သည်လည်း အကြင်ကာယ ဝစီ မနော ဒုစရိုက်သုံးပါးတို့ကြောင့် လူမိုက်ဟူ၍ ပညာရှိတို့ အသိအမှတ် ပြုအပ်၏၊ ထိုကာယ ဝစီ မနော ဒုစရိုက်သုံးပါးတို့ကို ပယ်ရှားပြီးလျှင် ပညာရှိဟူ၍ ပညာရှင်အပေါင်း သူတော်ကောင်းတို့ သိကြောင်းဖြစ်သည့် ကာယ ဝစီ မနော သုစရိုက်သုံးပါး ကောင်းသော တရားကို ဆောက်တည်ပြီးလျှင် ကျင့်ကြံကုန်အံ့ ဟူ၍ သင်ချစ်သားတို့သည် သိက္ခာသုံးပါး တရားကို လိုက်နာပွါးများ အားထုတ်ရာသည်ဟု ဤစိန္တီမည်သော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

စိန္တီသုတ် ပြီး၏

အစ္စယသုတ်

ပု။ ။တတ္ထေဝ အာဝုသော စတုတ္ထံ အစ္စယသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထေဝ ဘန္တေ စတုတ္ထံ အစ္စယသုတ္တံ "တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဗာလော ဝေဒိတဗ္ဗော။ ကတမေဟိ တီဟိ၊ အစ္စယံ အစ္စယတော နပဿတိ၊ အစ္စယံ အစ္စယတော ဒိသ္ဝာ ယထာမ္မေံ နပ္ပဋိကရောတိ၊ပရဿ ခေါ ပန အစ္စယံ ဒေသေန္တဿ ယထာမ္မေံ နပ္ပဋိဂ္ဂဏှာတီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဗာလဝဂ်၌ပင်လျှင် လေးခုမြောက်ဖြစ်သော အစ္စယသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်းငါ့ရှင်....။

ဖြေ။ ။ထိုဗာလဝဂ်၌ပင်လျှင် လေးခုမြောက်ဖြစ်သော အစ္စယမည်သော သုတ္တန်ဒေသနာတော်မြတ်ကို "တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဗာလော ဝေဒိတဗ္ဗော" အစရှိသည်ဖြင့် —

http://www.dhammadownload.com

ချစ်သားရဟန်းတို့....၊သုံးပါးသော တရားတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ဗာလဟူ၍ သိအပ် မှတ်အပ်ပေတော့သည်၊ အဘယ်သုံးပါးသော တရားတို့နှင့် ပြည့်စုံသနည်း ဟူမူကား—

ဗာလ လက္ခဏာ သုံးပါး

(၁) ချစ်သားရဟန်းတို့....၊ မိမိရောက်ရှိသော လွန်ကျူးသော အပြစ်ကို အပြစ်အနေဖြင့် မရှုခြင်းတပါး။

(၂) မိမိသင့်သော ရောက်သော အပြစ်ကို အပြစ်အနေဖြင့်ရှုမြင်ပါသော်လည်း ထိုအပြစ်ကို တရားအားလျော်စွာ မကုစားခြင်း မပပျောက်စေခြင်း သူတပါးအား မကန်တော့ခြင်း သည်းမခံစေခြင်း တပါး။

(၃) သူတပါးတို့က် မတော်တဆ ပြစ်မှုကျူးလွန်သည် ရှိသော် ဝန်ခံတောင်းပန်ကန်တော့ပါသော်လည်း တရားအားလျော်စွာ မခံယူခြင်းတပါး။

ချစ်သားတို့....၊ဤဆိုအပ်ပြီးသော အပြစ်ကို အပြစ်အနေဖြင့် မရှုခြင်း, အပြစ်အနေဖြင့် ရှုပါသော်လည်း တရားအားလျော်စွာ မကုစားခြင်း, သူတပါးတို့က အပြစ်ကိုဝန်ချ တောင်းပန်ပါသော်လည်း တရားအားလျော်စွာ လက်မခံခြင်း၊ ဤသုံးပါးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ဗာလဟူ၍ သိအပ် မှတ်အပ်ပေတော့သည်။

ပဏ္ဍိတ လက္ခဏာ သုံးပါး

ချစ်သားတို့....၊တရားသုံးပါးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ပညာရှိပဏ္ဍိတဟူ၍ သိအပ်မှတ်အပ်ပေတော့သည်၊ သုံးပါးတို့ ဟူသည်မှာ—

(၁) မိမိလွန်ကျူးသော အပြစ်ကို အပြစ်အနေဖြင့် ရှုခြင်းတပါး။

(၂) မိမိလွန်ကျူးသောအပြစ်ကို အပြစ်အနေဖြင့် ရှုပြီးလျှင် တရားအားလျော်စွာ ကုစားခြင်းတပါး။

(၃) သူတပါးတို့က အပြစ်ကို ဝန်ချ တောင်းပန်အပ်သည် ရှိသော် တရားအားလျော်စွာ လက်ခံသည်းခံခြင်းတပါး။

http://www.dhammadownload.com

ချစ်သားရဟန်းတို့....၊ ဤဆိုအပ်ပြီးသော တရားသုံးပါးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ပညာရှိ ပဏ္ဍိတဟူ၍ သိအပ် မှတ်အပ်ပေတော့သည်ဟု ဤအစ္စယ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အစ္စယသုတ် ပြီး၏

မလသုတ်

ပု။ ။တတ္ထေဝ အာဝုသော ဒဿမံ မလသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထေဝ ဘန္တေ ဒဿမံ မလသုတ္တံ "တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော တယော မလေ အပ္ပဟာယ ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။ ကတမေဟိ တီဟိ၊ဒုဿီလော စ ဟောတိ၊ ဒုဿီလျမလဉ္စ အပ္ပဟီနံ ဟောတိ။ကုသိတော စ ဟောတိ၊ ကုသီတမလဉ္စ အပ္ပဟီနံ ဟောတိ။ မစ္ဆရီစ ဟောတိ၊ မစ္ဆေရမလဉ္စ အပ္ပဟီနံ ဟောတီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဗာလဝဂ်၌ပင်လျှင် ဆယ်ခုမြောက်ဖြစ်သော မလသုတ္တန် တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဗာလဝဂ်၌ပင်လျှင် ဆယ်ခုမြောက် မလမည်သော သုတ္တန် ဒေသနာတော်မြတ်ကို "တီဟိ ဘိက္ခဝေ မေ့ဟိ သမန္နာဂတော တယော မလေ အပ္ပဟာယ ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊သုံးမျိုးသော မကောင်းသော တရားတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သုံးပါးသောအညစ်အကြေးတို့ကို မစွန့်ပယ်ဘဲ ထမ်းဆောင်လာသော ဝန်ထုပ်ဝန်ပိုးကို ပစ်၍ ချဘိသကဲ့သို့ ငရဲ၌ ကျရောက်ရာသည်။

http://www.dhammadownload.com

သုံးပါးသော တရားတို့ ဟူသည်မှာ-

(၁) မိမိကိုယ်တိုင်က ဒုဿီလပုဂ္ဂိုလ်ဖြစ်ခြင်း၊ ဒုဿီလျစေတနာတည်း ဟူသော အညစ်အကြေးကို မပယ်စွန့်ရသေးခြင်း။

(၂) မိမိကိုယ်တိုင်က သူတပါးတို့၏ စည်းစိမ်ကို မမြင်နိုင် ဝန်တိုသော ပုဂ္ဂိုလ်ဖြစ်ခြင်း၊ ဣဿာဝန်တိုခြင်းတည်းဟူသော အညစ်အကြေးကို မပယ်စွန့်ရသေးခြင်း၊မိမိကိုယ်တိုင်က သူတပါးတို့၏စည်းစိမ်ကို ငြူစူစောင်းမြောင်းသော ဣဿာသမားဖြစ်ခြင်း၊ ဣဿာတည်းဟူသော အညစ်အကြေးကိုလည်း မစွန့်ပယ်ရသေးခြင်း။

(၃) မိမိကိုယ်တိုင်က ဝန်တိုတတ်သော မစ္ဆရိယသမားဖြစ်ခြင်း၊ ထို မစ္ဆရိယတည်းဟူသော အညစ်အကြေးကို မစွန့်ပယ်ရသေးခြင်း။

ချစ်သားရဟန်းတို့....၊ ဤဆိုအပ်ပြီးသော သီလမရှိခြင်း, ငြူစူစောင်းမြောင်းခြင်း ဝန်တိုခြင်းတည်းဟူသော မကောင်းသော တရားသုံးပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ထိုမကောင်းသော တရားသုံးပါးတည်းဟူသော အညစ်အကြေးကို မစွန့်မပယ်ဘဲ ဤဘဝမှစုတေလတ်သည်ရှိသော် ထမ်းဆောင်လာသော ဝန်ထုပ်ဝန်ပိုးကို ချလိုက်ရာဘိသကဲ့သို့ ငရဲပြည်၌ ဗုံးဗုံးလဲကျရောက်၍သွားရပေတော့သည်။

ချစ်သားရဟန်းတို့....၊သုံ ပါးသောတရားတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် သုံးပါးသော အညစ်အကြေးတို့ကို ပယ်ရှား၍ ထမ်းဆောင်လာသော ဝန်ထုပ် ဝန်ပိုးကို ချလိုက်ရသည့်ပမာ နတ်ရွာလောကဘ၌ ပဋိသန္ဓေတည်နေ ကာပ်ရောက်ရပေတော့သည်။ သုံးပါးတို့ဟူသည်မှာ အဘယ်သည်တို့နည်း ဟူမူကား--

၁။ မိမိကိုယ်တိုင်ကလည်း သီလနှင့်ပြည့်စုံ၍ ဒုဿီလျတည်းဟူသော အညစ်အကြေးကိုဆေးကြောသုတ်သင် ပယ်နှင်ပြီးဖြစ်ခြင်းတပါး။

၂။ မိမိကိုယ်တိုင်ကလည်း ဣဿာမရှိသည်ဖြစ်၍ သူတပါး စည်းစိမ်ကို ငြူစူစောင်းမြောင်းခြင်းဣဿာတည်းဟူသော အညစ်အကြေးကို ဆေးကြောသုတ်သင် ပယ်နှင်ပြီးဖြစ်ခြင်းတပါး။

http://www.dhammadownload.com

၃။ မိမိကိုယ်တိုင်က ဝန်မတိုသည်ဖြစ်၍ မစ္ဆရိယ ဝန်တိုခြင်းတည်း ဟူသော အညစ်အကြေးကို ဆေးကြောသုတ်သင် ပယ်နှင်ပြီး ဖြစ်ခြင်းတပါး။

ချစ်သားရဟန်းတို့....ဤဆိုအပ်ခဲ့ပြီးသော သုံးပါးသော တရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သုံးမျိုးသောအညစ်အကြေးတို့ကို ပယ်ရှား၍ ဆောင်အပ်သော ဝန်ထုပ်ဝန်ပိုးကို ပစ်ချလိုက်ရခြင်းကဲ့သို့ မိမိကိုယ်ကို နတ်ရွာသုဂတိဘဝ ချအပ်သည်မည်ပေတော့သည်ဟု ဤဆိုအပ်ပြီးသော မလ မည်သော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်း အရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင် ဘုရား။

မလသုတ် ပြီး၏

ရထကာရဝဂ်-ဥာဏသုတ်

ပု။ ။ရထကာရဝဂ္ဂေ ပန အာဝုသော ပဌမံ ဥာဏသုတ္တံ ဘဂဝတာ ကထိတံ ဘာသိတံ။

ဝိ။ ။ပဌမံ ဘန္တေ ဥာဏသုတ္တံ "တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥာဏဝာ ဘိက္ခု ဗဟုဇနအဟိတာယ ပဋိပန္နော ဟောတိ ဗဟုဇန ဒုက္ခာယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝ-မနုဿာနံ။ ကတမေဟိ တီဟိ၊ အနနုလောမိကေ ကာယကမ္မေ သမာဒပေတိ၊ အနနုလောမိကေ ဝစီကမ္မေ သမာဒပေတိ၊ အနနု-လောမိကေသု ဓမ္မေသု သမာဒပေတီ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ရထကာရဝဂ်၌ ရှေးဦးစွာသော ဥာဏသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ရထကာရဝဂ်၌ ရှေးဦးစွာသော ဥာဏအမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို "တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥာဏဝာ ဘိက္ခု" အစရှိသည်ဖြင့်—

http://www.dhammadownload.com

လူထုဆင်းရဲစေသောပုဂ္ဂိုလ်

ချစ်သားရဟန်းတို့....၊ သုံးပါးအပြားရှိသော မကောင်းသော တရားတို့နှင့် ပြည့်စုံသော ထင်ရှားကျော်စောသော ရဟန်းသည် များစွာသော လူအပေါင်းဘို့၏ အစီးအပွါးမဲ့အလို့ငှါငင်း များစွာသောလူအပေါင်း ဆင်းရဲရန် အလို့ငှါငင်း ကျင့်ကြံကြိုးကုတ် အားထုတ်သည် မည်ပေ၏၊ များစွာသော လူအပေါင်း၏ အကျိုးမဲ့အလို့ငှါ အစီးအပွါးမဲ့ အလို့ငှါ နတ်လူတို့၏ ဆင်းရဲရန်အလို့ငှါ ကျင့်ကြံကြိုးကုတ် အားထုတ်သည် မည်ပါပေ၏၊ အဘယ်သို့သော မကောင်းသော တရားသုံးပါးတို့နှင့် ပြည့်စုံသနည်း ဟူမူကား—

(၁) သာသနာတော်အား မလျော် မလျောက်ပတ်သော ကာယကံအမှု၌ မိမိနောက်လိုက် နောက်ပါ တပည့်တို့ကို ဆောက်တည်စေခြင်း တပါး။

(၂) သာသနာတော်အား မလျော်မလျောက်ပတ်သည့် ဝစီကံအမှု၌ မိမိ၏ နောက်လိုက်နောက်ပါ တပည့်တို့ကို ဆောက်တည်စေခြင်း တပါး။

(၃) သာသနာတော်အား မလျော်မလျောက်ပတ်သော တရားတို့၌ နောက်လိုက်နောက်ပါ တပည့်တို့ကို ဆောက်တည်စေခြင်းတပါး။

ချစ်သားတို့....၊ ဤဆိုအပ်ပြီးသော မကောင်းသော အနနုလောမိကသမာဒါန-မကောင်းသော ဆောက်တည်စေခြင်း တရားသုံးမျိုးတို့နှင့် ပြည့်စုံသော ထင်လည်း ထင်ရှား ကျော်ကြားသော ရဟန်းသည် များစွာသော လူအပေါင်းတို့၏ အစီးအပွါးမဲ့ အလို့ငှါ ဆင်းရဲရန်အလို့ငှါ ကျင့်ကြံကြိုးကုတ် အားထုတ်သောပုဂ္ဂိုလ်ပင် ဖြစ်ပေတော့သည်၊ များစွာသော လူအပေါင်းတို့ အကျိုးမဲ့ရန် အစီးအပွါးမဲ့ရန် နတ်လူတို့ဆင်းရဲရန် ကျင့်ကြံကြိုးကုတ် အားထုတ်သောပုဂ္ဂိုလ်ပင် ဖြစ်ပေတော့သည်။

လူထုချမ်းသာစေသောပုဂ္ဂိုလ်

ချစ်သားရဟန်းတို့....၊ သုံးပါးသော ကောင်းသောတရားတို့နှင့် ပြည့်စုံသော ထင်ရှားကျော်စောသော ရဟန်းတော်သည်ကား များစွာသော လူ

http://www.dhammadownload.com

အပေါင်းတို့ စီးပွါးချမ်းသာဖြစ်စေရန်အလို့ငှါ ကျင့်ကြံသော ပုဂ္ဂိုလ်မည်ပေတော့သည်၊ များစွာသော လူအပေါင်းတို့ အကျိုးစီးပွါး ဖြစ်ထွန်းရန် အစီးအပွါးတိုးပွါးရန် နတ်လူတို့ ချမ်းသာရန် ကျင့်ကြံကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်ဖြစ်ပေသည်။ သုံးပါးတို့ ဟူသည်မှာ—

(၁) မိမိ၏ နောက်လိုက် နောက်ပါ တပည့်တို့ကို သာသနာတော်အား လျော်လျောက်ပတ်သော ကာယကံအမှု၌ ဆောက်တည်စေခြင်း။

(၂) သာသနာတော်အား လျော်လျောက်ပတ်သော ဝစီကံအမှု၌ ဆောက်တည်စေခြင်း။

(၃) သာသနာတော်အား လျော်လျောက်ပတ်သော အကျင့်ပဋိပတ်၌ ဆောက်တည်စေခြင်း။

ချစ်သားရဟန်းတို့....၊ ဤဆိုအပ်ပြီးသော သာသနာတော်အား လျော်လျောက်ပတ်သော ကာယကံအမှု၌ ဆောက်တည်စေခြင်း ဝစီကံအမှု၌ ဆောက်တည်စေခြင်း အကျင့်ပဋိပတ်၌ ဆောက်တည်စေခြင်းတည်းဟူသော ကောင်းသောတရားသုံးပါးတို့နှင့် ပြည့်စုံသော ထင်ရှားကျော်စောသော ရဟန်းတော်အရှင်သူမြတ်သည် များစွာသောလူအပေါင်းတို့ စီးပွါးချမ်းသာအလို့ငှါ များစွာသောလူအပေါင်းတို့ အကျိုးတရားစီးပွါးဖြစ်ထွန်းရန် အလို့ငှါ နတ်သူတို့ ချမ်းသာရန် အလို့ငှါ ကျင့်ကြံကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်မည်ပေသည်ဟု ရှေးဦးစွာသော ဉာတအမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဉာတသုတ် ပြီး၏

အာသံသသုတ်

ပု။ ။တတ္ထေ အာဝုသော တဘိယံ အာသံသသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထေ ဘန္တေ တဘိယံ အာသံသသုတ္တံ "တယောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ တယော နိရာသော အာသံသော ဝိဂတာသော" တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

http://www.dhammadownload.com

မေး။ ။ထိုရထကာရဝဂ်၌ပင်လျှင် သုံးခုမြောက် ဖြစ်သော အာသံသ-သုတ်အမည်ရှိသော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်း အရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်.... ။

ဖြေ။ ။ထိုရထကာရဝဂ်၌ သုံးခုမြောက် အာသံသအမည်ရှိသော သုတ္တန်ဒေသနာတော် မြတ်ကို "တယောမေ။ပ။ဝိဂတာသော" အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....၊ ဤလောကဌ် ပုဂ္ဂိုလ်သုံးမျိုးတို့ ထင်ရှားရှိကြကုန်သည်။ ပုဂ္ဂိုလ်သုံးမျိုးတို့ ဟူသည်မှာ—

(၁) အာသာမရှိသော ပုဂ္ဂိုလ်လည်း တပါး

(၂) အာသာရှိသော ပုဂ္ဂိုလ်လည်း တပါး

(၃) အာသာငြိမ်း၍ အာသာကင်းသော ပုဂ္ဂိုလ်လည်း တပါး ဟု သုံးမျိုးရှိပေတော့သည်။

အာသာမရှိသော ပုဂ္ဂိုလ်

ချစ်သားတို့....၊အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်သည် အာသာမရှိသော ပုဂ္ဂိုလ် မည်ပါသနည်း။ ချစ်သားတို့....၊ဤလောကဌ် အခွါသော ပုဂ္ဂိုလ်သည် ယုတ်ညံ့သော စဏ္ဍာလ ဒုဿီးစဏ္ဍားစသောအမျိုးဌ် ပဋိသန္ဓေတည်နေကပ် ရောက်ရ၏၊ ခဲယဉ်းပင်ပန်းစွာ အဝတ်အစားတို့ကိုလည်း ရပေ၏၊ အရုပ် အဆင်းအားဖြင့်လည်း လွန်စွဲလွန်စွာ ဥပဓိ ညံ့ဖျင်းလှပေ၏၊ ချစ်သားတို့ ထိုမည်သော ပုဂ္ဂိုလ်သည် ဤမည်သော သတင်းကောင်းကို ကြားလေရာ၏၊ အဘယ်သို့ ကြားရာသနည်း ဟူမူကား- ဤအမည်ရှိသော မင်းသားကို ဤ အမည်ရှိသော မင်းအပေါင်းတို့က ခတ္တိယအဘိသိက်ဖြင့် အဘိသိက်သွန်း အပ်ပြီဟူ၍ သတင်းစကားကို ကြားသိရာ၏၊ ချစ်သားတို့....၊ထိုသို့ယုတ်ညံ့ သော ဒုဿီးစဏ္ဍားအစရှိသော အမျိုးဌ်ဖြစ်သော ပုဂ္ဂိုလ်သည် ထိုသတင်း စကားကို ကြားပင် ကြားပါသော်လည်း "ငါ့ကို အဘယ်အခါဌ် မင်းအပေါင်း တို့သည် ခတ္တိယအဘိသိက်ဖြင့် အဘိသိက်သွန်းကြကုန်အံ့နည်း" ဟူ၍ တောင့် တခြင်း လိုလားခြင်း ကြံစည်ခြင်း မဖြစ်ပေ၊ ချစ်သားတို့....၊ ဤဆိုအပ်ပြီး သော ပုဂ္ဂိုလ်မျိုးသည် မင်းအဖြစ်ဌ် အာသာမရှိသော ပုဂ္ဂိုလ်မျိုး ဖြစ်ပေ တော့သည်။

http://www.dhammadownload.com

အာသာရှိသော ပုဂ္ဂိုလ်

ချစ်သားတို့....၊အဘယ်ပုဂ္ဂိုလ်သည် မင်းအဖြစ်၌ အာသာရှိသောပုဂ္ဂိုလ် မျိုးဖြစ်သနည်း၊ ဤလောက၌ ခတ္တိယဂိုဏ်းဝင် အဘိသိက်သွန်းပြီးသော မင်း၏ အရွယ်သို့ရောက်ရှိပြီးသော ရုပ်ဆင်းအင်္ဂါ ကြွန်အင်လက္ခဏာနှင့် ပြည့်စုံသဖြင့် အဘိသိက်သွန်းခြင်းငှါလည်း ထိုက်ပေသော အဘိသိက် မသွန်း ရသေးသော သားကြီးသြရသမင်းသားသည် ရှိရာ၏၊ ထိုမင်းသားသည် "ဤအမည်ရှိသော မင်းသားတယောက်ကို ခတ္တိယမင်းအပေါင်းတို့က ခတ္တိယအဘိသိက်ဖြင့် အဘိသိက်သွန်းအပ်ပြီတဲ့"ဟူ၍ သတင်းကောင်းကို ကြားသိသော်အခါ ထိုမင်းလောင်းဖြစ်သော မင်းသား၏ စိတ်သန္တာန်ဝယ် "အဘယ်အခါ၌လည်း ငါ့ကို ခတ္တိယဂိုဏ်းဝင် မင်းအပေါင်းတို့သည် ခတ္တိယ အဘိသိက်ဖြင့် အဘိသိက်သွန်းလောင်းကြပါကုန်လိမ့်မည်နည်း" ဟူ၍ အကြံ အစည် ဖြစ်ပေတော့သည်၊ ချစ်သားတို့....၊ ဤဆိုအပ်ပြီးသော ပုဂ္ဂိုလ်သည် ကား အာသာရှိသော ပုဂ္ဂိုလ်ပင် ဖြစ်တော့သည်။

အာသာငြိမ်းပြီးသော ပုဂ္ဂိုလ်

ချစ်သားတို့....၊အာသာငြိမ်းပြီးသော ပုဂ္ဂိုလ်ဟူသည် အဘယ်ပုဂ္ဂိုလ် မျိုးနည်း ဟူမူကား-ဤလောက၌ ခတ္တိယအဘိသိက်ဖြင့် အဘိသိက်သွန်းပြီး သော မင်းဖြစ်သောပုဂ္ဂိုလ်သည် ရှိရာပေသည်၊ ထိုအဘိသိက်သွန်းပြီးသော မင်းသည် "ဤမည်သော မင်းကို ခတ္တိယဂိုဏ်းဝင် မင်းအပေါင်းတို့ ခတ္တိယ အဘိသိက်ဖြင့် အဘိသိက်သွန်းပြီ"ဟု သတင်းကောင်းစကား ကြားနာပါသော်လည်း "ငါ့ကိုလည်း အဘယ်မည်သော အခါ၌ ခတ္တိယမင်းအပေါင်း တို့က ခတ္တိယအဘိသိက်ဖြင့် အဘိသိက်သွန်းကြပါကုန်လိမ့်မည်နည်း" ဟူ၍ ကြံစည်ခြင်း တောင့်တခြင်း အလျဉ်းမရှိပေ၊ အကြောင်းသော်ကား မိမိ တောင့်တရန် ဖြစ်သော ခတ္တိယအဘိသိက်ကို အဘိသိက်သွန်းလောင်းပြီး ဖြစ်သောကြောင့်ပင် ဖြစ်တော့သည်။ ချစ်သားတို့....၊ဤပုဂ္ဂိုလ်မျိုးကိုကား အာသာကင်းပြီး အာသာငြိမ်းပြီးသော ပုဂ္ဂိုလ်တို့ဟူ၍ ဆိုအပ်ပေတော့သည်။

ချစ်သားတို့....၊ဤလောက၌ အာသာမရှိသော ပုဂ္ဂိုလ်, အာသာရှိသော ပုဂ္ဂိုလ်, အာသာငြိမ်းပြီး ကင်းပြီးသောပုဂ္ဂိုလ် ဟု သုံးမျိုးရှိသကဲ့သို့ ထို့

http://www.dhammadownload.com

အတူသာသျှင်ပင် ရဟန်းတော်တို့၌လည်း အာသာမရှိသော ပုဂ္ဂိုလ်,အာသာရှိသောပုဂ္ဂိုလ်, အာသာငြိမ်းပြီးကင်းပြီးသောပုဂ္ဂိုလ်ဟူ၍ သုံးမျိုးရှိသည်။

အာသာမရှိသော ရဟန်း

အဘယ်မည်သောပုဂ္ဂိုလ်ကို အာသာမရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုရပါသနည်း၊ ဤသာသနာတော်၌ သီလလုံးလုံးမရှိသော ဒုဿီလပုဂ္ဂိုလ်သည် ထင်ရှားရှိပေ၏၊ထိုဒုဿီလပုဂ္ဂိုလ်သည် "ဤမည်သော အရှင်မြတ်ကား အရဟတ္တဖိုလ်ပေါက်ရောက်တော်မူပြီတဲ့" ဟူ၍ သတင်းကောင်းစကား ကြားပြောပါသော်လည်း "ငါသည် အဘယ်မည်သောအခါ၌ ထိုအရှင်သူမြတ်ကဲ့သို့ အရဟတ္တဖိုလ်ပေါက်ရောက် ရပါအံ့နည်း" ဟူ၍ တောင့်တခြင်း ကြံစည်ခြင်း အလိုရှိခြင်း အလျဉ်းမရှိ၊ ချစ်သားတို့....၊ ဤသည်ကား အာသာမရှိသောပုဂ္ဂိုလ်ပင် ဖြစ်တော့သည်။

အာသာရှိသော ရဟန်း

ချစ်သားရဟန်းတို့....၊အာသာရှိသောပုဂ္ဂိုလ်ဟူသည် အဘယ်မည်သော ပုဂ္ဂိုလ်မျိုးနည်း ဟူမူကား-ဤသာသနာတော်၌ အကြင်ရဟန်းသူမြတ်သည် စဘုပါရိသုဒ္ဓိသီလနှင့်လည်း ပြည့်စုံပေ၏၊ ကောင်းမြတ်သော အကျင့်တရားနှင့်လည်း ပြည့်စုံပေ၏၊ ထိုသီလဝန္တ ကလျာဏမွေဖြစ်သော သူမြတ်သည် "ဤမည်သော မထေရ်သူမြတ်ကား အရဟတ္တဖိုလ်ပေါက်ရောက်တော်မူပြီတဲ့" ဟု သတင်းကောင်းစကားကို ကြားလျှင်ပင် "ငါသည်လည်း အဘယ်မည်သောကာလ၌ အရဟတ္တဖိုလ်ကို မျက်မှောက် ပြုရပါလိမ့်မည်နည်း" ဟု အရဟတ္တဖိုလ်မျက်မှောက်ပြုဘို့ရန် တောင့်တတော့၏၊ အလိုရှိတော့၏၊ ကြံစည်တော့၏။ ချစ်သားတို့....၊ ဤရဟန်းကို အလိုရှိသော ရဟန်းဟူ၍ ဆိုအပ်ပေတော့သည်။

အာသာငြိမ်းပြီးသော ရဟန်း

ချစ်သားတို့....၊ အဘယ်မည်သောရဟန်းကို အာသာငြိမ်းပြီး, အာသာကင်းပြီးသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်သနည်း။ ချစ်သားတို့....၊ ဤသာသနာတော်၌ ကိလေသာ အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာ အရှင်သူမြတ်သည် "ဤမည်သော မထေရ်သူမြတ်ကား အရဟတ္တဖိုလ်ပေါက် ရောက် ပြီတဲ့"

http://www.dhammadownload.com

ဟူ၍ သတင်းကောင်းစကား ကြားသိခြားသော်လည်း "ငါသည်လည်း အဘယ်အခါ၌ အရဟတ္တဖိုလ်ပေါက်ရောက် ရပါလိမ့်မည်နည်း" ဟူ၍ အလိုရှိခြင်း တောင့်တခြင်း အလျဉ်းမရှိ၊ အကြောင်းသော်ကား မိမိသည် ဇွေးအခါ၌ မလွတ်မြောက်သေးသောအခါ လွတ်မြောက်လိုသော အာသာသည် ဖြစ်ခဲ့သည်၊ ထိုအချိန်မှာမူ လွတ်မြောက်ပြီဖြစ်၍ ထိုလွတ်မြောက်လိုသော အာသာကား ငြိမ်းပြီးဖြစ်တော့သည်။ချစ်သားတို့....၊ရဟန္တာပုဂ္ဂိုလ်သည်ကား အာသာငြိမ်းပြီး, အာသာကင်းပြီးသော ပုဂ္ဂိုလ်ပင် ဖြစ်တော့သည်။

ချစ်သားတို့....၊ ဤသာသနာတော်၌ ရဟန်းတော်ဘောင်ဝယ် ဤဆို အပ်ပြီးသောအတိုင်း အရဟတ္တဖိုလ်ကို အာသာရှိသောရဟန်း, အာသာ မရှိသောရဟန်း, အာသာငြိမ်းပြီးသောရဟန်းဟူ၍ သုံးပါးပင်ရှိပေသည်ဟု အာသံသမည်သော သုတ္တန် ဒေသနာတော်မြတ်ကို လျော်ကန်ဆို အပ်ပြီးသော အခြင်းအရာဖြင့် သမ္မာညူမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အာသံသသုတ် ပြီး၏

သစေတနသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အဂ်ုတ္တရနိကာယေ တိကနိပါတေ ရထကာရဝဂ္ဂေ ပဉ္စမံ သစေတနသုတ္တံ ကတ္ထ ကဿ ကထဉ္စ ဘာသိတံ။

ဝိ။ ။ဗာရာဏသိယံ ဘန္တေ သမ္မဟုလာနံ ဘိက္ခူနံ အာရဗ္ဘ "ဘူတပုဗ္ဗံ ဘိက္ခဝေ ရာဇာ အဟောသိ သစေတနော နာမ၊အထ ခေါ ဘိက္ခဝေ ရာဇာ သစေတနော ရထကာရံ အာမန္တေသိ ဣတော မေ သမ္မ ရထကာရ ဆန္နံ မာသာနံ ပစ္စယေန သဂ်ိမော ဘဝိဿတိ သက္ခိဿသိ မေ သမ္မ ရထကာရနဝံ စက္ကယုဂံ ကာတု" န္တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုမြတ်စွာဘုရားသခင်သည် အဂ်ုတ္တရနိကာယ် တိကနိပါတ် ရထကာရဝဂ်၌ ငါးခုမြောက်ဖြစ်သောသစေတန သုတ်အမည်ရှိသော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌

http://www.dhammadownload.com

အဘယ်အမည်ရှိသောပုဂ္ဂိုလ်အား အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောအရပ်ဝယ် မျှားစွာသော ရဟန်းတော်တို့အား "ဘူတပုဗ္ဗံ ဘိက္ခဝေ ရာဇာ အဟောသိ သစေ-တဓနာ နာမ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ ရှေးဦးဖြစ်ဘူးသော အကြောင်းထူးသော်ကား သစေတန အမည်ရသော မင်းတပါးသည် ဖြစ်ခဲ့ဘူးသည်၊ ချစ်သားတို့....၊ ထိုအခါဝယ် သစေတနမင်းသည် ရထားပြုလုပ်သော ရထားဆရာကိုခေါ်၍ "ဣတော မေ သမ္မရထကာရ ဆန္နံ မာသာနံ အစ္စယေန သင်္ဂါမော ဘဝိဿတီ" အစရှိသည်ဖြင့်—

အချင်းရထားဆရာ....၊ယနေ့မှသည်ခြောက်လလွန်မြောက်သောကာလ၌ ငါ့အား စစ်တိုက်ရန် ကိစ္စတခုပေါ်လိမ့်မည်၊ အသင် ရထားဆရာသည် အသစ်ဖြစ်သော ရထားဘီးအစုံကို ပြုလုပ်ခြင်းငှါ စွမ်းနိုင်ပါအံ့လော့ဟု မေးမြန်းလတ်ံပသည်။

ရထားဘီးနှစ်ခု

ထိုအခါ ရထားဆရာက "သင်္ကောမိ ဒေဝ-အရှင်မင်းကြီး....ပြုလုပ်ခြင်းငှါ စွမ်းနိုင်ပါ၏" ဟုပြန်ကြား လျှောက်ထားပြီးလျှင် ထိုရထားဆရာသည် ခြောက်ရက် လျှော့သော ခြောက်သအဘွင်းဝယ် ရှေးဦးစွာ ရထားဘီး တခုကို ပြုလုပ်၍ ပြီးစီးခဲ့ပေသည်။

ထိုအခါ သစေတနမင်းတရားက ရထားဆရာကို ခေါ်ယူပြီးလျှင် ရထားဆရာ....၊ရထားဘီးတို့ ပြီးစီးပါမည်လော။ ယနေ့မှသည် ခြောက်ရက် လွန်မြောက်သောကာလ၌ ငါ့အား စစ်ပွဲဖြစ်ပါလိမ့်မည် ဟု မိန့်ကြားတော်မူလတ်သောအခါ ရထားဆရာသည်—

အိုအရှင်မင်းကြီး....၊ခြောက်ရက်လျှော့သောခြောက်လတို့ဖြင့် တခုသော ရထားဘီးကို ပြုလုပ်၍ ပြီးစီးခဲ့ပါလေပြီဟု လျှောက်ထားသည်တွင် ကျန်သော ခြောက်ရက်ဖြင့် ကျန်သောရထားဘီးတခုကို ပြုလုပ်၍ ပြီးနိုင်ပါအံ့လော ဟု မေးမြန်း လတ်ံပြန်သည်။

http://www.dhammadownload.com

ပြီးစီးနိုင်ပါကြောင်း ပြန်ပြောင်း လျှောက်ထားပြီးလျှင် ထိုရထားဆရာသည် ခြောက်ရက်ဖြင့်ပင်လျှင် ကျန်သော ရထားထားဘီးတခုကို ပြုလုပ်ပြီးစီးစေ၍အစုံဖြစ်သော ရထားဘီးတို့ကို ယူပြီးလျှင်သစေတနမင်းတရားအား ဆက်သပေသည်။

ထိုအခါ သစေတနမင်းတရားက ရထားဘီးအစုံကို ကြည့်ရှုပြီးလျှင် "အချင်း၊ ရထားဆရာ....၊ဤရထားဘီးအစုံတို့၏ ထူးခြားကဲ့ပြားချက်မျှား ရှိပါသလား၊ ငါသည် တမူကား ဤရထားဘီး အစုံတို့၏ ထူးခြားကဲ့ပြားချက်ကို မမြင်ရပါဟု" မိန့်ကြားတော် မူလတ်သည်တွင်—

ရထားဘီးချင်း ကွာခြားပုံ

အရှင်မင်းကြီး....၊ဤရထားဘီး အစုံတို့၏ ထူးခြား ကဲ့ပြားချက်ကား ရှိပါသည်။ ကဲ့လဲ့ချက်ကို အရှင်မင်းကြီး ရှုတော် မူပါဟု လျှောက်ထားပြီးလျှင် ထိုရထားဆရာသည် ရှေးဦးစွာ ခြောက်ရက်ဖြင့်ပြုလုပ် ပြီးစီးစေအပ်သော ရထားဘီးကို တအားကုန် လှိမ့်လိုက်ပေသည်၊ ထိုအခါ ထိုခြောက်ရက်ဖြင့် ပြီးစေအပ်သော ရထားဘီးသည် အဟုန်ရှိသမျှသွဲးပြီးလျှင် အဟုန်ကုန်သော ကာလ၌ ထန်းရွက်စကြာပမာ ချာချာလည်၍ မြေကြီး၌ တိမ်းလဲခဲ့ပေသည်။

နောက်ဘဖန် ခြောက်ညဉ့်ယုတ်ဖြစ်သော (ခြောက်ရက်လျော့ဖြစ်သော) ခြောက်လတို့ဖြင့် ပြုလုပ်ပြီးစေအပ်သော ရထားဘီးကို လှိမ့်လိုက်သော အခါ ရှေးနည်းအတူပင်လျှင် အဟုန်ရှိသမျှ သွဲး၍ အဟုန်ကုန်လတ်သောအခါ ဝင်ရိုးဖြင့် စွပ်ထားအပ်ဘီသကဲ့သို့ မတ်မတ်ခိုင်ကျည် ရပ်တည်၍ နေပေတော့သည်။

ချစ်သားရဟန်းတို့....၊ ထိုအခါ သစေတနမင်းတရားကြီးက ရထားဘီးနှစ်ခုတို့၏မတူ ထူခြားကဲ့ပြားရခြင်း အကြောင်းကို မေးမြန်းတော်မူသည်တွင် ရထားဆရာက ပြန်ကြားလျှောက်ထားသည်မှာ—

အိုအရှင်မင်းကြီး....၊ခြောက်ရက်ဖြင့် ပြုလုပ်ပြီးစေအပ်သော ပဌမရထားဘီး၏အကွပ်သည်၎င်း အကန့်တို့သည်၎င်း ပုံတော်အချက်သည်၎င်း ကွေးခြင်း ကောက်ခြင်းတည်းဟူသော အပြစ်ဒေါသ အနိမ့် အမြင့်တည်းဟူသော အပြစ်ဒေါသ အကာအဖေး အမှေးပါခြင်းတည်းဟူသော အပြစ်ဒေါသ

http://www.dhammadownload.com

ရှိပါသည်၊ ထို့ကြောင့်ပင်လျှင် အဟုန်ကုန်သောအခါ ထိုရထားဘီးသည် ထန်းရွက်စကြာပမာ ချာချာလည်၍ မြေကြီး၌ တိမ်းလဲပါတော့သည်။

ခြောက်ညှင်ယုတ်ဖြစ်သော ခြောက်လတို့ဖြင့်ပြုလုပ်ပြီးစီးစေအပ်သော ရထားဘီး၏ကား အကွပ်သည်၎င်း အကန့်တို့သည်၎င်း အချက်ပုံတော်၎င်း သည်၎င်း တစုံတခု ကွေးကောက်ခြင်းမရှိပါ၊ အနိမ့် အမြင့်တည်းဟူသော အပြစ်ဒေါသလည်း မရှိပါ၊ အကာ အဖေး အမွေးလည်း မပါမရှိပါ။ ထို့ကြောင့်ပင် ထိုရထားဘီးသည် အဟုန်ကုန်လတ်အောအခါ ဝင်ရိုးဖြင့် ခတ် တပ်အပ်ဘိသကဲ့သို့ မတ်မတ်ခိုင်ကျည် ရပ်တည်၍ နေပါသည်ဘုရားဟု ပြန်ကြားလျောက်ထားခဲ့ပေသည်။

ရထားဆရာကား ငါဘုရားပင်

ချစ်သားရဟန်းတို့....၊သင်ချစ်သားတို့၏ စိတ်သန္တာန်ဝယ် ထိုစဉ်ကာလ ရထားဆရာသည် အခြားတပါးသော ပုဂ္ဂိုလ်ပင် လေလောဟု တွေးတော ယုံမှား ရှိသော်မူ ရှိလေရာ၏၊ ထိုသို့ မမှတ်အပ်ပေ၊ ချစ်သားရဟန်းတို့....၊ ငါဘုရားသည်ပင်လျှင် ထိုစဉ်ကာလက ရထားပြုလုပ်သော ရထားဆရာဖြစ်ခဲ့ပေသည်၊ငါဘုရားသည် ထိုရထားပြုလုပ်သောဆရာဖြစ်စဉ်ကာလက သစ်တို့၏ အဖျော်ဝယ် ကွေးကောက်ခြင်းတည်းဟူသော အပြစ်ဒေါသ အနိမ့်အမြင့်တည်းဟူသောအပြစ်ဒေါသ အကာအဖေး အမွေးတည်းဟူသော ကသာဝ ဤအရာ၌ ကျွမ်းကျင်လိမ်မာ ပယ်ရှားခြင်းငှါ စွမ်းနိုင်ခဲ့ပေသည်။

ချစ်သားရဟန်းတို့....၊ယခုသော်တမူ ငါဘုရားသည် နတ်လူပြဟ္မာတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ဥေယျဓံတရားတို့ကို ပိုင်းခြားကုန်စင်သိမြင်တော်မူပေသော သမ္မာသမ္ဗုဒ္ဓစင်စစ်ဘုရားဖြစ်ခဲ့လေပြီ။

ယခု ဘုရားဖြစ်တော်မူသောအခါ ၌ကား ကာယဝင်္ကတည်းဟူသော ကာယဒုစရိုက် တည်းဟူသော ကာယဒုစရိုက်၌ ဖြစ်ပေါ်သည့် အပြစ်ဒေါသ၊ ကာယဒုစရိုက် ဖြစ်ပေါ်သည့် အကာအဖေး အမွေးဘို့၌ ပယ်ရှားခြင်းငှါ လွန်စွာ လွန်စွာ လိမ်မာလှပေ၏။

ချစ်သားရဟန်းတို့....၊ဝစီဒုစရိုက်လေးပါးတည်းဟူသော ဝစီဝင်္က၊ ဝစီဒေါသ၊ ဝစီဒုစရိုက်ဖြစ်ပေါ်လာသည့် အကာအဖေး အမွေးတို့ကို ပယ်ရှားခြင်းငှါ လွန်စွာလွန်စွာ လိမ်မာ ကျွမ်းကျင်ပေ၏။

http://www.dhammadownload.com

ချစ်သားရဟန်းတို့....၊ မနောဒုစရိုက်တည်းဟူသော စိတ်၏ ကွေး ကောက်ခြင်း မနောဝင်္ကံ၊ စိတ်၏ အပြစ်တည်းဟူသော မနောဒေါသ၊ စိတ်၌ ပေါ်ပေါက်တတ်သည့် မနောဒုစရိုက်တည်းဟူသော အကာအဖေး အမှေး တို့ကိုလည်း ပယ်ရှားခြင်းငှါ ငါဘုရားသည် စွမ်းဆောင်လိမ်မာလှပေ၏။

ဝင်္ကံသုံးပါး မပယ်ရှားရသေးလျှင်

ချစ်သားရဟန်းတို့....၊အမှတ်မထင် အကြင်သို့သော သဘောရှိသော ဘိက္ခုဘိက္ခုနီ၏သန္တာန်ဝယ် ဆိုအပ်ပြီးသော ကာယဒုစရိုက်တည်းဟူသော ကာယဝင်္ကံ, ဝစီဒုစရိုက်တည်းဟူသော ဝစီဝင်္ကံ,မနော ဒုစရိုက်တည်းဟူသော မနောဝင်္ကံ တရားကို မပယ်ရှားအပ်သေးချေ။

ချစ်သားရဟန်းတို့....၊ထိုသို့ ကာယ ဝစီ မနော ဒုစရိုက်တည်းဟူသော ကာယဒွါရ၌ ကွေးကောက်မှု, ဝစီဒွါရ မနောဒွါရ၌ ကွေးကောက်မှုတို့ကို မပယ်ရှားရသေးသော့ ထိုဘိက္ခု ဘိက္ခုနီတို့သည် ရှေးဆိုအပ်ပြီးသော ခြောက်ရက်ဖြင့် ပြုလုပ်ပြီးစေအပ်သော ရထားဘီးပမာ ဤသာသနာတော်မှ ဗုံးဗုံးလဲ၍ ကျကုန်ရာ၏။

ချစ်သားရဟန်းတို့....၊ အကြင်သို့ သဘောရှိသော ဘိက္ခုဘိက္ခုနီ၏ သန္တာန်ဝယ် ကာယဒုစရိုက် တည်းဟူသော ကာယဝင်္ကံ, ဝစီဒုစရိုက်တည်းဟူသော ဝစီဝင်္ကံ, မနောဒုစရိုက်တည်းဟူသော မနောဝင်္ကံ စိတ်၏ အကောက်တရား၊ ဤတရား သုံးမျိုးကို ပယ်ရှားပြီး ဖြစ်ပေ၏၊ချစ်သားရဟန်းတို့....၊ထိုသို့ သဘောရှိသော ဘိက္ခု ဘိက္ခုနီတို့သည် ခြောက်ညဉ့်ယုတ်ဖြစ်သော ခြောက် လတို့ဖြင့် ပြုလုပ်ပြီးစေအပ်သော အပြစ်ဒေါသ ကင်းစင်သော ရထားဘီးပမာ ဤသာသနာတော်၌ မတ်မတ်ခိုင်ကျည် တည်နေနိုင်ပေတော့သည်။

သို့ရကား သင့်ချစ်သားတို့သည် ကာယဒုစရိုက်သုံးပါးတည်းဟူသော ကာယဒွါရ၌ ကောက်ကွေးမှု ကာယဝင်္ကံ, ကာယဒွါရ၌ဖြစ်ပေါ် တတ်သော အပြစ်ဒေါသ, ကာယဒွါရ ဖြစ်ပေါ် တတ်သည့် အကာအဖေး အမှေးတို့ကိုငင်း၊ ဝစီဒုစရိုက်လေးပါးတည်းဟူသော ဝစီဝင်္ကံ၊ မနောဒုစရိုက်သုံးပါးတည်းဟူ သော စိတ်၌ ဖြစ်ပေါ် တတ်သည့် အကောက် အကွေး, စိတ်၌ ဖြစ်ပေါ် တတ် သည့် အပြစ်ဒေါသ, စိတ်၌ ဖြစ်ပေါ် တတ်သည့် အကာ အဖေး အမှေးတို့ကို ငါတို့ကား ပယ်ရှားကုန်အံ့ ဟူ၍ သင်ချစ်သားတို့သည် သမ္မပ္ပဓာန် လုံ့လ

http://www.dhammadownload.com

ဝီရိယ အရင်းခံ၍ ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၏ ဟူ၍ သစေတန အမည်ရသော သုတ္တန် ဒေသနာတော် မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သစေတနသုတ် ပြီး၏

အပဏ္ဏကသုတ်

ပု။ ။တတ္ထေဝ အာဝုသော ဆဋ္ဌံ အပဏ္ဏကသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ဆဋ္ဌံ ဘန္တေ အပဏ္ဏကသုတ္တံ "တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အပဏ္ဏကပဋိပဒံ ပဋိပန္နော ဟောတိ၊ ယောနိ စဿ အာရဒ္ဓါ ဟောတိ အာသဝါနံ ခယာယ။ ကဘမေဟိ တီဟိ ဣဓ ဘိက္ခဝေ ဘိက္ခု ဣန္ဒြိယေသုဂုတ္တဒ္ဒါရော ဟောတိ၊ ဘောဇနေ မတ္တညူ ဟောတိ၊ ဇာဂရိယမနုယုတ္တော ဟောတိ" တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုရထကာရဝဂ်၌ပင်လျှင် ခြောက်ခုမြောက်ဖြစ်သောအပဏ္ဏကသုတ်အမည်ရှိသော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုရထကာရဝဂ်၌ပင်လျှင် ခြောက်ခုမြောက် [illegible] အပဏ္ဏက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "တီဟိ [illegible] ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အပဏ္ဏကပဋိပဒံ ပဋိပန္နော ဟောတိ" [illegible] သည်ဖြင့်—

ချစ်သားရဟန်းတို့....၊ သုံးပါးသော တရားတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် မချွတ်မယွင်းမှန်ကန်သော အကျင့်ပဋိပတ်ကို ကျင့်ကြံသောပုဂ္ဂိုလ်မည်ပေ၏၊ အဘယ်တရား သုံးပါးတို့နှင့်ပြည့်စုံသနည်း ဟူမူကား-ချစ်သားရဟန်းတို့....၊ ဤ ငါဘုရား သာသနာတော်ဝယ် ရဟန်းတော် အရှင်သူမြတ်သည်—

(၁) ဣန္ဒြေ ခြောက်ပါး တံခါးကြီး ခြောက်ပေါက်တို့၌ လုံခြုံစေအပ်စောင့်ရှောက် ပိတ်ဆို့အပ်သော တံခါးလည်း ရှိပေ၏။

http://www.dhammadownload.com

(၂) ဆွမ်း ခဲဘွယ် ဘောဇဉ်ကို သုံးဆောင်ရာ၌ အတိုင်း အရှည်ကို လည်း သိပေ၏။

(၃) နိုးကြားခြင်း၌လည်း အမြဲတစေ အားထုတ်ခြင်း ရှိပေ၏။

ချစ်သားရဟန်းတို့....၊ ဤသာသနာတော်၌ အဘယ်သို့လျှင် ဤနွေ ခြောက်ပါး တံခါးကြီးခြောက်ပေါက်တို့၌ လုံခြုံစေအပ်သော တံခါးရှိသနည်း ဟူမူကား—ဤသာသနာတော်၌ ရဟန်းတော် အရှင်သူမြတ်သည် စက္ခုဒ္ဒါရဖြင့် ရူပါရုံကို မြင်၍ရင်း သောတဒ္ဒါရဖြင့် သဒ္ဒါရုံကို ကြား၍ရင်း ဃာန ဒ္ဒါရဖြင့် ဂန္ဓာရုံကိုနံ၍ရင်း ဇိဝှါဒ္ဒါရဖြင့် ရသာရုံကိုလျက်၍ရင်း၊ ကာယ ဒ္ဒါရဖြင့် ဖောဋ္ဌဗ္ဗာရုံကိုတွေ့ထိ၍ရင်း မနောဒ္ဒါရဖြင့် ဓမ္မာရုံကိုသိမြင်၍ရင်း ဤထို့ ပုရိသအစရှိသော နိမိတ်ကိုလည်းမယူ၊ လက်ခြေအစရှိသော အစိတ် အင်္ဂါကြီးငယ်ကိုလည်း မမှတ်မယူ၊ ဒ္ဒါရခြောက်ပါးကို လုံခြုံစွာ မစောင့် စည်းခြင်း ဟူသော အကြောင်းကြောင့် အကြင်သို့ သဘောရှိသော အဘိဇ္ဈာ ဒေါမနဿအစရှိသော အကုသိုလ်တရားတို့ တံခါးကို မလုံခြုံစေသော ရဟန်းကို လွှမ်းမိုးနှိပ်စက် ဖြစ်ပွါး၍ လာရာကုန်သည်၊ ထို့ဒ္ဒါရခြောက်ပါးကို လုံခြုံစိမ့်သောဌါ ကျင့်ကြံကြိုးကုတ် အားထုတ်၍ နေပေသည်။ ဒ္ဒါရ ခြောက်ပါး၌ အကုသိုလ်ခိုးသားတို့ဝင်ရောက်၍ ကုသိုလ်တရားတို့ကို မဖျက်ဆီး မလုယက် စိမ့်သောဌါ စောင့်ရှောက်လည်း စောင့်ရှောက်ပေ၏။

ချစ်သားတို့....၊ ဤသို့လျှင် ရဟန်းတော် အရှင်သူမြတ်သည် ဤနွေ ခြောက်ပါး တံခါးကြီး ခြောက်ပေါက်၌ လုံခြုံစွာ ပိတ်ဆို့အပ်သော တံခါးရှိသည် ဖြစ်ပေ၏။

ချစ်သားရဟန်းတို့....၊အဘယ်သို့လျှင် ဆွမ်း ခဲဘွယ် ဘောဇဉ်၌ အတိုင်း အရှည်ကို သိသူဖြစ်ပါသနည်း။

ချစ်သားရဟန်းတို့....၊ဤသာသနာတော်၌ ရဟန်းတော်အရှင်သူမြတ် သည် ဆွမ်း ခဲဘွယ် ဘောဇဉ်တို့ကို ပိဏ္ဍပါတ ပစ္စဝေက္ခဏာဖြင့် စား၍မျိုး ၏၊ ဤသို့ စား၍မျိုခြင်းသည်ပင်လျှင် ဤသာသနာတော်၌ ဆွမ်းခဲဘွယ် ဘောဇဉ်၌ အတိုင်းအရှည်ကိုသိသော ပုဂ္ဂိုလ်ဖြစ်ပေတော့သည်။

ချစ်သားရဟန်းတို့....၊အဘယ်သို့လျှင် ဇာဂရိယာနုယောဂ နိုးချပ်ခြင်း၌ အဖန်ဖန် အားထုတ်ခြင်းဖြစ်သနည်းဟူမူကား— ဤသာသနာတော်၌ရဟန်း တော် အရှင်သူမြတ်သည် တနေ့ပတ်လုံး စင်္ကြံသွားခြင်း ထိုင်ခြင်းတည်း

http://www.dhammadownload.com

ဟူသော ဣရိယာပုထ်နှစ်ပါးဖြင့် ကာမစ္ဆန္ဒဗျာပါဒအစရှိသော နိဝရဏတရား တို့မှ မိမိ၏စိတ်ကို သုတ်သင် စင်စေခဲ့ပေသည်၊ ညဦးယံအခါ၌လည်း ထို့ အတူပင်လျှင် ထိုင်ခြင်း စင်္ကြံသွားခြင်းတည်းဟူသော ဣရိယာပုထ် နှစ်ပါး ဖြင့်သာလျှင် ကာမစ္ဆန္ဒ အစရှိသော နိဝရဏတရားတို့မှ မိမိစိတ်ကို စင်စေခဲ့ ပေသည်၊ သန်းခေါင်ယံဝယ် ကာယကိလမထ ဤကရဇကာယ၏ ပင်ပန်း နွမ်းနယ်ခြင်းကို ပယ်ဖျောက်ရန် အလို့ငှါ သတိ သမ္ပဇညတရား ရှေထား၍ ဤမည် ဤမည်သော ဌာနသို့ လ နက္ခတ် တာရာတို့ ရောက်သောအခါ ထအံ့ ဟူသော ဥဋ္ဌာနသညာကို နှလုံးသွင်း၍ လက်ျာနံတောင်းဖြင့် လျောင်းစက် ပေသည်၊ ပစ္ဆိမယံကာလဝယ် တဖန်ထ၍ စင်္ကြံသွားခြင်း, ထိုင်ခြင်းတည်း ဟူသော ဣရိယာပုထ် နှစ်ပါးဖြင့် တရားနှလုံး သုံးပြီးလျှင် မိမိ၏ စိတ်သန္တာန် အစဉ်ကို နိဝရဏ တည်းဟူသော အကုသိုလ် အညစ် အကြေး အပိတ် အထွေး တရားတို့မှ စင်ကြယ်သန့်ရှင်း စေပေ၏။

ချစ်သားရဟန်းတို့....၊ ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဇာဂရိယာ-နုယောဂ နိုးချုပ်ခြင်း၌ ယှဉ်ခြင်း အားထုတ်ခြင်းသည် ဖြစ်ပေတော့သည်။

ချစ်သားရဟန်းတို့....၊ဤဆိုအပ်ပြီးသောအတိုင်း ဣန္ဒြိယသု ဂုတ္တဒ္ဝါရ တရား, ဘောဇနေ မတ္တညုတာ တရား, ဇာဂရိယာနုယောဂ တရား တည်းဟူ သောဤတရားသုံးပါးနှင့်ပြည့်စုံသောရဟန်းတော်အရှင်သူမြတ်သည်နိဗ္ဗာန်သို့ ရောက်ကြောင်း မချုတ်မှန်ကန်သော အပဏ္ဏကပဋိပဒါကို ကျင့်ကြံကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်မည်ပေသည်ဟု ဤအပဏ္ဏကအမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သမ္မညူ မြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အပဏ္ဏကသုတ် ပြီး၏

ဒေဝလောကသုတ်

ပု။ ။တတ္ထေဝ အာဝုသော အဋ္ဌမံ ဒေဝလောကသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထေဝ ဘန္တေ အဋ္ဌမံ ဒေဝလောကသုတ္တံ "သစေ ဝေါ ဘိက္ခဝေ အညတိတ္ထိယာ ပရိဗ္ဗာဇကာ ဧဝံ ပုစ္ဆေယ္ယုံ 'ဒေဝလောကူပပတ္တိယာ အာဝုသော သမဏေ ဂေါတမေ ပြဟ္မစရိယံ ဝုဿထာ'တိ။နနု တုမ္ဟေ

http://www.dhammadownload.com

ဘိက္ခဝေ ဧဝံ ပဋ္ဌာ အန္ဓီယေယျာထ ဟရာယေယျာထ ဇိဂုစ္ဆေယျာထာ”တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုရထကာရဝဂ်၌ပင်လျှင် ရှစ်ခုမြောက် ဖြစ်သော ဒေဝလောကသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုရထကာရဝဂ်၌ပင်လျှင်ရှစ်ခုမြောက်ဖြစ်သော ဒေဝလောကအမည်ရသော သုတ္တန်ဒေသနာတော် မြတ်ကို “သစေ ဝေါ ဘိက္ခဝေ အညတိတ္ထိယာ ပရိဗ္ဗာဇကာ” အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊သင်ချစ်သားတို့ကို သာသနာပြင်ပ အညတိတ္ထိယ ဖြစ်သော ပရိဗိုဇ်တို့က “ငါ့ရှင်တို့....၊ငါ့ရှင်တို့သည် ရဟန်းကြီး ဂေါတမ အဆုံ၌ နတ်ပြည်လောကသို့ ဘဝပဋိသန္ဓေကပ်ရောက်ဘို့ရန် နတ်စည်းစိမ်တို့ကို ခံစံဘို့ရန်အတွက် မြတ်သော အကျင့်ကို ကျင့်သုံးကြပါသလား”ဟု အကယ်၍ မေးမြန်းလတ်သည် ရှိသော် ဤသို့ အမေးခံရသော သင့်ချစ်သားတို့သည် **မဟုတ်ထာကို မေးရအံ့လော** ဟု အောက်မေ့ပြီးလျှင် မျှားစွာ နာကြည်းကြကုန်ရာသည် မဟုတ်လော၊ မျှားစွာရှက်နိုး, မျှားစွာ စက်ဆုပ်ကြကုန်ရာသည် မဟုတ်လောဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ရဟန်းတော်အရှင်သူမြတ်တို့က “ဧဝံ ဘန္တေ၊ ဘုန်းတော်ကြီး မြတ်တော် မူလှသော မြတ်စွာဘုရား....၊ ဤအတိုင်း မှန်လှပါသည်”ဟုပြန်ကြား လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက “ဣတိ ကိရ တုမှေ ဘိက္ခဝေ ဒိဗ္ဗေန အာယုနာ အန္ဓီယထ ဟရာယထ ဇိဂုစ္ဆထ” အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ဤဆိုအပ်ပြီးသောအတိုင်း သင်ချစ်သားတို့သည် နတ်၌ ဖြစ်သော အသက်ရှည်ခြင်းဖြင့်၎င်း၊ နတ်၌ဖြစ်သော အဆင်းလှခြင်း, နတ်၌ဖြစ်သော ချမ်းသာကြီးခြင်း, နတ်၌ဖြစ်သော အခြံအရံများခြင်း, နတ်၌ဖြစ်သော အစိုးရခြင်းဖြင့် သင်ချစ်သားတို့အား မေးမြန်းလတ်သည် ရှိသော် “မဟုတ်မမှန်တာကို မေးရအံ့လော”ဟု ပြင်းထန်စွာနာကြည်းသော စိတ်, ရွံရှာသော စိတ်, စက်ဆုပ်သော စိတ် သင်ချစ်သားတို့ သန္တာန်ဝယ် ဖြစ်ပေါ်တုံသေး၏။

http://www.dhammadownload.com

သို့ဖြစ်လျှင် သင်ချစ်သားတို့သည် အပါယ်လေးပါးသို့ ရောက်ရာ ရောက်ကြောင်း ဖြစ်သော ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့မှ နာကြည်းဘို့ရန် ရှက်နိုးဘို့ရန် စက်ဆုပ်ဘို့ရန် အဘယ်မှာလျှင် မသင့်ဘဲ ရှိပါအံ့နည်း။ စောစောစီးစီးကပင်လျှင် ကာယ ဝစီ မနော ဒုစရိုက်တို့ကို လွန်ကျူးရန်မှ နာကြည်းဘို့ရန် ရှက်နိုးဘို့ရန် စက်ဆုပ်ဘို့ရန် သင့်လှုပေတော့၏ဟူ၍ ဤဒေဝလောကအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီး သောအခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဒေဝလောကသုတ် ပြီး၏

ပဌမ ပါပဏိကသုတ်

ပု။ ။တတ္ထဝေ အာဝုသော နဝမံ ပဌမပါပဏိကသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထဝေ ဘန္တေ နဝမံ ပဌမပါပဏိကသုတ္တံ "တီဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ပါပဏိကော အဘဗ္ဗော အနုဓိဂတံ ဝါ ဘောဂံ အဓိဂန္တုံ၊ အဓိဂတံ ဝါ ဘောဂံ ဖာတိံ ကာတုံ။ ကတမေဟိ တီဟိ၊ ဣဓ ဘိက္ခဝေ ပါပဏိကော ပုဗ္ဗဏှသမယံ န သက္ကစ္စံ ကမ္မန္တံ အဓိဋ္ဌာတိ" တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုရထကာရဝဂ်၌ပင်လျှင် ကိုးခုမြောက် ဖြစ်သော ပဌမပါပဏိကသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုရထကာရဝဂ်၌ပင်လျှင် ကိုးခုမြောက် ဖြစ်သော ပဌမပါပဏိကအမည်ရသော သုတ္တန်တရားဒေသနာတော်ကို "တီဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော။ပ။ဖာတိံ ကာတုံ" အစရှိသည်ဖြင့်—

ဈေးသည် ဥပမာ

ချစ်သားရဟန်းတို့....၊ လောကဥပမာအားဖြင့် အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ဈေးသည်သည် မရသေးသောစည်းစိမ်ကို ရရှိအောင် ကြိုးကုတ်အား

http://www.dhammadownload.com

ထုတ်ခြင်းငှါငင်း, ရပြီးသောစည်းစိမ်ကို တိုးပွါးအောင် ပြုလုပ်ခြင်းငှါငင်း မထိုက်တန်ရာ၊ မဖြစ်ခစနိုင်ရာ၊ အင်္ဂါသုံးပါး ဟူသည် အဘယ်တရားတို့နည်း ဟူမူကား—

ချစ်သားတို့....၊ ဤလောကဌ အရောင်းအဝယ် ကုန်သွယ်ခြင်းဖြင့် အသက်မွေးသော စျေးသည် ပုဂ္ဂိုလ်သည်—

(၁) နံနက်အခါဌ မိမိပြုလုပ်ရမည့် စျေးရောင်းခြင်း, ဝယ်ခြင်းတည်း ဟူသော အမှုကို ရှိသေစွာမပြုလုပ်။

(၂) မွန်းတည့်အခါဌ်လည်း ထို့အတူ မပြုလုပ်။

(၃) ညနေချမ်း အခါဌ်လည်း မိမိ၏ ပြုလုပ်ရမည့် ရောင်းမှုဝယ်မှုကို ရှိသေစွာ မပြုလုပ်။

ချစ်သားရဟန်းတို့....၊ ဤဆိုအပ်ပြီးသော အင်္ဂါ သုံးပါးနှင့် ပြည့်စုံသော အရောင်းအဝယ် စျေးသည်သည် မရသေးသော စီည်းစိမ်ကို ရခြင်းငှါငင်း, ရပြီးသော စည်းစိမ်ကို ပွါးများအောင် ပြုလုပ်ခြင်းငှါငင်း မထိုက်ဘိသကဲ့သို့၊ ဤအတူပင်လျှင် ချစ်သားရဟန်းတို့....၊ ဤသာသနာတော်ဌ သုံးပါးသော တရားတို့နှင့်ပြည့်စုံသော ရဟန်းသည်လည်း မရသေး မဖြစ်သေးသော ကုသိုလ်တရားတို့ကို ရခြင်း ဖြစ်စေခြင်းငှါငင်း, ရပြီးဖြစ်ပြီးသော ကုသိုလ် တရားတို့ကို အတိုင်းထက်အလွန် ပွါးများစေခြင်းငှါငင်း မထိုက်နိုင်ပေ၊ အဘယ်တရား သုံးပါးတို့နှင့် နည်းဟူမူကား—

ချစ်သားရဟန်းတို့....၊ဤသာသနာတော်ဌ ရဟန်းသည် (၁) နံနက်အခါဌ်ငင်း (၂) နေ့လယ်အခါဌ်ငင်း (၃) ညနေအခါဌ်ငင်း သမာဓိနိမိတ္တအမည်ရသော နောက်နောက်သမာဓိ၏ အကြောင်းဖြစ်သော ရှေးရှေးသမာဓိ, ထိုထိုသမာဓိတို့၏ အာရုံဖြစ်သော သမာဓိနိမိတ္တအမည်ရသောတရားကို ရှိသေစွာ မဆောက်တည်။

ချစ်သားတို့....၊ဤဆိုအပ်ပြီးသော အင်္ဂါတရား သုံးပါးနှင့် ပြည့်စုံသော ရဟန်းသည် မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပွါးစေခြင်းငှါငင်း, ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို အတိုင်းထက် အလွန် ပွါးများစေခြင်းငှါငင်း မထိုက်တန်ရာ။

http://www.dhammadownload.com

သုက္ကပက္ခ

ချစ်သားတို့....၊ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော စျေးသည်သည် မရသေးသော စည်းစိမ် ဥစ္စာကို ရစေခြင်းငှါငင်း,ရပြီးသော စည်းစိမ် ဥစ္စာကို ပွါးများစေခြင်းငှါငင်း ထိုက်တန်ရာသည်။

အဘယ်အင်္ဂါသုံးပါးတို့နှင့်နည်းဟူမူကား-ချစ်သားတို့....၊ ဤလောက၌ အရောင်းအဝယ် ကုန်သည်ပြုလုပ်သောစျေးသည်သည်—

(၁) နံနက်အခါ၌ ရှိသေစွာ မိမိ၏ ရောင်းမှုဝယ်မှုကို ပြုလုပ်ဆောက်တည်သည်။

(၂) နေ့လယ်အခါ၌လည်း မိမိ၏ ရောင်းမှုဝယ်မှုကို ရှိသေစွာ ပြုလုပ်ဆောက်တည်သည်။

(၃) ညချမ်းအခါ၌လည်း မိမိ၏ ရောင်းမှုဝယ်မှုကို ရှိသေစွာ ပြုလုပ်သည်။

ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော စျေးသည် ပုဂ္ဂိုလ်သည် မရသေးသော စည်းစိမ်ဥစ္စာကို ရခြင်းငှါငင်း, ရပြီးသော စည်းစိမ်ဥစ္စာကို ပွါးစေခြင်းငှါငင်း ထိုက်ဘိသကဲ့သို့၊ထို့အတူ ဤသာသနာတော်၌ သုံးပါးသော တရားနှင့် ပြည့်စုံသော ရဟန်းတော်သည်လည်း မရသေး မရောက်သေးသော ကုသိုလ်တရားတို့ကို ရခြင်း ရောက်ခြင်းငှါငင်း, ရပြီး ရောက်ပြီးသော ကုသိုလ် တရားတို့ကို ပွါးများစေခြင်းငှါငင်း စွမ်းနိုင်ရာသည်၊ အဘယ်တရား သုံးပါးတို့နှင့်နည်း ဟူမူကား—ချစ်သားရဟန်းတို့....၊ဤသာသနာတော်၌ ရဟန်းတော် အရှင် သူမြတ်သည် သမာဓိနိမိတ္တ အမည်ရသော နောက်နောက်သော သမာဓိ၏ အကြောင်း ဖြစ်သော ရှေးရှေးသော သမာဓိ, ထိုထိုသမာဓိ၏ အာရုံတရားကို—

(၁) နံနက်အခါ၌လည်း ရှိသေစွာ ဆောက်တည် ကျင့်ကြံ ပွါးများအားထုတ်သည်။

(၂) နေ့လယ်အခါ၌လည်း ရှိသေစွာ ဆောက်တည် ကျင့်ကြံ ပွါးများအားထုတ်သည်။

(၃) ညချမ်းအခါ၌လည်း ရှိသေစွာ ဆောက်တည် ကျင့်ကြံပွါးများအားထုတ်သည်။

http://www.dhammadownload.com

ချစ်သားတို့....၊ဤဆိုအပ်ပြီးသော အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းတော် အရှင် သူမြတ်သည် မရသေးသော ဝိပဿနာ ဈာန်မဂ်ဖိုလ် ကုသိုလ် တရားတို့ကို ရခြင်းငှါငှင်း, ရပြီးသော ဝိပဿနာဈာန် မဂ် ဖိုလ် ကုသိုလ် တရားတို့ကို ပွါးများအောင် ပြုလုပ်ခြင်းငှါငှင်း စွမ်းဆောင်နိုင်ပေတော့သည် ဟု ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် ကိုးခုမြောက် ပါဝဏိက အမည်ရသော ဤသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပဌမ ပါပဏိကသုတ် ပြီး၏

ပဋ္ဌလဝဂ်

ဂိလာနသုတ်

ပု။ ။ပဋ္ဌလဝဂ္ဂေ ပန အာဝုသော ဒုတိယံ ဂိလာနသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ပဋ္ဌလဝဂ္ဂေ ဘန္တေ ဒုတိယံ ဂိလာနသုတ္တံ "တယောမေ ဘိက္ခဝေ ဂိလာနာ သန္တေဟာ သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ တယော၊ ဣဓ ဘိက္ခဝေ ကေစ္စော ဂိလာနော လဘန္တေဟာ ဝါ သပ္ပါယာနိ ဘေသဇ္ဇာနိ အလဘန္တေဟာ ဝါ သပ္ပါယာနိ ဘေသဇ္ဇာနိ၊လဘန္တေဟာ ဝါ သပ္ပါယာနိ ဘေသဇ္ဇာနိ အလဘန္တေဟာ ဝါ သပ္ပါယာနိ ဘေသဇ္ဇာနိ၊ လဘန္တေဟာ ဝါ ပတိရူပံ ဥပဋ္ဌာကံ အလဘန္တေဟာ ဝါ ပတိရူပံ ဥပဋ္ဌာကံ ဝုဋ္ဌာတိ တမ္မာ အာဗာဓာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ပဋ္ဌလဝဂ်၌ ဒုတိယ နှစ်ခုမြောက် ဖြစ်သော ဂိလာနသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပဋ္ဌလဝဂ်၌ နှစ်ခုမြောက်ဖြစ်သော ဂိလာန သုတ် အမည်ရသော တရား ဒေသနာတော်ကို"တယောမေ ဘိက္ခဝေ ဂိလာနာ သန္တေဟာ သံဝိဇ္ဇမာနာ လောကသ္မိံ"အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....၊ဤလောက၌ မမာမကျန်းသော ဂိလာန ပုဂ္ဂိုလ်တို့သည် သုံးမျိုးရှိကြကုန်သည်၊ သုံးမျိုးတို့ဟူသည်မှာ——

http://www.dhammadownload.com

သူနာ သုံးမျိုး

(၁) ချစ်သားရဟန်းတို့....ဤလောကဌ် အချို့သော ဂိလာန ပုဂ္ဂိုလ် သည် သပ္ပါယဖြစ်သော ဘောဇဉ်, သပ္ပါယဖြစ်သောဆေး, လျောက်ပတ် သော ပြုစုမည့် သူကို ရသော်၎င်း မရသော်၎င်း ထိုအနာမှ ထသော ဂိလာန ပုဂ္ဂိုလ်လည်း ရှိပေသည်။

(၂) ချစ်သားရဟန်းတို့....ဤလောကဌ် သပ္ပါယဖြစ်သော ဘောဇဉ်, သပ္ပါယဖြစ်သောဆေး, လျောက်ပတ်သော အလုပ် အကျွေး အပြုအစုပုဂ္ဂိုလ် ကို မရသည်ဖြစ်စေ,ရသည်ဖြစ်စေ ထိုအနာမှ မထမြောက်သော မလွတ်သော ပုဂ္ဂိုလ်လည်း ရှိပေသည်။

(၃) ချစ်သားရဟန်းတို့....ဤ ထိုမှတပါး ဤလောကဝယ် အချို့သော ဂိလာနပုဂ္ဂိုလ်သည် မိမိနှင့် သပ္ပါယ ဖြစ်သော ဘောဇဉ်ခဲဘွယ် ဆေး အစာ အဘဟာရ, လျောက်ပတ်သော အပြုအစု အလုပ်အကျွေးကို ရမှသာလျှင် ထိုအနာမှထ၍ မရလျှင် ထိုအနာမှမထမြောက် မလွတ်မြောက်သော ဂိလာန ပုဂ္ဂိုလ်လည်း ရှိပေသည်။

ချစ်သားရဟန်းတို့....ဤလောကဌ် ဂိလာနပုဂ္ဂိုလ်သုံးမျိုး ရှိပေသည်။ ထိုဂိလာနပုဂ္ဂိုလ် သုံးမျိုးတို့အနက် အကြင်ဂိလာနပုဂ္ဂိုလ်သည် သပ္ပါယ ဖြစ်သော ဘောဇဉ်, သပ္ပါယဖြစ်သောဆေး, သပ္ပါယ ပတိရူပဖြစ်သော အလုပ်အကျွေးတို့ကို ရမှသာ ထိုအနာမှ ထမြောက်၏၊ ထိုသို့သဘော ရှိသော ဂိလာနပုဂ္ဂိုလ်ကိုပင် အကြောင်း ပြု၍ ဝါဘုရားသည် ဂိလာန ဆေး ကိုလည်း ခွင့်ပြုအပ်ပေသည်။ ဂိလာနဆွမ်းကိုလည်း သူနာပြုပုဂ္ဂိုလ်တို့အား လှူဒါန်းရမည့် ဆွမ်းကိုလည်း ခွင့်ပြုအပ်ပေသည်။

ထိုသို့ သဘောရှိသော ဂိလာန ပုဂ္ဂိုလ်ကို အစွဲပြု၍ပင် ရောဂါဝေဒနာမှ မထမည့် ဂိလာန ပုဂ္ဂိုလ်ကိုလည်း၊ ထိုရောဂါ ထိုဝေဒနာမှ သပ္ပါယဖြစ်သော ဘောဇဉ်, သပ္ပါယဖြစ်သော ဆေး, လျောက်ပတ်သော အလုပ်အကျွေးကို မရသော်လည်း ဝေဒနာမှ ထမည့် ဂိလာန ပုဂ္ဂိုလ်ကိုလည်း ပြုစုလုပ်ကျွေးအပ် ပေတော့သည်။

http://www.dhammadownload.com

သူနာနှင့်တူသော ပုဂ္ဂိုလ်သုံးမျိုး

ဤအတူပင်လျှင် ချစ်သားတို့....၊ ဤသာသနာတော်၌ ဂိလာနုပမ-ဂိလာန ပုဂ္ဂိုလ်နှင့်တူသော ပုဂ္ဂိုလ်တို့သည် သုံးမျိုးတို့ရှိကြပေသည်၊ သုံးမျိုးတို့ ဟူသည်မှာ—

(၁) ချစ်သားရဟန်းတို့....၊ဤသာသနာတော်၌ ဤလောက၌ အခြို့သော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားကို ဖူးမျှော်ခွင့်,တရားတော်ကို ကြားနာခွင့် ရသည်ဖြစ်စေ, မရသည် ဖြစ်စေ မဂ်ဖိုလ်တရားကို ရမည့် ပုဂ္ဂိုလ်လည်း ရှိပေသည်။

(၂) ချစ်သားရဟန်းတို့....၊ထိုမှတပါး ဤလောက၌ အခြို့သောပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရသည်ဖြစ်စေ, မကြားနာရသည်ဖြစ်စေ၊ မြတ်စွာဘုရားကို ဖူးမျှော်ရသည်ဖြစ်စေ, မဖူးမျှော်ရသည်ဖြစ်စေ တရားထူးကို လုံးဝ မရမည့် ပဒပရမ ပုဂ္ဂိုလ်မျိုးလည်း ရှိပေသည်။

(၃) ချစ်သားရဟန်းတို့....၊ ဤလောက၌ အခြို့သော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားကို ဖူးမျှော်ရမှ တရားတော်ကို ကြားနာရမှ တရားထူးကို ရမည့် ပုဂ္ဂိုလ်လည်း ထင်ရှား ရှိပေသည်။

ချစ်သားရဟန်းတို့....၊ထိုပုဂ္ဂိုလ်သုံးယောက်တို့တွင် အကြင်ပုဂ္ဂိုလ်သည် မြတ်စွာဘုရားကို ဖူးမျှော်ရမှ, တရားတော်ကို ကြားနာရမှ မဂ်ဖိုလ် နိဗ္ဗာန်တရားကို ရနိုင်ရာ၏၊ ထိုသို့သဘောရှိခဲ့သောပုဂ္ဂိုလ်ကို အစဲပြု၍ တရားဟောမှု ဓမ္မဒေသနာကို ငါဘုရားသည် ခွင့်ပြုအပ်ပေသည်။

ထိုပုဂ္ဂိုလ်ကိုပင် အကြောင်းပြု၍ ကျန်သော ပုဂ္ဂိုလ်နှစ်ပါးအားလည်း တရားဓမ္မဒေသနာကို ဟောဆိုအပ်ပေသည်ဟု ဤ ဂိလာနုပမ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်သော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဂိလာနသုတ် ပြီး၏

ဗဟုကာရသုတ်

ပု။ ။တတ္ထဝ အာဝုသော စတုတ္ထံ ဗဟုကာရသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

http://www.dhammadownload.com

ဝိ။ ။တတ္ထဝ ဘန္တေ စတုတ္ထံ ဗဟုကာရသုတ္တံ "တယော မေ ဘိက္ခဝေ ပုဂ္ဂလာ ပုဂ္ဂလဿ ဗဟုကာရာ။ ကတမေ တယော၊ ယံ ဘိက္ခဝေ ပုဂ္ဂလံ အာဂမ္မ ပုဂ္ဂလော ဗုဒ္ဓံ သရဏံ ဂတော ဟောတိ၊ဓမ္မံ သရဏံ ဂတော ဟောတိ၊ သံဃံ သရဏံ ဂတော ဟောတိ။ အယံ ဘိက္ခဝေ ပုဂ္ဂလော ဣမဿ ပုဂ္ဂလဿ ဗဟုကာရော"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုပုဂ္ဂလဝဂ်၌ပင်လျှင် လေးခုမြောက် ဖြစ်သော ဗဟုကာရ မည်သော သုတ္တန် ဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအား ဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုပုဂ္ဂလဝဂ်၌ပင်လျှင် လေးခုမြောက် ဖြစ်သော ဗဟုကာရ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "တယောမေ ဘိက္ခဝေ ပုဂ္ဂလာ ပုဂ္ဂလဿ"အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....၊သုံးမျိုးသော ဆရာဖြစ်သော ပုဂ္ဂိုလ်တို့သည် တပည့်အန္တေဝါသိက, သဒ္ဓိဝိဟာရိက ပုဂ္ဂိုလ်အား ကျေးဇူးဥပကာရ များလှပေကုန်၏။ သုံးမျိုးသော, ပုဂ္ဂိုလ်တို့ ဟူသည် အဘယ် ပုဂ္ဂိုလ်တို့နည်း ဟူမူကား—

ကျေးဇူးကြီးလှသော ဆရာသုံးပါး

(၁) ချစ်သား ရဟန်းတို့....၊အကြင် ဆရာဖြစ်သော ပုဂ္ဂိုလ်ကို အစဲပြု၍ အကြင်တပည့် ဖြစ်သော ပုဂ္ဂိုလ်သည် ဗုဒ္ဓသရဏကုံ, ဓမ္မသရဏကုံ, သံဃသရဏကုံ တည်ပေ၏။ ချစ်သားရဟန်းတို့....၊ ဤသို့ သရဏကုံ တည်စေသော ဆရာဥပဇ္ဈာယ် ဖြစ်သော ပုဂ္ဂိုလ်သည်လည်း တပည့်ဖြစ်သောပုဂ္ဂိုလ်အား ကျေးဇူးဥပကာရ များလှသော ပုဂ္ဂိုလ်ပေတည်း။

(၂) ချစ်သားတို့....၊ ထိုမှတပါး ဤလောကဌ အကြင်ဆရာဖြစ်သော ပုဂ္ဂိုလ်ကို အစဲပြု၍ တပည့်ဖြစ်သော ပုဂ္ဂိုလ်သည် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာကို ယထာဘူတ နေရာကျသိမြင်သော သောတာပတ္တိမဂ်ဉာဏ်ကို ရရှိပေ၏၊ ချစ်သားတို့....၊ ဤသို့ သောတာပတ္တိမဂ်ဉာဏ်ကို ရရန် ကျေးဇူးဥပကာရ ပြုပေသော ဆရာဥပဇ္ဈာယ်သည်လည်း တပည့် ဖြစ်သော ပုဂ္ဂိုလ်အား ကျေးဇူးဥပကာရ များသော ပုဂ္ဂိုလ်ပင် ဖြစ်ပေ၏။

http://www.dhammadownload.com

(၃) ချစ်သားရဟန်းတို့....၊ ထိုမှတပါး အကြင်ဆရာ ဥပဇ္ဈာယ်ကို အကြောင်းပြု၍ တပည့် သဒ္ဓိဝိဟာရိက အန္တေဝါသိကပုဂ္ဂိုလ်သည် အာသဝ တရားတို့၏ကုန်ရာ အရဟတ္တမဂ်အရဟတ္တဖိုလ်ကို ဒိဋ္ဌဓမ္မ ဤဘဝ၌ပင်လျှင့် မျက်မှောက်ပြု၍ ရောက်၍ နေနိုင်ရာ၏။ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် ရောက်ရာ၏၊ ချစ်သားတို့....၊ ဤဆရာဥပဇ္ဈာယ်ဖြစ်သော ပုဂ္ဂိုလ်သည်လည်း ဤသဒ္ဓိဝိဟာရိကအန္တေဝါသိက တပည့်အား ကျေးဇူးဥပကာရ များလှပေ၏။

ချစ်သားတို့....၊ ဤဆိုအပ်ပြီးသော သုံးမျိုးသော ဆရာ ဥပဇ္ဈာယ်တို့သည် ဤသုံးမျိုးသော တပည့် သဒ္ဓိဝိဟာရိက, အန္တေဝါသိက ပုဂ္ဂိုလ်တို့အား ကျေးဇူးဥပကာရ များလှသော ပုဂ္ဂိုလ်တို့ ဖြစ်ကြပေကုန်သည်။

ချစ်သားတို့....၊ ဤဆိုအပ်ပြီးသော သုံးမျိုး အပြားရှိသော သရဏကို တည်စေသော ဆရာဥပဇ္ဈာယ်, သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်စေသော ဆရာဥပဇ္ဈာယ်, အရဟတ္တမဂ်ဉာဏ်သို့ ရောက်စေသော ဆရာဥပဇ္ဈာယ် ဤပုဂ္ဂိုလ်သုံးမျိုးတို့ထက် ထိုပုဂ္ဂိုလ်၏ အပေါ်ဝယ် ကျေးဇူး ဥပကာရ များလှသော ဆရာသမားဟူ၍ လောကဌ မရှိတော့ပြီ။

ဆရာကျေးဇူး မဆပ်နိုင်

ချစ်သား ရဟန်းတို့....၊ ဤဆိုအပ်ပြီးသော သုံးမျိုးသော ဆရာ ဥပဇ္ဈာယ်,ကျေးဇူးဥပကာရ များလှသော ပုဂ္ဂိုလ်တို့အား တပည့် ဖြစ်သော ဤပုဂ္ဂိုလ်သည် ရှိခိုးခြင်း, ခရီးဦးကြို ဆိုခြင်း, လက်အုပ်ချီမိုးခြင်း, အရိုအသေ ပြုခြင်း,သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို ပေးကမ်းလှူဒါန်းခြင်း ဤမျှဖြင့် ကျေးဇူးဥပကာရ အတုံ့အပြန် ကြေလည်အောင် ဆပ်နိုင်မည် ဟူ၍ ငါဘုရား မဟောဆို ဟု ဤဗဟုကာရ အမည်ရသော သုတ္တန်ဒေသနာ တော်မြတ်ကို လျှောက်ဆိုအပ်သော အခြင်းအရာဖြင့် ဆရာသုံးမျိုးတို့ ကျေးဇူး ဥပကာရ များလှကြောင်းကို ဖော်ပြ၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြား တော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဗဟုကာရသုတ် ပြီး၏

http://www.dhammadownload.com

ဇင်္ဃိုဏ်ဆိတမ္ဗသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ ဇာနတာ ပဿတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အင်္ဂုတ္တရနိကာယေ တိကနိပါတေ ပုဂ္ဂလဝဂ္ဂေ သတ္တမံ ဇင်္ဃိုဏ်ဆိတမ္ဗသုတ္တံ ကထံ ဘာသိတံ။

ဝိ။ ။သတ္တမံ ဘန္တေ ဇင်္ဃိုဏ်ဆိတမ္ဗသုတ္တံ "တယောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ တယော၊ အတ္ထိ ဘိက္ခဝေ ပုဂ္ဂလော ဇင်္ဃိုဏ်ဆိတမ္ဗော နု သေဝိတမ္ဗော နု ဘဇိတမ္ဗော နု ပယိရုပါသိတမ္ဗော၊ အတ္ထိ ဘိက္ခဝေ ပုဂ္ဂလော အဇ္ဈုပေက္ခိတမ္ဗော နု သေဝိတမ္ဗော နု ဘဇိတမ္ဗော နု ပယိရုပါသိတမ္ဗော၊ အတ္ထိ ဘိက္ခဝေ ပုဂ္ဂလော သေဝိတမ္ဗော ဘဇိတမ္ဗော ပယိရုပါသိတမ္ဗော"တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုမြတ်စွာဘုရားသခင်သည် အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ် ပုဂ္ဂလဝဂ်၌ ခုနစ်ခုမြောက် ဖြစ်သော ဇင်္ဃိုဏ်ဆိတမ္ဗ မည်သော တရားဒေသနာတော်ကို အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပုဂ္ဂလဝဂ်၌ ခုနစ်ခုမြောက် ဖြစ်သော ဇင်္ဃိုဏ်ဆိတမ္ဗအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "တယောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇ-မာနာ လောကသ္မိံ" အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....၊ ဤလောက၌ ပုဂ္ဂိုလ်သုံးမျိုးတို့ ရှိကုန်သည်။ ပုဂ္ဂိုလ်သုံးမျိုးတို့ ဟူသည်မှာ—

(၁) ချစ်သားရဟန်းတို့....၊ ဤလောက၌ မမှီဝဲလည်း မမှီဝဲအပ်၊ မဆည်းကပ်အပ်၊ မမြတ်နိုးအပ်၊ မခစားအပ်ဘဲ ဝေးစွာကပင် ရှောင်ကြဉ် စက်ဆုပ်အပ်သော ပုဂ္ဂိုလ်မျိုးလည်းတမျိုး။

(၂) မှီဝဲလည်း မမှီဝဲအပ်၊ ခလည်း မခစားအပ်၊ မဆည်းကပ်အပ်ဘဲ လျစ်လျူရှုအပ်သော ပုဂ္ဂိုလ်လည်းတမျိုး။

(၃) မှီဝဲအပ် ဆည်းကပ်အပ် ခစားအပ်သော ပုဂ္ဂိုလ်လည်း တမျိုး။

ဤသို့လျှင် ဤလောက၌ ပုဂ္ဂိုလ်သုံးမျိုးရှိကြောင်းကို မာတိကာထား အကျဉ်းအားဖြင့် "တယောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ

http://www.dhammadownload.com

လောကသို့"အစရှိသည်ဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

မမှိုဝဲအပ် ရှောင်ကြဉ်အပ်သောပုဂ္ဂိုလ်

ပု။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ဇီဂုစ္ဆိတဗ္ဗော ပုဂ္ဂလော နသေဝိတဗ္ဗော နဘဇိတဗ္ဗော န ပယိရုပါသိတဗ္ဗော ပကာသိတော။

ဝိ။ ။"ကတမော စ ဘိက္ခဝေ ပုဂ္ဂလော ဇီဂုစ္ဆိတဗ္ဗော န သေဝိတဗ္ဗော န ဘဇိတဗ္ဗော န ပယိရုပါသိတဗ္ဗော။ ဣဓ ဘိက္ခဝေ ကေစ္စော ဒုဿီလော ဟောတိ ပါပဓမ္မော အသုစိသင်္ကဿရသမာစာရော ပဋိစ္ဆန္နကမ္မန္တော အဿမဏော သမဏပဋိညော အပြဟ္မစာရီ ပြဟ္မစာရိပဋိညော အန္တောပူတိ အဝဿုတော ကသမ္ဗုဇာတော၊ ဧဝရူပေါ ဘိက္ခဝေ ပုဂ္ဂလော ဇီဂုစ္ဆိတဗ္ဗော နသေဝိတဗ္ဗော န ဘဇိတဗ္ဗော န ပယိရုပါသိတဗ္ဗော"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဇီဂုစ္ဆိတဗ္ဗော နသေဝိတဗ္ဗော န ဘဇိတဗ္ဗော န ပယိရုပါသိတဗ္ဗော ပုဂ္ဂလော ပကာသိတော။

မေး။ ။ထိုဇီဂုစ္ဆိတဗ္ဗသုတ္တန်တရားဒေသနာတော်မြတ်၌ မမှိုဝဲအပ် မဆည်းကပ်အပ် မခစားအပ် ဝေးစွာ ရှောင်ကြဉ်လျက် စက်ဆုပ်အပ်သော ပုဂ္ဂိုလ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဖွင့်ပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဇီဂုစ္ဆိတဗ္ဗ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်၌ မမှိုဝဲ မဆည်းကပ် မခစားအပ်ဘဲ ဝေးစွာ ရှောင်ရှား၍ စက်ဆုပ်အပ်သော ပုဂ္ဂိုလ်ကို "ကတမော စ ဘိက္ခဝေ ပုဂ္ဂလော ဇီဂုစ္ဆိတဗ္ဗော နသေဝိတဗ္ဗော နဘဇိတဗ္ဗော န ပယိရုပါသိတဗ္ဗော" အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....၊ မဆည်းကပ် ခမစားအပ် မမှိုဝဲအပ်ဘဲ ဝေးစွာ ရှောင်ရှား စက်ဆုပ်အပ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်ပုဂ္ဂိုလ်မျိုးနည်းဟူမူကား—

(၁) ချစ်သား ရဟန်းတို့....၊ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် လုံးဝသီလမရှိ၊ မကောင်းသော အလေ့အကျင့်လည်း ရှိပေ၏၊ မစင်လည်း မစင်ကြယ်၊ သူတပါးတို့၏ ရွံရှာဖွယ်သော အကျင့်နှင့်လည်း ပြည့်စုံ

http://www.dhammadownload.com

ပေ၏။ ရဟန်းမဟုတ်ပါဘဲ ရဟန်းဟူ၍လည်း ဝန်ခံ၏။ မြတ်သော အကျင့်ကို ကျင့်ကြံသူမဟုတ်ပါဘဲ မြတ်သောအကျင့်ကို ကျင့်ကြံသူဟူ၍ လည်း ဝန်ခံ ဘိ၏။ အတ္ထင်း၌ ကိလေသာတည်းဟူသောအပုပ်အသိုးတို့ဖြင့် ပြည့်၍ နေပေ၏။ ကိလေသာတည်းဟူသောမိုးသက်တို့ အမြဲတစေ စိုစွတ်၍ နေ၏၊ ကိလေသာတည်းဟူသော အမှိုက်သရိုက်တို့အခါခပ်သိမ်း ဖြစ်ပွါး၍ နေဘိ၏။

မကောင်းသတင်း ဖြစ်တတ်၏

ချစ်သားရဟန်းတို့....၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို မမှီဝဲ မဆည်းကပ် မခစားအပ်ဘဲ ဝေးစွာ ရှောင်ရှား စက်ဆုပ်အပ်ပေ၏၊ အကြောင်း သော်ကား ချစ်သားရဟန်းတို့....၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်၏ ဒိဋ္ဌာနု ဂတိသို့ မလိုက်စေကာမူ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်မျိုးကို မှီဝဲ ဆည်းကပ် ပေါင်းသင်းသော ပုဂ္ဂိုလ်အား ဤပုဂ္ဂိုလ်သည် မကောင်းသော အဆွေခင်ပွန်း မကောင်းသော အဖော်သဟဲ မကောင်းသော ပုဂ္ဂိုလ်လျှင် ညွတ်ရာ ကိုင်းရာ ရှိုင်းရာရှိသော ပုဂ္ဂိုလ်ပေတည်း ဟူ၍မကောင်းသော ကျော်စောသတင်း ဖြစ်ပွါး ပျံ့နှံ့တတ်ပေသည်။

ချစ်သားရဟန်းတို့....၊ လောကဥပမာအားဖြင့် မစင်တွင်းသို့ ကျရောက် ၍ နေသော ထန်းမြွေ မြက်ရှောမြွေသည် အကယ်၍ ကိုင်ဖမ်းသောသူအား မကိုက်စေကာမူ ဖမ်းသော ကိုင်သော လက်ဝယ် အညစ်အကြေးကို လူးပေ စေတတ်ပေသည်။

ထို့အတူပင်လျှင် ချစ်သားရဟန်းတို့....၊ ဤသို့ သဘောရှိသော ဒုဿီလ ဖြစ်သော ပုဂ္ဂိုလ်ကို မှီဝဲ ဆည်းကပ်သော ပုဂ္ဂိုလ်အား ထိုဒုဿီလ ပုဂ္ဂိုလ်၏ ဒိဋ္ဌာနုဂတိသို့ မလိုက်စေကာမူ ဤပုဂ္ဂိုလ်သည်ကား မကောင်းသောမိတ်ဆွေ မကောင်းသော အဖော်သဟဲ မကောင်းသော ပုဂ္ဂိုလ်လျှင် ညွတ်ရာ ကိုင်းရာ ရှိုင်းရာ ရှိသော ပုဂ္ဂိုလ်တည်းဟု မကောင်းသော ကျော်စောသတင်း ပျံ့နှံ့ခြင်း ရှိပေသည်။

ချစ်သားရဟန်းတို့....၊ ထို့ကြောင့်ပင်လျှင် ဤသို့ သဘောရှိသော ဒုဿီလဖြစ်သော ပုဂ္ဂိုလ်ကို မမှီဝဲ မဆည်းကပ် မခစားအပ်ဘဲ ဝေးစွာ ရှောင်ရှား၍ စက်ဆုပ်အပ်သော ပုဂ္ဂိုလ်ဟု ဆိုအပ်ပေသည်ဟု ဤဇာတ်ဆိတမ္ဘ အမည်ရသော ပဌမပုဂ္ဂိုလ်ကို သမ္မာညွှမြတ်စွာဘုရား စိတ်ဖြာ ခွဲခြားဖွင့်ပြတော် မူအပ်ခဲ့ပါသည် အရှင်ဘုရား။

http://www.dhammadownload.com

လျစ်လျူရှုအပ်သော ပုဂ္ဂိုလ်

ပု။ ။ကထံ ပနာဝုသော တတ္ထ ဘဂဝတာ အဇ္ဈုပေက္ခိတဗ္ဗော ပုဂ္ဂလော နု သေဝိတဗ္ဗော နု ဘဇိတဗ္ဗော နု ပယိရုပါသိတဗ္ဗော ပကာသိတော။

ဝိ။ ။"ကတမော စ ဘိက္ခဝေ ပုဂ္ဂလော အဇ္ဈုပေက္ခိတဗ္ဗော နု သေဝိတဗ္ဗော နု ဘဇိတဗ္ဗော နု ပယိရုပါသိတဗ္ဗော၊ ဣဓ ဘိက္ခဝေ ကေစ္စော ပုဂ္ဂလော ကောဓနော ဟောတိ ဥပါယာသဗဟုလော၊အပ္ပမို ဝုတ္တော သမာနော အာဘိသဇ္ဇတိ ကုပ္ပတိ ဗျာပဇ္ဇတိ ပတိတ္ထီယတိ၊ ကောပဉ္စ ဒေါသဉ္စ အပ္ပစ္စယဉ္စ ပါတုကရောတိ" တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ တတ္ထ အဇ္ဈုပေက္ခိတဗ္ဗော နု သေဝိတဗ္ဗော နု ဘဇိတဗ္ဗော နု ပယိရုပါသိတဗ္ဗော ပုဂ္ဂလော ပကာသိတော။

မေး။ ။ထိုဇာဂုစ္ဆိတဇာတ်တွင် ဒေသနာတော်မြတ်၌ မမှိဝဲ မဆည်းကပ် မခစားအပ်ဘဲ လျစ်လျူရှု၍ ထားအပ်သော ပုဂ္ဂိုလ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဇာဂုစ္ဆိတဇာတ် အမည်ရသော သုတ္တန်ဒေသနာတော်မြတ်၌ မမှိဝဲမဆည်းကပ် မခစားအပ်ဘဲ မုန်းလည်းမမုန်း ချစ်လည်းမချစ် လျစ်လျူရှု ဥပေက္ခာပြုအပ်သော ပုဂ္ဂိုလ်ကို"ကတမော စ ဘိက္ခဝေ ပုဂ္ဂလော အဇ္ဈုပေက္ခိတဗ္ဗော နု သေဝိတဗ္ဗော နု ဘဇိတဗ္ဗော နု ပယိရုပါသိတဗ္ဗော"အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....၊ မမှိဝဲ မဆည်းကပ် မခစားအပ်ဘဲ ချစ်လည်းမချစ် မုန်းလည်းမမုန်းဘဲ လျစ်လျူရှု ဥပေက္ခာ ပြုအပ်သော ပုဂ္ဂိုလ်ဟူသည် အဘယ် ပုဂ္ဂိုလ်မျိုးနည်း ဟူမူကား—

(၂) ချစ်သားတို့....၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပြင်းစွာ အမျက်ထွက်တတ်ပေ၏။ ဥပါယာသ အားကြီးသော ပုဂ္ဂိုလ်လည်း ဖြစ်၏။ အနည်းငယ်မျှ ပြောဆိုအပ်ပါသော်လည်း အမျက်ထွက်တတ်၏၊ စိတ်နှလုံး ဖောက်ပြန်တတ်၏။ စွန်းငြိတတ်၏၊ အခိုင်အမြဲ အကျိတ်အခဲ တည်၍ နေတတ်၏။

ချစ်သားရဟန်းတို့....၊ လောကဥပမာအားဖြင့် အနာပျက်ကို ထင်းခြောင်းဖြင့် ဖြစ်စေ အိုးခြမ်းပဲ့ဖြင့် ဖြစ်စေ ပုတ်ခတ်ပုတ်တိုက်အပ်သည်ရှိသော် အတိုင်းထက်အလွန် သွေးသည် ယိုစီးတိသကဲ့သို့ထင်း, လောကဥပမာတနည်း

http://www.dhammadownload.com

အားဖြင့် တည်သားဖြင့် ပြီးသော ထင်းမီးစသည် ထင်းခြောင်းဖြင့် ဖြစ်စေ အိုးခြမ်းဖြင့် ဖြစ်စေ ခတ်အပ် ထုအပ် ရိုက်နှက်အပ်သည်ရှိသော် အတိုင်းထက် အလွန် မီးပွါးကို ဖြစ်ပွါးစေဘိသကဲ့သို့ဝင်း, လောကဥပမာအားဖြင့် မစင်ဖြင့် ပြည့်သော အညစ်အကြေးတွင်းသည် ထင်းခြောင်းဖြင့် ဖြစ်စေ အိုးခြမ်းကဲ့ စသည်ဖြင့် ဖြစ်စေ ခတ်အပ် ထုအပ် ရိုက်အပ်သည်ရှိသော် အတိုင်းထက် အလွန်မကောင်းသော ရနံ့လှိုင်ဘိသကဲ့သို့ဝင်း။

ထို့အတူသျှင်ချစ်သား ရဟန်းတို့....၊ ဤလောကဌ် အချို့သော ပုဂ္ဂိုလ်သည် အမျက်ထွက်တတ်၏၊ ပြင်းစွာ ပူပန်တတ်သော ဥပါယာသ ပြောများသော သဘောရှိ၏၊ အနည်းငယ်မျှ ပြောကြားအပ်သော်လည်း အမျက်ထွက်တတ်၏၊ စိတ်နှလုံး ဖောက်ပြန်တတ်၏၊ ဒေါသစွန်းငြိတတ်၏၊ အကျိတ်အခဲ အမြဲတည်သော ဒေါသလည်း ရှိ၏။ ချစ်သားရဟန်းတို့....၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို မမှီဝဲ မဆည်းကပ် မခစားအပ်ဘဲ မုန်းလည်းမမုန်း ချစ်လည်းမချစ် လျစ်လျူရှု ဥပေက္ခာ ပြုအပ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်ပေ၏၊ အကြောင်းသော်ကား အကယ်၍ထိုပုဂ္ဂိုလ်ကို မုန်းခဲ့သော်၎င်း ချစ်ခဲ့သော်၎င်း မိမိကို ဆဲရေးသော်မူလည်း ဆဲရေးရာ၏၊ ရေရွတ်သော်မူလည်း ရေရွတ်လေရာ၏၊ အကျိုးမဲ့ကိုသော်မူလည်း ပြုလေရာ၏။

ထို့ကြောင့်ပင် ချစ်သားရဟန်းတို့....၊ ဤသို့ သဘောရှိသော အမျက်ကြီးသောပုဂ္ဂိုလ်ကို မမှီဝဲ မဆည်းကပ် မခစားအပ်ဘဲ မုန်းလည်းမမုန်း ချစ်လည်းမချစ် လျစ်လျူရှု ဥပေက္ခာပြုအပ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်ပေ၏ဟု ဤအဏ္ဏုပေက္ခိတပုဒ္ဂလအမည်ရသော ဒုတိယပုဂ္ဂိုလ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သမ္ဗညုမြတ်စွာဘုရား ဖွင့်ပြဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပု။ ။ကထံ ပနာဝုသော တတ္ထ ဘဂဝတာ သေဝိတဗ္ဗော ပုဂ္ဂလော ဘဇိ-တဗ္ဗော ပယိရုပါသိတဗ္ဗော ပကာသိတော။

မှီဝဲအပ်သောပုဂ္ဂိုလ်မျိုး

ဝိ။ ။"ကတမော စ ဘိက္ခဝေ ပုဂ္ဂလော သေဝိတဗ္ဗော ဘဇိတဗ္ဗော ပယိ-ရုပါသိတဗ္ဗော၊ ဣဓ ဘိက္ခဝေ ကေစ္စော ပုဂ္ဂလော သီလဝါ ဟောတိ ... ...

http://www.dhammadownload.com

တဇော ပယိရုပါသိတဇော”တိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ သေဝိတဇော ပုဂ္ဂလော ဘဇိတဇော ပယိရုပါသိတဇော ပကာသိတော။

မေး။ ။ထိုဇာဂုစ္ဆိတဇ သုတ္တန်ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဇ္ဇညုမြတ်စွာဘုရားသခင်သည် ကောန်စင်စစ် မှီဝဲအပ် ဆည်းကပ်အပ်,ခစားအပ်သော သေဝိတဇပုဂ္ဂိုလ်ကို အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဇာဂုစ္ဆိတဇ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်၌ ရံခါလည်း မှီဝဲအပ်, အရိပ်ပမာ အမြဲမကွာ မှီဝဲ ဆည်းကပ် ခစားအပ်သော သေဝိတဇ ဖြစ်သော ပုဂ္ဂိုလ်သူမြတ်ကို “ကတမော စ ဘိက္ခဝေ ပုဂ္ဂလော သေဝိတဇော ဘဇိတဇော ပယိရုပါသိတဇော”အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....၊ မှီဝဲဆည်းကပ်, အရိပ်ပမာ အခါမလပ် ခစားအပ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်ပုဂ္ဂိုလ်မျိုးနည်းဟူမူကား—

(၃) ချစ်သား ရဟန်းတို့....၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သီလနှင့်လည်း ပြည့်စုံ၏၊ ကောင်းသော ကိုယ်ကျင့်တရားနှင့်လည်း ပြည့်စုံ၏၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်, အရိပ်ပမာ အခါမလပ် ဆည်းကပ်ခစားအပ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

အကြောင်းသော်ကား ချစ်သားရဟန်းတို့....၊ ဤသို့ သဘောရှိသော သီလရှိသော ပုဂ္ဂိုလ်နှင့် ဆက်ဆံပေါင်းသင်း မှီဝဲဆည်းကပ်သော ပုဂ္ဂိုလ်အား ထိုသီလရှိသော ပုဂ္ဂိုလ်၏ မြင်အပ်သော အကျင့်ကို အတုလိုက်၍ ကျင့်ခြင်း ဒိဋ္ဌာနုဂတိသို့မရောက်စေကာမူ ဘေးမှ မြင်ရကြားရသော ပုဂ္ဂိုလ်တို့က ဤပုဂ္ဂိုလ်သူမြတ်သည် ကောင်းသော မိတ်ဆွေရှိသော ပုဂ္ဂိုလ်သူမြတ်ပါပေတည်း၊ ကောင်းသော သူငယ်ချင်းရှိသော ပုဂ္ဂိုလ်ပါပေတည်း၊ ကောင်းသော ပုဂ္ဂိုလ်လျှင် ညွတ်ရာ ကိုင်းရာ ရှိုင်းရာရှိသော ပုဂ္ဂိုလ်ပါပေတည်းဟု ကောင်းသော ကျေးဇူးသတင်း ကျော်စောခြင်း ပျံ့နှံ့နိုင်ပေသည်။

ချစ်သားရဟန်းတို့....၊ ထို့ကြောင့်ပင်လျှင် ဤသို့သဘောရှိသော သီလရှိသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်, အချိန်မရွေး အရိပ်ပမာ အခါမလပ် ခစားအပ်သော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုအပ်သည်ဟု သေဝိတဇ ဖြစ်သော သီလဝန္တ

http://www.dhammadownload.com

ပုဂ္ဂိုလ်သူမြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ခွဲခြား ပြသတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဇင်္ဂဝုဇ္ဈတမဿုတ် ပြီး၏

ဂူထဘာဏီသုတ်

ပု။ ။တတ္ထဝေ အာဝုသော ပုဂ္ဂလဝဂ္ဂေ အဋ္ဌမံ ဂူထဘာဏီသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထဝေ ဘန္တေ ပုဂ္ဂလဝဂ္ဂေ အဋ္ဌမံ ဂူထဘာဏီသုတ္တံ "တယော မေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ တယော၊ ဂူထဘာဏီ ပုပ္ဖဘာဏီ မဓုဘာဏီ" တိ ဧဝံ ခေါ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုပုဂ္ဂလဝဂ်၌ပင်လျှင် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ရှစ်ခုမြောက် ဂူထဘာဏီ သုတ်မည်သော တရားဒေသနာတော်ကို အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုပုဂ္ဂလဝဂ်၌ပင်လျှင် ရှစ်ခုမြောက် ဖြစ်သော ဂူထဘာဏီ အမည်ရှိသော သုတ္တန်ဒေသနာတော်မြတ်ကို "တယော မေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ၊ ကတမေ တယော၊ ဂူထဘာဏီ ပုပ္ဖဘာဏီ မဓုဘာဏီ" ဟု ချစ်သား ရဟန်းတို့....၊ ဤလောက၌ ပုဂ္ဂိုလ်သုံးမျိုးတို့ ရှိကြသည်၊ သုံးမျိုးတို့ ဟူသည်မှာ—

(၁) မစင် အညစ်အကြေးကဲ့သို့ မကောင်းသော ရန်လှိုင်သောစကားကို ပြောကြားလေ့ရှိသော ပုဂ္ဂိုလ်လည်း တမျိုး။

(၂) ပန်းပွင့်ကဲ့သို့ ကောင်းသော ရန်လှိုင်သောစကားကို ပြောကြားလေ့ရှိသော ပုဂ္ဂိုလ်လည်းတမျိုး။

(၃) ပျားသကာကဲ့သို့ ချိုမြိန်သောစကားကို ပြောကြားလေ့ရှိသော ပုဂ္ဂိုလ်လည်းတမျိုး။

http://www.dhammadownload.com

ဤသို့လျှင် ပုဂ္ဂိုလ်သုံးမျိုးရှိကြောင်းကို မာဘိကာထား အကျဉ်းအား ဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဂူထဘာဏီပုဂ္ဂိုလ်

ပု။ ။ကထဥ္ဆာဝုသော တတ္ထ ဘဂဝတာ ဂူထဘာဏီပုဂ္ဂလော ပကာသိတော။

ဝိ။ ။ကတမော စ ဘိက္ခဝေ ပုဂ္ဂလော ဂူထဘာဏီ၊ ဣဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော သဘဂ္ဂတော ဝါ ပရိသဂ္ဂတော ဝါ ဉာတိမဇ္ဈဂတောဝါ ပူဂမဇ္ဈဂတောဝါ ရာဇကုလမဇ္ဈဂတောဝါ အဘိနီတော သက္ခိပုဋ္ဌော "ဟေမ္ဘော ပုရိသ ယံ ဇာနာသိ၊ တံ ဝဒေဟီ"တိ။သော အဇာနံ ဝါ အာဟ "ဇာနာမီ"တိ၊ ဇာနံ ဝါ အာဟ "နဇာနာမီ"တိ၊ အပဿံ ဝါ အာဟ "ပဿာမီ"တိ၊ ပဿံ ဝါ အာဟ "နပဿာမီ"တိ။ ဣတိ အတ္တဟေတု ဝါ ပရဟေတု ဝါ အာမိသကိဉ္ဇိက္ခဟေတု ဝါ သမ္ပဇာန-မုသာ ဘာသိတာ ဟောတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ ပုဂ္ဂလော ဂူထ-ဘာဏီတိ၊ ဧဝံ ခေါ ဘန္တေ တတ္ထ ဘဂဝတာ ဂူထဘာဏီပုဂ္ဂလော ပကာသိတော။

မေး။ ။ထိုဂူထဘာဏီသုတ္တန် ဒေသနာတော်မြတ်၌ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် မစင်ကဲ့သို့ စက်ဆုပ်ရွံရှာဘွယ် စကားရှိသော ဂူထဘာဏီ ပုဂ္ဂိုလ်ကို အဘယ်သို့လျှင် ဝေဘန်ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။မစင်အညစ်အကြေးကဲ့သို့ စက်ဆုပ်ရွံရှာဘွယ်ကောင်းသော စကားရှိသော ပုဂ္ဂိုလ်ကို "ကတမော စ ဘိက္ခဝေ ပုဂ္ဂလော ဂူထဘာဏီ" အစ ရှိသည်ဖြင့် ချစ်သားရဟန်းတို့....၊ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်သည် မစင်အညစ်အကြေးကဲ့သို့ စက်ဆုပ်ဘွယ်သော ရနံ့ရှိသော စကားကို ပြော ကြားတတ်သည့် ဂူထဘာဏီ ပုဂ္ဂိုလ်မည်သနည်းဟူမူကား—

ချစ်သားရဟန်းတို့....၊ဤလောက၌အချိုသောပုဂ္ဂိုလ်သည်သဘင်မဏ္ဍပ် အလယ်သို့ရောက်သော်ငှင်း ပရိသတ်အလယ်သို့ ရောက်သော်ငှင်း ဆွေမျိုး မိတ်သင်္ဂဟတို့၏ အလယ်သို့ရောက်သော်ငှင်း အသင်းအပင်း၏အလယ်သို့ ရောက်သော်ငှင်း ရုံးပြင်ကန္ဒား အလယ်သို့ရောက်သော်ငှင်း မျက်မှောက်ထင်

http://www.dhammadownload.com

ထင် ရှေးရှူဆောင်အပ်သည်ဖြစ်၍ "အို အမောင်....၊အသင်သိသမျှကို ပြောကြားပါ" ဟု မေးမြန်းအပ်သည်ရှိသော် မိမိမမြင်ဘဲ မြင်၏ ဟူ၍ ပြောဆို၏၊ မိမိမြင်သည်ကို မမြင်ဟူ၍ ပြောဆို၏၊ မိမိမသိဘဲ သိသည်ဟူ၍လည်း ပြောဆို၏၊ သိသည်ကိုလည်း မသိဘူးဟု ပြောဆို၏။

ချစ်သားရဟန်းတို့....၊ ဤသို့လျှင် မိမိအတွက် ဖြစ်စေ သူတပါးတို့အတွက် ဖြစ်စေ တစုံတခုသော လာဘ်လာဘတံစိုးဟူသော အကြောင်းကြောင့် ဖြစ်စေ သိလျက် ချွတ်ယွင်းဖောက်ပြန်သော စကားကို ပြောကြားသော ပုဂ္ဂိုလ်ကို မစင်အညစ်အကြေးကဲ့သို့ စက်ဆုပ်ဘွယ်ရှိသော စကားကို ပြောဆိုလေ့ရှိသော ဂူထဘာဏီ ပုဂ္ဂိုလ်ဟု ဆိုအပ်၏ ဟူ၍ လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဂူထဘာဏီ မည်သောပုဂ္ဂိုလ်ကို သဗ္ဗညုမြတ်စွာဘုရားခွဲခြားပြသတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပုပ္ဖဘာဏီ ပုဂ္ဂိုလ်

ပု။ ။ကထံ ပနာဝုသော တတ္ထ ဘဂဝတာ ပုပ္ဖဘာဏီပုဂ္ဂလော ပကာသိတော။

ဝိ။ ။ကတမော စ ဘိက္ခဝေ ပုဂ္ဂလော ပုပ္ဖဘာဏီ၊ ဣဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော သဘဂ္ဂတော ဝါ ပရိသဂ္ဂတော ဝါ ဉာတိမဇ္ဈဂတော ဝါ ပူဂမဇ္ဈဂတောဝါ ရာဇကုလမဇ္ဈဂတော ဝါ အဘိနီတော သက္ခိပုဋ္ဌော "ဟေမ္ဘော ပုရိသ ယံ ပဇာနာသိ၊ တံ ဝဒေဟီ"တိ။သော အဇာနံ ဝါ အာဟ "နဇာနာမီ"တိ၊ ဇာနံ ဝါ အာဟ "ဇာနာမီ"တိ၊ အပဿံ ဝါ အာဟ "နပဿာမီ"တိ၊ ပဿံ ဝါ အာဟ "ပဿာမီ"တိ၊ ဣတိ အတ္တဟေတု ဝါ ပရဟေတု ဝါ အာမိသကိဉ္စိက္ခဟေတု ဝါ နသမ္ပဇာနမုသာ ဘာသိတာ ဟောတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ပုဂ္ဂလော ပုပ္ဖဘာဏီတိ၊ ဧဝံ ခေါ ဘန္တေ တတ္ထ ဘဂဝတာ ပုပ္ဖဘာဏီပုဂ္ဂလော ပကာသိတော။

မေး။ ။ထိုဂူထဘာဏီ သုတ္တန်ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ပန်းပွင့်ကဲ့သို့ မွေးကြိုင်သော စကားရှိသဖြင့် ပုပ္ဖဘာဏီ ဟု ခေါ်ဆိုအပ်သော ပုဂ္ဂိုလ်မျိုးကို အဘယ်သို့လျှင် ဝေဘန်ဟောပြတော်မူခဲ့ပါစသနည်း ငါ့ရှင်....။

http://www.dhammadownload.com

ဖြေ။ ။ပန်းပွင့်ကဲ့သို့ ရနံ့လိုင်သော စကားကို ပြောကြားလေ့ရှိသဖြင့် ပုဗ္ဗဘာဏီ အမည်ရှိသော **ပုဂ္ဂိုလ်**မြတ်ကို "ကတမော စ ဘိက္ခဝေ ပုဂ္ဂလော ပုဗ္ဗဘာဏီ" အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....၊ ပန်းပွင့်ပမာ မွှေးကြိုင်လှစွာသော စကားရှိသော ပုဗ္ဗဘာဏီ အမည်ရသော ပုဂ္ဂိုလ်ဟူသည် အဘယ်ပုဂ္ဂိုလ် မျိုးနည်းဟူမူကား—

ချစ်သားရဟန်းတို့....၊ ဤလောက၌ အချို့သော သစ္စဝါဒီ ပုဂ္ဂိုလ် သူမြတ်သည် သဘင်အလယ်၌ ရောက်သော်၎င်း ပရိသတ်အလယ်၌ ရောက်သော်၎င်း ဆွေမျိုးအပေါင်း၏ အလယ်၌ရောက်သော်၎င်း မင်းအိမ်အလယ်၌ ရောက်သော်၎င်း အသင်းအပင်း၏ အလယ်၌ ရောက်သော်၎င်း မျက်မှောက်ထင်ထင်"အို အမောင်....၊အသင်သိသမျှ ပြောကြားပါ"ဟု ရှေးရှုဆောင်အပ်မေးမြန်းအပ်သည်ရှိသော် မိမိမသိသော အရာကို မသိပါဟု ယထာဘူတမှန်တိုင်းပြောကြား၏၊ သိသောအရာကို သိပါ၏ဟု ယထာဘူတ အမှန်အတိုင်းပြောကြား၏၊ မမြင်သော အရာကို မမြင်ပါ ဟု၊ မြင်သော အရာကို မြင်ပါ၏ဟု ယထာဘူတ အမှန်အတိုင်းပင် ပြောကြား၏။

ဤသို့လျှင် မိမိဟူသော အကြောင်းကြောင့်ဖြစ်စေ သူတပါးဟူသော အကြောင်းကြောင့်ဖြစ်စေ တံစိုးလက်ဆောင် အစရှိသော အနည်းငယ်မျှသော အာမိသဟူသော အကြောင်းကြောင့် ဖြစ်စေ သိလျက် ချွတ်ယွင်းသော မုသားစကားကို လားလားမျှ မပြောခဲ့ချေ။

ချစ်သား ရဟန်းတို့....၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို ပုဗ္ဗဘာဏီပန်းပွင့်ပမာ မွှေးကြိုင်သော စကားရှိသော ပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်ပေသည်ဟု လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ပုဗ္ဗဘာဏီ ပုဂ္ဂိုလ်သူမြတ်ကို သမ္ပညုမြတ်စွာဘုရား ထင်ရှားဖွင့်ပြအပ်ပါသည် အရှင်ဘုရား။

မဓုဘာဏီ ပုဂ္ဂိုလ်

ပု။ ။ကထံ ပနာဝုသော တတ္ထ ဘဂဝတာ မဓုဘာဏီ ပုဂ္ဂလော ပကာသိတော။

ဝိ။ ။ကတမော စ ဘိက္ခဝေ ပုဂ္ဂလော မဓုဘာဏီ၊ ဣဓ ဘိက္ခဝေ ကေစ္စော ပုဂ္ဂလော ဖရုသံ ဝါစံ ပဟာယ ဖရုသာယ ဝါစာယ ပဋိဝိရတော

http://www.dhammadownload.com

ဟောတီတိ ဝေမာဒိနာ ဘန္တေ ဘဂဝတာ တတ္ထ မဓုဘာဏီ ပဂ္ဂလော ပကာသိတော၁။

မေး။ ။ထိုဂူထဘာဏီ သုတ္တန်ဒေသနာတော်မြတ်၌ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ပျားရည်ပမာ ချိုမြိန်သာယာသော စကားကို ဆိုတတ်သဖြင့် မဓုဘာဏီ ဟု ခေါ်ဆိုအပ်သော ပုဂ္ဂိုလ်မျိုးကို အဘယ်သို့သော အခြင်းအရာအားဖြင့် ခွဲခြားဝေဘန်၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပျားရည်ပမာ ချိုမြိန်သာယာသော စကားကို ပြောကြားလေ့ရှိသဖြင့် မဓုဘာဏီအမည်ရသော ပုဂ္ဂိုလ်သူမြတ်ကို "ကတမော စ ဘိက္ခဝေ ပုဂ္ဂလော မဓုဘာဏီ၊ ဣဓ ဘိက္ခဝေ ကေစ္စော ပုဂ္ဂလော ဖရုသံ ဝါစံ ပဟာယ ဖရုသာယ ဝါစာယ ပဋိဝိရတော၁" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့....၊ မဓုဘာဏီ ပျားရည်ကဲ့သို့ သာယာချိုမြိန်သော စကားကို ပြောကြားလေ့ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်ပုဂ္ဂိုလ်မျိုးနည်းဟူမူကား—

ချစ်သား ရဟန်းတို့....၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သူမြတ်သည် ရုန့်ရင်းကြမ်းတမ်းသော ဖရုသဝါစာကိုပယ်၍ ရုန့်ရင်းကြမ်းတမ်းသော ဖရုသဝါစာ စကားမှ လုံတ်လုံတ်ရှောင်ရှားခဲ့ပါပေ၏၊ အကြင်သို့ ဆဘောရှိသော စကားသည် အပြစ်ဒေါသလည်းမရှိ၊ သဒ္ဒါနှင့်ပြည့်စုံသဖြင့် နားဝင်လည်း ချမ်းသာလှပေ၏၊ အနက်နှင့် ပြည့်စုံသဖြင့် လူတဖက်သားတို့ ချစ်ခင်ခြင်းကိုလည်း ဖြစ်စေတတ်၏၊ ပညာရှိသူတော်ကောင်း ကြားကြားသမျှ ပုဂ္ဂိုလ်အပေါင်းတို့၏ နှလုံးသို့လည်း သက်ဝင်တတ်ပါပေ၏၊ ပြည်ကြီးသူ မြို့ကြီးသူတို့၏ စကားပမာ သာယာယဉ်ကျေးလှပါပေ၏၊ များစွာသော လူအပေါင်းတို့ နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်သော စကားမျိုးလည်း ဖြစ်ပေ၏။

ချစ်သား ရဟန်းတို့....၊ ဤသို့ သဘောရှိသော သာယာယဉ်ကျေးချိုမြိန်သော စကားကို ပြောဆိုတတ်သော ပုဂ္ဂိုလ်မျိုးကို ပျားရည်ပမာ သာယာချိုမြိန် ကောင်းမြတ်သော စကားကို ပြောဆိုတတ်သည့် မဓုဘာဏီ ပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်ပေသည်ဟု ဤမဓုဘာဏီ အမည်ရသော ပုဂ္ဂိုလ်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ပြသ ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

http://www.dhammadownload.com

အန္ဓသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပဂ္ဂလဝဂ္ဂေ နဝမံ အန္ဓသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထေဝ ဘန္တေ ပဂ္ဂလဝဂ္ဂေ နဝမံ အန္ဓသုတ္တံ "တယောမေ ဘိက္ခဝေ ပဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ တယော အန္ဓော ကေစက္ခု ဒ္ဒိစက္ခု" တိ၊ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုပုဂ္ဂလဝဂ်၌ပင်လျှင် ကိုးခုမြောက် ဖြစ်သော အန္ဓသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္မညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်....။

ဖြေ။ ။ထိုပုဂ္ဂလဝဂ်၌ပင်လျှင် ကိုးခုမြောက် အန္ဓမည်သော သုတ္တန်ဒေသနာတော်မြတ်ကို "တယောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ကတမေ တယော၊ အန္ဓော ကေစက္ခု ဒ္ဒိစက္ခု" ဟူ၍—

ချစ်သားတို့....၊ ဤလောက၌ ပုဂ္ဂိုလ်သုံးမျိုးတို့ ထင်ရှားရှိကြကုန်သည်။ သုံးမျိုးတို့ ဟူသည်မှာ—

(၁) မျက်စိနှစ်ဖက် စုံလုံး ပျက်သော ပုဂ္ဂိုလ်လည်းတမျိုး

(၂) မျက်စိတဖက်သာ မြင်၍ တဖက် မမြင်သော ပုဂ္ဂိုလ်လည်း တမျိုး

(၃) မျက်စိနှစ်ဖက် အမြင်ရှိသော ဒ္ဒိစက္ခုက ပုဂ္ဂိုလ်လည်းတမျိုး၊ ဤသို့ သုံးမျိုးရှိသည်ဟု မာတိကာအား အကျဉ်းထား၍ ပုဂ္ဂိုလ်သုံးပါးကိုသမ္မညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည်အရှင်ဘုရား။

မျက်စိနှစ်ဖက် ကန်းသောပုဂ္ဂိုလ်

ပု။ ။ကိဒိသော အာဝုသော ပုဂ္ဂလော တတ္ထ ဘဂဝတာ အန္ဓော အက္ခာတော။

ဝိ။ ။ယဿ ဘန္တေ ဘောဂေသု စေဝ ဓမ္မေသု စ ပညာစက္ခု နတ္ထိ၊ ဧဒိသော ဘန္တေ ပုဂ္ဂလော တတ္ထ ဘဂဝတာ အန္ဓော အက္ခာတော။

http://www.dhammadownload.com

မေး။ ။ထိုအန္ဓသုတ္တန်ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို မျက်စိ နှစ်ဖက်လုံး မမြင်သော အန္ဓပုဂ္ဂိုလ်ဟု ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုအန္ဓသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် "ကတမော စ ဘိက္ခဝေ ပုဂ္ဂလော အန္ဓော၊ ဣဓ ဘိက္ခဝေ ကေစ္စဿ ပုဂ္ဂလဿ တထာရူပံ စက္ခု န ဟောတိ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်အား မရသေးသော စည်းစိမ်ချမ်းသာကို ရဘို့ရန်၎င်း ရပြီးသော စည်းစိမ်ချမ်းသာကို တိုးပွါးအောင် ပြုလုပ်ရန်၎င်း ဉာဏ်ပညာမျက်စိ မရှိ၊ အကြင်သို့သဘောရှိသော ကုသိုလ် အကုသိုလ်တရား, အပြစ်ရှိ မရှိတရား, အယုတ် အမြတ်တရား, တူညီသော ဆန့်ကျင်သော အဘို့ရှိသော မည်းညစ်သောတရား, ဖြူစင်သောတရားကို သိစွမ်းနိုင်သော ဉာဏ်ပညာမျက်စိလည်း မရှိ၊ ထိုပုဂ္ဂိုလ်မျိုးကို မျက်စိနှစ်ဖက် ပျက်သော ပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်ပေသည်ဟု စည်းစိမ်ဥစ္စာ၌၎င်း ဓမ္မအရာ၌၎င်း ဤနှစ်ပါးစုံ၌ သိမြင်တတ်သော ဉာဏ်ပညာမျက်စိ မရှိသော ပုဂ္ဂိုလ်မျိုးကို မျက်စိ နှစ်ဖက် စုံလုံးပျက်သည့် အန္ဓပုဂ္ဂိုလ်ဟူ၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

တဖက်သာမြင်သောပုဂ္ဂိုလ်

ပု။ ။ကိဒိသော ပန အာဝုသော ပုဂ္ဂလော တတ္ထ ဘဂဝတာ ကေစက္ခု အက္ခာတော။

ဝ။ ။ယဿ ဘန္တေ ဘောဂေသု ယောဝ ပညာစက္ခု အတ္ထိ န ဓမ္မေသု။ ဤဒိသော ဘန္တေ ပုဂ္ဂလော တတ္ထ ဘဂဝတာ ကေစက္ခု အက္ခာတော။

မေး။ ။ထိုအန္ဓသုတ္တန် ဒေသနာတော်မြတ်၌ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို မျက်စိ တဖက်မြင်သော ကေစက္ခုပုဂ္ဂိုလ်ဟု ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

http://www.dhammadownload.com

ဖြေ။ ။ထိုအန္ဓသုတ္တန်ဒေသနာတော်မြတ်၌"ကတမော စ ဘိက္ခဝေ ပုဂ္ဂလော ကေစက္ခု၊ ဣဓ ဘိက္ခဝေ ကေစ္စဿ ပုဂ္ဂလဿ တထာရူပံ စက္ခု ဟောတိ၊ ယထာရူပေန စက္ခုနာ အနဓိဂတံ ဝါ ဘောဂံ အဓိဂစ္ဆယျ၊ အဓိ-ဂတံ ဝါ ဘောဂံ ဖာတိ ံ ကရေယျ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....၊ အဘယ်ကဲ့သို့ သဘောရှိသော ပုဂ္ဂိုလ်သည် မျက်စိတဖက် အမြင်ရှိသည့် ကေစက္ခု ပုဂ္ဂိုလ်မည်သနည်းဟူမူကား-ချစ်သား ရဟန်းဘို့....၊ ဤလောကဌ် အချို့သော ပုဂ္ဂိုလ်အား မဖြစ်သေး မရသေးသော စည်းစိမ်ချမ်းသာကို ဖြစ်ဘို့ ရဘို့ရန်ငင်း ဖြစ်ပြီး ရပြီးသော စည်းစိမ်ချမ်းသာကို တိုးပွါးစေခြင်းငှါငင်း စွမ်းဆောင်နိုင်သော ဉာဏ်ပညာမျက်စိရှိ၍ ကုသိုလ် အကုသိုလ်တရား, အပြစ်ရှိ မရှိတရား, အယုတ်အမြတ်တရား, ဆန့်ကျင်ဘက် အဘို့ရှိသော အမည်း အဖြူ တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တတ်သော ဉာဏ်ပညာမျက်စိမရှိသော ပုဂ္ဂိုလ်မျိုးကို ကေစက္ခု မျက်စိအမြင်တဖက်ရှိသော ပုဂ္ဂိုလ်ဟုသာ ခေါ်ဆိုအပ်၏ ဟူ၍ ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာအတိုင်း စီးပွါးရေးတခု၌သာ ဉာဏ်ပညာမျက်စိရှိ၍ ဓမ္မရေးရာ တရားရေးရာ၌ ပညာမျက်စိမရှိသော ပုဂ္ဂိုလ်ကို မျက်စိအမြင် တဖက်သာရှိသော ကေစက္ခုပုဂ္ဂိုလ်ဟူ၍ သမ္မညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

မျက်စိနှစ်ဖက် မြင်သောပုဂ္ဂိုလ်

ပု။ ။ကီဒိသော ပန အာဝုသော ပုဂ္ဂလော တတ္ထ ဘဂဝတာ ဒ္ဝိစက္ခု အက္ခာတော။

ဝ။ ။ယဿ ဘန္တေ ဘောဂေသု စေဝ ဓမ္မေသု စ ပညာစက္ခု အတ္ထိ၊ ဤဒိသော ဘန္တေ ပုဂ္ဂလော တတ္ထ ဘဂဝတာ ဒ္ဝိစက္ခု အက္ခာတော။

မေး။ ။ထိုအန္ဓသုတ္တန်ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္မညုမြတ်စွာဘုရား သခင်သည် အဘယ် ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို မျက်စိနှစ်ဖက်လုံးမြင်သော ဒ္ဝိစက္ခုပုဂ္ဂိုလ်ဟု ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်....။

ဖြေ။ ။ထိုအန္ဓသုတ္တန်ဒေသနာတော်မြတ်၌ သမ္မညုမြတ်စွာဘုရားသည်"ကတမော စ ဘိက္ခဝေ ပုဂ္ဂလော ဒ္ဝိစက္ခု၊ ဣဓ ဘိက္ခဝေ ကေစ္စဿ ပုဂ္ဂလဿ

http://www.dhammadownload.com

တထာရူပံ စက္ခု ဟောတိ။ ယထာရူပေန် စက္ခုနာ အနဓိဂတံ ဝါ ဘောဂံ အဓိဂစ္ဆယျ၊ အဓိဂတံဝါ ဘောဂံ ဖာတိ ကရေယျ။ တထာ ရူပမ်ပိသာ စက္ခု ဟောတိ" အစရှိသည်ဖြင့်- ချစ်သား ရဟန်းတို့....၊ မျက်စိ အမြင် နှစ်ဖက်ရှိသည့် ဒိဗစက္ခုပုဂ္ဂိုလ်မျိုးဟူသည် အဘယ်ပုဂ္ဂိုလ်မျိုးနည်းဟူ မူကား—

ချစ်သားရဟန်းတို့....!ဤလောကဌ် အခြို့သော ပုဂ္ဂိုလ်၏ သန္တာန် ဝယ် မဖြစ်သေးသောစည်းစိမ်ကို ဖြစ်ပွါးစေရန်၎င်း ဖြစ်ပြီးသော စည်းစိမ်တို့ တိုးပွါးစေရန်၎င်း ဉာဏ်ပညာမျက်စိလည်းရှိ၏၊ ကုသိုလ် အကုသိုလ် တရား, အပြစ်ရှိ အပြစ်မရှိသောတရား, ဖြူစင် မည်းညစ်သော အဘိုရှိသော တရား, အယုတ်အမြတ်ဖြစ်သော တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တတ်သော ဉာဏ်ပညာ မျက်စိလည်းရှိ၏၊ ဤသို့ ဉာဏ်ပညာမျက်စိ နှစ်ပါးစုံ ရှိသော ပုဂ္ဂိုလ်ကို ဒိဗစက္ခုကပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်၏-ဟူ၍ စီးပွါးရေး၌၎င်း တရားအရေး၌၎င်း ပညာစက္ခု နှစ်ပါးစုံရှိသော ပုဂ္ဂိုလ်ကို ဒိဗစက္ခု ပုဂ္ဂိုလ် ဟူ၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အန္ဓသုတ် ပြီး၏

အဝကုဇ္ဇသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ ဇာနတာ ပဿတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အင်္ဂုတ္တရနိကာယေ တိကနိပါတေ ပုဂ္ဂလဝဂ္ဂေ ဒသမံ အဝကုဇ္ဇသုတ္တံ ကထံ ဘာသိတံ။

ဝိ။ ။ဒသမံ ဘန္တေ အဝကုဇ္ဇသုတ္တံ "တယော မေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ်ိံ။ ကတမေ တယော၊ အဝကုဇ္ဇပညော ပုဂ္ဂလော ဥစ္ဆင်္ကပညော ပုဂ္ဂလော ပုထုပညော ပုဂ္ဂလော။ကတမော စ ဘိက္ခဝေ အဝကုဇ္ဇပညော ပုဂ္ဂလော။ ဣဓ ဘိက္ခဝေ ကေစ္စော ပုဂ္ဂလော အာရာမံ ဂန္တာ ဟောတိ အဘိက္ခဏံ ဘိက္ခူနံ သန္တိကေ ဓမ္မဿဝနာယ၊တဿ ဘိက္ခူ ဓမ္မံ ဒေသေန်ိ အာဒိကလျာဏံ မဇ္ဈေ-ကလျာဏံ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဉ်နံ ကေဝလပရိပုဏ်္ဏံ

http://www.dhammadownload.com

ပရိသုဒ္ဓံ ပြဟ္မစရိယံ ပကာသေန္တိ။ သော တသ္မိံ အာသနေ နိသိန္နော တဿာ ကထာယ နေဝါဒိံ မနသိကရောတိ၊ န မဇ္ဈံ မနသိကရောတိ၊ န ပရိယောသာနံ မနသိကရောတိ၊ ဝုဋ္ဌတောပိ တမှာ အာသနာ တဿာ ကထာယ နေဝါဒိံ မနသိကရောတိ၊ န မဇ္ဈံ မနသိကရောတိ၊ န ပရိယောသာနံ မနသိကရောတိ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုမြတ်စွာဘုရားသခင်သည် အဂ်ုတ္တရနိကာယ် တိကနိပါတ် ပဂ္ဂလဝဂ်၌ ဆယ်ခုမြောက် ဖြစ်သော အဝကုဇ္ဇသုတ္တန်မည်သော တရားဒေသနာတော်ကို အဘယ်သို့သော အခြင်းအရာအား ဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပဂ္ဂလဝဂ်၌ ဆယ်ခုမြောက် ဖြစ်သော အဝကုဇ္ဇ အမည်ရှိသော သုတ္တန်ဒေသနာတော်မြတ်ကို"တယော မေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ တယော၊ အဝကုဇ္ဇပညော ပုဂ္ဂလော ဥဒ္ဓစ္စ-ပညော ပုဂ္ဂလော ပုထုပညော ပုဂ္ဂလော"အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....၊ဤလောက၌ ပုဂ္ဂိုလ်သုံးမျိုးတို့ ရှိကြသည်၊ သုံးမျိုးတို့ ဟူသည်မှာ အဘယ်သူတို့နည်းဟူမူကား—

(၁) အောက်သို့ မျက်နှာလှည့်၍ထားအပ်သော အိုးနှင့် တူသော ပညာရှိသော ပုဂ္ဂိုလ်လည်းတမျိုး

(၂) တင်ပလ္လင်ပေါ်၌ ထားအပ်သော ပစ္စည်းခဲဘွယ်တို့ကို စားသော သူနှင့်တူသောပညာရှိသော ပုဂ္ဂိုလ်လည်း တမျိုး

(၃) ကြီးကျယ် ပြန့်ပြောသော ပညာရှိသော ပုဂ္ဂိုလ်လည်း တမျိုး၊ ဤသို့ သုံးမျိုး ရှိပေသည်။

အဝကုဇ္ဇပညာ ပုဂ္ဂိုလ်

ချစ်သားတို့....၊ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်သည် အောက်သို့ မျက်နှာဝပြု၍ ထားအပ်သော အိုးနှင့်တူသော ပညာရှိသော ပုဂ္ဂိုလ်မည်သနည်း ဟူမူကား—

http://www.dhammadownload.com

ချစ်သားရဟန်းတို့....၊ ဤလောကဌ် အချို့သော ပုဂ္ဂိုလ်သည် ရဟန်းတော်တို့ထံ အမြဲမပြတ် တရားနာရန် အလို့ငှါ ကျောင်းတိုက်အရံသို့သွားလေ့ရှိ၏၊ထိုပုဂ္ဂိုလ်ကို ရဟန်းတော်တို့က အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းနှင့် ပြည့်စုံသော သဒ္ဓါအနက် နှစ်ပါးစုံနှင့် ပြည့်စုံသောပရိယတ္တိဓမ္မကို ဟောပြကြကုန်၏၊ အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင်စင်ကြယ်သော မြတ်သော အကျင့်ကိုလည်း ဖော်ပြကြကုန်၏၊ ထိုတရားနာသော ပုဂ္ဂိုလ်သည် ထို ထိုင်နေသော နေရာဌဉ်ပင်လျှင် ထိုင်နေရင်းပင်လျှင် တရားစကား၏ အစ အလယ် အဆုံးကို နှလုံးမသွင်းနိုင်၊ ထိုနေရာမှ ထသော အခါဌဉ်လည်း ထိုတရားစကား၏ အစအလယ် အဆုံး သုံးပါးလုံးကို နှလုံးမသွင်းနိုင်။

မှောက်၍ထားသော အိုးပမာ

ချစ်သား ရဟန်းတို့....၊ လောကဥပမာအားဖြင့် အောက်သို့ မျက်နှာဝပြု၍ ထားအပ်သော (မှောက်၍ ထားအပ်သော)အိုးအပေါ်၌ ရေကို မည်မျှပင် သွန်းလောင်း၍ချအပ်သော်လည်း ဘေးသို့သာ ယိုစီး၍ ကျရာဘိသကဲ့သို့၊ ထို့အတူပင် ဤလောကဌ် အချို့သော ပုဂ္ဂိုလ်သည် ရဟန်းတော်တို့ထံ တရားနာရန် အလို့ငှါ အမြဲမပြတ် ကျောင်းတိုက် အရံသို့ သွားလေ့ရှိ၏၊ ထိုပုဂ္ဂိုလ်ကို ရဟန်းတော်တို့က အစ အလယ် အဆုံး သုံးပါးစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသော သဒ္ဓါအနက် နှစ်ပါးနှင့် ပြည့်စုံသော ပရိယတ္တိဓမ္မကို ဟောပြကြကုန်၏၊ အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကိုလည်း ပြကြကုန်၏၊ ထိုပုဂ္ဂိုလ်သည် ထိုနေရာဌဉ် ထိုင်နေစဉ်ငင်း ထိုနေရာမှ ထသွားသော အခါဌဉ်ငင်း ထိုဟောကြားအပ်သော တရား၏ အစ အလယ် အဆုံးသုံးပါးစုံကို နှလုံးမသွင်းနိုင်ဘဲ ရှိ၏၊ချစ်သားရဟန်းတို့....၊ဤသို့သဘောရှိသော ပုဂ္ဂိုလ်မျိုးကို အဝကုဇ္ဇပညာ အောက်သို့မျက်နှာဝပြု၍ (မှောက်၍) ထားအပ်သော အိုးနှင့်တူသော ပညာရှိသော ပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်ပေသည်။

ဥစ္ဆင်္ဂပညာ ပုဂ္ဂိုလ်

ချစ်သားရဟန်းတို့....၊အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်သည် တင်ပလ္လင်ထက်ဌ သစ်သီး ခဲဘွယ်တို့ကို ထား၍ စားပြီးလျှင် မေ့ပျောက်သော သူနှင့်တူသော ပညာရှိသော ပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်ပါသနည်း။

http://www.dhammadownload.com

ချစ်သားရဟန်းတို့....ဤလောကဘ၌အချို့သောပုဂ္ဂိုလ်သည်ရဟန်းတော်တို့ထံ တရားနာရန် အလို့ငှါ အမြဲမပြတ် ကျောင်းတိုက်အရံသို့ သွား၏၊ ထိုပုဂ္ဂိုလ်ကို ရှေးနည်းအတူ ကျောင်းနေရဟန်းတော်တို့က အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသော အနက် သဒ္ဒါနှင့် ပြည့်စုံသော ပရိယတ္တိဓမ္မကိုဟောပြကြကုန်၏၊ အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကျင် ဖြူစင်သော မြတ်သော အကျင့်ကိုလည်း ပြကုန်၏၊ ထိုပုဂ္ဂိုလ်သည်တမူကား ထိုနေရာ၌ ထိုင်နေစဉ်သာလျှင် ထိုတရားစကား၏ အစ အလယ် အဆုံး သုံးပါးကို နှလုံးသွင်းနိုင်၍ ထိုနေရာမှ ထသော အခါ ထိုတရားစကား၏ အစ အလယ် အဆုံး သုံးပါးကို နှလုံးမသွင်းနိုင်။

သတိမေ့တတ်သောသူပမာ

လောက ဥပမာအားဖြင့် သတိမေ့ပျောက်တတ်သော ယောကျ်ားတယောက်သည် ထက်ဝယ်ဖွဲ့ခွေ တင်ပလ္လင်ခွေ၍ ထိုင်နေရာ၏၊ ထိုယောကျ်ား၏ တင်ပလ္လင်ထက်ဝယ် အမျိုးမျိုးသော ခဲဘွယ်သစ်သီး အသီးသီးတို့ကို ထား၍ သုံးစားနေသည် ဆိုပါစို့၊ ထိုယောကျ်ားသည် ထိုနေရာမှ ထသော ခဏဝယ် သတိမေ့ပျောက်၍ မိမိတင်ပလ္လင်ထက်၌ ရှိသော သစ်သီးခဲဘွယ် အမျိုးမျိုးတို့ကို ရစရာ မရှိအောင် ဖြန့်ကြဲ၍ ပစ်ဘိသကဲ့သို့။

ထို့အတူပင်လျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ရဟန်းတော်တို့ထံ တရားနာရန် အလို့ငှါ အမြဲမပြတ် ကျောင်းတိုက်အရံသို့ သွားလေ့ရှိပါ၏၊ ထိုသူ့အား ရဟန်းတော်တို့က အစ အလယ် အဆုံး သုံးပါးလုံး ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ၍ အနက်သဒ္ဒါနှင့် ပြည့်စုံသော ပရိယတ္တိဓမ္မကို ဟောပြကြကုန်၏၊ အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင်မှစင်ကြယ်သော သာသနာနာဇော်တော် တည်းဟူသော မြတ်သော အကျင့်, မဂ်တည်းဟူသော မြတ်သော အကျင့်ကိုလည်း ပြကြကုန်၏၊ ထိုပုဂ္ဂိုလ်သည် တမူကား ထိုနေရာ၌ ထိုင်နေစဉ် ကာလမျှသာလျှင် ထိုတရားစကား၏ အစ အလယ် အဆုံး သုံးပါးကို နှလုံးသွင်းနိုင်၍ ထိုနေရာမှ ထလတ်သည်ရှိသော် ထိုတရားစကား၏ အစ အလယ် အဆုံး သုံးပါးကို နှလုံးမသွင်းနိုင်ဘဲ ရှိတော့၏၊ ချစ်သားတို့....၊ ဤဆိုအပ်ပြီးသော သဘောရှိသောပုဂ္ဂိုလ်မျိုးကို ဥစ္စာဂ်ပညာ သတိမေ့ပျောက်တတ်၍ တင်ပလ္လင်ထက်၌ ထားအပ်သော ခဲဘွယ် သစ်သီးတို့ကို စားပြီးလျှင်

http://www.dhammadownload.com

နေရာမှ ထသောအခါ မေ့၍ ပစ်သော ယောကျ်ားနှင့် တူသော ပညာရှိသော ပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်ပေသည်။

ပုထုပညာ ပုဂ္ဂိုလ်

ချစ်သားရဟန်းတို့....၊ ပြန့်ကျယ် ကြီးမြတ်သော ပညာရှိသော ပုဂ္ဂိုလ် ဟူသည် အဘယ်ပုဂ္ဂိုလ်မျိုး နည်းဟူမူကား—

ချစ်သားရဟန်းတို့....၊ဤလောက၌ အခြို့သော ပုဂ္ဂိုလ်သည် တရားနာရန်အလို့ငှါ ရဟန်းတော်တို့ထံ အမြဲမပြတ်ကျောင်းတိုက်အရံသို့ သွားလေ့ရှိ၏၊ ထိုပုဂ္ဂိုလ်ကို ရှေးနည်းအတူ ရဟန်းတော်တို့က အစ အလယ် အဆုံး သုံးပါး အစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသော အနက်သဒ္ဒါနှင့် ပြည့်စုံသော တရားစကားကို ပြောကြားကြကုန်၏၊ အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကျင်မှ အညစ်အကြေး ကင်းစင်သော မင်္ဂလာဟူသော မြတ်သော အကျင့်ကိုလည်း ပြကုန်၏၊ ထိုယောကျ်ားသည် ထိုနေရာ၌ ထိုင်နေစဉ်ငင်း ထိုနေရာမှ ထသွားသော အခါငင်း ထိုတရားစကား၏ အစ အလယ် အဆုံး သုံးပါးလုံးကို နှလုံးသွင်းနိုင်ပေ၏။

လှန်ထားသော အိုးပမာ

ချစ်သားရဟန်းတို့....၊လောကဥပမာအားဖြင့် အထက်သို့ မျက်နှာဝပြု၍ ထားအပ်သော (လှန်၍ ထားအပ်သော) ရေအိုးထက်၌ ရေအလျင်ကို သွန်းလောင်းအပ်သည်ရှိသော် နံဘေးသို့ စီး၍ လျှောချ မကျဘဲ ထိုရေအိုး၏ အတွင်း၌သာ ရေတည်ရာဘိသကဲ့သို့ ထို့အတူပင်လျှင် ဤလောက၌ အခြို့သော ပုဂ္ဂိုလ်သည် တရားနာရန် အလို့ငှါ အမြဲမပြတ် ရဟန်းတော်တို့ထံ ကျောင်းတိုက်အရံသို့ သွားလေ့ရှိ၏၊ ထိုပုဂ္ဂိုလ်အား ရဟန်းတော်တို့က အစ အလယ် အဆုံး သုံးပါး အစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသော သဒ္ဒါအနက်နှင့် ပြည့်စုံသော တရားစကားကို ဟောကြားကြကုန်၏၊ ထက်ဝန်းကျင် ပြည့်စုံ၍ ထက်ဝန်းကျင်မှ အပြစ်ကင်းသော မဂ္ဂင် ရှစ်ပါးတည်းဟူသော မြတ်သော အကျင့်ကိုလည်း ဖော်ပြကြကုန်၏၊ ထိုပုဂ္ဂိုလ်သည် ထိုနေရာ၌ ထိုင်နေစဉ်ငင်း ထိုနေရာမှ ထသွားသော်ငင်း ထိုတရား စကား၏ အစ အလယ် အဆုံး သုံးပါး လုံးကို နှလုံးသွင်းနိုင်၏၊ ချစ်သားရဟန်းတို့....၊ဤဆိုအပ်ပြီးသော သဘောရှိ

http://www.dhammadownload.com

သောပုဂ္ဂိုလ်မျိုးကို ကြီးကျယ်သော ပညာရှိသည့် ပုထုပညာပုဂ္ဂိုလ်ဟု ခေါ်ဆို အပ်ပေ၏။

ချစ်သားရဟန်းတို့....၊ ဤသို့လျှင် လောကဌ် မှောက်၍ ထားအပ်သော် အိုးနှင့်တူသော ဉာဏ်ပညာရှိသော အဝကုဇ္ဇပညာ ပုဂ္ဂိုလ်တမျိုး၊ ရင်ခွင် ထက်ဝယ်သစ်သီးကိုထား၍ စားပြီးလျှင် မေ့ပျောက်တတ်သော ပုဂ္ဂိုလ်နှင့် တူသော ဥစ္ဆင်္ခပညာပုဂ္ဂိုလ်လည်းတမျိုး၊ လှန်၍ ထားအပ်သော အိုးနှင့် တူညီသည့် ကြီးကျယ်ပြန့်ပြောသော ပညာရှိသည့် ပုထုပညာပုဂ္ဂိုလ်လည်းတမျိုး၊ ဤသို့လျှင် ပုဂ္ဂိုလ်သုံးမျိုး ဤလောကဌ် ထင်ရှားရှိပေသည်ဟု ဤအဝကုဇ္ဇ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်း အရာဖြင့် သမ္မည့်မြတ်စွာဘုရားဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အဝကုဇ္ဇသုတ် ပြီး၏

ဒေဝဒူတဝဂ် သပြဟ္မကသုတ်

ပု။ ။ဒေဝဒူတဝဂ္ဂေ ပန အာဝုသော ပဌမံ သပြဟ္မကသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ဒေဝဒူတဝဂ္ဂေ ဘန္တေ ပဌမံ သပြဟ္မကသုတ္တံ "သပြဟ္မကာနိ ဘိက္ခဝေ တာနိ ကုလာနိ၊ ယေသံ ပုတ္တာနံ မာတာပိတရော အဇ္ဈာဂါရေ ပူဇိတာ ဟောန္တိ။ သပုဗ္ဗစရိယကာနိ ဘိက္ခဝေ တာနိ ကုလာနိ၊ ယေသံ ပုတ္တာနံ မာတာပိတရော အဇ္ဈာဂါရေ ပူဇိတာ ဟောန္တိ။ အာဟုနေယျာနိ ဘိက္ခဝေ တာနိ ကုလာနိ၊ ယေသံ ပုတ္တာနံ မာတာပိတရော အဇ္ဈာဂါရေ ပူဇိတာ ဟောန္တိ။ ပြဟ္မာတိ ဘိက္ခဝေ မာတာပိတူနံ ဧတံ အဓိဝစနံ။ပုဗ္ဗာစရိယာတိ ဘိက္ခဝေ မာတာပိတူနံ ဧတံ အဓိဝစနံ။ အာဟုနေယျာတိ ဘိက္ခဝေ ဧတံ မာတာပိတူနံ အဓိဝစနံ။ တံ ကိဿ ဟေတု၊ ဗဟုကာရာ ဘိက္ခဝေ မာတာပိတရော ပုတ္တာနံ အာပါဒကာ ပေါသကာ ဣမဿ လောကဿ ဒဿေတာရော" တိ၊ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ဒေဝဒူတဝဂ်၌ ရှေးဦးစွာသော သပြဟ္မက မည်သော သုတ္တန် တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္မည

http://www.dhammadownload.com

မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဒေဝဒူတဝဂ်၌ ရှေးဦးစွာသော သဗ္ဗညုက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "သဗ္ဗညုကာနိ ဘိက္ခဝေ တာနိ ကုလာနိ၊ ယေသံ ပုတ္တာနံ မာတာပိတရော အဇ္ဈာဂါရေ ပူဇိတာ ဟောန္တိ" အစရှိသည်ဖြင့်—

မိဘနှစ်ပါး ကျေးဇူးများပုံ

ချစ်သား ရဟန်းတို့....၊ အကြင်သားသမီးတို့၏ မိဘတို့သည် အိမ်၌ အပူဇော်ခံ၍ နေရကုန်၏၊ ထိုအပူဇော်ခံ၍ နေရသော မိဘတို့ နေရာဖြစ်သော သားသမီး အိမ်သည်—

(၁) မြတ်သော ဗြဟ္မာကြီးတို့ ထင်ရှားရှိသော အိမ်မည်၏။

(၂) ရှေးဆရာကြီးတို့ထင်ရှားရှိသော အိမ်လည်း မည်၏။

(၃) အဝေးမှပင် ယူဆောင်၍ ပူဇော်အထူးကို ခံထိုက်သော အလှူခံ ပုဂ္ဂိုလ်သူမြတ်တို့ ထင်ရှားရှိသော အိမ်လည်း မည်ပေ၏။

ချစ်သားရဟန်းတို့....၊ဗြဟ္မာဟူသော အမည်သည် မိခင်ဘခင် ကျေးဇူးရှင်နှစ်ဦးသားတို့၏ အမည် ဖြစ်သည်။

ချစ်သား ရဟန်းတို့....၊ ပုဗ္ဗာစရိယ ရှေးဦးဆရာ လက်ဦးဆရာ ဟူသော အမည်သည် မိခင် ဘခင် ကျေးဇူးရှင်တို့၏ အမည်ပင် ဖြစ်တော့သည်။

ချစ်သား ရဟန်းတို့....၊ အာဟုနေယျ အဝေးမှပင် ပူဇော်ဘွယ်ဝတ္ထုကို ဆောင်ယူ၍ ပူဇော်အပ်သည်ရှိသော် ခံယူခြင်းငှါ ထိုက်တန်စွာသော အလှူခံ ပုဂ္ဂိုလ်တို့ ဟူသည်မှာ မိခင် ဘခင် ကျေးဇူးရှင်တို့၏ အမည်ပင် ဖြစ်တော့သည်ဟု မိန့်ကြားတော်မူပြီးလျှင် ထိုသို့ ဗြဟ္မာ အမည်ရ၊ လက်ဦးဆရာ ပုဗ္ဗာစရိယ အမည်ရ၊ အဝေးမှပင် ဆောင်ယူ၍ ပူဇော်ထိုက်သော အာဟုနေယျ အမည်ရသော မိဘတို့အား ထမင်း အစာ အဖျော် အဝတ် ပုဆိုး အိပ်ရာ နေရာ ရေမိုးခိုးပေးခြင်း အစရှိသည်ဖြင့် သားသမီးတို့သည် ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုလုပ်ရန်၎င်း နေ့စဉ်တစေ ရိက္ခါးမြတ်နိုး ရှိခိုးရန်၎င်း ထိုသို့ မိဘတို့အား ရိုသေမြတ်နိုး ရှိခိုးလုပ်ကျွေးသော သားသမီးကို ပညာရှိသူတော်ကောင်း

http://www.dhammadownload.com

တို့သည်လည်း ပစ္စုပ္ပန်ဘဝ၌လည်း ချီးမွမ်းကြကြောင်း၊ ထိုသို့သဘောရှိသော သားသမီးတို့သည် တမလွန်လောက၌လည်း နတ်ရွာသုဂတိသို့ရောက်၍ နှစ်လို ဝမ်းမြောက်ရကြောင်းကို—

ဗြဟ္မာတိ မာတာပိတရော၊ ပုဗ္ဗာစရိယာတိ ဝုစ္စရေ။
အာဟုနေယျာ စ ပုတ္တာနံ၊ ပဇာယ အနုကမ္ပကာ။
တသ္မာ ဟိ နေ နမဿေယျ၊ သက္ကရေယျ စ ပဏ္ဍိတော။
အန္နေန အထ ပါနေန၊ ဝတ္ထေန သယနေန စ။
ဥစ္ဆာဒနေန နှာပနေန၊ ပါဒါနံ ဓောဝနေန စ။
တာယ နံ ပါရိစရိယာယ၊ မာတာပိတူသု ပဏ္ဍိတာ။
ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတီတိ—

ဟု ဤသဗြဟ္မကအမည်ရသော မိဘတို့ ကျေးဇူးမျှားကြောင်း,ထိုမိဘတို့အား ရိုသေစွာ လုပ်ကျွေးသင့်ကြောင်းကို ဖော်ပြရာ ဖြစ်သည့် သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆို အပ်ပြီးသော အခြင်းအရာဖြင့် သမ္မည်မြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သဗြဟ္မကသုတ် ပြီး၏

ဟတ္ထကသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပဉ္ဇမံ ဟတ္ထကသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ပဉ္ဇမံ ဘန္တေ ဟတ္ထကသုတ္တံ အာဠဝိယံ ဟတ္ထကံ အာဠဝကံ အာရဗ္ဘ ဘာသိတံ။ ဟတ္ထကော ဘန္တေ အာဠဝကော ဘဂဝန္တံ ဧတဒဝေါစ "ကစ္စိ ဘန္တေ ဘဂဝါ သုခမသယိတ္ထာ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ဧဝံ ကုမာရ သုခမသယိတ္ထ၊ ယေ စ ပန လောကေ သုခံ သေန္တိ၊ အဟံ တေသံ အညတရော"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဒေဝဒူတဝဂ်၌ပင်လျှင် ငါးခုမြောက် ဖြစ်သော ဟတ္ထကသုတ္တန် တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် အဘယ်ပုဂ္ဂိုလ်အား အဘယ်သို့သော အကြောင်း

http://www.dhammadownload.com

ဝတ္ထုကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဒေဝဒူတဝဂ်၌ ငါးခုမြောက် ဖြစ်သော ဟတ္ထက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို အာဌဝီပြည်အရပ်ဝယ် ဟတ္ထကာဠဝက အမည်ရှိသော သီတင်းသည် မင်းသားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ဟတ္ထကာဠဝက မင်းသား

သဗ္ဗညုမြတ်စွာဘုရား အာဌဝီပြည် နွားတို့ လှည့်လည်ကျက်စားရာ လမ်းခရီး၏အနီး ယင်းတိုက်တောဝယ် သစ်ရွက် အခင်းပေါ်၌ သီတင်းသုံးနေတော်မူဆဲအခါ ဟတ္ထကာဠဝကအမည်ရသော အနာဂါမ်တည် သီတင်းသည် မင်းသားသည်လည်း ငါးရာသော ဥပါသကာ အခြံအရံတို့နှင့်တကွ ဘုရားထံမှောက် ဆည်းကပ် သွားရောက်သောအခါ လမ်းခရီးအကြားဝယ် မြတ်စွာဘုရားအား ပူဇော်ဘို့ရန် တောပန်းတို့ကို ခူးအံ့ဟု ခရီးမ-မှ ဖဲခဲ့၍ နွားတို့ သွားလာရာလမ်းခရီး ယင်းတိုက်တောအတွင်းသို့ သွားရောက်လတ်သောအခါ သဗ္ဗညုမြတ်စွာဘုရား ယင်းတိုက်ပင်တခု၏ အရင်း သစ်ရွက်အခင်းပေါ်၌ သီတင်းသုံးနေတော်မူသည်ကို တွေ့မြင်လတ်ပါသည်။

ထိုအခါ ဟတ္ထကာဠဝက သီတင်းသည် မင်းသားသည် ဘုရားထံမှောက် အခြွေအရံပရိသတ်ဘို့နှင့်တကွ သွားရောက်ပြီးလျှင် ရိုသေစွာ ရှိခိုးဦးညွှတ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပြီးလျှင်—

"ကစ္စိ ဘန္တေ ဘဂဝါ သုခမသယိတ္ထ"။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဘုန်းတော်သခင်ရှင်တော်ဘုရားသည် ချမ်းသာစွာ ကျိန်းစက်တော်မူရပါ၏လားဘုရားဟူ၍ လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက—

"ဧဝံ ကုမာရ သုခမသယိတ္ထ၊ ယေ စ ပန လောကေ သုခံ သေန္တိ၊ အဟံ တေသံ အညတရော"။

ဟတ္ထကာဠဝကမင်းသား....၊ မှန်ပေ၏၊ ငါဘုရားသည် ချမ်းသာစွာ ကျိန်းစက်ရပါပေ၏၊ ဤလောက၌ ချမ်းသာစွာ အိပ်စက်ရသော ပုဂ္ဂိုလ်တို့

http://www.dhammadownload.com

အနက် ငါဘုရားသည်သည်း တပါးအပါအဝင် ဖြစ်ပေ၏ဟု မိန့်ကြားတော်မူလ၍သည်ဘွင် ဟတ္ထကာဠဝကသီတင်းသည် မင်းသားက "သီတာ ဘန္တေ ဟေမန္တိကာ ရတ္တိ အန္တရဋ္ဌကော ဟိမပါတသမယော" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ယခုအခါ ညကာလသည်ကား ဆောင်းဥတု ညကာလ ဖြစ်ပါသည့်ပြင် ဆီးနှင်းတို့သည် အစိုင်လိုက် အခဲလိုက် ကျသော တပို့တွဲလနှင့် တပေါင်းလ နှစ်လတို့၏ အကြား အန္တရဋ္ဌက[၁] ရှစ်ရက်လည်း ကြုံ၍ နေပါသည်၊ မြတ်စွာဘုရား သီတင်းသုံးနေတော်မူသည့် ဤမြေအရပ်သည်လည်း မိုးသံရွာသောအခါ နွားခွါရာတို့ဖြင့် စိုက်အပ်သည် ဖြစ်၍ နေပူကျောက်သောကာလ၌ နွားခွါရာ နင်းနှိပ်အပ်သော အခပ်ဝင် လှည်းပမာ ထက်လှစွာသော မြေစွယ် မြည့်ညောင့်တို့ဖြင့် ကြမ်းတမ်းသော မြေအဝန်းလည်း ဖြစ်ပါ၏၊ ရှင်တော်ဘုရား ခင်းထားအပ်သော သစ်ရွက် အခင်းကလည်း ပါးလှပါသည်၊ အပေါ်မှာရှိသော ယင်းတို့က် ပင်မှာလည်း အရွက်တို့သည် ပါးလှပါကုန်သည်၊ ရှင်တော်ဘုရား ဝတ်ရုံ၍ ထားတော်မူအပ်သည့် သင်္ကန်းတော်တို့ကလည်း အေးမြလှပါပေကုန်သည်၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား အရပ်လေးမျက်နှာမှ ဝေရမ္ဘအမည်ရှိသော လေပြည် လေအေးကလည်း အမြဲတစေ တိုက်ခတ်လျက် နေပါသည်၊ သို့ပါလျက် ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားက—

၁-အန္တရဋ္ဌက။ အန္တရ = အကြား။ အဋ္ဌက = ရှစ်ရက်။ ကြားရှစ်ရက်ဟု ဆိုလိုသည်။ တပို့တွဲနှင့် တပေါင်းလကြားရက်ကို ဆိုလိုခြင်းဖြစ်သည်။

တပို့တွဲနှင့် တပေါင်းသဟု ဆိုသော်လည်း ယခုမြန်မာနိုင်ငံသုံး ဝေါဟာရထုံးစံလို လဆန်းတရက်မှ လကွယ်နေ့အထိ တလယူရသောနည်းမျိုးမဟုတ်။နက္ခတ် ဗေဒင်သုံးထုံးစံအားဖြင့် ရွေ့လျားပြည့်ကျော်တရက်မှ နောက်လပြည့်နေ့ထိတလယူရသော နက္ခတ်ပြည့် လမျိုးကို ဆိုလိုရင်းဖြစ်သည်။

နက္ခတ်ဗေဒင်ထုံးစံဖြင့် တပို့တွဲလခေါ်သော မာဃနက္ခတ်သည် တပို့တွဲလပြည့်နေ့မှာ ကုန်ဆုံး၏။ ထို့နေ့ကား တပို့တွဲလကုန်သောနေ့ပင်ဖြစ်၏။ တဖန် တပေါင်းလခေါ်သော ဖဂ္ဂုနနက္ခတ်သည် တပို့တွဲလပြည့်ကျော်တရက်နေ့မှ အစပြုပြန်၏။ ထို့နေ့ကား တပေါင်းလဆန်းသောနေ့ပင်ဖြစ်၏။ ဤနည်းဖြင့် ကုန်ခဲ့သောလထည်းက အဆုံးလေးရက်နှင့် အသစ်ဆန်းမည့်လထည်းက အစဆုံးလေးရက်၊ နှစ်ရပ်ပေါင်းလျှင် ရှစ်ရက်ကို အန္တရဋ္ဌက ရှစ်ရက်ဟုခေါ်ခြင်းဖြစ်သည်။

ယခုသုံးစွဲနေသည့် မြန်မာပြက္ခဒိန်ထုံးစံဖြင့် ဖြောင့်ဖြောင့်ရေတွက်ခဲ့သော် တပို့တွဲလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၄ ရက်နေ့အထိ ဤရှစ်ရက်ပင်ဖြစ်သည်။ ဤရှစ်ရက်ကား သဘာဝအားဖြင့် အချမ်းဆုံးအအေးဆုံး ရှစ်ရက်ဖြစ်၍ မီးလင်းဖိုမျှားပင်တည်ရသည်။ မီးမယ်ဖျူးခေါ်သော မီးအိုးကင်း, နံသာထင်းမီးမျှားပင် လှူလေ့ရှိကြသည်။ တပို့တွဲလမီးပူဇော်ပွဲဟုလည်း ခေါ်ကြသေး၏။ အတ္ထကိလမထာနုယောဂကျင့်သော ရသေ့တို့ ဤရက်မျှား၌ ရေငုပ်ပွဲ ဆင်နွှဲလေ့ရှိကြသည်။

http://www.dhammadownload.com

"ဧဝံ ကုမာရ သုခမသယိတ္ထ၊ ယော စ ပန လောကေ သုခံ သေန္တိ၊ အဟံ တေသံ အညတရော"။

ဟတ္ထကာဠဝက မင်းသား....၊ ငါဘုရားသည် ချမ်းသာစွာ ကျိန်းစက်ရပါပေ၏၊ ဤလောက၌ ချမ်းသာစွာ အိပ်စက်ရသော ပုဂ္ဂိုလ်တို့အနက် ငါဘုရားသည်လည်း တပါး အပါအဝင် ဖြစ်၏ဟု မိန့်ကြားတော်မူပါပေ၏ဟု ပြန်ကြားလျှောက်ထားသည်တွင် သဗ္ဗညုမြတ်စွာဘုရားက "တေန ဟိ ကုမာရ တညေဝတ္ထ ပဋိပုစ္ဆဿာမိ၊ ယထာ တေ ခမေယျ၊ တထာ နံ ဗျာကရေယျာသိ" အစရှိသည်ဖြင့်—

သင့်ထင်မြင်ချက် ဖြေစမ်းပါ

ဟတ္ထကာဠဝက မင်းသား....၊ သို့တပြီးကား ဤအရာ၌ သင့်ကိုပင် ငါဘုရား ပြန်၍ မေးမြန်းပါမည်၊ အသင် နှစ်သက်သည့်အတိုင်း ဖြေဆိုနိုင်ခွင့်ရှိပါသည်၊ ဟတ္ထကာဠဝက မင်းသား....၊ ယခု ငါဘုရား မေးမည့်စကားကို သင် မည်သို့ မှတ်ထင်ပါသနည်း၊ တစုံတယောက်သော သူကြွယ်အား ဖြစ်စေ သို့မဟုတ် သူကြွယ်သားအား ဖြစ်စေ လေလုံ မိုးသီးလုံ ဖြစ်သော စေ့စပ်သော တံခါးရွက်ရှိသော ပိတ်ဆို့အပ်သော လေသာနန်းပြတင်းရှိသော အထွဋ်တပ်သော တိုက်ခန်း တဆောင်ရှိသည် ဆိုပါစို့။

ဟတ္ထကာဠဝက မင်းသား....၊ ထိုပုဂ္ဂိုလ်၏ ထိုအထွဋ်တပ်သော တိုက်ခန်းဝယ် အမွေး လက်လေးသစ်ရှိသော ကော်ဇော ခင်းအပ်သည်ဖြစ်သော သို့မဟုတ် ဖြူဖွေးသော သားမွေးအခင်း ခင်းအပ်သည်ဖြစ်သော သို့မဟုတ် ရတနာဘို့ဖြင့် ပြီးသော သားမွေးအခင်း ခင်းအပ်သည်ဖြစ်သော သို့မဟုတ် နူးညံ့သိမ်မွေ့စွာသော ဝံပိုင့်ရေ မြတ်သောအခင်းဖြင့် ခင်းအပ်သည်လည်း ဖြစ်သော အပေါ်၌ နီမြန်းသော ပြတာန်(ဗိတာန်)မျက်နှာကြက်ဖြင့်လည်း ကြက်အပ်သည်လည်း ဖြစ်သော ခြေရင်း ခေါင်းရင်း နှစ်ဖက်စလုံးဝယ် နီမြန်းသောအုံးရှိသည်လည်း ဖြစ်သော ပလ္လင်တခုကို ခင်းထားအပ်သည် ဆိုပါစို့။

ဟတ္ထကာဠဝက မင်းသား....၊ ဤမျှပင် မကသေး၊ ညလုံးပေါက် ထိုတိုက်ခန်းဝယ် ဆီမီးတန်ဆောင် ထွန်းညှိထားသည်ဆိုပါစို့၊ ဤမျှပင် မကသေး၊ ထိုသူကြွယ် သူကြွယ်သားအား လေးယောက်သော အပြုအစု ဇနီးသည်

http://www.dhammadownload.com

တို့သည် နှစ်သက်ဖွယ်ရာ ကောင်းမွန်ရာရာသော အခြင်းအရာဖြင့် အရပ်လေးမျက်နှာမှ ပြုစုရ၍ နေသည်ဆိုပါစို့။

ချစ်သား ဟတ္ထကာဠဝက....၊ ယခု ငါဘုရား မေးမည့် စကားကို သင် ချစ်သား မည်သို့ မှတ်ထင်ပါသနည်း၊ ထိုသို့ သဘောရှိသော သူကြွယ် သူကြွယ့်သားသည် ချမ်းသာစွာ အိပ်နေရပါမည်လော၊ သို့မဟုတ် မချမ်းမသာ အိပ်နေရပါမည်လော ဟု မေးမြန်းတော်မူပါသည်။

လောကအမြင်ဖြင့် ဖြေခြင်း

ထိုအခါ ဟတ္ထကာဠဝက သီတင်းသည် မင်းသားက ဘုန်းတော်ကြီးမြတ် တော်မူလှသော မြတ်စွာဘုရား....၊ ထိုသူကြွယ် သူကြွယ့်သားသည် ချမ်းသာစွာ အိပ်၍ နေရသော ပုဂ္ဂိုလ်ပင် မည်ပါတော့သည်၊ ဤလောက၌ချမ်းသာစွာ နေရသော ပုဂ္ဂိုလ်တို့ အနက် ထိုသို့သဘောရှိသောသူကြွယ် သူကြွယ့်သား သည်လည်း တယောက်တပါး အပါအဝင်ပင် ဖြစ်ပါတော့သည်ဟု လောက မျက်မြင်ဖြင့် သဗ္ဗညုမြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ရာဂတွေဖြင့် ချမ်းသာစွာအိပ်နိုင်သလား

ထိုအခါ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားက "တံ ကိံ မညသိ ကုမာရ၊ အပိ နု တဿ ဂဟပတိဿ ဝါ ဂဟပတိပုတ္တဿ ဝါ ဥပ္ပဇ္ဇေယ္ယုံ ရာဂဇာ ပရိဠာဟာ။ပ။ကာယိကာ ဝါ စေတသိကာ ဝါ" အစရှိသည်ဖြင့်—

ဟတ္ထကာဠဝကမင်းသား....၊ ယခု ငါဘုရား မေးမည့်စကားကို သင် ချစ်သား မည်သို့ အောက်မေ့ မှတ်ထင်ပါသနည်း၊ ထိုသူကြွယ် ထိုသူ ကြွယ့် သားအား ကိုယ်ကို မှီ၍ ဖြစ်ကုန်သော စိတ်ကို မှီ၍ ဖြစ်ကုန်သော ရာဂကြောင့် ဖြစ်သော ပူပန်ခြင်းတို့သည် ဖြစ်ပေါ်၍ လာကုန်ပြီ ဆိုပါစို့။

ဟတ္ထကာဠဝက မင်းသား....၊ယခု ငါဘုရားမေးမည့် စကားကို သင်ချစ် သား မည်သို့ မှတ်ထင်ပါသနည်း၊ ထိုသို့ သဘောရှိသော ရာဂကြောင့် ဖြစ် သော ပူလောင်ခြင်းတို့ဖြင့် ထက်ဝန်းကျင် နှိပ်စက်အပ်သော ထိုသူကြွယ် ထို့သူကြွယ့်သားသည် ချမ်းသာစွာ အိပ်ရပါမည်လော၊ သို့မဟုတ် ဆင်းရဲစွာ အိပ်ရပါမည်လော ဟု မေးမြန်းတော်မူလတ်ပါသည်။

http://www.dhammadownload.com

ထိုအခါ ဟတ္ထကာဠဝက သီတင်းသည်က "ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုသို့ ရာဂကြောင့် ဖြစ်သော ပူပန်ခြင်းတို့ဖြင့် ထက်ဝန်းကျင် လောင်ကျွမ်း၍နေသော ထိုသူကြွယ် သူကြွယ့်သားသည် ဆင်းရဲစွာသာလျှင် အိပ်ရမည် ဖြစ်ပါသည်" ဟု ပြန်ကြားလျှောက်ထားပါသည်။

ရာဂတွေပယ်ပြီး၍ ချမ်းသာစွာအိပ်နိုင်၏

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဟတ္ထကာဠဝကမင်းသား....၊ အကြင်သို့ သဘောရှိသော ရာဂကြောင့် ဖြစ်သော ပူလောင်ခြင်းတို့ဖြင့်ထက်ဝန်းကျင် ပူလောင် နှိပ်စက်အပ်သည်ဖြစ်၍ ထိုသူကြွယ် ထိုသူကြွယ့်သားသည် ပင်ပန်းဆင်းရဲစွာ အိပ်ရနေရပါ၏၊ထိုသို့ပူလောင်ခြင်းကို ဖြစ်စေဘို့ရန် အကြောင်းရင်းဖြစ်သော လောဘ ရာဂကို ငါဘုရားကား အကြွင်းမဲ့ ပယ်အပ်ပြီ၊ အနုသယအမြစ်မကျန် ပယ်သှန်ဖြတ်တောက်အပ်ပြီးပြီ၊ ထန်းပင်ရာကဲ့သို့ ပြုလုပ်အပ်ပြီးပြီ၊ နောက်ထပ်တဖန် မဖြစ်နိုင်အောင် ပြုလုပ်အပ်ပြီးပြီ၊ ထိုကဲ့သို့ သဘောရှိသော လောဘတရားမျိုးသည် ငါဘုရား၏ သန္တာန်ဝယ် တဖန် မဖြစ်ခြင်း သဘောရှိတော့သည်၊ ထို့ကြောင့်ပင်လျှင် ငါဘုရားသည် ဤလောကဝယ် ချမ်းသာစွာ ကျိန်းစက်ရပါတော့သည်။

ချစ်သား ဟတ္ထကာဠဝက....၊ ယခု ငါဘုရားမေးမည့် စကားကို သင်ချစ်သား မည်သို့ မှတ်ထင်ပါသနည်း၊ ထိုသူကြွယ် ထိုသူကြွယ့်သားအား ဒေါသကြောင့် ဖြစ်သော ပူပန်ခြင်း၊ မောဟကြောင့် ဖြစ်သော ပူပန်ခြင်းတို့ ဖြစ်ပေါ်လာသည်ဆိုပါစို့၊ ထိုဒေါသကြောင့် ဖြစ်သော ပူပန်ခြင်း, မောဟကြောင့် ဖြစ်သော ပူပန်ခြင်းတို့သည် ထိုသူကြွယ် ထိုသူကြွယ့်သားအား စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဘည်းဟူသော ပဉ္စဒ္ဒါရ ကာယကိုလည်းလွှမ်းမိုးဖျက်ဆီး၍ လာပါ၏၊ မနောဒ္ဒါရတည်းဟူသော စိတ်ကိုလည်းလွှမ်းမိုးနှိပ်စက်၍ လာပါ၏၊ ထိုသို့ ဒေါသကြောင့် ဖြစ်သော ပူလောင်ခြင်း, မောဟကြောင့် ဖြစ်သော ပူလောင်ခြင်း တို့ဖြင့် ထက်ဝန်းကျင် လောင်ကျွမ်း၍ နေသော ထိုသူကြွယ် သူကြွယ့်သားသည် ဆင်းရဲစွာသာလျှင် အိပ်ရမည် နေရမည် မဟုတ်ပါလော ဟု မေးမြန်းတော်မူလတ်ပါသည်။

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုဒေါသကြောင့်ဖြစ်သော ပူလောင်ခြင်း၊ မောဟကြောင့် ဖြစ်သော ပူလောင်ခြင်း

http://www.dhammadownload.com

တို့ဖြင့် ထက်ဝန်းကျင် လောင်ကျွမ်းအပ်သော ထိုသူကြွေယ် သူကြွေယ့်သားသည် ဆင်းရဲစွာသာလျှင် အိပ်ရမည် မှန်ပါသည်ဘုရား ဟု ပြန်ကြားလျှောက်ထားသည်တွင်—

ဟတ္ထကာဠဝက မင်းသား....၊ ငါဘုရားမှာကား ထိုသို့ ထက်ဝန်းကျင် ပူလောင်စေတတ်သည့် ဒေါသ မောဟ တရားမျှားကို ပယ်ရှားအပ်ပြီး ဖြစ်လေပြီ၊ အနုသယ အမြစ်မကျန် ပယ်လှန် ဖြတ်တောက် အပ်ပြီး ဖြစ်လေပြီ၊ ထန်းပင်ရာကဲ့သို့ ပြုလုပ်အပ်လေပြီ၊ တဖန် မဖြစ်ခြင်း သဘောရှိအောင် ပြုလုပ်အပ်လေပြီ၊ ငါဘုရား သန္တာန်ဝယ် ထိုဒေါသ မောဟတို့သည် နောက်ထပ် တဖန် ပြန်၍ မဖြစ်တော့ပြီ၊ သို့ရကား ငါဘုရားသည် ဤလောကဝယ် ကောန် စင်စစ် ချမ်းသာစွာ ကျိန်းစက်ရပါသည်ဟု—

"သမ္မဒါ ဧဝ သုခံ သေတိ၊
ပြာဟ္မဏော ပရိနိဗ္ဗုတော။
ယော န လိမ္ပတိ ကာမေသု၊
သီတိဘူတော နိဂ္ဂုပဓိ။
သဗ္ဗာ အာသတ္တိယော ဆေတ္ဝာ၊
ဝိနေယျ ဟဒယေ ဒရံ။
ဥပသန္တော သုခံ သေတိ။
သန္တိံ ပပ္ပုယျ စေတသော" ဟု—

ဤဟတ္ထက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဟတ္ထကာဠဝကသီတင်းသည်ကို အကြောင်းပြု၍ သမ္မည့်မြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဟတ္ထကသုတ် ပြီး၏

ဒေဝဒူတသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အဂ်ုတ္တရနိကာယေ တိကနိပါတေ ဒေဝဒူတဝဂ္ဂေ ဆဋ္ဌံ ဒေဝဒူတသုတ္တံ ကထံ ဘာသိတံ။

http://www.dhammadownload.com

ဝ။ ။ဆဋ္ဌံ ဘန္တေ ဒေဝဒူတသုတ္တံ "တီဏိမာနိ ဘိက္ခဝေ ဒေဝဒူတာနိ။ ကတမာနိ တီဏိ၊ ဣဓ ဘိက္ခဝေ ကေစ္စော ကာယေန ဒုစ္စရိတံ စရတိ၊ ဝါစာယ ဒုစ္စရိတံ စရတိ၊ မနသာ ဒုစ္စရိတံ စရတိ။ သော ကာယေန ဒုစ္စရိတံ စရိတ္ဝာ ဝါစာယ ဒုစ္စရိတံ စရိတ္ဝာ မနသာ ဒုစ္စရိတံ စရိတ္ဝာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။ တမေနံ ဘိက္ခဝေ နိရယပါလာ နာနာ-ဗာဟာသု ဂဟေတ္ဝာ ယမဿ ရညော ဒဿေန္တိ-အယံ ဒေဝ ပုရိသော အမတ္တေယျော အပေတ္တေယျော အသာမညော အပြဟ္မညော၊ နကုလေ ဇေဋ္ဌပစာယီ၊ ဣမဿ ဒေဝေါ ဒဏ္ဍံ ပဏေတူ"တိ။ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ မြတ်စွာဘုရားသခင်သည် အင်္ဂုတ္တရနိကာယ် တိကနိပါတ် ဒေဝဒူတဝဂ်၌ ခြောက်ခုမြောက်ဖြစ်သော ဒေဝဒူတသုတ္တန်တရားဒေသနာတော်ကို အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဒေဝဒူတဝဂ်၌ ခြောက်ခုမြောက် ဖြစ်သော ဒေဝဒူတ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "တီဏိမာနိ ဘိက္ခဝေ ဒေဝဒူတာနိ။ ကာဘမာနိ တီဏိ" အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....၊ဤလောက၌ အိုသော သူ,နာသောသူ,သေသောသူ တည်းဟူသော ဤပုဂ္ဂိုလ် သုံးမျိုးတို့ကို သေမင်းလွှတ်သိုက်သော တမန်သည်နှင့် တူသောကြောင့်၎င်း၊ ဝိသုဒ္ဓိဒေဝ အမည်ရသော သဗ္ဗညုဘုရားအလောင်းတော်တို့အား တောထွက်တော်မူရန် အချိန်တန်ပါပြီဟု နတ်တို့ စီမံ ဖန်ဆင်း၍ ပြသဖြင့် နတ်တို့၏ တမန်သည် နှင့်တူသောကြောင့်၎င်း ဒေဝဒူတဟူ၍ ခေါ်ဆိုအပ်ပေကုန်သည်။

သူအိုတမန်

ထိုဒေဝဒူတ အမည်ရသော ပုဂ္ဂိုလ်သုံးမျိုးတို့သည် အိုသောသူကလည်း မအိုသေးသောသူများကို "အချင်းတို့....ငါ့ကို ကြည့်ကြပါကုန်၊ ငါသည်လည်း ရွေးအခါက သင်တို့ကဲ့သို့ပင် ကျန်းမာသန်စွမ်းသော ပုဂ္ဂိုလ်ဖြစ်ခဲ့ပါ၏၊ ယခုမှာမူ အိုမင်းမစွမ်းသောသူ အဖြစ်သို့ ရောက်ခဲ့လေပြီ၊ အိုမင်းမစွမ်းသော သူအဖြစ်သို့ ရောက်မှုကား တစုံတခုကောင်းမှုကုသိုလ်ကို ပြုနိုင်ဘွယ်

http://www.dhammadownload.com

အခွင့်အလမ်း မရှိတော့ပြီ၊ အရှင်တို့သည်လည်း အကျွန်ုပ်ကဲ့သို့ မအိုမီက ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက် တည်းဟူသော သုစရိုက်တရား တိကို မမေ့မလျော့ ပွါးများအားထုတ်ကြပါကုန်"ဟု မပြောဆိုသော်လည်း ပြောဆိုဘိသကဲ့သို့ ဖြစ်ပါ၏။

သူနာတမန်

နာသောသူကလည်း မိမိအား မြင်သောသူအပေါင်းကို "အို အချင်းတို့....၊ အကျွန်ုပ်အား ကြည့်ရှုကြပါကုန်၊ အကျွန်ုပ်သည်လည်း ရှေးအခါက အမောင်တို့ကဲ့သို့ပင် မနာသူ ဖြစ်ခဲ့ပါ၏၊ ကျန်းမာသန်စွမ်းသူ ဖြစ်ခဲ့ပါ၏၊ ယခုမှာမူကား မမာမကျန်းဖြစ်သဖြင့် တစုံတခုသော ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်ကိုမျှ မပြုနိုင်တော့ပြီ၊ အမောင်တို့သည်လည်း ကျွန်ုပ်ကဲ့သို့ မမာမကျန်းမဖြစ်မီ ရှေးဦးကပင်ကြိုတင်၍ ကာယ ဝစီ မနော သုစရိုက်တရားတို့ကို ပွါးများအားထုတ်ကြပါကုန်" ဟု မတိုက်တွန်းသော်လည်း တိုက်တွန်းဘိသကဲ့သို့ ဖြစ်ပါ၏။

သူသေတမန်

စုတိပြတ်ကြွေ သေလွန်သော ပုဂ္ဂိုလ်ကလည်း မိမိအား မြင်မြင်သမျှ ပုဂ္ဂိုလ်အပေါင်းကို "အို အမောင်တို့....၊အကျွန်ုပ်ကို ကြည့်ရှုကြပါကုန်လော့၊ အကျွန်ုပ်သည်လည်း အမောင်တို့ကဲ့သို့ စုတိပြတ်ကြွေ မသေလွန်မီကာလက ကျရိယာပုထ် လေးပါးဖြင့် လှည့်လည်ကျက်စား သွားလာနိုင်ခဲ့သူ ဖြစ်ပါ၏၊ ယခုမှာမူ စုတိပြတ်ကြွေ သေလွန်သူ ဖြစ်သဖြင့် တစုံတခုသော ကာယ ဝစီ မနောသုစရိုက်ကိုမျှ မပြုနိုင်တော့ပြီ၊ အမောင်တို့သည်လည်း အကျွန်ုပ်ကဲ့သို့ စုတိပြတ်ကြွေ မသေလွန်မီက ကြိုတင်၍ ကာယ ဝစီ မနောသုစရိုက်တို့ကို ပွါးများအားထုတ်ကြပါကုန်"ဟု နှိုးဆော် တိုက်တွန်းဘိသကဲ့သို့ ဖြစ်ခဲ့၏။

ဒေဝဒူတ

ထို့ကြောင့်ပင် ဤအိုသောသူ နာသောသူ သေသောသူ သုံးမျိုးတို့ကို သေမင်း၏တမန်သည်နှင့် တူသောကြောင့်ငင်း ဝိသုဒ္ဓိဒေဝအမည်ရသော ဘုရား အလောင်းတော်တို့၏ တောထွက်တော်မူရန် အချိန်တန်ပြီဟု နှိုးဆော်

http://www.dhammadownload.com

တိုက်တွန်းသည့် နတ်တမန်သည်တို့နှင့် တူသောကြောင့်ဂင်း ဒေဝဒူတဟူ၍ ခေါ်ဆိုအပ်ပါကုန်တော့သည်။

ထိုဒေဝဒူတ အမည်ရသော အိုသောသူ နာသောသူ သေသောသူတို့ကို သက်သေဖော်ပြ၍ ယမမည်သော ငရဲထိန်းမင်းတို့သည် ငရဲပြည်သို့ ရောက်ရှိလာသော သတ္တဝါအား မေးမြန်း စစ်ဆေးကြပါသည်၊ ယမမင်းတို့ ငရဲသား သတ္တဝါအား ဒေဝဒူတ အမည်ရသော ဤသုံးဦးတို့ကို မေးမြန်းရာ ဖြစ်သော ငရဲဘုံသို့ ငရဲသား သတ္တဝါ ရှေးဦးစွာ ကျရောက်ရာကိုဖော်ပြလိုသဖြင့် "တီဏိ မာနိ ဘိက္ခဝေ ဒေဝဒူတာနိ။ ကတမာနိ တီဏိ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ဒေဝဒူတ အမည်ရသော သေမင်း၏နတ်တမန်တို့သည် သုံးမျိုးတို့ ရှိခဲ့သည်။

ယမမင်းထံ ပို့ကြပုံ

ချစ်သား ရဟန်းတို့....၊ဤလောကဌ အချို့သောပုဂ္ဂိုလ်တို့သည် ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်ကို ပြုမှုးကြ၍ စုတိပြတ်ကြွေ ကိုယ်ခန္ဓာ ပျက်သည်မှ နောက်ကာလဝယ် ချမ်းသာကင်းရာ မကောင်းသောသူတို့၏ လားရောက်ရာ ဖရိုဖရဲ အလိုဗတ္တိဘဲ ကျရောက်ရာ ဖြစ်သော ငရဲဘုံသို့ ဘဝပဋိသန္ဓေ စွဲရောက်၍ နေရပေတော့သည်။

ထိုငရဲသား သတ္တဝါကို ငရဲထိန်း ပုဂ္ဂိုလ်တို့က အထူးထူး အပြားပြား လက်ရုံးတို့ကို ဆွဲကိုင်ပြီးလျှင် ယမမင်းအထံသို့ ဆွဲဆောင်ကြ၍ "အယံ ဒေဝ ပုရိသော အမတ္တေယျော အပေတ္တေယျော" အစရှိသည်ဖြင့်—

အို အရှင်ယမမင်း....၊ဤသတ္တဝါသည်ကား လူ့ပြည်လောက နေစဉ် ကာလဝယ် အမိ၏အပေါ်၌လည်း ကောင်းစွာ မကျင့်ခဲ့၊ အဖ၏အပေါ်၌ လည်း ကောင်းစွာ မကျင့်ခဲ့၊ ကိုလေသာ ခပ်သိမ်းကို ငြိမ်းစေတတ်သည့် ရဟန်းသူမြတ်တို့၏ အပေါ်၌လည်း ကောင်းစွာ မကျင့်ခဲ့၊ မင်းမှုကို အပပြုတတ်သည့် ဗြာဟ္မဏ အမည်ရသော အရိယာ သူတော်ကောင်းတို့၏ အပေါ်၌လည်း ကောင်းစွာ မကျင့်ခဲ့၊ ဆွေမျိုးတို့၏အလယ်ဝယ် အသက်သိက္ခာအားဖြင့် ကြီးသော ပုဂ္ဂိုလ်တို့အားလည်း ရိုသေလေးစားခြင်းမရှိခဲ့၊ အရှင်ယမမင်းသည် ဤငရဲသား သတ္တဝါကို ထိုက်သင့်ရာ ဒဏ်ထားတော်မူပါဟု လျှောက်ထားကြပေသည်ဟု ဒေဝဒူတ အမည်ရသော သုတ္တန်ဒေသနာ

http://www.dhammadownload.com

တော်မြတ်ကို စကားဦး ပလ္လင်ခံ စကားပျိုးသော အနေဖြင့် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာ အတိုင်း သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ယမမင်းက ပဌမတမန်ဖြင့် စစ်ဆေးပုံ

ပု။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ယမဿ ရညော ပဌမဒေဝဒူတ သမနုယုဉ္ဇနာ ပကာသိတာ။

ဝိ။ ။တမေနံ ဘိက္ခဝေ ယမော ရာဇာ ပဌမံ ဒေဝဒူတံ သမနုယုဉ္ဇတိ သမနုဂါဟတိ သမနုဘာသတိ"အမ္ဘော ပုရိသ နံ တွံ အဒ္ဒသ မနုဿသု ပဌမံ ဒေဝဒူတံ ပါတုဘူတ"န္တိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ယမဿ ရညော ပဌမဒေဝဒူတသမနုယုဉ္ဇနာ ပကာသိတာ။

မေး။ ။ထိုဒေဝဒူတ သုတ္တန်ဒေသနာတော်မြတ်၌ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ငရဲသနင်း ယမမင်းကြီးက ငရဲသား သတ္တဝါအား ရှေးဦးစွာသော ဒေဝဒူတ နတ်တမန် ဖြင့်စုံစမ်းစစ်ဆေးပုံကို အဘယ်သို့လျှင် ဖော်ပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။"တမေနံ ဘိက္ခဝေ ယမော ရာဇာ ပဌမံ ဒေဝဒူတံ သမနုယုဉ္ဇတိ သမနုဂါဟတိ သမနုဘာသတိ"အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့....၊ ထို ငရဲသား သတ္တဝါကို ငရဲသနင်း ယမမင်းသည် ရှေးဦးစွာသော နတ်တမန်ကို ဖော်ပြမေးမြန်းပေတော့သည်၊ အဘယ်သို့ မေးမြန်းသနည်းဟူမူကား—

"အမ္ဘော ပုရိသ နံ တွံ အဒ္ဒသ မနုဿသု ပဌမံ ဒေဝဒူတံ ပါတုဘူတံ"။

အို အချင်းယောကျ်ား....၊အသင်သည် လူ့ပြည်လောကတို့၌ ရှေးဦးစွာသော ဒေဝဒူတ အမည်ရသည့် နတ်တမန် ထင်ရှား ဖြစ်ပေါ်လာသည်ကို အမောင်ယောကျ်ား မမြင်ခဲ့ပါဘူးလား ဟု မေးမြန်းလတ်သောအခါ ထို ငရဲသားသတ္တဝါသည် "နာဒ္ဒသံ ဘန္တေ-မမြင်ခဲ့ပါ အရှင်ဘုရား"ဟု ပြန်ကြား လျှောက်ဆိုခဲ့ပေသည်။

ထိုအခါ ချစ်သားရဟန်းတို့....ထိုငရဲသား သတ္တဝါကို ယမမင်းက "အမ္ဘော ပုရိသ နံ တွံ အဒ္ဒသ မနုဿသု ဣတ္ထိံ ဝါ ပုရိသံ ဝါ အာသီတိကံ ဝါ နာဝုတိကံ ဝါ ဝဿသတိကံ ဝါ ဇာတိယာ ဇိဏ္ဏံ" အစရှိသည်ဖြင့်—

http://www.dhammadownload.com

အို အမောင် ယောကျ်ား....၊ အမောင်ယောကျ်ားသည် လူ့ပြည် လောကတို့၌ ဆွေးမြေ့ယိုယွင်း အိုမင်းခြင်းသို့ ရောက်သော အချင် ရနယ် ဒိုင်းမြားတို့ကဲ့သို့ ညွှတ်ကိုင်းသော ကိုယ်ခန္ဓာ အစိတ်အပိုင်းရှိသော သုံးပါး သော ဌာနတို့၌ ကွေးကောက်၍ နေသော တောင်ဝှေးလျှင် လည်းလျောင်း ရာ ရှိသည်ဖြစ်၍ တတုန်လှုပ်လှုပ် လှည့်လည်ကျက်စား သွားလာ၍ နေပေ သော အိုမင်းသော ဇရာထောင်းသဖြင့် မြင်မကောင်း ရှုမကောင်း ဖြစ်၍ နေသော ပုဂ္ဂိုလ်ကို မမြင်ပါလော ဟု မေးမြန်းလတ်ပါသည်။

"အဒ္ဒသံ ဘန္တေ-မြင်ပါသည်ဘုရား"ဟု ငရဲသား သတ္တဝါက ပြန်ကြား လျှဲက်ထားလတ်သည်ရှိသော် ယမမင်းက "အမ္ဘော ပုရိသ တဿ တေ ဝိညုဿ သတော မဟလ္လကဿ န ဧတဒဟောသိ" အစရှိသည်ဖြင့်—

အို အမောင်ယောကျ်ား....၊ ထိုသို့ သူအိုကို အမောင်မြင်သောအခါ အသင်၏ စိတ်သန္တာန်ဝယ် "အဟမ္မိ ခေါမှိ ဇရာဓမ္မော၊ ငါသည်လည်း ဆွေး မြေ့ယိုယွင်း အိုမင်းရခြင်း သဘောရှိ၏၊ အိုမင်းရခြင်း သဘောကို ငါလည်း မလွန်မြောက်နိုင်၊ မအိုမီ ယခုကပင် ကြိုတင်၍ ကာယဒုစရိုက်ဖြင့်ငင်း ဝစီဒုစရိုက်ဖြင့် ငင်း မနောဒုစရိုက်ဖြင့်ငင်း ကောင်းမှုကုသိုလ်ကို ပြုအံ့ဟူ၍များ အသင် ယောကျ်ား၏ စိတ်သန္တာန်ဝယ် အကြံမဖြစ်ခဲ့ဘူးလား" ဟူ၍ မေးမြန်းလေ တော့သည်။

ထိုအခါ ငရဲသား သတ္တဝါက "နာသက္ခိဿံ ဘန္တေ၊ ပမာဒဿံ ဘန္တေ"ဟု အကျွန်ုပ်ကား ကုသိုလ်ကောင်းမှုကို ပြုလုပ်ခြင်းငှါ မစွမ်းနိုင်ခဲ့ပါ၊ အကျွန်ုပ် ကား မေ့လျော့ပေါ့တန်၍ နေခဲ့ပါသည်ဘုရား ဟူ၍ ပြန်ကြားပြောဆိုသည် တွင်—

ယမမင်းက "အမ္ဘော ပုရိသ ပမာဒတာယ နု ကလျာနမကာသိ ကာယေန ဝါစာယ မနသာ" အစရှိသည်ဖြင့် အို အမောင်ယောကျ်ား....၊အသင်သည် မေ့လျော့ပေါ့တန်ခြင်းပမာဒတရား လွှမ်းမိုးနှိပ်စက်အပ်သောကြောင့် ကာယ သုစရိုက် ဝစီသုစရိုက် မနောသုစရိုက်ကို အမောင်ယောကျ်ား မပြုခဲ့ချေ၊ မေ့လျော့ပေါ့တန်သော အခြားတပါးသော ပုဂ္ဂိုလ်များကို ကမ္မကရဏ အမျိုးမျိုးဖြင့် လွှမ်းမိုးနှိပ်စက်ပြုလုပ်ဘိသကဲ့သို့ အမောင်ယောကျ်ားကိုလည်း ထို့အတူပင် ကမ္မကရဏ အမျိုးမျိုး ပြုလုပ်ကြပေလိမ့်မည်။

http://www.dhammadownload.com

အမောင်ယောက်ျား....၊သင်၏ ယခု မကောင်းမှု အကုသိုလ်ကို မိခင်ဘခင်တို့ကလည်း ပြုလုပ်အပ်သည်မဟုတ်၊ အစ်ကို ညီဖွား အစ်မ နှစ်မတို့ကလည်း ပြုလုပ်အပ်သည်မဟုတ်၊ မိတ်ဆွေသင်္ဟတို့ကလည်း ပြုလုပ်အပ်သည်မဟုတ်၊ ဆွေမျိုး သားချင်းတို့ကလည်း ပြုလုပ်အပ်သည်မဟုတ်၊ တစုံတယောက်သော နတ်တို့ကလည်း ပြုလုပ်အပ်ည်မဟုတ်၊ ရဟန်း ပုဏ္ဏားတို့ကလည်း ပြုလုပ်အပ်သည်မဟုတ်၊ စင်စစ်သော်မူ အသင်သည်ပင်လျှင် အသင်၏ မကောင်းမှု အကုသိုလ်ကံကို ပြုလုပ်အပ်ခဲ့လေပြီ၊ သို့ပြုလုပ်အပ်သည့်အတိုင်း အသင်သည်ပင်လျှင် ထိုမကောင်းမှု အကုသိုလ်ကံ၏ အကျိုးဝိပါက်ကို ခံစံရလိမ့်မည်ဟု ထိုဒေဝဒူတ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်၌ ငရဲသနင်း ယမမင်းက ငရဲသားသတ္တဝါအား ရှေးဦးစွာသော ဒေဝဒူတ အမည်ရသည့် သူအိုကို ဖော်ပြ၍ မေးမြန်းစစ်ဆေးပုံကို ဤလျှောက်ဆို အပ်ပြီးသောအခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဒုတိယ တမန်ဖြင့် စစ်ဆေးပုံ

ပု။ ။ကထံ ပနာဝုသော တတ္ထ ဘဂဝတာ ယမဿ ရညော ဒုတိယဒေဝဒူတ သမနုယုဥ္ဇနာ ပကာသိတာ။

ဝိ။ ။တမေနံ ဘိက္ခဝေ ယမော ရာဇာ ပဌမံ ဒေဝဒူတံ သမနုယုဥ္ဇိတ္ဝာ သမနုဂါဟိတ္ဝာ သမနုဘာသိဘ္ဝာ ဒုတိယံ ဒေဝဒူတံ သမနုယုဥ္ဇတိ သမနုဂါဟတိ သမနုဘာသတိ "အမ္ဘော ပုရိသ နတ္ဝံ အဒ္ဒသမနုဿေသု ဒုတိယံ ဒေဝဒူတံ ပါတုဘူတ"နွှိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ယမဿ ရညော ဒုတိယာ ဒေဝဒူတသမနုယုဥ္ဇနာ ပကာသိတာ။

မေး။ ။ထို ဒေဝဒူတ သုတ္တန် ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ငရဲသနင်း ယမမင်းက ငရဲသား သတ္တဝါအား ရှေးဦးစွာသော နတ်တမန်ဖြင့် မေးမြန်း စစ်ဆေးရာတွင် ပြုခဲ့ဘူးသော ကောင်းမှုကုသိုလ်ကို မအောက်မေ့နိုင်ဘဲ သတိမရဘဲရှိသော အခါကာလဝယ် ဒုတိယနတ်တမန်ဖြင့် ထပ်ဆင့်၍ မေးမြန်းစစ်ဆေးပုံကို အဘယ်သို့လျှင် ဟောကြားဖော်ပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

http://www.dhammadownload.com

ဖြေ။ ။ထိုဒေဝဒူတ အမည်ရသော သုတ္တန် ဒေသနာတော်မြတ်၌ "တမေနံ ဘိက္ခဝေ။ပ။ သမနုဂါဟဘိ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....၊ထိုသို့ သူအို တည်းဟူသော ပဌမဒေဝဒူတ နတ်တမန်ဖြင့် ငရဲသား သတ္တဝါကိုမေးမြန်း၍ ကောင်းမှုကုသိုလ် တခုခု မပြုခဲ့ကြောင်း သိလတ်သောအခါ ယမမင်းက ငရဲသားဖြစ်သော ထိုသတ္တဝါကို ပဌမဒေဝဒူတဖြင့် မေးမြန်းစီစစ်၍ ပြီးဆုံးလတ်သောအခါ ဒုတိယဖြစ်သော ဒေဝဒူတနတ်တမန်ကို ဤသို့ မေးမြန်း စီစစ်လတ်ပြန်ပေသည်။

"အမ္ဘော ပုရိသ နတ္ဆံ အဒ္ဒသ မနုဿေသု ဒုတိယံ ဒေဝဒူတံ ပါတုဘူဘံ"။

အို အမောင် ယောက်ျား....၊အသင်သည် လူ့ပြည်လောက ဟိုဘုံဘဝ၌ နှစ်ခုမြောက်ဖြစ်သော ဒေဝဒူတအမည်ရသော နတ်တမန်တို့ ထင်ရှား ပေါ်ပေါက်၍ လာသည်ကို အမောင်ယောက်ျား မမြင်ခဲ့ပါသလော ဟု မေးမြန်းလတ်ပါသည်။

"မမြင်ခဲ့ပါကြောင်း" ငရဲသား သတ္တဝါကပြန်ပြောင်းလျှောက်ထားသည်တွင် ယမမင်းက—

"အမ္ဘော ပုရိသ နတ္ဆံ အဒ္ဒသ မနုဿေသု ဣတ္ထိံ ဝါ ပုရိသံ ဝါ အာဗာဓိကံ ဒုက္ခိတံ ဗာဠ္ဌ ဂိလာနံ သကေ မုတ္တကရီသေ ပလိပန္နံ သေမာနံ အညေဟိ ဝုဋ္ဌာပိယမာနံ အညေဟိ သံဝေသိယမာနံ" ဟု—

အို အမောင် ယောက်ျား....၊ လူ့လောကတို့၌ မိန်းမကို ဖြစ်စေ ယောက်ျားကို ဖြစ်စေ အနာရောဂါ နှိပ်စက်အပ်သဖြင့် ကာယိကဒုက္ခ စေတသိကဒုက္ခ နှစ်ပါးတို့ကို လူးလဲစွာ ခံစံ၍ နေရသော ပြင်းထန်စွာ မမာမကျန်းဖြစ်၍နေသော မိမိ၏ကျင်ငယ်ကြင်ကြီး၌ နစ်မွန်းမြောပါးလျက် ရှိသော သူတပါးတို့ ထူမှ ထနိုင်သော သူတပါးတို့မှ လှဲအိပ်နိုင်၍ ဂိလာနဖြစ်သော မိန်းမယောက်ျားကို အမောင်ယောက်ျား မမြင်ခဲ့ပါသလော ဟု မေးမြန်းပါသည်။

"အဒ္ဒသံ ဘန္တေ-မြင်ခဲ့ပါကြောင်း" ပြန်ပြောင်းလျှောက်ထားသည်တွင်၊ "အမ္ဘော ပုရိသ တဿ တေ ဝိညုဿ သတော မဟလ္လကဿ နတေဒဟောသိ အဟမ္ပိ ခေါမှိ ဗျာဓိဓမ္မော ဗျာဓိံ အနတီတော" အစရှိသည်ဖြင့်—

http://www.dhammadownload.com

အို အမောင်ယောကျ်ား....ငသိကြား လိမ်မာသူ အသက်အရွယ်အားဖြင့် ကြီးသူ စဉ်းစားနိုင်သူဖြစ်သော အမောင်ယောကျ်း၏ စိတ်သန္တာန်ဝယ် ထိုသို့ မမာမကျန်းသော ပုဂ္ဂိုလ်ကို မြင်သော ကာလ၌ ငါသည်လည်း နာဖျားခြင်းသဘောကို မလွန်မြောက်နိုင်သော သူပင်ဖြစ်သည်၊ ငါသည်လည်း နာဖျားခြင်းသဘောရှိသော ပုဂ္ဂိုလ်ပင် ဖြစ်ပေတော့သည်၊ မနာမီ ရှေး အဘို့က ကြိုတင်၍ ယခုအခါကပင် ငါသည်လည်း ကာယ ဝစီ မနော တည်း ဟူသော သုစရိုက်တရားကို ပွါးများကြိုးကုတ် အားထုတ်အံ့ ဟူ၍ များ အမောင်၏ စိတ်သန္တာန်ဝယ် အကြံ မဖြစ်ခဲ့လေလား ဟု မေးမြန်းပါသည်။

ထိုအခါ ငရဲသားသတ္တဝါက "နာသက္ခိဿံ ဘန္တေ၊ပမာဒဿံ ဘန္တေ"ဟု-အို အရှင်ယမမင်း....၊အကျွန်ုပ်ကားကုသိုလ်ကောင်းမှုပြုလုပ်ရန် မစ္ဆမ်းနိုင်ခဲ့ပါ၊ ကုသိုလ်ကောင်းမှု ပြုလုပ်ရန် မေ့ကျန်ခဲ့ပါသည်ဟု ပြန်ပြောင်းလျှောက်ထား သည်တွင်—

"အမ္ဘော ပုရိသ ပမာဒတာယ နကလျာဏမကာသိ ကာယေန ဝါစာယ မနသာ" အစရှိသည်ဖြင့် အသင်သည် ပမာဒတရား လွှမ်းမိုးနှိပ်စက်သည် အတွက် ကာယ ဝစီ မနော တည်းဟူသော သုစရိုက်တရားတို့ကို အမောင် ယောကျ်း မပြုခဲ့မိပေ၊ မေ့လျော့သော သင်မှတပါးသော ပုဂ္ဂိုလ်ကို ပြုလုပ် ဘိသကဲ့သို့ပင် အမောင်ယောကျ်းကိုလည်း စင်စစ်လျှင် ကမ္မကရဏ အမျိုးမျိုး ပြုလုပ်ကြလိမ့်မည်။

အို အမောင်ယောကျ်း....၊ယခု မကောင်းမှု အကုသိုလ် ဒုစရိုက် များကို အမောင်၏ အမိ အဘကလည်း ပြုသည်မဟုတ်၊ နောင်ကြီး ညီငယ် အစ်မနှစ်မတို့ကလည်း ပြုလုပ်အပ်သည်မဟုတ်၊ အဆွေခင်ပွန်း ချစ်ကျွမ်းဝင် သော သူတို့က ပြုလုပ်အပ်သည်လည်းမဟုတ်၊ ဆွေမျိုးသားချင်းတို့က ပြုလုပ် အပ်သည်လည်းမဟုတ်၊ တစုံတယောက်သော နတ်ဗြဟ္မာ, တစုံတယောက် သော ရဟန်းပုဏ္ဏားတို့က ပြုလုပ်အပ်သည်လည်း မဟုတ်၊ စင်စစ် သော်ကား အမောင်သည်ပင် ဤမည်သော မကောင်းမှု ဒုစရိုက် အကုသိုလ်ကံကို ပြုလုပ် အပ်ခဲ့လေပြီ၊ အမောင်ပြုလုပ်အပ်သော မကောင်းမှု ဒုစရိုက် အကုသိုလ်ကံ၏ အကျိုးဝိပါက်ကို အမောင်သည်ပင် ခံစံရလိမ့်မည်ဟု ဤနှစ်ခုမြောက် ဖြစ် သော ဒေဝဒူတ နတ်တမန်ကို ဖော်ပြ၍ ယမမင်းသည် ငရဲသား သတ္တဝါကို

http://www.dhammadownload.com

မေးမြန်းစစ်ဆေးပုံ အခြင်းအရာကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဖွင့်ပြဟောကြားတော်မူအပ်ခဲ့ပါသည်အရှင်ဘုရား။

တတိယ တမန်ဖြင့် စစ်ဆေးပုံ

ပု။ ။ကထံ ပနာဝုသော တတ္ထ ဘဂဝတာ ယမသ ရညော တတိယဒေဝဒူတ သမနုယုဉ္ဇနာ ပကာသိတာ။

ဝိ။ ။တမေနံ ဘိက္ခဝေ ယမော ရာဇာ ဒုတိယံ ဒေဝဒူတံ သမနုယုဉ်တွာ သမနုဂါဟိတွာ သမနုဘာသိတွာ တတိယံ ဒေဝဒူတံ သမနုယုဉ်တိ သမနုဂါဟတိ သမနုဘာသတိ "အမ္ဘော ပုရိသ နတ္ထံ အဒ္ဒသ မနုဿေသု တတိယံ ဒေဝဒူတံ ပါတုဘူတန္တိ" ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ယမသ ရညော တတိယာ ဒေဝဒူတသမနုယုဉ်နာ ပကာသိတာ။

မေး။ ။ထိုဒေဝဒူတ သုတ္တန်ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ငရဲသားသတ္တဝါအား ငရဲသနင်း ယမမင်းက ဒုတိယ ဒေဝဒူတ နတ်တမန်ဖြင့် မေးမြန်းစစ်ဆေးရာတွင် လူဖြစ်စဉ်အခါကာလက ကုသိုလ်ကောင်းမှုပြုလုပ်ရန် မေ့လျော့ခဲ့ပါသည် ဟု ဖြေဆိုသော အခါကာလဝယ် တတိယဒေဝဒူတ သုံးခုမြောက်ဖြစ်သော နတ်ဘမန်ဖြင့်လည်း တဖန်ထပ်၍ မေးမြန်းစီစစ်ပုံကို အဘယ်သို့လျှင် ဟောပြတော်မူခဲ့ပါသနည်းငါ့ရှင်....။

ဖြေ။ ။"တမေနံ ဘိက္ခဝေ။ပ။ သမနုဘာသိတွာ" အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....၊ ထိုငရဲသားသတ္တဝါကို ငရဲသနင်း ယမမင်းက ဒုတိယဒေဝဒူတ ဖြစ်သော သူနာကို သက်သေပြ၍ ပုညကိရိယာ ကောင်းမှုကုသိုလ်မျိုး ပြုခဲ့ရဲ့လားဟု မေးမြန်းစစ်ဆေးပြီးလတ်သောအခါ တတိယသုံးခုမြောက်ဖြစ်သော ဒေဝဒူတကို စစ်ဆေးမေးမြန်းလတ်ပြန်တော့သည်။

"အမ္ဘော ပုရိသ နတ္ထံ အဒ္ဒသ မနုဿေသု တတိယံ ဒေဝဒူတံ ပါတုဘူတံ"။

အို အမောင်ယောကျ်ား....၊ အသင်သည် လူ့ပြည်လောက ဟိုဘဝဝယ် တတိယ သုံးခုမြောက် ဖြစ်သော ဒေဝဒူတ နတ်တမန် ထင်ရှားဖြစ်ပေါ်၍ နေသည်ကို အမောင် ယောကျ်ား မမြင်ခဲ့ပါ လားဟု မေးမြန်းလတ်သော အခါ——

http://www.dhammadownload.com

"နာဒ္ဒသံ ဘန္တေ-အိုအရှင် ယမမင်း....၊အကျွန်ုပ် မမြင်ခဲ့ပါ"ဟု လျှောက်ထားသည်တွင်—

"အမ္ဘော ပုရိသ နတ္ထံ အဒ္ဒသ မနုဿေသု ဣတ္ထိံ ဝါ ပုရိသံ ဝါ ဧကာဟမတံ ဝါ ဒွီဟမတံ ဝါ တီဟမတံ ဝါ ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကဇာတံ" ဟု—

အို အမောင်ယောက်ျား....၊လူ့ပြည်လောက ဟိုဘဝဝယ် သေပြီး၍ တရက်ရှိ,သေပြီး၍ နှစ်ရက်ရှိ,သေပြီး၍ သုံးရက်ရှိသော ဖူးဖူးယောင်ထသော ဖောက်ပြန်သော အဆင်းရှိသော ယိုစီးသော သွေးပြည်ရှိသော မိန်းမကို ဖြစ်စေ ယောက်ျားကိုဖြစ်စေ တစုံတယောက်ကို အမောင်ယောက်ျား မမြင်ခဲ့ပါဘူးလော ဟု မေးမြန်းလတ်သော်—

"အဒ္ဒသံ ဘန္တေ-မြင်ခဲ့ပါကြောင်း" ငရဲသား သတ္တဝါက ပြန်ပြောင်း လျှောက်ထားသည်တွင် "အမ္ဘော ပုရိသ တဿ တေ ဝိညုဿ သတော မဟလ္လကဿ နတေဒဟောသိ" အစရှိသည်ဖြင့်—

အို အမောင်ယောက်ျား....၊ထိုသို့ စုတိ ပြတ်ကြွေ သေဇွန်သော သတ္တဝါကို အမောင်ယောက်ျား....၊မြင်လတ်သောအခါ သိကြားလိမ်မာသူအရွယ်အားဖြင့် ကြီးသူ ဖြစ်ပါသော အမောင်ယောက်ျား၏ စိတ်သန္တာန်ဝယ် ငါသည်လည်း စုတိပြတ်ကြွေ သေလွန်ရခြင်း သဘောရှိပေ၏၊ သေခြင်း သဘောကို ငါသည်လည်း မလွန်မြောက်နိုင်၊ ယခုကပင် မသေခင်က ကြိုတင်၍ ငါသည်ကာယ ဝစီ မနောတည်းဟူသော သုစရိုက် တရားများကို ပွါးများကြိုးကုတ်အားထုတ်မည်ဟူ၍များ အမောင်ယောက်ျား၏ စိတ်သန္တာန်ဝယ် အကြံမဖြစ်ခဲ့ပါဘူးလားဟူ၍ မေးမြန်းလတ်ပေသည်။

ထိုအခါ ငရဲသား သတ္တဝါက—

"နာသက္ခိဿံ ဘန္တေ ပမာဒဿံ ဘန္တေ"—

အို အရှင်ယမမင်း....၊ အကျွန်ုပ်ကား ကောင်းမှု ကုသိုလ်ကို ပြုလုပ်ဘို့ရန် မစွမ်းနိုင်ခဲ့ပါ၊ ကောင်းမှု ကုသိုလ် ပြုလုပ်ဘို့ရန် မေ့ကျန်၍ နေခဲ့ပါသည်ဟု အမှန်အတိုင်း ပြန်ကြားလျှောက်ထားသည်တွင်—

"အမ္ဘော ပုရိသ ပမာဒတာယ နကလျာဏမကာသိ ကာယေန ဝါစာယ မနသာ" အစရှိသည်ဖြင့် ယမမင်းက—

http://www.dhammadownload.com

အို အမောင်ယောကျ်ား....ပမာဒတရား လွှမ်းမိုးနှိပ်စက်သဖြင့် ကာယ ဝစီ မနော တည်းဟူသော သုစရိုက် သုံးမျိုးတို့ကို မပြုခဲ့မိရှာ၊ မေ့လျော့ပေါ့တန်သော အခြားသော ပုဂ္ဂိုလ်ကို ကြောက်လန့်ဘွယ် ကောင်းလှသော ကမ္မကရဏ အမှုမျိုးကို ပြုလုပ်ကြဘိသကဲ့သို့ အမောင်ကိုလည်း စင်စစ် ကောန် ပြုလုပ်ကြမည် မှန်သည်။

အို အမောင် ယောကျ်ား....၊သင်ယခု ပြုမှားခဲ့သော မကောင်းမှု အကုသိုလ်ကံကို အမိအဘတို့က ပြုအပ်သည်မဟုတ်၊ ညီအစ်ကို အစ်မ နှစ်မ တို့က ပြုအပ်သည်မဟုတ်၊ ဆွေမျိုးသားချင်း မိတ်ဆွေရင်းတို့က ပြုအပ်သည် မဟုတ်၊ တစုံတယောက်သော နတ်ဗြဟ္မာ ရဟန်း ပုဏ္ဏားတို့က ပြုအပ်သည် မဟုတ်၊ စင်စစ်သော်မူ အမောင်သည်ပင် အမောင်၏ ဒုစရိုက် အကုသိုလ်မှုကို ပြုအပ်ခဲ့ပေသည်၊ အမောင်ပြုအပ်သော ဒုစရိုက် အကုသိုလ်အမှု၏ အကျိုး ဝိပါက်ကို အမောင်သည်ပင် ခံစားရချိမ့်မည်ဟု သုံးခုမြောက် ဖြစ်သော ဒေဝဒူတ အမည်ရသည့် သူသေကို ဖော်ပြ၍ ယမမင်း၏ မေးမြန်းပုံ အခြင်း အရာကို သမ္မည္ မြတ်စွာဘုရား လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဖွင့်ပြဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ငရဲသားတွေ ခံစံရပုံမျှား

ပု။ ။ကထံ ပနာဝုသော တတ္ထ ဘဂဝတာ နေရယိကဿ သတ္တဿ နိရယ ဒုက္ခပဋိသံဝေဒနာ ပကာသိတာ။

ဝိ။ ။တမေနံ ဘိက္ခဝေ“ယမော ရာဇာ တတိယံ ဒေဝဒူတံ သမနုယုဉ်တ္ဇာ သမနုဂါဟိတ္ဇာ သမနုဘာသိတ္ဇာ တုဏှီ ဟောတိ။တမေနံ ဘိက္ခဝေ နိရယပါလာ ပဉ္စဝိဓေန္ဓနံ နာမ ကာရဏံ ကရောန္တိ၊တတ္တံ အယောခိလံ ဟတ္ထေ ဂဏှန္တိ၊ တတ္တံ အယောခိလံ ဒုတိယမ္ပိ ဟတ္ထေ ဂဏှန္တိ၊တတ္တံ အယောခိလံ ပါဒေ ဂဏှန္တိ၊ တတ္တံ အယောခိလံ ဒုတိယမ္ပိ ပါဒေ ဂဏှန္တိ၊တတ္တံ အယောခိလံ မဇ္ဈေ ဥရသ္မိံ ဂဏှန္တိ။သော တတ္ထ ဒုက္ခာ တိဗ္ဗာ ခရာ ကဋုကာ ဝေဒနာ ဝေဒယတိ၊ န စ တာဝ ကာလံ ကရောတိ၊ ယာဝ န တံ ပါပကမ္မံ ဗျန္တီဟောတိ” တိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ နေရယိကဿ နိရယဒုက္ခပဋိသံဝေဒနာ ပကာသိတာ။

http://www.dhammadownload.com

မေး။ ။ထို ဒေဝဒူတသုတ္တန် ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ထိုငရဲဘုံ၌ ဖြစ်သော အမျိုးမျိုးသော ဆင်းရဲဒုက္ခကို ငရဲသားသတ္တဝါခံစား၍ နေရပုံကို အဘယ်သို့လျှင် ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထို ဒေဝဒူတသုတ္တန်ဒေသနာတော်မြတ်၌ "တမေနံ ဘိက္ခဝေ ယဲမော ရာဇာ။ပ။ တုဏ္ဍီ ဟောတိ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....ထိုငရဲသား သတ္တဝါကို ယမမင်းသည် သုံးခုမြောက် ဖြစ်သော ဒေဝဒူတ အမည်ရသည့် သေလွန်သူ တည်းဟူသော နတ်တမန်ကို စစ်ဆေးမေးမြန်းပြီးလတ်သောအခါ တစုံတခု ကုသိုလ်ကောင်းမှုကို မပြုခဲ့ကြောင်း မေ့လျော့၍ နေကြောင်း ပြန်ပြောင်း၍ ပြောဆိုသည်တွင် ကယ်တင်နိုင်ရန် အခွင့်လုံးလုံးပင် မမြင်လတ်သဖြင့် ယမမင်းသည် စကားမပြော တုဏ္ဍီဘော ဆိတ်ဆိတ်ဖြင့် နေလတ်တော့သည်။

ချစ်သားရဟန်းတို့....ထိုသို့ ယမမင်း ဒေဝဒူတ သုံးမျိုးဖြင့် မေးမြန်းပြီးလတ်၍ ကယ်တင်ရန် အခွင့်မမြင် ဆိတ်ဆိတ်နေသော ကုလဝယ် ထိုငရဲသားသတ္တဝါကို ကြောက်ဖွယ်ရာ ကောင်းလှသော ငရဲထိန်းတို့က ပဉ္စဝိဓဗန္ဓန အမည်ရသော ငါးပါးသော ဌာနတို့၌ နှောင်ဖွဲ့ခြင်းတည်းဟူသော ကမ္မကရဏအမှုကို ပြုကြတော့သည်။

နှောင်ဖွဲ့ခြင်း ငါးပါး

ရှေးဦးစွာ လက်ျာလက်၌ သံတံကျင်တခုကို ရိုက်နှက်၍ သွင်းကြတော့သည်၊ သုံးဂါဝုတ်မျှထင်ရှားရှိသောငရဲသားသတ္တဝါ၏ လက်ျာလက်ဝယ် ထန်းလုံးဖျားမျှ ပမာဏရှိသော ရဲရဲပြောင်ပြောင် တောက်လောင်သော သံတံကျင်ကို ရိုက်နှက်ကြတော့သည်၊ လက်ဝဲဖြစ်သော လက်၌ ထို့အတူပင် ထန်းလုံးဖျားမျှ ပမာဏ ရှိသော ရဲရဲပြောပြောင် တောက်လောင်သော သံတံကျင်ကိုလည်း ရိုက်နှက်ကြသည်၊ ထို့အတူ လက်ျာခြေထောက်, လက်ဝဲခြေထောက် ရင်ညွန့် ဤဌာနတို့၌ ထန်းလုံးမျှ ပမာဏ ရှိသော ရဲရဲပြောင်ပြောင် တောက်လောင်သော သံတံကျင်တို့ဖြင့် ရိုက်နှက်လတ်သော အခါ ထိုငရဲသားသတ္တဝါသည် ထိုငရဲဘုံ၌ ကြမ်းတမ်းလှစွာသော ထက်မျက်လှစွာသော အခံခက်လှစွာသော သည်းထန်လှစွာသော ဒုက္ခဝေဒနာတို့ကို ခံစံရတော့သည်၊

http://www.dhammadownload.com

အကြင်မျှလောက် မကောင်းမှု အကုသိုလ်ကံ မကုန်သေး၊ ထိုမျှလောက် စုတိပြတ်ကြွေ သေလွန်သောဟူ၍ မရှိပေ။

အခြားဒုက္ခများ

ချစ်သား ရဟန်းတို့....၊ဤမျှဖြင့်လည်း အကုသိုလ်ဒုက္ခကား မငြိမ်းခဲ့သေး၊ ထိုငရဲသားသတ္တဝါကို ငရဲထိန်းတို့သည် လျောင်းစက်စေပြီးလျှင် ကြီးစွာသော ဓားမတို့ဖြင့် သစ်တုံးပမာ ရွေကြ ဖြတ်ကြ ခုတ်ကြ လိုးကြ တောက်ကြ တော့သည်၊ အကြင်မျှလောက် မကောင်းမှု အကုသိုလ်ကံ မကုန်သေး၊ ထိုမျှလောက် စုတိပြတ်ကြွေ သေလွန်ခြင်း ဟူ၍ မရှိဘဲ ထိုငရဲပြည်၌ သည်းစွာသော ကြမ်းတမ်းစွာသော အခံခက်လှစွာသော ဆင်းရဲဒုက္ခဝေဒနာကို ခံစီ၍နေရတော့သည်။

ချစ်သားရဟန်းတို့....၊ ထိုငရဲသားသတ္တဝါကို ဤမျှဖြင့်လည်း မပြီးသေး၊ ငရဲထိန်းဖြစ်သော သတ္တဝါတို့သည် ဦးခေါင်းစောက်ထိုးထား၍ ကြီးစွာသော အသွားရှိသော ပဲကွပ်တို့ဖြင့်လည်း ရွေကြကုန်တော့သည်။

ဤတွင်မျှ မကသေး၊ထိုငရဲသား သတ္တဝါကို ရဲရဲပြောင်ပြောင် တောက်လောင်သော သံရထားဦး ယှဉ်ကြ, က-ကြပြီးလျှင် ရဲရဲပြောင်ပြောင် တောက်လောင်သော သံမြေပြင်အဝန်း၌ အစုန်အဆန် သွားလာစေကြပေသည်။

ဤမျှဖြင့် မကသေး၊ ထိုငရဲသား သတ္တဝါကို ငရဲထိန်းတို့သည် ရဲရဲပြောင်ပြောင် တောက်လောင်၍ နေသော မီးကျီးတောင်ထက်သို့လည်းတက်စေကြ ဆင်းစေကြပေသည်။

လောဟကုမ္ဘီငရဲ၌ ပစ်ချပြန်ပုံ

ချစ်သားရဟန်းတို့....၊ ဤတွင်မျှမကသေး၊ထိုငရဲသားသတ္တဝါကို ငရဲထိန်းဖြစ်သော သတ္တဝါတို့က ဦးခေါင်းစောက်ထိုး ခြေမိုးမျှော် ဆွဲကိုင်ပြီးလျှင် လောဟကုမ္ဘီအမည်ရသော ရဲရဲပြောင်ပြောင် တောက်လောင်သော သံရည်ငရဲ၌ ပစ်ချလိုက်တော့သည်၊ ထိုငရဲသား သတ္တဝါသည် ထိုလောဟကုမ္ဘီငရဲ၌ အမြှုပ်တစီစီ ကျက်ရပြီးလျှင် တရံတခါ အောက်သို့ရောက်၍ တရံတခါ အထက်သို့ ရောက်၍ တရံတခါ နံဘေးသို့ရောက်လျက် အောက်ထက် စုန်ဆန်

http://www.dhammadownload.com

အပူပင်ခံ၍ နေရသည်၊ ကြီးစွာသော ဆင်းရဲဒုက္ခ ခံစံရပါသော်လည်း အကုသိုလ်ကံ မကုန်သေးသမျှ ကာလပတ်လုံး စုတိပြတ်ကြွေ သေလွန်သော မည်သည် မရှိ။

ချစ်သားရဟန်းတို့....၊ ဤမျှဖြင့်လည်း မရပ်နားသေး၊ ထိုငရဲသား ဖြစ်သော သတ္တဝါကို ငရဲထိန်းဖြစ်သော ပုဂ္ဂိုလ်တို့က ဆွဲကိုင်ပြီးလျှင် မဟာအဝီစိငရဲ၌ ပစ်ချကြတော့သည်ဟု ငရဲသားဖြစ်သော သတ္တဝါ၏ နိရယဘုံ၌ ကြီးစွာသော ဆင်းရဲဒုက္ခခံစံရပုံကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သမ္မညူမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သံဝေဂကထာ ဟောကြားတော်မူခြင်း

ပု။ ။ကထံ ပနာဝုသော ဘဂဝတာ သံဝေဇနီယကထာ ကထိတာ။

ဝိ။ ။ဘူတပုဗ္ဗံ ဘိက္ခဝေ ယမဿ ရညော တေဒဟောသိ "ယေ ကိရ တောဟ လောကေ ပါပကာနိ ကမ္မာနိ ကရောန္တိ၊တေ ဝေရူပါ ဝိဝိဓာ ကမ္မကရဏာ ကရီယန္တိ၊အဟောဝတာဟံ မနုဿတ္တံ လဘေယျံ၊တထာ-ဂတော စ လောကေ ဥပ္ပဇ္ဇေယျ အရဟံ သမ္မာသမ္ဗုဒ္ဓေါ "တိ ဇေ-မာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ သံဝေဇနီယကထာ ကထိတာ။

မေး။ ။ထိုဒေဝဒူတ သုတ္တန်ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္မညူမြတ်စွာဘုရားသခင်သည် အမျိုးမျိုးသော ငရဲဒုက္ခ ငရဲဆင်းရဲတို့ကို ငရဲသား သတ္တဝါ ခံစားရပုံနှင့် စပ်လျဉ်း၍ ထိတ်လန့်ဘွယ် သံဝေဇနီယဖြစ်သော ဒေသနာစကားတော်မြတ်ကို အဘယ်သို့လျှင် ဟောကြား မိန့်မြွက်တော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဒေဝဒူတ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်၌ ငရဲသား သတ္တဝါ၏ ငရဲပြည်၌ ကြီးစွာသော ဒုက္ခနှင့် စပ်လျဉ်း၍ ထိတ်လန့်ဘွယ်ရာ သံဝေဇနီယ ဓမ္မကထာကို "ဘူတပုဗ္ဗံ ဘိက္ခဝေ ယမဿ ရညော တေဒဟောသိ"အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....၊ ငရဲပြည်၌ ငရဲသား သတ္တဝါ အမျိုးမျိုးတို့၏ ဆင်းရဲဒုက္ခကြီးလှပုံကို ဒိဋ္ဌထင်ထင်တွေ့မြင်၍ နေရသော ယမမင်းအား ရှေး၌ ဖြစ်ဘူး အကြောင်းထူးမှာ ဤသို့ အကြံအစည် ဖြစ်ခဲ့ဘူးသည်၊ အဘယ်သို့ ဖြစ်ခဲ့သနည်းဟူမူကား—

http://www.dhammadownload.com

"ယေ ကိရ ဘော လောကေ ပါပကာနိ ကမ္မာနိ ကရောန္တိ"။

အို အချင်းတို့....၊အကြင်သူတို့သည် ဤလောက၌ ကာယ ဝစီ မနော တည်းဟူသော မကောင်းမှု ဒုစရိုက် တို့ကို ပြုကြကုန်၏၊ ထိုမကောင်းမှု ဒုစရိုက် သမားတို့သည် ဤသို့ သဘောရှိသော ပဥ္စဝိဗေန္ဓန အစရှိသော ကြောက်လန့်ဘွယ် အသည်းထိတ်ဖွယ် ကောင်းလှစွာသော ကံကြမ္မာတို့ကို အပြုခံရကုန်၏တကား....။ ငါတမူကား လူ့အဖြစ်ကို ရပါမူ ကောင်းလေစ့၊ လူ့ပြည်လောကဝယ် ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော အရဟံဂုဏ်အရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရား ပွင့်ပေါ်တော်မူပါမူ ကောင်းလေစ့၊ ထိုသဗ္ဗညုမြတ်စွာဘုရားကို ငါသည် ခစား ဆည်းကပ်ရမူ ကောင်းလေစ့၊ ငါ့အား သဗ္ဗညုမြတ်စွာဘုရားသည် ကရုဏာ ရွှေထား တရားဟောတော်မူပါမူ ကောင်းလေစ့၊ ထိုသဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်ကို ငါသည် မင်္ဂလောက် ဖိုလ်ပေါက် သိမြင်ရပါမူ ကောင်းလေစ့-ဟူ၍ ငရဲ၌ ဖြစ်သော ဒုက္ခကို မြင်သဖြင့် ကြီးစွာ သံဝေဂရပြီးလျှင် ဤသို့ပင် ယမမင်းအား စိတ်အကြံဖြစ်ခဲ့ဘူးလေသည်။

ချစ်သား ရဟန်းတို့....၊ဤလောကဝယ် ဒေဝဒူတ အမည်ရသော အို သောသူ နာသောသူ သေသောသူတို့က နေ့စဉ်တစေ တိုက်တွန်း နှိုးဆော်၍ နေပါလျက် မေ့လျော့ပေါ့တန်သော ပုဂ္ဂိုလ်တို့သည် ငရဲဘုံတည်းဟူသော ယုတ်ညံ့သော ကိုယ်သို့ ကပ်ရောက်၍ ရှည်မြင့်စွာသော နေ့ညဉ့်တို့ ကာလ ပတ်လုံး ပူပင်ကြရကုန်၏၊ စိတ်နှလုံး ပျော်ပျော့၍ သူတော်ကောင်းစင်စစ် ဖြစ်ကြကုန်သော အကြင်ပုဂ္ဂိုလ်တို့သည်ကား ဒေဝဒူတအမည်ရသော သူအို သူနာ သူသေတို့ နှိုးဆော်တိုက်တွန်းအပ်ရကား အရိယာသူတော်ကောင်းတို့၏ တရား၌ တကြိမ်တဖန် တံခါတခါမျှ မမေ့မလျော့ မပေါ့မဆတဲ့ ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်၏၊ ထိုသူတော်ကောင်း သူမြတ်လောင်းတို့သည် ကံ၊ ဇာတိ မရဏ၏ အကြောင်းဖြစ်သော ဥပါဒါန်တရား၌ အပြစ်ဒေါသ အာဒီနဝကို မြင်ကြပြီးလျှင် ဇာတိ မရဏ၏ ကုန်ရာ နိဗ္ဗာန်တည်းဟူသော ချမ်းသာ၌ အာရုံပြုသော အားဖြင့် ရောက်ရှိကြပြီးလျှင် သံသရာဘေးဒုက္ခမှ လွတ်မြောက်ကြရကုန်တော့သည်၊ ထိုသူတော်ကောင်း သူမြတ်လောင်းတို့သည် အပွဓာဒ တရား လက်ရှိထားကြ၍ လူ့ချမ်းသာနတ်ချမ်းသာ ဈာန်ချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ အမျိုးမျိုးတို့ကို ခံစံရပြီးလျှင် ဒိဋ္ဌဓမ္မ

http://www.dhammadownload.com

ပစ္စုပ္ပန်ဘဝ၌လည်း ကိလေသပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းကြ၍ ခပ်သိမ်းသော ဘေး ခပ်သိမ်းသောရန်တို့ကို လွန်မြောက်ပြီးလျှင် ပရိနိဗ္ဗာန စုတိမှ နောက် ကာလဝယ် အလုံးစုံသော သံသရာဝဋ်ဒုက္ခကို လွန်မြောက်ကြကုန်သည်ဟု အရဟတ္တဖိုလ်နိဗ္ဗာန်ကို အထွဋ်တပ်၍ သံဝေဇနီယကထာ အမည်ရသော ဤစမ္မဒေသနာတော်မြတ်ကို—

"စောဒိတာ ဒေဝဒူတေဟိ၊ ယေ ပမဇ္ဇန္တိ မာဏဝါ။
တေ ဒီဃရတ္တံ သောစန္တိ၊ ဟီနကာယူပဂါ နရာ။
ယေ စ ခေါ ဒေဝဒူတေဟိ၊ သန္တော သပ္ပုရိသာ ဣဓ။
စောဒိတာ န ပမဇ္ဇန္တိ၊ အရိယဓမ္မေ ကုဒါစနံ။
ဥပါဒါနေ ဘယံ ဒိသ္ဝာ၊ ဇာတိမရဏသမ္ဘဝေ။
အနုပါဒါ ဝိမုစ္စန္တိ၊ ဇာတိမရဏသင်္ခယေ။
တေ အပ္ပမတ္တာ သုခိနော၊ ဒိဋ္ဌဓမ္မာဘိနိဗ္ဗုတာ။
သဗ္ဗဝေရဘယာတီတာ၊ သဗ္ဗဒုက္ခံ ဥပစ္စဂုံ"ဟု—

သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဒေဝဒူတသုတ် ပြီး၏

စတုမဟာရာဇသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။သမ္မာသမ္ဗုဒ္ဓေန အဂ်ုတ္တရနိကာယေ တိကနိပါတေ ဒေဝဒူတဝဂ္ဂေ အဋ္ဌံ စတုမဟာရာဇသုတ္တံ ကထံ ဘာသိတံ။

ဝိ။ ။အဋ္ဌံ ဘန္တေ စတုမဟာရာဇသုတ္တံ "အဋ္ဌမိယံ ဘိက္ခဝေ ပက္ခဿ စတုန္နံ မဟာရာဇာနံ အမစ္စာ ပါရိသဇ္ဇာ ဣမံ လောကံ အနုဝိစရန္တိ ကစ္စိ ဗဟူ မနုဿာ မနုဿေသု မတ္တေယျာ ပေတ္တေယျာ သာမညာ ဗြဟ္မညာ ကုလေ ဇေဋ္ဌပစာယိနော၊ ဥပေါသထံ ဥပဝသန္တိ ပဋိဇာဂရောန္တိ၊ ပုညာနိ ကရောန္တီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

http://www.dhammadownload.com

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ မြတ်စွာဘုရားသခင်သည် အင်္ဂုတ္တရနိကာယ် တိကနိပါတ် ဒေဝဒူတဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော စတုမဟာရာဇ သုတ္တန်တရားဒေသနာတော်ကို အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ရှစ်ခုမြောက် ဖြစ်သော စတုမဟာရာဇ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "အဋ္ဌမိယံ ဘိက္ခဝေ ပက္ခဿ စတုန္နံ မဟာရာဇာနံ အမစ္စာ ပါရိသဇ္ဇာ ဣမံ လောကံ အနုဝိစရန္တိ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊လဆန်းပက္ခ လဆုတ်ပက္ခ၏ ရှစ်ရက်မြောက်သော နေ့၌ စတုမဟာရာဇ်နတ်မင်းကြီးတို့၏ အခွေအရံ ပရိသတ်ဖြစ်သော နတ်တို့သည် ဤလူ့ပြည်လောကသို့ လှည့်လည်ကျက်စား ကြကုန်၏၊ တဆယ့်လေးရက် ဥပုသ်နေ့၌ကား စတုမဟာရာဇ်နတ်မင်းကြီးတို့၏ သားဖြစ်သော နတ်တို့သည် ဤလူ့ပြည်လောကသို့ လှည့်လည် ကျက်စားကြကုန်၏၊ တဆယ့်ငါးရက် ပန္နရသီ ဥပုသ်နေ့၌ကား စတုမဟာရာဇ် နတ်မင်းကြီးတို့ ကိုယ်တိုင်ပင်လျှင် ဤလူ့ပြည်လောကသို့ လှည့်လည်ကျက်စားကြကုန်၏။

ရွှေပေလွှာဖြင့် စာရင်းယူကြပုံ

အဘယ်သို့သော ရည်ရွယ်ချက်ဖြင့် လှည့်လည်ကျက်စားကြကုန်သနည်း ဟူမူကား ဤလူ့ပြည်လောက၌ အမိကို ရိုသေစွာ ကျင့်ကြံသောလူ အဘကို ရိုသေစွာ ကျင့်ကြံသောလူ ရဟန်းပုဏ္ဏားတို့၌ ရိုသေစွာ ကျင့်ကြံသောလူ ဆွေမျိုးတို့၌ အသက်သိက္ခာ ဂုဏ်အားဖြင့် ကြီးသော ပုဂ္ဂိုလ်တို့ကို ရိုသေလေ့ရှိသောလူ ပဥ္စမီ ငါးရက်မြောက် ဥပုသ်နေ့၊ အဋ္ဌမီ-ရှစ်ရက်မြောက် ဥပုသ်နေ့၊ တဆယ့်လေးရက် စာတုဒ္ဒသီ ဥပုသ်နေ့၊တဆယ့်ငါးရက် ပန္နရသီ ဥပုသ်နေ့၌ ဥပုသ်ကျင့်သုံးသောလူ၊ ပဥ္စမီ-ငါးရက်မြောက် ဥပုသ်နေ့၏ အကြို အပို ဖြစ်သော ပဋိဇာဂရ ဥပုသ်နေ့၊ ရှစ်ရက်မြောက် ဖြစ်သော အဋ္ဌမီဥပုသ်၏ အကြို အပိုဖြစ်သော ခုနစ်ရက် ကိုးရက်ဖြစ်သောနေ့၊ တဆယ့်လေးရက် ဥပုသ်နေ့၏ အကြို တဆယ့်သုံးရက် နေ့၊ပန္နရသီ ဥပုသ်နေ့၏ အပိုဖြစ်သောလပြည့်ကျော် တရက် လဆန်းတရက်။ ဤပဋိဇာဂရ အမည်ရသော ဥပုသ်နေ့တို့၌ ဥပုသ်ကျင့်သုံးသောလူ ကောင်းမှုကုသိုလ် ပြုလုပ်သော လူတို့သည် ဤလူ့ပြည်လောက၌ များစွာရှိကြပါကုန်၏လော ဟု ရွှေပေလွှာကို ကိုင်၍ လူ့ပြည်သို့ သက်ဆင်း စာရင်းယူလေ့ရှိကြကုန်သည်။

http://www.dhammadownload.com

နတ်သဘင် အစည်းအဝေး၌

ချစ်သား ရဟန်းတို့....၊အကယ်၍ စတုမဟာရာဇ်နတ်မင်း,ထိုနတ်မင်းကြီးတို့၏သား, ထိုနတ်မင်းကြီးတို့၏ အခွေအရံ ဖြစ်သော ပရိသတ်တို့ လူ့ပြည်သို့ လှည့်လည်၍ ကုသိုလ်စာရင်း ယူရာဝယ် အမိ၌ ရှိသေစွာ လုပ်ကျွေးကျင့်ကြံသော ပုဂ္ဂိုလ်၊ အဘ၌ ရှိသေစွာ လုပ်ကျွေးကျင့်ကြံသော ပုဂ္ဂိုလ်၊ ရဟန်း ပုဏ္ဏားတို့၌ ရှိသေစွာ ကျင့်ကြံသော ပုဂ္ဂိုလ်၊ ဆွေဝန်းမျိုးအလယ်၌ ဂုဏ်သိက္ခာကြီးသော သူတို့အား ရိုသေလေးနာလေ့ရှိသောပုဂ္ဂိုလ်၊ ငါးရက်မြောက်ဥပုသ် ရှစ်ရက်မြောက်ဥပုသ် တဆယ့်လေးရက် တဆယ့် ငါးရက် ဥပုသ်နေ့၌ ဥပုသ်သီတင်းစောင့်သုံးသော ပုဂ္ဂိုလ်၊ ထိုငါးရက် ရှစ်ရက် တဆယ့်လေးရက် တဆယ့်ငါးရက် ဥပုသ်၏အကြိုအပိုဖြစ်သော ရွှေနောက်ရက်တို့၌ ဥပုသ်စောင့်သုံးသော ပုဂ္ဂိုလ်၊ကုသိုလ်ကောင်းမှု ပြုလုပ်သော ပုဂ္ဂိုလ်တို့ အကယ်၍ လူ့ပြည်လောကဝယ် နည်းပါးကြသည် ဖြစ်ပါကုန်မူကား စတုမဟာရာဇ် နတ်မင်းတို့သည် ထိုအကြောင်းကို တဝတိံသာနတ်ပြည် သုဓမ္မာနတ်သဘင်အစည်းအဝေး၌—

အပွကာ ခေါ မာရိသာ မနုဿာ မနုဿေသု မတ္တေယျာ ပေတ္တေယျာ သာမညာ ဗြဟ္မညာ ကုလေ ဇေဋ္ဌပစာယိနော၊ ဥပေါသထံ ဥပဝသန္တိ ပဋိဇာဂရောန္တိ၊ ပုညာနိ ကရောန္တိ။

အချင်းတို့....၊ ဤယခုအခါဝယ် လူ့ပြည်လောက၌ အမိကို ရိုသေစွာ လုပ်ကျွေးပြုစုသော ပုဂ္ဂိုလ်၊ အဘကို ရိုသေစွာ လုပ်ကျွေးပြုစုသောပုဂ္ဂိုလ်၊ ရဟန်းပုဏ္ဏားတို့၌ ရိုသေစွာ လုပ်ကျွေးပြုစုသော ပုဂ္ဂိုလ်၊ အသက်သိက္ခာကြီးသော သူတို့အား ရိုသေလေးနာလေ့ရှိသော ပုဂ္ဂိုလ်၊ ငါးရက် ရှစ်ရက် တဆယ့်လေးရက် တဆယ့်ငါးရက် ဥပုသ်ကို စောင့်သုံးသော ပုဂ္ဂိုလ်၊ထိုငါးရက် ရှစ်ရက် တဆယ့်လေးရက် တဆယ့်ငါးရက် ဥပုသ်၏ အကြိုအပို ပဋိဇာဂရအမည်ရသော ရွှေနောက် ဖြစ်သော ရက်တို့၌ ဥပုသ်စောင့်သုံးသော ပုဂ္ဂိုလ်၊ ကောင်းမှု ကုသိုလ် ပြုလုပ်သော ပုဂ္ဂိုလ်တို့သည်ကား နည်းပါးလှကုန်၏ ဟူ၍ တဝတိံသာ နတ်သဘင် ပရိသတ်အလယ်ဝယ် ဘတ်ကြားလျှောက်ထားကြကုန်သည်။

http://www.dhammadownload.com

ကုသိုလ်ပြုသူ နည်းပါးလျှင်

ထိုသို့ ကောင်းမှုစာရင်း ကုသိုလ်ပြုလုပ်သော ပုဂ္ဂိုလ်တို့ နည်းပါးခြင်းဟူသော အကြောင်းကြောင့် တာဝတိံသာနတ်တို့သည်—

"ဒိဗ္ဗာ ဝတ ဘော ကာယာ ပရိဟာယိဿန္တိ၊ ပရိပူရိဿန္တိ အသုရ ကာယာ"—

အိုအရှင်တို့....၊နတ်၌ဖြစ်သော ကိုယ်ခန္ဓာတို့သည်ကား ယုတ်လျော့ကုန်တော့မည်တကား၊ ငရဲ, တိရစ္ဆာန်,ပြိတ္တာ, အသုရကာယ် တည်းဟူသော အပါယ်လေးဘုံ၌ ကျရောက်မည့် ကိုယ်ခန္ဓာတို့သည်သာလျှင် ပြည့်စုံကုန်တော့မည်တကား ဟူ၍ နှလုံးမသာမယာ ရှိကြကုန်သည်။

ကုသိုလ်ပြုသူ များလျှင်

အကယ်၍ ကုသိုလ်ကောင်းမှု ပြုလုပ်သော ပုဂ္ဂိုလ်တို့ ကုသိုလ်စာရင်း၌ များသည်ဖြစ်ပါမူကား စတုမဟာရာဇ် နတ်မင်းကြီးတို့သည် ထိုအကြောင်းကို တာဝတိံသာနတ်ပြည် သုဓမ္မာနတ်သဘင် အစည်းအဝေး၌ တာဝတိံသာနတ်ဘို့အား ဤအကြောင်းကို ပြန်ပြောင်းလျှောက်ထားကြကုန်သည်မှာ—

ဗဟူခေါ မာရိသာ မနုဿာ မနုဿေသု မတ္တေယျာ ပေတ္တေယျာ သာမညာ ဗြဟ္မညာ ကုလေ ဇေဋ္ဌပစာယိနော၊ ဥပေါသထံ ဥပဝသန္တိ ပဋိဇာဂရောန္တိ၊ ပုညာနိ ကရောန္တိ။

အို အချင်း နတ်အပေါင်းတို့....၊ယခုအခါ လူတို့ရှာ၌ အမိ၌ ရိုသေစွာ ကျင့်ကြံသော ပုဂ္ဂိုလ်၊အဘ၌ရိုသေစွာ ကျင့်ကြံသောပုဂ္ဂိုလ်၊ ရဟန်းပုဏ္ဏားတို့၌ ရိုသေစွာ ကျင့်ကြံသော ပုဂ္ဂိုလ်၊ ငါးရက်ဥပုသ် ရှစ်ရက်ဥပုသ် တဆယ့်လေးရက် တဆယ့်ငါးရက် ဥပုသ်နေ့တို့၌ ဥပုသ်သီတင်းစောင့်သုံးသောပုဂ္ဂိုလ်၊ ထိုငါးရက် ရှစ်ရက် တဆယ့်လေးရက် တဆယ့်ငါးရက်၏ အကြိုအပို ဖြစ်သော ရှေ့နောက်ရက်တို့၌ ပဋိဇာဂရ ဥပုသ်ကို စောင့်သုံးသော ပုဂ္ဂိုလ်၊ ကောင်းမှု ကုသိုလ်ကို ပြုလုပ်သော ပုဂ္ဂိုလ်တို့သည်ကား များပြားလှစွာကုန်၏ဟု ဝမ်းမြောက်ဝမ်းသာ ရွှေပေလွှာ စာရင်းကို ဘဘ်ကြားလျှောက်ထားကြကုန်သည်။

http://www.dhammadownload.com

ချစ်သား ရဟန်းတို့....၊ ထိုသို့ ကုသိုလ်ကောင်းမှု ပြုလုပ်သူ များခြင်း ဟူသော အကြောင်းကြောင့် တဝတိ ံသာ အစည်းအဝေးဝယ် များစွာသော တဝတိ ံသာနတ်တို့သည်—

"ဒိဗ္ဗာ ဝတ ဘော ကာယာ ပရိပူရိဿန္တိ၊ ပရိဟာယိဿန္တိ အသုရ ကာယာ"—

အို အချင်းနတ်တို့....၊ နတ်၌ ဖြစ်သော ခန္ဓာတို့သည်ကား ပြည့်စုံကြကုန် လိမ့်တကား၊ ငရဲ,တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် တည်းဟူသော အပါယ် လေးပါး၌ ဖြစ်သော ကိုယ်တို့သည်ကား ယုတ်လျော့ကြကုန်လိမ့်မည်တကား ဟု ဝမ်းမြောက်စကား ပြောကြားကြကုန်သည်။

ဤသို့ အစရှိသည်ဖြင့် စတုမဟာရာဇ အမည်ရသော ဤသုတ္တန်ဒေသ နာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာ ဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

စတုမဟာရာဇသုတ် ပြီး၏

အာဓိပတေယျသုတ်

ပု။ ။တတ္ထေဝ အာဝုသော ဒသမံ အာဓိပတေယျသုတ္တံ ဘဂဝတာ ကထိ ဘာသိတံ။

ဝိ။ ။တတ္ထေဝ ဘန္တေ ဒသမံ အာဓိပတေယျသုတ္တံ "တီဏိမာနိ ဘိက္ခဝေ အာဓိပတေယျာနိ။ ကတမာနိ တီဏိ၊ အတ္တာဓိပတေယ္ယံ လောကာ-ဓိပတေယ္ယံ ဓမ္မာဓိပတေယ္ယံ။ ကတမဉ္စ ဘိက္ခဝေ အတ္တာဓိပတေယ္ယံ၊ ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာ-ဂါရဂတော ဝါ ဣတိ ပဋိသဉ္စိက္ခတိ" တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဒေဝဒူတဝဂ်၌ပင်လျှင် ဆယ်ခုမြောက်ဖြစ်သော အာဓိ ပတေယျသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါး နှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

http://www.dhammadownload.com

ဖြေ။ ။ထိုဒေဝဒူတဝဂ်၌ပင်လျှင် ဆယ်ခုမြောက် ဖြစ်သော အာဓိပတေယျ သုတ္တန်ဒေသနာတော် မြတ်ကို "တီဏိမာနိ ဘိက္ခဝေ။ပ။ ဓမ္မာဓိပတေယျံ" အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....၊ အလေးအမြတ်ပြု၍ ရအပ် ရောက်အပ်သော ကုသိုလ်တရားတို့သည် သုံးမျိုးတို့ ရှိကုန်သည်၊ သုံးမျိုးတို့ ဟူသည်မှာ—

(၁) မိမိကိုယ်ကို အလေးဂရု အလေးအမြတ်ပြု၍ ရောက်အပ် ရအပ်သော ကုသိုလ် စျာန် မဂ် ဖိုလ်တရားတည်း ဟူသော အတ္တာဓိပတေယျ တပါး

(၂) ဗဟိဒ္ဓလောက - လူအပေါင်းကို အလေး ဂရုပြု၍ ရောက်အပ် ရအပ်သော ကုသိုလ် စျာန် မဂ် ဖိုလ်တရားတည်းဟူသော လောကာဓိပတေယျ တပါး

(၃) မြတ်စွာဘုရား၏ တရားတော်ကို အလေးဂရုပြု၍ ရောက်အပ် ရအပ်သော စျာန်မဂ်ဖိုလ်တရားတည်းဟူသော ဓမ္မာဓိပတေယျ တပါး၊ ဤသို့လျှင် သုံးပါးတို့ ရှိသည်။

အတ္တာဓိပတေယျတရား

ချစ်သားတို့....၊ အဘယ်သို့သော်ဘောရှိသော တရားကို အတ္တာဓိပတေယျ-မိမိကိုယ်ကို အလေးဂရုပြု၍ ရောက်အပ် ရအပ်သော ကျေးဇူးဂုဏ်နှင့် ပြည့်စုံသော တရားဟူ၍ ခေါ်ဆိုအပ်သနည်း ဟူမူကား—

ချစ်သားတို့....၊ ဤသာသနာတော်၌ အချို့သော ရဟန်းသည် တောအရပ်သို့ ကပ်၍ ဖြစ်စေ သစ်ပင်ရင်းသို့ ကပ်၍ ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ ဖြစ်စေ ဤသို့ ဆင်ခြင်ပေ၏။

ငါသည်တမူကား သင်္ကန်း ဟူသော အကြောင်းကြောင့် ဆွမ်း ဟူသော အကြောင်းကြောင့် အိပ်ရာနေရာ ဟူသော အကြောင်းကြောင့် ဤသို့ သဘောရှိသော ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ တိုးပွါးခြင်း ယုတ်လျော့ခြင်း ဟူသော အကြောင်းကြောင့် သာသနာဝန်ထမ်း ရဟန်းပြုလုပ်၍ နေသည် မဟုတ်ပါ၊ စင်စစ်မှာ ငါတမူကား ဇာတိဒုက္ခ,ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသဒုက္ခ အမျိုးမျိုးတို့ အုပ်စိုးခံ၍ နေရသော ပုဂ္ဂိုလ်တည်း၊ ဒုက္ခအမျိုးမျိုးတို့အနှိပ်

http://www.dhammadownload.com

အစက်ခံရသော ပုဂ္ဂိုလ်တည်း၊ ငါသည် ဤအလုံးစုံသော ဒုက္ခမှ အဆုံးဖြစ်သော နိဗ္ဗာန်ရောက်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်အံ့ဟု ရည်ရွယ်၍ သာလျှင် အိမ်ရာတည်ထောင် လူတို့ဘောင်မှ ထွက်မြောက်၍ အိမ်ရာမထောင် ရဟန်းဘောင်၌ ရဟန်း ပြုခဲ့ပေသည်၊ ငါသည်တမူကား အကယ်၍ ရှေးကစွန့်ပစ်ပြီးသော အာရုံငါးပါး ကာမတရားများကိုပင်လျှင် ယခုတဖန် ထပ်၍ ရှာဖွေပြန်ငြားအံ့၊ ထို့အောက် ယုတ်ညံ့သော အာရုံငါးပါး ကာမတရားတို့ကို ထပ်၍ ရှာဖွေပြန်ငြားအံ့၊ ယင်းသို့ရှာဖွေပြန်လျှင် ငါ့အား ရှေးရည်ရွယ်ချက်နှင့် လုံးဝ မကိုက်ညီ မလိုက်လျော မလျော်တော့ပါ တကား။

ဤသို့အကြံဖြစ်ပြီးလျှင် ငါ၏ လုံ့လဝီရိယကား မဆုတ်မနစ်ဘဲ အားထုတ်အပ်သော လုံ့လဝီရိယဖြစ်စေမည်၊ ငါ၏သတိကား ထင်သောသတိ, မမေ့မပျောက်သော သတိ ဖြစ်စေမည်၊ ငါ၏သမာဓိကား တခုသော အာရုံ၌ တည်ကြည်သော ကောင်းမွန်စွာ အာရုံ၌ ထားအပ်သော သမာဓိ ဖြစ်စေမည်၊ ငြိမ်းချမ်းသော ကိုယ်ရှိ၍ မပူပန်သော ကိုယ်ရှိသူ ဖြစ်စိမ့်မည် ဟု လုံ့လကြိုးကုတ် အားထုတ်ပေသည်။

ချစ်သားတို့....၊ ထိုသို့သဘောရှိသော ရဟန်းသည် မိမိကိုယ်ရေးကိုပင်လျှင် အလေးဂရုပြုကာ ဆင်ခြင် စဉ်းစား၍ အကုသိုလ်တရားကို ပယ်ရှားကုသိုလ်တရားကိုပွါး၍, အပြစ်ရှိသော တရားကို ပယ်ရှား အပြစ်မရှိသော တရားကို ပွါး၍ မိမိကိုယ်ကို အကုသိုလ်တရားတို့မှ စင်ကြယ်အောင် ရွှတ်ဆောင်သည့် ပုဂ္ဂိုလ် ဖြစ်ပေသည်။

ချစ်သားတို့....၊ ဤသို့ မိမိကိုယ်ကို အလေးပြု၍ ရောက်အပ် ရအပ်သော စျာန် မဂ် ဖိုလ် ထိုထိုကုသိုလ်တရားမျိုးကို အတ္တဒါဓိပတေယျ တရားဟူ၍ ခေါ်ဆိုအပ်ပေသည်။

လောကာဓိပတေယျတရား

အဘယ်တရားမျိုးသည် လောကာဓိပတေယျတရားမျိုးနည်း ဟူမူကား ချစ်သားရဟန်းတို့....၊ဤလောက၌ အချို့သော ရဟန်းသည် တောအရပ်သို့ကပ်၍ ဖြစ်စေ သစ်ပင်ရင်းသို့ကပ်၍ ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ ဖြစ်စေ ရှေးနည်းအတူ ကြံစည်ပြီးလျှင်—

http://www.dhammadownload.com

ငါတမူကား ဤသို့ သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ စင်စစ် ကောန်ဖြစ်ပြီးမှ ကာမဝိတက်ကို ဖြစ်စေ ဗျာပါဒဝိတက်ကို ဖြစ်စေ ဝိဟိံသဝိတက်ကို ဖြစ်စေ ကြံစည်ခဲ့သည်ရှိသော် ဤလောက၌ တန်ခိုးရှင်ဖြစ်တော်မူကြသော ဒိဗ္ဗစက္ခု အဘိညာဉ်နှင့်ပြည့်စုံတော်မူကြသော သူတပါးစိတ်အကြံကို သိမြင်တော်မူကြသော ရဟန်း ပုဏ္ဏားတို့သည်ထင်း နတ်တို့သည်ထင်း များစွာပင် ရှိကြပါကုန်သည်၊ ထိုသို့ တန်ခိုးရှင်, ဒိဗ္ဗစက္ခု အဘိညာဉ်ရှင် ဖြစ်ကြသော နတ်ပြဟ္မာအပေါင်းတို့သည် အဝေးမှပင်သော်လည်း မြင်နိုင်ကြကုန်၏၊ အနီးအရပ်၌ နေသော်လည်း ငါတို့လို ပုဂ္ဂိုလ်က မမြင်နိုင်ပါကုန်၊ ထိုတန်ခိုးရှင်, အဘိညာဉ်ရှင် ပုဂ္ဂိုလ်တို့သည် သူတပါး၏ စိတ်အကြံကို အဘိညာဉ်စိတ်ဖြင့်လည်း ပိုင်းခြားရှု သိနိုင်ပါကုန်၏၊ ထိုသို့ သဘောရှိသော အဘိညာဉ်ရှင်, တန်ခိုးရှင် ပုဂ္ဂိုလ်တို့သည် ငါ့အပေါ် ဝယ်—

"ပဿထ ဘော ဂ္ဂမံ ကုလပုတ္တံ"—

အိုအချင်းတို့....၊ ကြည့်ကြစမ်းပါ, ရှုကြစမ်းပါ၊ ဤအမျိုးကောင်း သားသည် သဒ္ဓါတရားဖြင့် အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်ခဲ့သူဖြစ်ပါလျက် ယခုအခါဝယ် ယုတ်မာလှစွာသော အကုသိုလ်တရားတို့နှင့် ရောပြွမ်း၍ နေချေ၏တကား....၊ ဤအမျိုးကောင်း သား၏ ဖြစ်ပုံကို ကြည့်ကြစမ်းပါ, ရှုကြစမ်းပါ ဟု ကဲ့ရဲ့စကား ပြောကြားကြကုန်လေရာ၏။

ဤသို့ကြံစည်ပြီးလျှင် ဤဆိုလတ္တံ့သော အခြင်းအရာဖြင့် ဝီရိယကို ပွါးများ အားထုတ်လေသည်၊ ငါ၏ လှံလ ဝီရိယကား အားထုတ်အပ်သော သမ္မပ္ပဓာန် ကိစ္စတပ်သည့် ဝီရိယမျိုးဖြစ်စိမ့်မည်၊ မမေ့မပျောက်သော သတိမျိုး ဖြစ်စိမ့်မည်၊ မပူပန်သော ကိုယ်ရှိသူ ဖြစ်စိမ့်မည်၊ တည်ကြည်သော ဥပစာရသမာဓိ, အပ္ပနာသမာဓိနှစ်ပါးနှင့် ပြည့်စုံသော စိတ်သန္တာန်ဖြစ်စိမ့်မည်ဟု ပွါးများအားထုတ်လေသည်။

ချစ်သားတို့....၊ ထိုသို့သဘောရှိသော ရဟန်းသည် အပြင်ပလောကကို အလေးဂရုပြု၍ အကုသိုလ်တရားကို ပယ်ရှား, ကုသိုလ်တရားကို ပွါးများ အပြစ်ရှိသော တရားကို ပယ်ရှား, အပြစ်မရှိသော တရားကို ပွါးများ၍ စင်ကြယ်သော မိမိကိုယ်ကို ရွက်ဆောင်သော ပွါးစီးစေသော ပုဂ္ဂိုလ်ဖြစ်တော့သည်။

http://www.dhammadownload.com

ချစ်သားတို့....၊ဤဆိုအပ်ပြီးသော နည်းအတိုင်း လောကကို အလေးဂရုပြု၍ ရောက်အပ် ရအပ် ပွါးများအပ်သော စျာန် မဂ် ဖိုလ် ထိုထိုတရား အစုကို လောကာဓိပတေယျ တရားဟူ၍ ခေါ်ဆိုအပ်ပေသည်။

ဓမ္မာဓိပတေယျတရား

ချစ်သားတို့....၊ ဓမ္မာဓိပတေယျ- တရားကို အလေးပြု၍ ရအပ် ရောက်အပ် ပွါးများအပ်သော စျာန် မဂ် ဖိုလ် ကုသိုလ်တရားဟူသည် အဘယ်ကို ခေါ်သနည်း ဟူမူကား—

ချစ်သားတို့....၊ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ရှေးဆိုပြီးသော အတိုင်း မိမိရဟန်း ပြုရခြင်း၏ မူလရည်ရွယ်ချက်ကို ကြံစည်ပြီးလျှင် မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော တရားတော်သည်ကား သွာခါတ အစရှိသော ကျေးဇူးဂုဏ်ခြောက်ပါးနှင့်လည်း ပြည့်စုံလှပေပါ၏၊ ထိုသို့ သွာခါတ အစရှိသော ကျေးဇူးဂုဏ် ခြောက်ပါးနှင့် ပြည့်စုံသော တရားတော်ကို ငါ၏ သီတင်းသုံးဖော် သံဃာတော်တို့သည်ကား မဂ်ရောက် ဖိုလ် ပေါက်သိမြင်တော်မူကြပါပေကုန်၏၊ ငါတမူကားသဒ္ဓါပဗ္ဗဇိတကုလပုတ္တစင်စစ် ကေန်ဖြစ်ပါလျက် ပျင်းရိကာနေခြင်းဖြင့် ငါ့အားမလျော်ပတ်မလျော်ကန်၊ ဤသို့အကြံဖြစ်ပြီးလျှင် ငါ၏ လုံ့လဝီရိယကား အားထုတ်အပ်သည့် သမ္မပ္ပဓာန် ကိစ္စတပ်သော ဝီရိယမျိုးဖြစ်စိမ့်မည်၊ သတိတရားလည်း မမေ့ပျောက်၊ ကောင်းစွာထင်လင်းသော သတိ ဖြစ်စိမ့်မည်၊ ငါ၏ ရူပကာယကိုယ်သည်လည်း ငြိမ်းချမ်းသော ရူပကာယကိုယ်ဖြစ်စိမ့်မည်၊ ငါ၏သမာဓိသည်လည်း ဥပစာရသမာဓိ, အပ္ပနာသမာဓိ ပေါက် တခုသော အာရုံ၌ တည်ကြည်သည့် သမာဓိဖြစ်စိမ့်မည်ဟု နှလုံးသွင်းပြီးလျှင် တရားတော်၏ နက်နဲပုံ တရားတော်၏ အဘိုးတန်ပုံကို ဆင်ခြင်စဉ်းစား၍ အကုသိုလ်တရားကို ပယ်ရှား, ကုသိုလ်တရားကို ပွါးများလေသည်၊ အပြစ်ရှိသောတရားကို ပယ်ရှား, အပြစ်မရှိသော တရားကို ပွါးများလေသည်၊ မိမိကိုယ်ကို အကုသိုလ် ဒုစရိုက်တို့မှ စင်ကြယ်အောင် ရွက်ဆောင်လေသည်။

ချစ်သားတို့....၊ဤဆိုအပ်ပြီးသော အတိုင်း တရားတော်၏ သွာခါတ အစရှိသော ကျေးဇူးဂုဏ်ကို အလေးဂရုပြု၍ ရောက်အပ် ရအပ် ပွါးများအပ်သော စျာန် မဂ် ဖိုလ် ထိုထိုကုသိုလ်တရားမျိုးကို ဓမ္မာဓိပတေယျ တရားဟူ၍

http://www.dhammadownload.com

ခေါ်ဆိုအပ်ပေသည်ဟု အာဓိပတေယျ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညူ မြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အာဓိပတေယျသုတ် ပြီး၏

ဗြာဟ္မဏဝဂ် ပရိဗ္ဗာဇကသုတ်

ပု။ ။ဗြာဟ္မဏဝဂ္ဂေ အာဝုသော စတုတ္ထံ ပရိဗ္ဗာဇကသုတ္တံ ဘဂဝတာ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထ္ထ ဘာသိတံ။

ဝိ။ ။ဗြာဟ္မဏဝဂ္ဂေ ဘန္တေ စတုတ္ထံ ပရိဗ္ဗာဇကသုတ္တံ အညတရံ ဗြာဟ္မဏ ပရိဗ္ဗာဇကံ အာရဗ္ဘ ဘာသိတံ။ အညတရော ဘန္တေ ဗြာဟ္မဏပရိဗ္ဗာဇကော ဘဂဝန္တံ ဧတဒဝေါစ "သန္ဒိဋ္ဌိကော ဓမ္မော သန္ဒိဋ္ဌိကော ဓမ္မော'တိ ဘော ဂေါတမ ဝုစ္စတိ၊ ကိတ္တာဝတာနု ခေါ ဘော ဂေါတမ သန္ဒိဋ္ဌိကော ဓမ္မော ဟောတိ အကာလိကော ဟေါဝသိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ရတ္တော ခေါ ဗြာဟ္မဏ ရာဂေန အဘိဘူတော ပရိယာဒိန္နစိတ္တော အတ္တဗျာဗာဓာယပိ စေတေတိ၊ ပရဗျာဗာဓာယပိ စေတေတိ၊ ဥဘယဗျာဗာဓာယပိ စေတေတိ၊ စေတသိကမ္မိ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ၊ ရာဂေ ပဟီနေ နေဝတ္တဗျာဗာဓာယပိ စေတေတိ၊ နပရဗျာဗာဓာယပိ စေတေတိ၊ နဥဘယဗျာဗာဓာယပိ စေတေတိ၊ နစေတသိကံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ဗြာဟ္မဏဝဂ်၌ လေးခုမြောက်ဖြစ်သော ပရိဗ္ဗာဇကသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူမြတ်စွာဘုရားသခင်သည် အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်းဝတ္ထုကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဗြာဟ္မဏဝဂ်၌ လေးခုမြောက်ဖြစ်သော ပရိဗ္ဗာဇက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို မထင်မရှားသော ပုဏ္ဏားပရိဗိုဇ်တယောက်ကိုအကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်၊ မထင်မရှား

http://www.dhammadownload.com

သော ပုဏ္ဏားပရိဗိုဇ်တယောက်သည် သဗ္ဗညုမြတ်စွာဘုရားထံမှောက် သွားရောက်ပြီးလျှင်"သန္ဒိဋ္ဌိကော ဓမ္မော သန္ဒိဋ္ဌိကော ဓမ္မောတိ ဘော ဂေါတမ ဝုစ္စတိ" အစရှိသည်ဖြင့်—

အို အရှင်ကြီးဂေါတမ....၊တရားတော်ကား မျက်မှောက်ဘဝ၌ အကျိုးရ၏၊ မျက်မှောက်ဘဝ၌ အကျိုးရ၏-ဟူ၍ ပြောဆို အပ်ကြပါ၏၊ အဘယ်မျှသော အတိုင်း အရှည်ဖြင့် တရားတော်သည် မျက်မှောက်ဘဝ၌အကျိုးရခြင်းဖြစ်ပါသနည်း၊ အခါမလင့် အကျိုးပေးသော တရားမျိုးဖြစ်ပါသနည်း။ လာလှည့်ရှုလှည့်ဟုခေါ်ပြခြင်းငှါ ထိုက်တန်ပါသနည်း၊ မိမိကိုယ်သို့ ကပ်၍ ဆောင်ခြင်းငှါ ထိုက်တန်ပါသနည်း၊ ပညာရှိသူ ပုဂ္ဂိုလ်တို့သည် ကိုယ်စီကိုယ်ငှသိအပ်သော တရားမျိုးဖြစ်ပါသနည်း ဟု မေးလျှောက်ပါသည်။

တရားတော်၏ မျက်မှောက်ခံစားရပုံစသည်

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက"ရတ္တော ခေါ ဗြာဟ္မဏ ရာဂေန အဘိဘူတော ပရိယာဒိန္နစိတ္တော" အစရှိသည်ဖြင့်—

အို ဗြာဟ္မဏဂိုဏ်းဝင် ပရိဗိုဇ်....၊တပ်နှစ်သက်သော ပုဂ္ဂိုလ်သည် ရာဂဖြင့် လွှမ်းမိုးနှိပ်စက်အပ်သည်ဖြစ်၍ငှင်း ပြစ်မှားသော ပုဂ္ဂိုလ်သည် ဒေါသဖြင့် လွှမ်းမိုးနှိပ်စက်အပ်သည်ဖြစ်၍ငှင်း တွေဝေသောပုဂ္ဂိုလ်သည် မောဟဖြင့် လွှမ်းမိုးနှိပ်စက်အပ်သည်ဖြစ်၍ငှင်း မိမိကိုယ်ကို ပင်ပန်း ဆင်းရဲဘို့ရန်လည်း စေ့ဆော်ကြိုးကုတ် အားထုတ်တော့သည်၊ သူတပါးတို့ ပင်ပန်းရန်, မိမိနှင့် သူတပါး နှစ်ဦးလုံး ဆင်းရဲပင်ပန်းဘို့ရန် စေ့ဆော်ကြိုးကုတ် အားထုတ်တော့သည်၊ ထိုသို့ ရာဂဖြင့် လွှမ်းမိုးအပ်သော ထက်ဝန်းကျင်ကုသိုလ်တရားတို့ကို ကုန်ခန်းစေအပ်သော စိတ်ရှိသော ပုဂ္ဂိုလ်, ဒေါသဖြင့် မောဟဖြင့် လွှမ်းမိုးနှိပ်စက်အပ်သော ထက်ဝန်းကျင်ကုန်ခန်းစေအပ်သော ကုသိုလ်ရှိသော ပုဂ္ဂိုလ်သည် စိတ်၌ဖြစ်သော ဒုက္ခဆင်းရဲ ဒေါမနဿ-နှလုံးမသာယာခြင်းကိုလည်း ခံစားရသည်၊ ရာဂကိုငှင်း ဒေါသကိုငှင်း မောဟကိုငှင်း ပယ်လိုက်ရသည်ရှိသော် မိမိကိုယ်ကို ပင်ပန်းအောင်ငှင်း သူတပါး ဆင်းရဲအောင်ငှင်း မိမိသူတပါး နှစ်ဦးသားတို့ ဆင်းရဲတရားပွါးများစိမ့်သောငှါငှင်း စေ့ဆော်ကြိုးကုတ် အားထုတ်မှုမဖြစ်နိုင်၊ စိတ်၌ဖြစ်သော ဆင်းရဲမှု ဒုက္ခဒေါမနဿကိုလည်း မခံစားရတော့ချေ။

http://www.dhammadownload.com

အို ဗြာဟ္မဏကိုဏ်းဝင် ပရိဗိုဇ်....၊ရာဂဖြင့် တပ်နှစ်သက်သော ပုဂ္ဂိုလ်, ဒေါသဖြင့် ပြစ်မှားသော ပုဂ္ဂိုလ်,မောဟဖြင့် တွေဝေသောပုဂ္ဂိုလ်သည် ရာဂ ဒေါသ မောဟတို့ လွှမ်မိုးနှိပ်စက်သဖြင့် ထက်ဝန်းကျင်ကုန်ခန်းစေအပ်ပြီးသော ကုသိုလ်စိတ် ရှိသည်ဖြစ်၍ ကာယဒုစရိုက်ကိုသော်လည်း ပြုရာ၏၊ ဝစီဒုစရိုက်ကိုသော်လည်း ပြုရာ၏၊ မနောဒုစရိုက်ကိုသော်လည်း ပြုရာ၏၊ ထိုရာဂ, ထိုဒေါသ, ထိုမောဟကို ပယ်စွန့်လိုက်သည်ရှိသော် ကာယဒုစရိုက်, ဝစီဒုစရိုက်,မနောဒုစရိုက်ကို မပြုရာ။

အို ဗြာဟ္မဏကိုဏ်းဝင် ပရိဗိုဇ်....၊ရာဂ ဒေါသ မောဟတို့ဖြင့် တပ်နှစ်သက်သော ပုဂ္ဂိုလ်,ပြစ်မှားသောပုဂ္ဂိုလ်,တွေဝေသော ပုဂ္ဂိုလ်သည် ထိုရာဂ ဒေါသ မောဟတို့ဖြင့် လွှမ်းမိုးအပ်သော စိတ်နှလုံး ရှိသည်ဖြစ်၍ ထက်ဝန်းကျင်ကုသိုလ်တရားတို့ကို ကုန်ခန်း စေအပ်သော စိတ်နှလုံးရှိသည်ဖြစ်၍ မိမိ၏ အကျိုးကိုလည်းယထာဘူတဟုတ်တိုင်းမှန်စွာမသိနိုင်,သူတပါးအကျိုးကိုလည်း ယထာဘူတ ဟုတ်တိုင်းမှန်စွာမသိနိုင်၊ မိမိသူတပါး နှစ်ဦးသားတို့၏ အကျိုးကိုလည်း ယထာဘူတ ဟုတ်တိုင်းမှန်စွာ မသိနိုင်။ ထိုရာဂ,ထိုဒေါသ, ထိုမောဟတို့ကို ပယ်စွန့်လိုက်သည်ရှိသော် မိမိအကျိုးကိုလည်း ယထာဘူတ ဟုတ်တိုင်းမှန်စွာ သိနိုင်၏၊ သူတပါး အကျိုးကိုငင်း မိမိသူတပါး နှစ်ဦးသား၏ အကျိုးကိုငင်း ယထာဘူတ ဟုတ်တိုင်း မှန်စွာ သိနိုင်၏။

ဤသို့လျှင် တရားတော်သည် မျက်မှောက်ဘဝ၌ ခံစံရသော အကျိုးရှိပေ၏၊ အခါမလင့် အကျိုးကို ပေးတတ်ပေ၏၊ လာလှည့် ရှုလှည့်ဟူ၍ ပြခြင်းငှါ ထိုက်တန်သော ဂုဏ်ကျေးဇူးနှင့်လည်း ပြည့်စုံပေ၏၊ မိမိကိုယ်၌ ကပ်၍ ဆောင်ခြင်းငှါ ထိုက်တန်သော ဂုဏ်ကျေးဇူးနှင့်လည်း ပြည့်စုံပေ၏၊ ပညာရှိ ပုဂ္ဂိုလ်တို့သည် အသီးအသီး ကိုယ်တိုင်ပွါးများမှ ကိုယ်စီကိုယ်ငှ သိနိုင်သော ဂုဏ်ကျေးဇူးနှင့်လည်း ပြည့်စုံပေ၏ဟု သမ္မညု မြတ်စွာဘုရား ဟောကြားတော် မူပြီးသည်၏ အဆုံး၌ ထိုဗြာဟ္မဏပရိဗိုဇ်သည် "အဘိက္ကန္တံ ဘော ဂေါတမ၊အဘိက္ကန္တံ ဘော ဂေါတမ" အစရှိသည်ဖြင့် သရဏဂုံတည်သူ ဥပါသကာ ဖြစ်၍ သွားပါသည်။

ဤသို့လျှင် ပရိဗ္ဗာဇက အမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌပ္ပတ္တိကြောင့် မထင်ရှားသော ပုဏ္ဏားပရိဗိုဇ်

http://www.dhammadownload.com

ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပရိဗ္ဗာဇကသုတ် ပြီး၏

ဝစ္ဆဂေါတ္တသုတ်

ပု။ ။တတ္ထော အာဝုသော သတ္တာမံ ဝစ္ဆဂေါတ္တသုတ္တံ ဘဂဝတာ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိ။ ။သတ္တာမံ ဘန္တေ ဝစ္ဆဂေါတ္တသုတ္တံ ဝစ္ဆဂေါတ္တံ ပရိဗ္ဗာဇကံ အာရဗ္ဘ ဘာသိတံ။ ဝစ္ဆဂေါတ္တော ဘန္တေ ပရိဗ္ဗာဇကော ဘဂဝန္တံ ဧတဒဝေါစ "သုတံ မေတံ ဘော ဂေါတမ သမဏော ဂေါတမော ဧဝမာဟ "မယှံ မေဝ ဒါနံ ဒါတဗ္ဗံ၊ နာညေသံ ဒါနံ ဒါတဗ္ဗံ။ (ပေယျာလ) အနုဋ္ဌာ တုကာမာဟိ မယံ ဘဝန္တံ ဂေါတမ"န္တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ယေ တေ ဝစ္ဆ ဧဝမာဟံသု သမဏော ဂေါတမော ဧဝမာဟာ မယှမေဝ ဒါနံ ဒါတဗ္ဗံ၊ နာညေသံ ဒါတဗ္ဗ"န္တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုပြာဟ္မဏဝဂ်ဋ္ဌပင်လျှင် ခုနစ်ခုမြောက်ဖြစ်သော ဝစ္ဆဂေါတ္တသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်း ဝတ္ထုကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဝစ္ဆဂေါတ္တပရိဗိုဇ်ကို အကြောင်းပြု၍ ထိုဝစ္ဆဂေါတ္တအမည်ရသော သတ္တမသုတ္တန်ဒေသနာတော်မြတ်ကို ဟောကြားတော်မူအပ်ပါသည်၊ ဝစ္ဆဂေါတ္တ ပရိဗိုဇ်သည် သဗ္ဗညုမြတ်စွာဘုရား ထံမှောက် သွားရောက်ပြီးလျှင်—

အို အရှင်ကြီးဂေါတမ....၊ အကျွန်ုပ် သတင်းစကား ကြားဘူးသည်မှာ "ရဟန်းကြီး ဂေါတမသည် ငါ့အားသာလျှင် လှူကောင်းသည်၊ သူတပါးတို့အား မလှူကောင်း။ ငါ၏ဘပည်သွား သာဝကတို့အား သာလျှင် လှူကောင်းသည်၊ သူတပါးတို့အား မလှူကောင်း။ ငါ့အား လှူအပ်သော

http://www.dhammadownload.com

အလှူသာလျှင် အကျိုးကြီး၍ သူတပါးတို့အား လှူအပ်သော အလှူဒါန သည် အကျိုးမကြီး။ ငါ၏သာဝကတို့အား လှူအပ်သော အလှူသာလျှင် အကျိုးကြီး၍ တပါးသော ပုဂ္ဂိုလ်တို့၏ တပည့်သာဝကတို့အား လှူအပ် သော အလှူဒါနသည် အကျိုးမကြီးဟူ၍ ဟောကြားလေ့ရှိသတဲ့၊ ဟော ကြားလေ့ရှိ၏"ဟူ၍ အကျွန်ုပ် သတင်းစကား ကြားဘူးပါသည်။

သတင်းကြီးနေပုံ

အို အရှင်ကြီး ဂေါတမ....၊အကြင်သို့ သဘောရှိကုန်သော ရဟန်း ပုဏ္ဏား တို့သည် အရှင်ကြီး ဂေါတမကို "ရဟန်းကြီး ဂေါတမကား....၊ငါ့ကိုသာလျှင် လှူကောင်းသည်၊ ငါ၏တပည့်သား သာဝကတို့အားသာလျှင် လှူကောင်း သည်၊ တပါးသော ပုဂ္ဂိုလ်အား မလှူကောင်း၊ တပါးသော ပုဂ္ဂိုလ်၏ တပည့် သား သာဝကတို့အား မလှူကောင်း။ ငါ့အား လှူအပ်သော အလှူဒါန, ငါ၏သာဝကတို့အား လှူအပ်သော အလှူဒါနသာလျှင် အကျိုးကြီး၏၊ တပါးသော သူတို့အား လှူအပ်သော အလှူဒါန, တပါးသော ဆရာတို့၏ တပည့်တို့အား လှူအပ်သော အလှူဒါနကား အကျိုးမရှိဟူ၍ ရဟန်းကြီး ဂေါတမသည် ဟောပြလေ့ရှိ၏" ဟူ၍ ပြောဆိုကြပါကုန်၏။

ထိုသို့ ပြောဆိုသော ပုဂ္ဂိုလ်တို့သည် အရှင်ကြီးဂေါတမ ဟောပြသည့် စကားကိုပင်လျှင် အတုလိုက်၍ ပြောဆိုသော ပုဂ္ဂိုလ်တို့ ဖြစ်ကြ ပါသလော၊ ထိုပုဂ္ဂိုလ်တို့သည် အရှင်ကြီးဂေါတမကို မစွပ်စွဲသော ပုဂ္ဂိုလ်တို့ ဖြစ်မှ ဖြစ်ပါ၏လော၊ အရှင်ကြီး ဂေါတမ ပြောဆိုသော စကားနှင့် ထိုသူတို့ နောက်ယပ် ပြောကြားသော စကားသည် ရွှေနောက် လိုက်လျော၍ တစုံ တခု ကဲ့ရဲ့ဘွယ်အကြောင်းသို့ မရောက်ဘဲ ရှိပါ၏လော၊ အကျွန်ုပ်တို့သည် ကား အရှင်ကြီးဂေါတမကို မကဲ့ရဲ့လို ရိုး, မစွပ်စွဲလိုရိုး မှန်ပါသည်ဟု လျှောက် ထားသည်တွင် သမ္မည ခြတ်စွာဘုရားက "ယေ တေ ဝစ္ဆ ဧဝမာဟံသု"အစရှိ သည်ဖြင့်—

မမှန်မကန် စွပ်စွဲခြင်းဖြစ်၏

ဝစ္ဆအနွယ်၌ဖြစ်သော ပရိဗိုဇ်....၊အကြင်ရဟန်း ပုဏ္ဏားတို့သည် ရဟန်း ကြီး ဂေါတမကား "ငါ့အားသာလျှင် လှူကောင်းသည်၊ ငါ၏တပည့်တို့အား သာလျှင် လှူကောင်းသည်၊ တပါးသောဆရာ, တပါးသော ရဟန်း ပုဏ္ဏား

http://www.dhammadownload.com

တပါးသော ရဟန်း ပုဏ္ဏား၏ သာဝကတို့အား မလှူကောင်း၊ ငါ့အား လှူအပ်သော အလှူသာလျှင် အကျိုးကြီးသည်၊ ငါ၏သာဝကတို့အား လှူအပ်သော အလှူသာလျှင် အကျိုးကြီးသည်၊ တပါးသော ဆရာတို့အား လှူအပ်သော အလှူဒါန,တပါးသော ဆရာတို့၏ သာဝကတို့အား လှူအပ်သော အလှူဒါနကား အကျိုးမကြီးဟု ပြောကြားလေ့ရှိသည်"ဟု ဝါဒစကား အကြင်ရဟန်းပုဏ္ဏားတို့သည် ပြောကြား ဖြန့်လွှင့်ကြကုန်၏။ထိုရဟန်းပုဏ္ဏားတို့သည် ငါဘုရား၏ အပေါ်ဝယ် မဟုတ်မမှန်သော စကားတို့ဖြင့် စွပ်စွဲပြောဆိုကြသော ပုဂ္ဂိုလ်တို့သာလျှင် ဖြစ်ကုန်တော့သည်။

အန္တရာယ်သုံးမျိုးပြုသူမည်၏

ဝစ္ဆ....၊အမှတ်မထင် အကြင်သို့သဘောရှိသော ပုဂ္ဂိုလ်သည် ပြုအံ့ဆဲဆဲဖြစ်သော အလှူ့ဒါယကာကို အကယ်၍ တားမြစ်သည်ဆိုပါစို့....။ ထိုပြုလှူအံ့ဆဲဆဲဖြစ်သော သူတပါးကို တားမြစ်သော ပုဂ္ဂိုလ်သည် သုံးဦးသော ပုဂ္ဂိုလ်တို့ အပေါ်ဝယ် အန္တရာယ်ပြုလုပ်သော ပုဂ္ဂိုလ်ပင် ဖြစ်တော့သည်။ သုံးဦးသော ပုဂ္ဂိုလ်တို့၏ အပေါ်ဝယ် လမ်းခရီးအကြားမှ ကုသိုလ်တရားတို့ကို လုယက်တိုက်ဖျက်သော ခိုးသားနှင့် တူလှတော့သည်၊ အဘယ်သုံးခတို့နည်း ဟူမူကား—

(၁) ပေးလှူအံ့ဆဲဆဲဖြစ်သော အလှူ့ဒါယကာကို အလှူနှင့် မတန်းနှင့်ဟူ၍ ဟန့်တားပိတ်ပင်သော ပုဂ္ဂိုလ်သည် အလှူ့ရှင်ဒါယကာ ဖြစ်သော ပုဂ္ဂိုလ်၏ ကောင်းမှု ကုသိုလ်ရဘို့ရန်အတွက် အန္တရာယ်ပြုလုပ်သည် မည်ပေ၏။

(၂) အလှူခံပုဂ္ဂိုလ်တို့၏အတွက် လာဘ်လာဘ၏ အန္တရာယ်ကို ပြုလုပ်သည် မည်ပေ၏။

(၃) မိမိကိုယ်ရေးအတွက် ရှေးဦးကွယ်လျှင် ကောင်းသော ဂုဏ်ကျေးဇူးသတင်းကို အမြစ်ပါမကျန် တန်းနှုတ်ပယ်လှန် ဖျက်ဆီး အပ်ပြီးသော ပုဂ္ဂိုလ်ပင် မည်တော့၏။

ဝစ္ဆ....၊အလှူပေးအံ့ဆဲဆဲကို မလှူနှင့် မတန်းနှင့် ဟူ၍ ဟန့်တားသော ပုဂ္ဂိုလ်သည် ဤဆိုအပ်ပြီးသော အတုဝှီး မမရော, အလှူခံ ပုဂ္ဂိုလ်စွဲ၊ အလှူ့ဒါယကာအားရော ဤ သုံးဦးသားတို့၏ အန္တရာယ်ကို ပြုလုပ်သော သူဖြစ်

http://www.dhammadownload.com

တော့၏၊ လမ်းခရီးအကြားမှ ကုသိုလ် တရားတို့ကို လုယက် တိုက်ဖျက်သော ခိုးသားနှင့်လည်း တူလှပေ၏။

ဝစ္ဆ....၊ငါဘုရားသည်ကား ဤဆိုလတ္တံ့သော အတိုင်း ဟောကြားလေ့ရှိပေ၏၊ ဤလောကဝယ် မြို့ရွာတို့၏ အပြင်အပဉ်၌ အညစ်အကြေးတွင်းတွေ ရှိပေသည်၊ အညစ်အကြေး ပိုက်တွေရှိပေသည်။

ဤသည်လည်း ဒါနပင်ဖြစ်တော့၏

ဝစ္ဆ....၊ ထိုအညစ်အကြေးတွင်း ထိုအညစ်အကြေးပိုက်တို့၌ အကြင်သို့ သဘောရှိသော ပိုးလောက် သတ္တဝါတို့သည် ထင်ရှားရှိကြကုန်၏၊ သို့ရှိရာ၌ အကြင်အမှတ်မထင်သော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည် ဆန်ဆေးရေကလေးကိုပင် ဖြစ်စေ, အိုးခွက်ကို ဆေးတဲ့ ရေကလေးကိုပင် ဖြစ်စေ ထိုအညစ်အကြေးတွင်း မစင်တွင်းသို့ ဤတွင်းမှာရှိကြသော ပိုးလောက် သတ္တဝါတို့သည် ဤယခု ငါသွန်လောင်းလိုက်သောရေဖြင့် မျှတကြပါစေကုန်ဟု တစုံတခုကောင်းမြတ်သော နှလုံးသွင်းဖြင့် သွန်းလောင်းကြစွန့်ပစ်ကြပါမူကား၊ ထိုသို့ စွန့်ပစ်ခြင်း ဟူသော အကြောင်းကြောင့်လည်း ကုသိုလ်တရားကို ရရှိ၏ဟူ၍ သာလျှင် ငါဘုရား ဟောကြားပေသည်၊ အထူးအားဖြင့်ကား သီလရှိသော ပုဂ္ဂိုလ်၌ လှူဒါန်းရသော အလှူကား အကျိုးကျေးဇူးများမြတ်လှပေသည်၊ ဒုဿီလပုဂ္ဂိုလ်အား လှူအပ်သော အလှူမှာမူ သီလရှိသော ပုဂ္ဂိုလ်အား လှူရသလောက် အကျိုးကျေးဇူးမများ။

ဤသို့အစရှိသည်ဖြင့် ဤဝစ္ဆဂေါတ္တအမည်ရသော သုတ္တန်ဒေသနာတော် မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဝစ္ဆဂေါတ္တပရိဗိုဇ်ကို အကြောင်းပြု၍ သမ္ဗညူ မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဝစ္ဆဂေါတ္တသုတ် ပြီး၏

သင်္ဂါရဝသုတ်

ပု။ ။တတ္ထေဝ အာဝုသော ဒဿမံ သင်္ဂါရဝသုတ္တံ ဘဂဝတာ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထ္ဆ ဘာသိတံ။

http://www.dhammadownload.com

ဝိ။ ။ဒသမံ ဘန္တေ သင်္ဂါရဝသုတ္တံ သင်္ဂါရဝံ ပြာဟ္မဏံ အာရဗ္ဘ ဘာသိတံ။ သင်္ဂါရဝေါ ဘန္တေ ပြာဟ္မဏော ဘဂဝန္တံ ဧတဒဝေါစ "မယမဿု ဘော ဂေါတမ ပြာဟ္မဏာ နာမ ယညံ ယဇာမပိ ယဇာပေမပိ၊ တတြ ဘော ဂေါတမ ယော စေဝ ယဇတိ ယော စ ယဇာပေတိ၊ သဗ္ဗေ တေ အနေကသာရီရိကံ ပုညပ္ပဋိပဒံ ပဋိပန္နာ ဟောန္တိ၊ ယဒိဒံ ယညာဓိကရဏံ၊ ယော ပနာယံ ဘော ဂေါတမ ယဿ ဝါ တဿ ဝါ ကုလာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော ကေမတ္တာနံ ဒမေတိ၊ ကေမတ္တာနံ သမေတိ၊ ကေမတ္တာနံ ပရိနိဗ္ဗာပေတိ၊ ဧတမဿာယံ ကေသာရီရိကံ ပုညပ္ပဋိပဒံ ပဋိပန္နော ဟောတိ၊ ယဒိဒံ ပဗ္ဗဇ္ဇာဓိကရဏံ" န္တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "တေနဟိ ပြာဟ္မဏ တညေဝတ္ထ ပဋိပုစ္ဆဿာမိ၊ ယထာ တေ ခမေယျ၊ တထာ နံ ဗျာကရေယျာသီ" တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ထိုပြာဟ္မဏဝဂ်ဋ္ဌပင်လျှင် ဆယ်ခုမြောက်ဖြစ်သော သင်္ဂါရဝသုတ္တန် မည်သော တရား ဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္ဗညူ မြတ်စွာဘုရားသခင်သည် အဘယ်ပုဂ္ဂိုလ်ကို အကြောင်း ပြု၍ အဘယ်သို့သော အကြောင်း ဝတ္ထုကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ချင်....။

ဖြေ။ ။ထိုပြာဟ္မဏဝဂ်ဋ္ဌပင်လျှင် ဆယ်ခုမြောက်ဖြစ်သော သင်္ဂါရဝသုတ္တန် ဒေသနာတော် မြတ်ကို ရာဇဂြိုဟ်ပြည်အရပ်ဝယ် သင်္ဂါရဝ အမည်ရှိသော ပုဏ္ဏားကို အကြောင်းပြု၍ သမ္ဗညူမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

လျှုတန်းမှုသာလျှင် အများအကျိုးရှိသတဲ့

သင်္ဂါရဝ ပုဏ္ဏားသည် ဘုရားထံမှောက် လာရောက်ပြီးလျှင် "မယမဿု ဘော ဂေါတမ ပြာဟ္မဏာ နာမ ယညံ ယဇာမပိ ယဇာပေမပိ" အစရှိသည်ဖြင့်-

အို အရှင်ကြီး ဂေါတမ....၊ အကျွန်ုပ်တို့ ပုဏ္ဏားမျိုး၌ ဖြစ်ကြသော ပုဂ္ဂိုလ်တို့သည် ကိုယ်တိုင်လည်း ယဇ်ပူဇော်ကြပါသည်၊ သူတပါးတို့ကိုလည်း ယဇ်ပူဇော်စေကြပါကုန်သည်။

http://www.dhammadownload.com

အို အရှင်ကြီး ဂေါတမ....၊ အကြင်ပုဂ္ဂိုလ်သည် ကိုယ်တိုင်လည်း ယဇ်ပူဇော်, သူတပါးကိုလည်း ယဇ်ပူဇော် စေပါ၏၊ ထိုသို့ ကိုယ်တိုင် ယဇ်ပူဇော်သော ပုဂ္ဂိုလ်,သူတပါးတို့ကို ယဇ်ပူဇော်ဘို့ရန် ဆောက်တည်တိုက်တွန်း၍ ပေးသော ပုဂ္ဂိုလ်တို့သည် အနေကသာရီရိက - များစွာသော ကိုယ်ခန္ဓာတို့အား ကျေးဇူးဥပကာရများလှသည့် ဖြူစင်သော ကောင်းမှု အကျင့်ပဋိပဒါကို ကျင့်ကြံသော ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်၊ ထိုသို့ ယဇ်ပူဇော်ခြင်းဟူသော အကြောင်းကြောင့် အနေကသာရီရိက များစွာသော ကိုယ်ခန္ဓာတို့အား ကျေးဇူးဥပကာရ များလှသည့် ကောင်းမှုပဋိပတ်ကို ကျင့်ကြံသော ပုဂ္ဂိုလ်တို့ ဖြစ်ကြပါတော့သည်။

ရဟန်းပြုမှုကား တကိုယ်ကောင်းလုပ်ငန်းတဲ့

အို အရှင်ကြီး ဂေါတမ....၊ အမှတ်မထင် အကြင်သို့သော သဘောရှိသော အရှင်ကြီး ဂေါတမတို့ ကဲ့သို့သော ရဟန်း ပုဂ္ဂိုလ်သည်ကား ဟူးဟူးညားညားသော ဆွေမျိုးမှ တောထွက်၍ ရဟန်းပြုကြပြီးလျှင် တကိုယ်ကောင်း အတွက်သာ ကြံစည်၍ တကိုယ်ကောင်း အတွက်သာ ဣန္ဒြေတို့ကို ဆုံးမပါသည်၊ တကိုယ်ကောင်း အတွက်သာလျှင် ကိလေသာအေးဘို့ရန် ကိလေသာ ငြိမ်းဘို့ရန် ကျင့်ကြံကြပါသည်၊ ဤသို့လျှင် ရဟန်း ဖြစ်သော ပုဂ္ဂိုလ်၏ ရဟန်း ပြုခြင်း ဟူသော အကြောင်းကြောင့် တကိုယ်ကောင်း အတွက် ကျင့်ကြံသည်ဖြစ်ရကား "ကသာရီရိက - တကိုယ်ကောင်း ကျေးဇူးဥပကာရများသော ပုညပဋိပဒါ - ဖြူစင်သော ကောင်းမှု အကျင့် ပဋိပတ်ကို ကျင့်ကြံသော ပုဂ္ဂိုလ်ဟူ၍ သာလျှင် ရဟန်းတော်ကို ခေါ် ဆိုသင့်ပါကြောင်း" ဟုထိပါး၍ လျှောက်ထား လာသည်တွင် သမ္မညု မြတ်စွာဘုရားသည် "တနေဟိ ဗြာဟ္မဏ တညေဝေတ္တ ပဋိပုစ္ဆဿာမိ" အစရှိသည်ဖြင့် မဟာကရုဏာတော် ပြဋ္ဌာန်း၍—

ဘုရားရှင်က ပြန်၍မေးပုံများ

အို သင်္ဂါရဝ ပုဏ္ဏား....၊ ဤအရာ၌ သင့်ကိုသာလျှင် ငါဘုရား တဖန်ပြန်၍ မေးမြန်း ပါမည်၊ သင်နှစ်သက် ဝမ်းမြောက်သည့် အတိုင်း အသင် နှစ်သက် သဘောကျသည့် အတိုင်း ဖြေဆိုနိုင်ခွင့် ရှိပါသည်၊ ယခု ငါဘုရား မေးမည့်စကားကို အသင် သင်္ဂါရဝပုဏ္ဏား၏ စိတ်သန္တာန်ဝယ် အဘယ်သို့မှတ်

http://www.dhammadownload.com

ထင် ပါသနည်း၊ ဤလောကဌ် ရှေး ဘုရားတို့ အတူ လာခြင်းကောင်းတော်မူသော အရဟံအစ ဘဂဝါအဆုံး ကိုးပါးသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား ထင်ရှားပွင့်ပေါ်တော် မူလာပြီ၊ သို့ ထင်ရှား ပွင့်ပေါ် တော် မူလာသော သဗ္ဗညု မြတ်စွာဘုရားက "ဧထ အယံ မဂ္ဂေါ အယံ ပဋိပဒါ" အစရှိသည်ဖြင့်—

ချစ်သား ချစ်သမီးတို့....၊ လာကြကုန်၊ ရောက်ကြကုန်။ ဤသည်ကား နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော အကျင့် ပဋိပတ်တည်း၊ ဤသည်ကား နိဗ္ဗာန်သို့ တဖြောင့်တည်း တကြောင်းတည်းသော လမ်းခရီးဖြစ်သည်၊ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ပဋိပတ်ကိုငင်း မဂ်တရားဖြင့် သက်ဝင်ရာ ဖြစ်သော နိဗ္ဗာန်တရားကိုငင်း ငါဘုရားသည် ကိုယ်တိုင် ကျင့်ကြံ၍ ကိုယ်တိုင် မျက်မှောက်ပြု ကိုယ်တိုင်ရောက်ရှိမှ ဟောကြားခြင်း ဖြစ်ပေသည်။

ချစ်သား ချစ်သမီးတို့....၊ လာကြကုန်၊ ချစ်သား ချစ်သမီးဘို့သည်လည်း ဤနည်းဖြင့် အဋ္ဌင်္ဂိက မဂ္ဂင်တရားကို ပွါးများ အားထုတ် ကျင့်ကြံကြကုန်၊ သို့ ကျင့်ကြံသည် ရှိသော် သင်ချစ်သား ချစ်သမီးတို့သည်လည်း အရဟတ္တမဂ်ဖြင့် သက်ရောက်ရာဖြစ်သော အသခ်္ခတနိဗ္ဗာန်ကို ကိုယ်တိုင်မျက်မှောက်ပြု၍ ချမ်းသာစွာ နေရလိမ့်မည်ဟု ငါဘုရားကိုယ်တိုင် ကလည်း တပည့်သား သာဝကတို့အား တရားဟောခဲ့သည်၊ ငါဟောအပ်သော တရားကို ငါ၏ တပည့်သား သာဝကတို့ကလည်း ဟောပြဆုံးမသည့်အတိုင်း လိုက်နာ ကျင့်ကြံကြသည်၊ သို့လိုက်နာကျင့်ကြံကြသော ပုဂ္ဂိုလ်တို့သည်ကား တရာမျှလည်းမဟုတ်၊ နှစ်ရာသုံးရာမျှလည်း မဟုတ်၊ တထောင်မျှလည်း မဟုတ်၊ တသောင်းမျှလည်းမဟုတ်၊ တသိန်းမျှလည်းမဟုတ်၊ စင်စစ်သော် အတိုင်းထက်အလွန် မရေမတွက်နိုင်အောင် များလှပေ၏။

သင်္ဂါရဝပုဏ္ဏား....၊ ယခုငါဘုရားမေးမည့် စကားကို သင်မည်သို့ သဘောကျ မှတ်ထင် ပါသနည်း။ ယခုငါဘုရား ဟောကြား ခဲ့သည့် အတိုင်း ဆိုလို၍ရှိလျှင် ရဟန်းပြုရခြင်းသည် တကိုယ်ကောင်း အတွက် သာလျှင် ကျင့်ကြံသည့် တကိုယ်ကောင်း အတွက်သာလျှင် ကျေးဇူးရှိသည့် ကောသာရီရိက ပုညပ္ပဋိပဒါ ကောင်းမှု အကျင့်ဖြစ်လေသလော၊ သို့မဟုတ် လူရောနတ်ပါ ပြဟ္မာ မကြွင်း များစွာသော သတ္တဝါဓပင်းတို့ များစွာသော အကျိုးကျေးဇူး များဘို့ရန်အတွက် ကျင့်ကြံကြိုးကုတ် အားထုတ်အပ်သော ပုညပ္ပဋိပဒါ - ကုသိုလ်

အကျင့်ပင် ဖြစ်ပါသလော၊ဟု မေးမြန်းတော်မူလတ်သည်တွင် - သင်္ဂါရဝ ပုဏ္ဏားသည်—

"ဣစ္စာယပိ ဘော ဂေါတမ ဧဝံ သန္တေ အနေကသာရီရိကာ ပုညပ္ပဋိ-ပဒါ ဟောတိ"—

အို အရှင်ကြီး ဂေါတမ....၊ဤယခု အရှင်ကြီး ဂေါတမ ဖြေရှင်းတော်မူတဲ့အတိုင်း ဆိုလျှင် ရဟန်းပြုရခြင်းသည် တကိုယ်ကောင်း အတွက် မဟုတ်၊ လူ နတ် ဗြဟ္မာ သတ္တဝါခပ်သိမ်းတို့ ကျေးဇူးများဘို့ရန် အနေကသာရီရိက-များစွာသော သတ္တဝါတို့အား ကျေးဇူးများစေသည့် ပုညပ္ပဋိပဒါ ဖြူစင်သော အကျင့် ပဋိပတ်ပင် ဖြစ်ပါတော့သည် ဟု ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ဤသို့လျှင် သင်္ဂါရဝသုတ္တန် အမည်ရသော ဤဓမ္မဒေသနာတော်မြတ် ပဌမအနုသန္ဓေခဏ်းဝယ် လျှောက်ဆို အပ်ပြီးသော အခြင်းအရာဖြင့် သင်္ဂါရဝ ပုဏ္ဏား လျှောက်ထားမှုကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဒုတိယ အနုသန္ဓေခဏ်း

ပု။ ။တတ္ထေဝ အာဝုသော ဒုတိယ အနုသန္ဓိမှိ ဘဂဝတာ ကိဒိသီ ဓမ္မ ဒေသနာ ဒေသိတာ။

ဝိ။ ။တတ္ထေဝ ဘန္တေ ဒုတိယေ အနုသန္ဓိမှိ တိဝိဓာ ပါဋိဟာရိယာ ပဋိ-သံယုတ္တာ ဓမ္မဒေသနာ ဘဂဝတာ ဒေသိတာ။

မေး။ ။ထိုသင်္ဂါရဝ သုတ္တန်၌ပင်လျှင် ဒုတိယပိုင်းဖြစ်သော အနု-သန္ဓေစကားရပ်၌ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်သို့သော တရားဒေသနာတော်ကို ဆက်လက်၍ ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုသင်္ဂါရဝ သုတ္တန် ဒေသနာတော်မြတ်၌ပင်လျှင် နောက်ပိုင်း စကား စပ်ဖြစ်သော ဒုတိယ အနုသန္ဓေစကားရပ်၌ သဗ္ဗညုမြတ်စွာဘုရား သည် သုံးမျိုးအပြားရှိသော ပြာဋိဟာန့်နှင့် စပ်သော တရားဒေသနာတော်ကို ဟောကြားတော် မူအပ်ပါသည်။

တတိယ အကြိမ် မြောက်လည်း ရှေးနည်းအတူ မေးရ၍ ရှေးနည်း အတူပင် လျှင် သင်္ဂါရဝ ပုဏ္ဏားလည်း မေးရာတပါး ဖြေရာတပါး ဖြေကြားခဲ့ပါတော့ သည်။

နန်းတော်တွင်း၌ ဖြစ်ပေါ်နေသော စကား

ထိုအခါ သဗ္ဗညူ မြတ်စွာဘုရားက ယထာဘူတ အမှန်အတိုင်း မဖြေလိုသော သင်္ဂါရဝ ပုဏ္ဏားကို မေးမြန်း၍ နေသော အရှင်အာနန္ဒာလည်း ပင်ပန်းရုံသာရှိမည်၊ အရှင်အာနန္ဒာသည် အကြိမ်ကြိမ် အထပ်ထပ် မေးမြန်းသော အခါ အမှန်ကို မဖြေနိုင်သဖြင့် သင်္ဂါရဝ ပုဏ္ဏားလည်း ပင်ပန်း နွမ်းနယ်ရုံသာ ရှိမည်၊ ထိုသူနှစ်ဦးတို့၏ ပင်ပန်းနွမ်းနယ်မှုကို ငါဘုရားသည် လွတ်စေမည် ငြိမ်းစေမည် ပျောက်စေမည် ဟု အကြံတော်ဖြစ်ပြီးလျှင် အကြားမှဝင်၍ သဗ္ဗညူ မြတ်စွာဘုရားက—

"ကာ နု ဇ္ဇ ဗြာဟ္မဏ ရာဇန္တေပုရေ ရာဇပုရိသာနံ သန္နိသိန္နာနံ သန္နိပတိတာနံ အန္တရာကထာ ဥဒပါဒိ" အစရှိသည်ဖြင့်—

အို သင်္ဂါရဝပုဏ္ဏား....ယနေ့ရာဇဂြိုဟ်ပြည် နန်းတော်အတွင်းဝယ် မင်းချင်းယောကျ်ားတို့၏ အလယ်၌ အဘယ်သို့ သဘောရှိသော မင်းစကား စိုးစကားတို့၏ အကြား သာသနာတော်နှင့် စပ်သွယ်သော စကားမျိုးများ ဖြစ်ပါသနည်း ဟု မေးမြန်းတော် မူလတ်သော အခါ သင်္ဂါရဝပုဏ္ဏားက—

အို အရှင်ကြီး ဂေါတမ....ယနေ့အခါ နန်းတော်၏ အတွင်းဝယ် မင်းချင်းယောကျ်ားတို့၏ အလယ်၌ သာသနာတော်နှင့် စပ်သော စကားတရပ် ဖြစ်ပေါ်၍ နေသည်မှာ—

ရှေး အခါက ရဟန်းတော်တို့သည် အနည်းငယ်မျှသာရှိကြကုန်သည်၊ သို့စေကာမူ များစွာသော ရဟန်းတော်တို့သည် တန်ခိုးပြာဋိဟာကို ပြတော်မူကြကုန်သည်၊ ယခုအခါမှာမူ ရဟန်းတော်တို့သည်ကား များပြားလှကုန်၏၊ တန်ခိုးပြာဋိဟာကို ပြတော်မူကြသည့် ရဟန်းတော်တို့သည်ကား နည်းပါးလှစွာကုန်၏ဟု—

မင်းချင်းတို့အကြား သာသနာတော်နှင့် စပ်သည့် အကြား စကားတရပ် မပြတ်မစဲသေးဘဲ ရှိပါသည်ဟု သဗ္ဗညူမြတ်စွာဘုရားအား ပြန်ကြား လျှောက်

http://www.dhammadownload.com

ထားသည်တွင် ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား က သင်္ဂါရဝ ပုဏ္ဏားအား—

တန်ခိုးပြာဋိဟာ-သုံးမျိုး

"တိဏ် ခေါ် ဣမာနိ ဗြာဟ္မဏ ပါဋိဟာရိယာနိ။ကတမာနိ တီဏိ၊ ဣဒ္ဓိ-ပါဋိဟာရိယံ, အာဒေသနာ ပါဋိဟာရိယံ, အနုသာသနီပါဋိဟာရိယံ" အစရှိသည်ဖြင့်—

သင်္ဂါရဝပုဏ္ဏား....၊ပြာဋိဟာ - ပါဋိဟာရိယ ဆိုလျှင် တန်ခိုးပြာဋိဟာတမျိုးသာလျှင် မမှတ်ပါလင့်၊ စင်စစ်သော်ကား ပြာဋိဟာတရားသည် သုံးမျိုးရှိသည်၊ သုံးမျိုးတို့ ဟူသည်မှာ—

၁။ မြေ သျှိုးမိုးပုံ့ တန်ခိုးစျာန်တည်း ဟူသော ဣဒ္ဓိပြာဋိဟာ တပါး၊

၂။ အမြင်နိမိတ် အကြားနိမိတ်ဖြင့် သူတပါးတို့၏စိတ်အကြံကို မှန်ကန်စွာ ပြောဆိုခြင်း၊ သို့မဟုတ် သူတပါး တို့၏ စိတ်အကြံကို သိသော ပုဂ္ဂိုလ်တို့၏ထံမှ စကားကို ကြား၍ သူတပါး၏ စိတ်အကြံကို မှန်ကန်စွာပြောဆိုနိုင်ခြင်း၊ သို့မဟုတ် သူတဖက်သား၏ ဝိတက် ဝိစာရ အရှိန်ကြောင့် ဖြစ်ပေါ်လာတဲ့ ရောင်ရမ်း မြည်တမ်းသော အသံကို ကြားပြီးမှ သင်၏ စိတ်သန္တာန်ဝယ် ဤသို့ အကြံဖြစ်လေသည်ဟု မှန်ကန်စွာ ပြောဆိုနိုင်ခြင်း၊သို့မဟုတ် ပရစိတ္တဝိဇာနန အဘိညာဉ်ဖြင့် သူတပါး၏ စိတ်အကြံကို သင့်သန္တာန်ဝယ် ဤသို့ သဘောရှိသော စိတ်ဖြစ်သည်ဟု မှန်ကန်စွာပြောဆိုနိုင်ခြင်း တည်း ဟူသော အာဒေသနာ ပြာဋိဟာ တပါး၊

၃။ ထိုမှတပါး "ဧဝံ ဝိတက္ကေထ၊ ဤသို့ သဘောရှိသော နေကွမ္မဝိတက်, အဗျာပါဒ, အဝိဟိ ံသာ ဝိတက်များကို ကြံစည်ကြကုန်၊ မာ ဧဝံ ဝိတက္ကယိတ္ထ-ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိ ံသာ ဝိတက်တို့ကို မကြံကြကုန်လင့်၊ အကုသိုလ်တရားတို့ကို ပယ်ရှားကြကုန်၊ ကုသိုလ် တရားတို့ကို ပွါးများကြကုန်"ဟု ယထာဘူတ ပယ်သင့်သော တရားတို့ကို ပယ်ဘို့ရန် ပွါးသင့်သော တရားတို့ကို ပွါးများရန် အဆုံးအမ ဩဝါဒ အနုသာသနီ ပေးခြင်းတည်းဟူသော အနုသာသနီ ပြာဋိဟာဟူ၍ ပြာဋိဟာတရား သုံးမျိုးရှိသည်။

http://www.dhammadownload.com

အကောင်းဆုံးသော ပြာဋိဟာ

အို သင်္ဂါရဝပုဏ္ဏား....ဤသို့ပါးသောပြာဋိဟာတို့တွင် အဘယ်ပြာဋိဟာကို အသင် သင်္ဂါရဝ ပုဏ္ဏား၏ စိတ်သန္တာန်၌ အလွန်နှစ်သက်ဖွယ်ကောင်း၍ အမြတ်ဆုံးသော ပြာဋိဟာဟူ၍မှတ်ထင် ယုံကြည်ပါသနည်းဟု မေးမြန်းတော်မူလတ်ပါသည်။

ထိုအခါ သင်္ဂါရဝ ပုဏ္ဏားက ပဌမပြာဋိဟာ ဒုတိယ ပြာဋိဟာ ဖြစ်သော တန်ခိုး ပြာဋိဟာ, အာဒေသနာ ပြာဋိဟာ နှစ်ပါးတို့မှာကား တန်ခိုးရှင် အာဒေသနီ အရှင် အာဒေသနာ၏ အရှင်ဖြစ်သော ပုဂ္ဂိုလ်တမျိုးအတွက်သာ လျှင် အကျိုးကျေးဇူး ခံရသည်ဖြစ်ပါသဖြင့် မိမိ၏စိတ်၌ အဘိက္ကန္တတရ အလွန် နှစ်သက်ဖွယ် ကောင်းလှ၏ဟူ၍ငင်း၊ ပဏီတတရ အကောင်းဆုံး အမှန် မြတ်ဆုံး ဟူ၍ငင်း မမှတ်ယူပါ။ စင်စစ်မှာမူ ထိုရှေးဖြစ်သော ဣဒ္ဓိပြာဋိဟာ, အာဒေသနာပြာဋိဟာ နှစ်မျိုးသည် မျက်လှည့်ရုပ်ပမာ တူလှစွာ၏။

အို အရှင်ကြီး ဂေါတမ....၊တတိယမြောက်ဖြစ်သော ဤသို့ သဘော ရှိသော ကုသိုလ် ဝိတက်ကို ကြံ, ဤသို့သဘောရှိသော အကုသိုလ်ဝိတက်ကို မကြံလင့်၊ ကုသိုလ်တရားကို ပွါးများ,အကုသိုလ် တရားကို ပယ်ရှား-စသည်ဖြင့် ဆုံးမခြင်း အနုသာသနီ ပြာဋိဟာကသာလျှင် များစွာသော ပုဂ္ဂိုလ်တို့အား ကျေးဇူးများလှသဖြင့် အလွန် နှစ်သက်ဖွယ် ကောင်းလှ၏ ဟူ၍ငင်း အလွန် အလွန် မွန်မြတ်၏ဟူ၍ငင်း အကျွန်ုပ် ယုံကြည်ပါသည်။

နှစ်သက်ဖွယ်ကောင်းလှပေစွ အရှင်ကြီး ဂေါတမ....၊ အရှင် ဂေါတမ ဟောပြတော်မူသော စကားသည် သုဘာသိတ အင်္ဂါနှင့် ပြည့်စုံလှပါပေစွ၊ အကျွန်ုပ်တို့သည် အရှင်ဂေါတမကို ဣဒ္ဓိပြာဋိဟာနှင့်ငင်း အာဒေသနာ ပြာဋိ-ဟာနှင့်ငင်း အနုသာသနီ ပြာဋိဟာနှင့်ငင်း ဤပြာဋိဟာ သုံးမျိုးနှင့် ထက်ဝန်း ကျင် အလုံးစုံ ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍ အကျွန်ုပ်တို့ မှတ်ထင်ပါကုန်သည်ဟု လျှောက်ထားသည်တွင် သမ္မညူ မြတ်စွာဘုရားသည်လည်း မိမိကိုယ်တော်တိုင် ဣဒ္ဓိပြာဋိဟာ,အာဒေသနာပြာဋိဟာ,အနုသာသနီ ပြာဋိဟာ သုံးပါးနှင့် ပြည့်စုံတော်မူကြောင်း ဝန်ခံတော်မူလတ်သည်တွင် သင်္ဂါရဝ ပုဏ္ဏားက—

အို အရှင် ဂေါတမ....၊အရှင် ဂေါတမ၏ သာသနာဝယ် အရှင် ဂေါတမကို ဖယ်ရှား၍ အခြားသော ပြာဋိဟာ သုံးမျိုးနှင့် ပြည့်စုံသော သာဝကတို့သည် ထင်ရှားရှိပါသလောဟု မေးမြန်းလတ်ပါသည်။

http://www.dhammadownload.com

ပြာဠိဟာသုံးပါးပြည့်စုံသူ မျှားပြားစွာရှိ၏

ထိုအခါ သမ္ဗညူ မြတ်စွာဘုရားက "ငါဘုရား၏ သာသနာဝယ် ဆိုအပ်ခဲ့ပြီးသော ဣဒ္ဓိပြာဋိဟာ, အာဒေသနာပြာဋိဟာ, အနုသာသနီပြာဋိဟာတည်း ဟူသော ပြာဋိဟာ သုံးမျိုးနှင့် ပြည့်စုံသော ရဟန်းတော်တို့သည်ကား သာဝက အပေါင်းတို့သည်ကား တရာလည်းမက, အသခ်ေ့ အသခ်ေ့ မျှားလှပေကုန်၏"ဟု မိန့်ကြားတော်မူလတ်ပါသည်။

ထိုဒေသနာအဆုံးဝယ် သင်္ဂါရဝပုဏ္ဏားသည်"အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ" အစရှိသည်ဖြင့် ဗုဒ္ဓ ဓမ္မ သံဃသရဏကို ခံယူခဲ့ပါသည်။

ဤသို့လျှင် ဤ သင်္ဂါရဝသုတ္တန် ဒေသနာတော်မြတ်၌ နောက်ပိုင်း ဖြစ်သော စကားစပ် ဒုတိယ အနုသန္ဓေစကားရပ်ဝယ် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သမ္ဗညူ မြတ်စွာဘုရားသည် ပြာဋိဟာသုံးပါးနှင့် စပ်သော တရား ဒေသနာကို ကရုဏာရွှေထား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သင်္ဂါရဝသုတ် ပြီး၏

မဟာဝဂ် ဝေနာဂပုရသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အဂ်ုတ္တရနိကာယေ တိကနိပါတေ မဟာဝဂ္ဂေ တတိယံ ဝေနာဂပုရသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထ္ထ ဘာသိတံ။

ဝိ။ ။ကောသလေသု ဘန္တေ ဝေနာဂပုရေ နာမ ပြာဟ္မဏာနံ ဂါမေ ဝေနာဂပုရိကံ ဝစ္ဆဂေါတ္တံ ပြာဟ္မဏံ အာရဗ္ဘ ဘာသိတံ။ ဝေနာဂပုရိကော ဘန္တေ ဝစ္ဆဂေါတ္တော ပြာဟ္မဏော ဘဂဝန္တံ ဧတဒဝေါစ "အစ္ဆရိယံ ဘော ဂေါတမ၊ အဗ္ဘုတံ ဘော ဂေါတမ၊ ယာဝဠိဒံ ဘောတော ဂေါတမဿ ဝိပ္ပသန္နာနိ ဣန္ဒြိယာနိ၊ ပရိသုဒ္ဓေါ ဆဝိဝဏ္ဏော ပရိယောဒါတော(ပေယျာလ) ဧဝရူပါနံ နူန ဘဝံ ဂေါတမော ဥစ္စာသယနမဟာသယနာနံ နိကာမလာဘီ အကိစ္ဆလာဘီ အကသိရလာဘီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ယာနိ ခေါ ပန တာနိ ပြာဟ္မဏ ဥစ္စာသယနမဟာသယနာနိ။ သေယ္ယထိဒံ၊ အာသန္ဒိ ပလ္လင်္ကော ဂေါနကော စိတ္တ

http://www.dhammadownload.com

ကော ပဋိကာ ပဋလိကာ တူလိကာ ဝိကတိကာ ဥဒ္ဒလောမီ ဧကန္တ-လောမီ ကဋိဿံ ကောသေယ္ပံ ကုဋ္ဌကံ ဟတ္ထတ္ထရံ အဿတ္ထရံ ရထတ္ထရံ အဇိနပ္ပဝေဏီ ကဒလိမိဂပဝရပစ္စတ္ထရဏံ သဥတ္တရစ္ဆဒံ ဥဘတော-လောဟိတကူပဓာနံ။ ဒုလ္လဘာနိ တာနိ ပဗ္ဗဇိတာနံ၊ လဒ္ဓါစ ပန နကပ္ပန္တိ”တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုသဗ္ဗညု ဘုရားသခင်သည် အင်္ဂုတ္တရနိကာယ် တိကနိပါတ် မဟာဝဂ်၌ သုံးခုမြောက် ဖြစ်သော ဝေနာဂ-ပုရမည်သော သုတ္တန်တရား ဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်း ပြု၍ အဘယ်သို့သော အကြောင်း ဝတ္ထုကြောင့် အဘယ်သို့သော အခြင်းအရာဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကောသလတိုင်း အဝင်အပါ ဝေနာဂပုရ အမည်ရသော ပုဏ္ဏားရွာ၌ ဝေနာဂပုရရွာသား ဝစ္ဆဂေါတ္တ ပုဏ္ဏားကို အကြောင်းပြု၍ သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်၊ သဗ္ဗညု မြတ်စွာ ဘုရားသည် များစွာသော ရဟန်းတော်အပေါင်းခြံရံလျက် ကောသလတိုင်း၌ ခရီးဒေသစာရီ ကြွချီတော်မူလတ်သောအခါ ကောသလတိုင်း အဝင်အပါ ဝေနာဂပုရ ပုဏ္ဏားရွာသို့ ရောက်တော်မူလတ်ပါသည်။

ဘုရားနှင့် ဥစ္စာသယနမဟာသယန

ထိုအခါ ဝေနာဂပုရရွာသား များစွာသော ပုဏ္ဏား သူကြွယ်တို့သည် မြတ်စွာဘုရား၏ အရဟံ-အစရှိသော ကျေးဇူးဂုဏ် သတင်းကို ကြားရသဖြင့် ဘုရားထံမှောက် လာရောက်ပြီးလျှင် အပြစ်မရှိသော အရပ်၌ လျောက်ပတ်သော အရပ်၌ ထိုင်နေကြပါသည်၊ သို့လျောက်ပတ်သော အရပ်၌ထိုင်နေ ပြီးသော ဝေနာဂပုရရွာသား ဝစ္ဆဂေါတ္တ ပုဏ္ဏားသည် သဗ္ဗညု မြတ်စွာဘုရားကို ဤသို့လျှောက်ထားပါသည်။

“အစ္ဆရိယံ ဘော ဂေါတမ၊ အဗ္ဘုတံ ဘော ဂေါတမ”။

အို အရှင်ကြီး ဂေါတမ....၊လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ....။မဖြစ်စဘူး အထူးဖြစ်ပါပေစွ၊ အရှင်ကြီး ဂေါတမ၏ စက္ခုအစရှိသော ဣန္ဒြေတို့သည် လွန်စွာ့လွန်စွာ ကြည်လင်လှပါကုန်၏၊ အရေအဆင်းသည် သန့်ရှင်း စင်ကြယ်လှပါပေ၏။

http://www.dhammadownload.com

အို အရှင်ကြီးဂေါတမ....၊ တန်ဆောင်မုန်းလ သရဒ ရတု၌ ဖြစ်သော သျှစ်ရှားသီးမှည့်ပမာငှင်း ယခုပင် အညှာမှ ကြွေကျပြီးသော ထန်းသီးမှည့် ကဲ့သို့ငှင်း ယခုပင် မိုက်ခွက်မှ ဆယ်ထုတ်၍ ပဏ္ဍုကမ္မလာနီပေါ်၌ တင်၍ ထားအပ်သော ဇမ္မူရစ်ရွှေ စင်ကဲ့သို့ငှင်း ရှင်ကြီးဂေါတမ၏ စက္ခုအစရှိသော ဣန္ဒြေတို့သည် လွန်စွာလွန်စွာ ကြည်လင်လှပါပေကုန်၏၊ အရေအဆင်းသည် သန့်ရှင်းစင်ကြယ်လှပါပေ၏။

အို အရှင်ကြီး ဂေါတမ....၊ ဤလောက၌ ထင်ရှားရှိကြသော အခြေ ရှည်လျားသော ညောင်စောင်း,အခြေ၌ သားရဲရုပ်တပ်သော ညောင်စောင်း အစရှိသော နှစ်ဆယ်အပြားရှိ ဥစ္စာသယန မဟာသယနမျိုးတို့သည် ထင်ရှား ရှိပါကုန်၏၊ ရှင်ကြီးဂေါတမသည် ဤနှစ်ဆယ်သော ဥစ္စာသယန မဟာသယန-မြင့်သောနေရာ မြတ်သောနေရာတို့ကို အလိုရှိတိုင်း ရလေယောင်တကား....၊ မငြိုမငြင် မပင်မပန်းရလေယောင်တကား....၊ ပြန့်ပြော များမြတ်စွာ ရလေ ယောင်တကား ဟု သဗ္ဗညု မြတ်စွာဘုရားကို လျှောက်ထားခဲ့ပါသည်။

ရခဲ၏၊ အပ်လည်း မအပ်ချေ

ထိုအခါ သဗ္ဗညု မြတ်စွာဘုရားက "ယာနိ ခေါ ပန တာနိ ဗြာဟ္မဏ ဥစ္စာသယနမဟာသယနာနိ။ သေယျထိဒံ၊ အာသန္ဒိ ပလ္လင်္ကော" အစ ရှိသည်ဖြင့်—

ဝစ္ဆဂေါတ္တပုဏ္ဏား....၊ အကြင်သို့သဘောရှိသော ပမာဏထက်လွန်သော အခြေ ရှိသော ညောင်စောင်း, အခြေ၌ သားရဲရုပ်တပ်သော ညောင်စောင်း, အမွေးလက်လေးသစ်ထက် ရှည်လျားသော ကော်ဇောကြီး, ဆန်းကြယ်သော ပန်းပွင့်တို့ဖြင့် ခြယ်လှယ်အပ်သော အခင်း-အစရှိသော နှစ်ဆယ်အပြားရှိ သော မြင့်သောနေရာ, မြတ်သောနေရာတို့သည် ရှိကုန်၏၊ ထိုနှစ်ဆယ်သော ဥစ္စာသယနမဟာသယန - မြင့်သောနေရာ, မြတ်သောနေရာတို့သည် ပဗ္ဗဇိတ ဂိုဏ်းဝင် ရဟန်းတော် အရှင်သူမြတ်တို့အား ရလည်း ရခဲလှပါပေ၏၊ တရံတခါ အကယ်၍ ရစေကာမူလည်း ထို ဥစ္စာသယန မဟာသယနတို့ကို ပကတိအတိုင်း မသုံးကောင်း မစွဲကောင်း ဖြစ်ပေသည်။

http://www.dhammadownload.com

မြင့်မြတ်သောနေရာ သုံးမျိုး

ဝစ္ဆဂေါတ္တ ပုဏ္ဏား....၊စင်စစ်သော်တမူ အကြင်သို့ သဘောရှိကုန်သော သုံးပါး အပြားရှိသော မြင့်သောနေရာ မြတ်သောနေရာ ဥစ္စာသယန မဟာသယနတို့သည် ထင်ရှားရှိကုန်၏၊ ယင်းသုံးပါးသော ဥစ္စာသယန,မဟာသယန တို့ကို ငါဘုရားသည် ယခုအခါ၌ အလိုရှိတိုင်း ရပေသည်၊မငြိုမငြင်မပင်မပန်း ရပေသည်၊ ပြန့်ပြော များမြတ်စွာ ရပေသည်၊ ငါဘုရား အမြဲတစေ ရ၍ နေသော ထိုဥစ္စာသယန မဟာသယန, မြင့်သောနေရာ မြတ်သောနေရာ သုံးမျိုးတို့ ဟူသည်မှာ (၁)ဒိဗ္ဗဥစ္စာသယန မဟာသယန၊ (၂) ဗြဟ္မဥစ္စာသယန မဟာသယန၊ (၃) အရိယ ဥစ္စာသယန မဟာသယန ဟူ၍ သုံးမျိုးရှိသည်။

ဝစ္ဆဂေါတ္တ ပုဏ္ဏား....၊ ငါဘုရားသည် ယခုအခါ၌ ဤဆိုအပ်ပြီးသော ဒိဗ္ဗမည်သောမြင့်သောနေရာ,မြတ်သောနေရာ၊ဗြဟ္မမည်သောမြင့်သောနေရာ, မြတ်သောနေရာ၊ အရိယမည်သော မြင့်သောနေရာ မြတ်သောနေရာ၊ ဤ ဥစ္စာသယန မဟာသယနသုံးပါးကို အလိုရှိတိုင်းရ၍ နေပေသည်၊ မငြိုမငြင် မပင်မပန်း ရ၍ နေပေသည်၊ ပြန့်ပြော များမြတ်စွာ ရ၍ နေပေသည်ဟု ကိုယ်တော်မြတ်ရရှိသော ဒိဗ္ဗ ဥစ္စာသယနမဟာသယန, ဗြဟ္မ ဥစ္စာသယန မဟာသယန, အရိယ ဥစ္စာသယနမဟာသယနသုံးပါးကို မာတိကာ ထား အကျဉ်းအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဒိဗ္ဗ ဥစ္စာသယနမဟာသယန

ပု။ ။ကထဥ္ဇာဝုသော တတ္ထ ဘဂဝတာ ဒိဗ္ဗံ ဥစ္စာသယနမဟာသယနံ ဒေသိတံ။

ဝိ။ ။ဣဓာဟံ ဗြာဟ္မဏ ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရာမိ၊ သော ပုဗ္ဗဏ္ဌသမယံ နိဝါသေတ္ဝာ ပတ္တစီဝရမာဒါယ တမေဝ ဂါမံ ဝါ နိဂမံ ဝါ ပိဏ္ဍာယ ပဝိသာမိ၊ သော ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တော ဝနန္တ ညေဝ ပဝိသာမီတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ဒိဗ္ဗံ ဥစ္စာ သယနမဟာသယနံ ဒေသိတံ။

http://www.dhammadownload.com

မေး။ ။ထိုဝေနာဂပုရ သုတ္တန် ဒေသနာတော်မြတ်၌ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဒိဗ္ဗ မည်သော မြင့်သောနေရာ မြတ်သောနေရာကို အဘယ်သို့လျှင် ဟောကြား ဖွင့်ပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဝေနာဂပုရ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် ဒိဗ္ဗမည်သော မြင့်သောနေရာ မြတ်သောနေရာ, ဗြဟ္မမည်သော မြင့်သောနေရာ မြတ်သောနေရာ,အရိယ မည်သော မြင့်သော နေရာ မြတ်သောနေရာ၊ ဤဥစ္စာသယန မဟာသယန သုံးပါးကို ကိုယ်တော် မြတ်အလိုရှိတိုင်းရနိုင်ကြောင်း မိန့်ကြားတော်မူလတ်သည်တွင် မေးလျှောက် ရင်းဖြစ်သော ဝစ္ဆဂေါတ္တ ပုဏ္ဏားသည် ထိုဒိဗ္ဗဝိဟာရ, ဗြဟ္မဝိဟာရ, အရိယ ဝိဟာရ တည်းဟူသော ဥစ္စာသယန မဟာသယန သုံးပါးကို နားမလည်နိုင် သည်ဖြစ်၍ "ကတမံ ပန ဘော ဂေါတမ ဒိဗ္ဗံ ဥစ္စာသယနမဟာသယနံ" အစ ရှိသည်ဖြင့်—

အို အရှင်ကြီးဂေါတမ....၊အကြင်ဒိဗ္ဗမည်သော ဥစ္စာသယန မဟာသယန မြင့်သောနေရာ, မြတ်သောနေရာကို အရှင်ကြီးဂေါတမသည်အလိုရှိတိုင်း မငြို့ မငြင် မပင်မပန်း ပြန့်ပြောစွာ ရနိုင်သည်ဟူ ပြီ၊ ထိုဒိဗ္ဗမည်သော မြင့်သော နေရာ, မြတ်သောနေရာ ဟူသည်မှာ အဘယ်တရားကို ခေါ်ပါသနည်းဟု မေး မြန်း လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ဣဓဟံ ဗြာဟ္မဏ ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရာမိ" အစရှိသည်ဖြင့်—

ဝစ္ဆဂေါတ္တ ပုဏ္ဏား....၊ ငါဘုရားသည် အကြင်ရွာကို ဖြစ်စေ, အကြင် နိဂုံးကို ဖြစ်စေ ဥပနိဿယ ဂေါစရဂါမ် အမှီပြု၍ နေ၏၊ ထိုရွာနိဂုံးသို့ နံနက် အခါ၌ ဆွမ်းခံဝင်ခဲ့ပေသည်၊ ဆွမ်းခံရွာမှ ဖဲခဲ့သည်ရှိသော် တောအုပ်ရှိရာ အရပ်သို့ချဉ်းကပ်ပေသည်၊ တောအုပ်အတွင်းသို့ ငါဘုရားသက်ဝင်ပြီးလျှင် ထို တောအုပ်အတွင်း၌ အလိုလိုကြွေ၍ ကျသော အကြင်သစ်ရွက်ခြောက်များ အကြင်မြက်ခြောက်များသည် ထင်ရှားရှိ၏၊ ထိုသစ်ရွက်, ထိုမြက်ခြောက် တို့ကို စုရုံး၍ခင်းစရာထိုင်စရာ နေရာပြုလုပ်ပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ တင်ပလ္လင် ဖွဲ့ခွေ၍ မိမိကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင် ကမ္မဋ္ဌာန်းအာရုံသို့ ရှေး ရှု၍ ငါဘုရားသည် ထိုင်နေပြီးလျှင် ရှေးဦးစွာ ရှုပါဝစရ ပဌမစျာန်ကို ဝင်စား

http://www.dhammadownload.com

ပေသည်၊ ထို့နောက် ဒုတိယစျာန် ထို့နောက် တတိယစျာန် ထို့နောက် စတုတ္ထစျာန်ကို ဝင်စားပေသည်။

ဝစ္ဆဂေါတ္တပုဏ္ဏား....၊ ဤပဌမစျာန်ကို ဝင်စားစဉ် ဒုတိယစျာန်ကို ဝင်စားစဉ် တတိယစျာန်ကို ဝင်စားစဉ် စတုတ္ထစျာန်ကို ဝင်စားစဉ် ငါဘုရားသည် စကြ်ံသွားခဲ့သည်ရှိသော် ထိုငါဘုရား သွားတဲ့ စကြ်ံသည် ဒိဗ္ဗမည်သော စကြ်ံသွားခြင်းပင် ဖြစ်ပေတော့သည်၊ ထိုစျာန်လေးပါးကို ဝင်စားခိုက် ငါဘုရား ရပ်တည်၍ နေလျှင် ထိုရပ်တည်၍ နေခြင်းသည် ဒိဗ္ဗမည်သော ရပ်တည်၍နေခြင်းပင်ဖြစ်ပေတော့သည်၊ ထိုစျာန်လေးပါးကို ဝင်စားခိုက်ငါဘုရားသည် အကယ်၍ ထိုင်နေသည် ဖြစ်ပါမူ ထိုသို့ ထိုင်နေခြင်းသည် ဒိဗ္ဗမည်သော ထိုင်နေခြင်းသာလျှင် ဖြစ်ပေတော့သည်၊ ထိုစျာန်လေးပါးကို ဝင်စားခိုက် ငါဘုရားသည် အကယ်၍ လျောင်းစက်သည် ဖြစ်ပါမူ သို့လျောင်းစက်ခြင်းသည် ဒိဗ္ဗမည်သော မြင့်သောနေရာ မြတ်သောနေရာ၌ လျောင်းစက်ခြင်းပင် ဖြစ်ပေတော့သည်။

ဝစ္ဆဂေါတ္တ ပုဏ္ဏား....၊ ဤဆိုအပ်ပြီးသော ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်တည်းဟူသော ရူပါဝစရစျာန်လေးပါးသည် ငါဘုရားအသိုရှိတိုင်း ရနိုင် မငြိမငြင် မပင်မပန်း စိတ်တော်ညှတ်လိုက်လျှင် ညှတ်စဉ်ခဏမှာပင် ခဏအတွင်း ရနိုင် ပြန့်ပြော များများစွာရနိုင်သည့် ဒိဗ္ဗမည်သော မြင့်သောနေရာ မြတ်သောနေရာပင် ဖြစ်ပေတော့သည် ဟု မိန့်ကြားတော်မူလတ်ပါသည်။

ဤသို့လျှင် သမ္မညူမြတ်စွာဘုရားသည် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဒိဗ္ဗမည်သော မြင့်သောနေရာ မြတ်သောနေရာကို စိတ်ဖြာခဲ့ခြားဟောကြားတော်မူအပ်ပါသည်အရှင်ဘုရား။

မြဟ္မ ဥစ္စာသယနမဟာသယန

ပု။ ။ကထဉ္စာဝုသော ဘဂဝတာ မြဟ္မံ ဥစ္စာသယနမဟာသယနံ ဒေသိတံ။

ဝိ။ ။ဣဓာဟံ မြာဟ္မဏ ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရာမိ၊ သော၊ ပုဗ္ဗဏ္ဟသမယံ နိဝါသေတ္ဝာ ပတ္တစီဝရံမာဒါယ တမေဝ ဂါမံ ဝါ

http://www.dhammadownload.com

နိဂမံ ဝါ ပိဏ္ဍာယ ပဝိသာမီတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ပြဟ္မဥ္စစွာသယနမဟာသယနံ ဒေသိတံ။

မေး။ ။ထိုဝေနၚဂပုရသုတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ပြဟ္မမည်သော မြင့်သော နေရာမြတ်သောနေရာကို အဘယ်သို့လျှင် ဟောကြားဖွင့်ပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထို ဝေနၚဂပုရသုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် ရှေးဦးစွာသော ဒိဗ္ဗမည်သော မြင့်သောနေရာ မြတ်သောနေရာကို ဟောပြတော်မူလတ်သည်ရှိသော် ဝစ္ဆဂေါတ္တ ပုဏ္ဏားသည် "အစ္ဆရိယံ ဘော ဂေါတမ၊ အဗ္ဘုတံ ဘော ဂေါတမ" အစရှိသည်ဖြင့်—

အို အရှင်ကြီးဂေါတမ....၊ လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ၊မဖြစ်စဘူး အထူးဖြစ်ပါပေစွ၊ အကျွန်ုပ်တို့သည် မကြားစဘူး ထူးကဲလှစွာသော ဒိဗ္ဗမည်သော မြင့်သောနေရာ, မြတ်သောနေရာတို့ကို ကြားရပါပေစွ၊ ဤသို့သဘောရှိသော ဒိဗ္ဗမည်သော ဝိဟာရကို ရှင်ကြီးဂေါတမကို ထား၍ အခြားတစုံတယောက်သော သူတို့သည် အဘယ်မှာလျှင် မပင်မပန်း စိတ်ညှတ်ကာမျှ မငြိုမငြင် အလိုရှိတိုင်း ပြန့်ပြန့်ပြောပြော ရနိုင်ဘို့ရန် ရှိပါအံ့နည်း၊ ရနိုင်ဘို့ရန် လွယ်ကူသည်မဟုတ်ပါ။

ကတမံ ပန တံ ဘော ဂေါတမ ပြဟ္မဥ္စစွာသယနမဟာသယနံ။

အို အရှင်ကြီးဂေါတမ....၊ အကြင်သို့ သဘောရှိသော ပြဟ္မမည်သော ဒုတိယ ဖြစ်သော မြင့်သောနေရာ, မြတ်သောနေရာကို အရှင်ကြီးဂေါတမသည် ယခုအခါ အလိုရှိတိုင်း မငြိမငြင် ပြန့်ပြောစွာ ရနိုင်ပေ၏ ဟူပြီ၊ ထိုပြဟ္မမည်သော ဥစ္စာသယနမဟာသယန မြင့်သောနေရာ, မြတ်သောနေရာဟူသည် အဘယ်တရားကို ခေါ်ပါသနည်းဟု မေးမြန်းလျှောက်ထားလတ်သည်တွင် သဗ္ဗညုမြတ်စွာဘုရားသည် "ဣဓဟံ ဗြာဟ္မဏ ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရာမိ" အစရှိသည်ဖြင့်—

ဝစ္ဆဂေါတ္တပုဏ္ဏား....၊ ငါဘုရားသည် အကြင်ရွာကိုဖြစ်စေ အကြင်နိုဂုံးကို ဖြစ်စေ ဂေါစရဂါမ် အမှီပြု၍ နေရာ၏၊ ထို့ရွာ ထိုနိဂုံးသို့ ငါဘုရားသည် နံနက်အခါ ဆွမ်းခံဝင်ပြီးလျှင် ဆွမ်းခံရာမှ ဖဲလတ်သည်ရှိသော် တစုံတခုသော တော အုပ်ရှိရာသို့ ဝင်ရောက်၍ ထိုတောအုပ်အတွင်းဝယ် အလိုလို ကြွေကျသော

http://www.dhammadownload.com

သစ်ရွက် မြက်ဘို့ကို ရုံးစုပြီးလျှင် နေရာထိုင်ဖွယ် ပြုလုပ်၍ ထိုသစ်ရွက် နေရာ မြက်အခင်းနေရာ၌ ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကမ္မဋ္ဌာန်းအာရုံကို ရှေးရှု၍ ငါဘုရားသည် ထိုင်နေခဲ့ပေသည်၊ သို့ထိုင်နေပြီးလတ်သည်ရှိသော် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ တည်းဟူသော ဗြဟ္မဝိဟာရ အပွနာစျာန်လေးပါး ကို အမြဲတစေ ဝင်စား၍ နေပေတော့သည်။

ဝစ္ဆဂေါတ္တပုဏ္ဏား....၊ ထိုသို့ မေတ္တာစျာန် ကရုဏာစျာန် မုဒိတာစျာန် ဥပေက္ခာစျာန် တည်းဟူသော ဗြဟ္မစိုရ်စျာန်လေးပါး တရားကို ဝင်စား၍ နေစဉ် ငါဘုရားသည် အကယ်၍ စကြ်ံလျှောက်သည်ဖြစ်အံ့၊ ထိုငါဘုရား၏ စကြ်ံလျှောက်ခြင်းသည် ဗြဟ္မမည်သော စကြ်ံလျှောက်ခြင်းသာလျှင် ဖြစ်တော့သည်၊ ဗြဟ္မဝိဟာရစျာန်လေးပါးကို ဝင်စားခိုက် ငါဘုရားရပ်နေစဉ် ဗြဟ္မမည်သော ရပ်တည်နေခြင်းပင် ဖြစ်တော့သည်၊ ထိုင်နစဉ်လည်းဗြဟ္မမည်သော ထိုင်နေခြင်းပင် ဖြစ်တော့သည်၊ ထိုမေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ တည်းဟူသော ဗြဟ္မဝိဟာရ စျာန်လေးပါးကို ဝင်စားခိုက် ငါဘုရားသည် လက်ျာနံတောင်း လျောင်းစက်တော်မူသည်ရှိသော် ထိုသို့ လျောင်းစက်ခြင်းသည်လည်း ဗြဟ္မမည်သော မြင့်သောနေရာ မြတ်သောနေရာ၌ ငါဘုရား လျောင်းစက်ခြင်းပင် ဖြစ်တော့သည်။

ဝစ္ဆဂေါတ္တပုဏ္ဏား....၊ ဤဆိုအပ်ပြီးသော အတိုင်း မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ တည်းဟူသော အပွနာပေါက် ဗြဟ္မဝိဟာရစျာန်လေးပါး အကျင့်တရားသည် ငါဘုရား အလိုရှိတိုင်း ရနိုင်, မငြိမငြင် မပင်မပန်း ရနိုင်, ပြန့်ပြောများမြတ်စွာ ရနိုင်သည့် ဗြဟ္မမည်သော မြင့်သောနေရာ, မြတ်သော နေရာပါပေတည်းဟု ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဗြဟ္မမည်သော ဥစ္စာသယန မဟာသယန မြင့်သောနေရာ, မြတ်သောနေရာကို သဗ္ဗညုမြတ်စွာဘုရားသည် ဝစ္ဆဂေါတ္တ ပုဏ္ဏားအား စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အရိယ ဥစ္စာသယနမဟာသယန

ပု။ ။ကထဥ္စာဝုသော တတ္ထ ဘဂဝတာ အရိယံ ဥစ္စာသယနမဟာသယနံ ဒေသိတံ။

http://www.dhammadownload.com

ဝိ။ ။ဣဓဟံ ဗြာဟ္မဏ ယံ ဂါမံ ဝါ နိဂမံဝါ ဥပနိဿာယ ဝိဟရာမိ၊သော ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ တမေဝ ဂါမံ ဝါ နိဂမံ ဝါ ပိဏ္ဍာယ ပဝိသာမိ။ သော ပစ္ဆာဘတ္တံ ပိဏ္ဍပါတ ပဋိက္ကန္တော ဝနန္တညေဝ ပဝိသာမီတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝ-တာ အရိယံ ဥစ္စာသယနမဟာသယနံ ဒေသိတံ။

မေး။ ။ထိုဝေနာဂပုရ သုတ္တန်ဒေသနာတော်မြတ်၌ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္မာညုမြတ်စွာဘုရားသခင်သည် အရိယ မည်သော မြင့်သောနေရာ,မြတ်သောနေရာကို အဘယ်သို့သောအခြင်းအရာ အားဖြင့် ဟောကြားဖော်ပြတော်မူခဲ့ပါသနည်း ငါ့ရှင်.... ။

ဖြေ။ ။ထိုဝေနာဂပုရသုတ္တန် ဒေသနာတော်မြတ်၌ လျှောက်ဆိုအပ် ပြီးသော အခြင်းအရာအတိုင်း သမ္မာညုမြတ်စွာဘုရားသည် ဗြဟ္မစိုရ်လေးပါး ဈာန်တရား တည်းဟူသော ဗြဟ္မမည်သော မြင့်သောနေရာ,မြတ်သောနေရာ ကိုယ်တော်၏နေရာကို ဟောပြလတ်သည်ရှိသော် ဝစ္ဆဂေါတ္တပုဏ္ဏားသည် "အစ္ဆရိယံ ဘော ဂေါတမ၊ အဗ္ဘုတံ ဘော ဂေါတမ"အစရှိသည်ဖြင့်—

အို အရှင်ကြီးဂေါတမ....၊ လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစ့၊ မဖြစ် စဘူး အထူး ဖြစ်ပါပေစ့၊ အရှင်ကြီးဂေါတမကို ထား၍ အခြား တစုံတယောက် သော သူသည် ဤသို့ သဘောရှိသော ဗြဟ္မဝိဟာရ ဈာန်လေးပါး တည်းဟူ သော ဗြဟ္မအမည်ရသော မြင့်သောနေရာ, မြတ်သောနေရာကို အလိုရှိတိုင်း မပင်မပန်း ပြန့်ပြောစွာ ရဘို့ရန် လွယ်ကူလှသည်မဟုတ်ပါ။

ကတမံ ပန တံ ဘော ဂေါတမ အရိယံ ဥစ္စာသယန မဟာသယနံ။

အို အရှင်ကြီးဂေါတမ....၊ အကြင်သို့ သဘောရှိသော အရိယမည်သော မြင့်သောနေရာ, မြတ်သောနေရာကို အရှင်ကြီး ဂေါတမသည် ယခုအခါ အလိုရှိတိုင်း မငြိမငြင် မပင်မပန်း ပြန့်ပြောမျှားမြတ်စွာ ရလေ့ရှိပါသည်၊ ထိုအရိယမည်သော မြင့်သောနေရာ, မြတ်သောနေရာဟူသည် အဘယ်တရား ကို ခေါ်ဆိုပါသနည်း ဟု လျှောက်ထားမေးမြန်းလတ်သည်တွင် "ဣဓဟံ ဗြာဟ္မဏ ယံ ဂါမံဝါ နိဂမံဝါ ဥပနိဿာယ ဝိဟရာမိ" အစရှိသည်ဖြင့်—

ဝစ္ဆဂေါတ္တပုဏ္ဏား....၊ ဤလောကဌ္ဌဓါတုရားသည် အကြင်ရွာကိုဖြစ်စေ အကြင်နိဂုံးကို ဖြစ်စေ ဂေါစရဂါမ်အမှီပြု၍ နေ၏၊ ထိုဓါတုရားသည် နံနက် အခါ ထိုဂေါစရဂါမ် ဖြစ်သော ရွာ နိဂုံးသို့ ဆွမ်းခံဝင်ပြီးလျှင် ဆွမ်းခံရွာမှ

http://www.dhammadownload.com

ဖဲလာ်သည်ရှိသော် တစုံတခုသော တောအုပ်အတွင်းသို့ ဝင်ရောက်ခဲ့ပေသည်၊ အလိုလို ကြွေကျသော အကြင်သို့ သဘောရှိသော သစ်ရွက်အပေါင်း မြက်အပေါင်းတို့သည် ရှိကုန်၏၊ ထိုသစ်ရွက် ထိုမြက်တို့ကိုပင်လျှင် ရုံးစု၍ နေစရာထိုင်စရာ ပြုလုပ်ပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ၍ ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှုသတိကို ထားပြီးလျှင် ငါဘုရားထိုင်နေပေသည်၊သို့ထိုင်နေပြီးလတ်သောအခါ ဝင်စားမြဲဖြစ်သောအရိယဝိဟာရ အမည်ရသည့် အရဟတ္တဖိုလ်သမာပတ်ကို ငါဘုရား ဝင်စား၍ နေပေသည်၊ ထိုအရဟတ္တဖိုလ် သမာပတ်မှ ထသော ကာလ၌ ငါဘုရားသည် ဤမည်သော ရာဂ,ဤမည်သောဒေါသ, ဤမည်သောမောဟတို့ကို ပယ်ပြီးပြီ၊ အမြစ်မကျန် တွန်းလှန် ပယ်ဖျောက်အပ်ပြီးပြီ၊ ထန်းပင်ရာကဲ့သို့ ပြုလုပ်အပ်ပြီးပြီ၊နောက်ထပ်တဖန် မဖြစ်ခြင်းသဘောရှိအောင် ပြုလုပ်အပ်ပြီ၊ ငါဘုရားသန္တာန်ဝယ် လောဘ ဒေါသ မောဟတို့ တဖန် နောက်ထပ် မဖြစ်ခြင်းသဘော ရှိပြီ ဟု ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ခဲ့ပေသည်။

ဝစ္ဆဂေါတ္တပုဏ္ဏား....၊ ထိုသို့ ဖလသမာပတ် ကို ဝင်စားနေခိုက် ငါဘုရားသည် အာကယ်၍ လူးလာတုံ့ခေါက် စကြံ့ကြွရောက်သည် ဖြစ်ပါမူ ထိုသို့ ငါဘုရား၏ စကြံ့ကြွခြင်းသည် အရိယမည်သော စကြံ့ကြွခြင်းသာလျှင် ဖြစ်တော့သည်၊ ထိုသို့ အရဟတ္တဖိုလ် သမာပတ်ဝင်စားတော်မူခိုက် ငါဘုရားသည် ရပ်တုံ့၍ နေသည်ဖြစ်ပါမူ ထိုသို့ ရပ်တုံ့၍ နေခြင်းသည်လည်း အရိယမည်သော ရပ်တုံ့၍ နေခြင်းပင် ဖြစ်တော့သည်၊ထိုင်၍ နေလျှင်လည်း အရိယမည်သော ထိုင်၍ နေခြင်းပင် ဖြစ်တော့သည်၊ထိုသို့ ဖလသမာပတ်ကိုဝင်စားခိုက် ဝင်စားပြီးစ ငါဘုရားသည် သီဟသေယျ လကျိဝန်တောင်းဖြင့်လျောင်းစက်သည်ဖြစ်ပါမူ ထိုသို့ လျောင်းစက်ခြင်းသည်လည်း အရိယမည်သော မြင့်သောနေရာ,မြတ်သောနေရာ၌ပင်လျှင် လျောင်းစက်ခြင်းဖြစ်ပေတော့သည်။

ဝစ္ဆဂေါတ္တ ပုဏ္ဏား....၊ ဤယခု မိန့်ဆိုအပ်ပြီးသော ဖလသမာပတ် ချမ်းသာတရားသည် ငါဘုရားအလိုရှိတိုင်း မငြိုမငြင် မပင်မပန်း ပြန့်ပြောများမြတ်စွာ ရနိုင်သည့် အရိယမည်သော မြင့်သောနေရာ,မြတ်သောနေရာပါပေတည်းဟု မိန့်ကြားတော်မူလတ်သည်တွင် "အစ္စရိယံ ဘော ဂေါတမ၊ အဗ္ဘုတံ ဘော ဂေါတမ"အစရှိသည်ဖြင့် ဝစ္ဆဂေါတ္တ ပုဏ္ဏားသည် ရှေးနည်းအတူ အံ့ဘွယ်သရဲ့ စကားကို ပြောကြားပြီးလျှင် "အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ"အစရှိသည်ဖြင့် မိမိနှင့်တကွ ရောက်ရှိလာသော

http://www.dhammadownload.com

ဝေနၚဂပုရရွာသား ပုဏ္ဏားသူကြွယ်တို့ ဗုဒ္ဓသရဏာကုံ, ဓမ္မသရဏာကုံ, သံဃသရဏာကုံ ခံယူကြကြောင်း လျှောက်ထားခဲ့ပါသည်။

ဤသို့လျှင် ထိုဝေနၚဂပုရအမည်ရသော သုတ္တန်ဒေသနာတော်မြတ်၌ လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် အရိယမည်သော မြင့်သောနေရာ, မြတ်သောနေရာ ဖလသမာပတ် ချမ်းသာကို သဗ္ဗညုမြတ်စွာဘုရားဟောကြားတော်မူအပ်ခဲ့ပါသည် ဖာရှင်ဘုရား။

ဝေနၚဂပုရသုတ် ပြီး၏

ကေသမုတ္တိသုတ် (ကာလာမသုတ်)

ပု။ ။တတ္ထဝ အာဝုသော မဟာဝဂ္ဂေ ပဌမံ ကေသမုတ္တိသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထ္ဆ ဘာသိတံ။

ဝိ။ ။ကောသလေသု ဘန္တေ ကေသမုတ္တေနာမ ကာလာမာနံ နိဂမေ ကေသမုတ္တိယေ ကာလာမေ အာရဗ္ဘ ဘာသိတံ။ ။ကေသမုတ္တိယာ ဘန္တေ ကာလာမာ ဘဂဝန္တံ တေဒဝေါစုံ "သန္တိ ဘန္တေ ဧကေ သမဏာ ဗြာဟ္မဏာ ကေသမုတ္တံ အာဂစ္ဆန္တိ၊ တေ သကံယေဝ ဝါဒံ ဒီပေန္တိ၊ ဇောတေန္တိ၊ ပရပ္ပဝါဒံ ပန ခုံသေန္တိ ဝမ္ဘေန္တိ ပရိဘဝန္တိ၊ ဩမက္ခိံ ကရောန္တိ၊ အပရေပိ ဘန္တေ ဧကေ သမဏာ ဗြာဟ္မဏာ ကေသမုတ္တံ အာဂစ္ဆန္တိ၊ တေပိ သကံယေဝ ဝါဒံ ဒီပေန္တိ ဇောတေန္တိ၊ ပရပ္ပဝါဒံ ပန ခုံသေန္တိ ဝမ္ဘေန္တိ ပရိဘဝန္တိ၊ ဩမက္ခိံ ကရောန္တိ။ တေသံ နော ဘန္တေ အမ္ဟာကံ ဟောတေဝ ကင်္ခါ၊ဟောတိ ဝိစိကိစ္ဆာ ကော သု နာမ ဣမေသံ ဘဝတံ သမဏာ ဗြာဟ္မဏာနံ သစ္စံ အာဟာ၊ ကော မုသာ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "အလံ ဟိ ဝေါ ကာလာမာ ကင်္ခိတုံ အလံ ဝိစိကိစ္ဆိတုံ၊ ကင်္ခနိယေဝ ပန ဝေါ ဌာနေ ဝိစိကိစ္ဆာ ဥပ္ပန္နာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုမဟာဝဂ်၌ပင်လျှင် ငါးခုမြောက် ဖြစ်သော ကေသမုတ္တိသုတ္တန် မည်သော ကာလာမသုတ် တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်းဝတ္ထု

http://www.dhammadownload.com

ကြောင့် အဘယ်သို့သောအခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကောသလတိုင်း အဝင်အပါ ကောသမုတ္တ အမည်ရသော ကာလာမမင်းတို့၏ စားကျေးဖြစ်သော နိဂုံဠ် ကောသမုတ္တနိဂုံးသား ကာလာမမင်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည်။

ကာလာမမင်းတို့ လျှောက်ထားခြင်း

သဗ္ဗညုမြတ်စွာဘုရားသည် ကောသလတိုင်း၌ ရှေးနည်းအတူ များစွာသော ရဟန်းတော်အပေါင်း ခြံရံ၍ ခရီးဒေသစာရီ ကြွချီတော်မူလတ်သော် ကောသမုတ္တ အမည်ရသော ကာလာမမင်းတို့၏စားကျေးနိဂုံးသို့ ရောက်ရှိတော်မူလာ၍ ကောသမုတ္တ နိဂုံးရွာသား ကာလာမမင်းအပေါင်းတို့သည် ဘုရားထံခမျာက် သွားရောက်ကြပြီးလျှင် "သန္တိ ဘန္တေ ဧကေ သမဏာ ကောသမုတ္တံ အာဂစ္ဆန္တိ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ အချို့သော ရဟန်း၊ အချို့သော ဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တို့သည် တပည့်တော်တို့၏ စားကျေးဖြစ်သော ကောသမုတ္တနိဂုံးသို့ လာကြပါကုန်သည်၊ထိုသမဏဗြာဟ္မဏ အမည်ခံ ဝါဒဆရာတို့သည် မိမိတို့၏ ဝါဒကိုပင်လျှင် ဆီမီးပမာ ထင်ရှားစွာ ထွန်းညှိ၍ ပြကြပါကုန်တော့သည်၊ သူတပါးတို့၏ ဝါဒကိုကား ရှုတ်ချကြပါကုန်သည်၊ ထိပါးပွတ်ချုတ်၍ ပြောဆိုကြပါကုန်သည်၊ ချေဖျက်ခြင်းအမှုကို ပြုလုပ်ကြပါကုန်သည်၊ နောက်တဖန် သမဏဗြာဟ္မဏအမည်ရသော ဝါဒဆရာတို့ လာပြန်ပါသော်လည်း ထိုနည်းအတူပင် ဖြစ်ပါတော့သည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုသို့ ဝါဒဆရာတို့ အသီးအသီး မိမိတို့ ဝါဒစကားပြောကြားသည်ကို ကြားရသော တပည့်တော်တို့အား သမဏဗြာဟ္မဏအမည်ခံ ဤဝါဒဆရာတို့တွင် အဘယ်သူသည် အမှန်ကို ပြော၍ အဘယ်သူသည် အမှားပြောသနည်းဟု တပည့်တော်တို့၏ သန္တာန်ဝယ် ယုံမှားခြင်း ဝိစိကိစ္ဆာ တွေးတောခြင်း ကခ်ါဖြစ်ခဲ့ရပါတော့သည်ဘုရားဟု လျှောက်ထားလတ်ပါသည်။

http://www.dhammadownload.com

ယုံမှားဖြစ်စရာပါပေ

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "အလံ ဟိ ဝေါ ကာလာမ ကင်္ခိတုံ အလံ ဝိစိကိစ္ဆိတုံ" အစရှိသည်ဖြင့်—

အို ကာလာမ မင်းအပေါင်းတို့....၊ သင်တို့အား ယုံမှားခြင်း ဝိစိကိစ္ဆာ ဖြစ်ခြင်းငှါ ထိုက်လှပါပေ၏၊ သင့်လှပါပေ၏၊ ဝိစိကိစ္ဆာ ဖြစ်ထိုက်သော အရာ၌ပင်လျှင် သင်တို့သည် ယုံမှား သံသယ ဖြစ်ကြခြင်း ဖြစ်ပေသည်။

သူပြောလူပြောဖြင့် မယုံကြကုန်လင့်

အို ကာလာမမင်းအပေါင်းတို့....၊ သင်တို့သည်သူတပါးပြောစကားမျှဖြင့် အခိုင်အမြဲ ကေန်အမှန်ဟူ၍ မစွဲယူကြပါကုန်လင့်။

အို ကာလာမ မင်းအပေါင်းတို့....၊အကြင်အခါ၌ အသင်တို့သည် ဤတရားတို့ကား အကုသိုလ်၊ဤတရားတို့ကား အပြစ်ရှိသောတရား၊ ဤတရားစုကား ပညာရှိတို့ ကဲ့ရဲ့အပ်သော တရား၊ဤတရားစုကား အပြည့်အစုံ ဆောက်တည်အပ်သည်ရှိသော် အကျိုးမဲ့ ဖြစ်ဘို့ရန် ဆင်းရဲတရား ပွါးများဘို့ရန် ဖြစ်သည်ဟု သင်တို့ကိုယ်တိုင် အကြင်သို့ သဘောရှိသော တရားကို အကြင်အခါ၌ သိကုန်၏၊ ထိုအခါကျမှ မိမိတို့ ကိုယ်တိုင် သိပြီးမှ ထိုသို့ သဘောရှိသော အကုသိုလ်တရား အပြစ်ရှိသောတရားတို့ကို အသင်ကာလာမမင်း တို့သည် ပယ်ကြပါကုန်။

ကာလာမမင်းတို့....၊ ယခု ငါဘုရားမေးမည့်စကားကို အသင်တို့ မည်သို့မှတ်ထင်ကုန်သနည်း၊ လောဘဘည်းဟူသော တရားသည် ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပွါး၍လာလျှင် စီးပွါးတိုးတက်ဘို့ရန် ဖြစ်ပွါး၍လာပါသလော၊ စီးပွါးယုတ်လျော့ဘို့ရန် ဖြစ်ပွါး၍လာပါသလော၊ ဤသို့ မေးမြန်းတော်မူသည်တွင်—

အဟိတာဃ ဘန္တေ။

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊လောဘတရားသည် အစီးအပွါးမဲ့ ဖြစ်ဘို့ရန် ပုဂ္ဂိုလ်သန္တာန်၌ ဖြစ်ပေါ်၍လာခြင်း ဖြစ်ပါသည်ဟုပြန်ပြောင်းလျှောက်ထားကြပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ကာလာမမင်းအပေါင်းတို့....၊လောဘဖြင့် တပ်နှစ်သက်၍ နေသော ပုဂ္ဂိုလ်သည် လောဘဖြင့် လွှမ်းမိုး နှိပ်စက်

http://www.dhammadownload.com

အပ်သော စိတ်နှလုံးရှိသည်ဖြစ်၍ ပါဏာတိပါတ ဒုစရိုက်အမှုကို [illegible]ိုင်သည် မဟုတ်လော၊ အဒိန္နာဒါန် ဒုစရိုက်အမှု,ကာမေသုမိစ္ဆာစာရ ဒုစရိုက်အမှု,မုသာဝါဒ ဒုစရိုက် အမှုကို ပြုလုပ်မည်မဟုတ်လော၊ သူတပါးကိုလည်း ထိုသို့သဘောရှိသော ပါဏာတိပါတ, အဒိန္နာဒါန်, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ ဒုစရိုက်ပြုဘို့ရန် ဆောက်တည်စေလိမ့်မည်မဟုတ်လော၊ ယင်းသို့ဆောက်တည်စေလျှင် ထိုလောဘတရားသည် ထိုဒုစရိုက်တရားအစုသည် ထိုဆောက်တည်စေသော ပဂ္ဂိုလ် အဆောက်တည်ခံရသော ပဂ္ဂိုလ်တို့အဘို့ စီးပွါးမဲ့ဘို့ရန် ဆင်းရဲဖြစ်ဘို့ရန် ဖြစ်သည်မဟုတ်လော ဟု မေးမြန်းတော်မူလတ်သည်တွင်—"ဧဝံ ဘန္တေ-မှန်ပါကြောင်း" ပြန်ပြောင်း လျှောက်ထားခဲ့ပါသည်။

ကိုယ်တိုင် စဉ်းစားကြည့်ကြ

ထို့အတူ ဒေါသနှင့် စပ်၍ဖြင်း မောဟနှင့်စပ်၍ဖြင်း မေးမြန်းတော်မူလတ်ပြီးလျှင် "တံ ကိံ မညထ ကာလာမာ ဣမေ ဓမ္မာ ကုသလာ ဝါ အကုသလာ ဝါ" အစရှိသည်ဖြင့်—

အို ကာလာမ မင်းအပေါင်းတို့....၊ ယခု ငါဘုရားမေးမည့်စကားကို သင်တို့ မည်သို့ မှတ်ထင်ကုန်သနည်း၊ ဤလောဘ ဤဒေါသ ဤမောဟတရားတို့သည် ကုသိုလ်တရားတို့လေလော၊ အကုသိုလ်တရားတို့လေလော၊ အပြစ်ရှိသော တရားတို့လေလော၊ အပြစ်မရှိသော တရားတို့လေလော၊ ပညာရှိတို့ ကဲ့ရဲ့ရမည့် တရားတို့လေလော၊ ပညာရှိတို့ ချီးမွမ်းရမည့် တရားတို့လေလော၊ အပြည့်အစုံ ဤလောဘ ဤဒေါသ ဤမောဟတို့ကို ဆောက်တည်လျှင် ဆောက်တည်တဲ့ ပဂ္ဂိုလ်သန္တာန်ဝယ် စီးပွါးဖြစ်ဘို့ရန်ဖြစ်လေသလော၊ အစီးအပွါးမဲ့ဘို့ရန် ဖြစ်လေသလော၊ သင်တို့၏ဉာဏ် သင်တို့၏ စိတ်သန္တာန်ဝယ် အဘယ်သို့ မှတ်ထင်ပါသနည်းဟု မေးမြန်းတော်မူလတ်သည်တွင် ကာလာမ မင်းအပေါင်းတို့က—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ထိုလောဘ ထို ဒေါသ ထိုမောဟတရားတို့ကို အကုသိုလ်တရား၊ အပြစ်ရှိသောတရား၊ ပညာရှိတို့ ကဲ့ရဲ့ရမည့်တရား၊ အပြည့်အစုံ ဆောက်တည်သော ပဂ္ဂိုလ်သန္တာန်ဝယ် အစီးအပွါး မဲ့ဖြစ်ဘို့ရန် မကောင်းကျိုး ဖန်တဲ့တရား ဟု တပည့်တော်တို့ မှတ်ယူပါကုန်သည် ဘုရားဟု ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

http://www.dhammadownload.com

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက အို ကာလာမ မင်းအပေါင်းတို့....! ဤသည်ကို ရည်၍ ငါဘုရားသည် ကာလာမ မင်းအပေါင်းတို့ လာကြကုန်၊ သူတဖက်သား ပြောစကားမျှဖြင့် အသင်တို့သည် မှန်လှပြီဟု မစဉ်ယူ မမှတ်သားကြကုန်လင့်၊ အကြင်အခါ၌ ဤတရားတို့ကား အကုသိုလ်၊ဤတရားတို့ကား အပြစ်ရှိသော တရား၊ဤတရားတို့ကား ပညာရှိတို့ ကဲ့ရဲ့အပ်တဲ့ တရား၊ ဤတရားတို့ကား ဆောက်တည်ပြည့်စုံစေလျှင် သို့ဆောက်တည်စေသော ပဂိုလ် ပြည့်စုံစေသော ပဂိုလ်၏ အစီးအပွါးမဲ့ အကျိုးမဲ့ ဆင်းရဲဘို့ရန် ဖန်တီးတဲ့ တရားဟူ၍ ကိုယ်တိုင်သိလတ်သည်ရှိသော် ထိုသို့သော တရားမျိုးကို သင်တို့ ပယ်ကြကုန်ဟူ၍ ငါဘုရားဟောကြားခဲ့ခြင်း ဖြစ်ပေသည်။

အို ကာလာမ မင်းတို့....၊လာကြကုန်၊ တဆင့်စကား သူတပါး ပြော ကြားရုံမျှဖြင့် မှန်လှပြီဟူ၍ အခိုင်အမြဲ မစဉ်ကြပါကုန်လင့်၊ အကြင်အခါ၌ မိမိတို့ ကိုယ်တိုင်ပင် ဤတရားတို့သည်ကား ကုသိုလ်တရား၊ဤတရားတို့သည်ကား အပြစ်မရှိသောတရား၊ ပညာရှိတို့ ချီးမွမ်းအပ်သောတရား၊ ဤတရားတို့ကို ပြည့်စုံစေလျှင် အပြည့်အစုံ ဆောက်တည်ခဲ့လျှင် အစီးအပွါး ဖြစ်ထွန်းစေဘို့ရန် ချမ်းသာတရား တိုးပွါးဘို့ရန် ဖန်တီးသောတရားဟု ကိုယ်တိုင်သိလျှင် ထိုသို့သဘောရှိသော တရားကို အသင်တို့သည် ပြည့်စုံကြစေကုန်။

အို ကာလာမမင်းအပေါင်းတို့....၊ အလောဘခေါ်သော မလိုချင်မှု စွန့်ကြဲမှု ပေးကမ်းမှု ကာမတရားတို့မှ ထွက်မြောက်အောင် အားထုတ်မှုသည် ပဂိုလ်သတ္တဝါ၏ သန္တာန်ဝယ် ဖြစ်ပေါ်၍ လာရှိလျှင် အစီးအပွါးမဲ့ဘို့ရန် ဖြစ်ပါသလော၊ အစီးအပွါးတိုးဘို့ရန် ဖြစ်ပါသလောဟု မေးမြန်းတော်မူလတ်ပါသည်။

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ အစီးအပွါးတိုးပွါးဘို့ရန် ဖြစ်ပါသည်ဘုရားဟု ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက အို ကာလာမ မင်းအပေါင်းတို့....၊မတပ်မက်သောအလောဘ ကောင်းမြတ်သော အဇ္ဈာသယခေတ်ခံ ကိန်းဝပ်၍ နေသော လောဘဖြင့် မလွှမ်းမိုး မနှိပ်စက်အပ်သော သူတော်ကောင်းပဂိုလ်သည် ပါဏာတိပါတ ဒုစရိုက်မှုကိုလည်း ရှောင်ကြဉ်မည်မဟုတ်လော၊ အဒိန္နာဒါန် ဒုစရိုက်,ကာမေသုမိစ္ဆာစာရဒုစရိုက်, မုသာဝါဒဒုစရိုက်ကိုလည်း ရှောင်ကြဉ်မည်မဟုတ်လော၊ ယင်းသို့ ဒုစရိုက်မှ ရှောင်ကြဉ်ရုံမက သူတပါးကိုလည်း

http://www.dhammadownload.com

ထိုထိုဒုစရိုက်မှုမှ ရှောင်ကြဉ်စေဘို့ရန် ဆောက်တည်စေမည် မဟုတ်ပါလော၊ ယင်းသို့ဆောက်တည်စေခြင်း ကိုယ်တိုင်ရှောင်ကြဉ်ခြင်းသည် အစီးအပွါး တိုးပွါးဘို့ရန် ချမ်းသာတရား တိုးပွါးဘို့ရန် ဖြစ်သည်မဟုတ်လောဟု မေးမြန်းတော်မူသည်တွင် "ဧဝံ ဘန္တေ-မှန်ပါကြောင်း" ကာလာမ မင်းအပေါင်းတို့ ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ဤနည်းအတူ အဒေါသနှင့် စပ်၍ဂင်း အမောဟနှင့် စပ်၍ဂင်း ကောင်းသော အကျိုးတရား တိုးပွါးစေကြောင်း မေးမြန်းတော် မူခဲ့ပါသည်၊ ဖြေကြား စေတော်မူခဲ့ပါသည်၊ သို့ ဖြေကြားစေပြီးလျှင် " တံ ကိံ မညထ ကာလာမာ" အစရှိသည်ဖြင့်—

အို ကာလာမ မင်းအပေါင်းတို့....ယခု ငါဘုရား မေးမည့် စကားကို သင်တို့ မည်သို့ မှတ်ထင်ကုန်သနည်း၊ ယင်းသို့ ဆိုလျှင် ထိုအလောဘ အဒေါသ အမောဟတရားတို့သည် ကုသိုလ်တရားတို့ပင် မဟုတ်လော၊ အပြစ်မရှိသော တရားတို့ပင် မဟုတ်လော၊ ပညာရှိတို့ ချီးမွမ်းအပ်တဲ့ တရားတို့ပင် မဟုတ်လော၊မိမိသန္တာန်၌ အပြည့်အစုံ ဆောက်တည်ခဲ့လျှင် အစီးအပွါး တိုးပွါးဘို့ရန် ချမ်းသာဘို့ရန် ဖြစ်သည် မဟုတ်လော ဟု မေးမြန်းတော်မူလတ်သည်တွင် ကာလာမမင်းအပေါင်းတို့က ထိုအလောဘ အဒေါသ အမောဟတရားတို့သည် ကုသိုလ်စင်စစ် ဖြစ်ကြောင်း၊ အပြစ်မရှိသော တရားဖြစ်ကြောင်း၊ ပညာရှိတို့ ချီးမွမ်းအပ်သော တရားဖြစ်ကြောင်း၊ ဆောက်တည်ခဲ့လျှင် စီးပွါးချမ်းသာ ဖြစ်စေနိုင်သည့် ကောင်းမြတ်သော တရားဖြစ်ကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင်—

အို ကာလာမ မင်းအပေါင်းဘို့....၊ ဤသဘောကိုပင် ရည်ညွှန်း၍ ငါဘုရားသည် "ကာလာမမင်းအပေါင်းတို့....၊ သူတပါးတို့ ပြောကြားရုံမျှဖြင့် အခိုင်အမြဲ မှန်လှပြီဟူ၍ မမှတ်မစွဲကြကုန်လင့်၊ အကြင်အခါ အသင်တို့ ကိုယ်တိုင်ပင် ဤတရားတို့ကား ကုသိုလ်, ဤတရားတို့ကား အပြစ်မရှိသောတရား, ဤတရားတို့ကား ပညာရှိတို့ ချီးမွမ်းအပ် သော တရားဟူ၍ ကိုယ်တိုင်သိကြကုန်၏၊ ထိုအခါ ထိုသို့သဘောရှိသော တရားတို့ကို မိမိတို့သန္တာန်ဝယ် ပြည့်စုံစေကြကုန်"ဟူ၍ ငါဘုရားမိန့်ကြားတော်မူခြင်း ဖြစ်ပေသည်။

ဤသို့ ဤသို့ အစရှိသည်ဖြင့် များလှစွာသော နက်နဲလှစွာသော ဓမ္မကထာတို့ဖြင့် တန်းဆာဆင်အုပ်သော ဤကေသမုတ္တိ အမည်ရသော သုတ္တန်ဒေသ

http://www.dhammadownload.com

နာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ကေသမုတ္တ ရွာသား ကာလာမ မင်းအပေါင်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ကေသမုတ္တိသုတ် ပြီး၏

ဥပေါသထသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အဂ်ုတ္တရနိကာယေ တိကနိပါတေ မဟာဝဂ္ဂေ ဒသမံ ဥပေါသထသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကထဥ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ ဝိသာခံ မိဂါရမာတရံ အာရဗ္ဘ "တယော ခေါ မေ ဝိသာခေ ဥပေါသထာ။ ကတမေ တယော။ ဂေါပါလကုပေါသထော နိဂဏ္ဌုပေါသထော အရိယုပေါသထော"တိ ဧဝံ ခေါ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုသဗ္ဗညုမြတ်စွာဘုရားသခင်သည် အဂ်ုတ္တရနိကာယ် တိကနိပါတ် မဟာဝဂ်၌ ဆယ်ခုမြောက် ဖြစ်သော ဥပေါသထသုတ္တန် တရားဒေသနာတော်မြတ်ကို အဘယ်အရပ် ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် မိဂါရသူဌေး၏ မိခင်အရာ၌ တည်သော ပုဗ္ဗာရုံကျောင်းအမ ဝိသာခါကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူလတ်သောအခါ မိဂါရသူဌေး၏ မိခင်အရာ၌ တည်သော ပုဗ္ဗာရုံကျောင်းအမ ဝိသာခါ ဥပါသိကာ ဒါယိကာမသည် ဘုရားထံမှောက် လာရောက်ပြီးလျှင် အပြစ်ခြောက်ပါးလွတ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ မြတ်စွာဘုရားအား ရှိခိုးဦးညွတ်၍ ထိုင်နေပါသည်။

ဥပုသ်သုံးပါး ဟောကြားခြင်း

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက—

ဟန္ဒ ကုတော နု တွံ ဝိသာခေ အာဂစ္ဆသိ ဒိဝါ ဒိဝဿ။

http://www.dhammadownload.com

ချစ်သမီး ဝိသာခါ....၊ သင်ချစ်သမီးသည် ယခုအခါ နေမွန်းတည့် ရှိန်ရှိန်ကြီးကာလ၌ အဘယ်အရပ်မှ လာခဲ့ပါသနည်းဟု မေးမြန်းတော်မူလတ် ပါသည်။

ထိုအခါ ဝိသာခါ ဥပါသိကာမ က "ဥပေါသထာဟံ ဘန္တေ အဇ္ဇ ဥပဝသာမိ၊ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....၊ဘုရားတပည့် တော်သည် ယနေ့ ပန္နရသီ တဆယ့်ငါးရက် ဥပုသ်နေ့ဖြစ်၍ ဥပုသ်သီတင်း သုံးစောင့်လျက် ရှိပါသည်ဘုရား" ဟု ပြန်ကြားလျှောက်ထားသည်တွင်—

မြတ်စွာဘုရားက—

"တယော ဒေါ မေ ဝိသာခေ ဥပေါသထာ။ကတမေ တယော၊ဂေါပါလက ဥပေါသထော နိဂဏ္ဌုပေါသထော အရိယုပေါသထော" ဟု—

ချစ်သမီး ဝိသာခါ....၊ ဥပုသ်အပြား သုံးမျိုး သုံးစား ရှိသည်၊ သုံးမျိုး တို့ ဟူသည်မှာ—

(၁) နွားကျောင်းသားတို့နှင့် ဥပမာနှိုင်းခိုင်း၍ ဖော်ပြရသော ဂေါပါလ ဥပုသ်လည်းတမျိုး

(၂) နိဂဏ္ဌအမည်ရှိသော တက္ကတွန်းတို့ ကျင့်သုံးဆောက်တည် သည့် နိဂဏ္ဌဥပုသ်လည်းတမျိုး

(၃) အရိယာ သူတော်သူမြတ်တို့ ကျင့်သုံးဆောက်တည်အပ်သည့် အရိယုပေါသထ အရိယာဥပုသ်လည်း တမျိုး။

ဤသို့ ဥပုသ်အပြား သုံးမျိုး သုံးစားရှိကြောင်းကို မဘတိကာထား အကျဉ်းအားဖြင့် သမ္မဥ္ဇမြတ်စွာဘုရား ဟောကြားတော် မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဂေါပါလကဥပုသ်

ပု။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ဂေါပါလကုပေါသထော ပကာသိ-တော။

ဝိ။ ။ကထဉ္စ ဝိသာခေ ဂေါပါလကုပေါသထော ဟောတိ၊ သေယျထာပိ ဝိသာခေ ဂေါပါလကော သာယန္ဟသမယေ သာမိကာနံ ဂါဝေါ နိယျာ တေတွာ ဣတိ ပဋိသဉ္စိက္ခတိ"အဇ္ဇ ဓေါ ဂါဝေါ အမုကသ္မိဉ္စ အမုကသ္မိဉ္စ ပဒေသေ စရိ ံသု၊အမုကသ္မိဉ္စ အမုကသ္မိဉ္စ ပဒေသေ ပါနီယာနိ ပိဝိ ံသု။

http://www.dhammadownload.com

သေ့ ဒါနိ ဂါဝေါ အမုကသ္မိဉ္ဉ အမုကသ္မိဉ္ဉ ပဒေသေ စရိဿန္တိ၊ အမုက-သ္မိဉ္ဉ အမုကသ္မိဉ္ဉ ပဒေသေ ပါနီယာနိ ပိဝိဿန္တီ”တိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ဂေါပါလကုပေါသထော ပကာသိတော။

မေး။ ။ထိုဥပေါသထသုတ္တန် ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် နွားကျောင်းသားတို့နှင့် နှိုင်းခိုင်း၍ ပြအပ်သော ဂေါပါလက မည်သော ဥပုသ်ကို အဘယ်သို့လျှင် အကျယ်ဝေဘန်၍ ဟော်ပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဥပေါသထသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် “ကထဉ္စ ဝိသာခေ ဂေါပါလကုပေါသထော ဟောတိ” အစရှိသည်ဖြင့် ချစ်သမီး ဝိသာခါ....၊နွားကျောင်းသားတို့နှင့် ဥပမာ နှိုင်းခိုင်း၍ ဖော်ပြအပ်သော ဂေါပါလက ဥပုသ်ဟူသည် အဘယ်သို့ ဖြစ်သနည်းဟူမူကား—

ချစ်သမီး ဝိသာခါ....၊ ဤလောက၌ နွေစားအခဖြင့် နွားကို ကျောင်းသည့် နွားကျောင်းသားသည် “မိမိကျောင်းသော နွားတို့ကို ညနေချမ်းအခါ ဝယ် နွားရှင်တို့အား အပ်နှင်းပြီးလျှင် မိမိအိမ်သို့ ရောက်ရှိသောအခါ ဤသို့ဆင်ခြင်လတ်ပေသည်၊ ယနေ့မှာမူ ငါကျောင်းရသော နွားတို့ ဤမည်ဤမည်သော အရပ်၌ ကျက်စားခဲ့လေကုန်ပြီ၊ ဤမည် ဤမည်သော အရပ်၌ သောက်ရေကို သောက်ခဲ့လေကုန်ပြီ၊ နက်ဖြန်ကား၌ ငါကျောင်းရမည့် နွားအပေါင်းတို့သည် ဤမည် ဤမည်သော အရပ်၌ ကျက်စားကြကုန်လိမ့်မည်၊ ဤမည် ဤမည်သော အရပ်၌ ရေကို သောက်ကြကုန်လိမ့်မည်” ဟု ကြံစည်စဉ်းစားခဲ့ပေသည်။

နွားကျောင်းသားနှင့်တူသော ဥပုသ်သည်

ချစ်သမီး ဝိသာခါ....၊ ဤနည်းအတူပင်လျှင် ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် အဋ္ဌင်္ဂဥပုသ် သီတင်းစောင့်သုံးပြီးလတ်သည်ရှိသော် “ငါတမူကား ဤယနေ့အခါဝယ် ဤမည် ဤမည်သော ခဲဘွယ်ကို ခဲခဲ့ စားခဲ့လေပြီ၊ ဤမည် ဤမည်သော ဘောဇဉ်ကို စားသောက်ခဲ့လေပြီ၊ နက်ဖြန်ကာ၌ကား ဤမည် ဤမည်သော ခဲဘွယ်ကို ခဲရအံ့၊ ဤမည် ဤမည်သော ဘောဇဉ်ကို စားရအံ့” ဟူ၍ ကြံစည်ပေသည်။

http://www.dhammadownload.com

ဤသို့ ကြံစည် စဉ်းစားပြီးလျှင် ထိုနေ့အဘို့ရာဝယ် ထိုသို့ အစားအသောက် အဝတ်စသည်နှင့် စပ်ယှဉ်သော အဘိဇ္ဈာနှင့် တကွ ဖြစ်သော စိတ်ဖြင့်သာ ထိုနေ့ကို ကုန်လွန်စေခဲ့သည်၊ ချစ်သမီး ဝိသာခါ ....၊ဤသို့ သဘောရှိသော ဥပုသ်မျိုးသည် နွားကျောင်းသားတို့နှင့် နှိုင်းခိုင်းဘွယ်ရာ ဥပမာရှိသောကြောင့် ဂေါပါလကဥပုသ်ဟူ၍ ခေါ်ဆိုအပ်သည်။

ဂေါပါလကသည် အကျိုးမကြီး

ချစ်သမီးဝိသာခါ....၊ ဤသို့ တရား နှစ်လုံးမသွင်းဘဲ အစားအသောက်မျှကိုသာ နှလုံးသွင်း၍ ကျင့်သုံးဆောက်တည်အပ်သော ဂေါပါလကဥပုသ်သည် အကျိုးအာနိသင် မကြီးနိုင်၊ အရောင်အဝါ အရှိန်အစော်လည်း မကြီးနိုင် ဟူ၍ ဂေါပါလက အမည်ရသော ဤဥပုသ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဖွင့်ပြဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

နိဂဏ္ဌဥပုသ်

ပု။ ။ကထဥ္ဇာဝုသော တတ္ထ ဘဂဝတာ နိဂဏ္ဌုပေါသထော ပကာသိတော။

ဝိ။ ။ကထဥ္ဇ ဝိသာခေ နိဂဏ္ဌုပေါသထော ဟောတိ၊ အတ္ထိ ဝိသာခေ နိဂဏ္ဌာနာမ သမဏဇာတိကာ၊ တေ သာဝကံ ဧဝံ သမာဒပေန္တိ၊ "ဧဟိတွံ အမ္ဘောပုရိသ ယေ ပုရတ္ထိမာယ ဒိသာယ ပါဏာ ပရံ ယောဇန-သတံ၊ တေသု ဒဏ္ဍံ နိက္ခိပါဟိ၊ ယေ ပစ္ဆိမာယ ဒိသာယ။ ယေ ဥတ္တရာယ ဒိသာယ။ယေ ဒက္ခိဏာယ ဒိသာယ ပါဏာ ပရံ ယောဇန သတံ၊ တေသု ဒဏ္ဍံ နိက္ခိပါဟီ"တိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ နိဂဏ္ဌုပေါသထော ပကာသိတော။

မေး။ ။ထို ဥပေါသထ သုတ္တန် ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် နိဂဏ္ဌမည်သော တိတ္ထိဘက္ကဘွန်းတို့ ကျင့်သုံးသော နိဂဏ္ဌဥပုသ်ကို အဘယ်သို့လျှင် အကျယ်ဝေဘန်၍ ဟောပြတော်မူခဲ့ပါသနည်းငါ့ရှင်,...။

http://www.dhammadownload.com

ဖြေ။ ။ထို ဥပေါသထသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် "ကထဉ္စ ဝိသာခေ နိဂဏ္ဌုပေါသထော ဟောတိ"အစရှိသည်ဖြင့် ချစ်သမီး ဝိသာခါ....၊အဘယ်သို့သော အခြင်းအရာဖြင့် အဝတ်မလှမ်း တက္ကတ္ဆန်းတို့ ကျင့်သုံးဆောက်တည်အပ်သော ဥပုသ် ဖြစ်သနည်း ဟူမူကား—

ချစ်သမီး ဝိသာခါ....၊ ဤလောက၌ နိဂဏ္ဌအမည်ရသည့် အဝတ်မလှမ်း တက္ကဘွန်းရဟန်းတို့သည် ရှိကြကုန်သည်၊ ထိုတက္ကတ္ဆန်းဆရာတို့သည် မိမိတို့၏ တပည့်သာဝကဘို့ကို ဤသို့ ဆောက်တည်စေကြကုန်သည်။

ဟေ တံ့ အမ္ဘော ပုရိသ။

အို အမောင် ယောကျ်ား လာပါလော့၊ အရှေ့အရပ်ဝယ် ယူဇနာတရာမှ ပြင်ဘက်၌ အကြင်သတ္တဝါတို့သည် ထင်ရှားရှိကုန်၏၊ အနောက်အရပ်, မြောက်အရပ်, တောင်အရပ်တို့၌ ယူဇနာတရာမှ ပြင်ဘက်ဝယ် အကြင်သတ္တဝါတို့သည် ထင်ရှားရှိကုန်၏၊ထိုအရှေ့, အနောက်, တောင်, မြောက်အရပ်လေးမျက်နှာ ယူဇနာတရာမှ အပြင်အပတည်ရှိသော သတ္တဝါတို့၌ ပါဏာတိပါတ အမှုကို ငါမပြုဟူ၍ အသင်ဆောက်တည်ပါလော့ ဟူ၍ ဆောက်တည်စေပါသည်၊ ပါဏာတိပါတအမှုကို ယူဇနာတရာမှ အပြင်အပ၌ ရှိသော သတ္တဝါတို့၌ ငါမပြုအံ့ ဟူ၍ ဆောက်တည်သည်ရှိသော် ပါဏာတိပါတသိက္ခာပုဒ်ကို လုံခြုံစေသည်မည်၏ ဟူ၍ လှည့်ဖြားဟောကြားကြသည်၊ တပည့်သာဝက ဖြစ်သော ပုဂ္ဂိုလ်တို့သည်လည်း ထိုဆရာတို့ ညွှန်ပြသည့် အတိုင်းပင်လျှင် ဆောက်ဘည်ကြကုန်သည်။

ထိုတက္ကဘွန်းဆရာတို့သည် ဥပုသ်နေ့ကြုံလတ်သောအခါ မိမိတို့၏ တပည့်သာဝကတို့ကို ဤသို့ တဖန် ဆောက်တည်စေပြန်သည်။

ဟေ တံ့ အမ္ဘော ပုရိသ သဗ္ဗစေလာနိ နိက္ခိပိတ္ဝာ ဧဝံ ဝဒေဟိ။

အို အမောင်ယောကျ်ား....၊ လာပါလော့။ အသင်သည် အလုံးစုံသော ဦးရစ်ခေါင်းပေါင်းတို့ကို စွန့်ပစ်ပယ်ချ၍ လမ်းလေးခွ ပရိသတ် အစုံအညီဝယ် ဤသို့ ပြောဆိုကြေးကြော်ပါလေ။

http://www.dhammadownload.com

နာဟံ ကွစနိ ကဿစိ ကိဉ္စနတသ္မိံ၊ နစ မမ ကွစနိ ကတ္ထစိ ကိဉ္စန တတ္ထိ။

ငါသည်တမူကား....!တစုံတခုသော အရပ်မျက်နှာမှာမှ တစုံတယောက် သော အမိအဘ, တစုံတယောက်သော သားမယား, တစုံတယောက်သော ကျွန်အမှုလုပ်ယောကျ်ားတို့က ကြောင့်ကြမူအပ်သောပုဂ္ဂိုလ် မဟုတ်ပါချေ၊ တစုံတခုသော အဇ္ဈတ္တဗဟိဒ္ဓ သန္တာန်မှာပင် တစုံတယောက်သော အမိအဘ, တစုံတယောက်သော သားမယား,တစုံတယောက်သော ကြေးကျွန် အမှုလုပ် တို့၏ အပေါ်၌ ငါ၏ မိဘ,ငါ၏သားမယား,ငါ၏ကြေးကျွန်ဟူ၍ ကြောင့်ကြမှု ပလိဗောဓ ငါ့အား မရှိပါဟု ကြွေးကြော်ပါလေဟု တိုက်တွန်းသည်၊ နှိုးဆော် သည်၊ ဆောက်ဘည်စေသည်၊ ထိုတပည့်သာဝကသည်လည်း ထိုအခြင်းအရာ ဖြင့်ပင်လျှင် ကြွေးကြော်ခဲ့သည်၊ ပြောဆိုခဲ့သည်။

သို့ပင် ပြောဆိုကြွေးကြော်စေကာမူ ထိုသာဝက၏ အမိအဘတို့ကလည်း ဤသူသည် ငါတို့၏သားတည်း ဟု သိကြ, ပလိဗောဓ ကြောင့်ကြပြုကြ သည်၊ ထိုသူကလည်း မိဘတို့အပေါ်ဝယ် ဤသူတို့သည်ကား ငါ၏မိဘတို့ တည်းဟူ၍ အသိအမှတ်ပြု ကြောင့်ကြမှု ပြုခဲ့ပါသည်၊ ထို့အတူပင် သား မယားတို့ကငင်း၊ ကြေးကျွန် အမှုလုပ်တို့ကငင်း၊ ဤပုဂ္ဂိုလ်သည်ကား ငါတို့၏ အရှင်သခင်တည်းဟူ၍ အသိအမှတ်ပြုကြ, ပလိဗောဓ ကြောင့်ကြစိုက်ကြ သည်၊ ထိုပုဂ္ဂိုလ်ကလည်း ထိုပုဂ္ဂိုလ်တို့ အပေါ်ဝယ် ဤသူတို့သည်ကား ငါ၏ ကြေးကျွန် အလုပ်သမား စာရင်းငှါးတို့ တည်းဟု ကြောင့်ကြစိုက်မှု အသိ အမှတ်ပြုခဲ့ပေသည်။

ဤသို့ ပြောဆိုအပ်ပြီးသော အခြင်းအရာအတိုင်း ဥပုသ်စောင့်ပါသည် ဆိုသော အကြောင်အခါ၌ မှန်ကန်သော သစ္စာတရား၌ ဆောက်တည်စေရမည့် အစား မမှန်မကန်သော မုသားစကားနှင့် ဆောက်တည်စေကြသည်။

ထိုဥပုသ်ဆောက်တည်ပါသည်ဆိုသော တက္ကတွန်း၏တပည့်သည်လည်း ထိုညဉ့်လွန်မြောက် နောက်တနေ့ရောက်သောအခါဝယ် သူမပေးအပ်သော စည်းစိမ်ဥစ္စာတို့ကိုပင် သုံးဆောင်ခဲ့ပေသည်၊ ဤသို့ ဖြစ်ခြင်းကိုပင်လျှင် အဒိန္နာဒါန်ဟူ၍ ခေါ်ဆိုရတော့သည်။

http://www.dhammadownload.com

ချစ်သမီး ဝိသာခါ....၊ ဤဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့် နိဂဏ္ဌအမည်ရသော အဝတ်မလှမ်း တက္ကတွန်းတို့၏ ဥပုသ်သီတင်းစောင့်သုံးမှုသည် ဖြစ်ပေသည်။

ချစ်သမီး ဝိသာခါ....၊ ဤသို့ မဟုတ်မလျှား စောင့်သုံးပုံးများအပ်သော နိဂဏ္ဌအမည်ရသော တက္ကတွန်းဆရာတို့၏ဥပုသ်သည် အကျိုးအာနိသင်မများ၊အရှိန် အဝါ အကျော်အစော မကြီးကျယ်လှဟူ၍ လျှောက်ဆိုအပ်ပြီးသောအခြင်းအရာဖြင့် နိဂဏ္ဌတက္ကတွန်းဆရာတို့၏ ဥပုသ်သီတင်းစောင့်သုံးပုံကို သဗ္ဗညုမြတ်စွာဘုရား ဖွင့်ပြဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အရိယာ ဥပုသ်

ပု။ ။ကထဉ္စာဝုသော တထာ ဘဂဝတာ အရိယုပေါသထော ဝိတ္ထာရေန ဝိဘဇိတ္ဘာ ပကာသိတော၁။

ဝိ။ ။ကထဉ္စ ဝိသာခေ အရိယုပေါသထော ဟောတိ၊ ဥပက္ကိလိဋ္ဌဿ ဝိသာခေ စိတ္တဿ ဥပက္ကမေန ပရိယောဒပနာ ဟောတိ။ ကထဉ္စ ဝိသာခေ ဥပက္ကိလိဋ္ဌဿ စိတ္တဿ ဥပက္ကမေန ပရိယောဒပနာ ဟောတိ။ ဣဓ ဝိသာခေ အရိယသာဝကော တထာဂတံ အနုဿရတိ “ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ”တိ။ တဿ တထာဂတံ အနုဿရတော စိတ္တံ ပသီဒတိ၊ ပါမောဇ္ဇံ ဥပ္ပဇ္ဇတိ၊ ယေ စိတ္တဿ ဥပက္ကိလေသာ တေ ပဟီယန္တိတိ ဝေမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ အရိယော ဥပေါသထော ဝိတ္ထာ-ရေတ္ဘာ ပကာသိတော၁။

မေး။ ။ထို ဥပေါသထသုတ္တန်ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အရိယာသူမြတ်တို့ ကျင့်သုံးအပ်သော အရိယာဥပုသ်ကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြား ပြသတော်မူခဲ့ ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဥပေါသထ သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် “ကထဉ္စ ဝိသာခေ အရိယုပေါသထော ဟောတိ” အစရှိသည်ဖြင့်

http://www.dhammadownload.com

ချစ်သမီး ဝိသာခါ....၊ အရိယာသခင်တို့ ကျင့်သုံးဆောက်တည်အပ်သော ဥပုသ်သည် အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်သနည်းဟူမူကား—

ချစ်သမီး ဝိသာခါ ....၊လောကဥပမာအားဖြင့် ညစ်နွမ်းသော ဦးခေါင်းကို ထိုထိုသို့သော သျှစ်ရှားမှုန့်စသည် ဖြူးပေးခြင်း မြေညက် လိမ်းကျံခြင်း ရေဖြင့် ဆွတ်ဖျန်းချပေးခြင်း ထိုအားလျော်စပ်သော ယောကျ်ား၏ လှုံ့လပယောဂဖြင့် ညစ်နွမ်းသော ဦးခေါင်းကို ဖြူစင်စေနိုင်ဘိသကဲ့သို့ ထို့အတူပင်လျှင် ညစ်နွမ်းသောစိတ်ကို ထိုထိုလှုံ့လပယောဂဖြင့် စင်ကြယ်စေနိုင်ပေသည်။

ညစ်နွမ်းသော စိတ်ကို ဖြူစင်စေနည်း

အဘယ်သို့သော အခြင်းအရာအားဖြင့် ညစ်နွမ်းသောစိတ်ကို ဖြူစင်စေနိုင်သနည်းဟူမူကား—

ချစ်သမီး ဝိသာခါ....၊ ဤသာသနာတော်၌ ဥပုသ်သီတင်း စောင့်သုံးသော အရိယာသာဝကှ,ငါဘုရား၏ တပည့်သား သာဝကသည်“သော ဘဂဝါ ဣတိပိ အရဟံ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော” အစရှိသည်ဖြင့် ငါဘုရား၏ အရဟံ အစရှိသော ကျေးဇူးဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်၍ နေပေ၏၊ ယင်းသို့ ငါဘုရား၏ ကျေးဇူးဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၍ ဆင်ခြင်၍ နေသော အရိယာသာဝက၏ စိတ်သန္တာန်ဝယ် ကြည်လင်ခြင်း သဒ္ဓါတရား ဖြစ်ပေတော့သည်၊ ဝမ်းမြောက်ခြင်း ပါမောဇ္ဇတရား ဖြစ်ပေတော့သည်၊ ထိုအခါ ဝယ် ကာမစ္ဆန္ဒ ဗျာပါဒ ထိနမိဒ္ဓ ဥဒ္ဓစ္စကုက္ကုစ္စ ဝိစိကိစ္ဆာ တည်းဟူသော စိတ်၏အညစ်အကြေးတို့ကို ပယ်အပ်ကုန်တော့သည်။

ဗြဟ္မ ဥပုသ်

ချစ်သမီး ဝိသာခါ....၊ ဤသို့ ဘုရားဂုဏ်ကို အဖန်တလဲလဲ ပွါးများအားထုတ်ခြင်း ဗုဒ္ဓါနုဿတိလျှင် အဦးရှိသော ဥပုသ်သီတင်းစောင့်သုံးခြင်းကို ဗြဟ္မဥပုသ်စောင့်သုံးခြင်းဟု ခေါ်ဆိုအပ်ပေသည်၊ မြတ်စွာဘုရားနှင့်တတိုက်တည်း စာနေရာတည်း အတူတကွ နေရသည် မည်ပေသည်၊ ထိုသို့ ဗြဟ္မဥပုသ်ကို

http://www.dhammadownload.com

စောင့်သုံးသောပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ ဂုဏ်ကို အာရုံပြု၍ ကြည်ညိုခြင်း သဒ္ဓါပသန္နာ၊ ဝမ်းမြောက်ခြင်း ပါမောဇ္ဇတရားတို့ကို ရရှိနိုင်ပေသည်။

ချစ်သမီး ဝိသာခါ....ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် ညစ်နွမ်းသော စိတ်ကို လွှဲလပယောဂဖြင့် ဖြူစင်စေနိုင်ပေသည်။

ချစ်သမီး ဝိသာခါ....၊ ထိုမှတပါး လောကဥပမာအားဖြင့် ညစ်နွမ်း၍နေသော ဤကိုယ်ခန္ဓာကို ရေချိုးကသယ်မှုန့် ဖြူးပေးခြင်း ရေစင်သွန်းလောင်းခြင်း ချိပ်ဖြင့် အပြေအပြစ် ပြုအပ်သော မှတ်ကျောက်လုံးဖြင့် ပွတ်တိုက်၍ ပေးခြင်း ထိုအားလျော်ပတ်သော ယောဂျဉ်း၏ လွှဲလပယောဂဖြင့် ညစ်နွမ်း၍နေသော ဤခန္ဓာကိုယ် စင်ကြယ်စေနိုင်ဘိသကဲ့သို့ ထို့အတူ ညစ်နွမ်း၍ နေသော စိတ်ကို လွှဲလပယောဂဖြင့် စင်ကြယ်အောင် ပြုလုပ်၍ ရပေမည်။

ဓမ္မ ဥပုသ်

အဘယ်သို့ ပြုလုပ်ရသနည်းဟူမူကား ချစ်သမီး ဝိသာခါ....၊ ဤလောက၌ ငါဘုရား၏ တပည့်သား သာဝကဖြစ်သော အရိယာသာဝကပုဂ္ဂိုလ်သည် အင္ဂဇ်ဥပုသ်စောင့်သုံးပြီးလျှင် "သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော ဘဂဝတော ဓမ္မော၊ အကာလိကော ဘဂဝတော ဓမ္မော၊ ဧဟိပဿိကော ဘဂဝတော ဓမ္မော၊ ဩပနေယျိကော ဘဂဝတော ဓမ္မော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဘဂဝတော ဓမ္မော" ဟု တရားတော်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၍ နေပါသည်။

ချစ်သမီး ဝိသာခါ....၊ ဤသို့ တရားဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း ဓမ္မာနုဿတိကို ပွါးများအားထုတ်၍ နေသော ငါဘုရား၏ တပည့်သား သာဝက၏ စိတ်သန္တာန်ဝယ် တရားတော်ကို ကြည်ညိုခြင်း သဒ္ဓါပသန္နတရား နှစ်သက်ဝမ်းမြောက်ခြင်း ပါမောဇ္ဇတရားတို့ တရိပ်ရိပ်တဖွားဖွား ဖြစ်ပွါး၍ လာပေတော့သည်၊ ထိုအခါ ကာမစ္ဆန္ဒ ဗျာပါဒ ထိနမိဒ္ဓ ဥဒ္ဓစ္စကုက္ကုစ္စ ဝိစိကိစ္ဆာ တည်းဟူသော စိတ်၏ အညစ်အကြေး စိတ်၏ညစ်ညူးကြောင်း နီဝရဏတရားတို့ကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှားအပ်ပေတော့သည်။

ချစ်သမီး ဝိသာခါ....ဤသို့ တရားဂုဏ်ကို အောက်မေ့ခြင်း ဓမ္မာနုဿတိလျှင် ရွှေသွားရှိသော ဥပုသ်သီတင်းစောင့်သုံးသော ပုဂ္ဂိုလ်ကို ဓမ္မပေါသထ

http://www.dhammadownload.com

ဓမ္မဥပုသ်ကို စောင့်သုံးသော ပဂ္ဂိုလ်ဟူ၍ ဧ၀ါဆိုရပေသည်၊ ထိုသို့ မွေ့ဥပုသ်ကို စောင့်သုံးသော ပဂ္ဂိုလ်သည် တရားတော်နှင့်အတူတကွ တတိုက်ထည်း တခန်းထည်းဝယ် နေရသည် မည်ပေ၏၊ တရားတော်ကို အာရုံပြု၍ စိတ်၏ ကြည်လင်ခြင်းကိုလည်း ရပေ၏၊ ဝမ်းမြောက်ခြင်း ပါမောဇ္ဇကိုလည်း ရပေ၏၊ နီဝရဏတရားတို့ကိုလည်း ပယ်ရှားအပ်ပေတော့၏။

ချစ်သမီး ဝိသာခါ....၊ ဤနည်းဖြင့် ညစ်နွမ်းသော စိတ်ကို လုံလပယောဂဖြင့် ဖြူစင်စေနိုင်ပေသည်။

ချစ်သမီး ဝိသာခါ....၊ ထိုမှတပါး လောကဥပမာအားဖြင့် ညစ်နွမ်း၍နေသော အဝတ်ကို အပူဇ္ဇေပေးခြင်း ဆပ်ပြာမှုန့် ဖြူးပေးခြင်း နွားချေးမှုန့်ဖြူးပေးခြင်း ရေဖြင့် သွန်းဖျန်းခြင်း ထိုထိုလုံလပယောဂတို့ကို ပြုလုပ်ခြင်း တည်းဟူသော ယောဂါဒီး၏လုံလပယောဂဖြင့် ညစ်နွမ်း၍နေသော အဝတ်ကို စင်ကြယ်စေနိုင်ဘိသကဲ့သို့ ထို့အတူ လောဘ ဒေါသ မောဟတရားတို့ဖြင့် ညစ်နွမ်း၍နေသော စိတ်သန္တာန်အစဉ်ကို လုံလပယောဂ ဥပက္ကမဖြင့် စင်ကြယ်အောင် ပြုလုပ်၍ ရပေသည်။

သံဃ ဥပုသ်

အဘယ်သို့ ပြုလုပ်ရသနည်းဟူမူကား ချစ်သမီး ဝိသာခါ....၊ငါဘုရား၏ တပည့်သား သာဝကသည် အင္ဂဇ်ဥပုသ်စောင့်သုံးပြီးလျှင် "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော" အစရှိသည်ဖြင့် သံဃာတော်၏ ကျေးဇူးဂုဏ် ကိုးပါးကို အဖန်တလဲလဲ ဆင်ခြင်စဉ်းစား ပွါးများ အားထုတ်၍ နေပေတော့သည်။

ချစ်သမီး ဝိသာခါ....၊ ဤသို့ သံဃာ့ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း သံဃာနုဿတိ တရား ပွါးများ အားထုတ်သော ငါဘုရား၏ တပည့်သား သာဝကအား ကြည်ညိုခြင်း သဒ္ဓါပသန္နတရား ဝမ်းမြောက်ခြင်း ပါမောဇ္ဇ တရားတို့သည် တဖွားဖွား ဖြစ်ကုန်တော့သည်။

ထိုအရိယာသာဝကသည် ကာမစ္ဆန္ဒ ဗျာပါဒ ထိနမိဒ္ဓ ဥဒ္ဓစ္စကုက္ကုစ္စ ဝိစိကိစ္ဆာ တည်းဟူသော စိတ်၏အညစ်အကြေး အပိတ်အဆို့ တရားငါးပါးတို့ကို ပယ်ရှားအပ်ပါတော့သည်။

http://www.dhammadownload.com

ချစ်သမီး ဝိသာခါ....၊ ဤသို့ သံဃာ့ဂုဏ်ကို အဖန်တလဲလဲ ပွါးများအားထုတ်၍ အချိန်ကို ကုန်စေသော ဥပုသ်စောင့်သုံးခြင်း ရှိသော ပုဂ္ဂိုလ်ကို သံဃုပေါသထ သံဃဥပုသ်ကို စောင့်သုံးသော ပုဂ္ဂိုလ်ဟု ဆိုရပေသည်၊ ထိုပုဂ္ဂိုလ်သည် သံဃာနှင့် တတိုက်ဘည်း တခန်းတည်းဝယ် နေရသည်မည်ပေ၏၊ သံဃာ့ဂုဏ်ကို အာရုံပြု၍ ကြည်ညိုခြင်း သဒ္ဓါ ပသန္နဝမ်းမြောက်ခြင်း ပါမောဇ္ဇ တရားတို့ ထိုပုဂ္ဂိုလ်သန္တာန်ဝယ် တရိပ်ရိပ်တဖွားဖွား ဖြစ်ပေ၏၊ နိဝရဏ တရားတို့ကိုလည်း ပယ်ရှားအပ်ကုန်တော့၏။

ချစ်သမီး ဝိသာခါ....၊ ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့်လည်း အကုသိုလ်တရားတို့ဖြင့် ညစ်နွမ်း၍ နေသော စိတ်အစဉ်ကို ဖြူစင်အောင် ပြုလုပ်၍ ရပေသည်။

ချစ်သမီး ဝိသာခါ....၊ လောကဥပမာအားဖြင့် ညစ်နွမ်း၍ နေသော ကြေးမုံမှန် အပြင်ကို ရွှေဦးစွာ ဆီဆွတ်၍ ပေးခြင်း ဆီနူးလတ်သောအခါ ပျာဖြူး၍ ပေးခြင်း သားမြီးခွေဝန်း(ဘရွတ်)ဖြင့် ပွတ်တိုက်၍ ပေးခြင်း ထိုအမှုကို ပြုခြင်းတည်းဟူသော ယောကျ်ား၏ လုံ့လ ပယောဂ ဤသို့သဘောရှိသော လုံ့လဥပက္ကမဖြင့် ညစ်နွမ်း၍ နေသော ကြေးမုံ မှန်အပြင် ဖြူစင်အောင် ပြုလုပ်၍ ဖြစ်ဘိသကဲ့သို့ ထို့အတူပင်လျှင် လောဘ ဒေါသ မောဟ တို့ဖြင့် ညစ်နွမ်း၍ နေသော စိတ်ကိုလည်း လုံ့လပယောဂဖြင့် ဖြူစင်အောင် ပြုလုပ်၍ ဖြစ်နိုင်ပေသည်။

သီလ ဥပုသ်

အဘယ်သို့ ပြုလုပ်ရသနည်းဟူမူကား ချစ်သမီး ဝိသာခါ....၊ဤလောက၌ ငါဘုရား၏ တပည့်သား သာဝကဖြစ်သော အရိယာသာဝက ပုဂ္ဂိုလ်သည် အဋ္ဌင်္ဂဥပုသ်ကို စောင့်သုံးပြီးလျှင် မိမိ၏ မကျိုးမပေါက် မပြောက်မကျားသော တဏှာဖြင့် မသုံးသပ်အပ်သော ပညာရှိတို့ ချီးမွမ်းအပ်သော ဒိဋ္ဌိမာနတို့ဖြင့်လည်း မှားသောအားဖြင့် မသုံးသပ်အပ်သော သမာဓိကို ဖြစ်စေတတ်ကုန်သော သီလတို့ကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့၍ နေပေ၏၊ ယင်းသို့ သီလာနုဿတိဂုဏ်ဖြင့် ပွါးထုံ့၍နေသော ပုဂ္ဂိုလ်၏စိတ်သန္တာန်ဝယ် စိတ်၏ ကြည်လင်ခြင်း ပသာဒတရား ဝမ်းမြောက်ခြင်း ပါမောဇ္ဇတရားတို့သည် တရိပ်ရိပ် တဖွားဖွား ဖြစ်ပွါးတော့သည်။

http://www.dhammadownload.com

ထိုအခါ ထိုအရိယာသာဝက၏ သန္တာန်၌ နိဝရဏ ငါးပါးတည်းဟူသော အညစ်အကြေးတရားတို့ကိုလည်း ပယ်ရှားအပ်ကုန်တော့သည်၊ ဤသို့ သီလာနုဿတိဂုဏ်ကို အဖန်တလဲလဲ ပွါးများ အားထုတ်၍ ကျင့်သုံးဆောက်တည်အပ်သော အင်္ဂဂ်ဥပုသ်ကို သီလုပေါသထသီလဥပုသ်ဟူ၍ ခေါ်ဆိုရသည်၊ ယင်းသို့ သီလဥပေါသထဥပုသ်ကို ကျင့်သုံးဆောက်တည်သော အရိယာသာဝက၏ စိတ်သန္တာန်ဝယ် ကြည်ညိုခြင်း ကြည်လင်ခြင်း သဒ္ဓါပသန္နဝမ်းမြောက်ခြင်း ပါမောဇ္ဇ တရားဘို့ တရိပ်ရိပ် တဖွားဖွား ဖြစ်ပွါးပြီးလျှင် ငါးပါးသော နိဝရဏ တရားတို့ကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှားနိုင်တော့သည်။

ချစ်သမီး ဝိသာခါ....၊ ဤနည်းဖြင့်လည်း ညစ်နွမ်း၍ နေသော စိတ်ကို ဖြူစင်အောင် ပြုလုပ်၍ ဖြစ်နိုင်ပေသည်။

ချစ်သမီး ဝိသာခါ....၊ထိုမှ တပါး လောကဥပမာအားဖြင့် ညစ်နွမ်း၍ နေသော ရွှေငွေကို လိမ်မာသူစွာသော ရွှေပန်းထိမ်သည်သည် မိုက်ခုက်၌ တင်၍ရောင်လောင်းပြီးလျှင် ခွေးတောက်မှုန့်တို့ဖြင့်ဖြူးရှင်း မီးပျောင်းဖြင့် သင့်လျော်ရုံ မီးကို မွှတ်၍ရင်း မီးညှပ်ဖြင့် ပြင်ဆင်ပေး၍ရင်း သင့်ရာ သင့်ရာ ပြုပြင်၍ ပေးခြင်းတည်းဟူသော ယောကျ်ား၏ လုံ့လပယောဂဖြင့် အညစ်အကြေး လိမ်းကျံ၍ နေသော ရွှေငွေကို စင်ကြယ်စေနိုင်ဘိသကဲ့သို့ ထို့အတူ ပင်လျှင် ချစ်သမီး ဝိသာခါ....၊လောဘ ဒေါသ မောဟ တရားတို့ဖြင့် ညစ်နွမ်း၍ နေသော စိတ်ကို လုံ့လ ပယောဂ ဥပက္ကမ ဥပါယဖြင့် ဖြူစင်အောင် ပြုလုပ်၍ ရနိုင်ပေသည်။

ဒေဝတာ ဥပုသ်

အဘယ်သို့ ပြုလုပ်၍ ရသနည်းဟူမူကား ချစ်သမီး ဝိသာခါ....၊ ဤလောက၌ ငါဘုရား၏ တပည့်သား သာဝကသည် အင်္ဂဂ်ဥပုသ်ကို စောင့်သုံးပြီးလျှင် နတ်ဘို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါ သီလ သုတ စာဂ ပညာ တည်းဟူသောသူတော်ကောင်းတရားတို့ကို အဖန်တလဲလဲ ဆင်ခြင်ပွါးများ၍ နေပေသည်၊ စတုမဟာရာဇ် နတ်တို့သည် ရှိကြကုန်၏၊ တာဝတိံသာယာမာ တုသိတာ နိမ္မာနရတိ ပရနိမ္မိတဝသဝတ္တီ နတ်တို့သည် ထင်စွာရှိကြကုန်၏၊ အထက်ပြဟ္မာပြည်ဝယ် ပြဟ္မာဘို့သည်လည်း ထင်စွာရှိကြကုန်

http://www.dhammadownload.com

၏၊ အကြင်သို့ သဘောရှိသော သဒ္ဓါတရား သီလတရား သုတတရား စာဂ တရား ပညာတရားနှင့် ပြည့်စုံတော်မူကြသည့် ထိုနတ် ထိုဗြဟ္မာတို့သည် ဤလူ့ပြည်မှ စုတေပြီးလျှင် ထိုနတ်ပြည် ဗြဟ္မာ့ပြည်သို့ ကပ်ရောက်ကြကုန်၏၊ ထိုသို့ သဘောရှိသော သဒ္ဓါတရား သီလတရား သုတတရား စာဂတရား ပညာတရားဘို့သည် ငါ့အားလည်း ထင်ရှားရှိကုန်၏ ဟု ဒေဝတာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်၍ နေပေ၏၊ယင်းသို့ ဒေဝတာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ အားထုတ်၍ နေသော အရိယာ ပုဂ္ဂိုလ်အား စိတ်အစဉ်သည် ကြည်လင်၍ နေ၏၊ ဝမ်းမြောက်ခြင်း ပါမောဇ္ဇတရားလည်း တဖွားဖွား ဖြစ်ပွါး၍ နေပေ၏၊ စိတ်၏ အပိတ်အဆို့ အနှောင့်အယှက် နီဝရဏတရားတို့ကို ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်ရှားအပ်ပြီး ဖြစ်ကုန်တော့၏။

ချစ်သမီး ဝိသာခါ....၊ ဤသို့ ဒေဝတာနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်း၍ ကျင့်သုံးအပ်သော အဋ္ဌင်္ဂဥပုသ်ကို ဒေဝတုပေါသထ ဒေဝတာ ဥပုသ်ဟူ၍ ခေါ်ဆိုအပ်ပေ၏။ ယင်းဒေဝတာ ဥပုသ်ကို ကျင့်သုံးဆောက်တည်သော အရိယာပုဂ္ဂိုလ်၏ စိတ်သန္တာန်ဝယ် ကြည်လင်ခြင်းပသာဒတရား၊ ဝမ်းမြောက်ခြင်း ပါမောဇ္ဇတရားတို့ တရိပ်ရိပ်တဖွားဖွား ဖြစ်ပွါး၍ နေတော့၏၊ ဒေဝတာနုဿတိကမ္မဋ္ဌာန်းကိုပွါးများအားထုတ်သည့်အတွက် နတ်တို့နှင့် တတိုက်တည်း တခန်းတည်း နေရသကဲ့သို့ ဖြစ်ပေ၏၊ နတ်တို့ကို အာရုံပြုပြီးလျှင် ကြည်လင်ခြင်း ဝမ်းမြောက်ခြင်း ဖြစ်ရတော့၏၊ ကာမစ္ဆန္ဒ ဗျာပါဒ အစရှိသော စိတ်၏ အပိတ်အဆို့ နီဝရဏတရားတို့ကိုလည်း ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှားအပ်ကုန်တော့၏။

ချစ်သမီး ဝိသာခါ....၊ ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဗြဟ္မဉ ပေါသထ, ဓမ္မပေါသထ, သံဃပေါသထ, သီလပေါသထ, ဒေဝတုပေါသထ အားဖြင့် ငါးမျိုး ငါးစား ငါးပါးသော အခြင်းအရာဖြင့် အရိယာသခင်သူမြတ်တို့ ကျင့်သုံးအပ်သော အရိယာဥပုသ်သည် ဖြစ်ပေတော့သည်။

ချစ်သမီး ဝိသာခါ....၊ ဤငါးပါးသော အခြင်းအရာတို့တွင် တပါးပါးသော အခြင်းအရာဖြင့် ကျင့်သုံးဆောက်တည်အပ်သော အဋ္ဌင်္ဂဥပုသ်သည် အကျိုးလည်း များလှပေ၏၊ အာနိသင်လည်း များလှပေ၏၊ အရှိန်အဝါတန်ခိုးလည်း ကဲမိုးလှပေ၏ဟု လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့်

http://www.dhammadownload.com

အရိယာဥပေါသထကို သဗ္ဗညုမြတ်စွာဘုရား အကျယ်တဝင့် ဖွင့်ပြဟောကြား တော်မူအပ်ပါသည် အရှင်ဘုရား။

အကျိုးကြီးမားပုံဖော်ပြချက်

ပု။ ။ဧဝံ ဥပဝုတ္ထဿ ပန အာဝုသော အရိယုပေါသထဿ ကထံ မဟပ္ဖလတာ မဟာနိသံသတာ ဝုတ္တာ ဘဂဝတာ။

ဝိ။ ။ကိဝမဟပ္ဖလော ဟောတိ၊ ကိဝမဟာနိသံသော၊ ကိဝမဟာဇုတိကော၊ ကိဝမဟာဝိပ္ဖါရော၊ သေယျထာပိ ဝိသာခေ ယော ဣမေသံ သောဠသန္နံ မဟာဇနပဒါနံ ပဟူတရတ္တဇနပဒါနံ ဣဿရိယာဓိပစ္စံ ရဇ္ဇံ ကာရေယျ၊ သေယျထိဒံ“အဂ်ါနံ မဂဓာနံ ကာသီနံ ကောသလာနံ ဝဇ္ဇီနံ မလ္လာနံ စေတီနံ ဝင်္ဂါနံ ကုရူနံ ပဉ္စာလာနံ မစ္ဆာနံ သူရသေနာနံ အဿကာနံ အဝန္တီနံ ဂန္ဓာရာနံ ကမ္ဗောဇာနံ၊ အဋ္ဌင်္သမန္နာဂတဿ ဥပေါသထဿ တေ ကလံ နာဂ္ဃတိ သောဠသိ”န္တိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ဧဝံ ဥပဝုတ္ထဿ အရိယုပေါသထဿ မဟပ္ဖလတာ မဟာနိသံသတာ ဝုတ္တာ။

မေး။ ။ဤဆိုအပ်ခဲ့ပြီးသော ဗြဟ္မုပေါသထ အစရှိသောငါးမျိုးသော အခြင်းအရာတို့ဘင် တမျိုးမျိုးသော အခြင်းအရာဖြင့် ပြည့်စုံစုံစင်ကြယ်စွာ ကျင့်သုံးဆောက်ဘည်ရသော အရိယာဥပုသ်၏ အကျိုးအာနိသင် ကြီးမားပုံကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့လျှင် ဟောကြားဖော်ပြတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဤသို့ လျှောက်ဆိုအပ်ပြီးသော ဗြဟ္မုပေါသထ အစရှိသော ငါးပါးသော အခြင်းအရာဘို့တွင် တပါးပါးသော အခြင်းအရာဖြင့် ကျင့်သုံးဆောက်တည်အပ်သော အရိယုပေါသထ အရိယာဥပုသ်၏ အကျိုးအာနိသင် ကြီးမြတ်ပုံ တန်ခိုးအရှိန်အဝါ ကြီးမြတ်ပုံကို “ကိဝမဟပ္ဖလော ဟောတိ မဟာနိသံသော” အစရှိသည်ဖြင့်—

ချစ်သမီး ဝိသာခါ....၊ အရိယာဥပုသ်သည် အဘယ်သို့ အကျိုးအာနိသင် ကြီးပါသနည်း၊ တန်ခိုးအရှိန်အဝါ ကြီးပါသနည်းဟူမူကား—

http://www.dhammadownload.com

ချစ်သမီး ဝိသာခါ....၊ ဤလောက၌ မျက်မြင် အထင်အရှားဖြစ်သော အင်္ဂါတိုင်း မဂဓတိုင်း ကာသိတိုင်း ကောသလတိုင်း ဝဇ္ဇီတိုင်း မလ္လတိုင်း စေတိတိုင်း ဝင်္ဂါတိုင်း ကုရုတိုင်း ပဉ္စာလတိုင်း မဂဓတိုင်း သူရသေနတိုင်း အဿကာဘိုင်း အဝန္တိတိုင်း ဂန္ဓာရတိုင်း ကမ္ဗောဇတိုင်း တည်းဟူသော တိုင်းကြီး တဆဲ့ခြောက်တိုင်း တို့ကို အစိုးရသော စကြဝတေးမင်းအဖြစ်ကို အကြင်ပုဂ္ဂိုလ်သည် ပြုလုပ်သည်ဆိုပါစို့၊ ထိုတိုင်းသောဋ္ဌသ တဆဲ့ခြောက်တိုင်းတို့ကို အစိုးရသည့် စကြာမင်း အဖြစ်တည်းဟူသော ချမ်းသာသည် အဋ္ဌင်္ဂဥပုသ်ကို စောင့်သုံးသော ပုဂ္ဂိုလ်၏ ကောင်းမှုကုသိုလ်ကို တဆဲ့ခြောက်စိတ် ဆဲ့ခြောက်ပြန် စိတ်သော်လည်း နှစ်ရာ့ ငါးဆဲ့ခြောက်စိတ် စိတ်၌လည်း တစိတ်လောက်ပင် အဘိုးမထိုက်တန်ပါ။

ထိုသို့ အဘိုးမထိုက်တန်ဟု ဆိုရခြင်းသည် အဘယ့်ကြောင့် နည်းဟူမူကား—

လူနှင့်နတ် ကွာခြားပုံ

ချစ်သမီး ဝိသာခါ....၊နတ်၌ဖြစ်သော ချမ်းသာသုခကို ထောက်ဆလျှင် စကြဝတေးမင်း၏ စည်းစိမ်ချမ်းသာသည်ကား မပြောပလောက်၊အနည်းငယ်မျှသာ ဖြစ်ပေ၏။ ချစ်သမီး ဝိသာခါ....၊ဤလူ့ရွာ၌ အနှစ်ငါးဆယ်သည် စတုမဟာရာဇ် နတ်ဘို့ဝယ် တနေ့တရက်မျှ ဖြစ်၏၊ ထိုရက်ပေါင်းသုံးဆယ်ကို တလ၊ ထိုလပေါင်း ဆဲ့နှစ်လသည် တနှစ်ပင် ဖြစ်တော့သည်၊ ထိုနှစ်ပေါင်း ငါးရာသည် စတုမဟာရာဇ် နတ်တို့၏ အသက်တမ်းပင် ဖြစ်တော့သည်။

ချစ်သမီး ဝိသာခါ....၊ ဤလူ့ပြည်လောက၌ ငါဘုရား၏ တပည့်သာဝကဖြစ်သော မိန်းမ ယောကျ်ားတဦးဦးသော ပုဂ္ဂိုလ်သည် အဋ္ဌင်္ဂဥပုသ်ကို အရိယာတို့၏ စောင့်သုံးသော နည်းဖြင့် စောင့်သုံးပြီးလျှင် ကိုယ်ခန္ဓာ ပြဘ်ကြေ စုတေသည်မှ နောက်ကာလဝယ် ဖော်ပြရာပါ အသက်ရှည်ခြင်း အဆင်းလှခြင်း ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံသည့် စတုမဟာရာဇ်နတ်ပြည်သို့ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေနိုင်ပေသည်၊ ဤကိုပင် ရည်စူး၍ ငါဘုရားသည် "ချစ်သမီး ဝိသာခါ....၊စကြဝတေး မင်း၏ စည်းစိမ်ချမ်းသာသည်ကား နတ်၌ ဖြစ်သော စည်းစိမ်ချမ်းသာကို ထောက်ဆက အနည်းငယ်မျှ မပြောပလောက် ဖြစ်သည်"ဟု ဟောကြားအပ်ပေ၏။

http://www.dhammadownload.com

ချစ်သမီး ဝိသာခါ....၊ လူ့ပြည်၌ အနှစ်တရာသည် တာဝတိံသာနတ်ပြည်၌ တရက် ဖြစ်ပါသည်၊ ထိုရက်ပေါင်း သုံးဆယ်သည်တလ၊ ထိုလပေါင်း ဆဲ့နှစ်လသည် တနှစ်၊ ထိုနှစ်အရေအတွက် အားဖြင့် နှစ်ပေါင်း တထောင်သည် တာဝတိံသာ နတ်တို့၏ အသက်ပင် ဖြစ်သည်။

ချစ်သမီး ဝိသာခါ....၊လူ့ပြည်၌ အနှစ်နှစ်ရာသည် ယာမာနတ်ပြည်၌ တရက်ဖြစ်သည်၊ ထိုရက်ပေါင်း သုံးဆယ်သည် တလ၊ ထိုလပေါင်း ဆဲ့နှစ်လသည် တနှစ်၊ ထိုနှစ်အရေအတွက်အားဖြင့် အနှစ်နှစ်ထောင်သည် ယာမာနတ်တို့၏ အသက်တမ်း ဖြစ်တော့သည်။

ချစ်သမီး ဝိသာခါ....၊ ဤလူ့ပြည်၌ အနှစ်လေးရာသည် တုသိတာနတ်ပြည်၌ တရက်ဖြစ်သည်၊ ထိုရက်ပေါင်း သုံးဆယ်သည်တလ၊ ထိုလပေါင်း ဆဲ့နှစ်လသည် တနှစ်၊ ထိုနှစ်အရေအတွက်အားဖြင့် အနှစ်လေးထောင်သည် တုသိတာနတ်တို့၏ အသက်တမ်းပင် ဖြစ်တော့သည်။

ချစ်သမီး ဝိသာခါ....၊ဤလူ့ပြည်လောကဌ်အနှစ်ရှစ်ရာသည်နိမ္မာနရတိနတ်တို့၏ တရက်သာလျှင် ဖြစ်၏၊ ထိုရက်ပေါင်း သုံးဆယ်သည် တလ၊ ထိုလပေါင်း ဆဲ့နှစ်လသည် တနှစ်၊ ထိုနှစ်အရေအတွက်အားဖြင့် နှစ်ပေါင်း ရှစ်ထောင်သည် နိမ္မာနရတိ နတ်တို့၏ အသက်တမ်း ဖြစ်တော့သည်။

ချစ်သမီး ဝိသာခါ....၊ဤလူ့ပြည်လောကက အနှစ်တထောင့်ခြောက်ရာသည် ပရနိမ္မိတဝသဝတ္တီ နတ်တို့အဘို့ရန် တနေ့နှင့်တရက်မျှသာ ရှိသေးသည်၊ ထိုနေ့ရက်ပေါင်း သုံးဆယ်သည် တလ၊ ထိုလပေါင်းတဆဲ့နှစ်လသည် တနှစ်၊ထိုနှစ်အရေအတွက်အားဖြင့် နှစ်ပေါင်း တသောင်း ခြောက်ထောင်သည် နိမ္မာနရတိနတ်တို့၏ အသက်တမ်းပင် ဖြစ်တော့သည်။

ချစ်သမီး ဝိသာခါ....၊ ဤလူ့ပြည်လောကဌ် တစုံတယောက်သော ငါဘုရား၏ တပည့်သား သာဝကဖြစ်သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် အရိယာဥပုသ်ကို ကျင့်သုံးဆောက်တည်ပြီးလျှင် သေလွန်သည်မှ နောက်ကာလဝယ် ထို ပရနိမ္မိတဝသဝတ္တီနတ်ပြည်၌ ဘဝပဋိသန္ဓေကပ် ဖောက်၍ တည်နေနိုင်ပေသည်၊ ချစ်သမီး ဝိသာခါ....၊ ဤအကြောင်းကိုပင် ရည်စူး၍ ငါဘုရားသည် “လူ့ပြည်လောကဌ် ဖြစ်သော စကြဝတေးမင်းတို့၏

http://www.dhammadownload.com

စည်းစိမ်ဥစ္စာ ချမ်းသာအစုသည် နတ်ပြည်၌ ဖြစ်သော ချမ်းသာကို ထောက်ဆက မပြောပလောက် အနည်းငယ်မျှသာဖြစ်သည်”ဟု မိန့်ကြားခြင်းဖြစ်သည်ဟု ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဤသို့ဆိုအပ်ပြီးသော အတိုင်း ငါးပါးသော အခြင်းအရာတို့ဖြင့် ကျင့်သုံးဆောက်တည်အပ်သော အရိယာဥပေါသထသီလ၏ အကျိုးအာနိသင်ကြီးမြတ်ပုံ, အရှိန်အဝါတန်ခိုးတေဇော်ကြီးမြတ်ပုံကို သဗ္ဗညုမြတ်စွာဘုရား ဖွင့်ပြတော်ကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဥပေါသထသုတ် ပြီး၏

အာနန္ဒဝဂ်

အာဇီဝကသုတ်

ပု။ ။အဂ်ုတ္တရနိကာယေ အာဝုသော တိကနိပါတေ အာနန္ဒဝဂ္ဂေ ဒုတိယံ အာဇီဝကသုတ္တံ ကတ္တ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထ္ဥ ဘာသိတံ။

ဝိ။ ။ကောသမ္မိယံ ဘန္တေ အညတရံ အာဇီဝကသာဝကံ ဂဟပတိံ အာရဗ္ဘ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန ဘာသိတံ။အညတရော ဘန္တေ အာဇီဝကသာဝကော ဂဟပတိ အာယသ္မန္တံ အာနန္ဒံ တေဒဝေါစ “ကေသံ နော ဘန္တေ အာနန္ဒ ဓမ္မော သုဘာ့ဘာတော၊ ကေ လောကေ သုပ္ပဋိပန္နာ၊ ကေ လောကေ သုကတာ”တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ “တေန ဟိ ဂဟပတိ တညေဝေတ္ထ ပဋိပုစ္ဆိဿာမိ၊ ယထာ တေ ခမေယျ၊တထာ နံ ဗျာကရေယျာသီ” တိ ဧဝမာဒိနာ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန ဘာသိတံ။

မေး။ ။အဂ်ုတ္တရနိကာယ် တိကနိပါတ် အာနန္ဒဝဂ်၌ နှစ်ခုမြောက်ဖြစ်သော အာဇီဝကသုတ္တန်မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်းဝတ္ထုကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအား‌ဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

http://www.dhammadownload.com

ဖြေ။ ။ကောသမ္မီပြည် အရပ်ဝယ် အညတရ မထင်းရှား တပါးသော တက္ကတ္ဘန်း၏ တပည့် သူကြွယ်တယောက်ကို အကြောင်းပြု၍ တရားဘဏ္ဍာစိုး ဖြစ်တော်မူသော. အရှင်အာနန္ဒာမထေရ်သူမြတ် ဟောကြားတော်မူအပ်ခဲ့ပါသည်။

အရှင်အာနန္ဒာ မထေရ်သူမြတ်သည် ကောသမ္မီပြည် ဃောသိတာရုံ ကျောင်း၌ ကိန်းအောင်း ဓမ္မလျော်နေတော်မူသောအခါ တယောက်သော တက္ကတ္ဘန်း၏ တပည့်ဖြစ်သော ဒါယကာသည် အရှင်အာနန္ဒာ မထေရ် သူမြတ်ထံသို့ သွားရောက်၍ ရှိသေစွာ ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ် သော အရပ်၌ ထိုင်နေ၍—

"ကေသံ နော ဘန္တေ အာနန္ဒ ဓမ္မော သွာက္ခာတော၊ ကေ လောကေ သုပ္ပဋိပန္နာ၊ ကေ လောကေ သုကတာ"။

အို....အရှင်ဘုရားအာနန္ဒာ....၊ ဤလောက၌ တရားဓမ္မဟောပြသော ပုဂ္ဂိုလ်တို့သည် များလှပါကုန်သည်၊ ထိုတရားဓမ္မဟောပြသော ပုဂ္ဂိုလ်တို့ အနက် အဘယ်သို့သဘောရှိသော တရားဟောပုဂ္ဂိုလ်တို့၏ ဟောပြအပ်သော တရားသည် အစ, အလယ်, အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ ပါသနည်း၊ ဤလောက၌ ကောင်းစွာကျင့်ကြံသော ပုဂ္ဂိုလ်တို့ဟူသည် အဘယ်ပုဂ္ဂိုလ်တို့ဖြစ်ပါသနည်း၊ ဤလောက၌ အလုပ်ကိစ္စပြုလုပ်ပြီးပြီးသော ပုဂ္ဂိုလ်တို့ဟူသည် အဘယ်ပုဂ္ဂိုလ်တို့ ဖြစ်ပါသနည်း ဟု မေးမြန်းလျှောက် ထားခဲ့ပါသည်။

ထိုအခါ အရှင်အာနန္ဒာ မထေရ်သူမြတ်က ဤသူကြွယ်သည် စင်စစ် ကောန် အမှန်အားဖြင့် တရားတော်ကို သိလိုရင်း ပဓာနဖြင့် မေးသည်မဟုတ်၊ ဝါဒကို စုံစမ်းသော အားဖြင့် မေးခြင်း ဖြစ်သည်ဟု ဆင်ခြင် စဉ်းစားတော် မူပြီးလျှင် ထိုသူကြွယ်ကို ပြန်၍ တဖန်မေးပြီးလျှင် ထိုသူကြွယ်အားပင် အဖြေမှန်ကို ဖြေစေလိုတော်မူသဖြင့် "တေနဟိ ဂဟပတိ တညေဝေတ္ထ ပဋိ-ပုစ္ဆိဿာမိ၊ ယထာ တေ ခမေယျ၊ တထာ နံ ဗျာကရေယျာသိ" အစရှိ သည်ဖြင့်—

http://www.dhammadownload.com

တရားကောင်း

ဒါယကာ....၊ သို့တပြီးကား ဤအရာ၌ သင့်ကိုပင်လျှင် ငါတို့သည် တဖန်ပြန်၍ မေးမြန်းပါအံ့၊ အသင်နှစ်သက်သည့်အတိုင်း ဖြေဆိုနိုင်ခွင့်ရှိပါသည်။

ဒါယကာ....၊ယခု ငါမေးမည့် စကားကို အသင်မည်သို့ မှတ်ထင်သနည်း။ အကြင်ပုဂ္ဂိုလ်တို့သည် လောဘကိုပယ်ရန်, ဒေါသကို ပယ်ရန်, မောဟကိုပယ်ရန် တရားဟောတော်မူကြပါကုန်၏၊ ထိုသို့ လောဘ, ဒေါသ, မောဟပယ်ရန် တရားဟောသော ပုဂ္ဂိုလ်တို့၏ ဟောအပ်သော တရားကို အစ, အလယ်, အဆုံး သုံးပါးအစုံ ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံသော တရားဟူ၍ပင် မှတ်သလော၊ သုဘကွာတဂုဏ်နှင့် မပြည့်စုံသော တရားဟူ၍ပင် မှတ်သလော၊ အသင်၏ စိတ်သန္တာန်ဝယ် အဘယ်သို့ အကြံဖြစ်သနည်း၊ အယူအဆဖြစ်သနည်းဟု မေးမြန်းတော်မူလတ်ပါသည်။

ထိုအခါ ထိုသူကြွယ်က အို....အရှင်ဘုရား အာနန္ဒာ....၊ အကြင်ပုဂ္ဂိုလ်တို့သည် လောဘကို ပယ်စွန့်ရန်, ဒေါသကို ပယ်စွန့်ရန်, မောဟကို ပယ်စွန့်ရန် တရားဟောတော်မူကြပါကုန်၏၊ ထိုပုဂ္ဂိုလ်တို့ ဟောပြအပ်သော တရားသည် အစ, အလယ်, အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောပြအပ်သဖြင့် သုဘကွာတဂုဏ်နှင့် ပြည့်စုံသော တရားဖြစ်ပါတော့သည်ဟု ပြန်ကြားလျှောက်ထားပါသည်။

ထိုအခါ အရှင်အာနန္ဒာ မထေရ် သူမြတ်က—

"တံ ကိံ မညသိ ဂဟပတိ"—

အို ဒါယကာ....၊ ယခု ငါမေးမည့်စကားကို သင့်စိတ်ဝယ် မည်သို့မှတ်ထင်သဘောကျပါသနည်း။ အကြင်ပုဂ္ဂိုလ်တို့သည် လောဘကိုပယ်စွန့်ရန်, ဒေါသကို ပယ်စွန့်ရန်, မောဟကို ပယ်စွန့်ရန် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြပါကုန်၏၊ ထိုသို့ လောဘ, ဒေါသ, မောဟကို ပယ်ဘို့ရန် ကျင့်ကြံသော ပုဂ္ဂိုလ်တို့သည် ဤလောကဌ် ကောင်းစွာ ကျင့်ကြံသော ပုဂ္ဂိုလ်တို့ မည်ကြပါသလော၊ မမည်ကြပါသလော၊ ဤအရာဌ်သင်၏ အယူအဆသည် မည်သို့ ဖြစ်ပါသနည်း ဟု မေးမြန်းတော် မူပြန်ပါသည်။

http://www.dhammadownload.com

အကျင့်ကောင်း

ထိုအခါ ထိုသူကြွယ်က အို အရှင်ဘုရား အာနန္ဒာ....၊အကြင် ပုဂ္ဂိုလ် သူမြတ် တို့သည် လောဘကို ပယ်စွန့်ရန်, ဒေါသကို ပယ်စွန့်ရန်, မောဟကို ပယ်စွန့်ရန် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြပါကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ဤလောကဌ် ကောင်းစွာကျင့် ကြံ ကြိုးကုတ် အားထုတ်တော်မူကြသည့် သပ္ပုရိသန္ဒ ပုဂ္ဂိုလ်တို့ စင်စစ် ဖြစ်ပါကုန်သည်ဟု တပည့်တော်၏ အယူအဆ ဖြစ်ပါသည် ဘုရားဟု ဖြေကြားလျှောက်ထားခဲ့ပါသည်။

တတိယအကြိမ် အရှင်အာနန္ဒာမထေရ်သူမြတ်က——

"တံ ကိ ံ မညသိ ဂဟပတိ"-ဒါယကာ....ယခုငါမေးမည့် တတိယ အမေး စကားကို သင်၏စိတ်သန္တာန်ဝယ် မည်သို့ အယူအဆဖြစ်ပါသနည်း။ အကြင် ပုဂ္ဂိုလ်ဘို့၏သန္တာန်၌ လောဘကိုငင်း, ဒေါသကိုငင်း, မောဟကိုငင်း ပယ်အပ်ပြီး ဖြစ်ပါတော့သည်၊ အမြစ်မကျန် သမုစ္ဆေဒ ပဟာန်ဖြင့် အကြွင်းမဲ့ နှုတ်ပြီးဖြစ်ပါတော့သည်၊ ထန်းပင်ရာကဲ့သို့ တဖန်နောက်ထပ် မဖြစ်ခြင်း သဘောရှိအောင် ပြုလုပ်အပ်ပြီးပါသည်။ ထိုပုဂ္ဂိုလ်တို့ သန္တာန်ဝယ် လောဘ, ဒေါသ, မောဟတို့သည် နောက်တဖန်ဖြစ်ခြင်း သဘောမရှိသော အခြေသို့ ရောက်ကြပါပြီ။

အို ဒါယကာ....။ ဤသို့ လောဘ, ဒေါသ, မောဟကို အနုသယအမြစ် မကျန် ပယ်လှန်ဖြတ်တောက်ပြီးသော ပုဂ္ဂိုလ်တို့ကို ဤလောကဌ် အလုပ်ကိစ္စ ပြီးပြေပြီးသော ပုဂ္ဂိုလ်ဟူ၍တည်း မှတ်ယူသလော၊ အလုပ်ကိစ္စ မပြီးသေးသော ပုဂ္ဂိုလ်ဟူ၍တည်း မှတ်ယူသလော ဟု မေးမြန်းတော်မူပါသည်။

အလုပ်ကိစ္စပြီးသောပုဂ္ဂိုလ်

ထိုအခါ ထိုသူကြွယ်က အို အရှင်ဘုရား အာနန္ဒာ....၊အကြင်ပုဂ္ဂိုလ်တို့၏ သန္တာန်ဝယ် လောဘကိုငင်း ဒေါသကိုငင်း မောဟကိုငင်း အနုသယ အမြစ်ပါ မကျန်ပယ်လှန်ဖြတ်တောက်အပ်ပြီးဖြစ်ပါ၏၊ ထိုပုဂ္ဂိုလ်တို့သည် ဤလောကဌ် အလုပ်ကိစ္စ ပြီးပြီးသော ပုဂ္ဂိုလ်တို့ပင် ဖြစ်ပါသည် ဘုရားဟု ဖြေကြားလျှောက်ထားခဲ့ပါသည်။

http://www.dhammadownload.com

ထိုအခါ အရှင် အာနန္ဒာ မထေရ် သူမြတ်က—

"ဣဘိခေါ ဂဟပတိ တယာဝေတံ ဗျာကတံ"—

အို....ဒါယကာ....၊ သင်သည်ပင်လျှင် သင်မေးအပ်သော အမေးပုစ္ဆာ ပြဿနာ၏ အဖြေကို ဖြေကြားခဲ့အပ်လေပြီ၊ "အို အရှင်ဘုရား အာနန္ဒာ....၊ ဤလောကဌ် လောဘ, ဒေါသ, မောဟ ငြိမ်းဘို့ရန် တရားဟောသော ပုဂ္ဂိုလ်တို့၏ တရားသည် အစ, အလယ်, အဆုံး သုံးပါးအစုံ ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံစွာဟောကြားအပ်သော သဒ္ဓာတရားဖြစ်ပါပေသည်"ဟု အသင်ပင်လျှင် ဖြေကြားအပ်ပြီး ဖြစ်လေပြီ။

"လောဘငြိမ်းရန် ဒေါသငြိမ်းရန် မောဟငြိမ်းရန် လောဘ, ဒေါသ, မောဟကို ပယ်စွန့်ရန် ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်တို့သည် ကောင်းစွာ ကျင့်ကြံကြသည့် သုပ္ပဋိပန္နတို့ ဖြစ်ပါကြောင်း" အသင်ဒါယကာသည်ပင် ဖြေဆိုအပ်ခဲ့လေပြီ။

အိုဒါယကာ....၊ အသင်သည်ပင်လျှင် "လောဘ, ဒေါသ, မောဟ အနုသယ အမြစ်မကျန် ပယ်လှန်ဖြတ်တောက်ပြီးသောပုဂ္ဂိုလ်တို့သည် ဤလောကဌ် အလုပ်ကိစ္စပြီးပြီးသော ပုဂ္ဂိုလ်တို့-"ဟူ၍ ဖြေဆိုအပ်ပြီးဖြစ်၍ နေချေပြီဟု မိန့်ကြားတော်မူလတ်ပါသည်။

ဒါယကာက ချီးကျူးခြင်း

ထိုအခါ ထိုသူကြွယ်က "အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ" အစရှိသည်ဖြင့် အို အရှင်ဘုရား အာနန္ဒာ....၊ လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစ့၊ မဖြစ်စဘူး မကြားဘူး အထူးဖြစ်ပါပေစ့၊ အထူးကြားရပါပေစ့၊ မိမိ၏ တရားကိုလည်း မြှောက်ပင့်တော်မမူ၊ သူတပါး၏ တရားကိုလည်း နှိမ့်ချတော်မမူ၊ အကြောင်း ဟုတ်မှန်သည်ဌပင် တည်တော်မူ၍ တရားဒေသနာတော်ကို ပြုတော်မူပါပေ၏၊ အနက်စစ် အနက်မှန် သဒ္ဒါအစစ်အမှန်ကိုလည်း ဟောကြားတော်မူပါပေ၏။ မိမိကိုယ်ကိုလည်း တရားတည်းဌ ဆို၍ မဆောင်ပါ။

အိုအရှင်ဘုရား အာနန္ဒာ....၊ အရှင်မြတ်တို့သည် လောဘငြိမ်းရန်, ဒေါသငြိမ်းရန်, မောဟငြိမ်းရန် တရားခမ္မကို ဟောကြားတော်မူကြပါပေကုန်၏၊ အရှင်ဘုရားတို့၏ တရားသည် အစ, အလယ်, အဆုံး သုံးပါးအစုံ ကောင်း

http://www.dhammadownload.com

ခြင်း ဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားအပ်သည့် သွာက္ခာတ ဓမ္မစင်စစ် ဖြစ်ပါပေ၏ ဘုရား။

အိုအရှင်ဘုရား အာနန္ဒာ....၊ အရှင်နှင့်တကွ သီတင်းသုံးဖော် အရှင်သူ မြတ်တို့သည် လောဘကိုပယ်စွန့်ရန် ဒေါသကို ပယ်စွန့်ရန် မောဟကို ပယ်စွန့်ရန် ကျင့်ကြံတော်မူကြပါပေကုန်၏၊ အရှင်မြတ်တို့သည် ဤလောကဌ် ကောင်းစွာ ကျင့်ကြံတော်မူသည့် သုပ္ပဋိပန္နေ ပုဂ္ဂိုလ် သံဃာတော် စင်စစ် ဖြစ်တော်မူကြပါပေကုန်၏။

အိုအရှင်ဘုရား အာနန္ဒာ....၊အရှင်မြတ်တို့၏ သန္တာန်၌ လောဘကိုငဲ့ ဒေါသကိုငဲ့ မောဟကိုငဲ့ အနုသယ အမြစ်မကျန် ပယ်လွှန်ဖြတ်တောက် အပ်ပြီးဖြစ်ပါပေ၏၊ အရှင်တို့သည် ဤလောကဌ် အလုပ်ကိစ္စ ပြီးပြီးတော် မူကြသော ပုဂ္ဂိုလ်တို့ ဖြစ်တော်မူကြပါပေ၏။

"အဘိက္ကန္တံ ဘန္တေ၊ အဘိက္ကန္တံ ဘန္တေ၊ သေယျထာပိ ဘန္တေ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ"—

အိုအရှင်ဘုရား အာနန္ဒာ....၊ အရှင့်တရားတော်သည် လွန်စွာနှစ်သက် ဖွယ် ရှိပါပေစွ၊ လွန်စွာနှစ်သက်ဖွယ် ရှိပါပေစွ။

အို အရှင်ဘုရား အာနန္ဒာ....၊ လောက ဥပမာအားဖြင့် အောက်သို့ မျက်နှာဝပြု၍ ထားအပ်သော ဝတ္ထုကို လှန်၍ ပြဘိသကဲ့သို့ငဲ့၊ တစုံတခု ဖုံးအုပ်၍ ထားသော ဝတ္ထုကို ဖွင့်လှစ်၍ ပြဘိသကဲ့သို့ငဲ့၊ ခရီးလမ်းမှား မျက်စိလည်ယောကျ်ားကို လမ်းမှန်ကို ညွှန်ပြဘိသကဲ့သို့ငဲ့၊ "မျက်စိအမြင် ရှိသော ပုဂ္ဂိုလ်တို့သည် မြင်ကြလိမ့်မည်" ဟု အမှိုက်မှောင်အတွင်းဝယ် ဆီမီးတန်ဆောင် ထွန်းညှိ၍ ပြတော်မူကြကုန်ဘိသကဲ့သို့ငဲ့၊ ထို့အတူပင်လျှင် အရှင်ဘုရား အာနန္ဒာသည် အကျွန်ုပ်အား များစွာသော အကြောင်းတို့ဖြင့် မေးကာ မေးကာ တရားဓမ္မဒေသနာကို ဟောကြားတော်မူပါပေ၏။

အို အရှင်ဘုရား အာနန္ဒာ....၊ အကျွန်ုပ်သည် ဘုန်းတော်ကြီးမြတ်တော် မူလွှသော မြတ်စွာဘုရားကိုငဲ့၊ တရားတော်ကိုငဲ့၊ သံဃာတော်ကိုငဲ့ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိပါ၏၊ ယနေ့မှစ၍ အသက်နှင့် ပြည့်စုံ

http://www.dhammadownload.com

သမျှ ကာလပတ်လုံး အကျွန်ုပ်ကို သရဏဂုံတည် ဥပါသကာဟု အရှင်သူမြတ် အာနန္ဒာသည် မှတ်ယူတော်မူပါဘုရားဟု သရဏဂုံ ခံယူခဲ့ပါသည်။

ဤသို့လျှင် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဤအာဇီဝက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို ကောသမ္မီပြည်အရပ်ဝယ် တက္ကတွန်း၏ တပည့်ဖြစ်သော ဒါယကာတယောက်ကို အကြောင်းပြု၍ ဓမ္မ ဘဏ္ဍားစိုးဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်သူမြတ် ဟောကြားတော် မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အာဇီဝကသုတ် ပြီး၏

ဂန္ဓဇာတသုတ်

ပု။ ။တတ္ထေဝ အာဝုသော နဝမံ ဂန္ဓဇာတသုတ္တံ ဘဂဝတာ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္ဇ ဘာသိတံ။

ဝိ။ ။အာယသ္မန္တံ ဘန္တေ အာနန္ဒံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ အာနန္ဒော ဘဂဝန္တံ ဧတဒဝေါစ "တီဏိမာနိ ဘန္တေ ဂန္ဓဇာတာနိ၊ ယေသံ အနုဝါတံယေဝ ဂန္ဓော ဂစ္ဆတိ နော ပဋိဝါတံ ။ပ။ အတ္ထိ နုခေါ ဘန္တေ ကိဥ္ဇိ ဂန္ဓဇာတံ၊ ယဿ အနုဝါတမ္ပိ ဂန္ဓော ဂစ္ဆတိ ပဋိဝါတမ္ပိ ဂန္ဓော ဂစ္ဆတိ၊ အနုဝါတပဋိဝါတမ္ပိ ဂန္ဓော ဂစ္ဆတီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "အတ္ထာနန္ဒ ကိဥ္ဇိ ဂန္ဓဇာတံ၊ ယဿ အနုဝါ တမ္ပိ ဂန္ဓော ဂစ္ဆတိ၊ ပဋိဝါတမ္ပိ ဂန္ဓော ဂစ္ဆတိ၊ အနုဝါတပဋိဝါတမ္ပိ ဂန္ဓော ဂစ္ဆတီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုအာနန္ဒဝဂ်၌ပင်လျှင် ကိုးခုမြောက် ဖြစ်သော ဂန္ဓဇာတ မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံ တော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်ပုဂ္ဂိုလ်ကို အကြောင်း ပြု၍ အဘယ်သို့သော အကြောင်းဝတ္ထုကြောင့် အဘယ်သို့သော အခြင်း အရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်····။

ဖြေ။ ။ကိုးခုမြောက် ဖြစ်သော ဂန္ဓဇာတ အမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို ဓမ္မဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ် သူမြတ်ကို အကြောင်းပြု၍ ဟောကြားအပ်ပါသည်။

http://www.dhammadownload.com

ပကတိနံ့သာ သုံးမျိုး

အရှင်အာနန္ဒာ မထေရ်သူမြတ်သည် ဘုရားထံမှောက် သွားရောက်ပြီးလျှင် "တီဏိမာနိ ဘန္တေ ဂန္ဓဇာတာနိ၊ယေသံ အနုဝါတံ ယေဝ ဂန္ဓော ဂစ္ဆတိ နော ပဋိဝါတံ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဤလောကဦ့ အမြစ်ဖြစ်သော နံ့သာမျိုး, အနှစ်ဖြစ်သော နံ့သာမျိုး, အပွင့် ဖြစ်သောနံ့သာမျိုး ဟူ၍ နံ့သာမျိုး သုံးမျိုးတို့ ရှိကြပါသည်၊ ယင်းနံ့သာသုံးမျိုးတို့၏ အနံ့ဂန္ဓာရုံသည် လေအောက်သို့ သာလျှင် ထုံနိုင် ကြိုင်နိုင် လှိုင်နိုင်ခဲ့ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဤလျှောက်ဆို အပ်ပြီးသော အမြစ်နံ့သာမျိုး, အနှစ်နံ့သာမျိုး,အပွင့်နံ့သာမျိုးမှ တပါး လေအောက်သို့ငင်း၊ လေညာသို့ငင်း၊ လေအောက် လေညာ နှစ်ဌာနသို့ငင်း ကောင်းမွန် မွှေးကြိုင်သော ရနံ့ကို လှိုင်စေနိုင် သွားရောက်နိုင်သော အခြားတပါးသော နံ့သာမျိုး တမျိုးမျိုးသည် ရှိပါသလော ဘုရား ဟု လျှောက်ထားခဲ့ပါသည်။

သူတော်ကောင်း၏ ရနံ့မှာမူ

ထိုအခါ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားက "အတ္ထာနန္ဒ ကိဉ္စိ ဂန္ဓဇာတံ" အစရှိသည်ဖြင့်—

ချစ်သား အာနန္ဒာ....၊ လေအောက်သို့ငင်း လေညာသို့ငင်း လေအောက် လေညာ နှစ်ဌာနသို့ငင်း မွှေးကြိုင်သော ရနံ့ကို လှိုင်စေနိုင် သွားရောက်စေနိုင်သည့် တစုံတခုသော ရနံ့မျိုးသည် ရှိပေ၏ဟု ပြန်ကြားမိန့်တော်မူလတ်သည်တွင် အရှင်အာနန္ဒာ မထေရ်သူမြတ်က အဘယ်နံ့သာမျိုး ဖြစ်ပါသနည်းဟု တဖန် ထပ်၍ လျှောက်ထားခဲ့ပါသည်။

ထိုအခါ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားက "ဣဓာနန္ဒ ယသ္မိံ ဂါမေဝါ နိဂမေဝါ ဣတ္ထိဝါ ပုရိသော၀ါ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ၊ ဓမ္မံသရဏံ ဂတော ဟောတိ၊ သံဃံ သရဏံ ဂတော ဟောတိ" အစရှိသည်ဖြင့်—

http://www.dhammadownload.com

ချစ်သား အာနန္ဒာ....၊ ဤလောကဌ္ဌ အမှတ်မထင် အကြင်သို့ သဘော ရှိသော ရွာဌ္ဌဖြစ်စေ နိဂုံးဌ္ဌဖြစ်စေ အမျိုးသမီးပင် ဖြစ်စေ အမျိုးသားပင် ဖြစ်စေ ဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်၏၊ တရားတော်ကို သံဃာ တော်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်၏၊ ဗုဒ္ဓ ဓမ္မ သံဃ သရဏကုံ တည်သူ ဖြစ်ပေ၏၊ ပါဏာတိပါတ အစရှိသော ငါးပါးသော ဒုစရိုက် အမှုတို့ မှ ရှောင်ကြဉ်သူ၊ ငါးပါးသီလ တည်မြဲသူလည်း ဖြစ်၏၊ သီလနှင့် ပြည့်စုံသူ အကျင့်နှင့် ပြည့်စုံသူလည်းဖြစ်ပါပေ၏၊ အမြဲတစေ ပေးကမ်းခြင်း စွန့်ကြဲခြင်း ဌ္ဌ မွေ့လျော်နေ၍ မစ္ဆေရ အညစ်အကြေးမှ ကင်းသော စိတ်ဖြင့် မိမိအိုးအိမ်ကို စိုးပိုင် အုပ်ချုပ်၍ နေပါပေ၏။

ချစ်သား အာနန္ဒာ....၊ ထိုသို့ သဘောရှိသော သရဏကုံတည်သူ ပဋ္ဌ သီလမြဲသူ အလှူဒါန စွန့်ကြဲသူ ဥပါသကာ ဥပါသိကာ၏ ကျေးဇူးဂုဏ် သတင်းကို ရဟန်းပုဏ္ဏားတို့သည် ရောက်လေရာရာ အရပ်ဌ္ဌ ဤမည်သော်ရာ ဤမည်သောနိဂုံးဌ္ဌ ဤမည်သော အမျိုးကောင်းသား ဤမည်သော အမျိုး ကောင်းသမီးသည် ဘုရားကိုလည်းကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ တရားတော် ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်၏၊ ပဋ္ဌသီလမြဲမြံသူ ဖြစ်ပါပေ၏၊ အမြဲတစေ စွန့်ကြဲခြင်း အလှူပေးခြင်းဌ္ဌမွေ့လျော်သော သူလည်း ဖြစ်ပါပေ၏ဟု ထိုသူ၏ ကောင်းတင်းစကားကို ပြောကြားကြကုန်သည်၊ နတ်ဘို့သည်လည်း ထို့အတူ ပင် ပြောကြားကြကုန်သည်။

ချစ်သား အာနန္ဒာ....၊ ဤဆိုအပ်ပြီးသော သရဏကုံတည်သူ ငါးပါး သီလမြဲသူ စွန့်ကြဲပေးကမ်း လှူဒါန်းရဲသူသည် လေအောက်သို့ငင်း လေညာသို့ ငင်း လေအောက်လေညာ နှစ်ဌာနသို့ငင်း ထိုသူ၏ကောင်းသော ဂုဏ်သတင်း တည်း ဟူသော ဂန္ဓာရုံ ရနံ့တို့ကို လှိုင်စေနိုင် ကြိုင်စေနိုင် မွှေးစေနိုင်သည့် နံ့သာမျိုး ဖြစ်ပေသည်ဟု မိန့်ကြားတော်မူပြီးလျှင်—

နု ပုပ္ဖဂန္ဓော ပဋိဝါတမေတိ။

နု စန္ဒနံ တဂရမလ္လိကာ ဝါ။

သတဉ္စ ဂန္ဓော ပဋိဝါတမေတိ။

သဗ္ဗာ ဒိသာ သပ္ပုရိသော ပဝါယတိ။

http://www.dhammadownload.com

ဟု ဤဂန္ဓဇာတ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဓမ္မဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်သူမြတ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဂန္ဓဇာတသုတ် ပြီး၏

သမဏဝဂ်

ဂဒြဘသုတ်

ပု။ ။သမဏဝဂ္ဂေ အာဝုသော ဒုတိယံ ဂဒြဘသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။သမဏဝဂ္ဂေ ဘန္တေ ဒုတိယံ ဂဒြဘသုတ္တံ "သေယျထာပိ ဘိက္ခဝေ ဂဒြဘော ဂေါဂဏံ ပိဋ္ဌတော ပိဋ္ဌတော အနုဗန္ဓော ဟောတိ 'အဟမ္ပိ ဒမ္မော အဟမ္ပိ ဒမ္မော'တိ၊ တဿ နံ တာဒိသော ဝဏ္ဏော ဟောတိ သေယျထာပိ ဂုန္နံ၊ နံ တာဒိသော သရော ဟောတိ သေယျထာပိ ဂုန္နံ၊ နံ တာဒိသံ ပဒံ ဟောတိ သေယျထာပိ ဂုန္နံ၊ သော ဂေါဂဏံ ယေဝ ပိဋ္ဌတော ပိဋ္ဌတော အနုဗန္ဓော ဟောတိ အဟမ္ပိ ဒမ္မော အဟမ္ပိ ဒမ္မော"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သမဏဝဂ်၌ နှစ်ခုမြောက် ဖြစ်သော ဂဒြဘသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သမဏဝဂ်၌ နှစ်ခုမြောက် ဖြစ်သော ဂဒြဘ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "သေယျထာပိ ဘိက္ခဝေ ဂဒြဘော ဂေါဂဏံ ပိဋ္ဌတော ပိဋ္ဌတော အနုဗန္ဓော ဟောတိ၊ အဟမ္ပိ ဒမ္မော အဟမ္ပိ ဒမ္မော" အစရှိသည်ဖြင့်—

http://www.dhammadownload.com

ချစ်သား ရဟန်းတို့....၊ လောကဥပမာအားဖြင့် လားခေါ်သော သတ္တဝါသည် "ငါသည်လည်း နွားလားပင်၊ ငါသည်လည်း နွားလားပင်" ဟု နှုတ်မြွက်ပြောဆို၍ နွားအုပ်၏ နောက်မှ တကောက်ကောက် လိုက်၍ နေပေသည်၊ သို့ပင်လိုက်၍ နေစေကာမူ ထိုလားသတ္တဝါ၏ အဆင်းသည်ဂင်း အသံသည်ဂင်း ခြေရာခြေထောက်သည်ဂင်း တခြားတပါးသော နွားတို့၏ အဆင်း အသံ ခြေထောက် ခြေရာနှင့် လုံးဝမတူ ဖြစ်ချေသည်၊ သို့စေကာမူ ထိုလားခေါ်သောသတ္တဝါသည် "အဟမ္မိ ဒမ္မော အဟမ္မိ ဒမ္မော၊ ငါလဲဘဲ နွားပါဘဲ၊ ငါလဲဘဲ နွားပါဘဲ" ဟု နှုတ်က တဘွတ်တွတ် ရွတ်ဆိုကာ နွားအပေါင်း (နွားအုပ်)၏ နောက်မှ တကောက်ကောက် လိုက်၍ နေသည့်ပမာ——

ချစ်သား ရဟန်းတို့....၊ ဤနည်းအတူပင်လျှင် ဤလောက၌ အချို့သော ဒုဿီလပုဂ္ဂိုလ်သည် "အဟမ္မိ ဘိက္ခူ အဟမ္မိ ဘိက္ခူ- ငါသည်လည်း ရဟန်းပါဘဲ၊ ငါသည်လည်း ရဟန်းပါဘဲ"ဟု ရဟန်းဘော်ပေါင်း သူတော်ကောင်းတို့၏ နောက်မှ တကောက်ကောက် လိုက်ပါ၍ နေပေ၏။

သို့စေကာမူ တပါးသော ရဟန်းတော်တို့၏ ဆန္ဒသည် အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာကို ကျင့်သုံးဆောက်တည်ဘို့ရန် ထက်သန်ဘိသကဲ့သို့ ထိုဒုဿီလခေါ်သော ပုဂ္ဂိုလ်၏ စိတ်ဆန္ဒကား အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာတည်းဟူသော သိက္ခာသုံးပါးကို ဆောက်တည်ဘို့ရန် ထက်သန်ခြင်း မရှိချေ။

သို့စေကာမူ ယခင်ဆိုအပ်ပြီးသော လားခေါ်သော သတ္တဝါကဲ့သို့ပင် ရဟန်းတော်ပေါင်း သူတော်ကောင်းတို့၏နောက်မှ "အဟမ္မိ ဘိက္ခူ အဟမ္မိ ဘိက္ခူ-ငါသည်လည်း ရဟန်းပင်၊ ငါသည်လည်း ရဟန်းပင်"ဟု နှုတ်မှ တတွတ်တွတ် ပြောဆိုကာ တကောက်ကောက်လိုက်ပါ၍ နေချေ၏။

တသွာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ။

ချစ်သားတို့....၊ သို့ရကား သင်ချစ်သားတို့သည်လည်း——

"တိဗ္ဗော နော ဆန္ဒော ဘဝိဿတိ အဓိသီလသိက္ခာသမာဒါနေ။ပ။ အဓိပညာသိက္ခာသမာဒါနေ"——

အဓိသီလ သိက္ခာကို ဆောက်တည်ခြင်း၌ဂင်း အဓိစိတ္တ သိက္ခာကို ဆောက်တည်ခြင်း၌ဂင်း အဓိပညာသိက္ခာကို ဆောက်တည်ခြင်း၌ဂင်း ထက်

http://www.dhammadownload.com

သန်သောလုံလ ထက်သန်သော ဆန္ဒ ငါဘို့အား ဖြစ်စိမ့်မည်ဟု သင်ချစ်သား တို့သည် ကျင့်ကြံ ကြိုးကုတ် အားထုတ်သင့်လှပေသည်ဟု ဤဂဒြဘ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဂဒြဘသုတ် ပြီး၏

သင်္ကဝါသုတ်

ပု။ ။တတ္ထေဝ အာဝုသော ဧကာဒသမံ သင်္ကဝါသုတ္တံ ဘဂဝတာ ကတ္ထကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္ဥ ဘာသိတံ။

ဝိ။ ။ကောသလေသု ဘန္တေ သင်္ကဝါယံ နာမ ကောသလာနံ နိဂမေ ကဿပဂေါတ္တံ နာမ ဘိက္ခုံ အာရဗ္ဘ ဘာသိတံ။ ကဿပ ဂေါတ္တော ဘန္တေ ဘိက္ခု ဘဂဝတိ မနောပဒူသိတ္ဂာ ဘဂဝတော သန္တိကေ အစ္စယံ အစ္စယတော ဒေသေသိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ထေရော စေပိ ကဿပ ဘိက္ခု နသိက္ခာကာမော နသိက္ခာသမာဒါနဿ ဝဏ္ဏဝါဒီ။ ယေ စညေ ဘိက္ခူန သိက္ခာကာမာ၊တေ စ နသိက္ခာယ သမာဒပေတိ၊ ယေ စညေ ဘိက္ခူ သိက္ခာကာမာ တေသဥ္ဥ နဝဏ္ဏံ ဘဏတိ ဘူတံ တစ္ဆံ ကာလေနာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသမဏဝဂ်၌ပင်လျှင် ဆယ့်တခုမြောက် ဖြစ်သော သင်္ကဝါသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်းဝတ္ထုကြောင့် အဘယ်သို့သောအခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်....။

ဖြေ။ ။ကောသလတိုင်း အဝင်အပါ သင်္ကဝါ အမည်ရှိသော နိဂုံးအရပ်၌ ကဿပဂေါတ္တအမည်ရှိသော ရဟန်းတပါးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

http://www.dhammadownload.com

ကျောင်းထိုင်ဆရာတော် ကဿပဂေါတ္တ

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ကောသလတိုင်း ဇနပုဒ်တို့၌ များစွာသော ရဟန်းအပေါင်း ခြံရံ၍ ဒေသစာရီ ကြွချီတော်မူလတ်သောအခါ ကောသလတိုင်း အဝင်အပါ သက်ဝါမည်သော နိဂုံးသို့ ကြွရောက်တော်မူခဲ့ပါသည်၊ ထိုသို့ ကြွရောက်တော်မူသောအခါ ကဿပဂေါတ္တ အမည်ရသော ရဟန်းသည် ထိုသက်ဝါနိဂုံး၌ အာဝါသိက ကျောင်းထိုင် ကျောင်းပိုင် ကျောင်းနေ ကိုယ်တော် ဖြစ်ခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် တရားမဏ္ဍပ်၌ သိက္ခာပုဒ်နှင့်စပ်သော တရားစကားဖြင့် ရဟန်းတော်တို့ကို ဟောပြ ဆုံးမတော်မူနေဆဲအခါ ကဿပဂေါတ္တ အမည်ရသော အာဝါသိက ကျောင်းနေ ကျောင်းထိုင် ကျောင်းပိုင် ကိုယ်တော်၏စိတ်သန္တာန်ဝယ် "ဤရဟန်းကြီး ဂေါတမသည်ကား လွန်စွာ့ လွန်စွာ ခေါင်းပါးလှပေစွ" ဟု သိက္ခာပုဒ်နှင့်စပ်သော တရားစကား ဟောကြားသည်ကို သည်းမခံနိုင်ခြင်း အက္ခန္တိ၊ မနှစ်သက်ခြင်း အပ္ပစ္စယ တရားတို့ တရိပ်ရိပ်တဖွားဖွား ဖြစ်ပွါးခဲ့ပါသည်။

ဝန်ချတောင်းပန်ခြင်း

သဗ္ဗညုမြတ်စွာဘုရားသည် သက်ဝါ နိဂုံး၌ ကျွတ်ထိုက်သူများရှိသလောက် သီဘင်းသုံးနေတော်မူပြီးသောအခါ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူလတ်ပါသည်၊ သဗ္ဗညုမြတ်စွာဘုရား ကြွသွား၍ မကြာမြင့်မီပင်လျှင် ကဿပဂေါတ္တ ရဟန်း၏ စိတ်သန္တာန်ဝယ် နောင်တ တဖန် ပူပန်ခြင်း နှလုံးမသာယာခြင်း ဖြစ်ပြီးလျှင် "ငါသည် သဗ္ဗညုမြတ်စွာဘုရားထံမှောက် သွားရောက်၍ မိမိ၏မနောပဒေါသစိတ်ဖြင့် ပြစ်မှားခဲ့သော အပြစ်ကို ဝန်ချ တောင်းပန်ရမူ ကောင်းလေစွ" ဟု ကြံစည်ပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ဖဲခဲ့ပါသည်၊ အစဉ်သဖြင့် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ္ဌတောင် သဗ္ဗညုဘုရားထံမှောက် ရောက်ရှိပြီးလျှင် သဗ္ဗညုမြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးဦးညွတ်၍ မိမိ၏ အကြောင်းအရာဘို့ကို လျှောက်ထားပြီးလျှင် "အစ္စယော မံ ဘန္တေ အစ္စဂမာ ယထာဗာလံ ယထာမူဠှံ ယထာအကုသလံ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်၏ စိတ်သန္တာန်ဝယ် ရှင်တော်ဘုရားသည် သက်ဝါနိဂုံး၌ ရဟန်းတော်အရှင်သူ

http://www.dhammadownload.com

မြတ်တို့အား သိက္ခာပုဒ်နှင့် စပ်သော တရားစကားဖြင့် ပြတော်မူစဉ် ဆောက်တည်စေတော်မူစဉ် ထိုဘ်လန့်စေတော်မူစဉ် စိတ်နှလုံး ရွှင်စေတော်မူစဉ် တရားဓမ္မ ဟောပြတော်မူနေစဉ်—

"အဓိသလ္လိခတေ ဝါယံ သမဏော"—

ဤရဟန်းကြီးသည် အလွန်ခေါင်းပါးတဲ့ ရဟန်းကြီးပါပေတည်း ဟု သည်းမခံနိုင်ခြင်း အကွန်တို၊ မနှစ်သက်ခြင်း အပွစ်ဖွယတရား တပည့်တော် သန္တာန်၌ ဖြစ်ပွါးခဲ့ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော် စိတ်ဖြင့် ပြစ်မှားခြင်း တည်းဟူသော အပြစ်ဒေါသသည် တပည့်တော်သန္တာန်သို့ လွှမ်းမိုးရောက်ရှိခဲ့ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်၏ ထိုအပြစ်ကို နောင်အခါဝယ် စောင့်စည်းဘို့ရန် အပြစ်အနေဖြင့် ခံယူ သည်းခံ ဘော်မူပါဘုရား ဟု လျှောက်ထားသည်တွင် "တဋ္ဌ တံ ကဿပ အစ္ဆယော အစ္ဆဂမာ ယထာဗာလံ ယထာမူဠှံ ယထာအကုသလံ" အစရှိသည်ဖြင့်—

ချစ်သား ကဿပ....၊သင်ချစ်သား၏ ကိုယ်ပေါ် သို့ မိုက်သည့်အလျောက် မလိမ်မာသည့်အလျောက် တွေဝေသည့်အလျောက် အပြစ်ကားကျရောက်ခဲ့လေပြီ၊ သို့စေကာမူ သင်ချစ်သားသည် အပြစ်ကို အပြစ်အနေဖြင့် မြင်၍ ငါဘုရားထံ၌ ကုစားပေ၏၊ အသင်ချစ်သား၏ အပြစ်ကို ငါဘုရားသည် သည်းခံပါ၏။

ချစ်သား ကဿပ....၊ ဤသို့ အပြစ်ကို အပြစ်အနေဖြင့် မြင်ပြီးလျှင် တရားအားလျော်စွာ ကျင့်ခြင်းသည် အရိယာဝိနည်းဖြစ်သော ငါဘုရား၏ သာသနာတော်၌ သီလ သမာဓိ ပညာ သိက္ခာ သုံးပါး ပွါးစီးကြောင်း ဖြစ်သည်ဟု မိန့်ကြားတော်မူပြီးလျှင် "ထေရောစေပိ ကဿပ ဘိက္ခု ဟောတိ နှ သိက္ခာကာမော နှ သိက္ခာသမာဒါနဿ ဝဏ္ဏဝါဒီ" အစရှိသည်ဖြင့်—

မချီးမွမ်းသင့်သူကို မချီးမွမ်း

ချစ်သား ကဿပ....၊မထေရ်ကြီးပင် ဖြစ်စေ၊ သီတင်းလတ်ပင် ဖြစ်စေ၊ သီတင်းငယ်ပင် ဖြစ်စေ၊ မိမိကိုယ်တိုင်က သိက္ခာသုံးပါးကို မလိုလားသူ ဖြစ်ပါမူ သိက္ခာသုံးပါးဆောက်တည်ခြင်း၏ ကျေးဇူးစကား မပြောကြားသူ ဖြစ်ပါမူ

http://www.dhammadownload.com

သိက္ခာသုံးပါးကို မလိုလားသော ပုဂ္ဂိုလ်တို့အား သိက္ခာသုံးပါး ဆောက်တည်ဘို့ရန် မတိုက်တွန်းသော ပုဂ္ဂိုလ် ဖြစ်ပါမူ သိက္ခာသုံးပါးလိုလားသော ပုဂ္ဂိုလ်သူမြတ်တို့၏ ကျေးဇူးဂုဏ်သတင်းကို ပြောသင့်သော အခါနိကာလ၌ အဟုတ် အမှန် အတိုင်း ချီးမွမ်းစကား မပြောကြားသောသူ ဖြစ်ပါမူ ချစ်သား ကဿပ....၊ ဤသို့ သဘောရှိသော သီတင်းကြီးကိုပင် ဖြစ်စေ၊ သီတင်းလတ်ကိုပင်ဖြစ်စေ၊ သီတင်းငယ်ကိုပင် ဖြစ်စေ ငါဘုရားသည် ထိုသို့ သဘောရှိသော သီတင်းကြီး သီတင်းလတ် သီတင်းငယ်၏ ကျေးဇူးစကားကို ငါဘုရား မပြောဆို။

အကြောင်းသော်ကား အကယ်၍ ထိုသို့ သိက္ခာသုံးပါးကို ကိုယ်တိုင်လည်း မလိုလား၊ လိုလားတဲ့ ပုဂ္ဂိုလ်၏ ကျေးဇူးစကားကိုလည်း မပြောကြား၊ သိက္ခာသုံးပါးကို မလိုလားတဲ့ ပုဂ္ဂိုလ်များကိုလည်း သိက္ခာ၌ မဆောက်တည်စေသော ထေရ နဝ မဇ္ဈိမတည်းဟူသောမထေရ်ကြီးသီတင်းငယ်သီတင်းလတ် ဤသုံးသွယ်သော ရဟန်း၏ ကျေးဇူးစကားကို ငါဘုရား အကယ်၍ ပြောကြား ပါမူ ဤပုဂ္ဂိုလ်၏ ကျေးဇူးစကားကို သဗ္ဗညုမြတ်စွာဘုရား့ ဟောကြားတော်မူပေသည်ဟု ထိုပုဂ္ဂိုလ်ထံ တပါးသော ရဟန်းတော်တို့သည် ဆည်းကပ်ကြကုန်လိမ့်မည်၊ သို့ဆည်းကပ်လျှင် ထိုရဟန်း၏ ဒိဋ္ဌာနုဂတိ အတုလိုက်၍ ကျင့်ကြံကြကုန်လိမ့်မည်၊ ယင်းသို့ ကျင့်ကြံလျှင် များစွာသော ဆည်းကပ်သော ကျင့်ကြံသော ပုဂ္ဂိုလ်ဘို့၏ အစီးအပွါးမဲ့ ဆင်းရဲရန် အလို့ငှါ ဖြစ်ချိမ့်မည်။

ထို့ကြောင့် ဤသို့ သဘောရှိသော သိက္ခာသုံးပါးကိုလည်း မလိုလား၊ သိက္ခာသုံးပါးကိုလည်း မဆောက်ဘည်၊ သိက္ခာသုံးပါး ဆောက်ဘည်ဘို့ရန် အတွက်လည်း မတိုက်တွန်း၊သိက္ခာသုံးပါးလိုလားသော ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးစကားကိုလည်း ဟုတ်တိုင်း မှန်ရာ အခါအခွင့် အားလျော်စွာ မပြောကြား၊ ဤသို့ သဘောရှိသော ထေရ နဝ မဇ္ဈိမ မထေရ်ကြီး မထေရ်ငယ် မထေရ်လတ်၊ သုံးမျိုးလုံး၏ ဂုဏ်ကျေးဇူးကို ငါဘုရားသည် မည်သည့် အခါမျှ မပြောမဆို။

ချီးမွမ်းသင့်သူကို ချီးမွမ်း၏

ချစ်သား ကဿပ....၊ မထေရ်ကြီးပင်ဖြစ်စေ၊ သီတင်းလတ်ပင် ဖြစ်စေ၊ သီတင်းငယ်ပင်ဖြစ်စေ၊ သိက္ခာသုံးပါးကို လိုလားသူ ဖြစ်ပါမူ သိက္ခာဆောက်

http://www.dhammadownload.com

တည်ခြင်း၏ ကျေးဇူးစကားကို ဟောကြားသူ ဖြစ်ပါမူ ထိုသို့သဘောရှိသော မထေရ်ကြီး၏ငင်း၊ သီဘင်းလတ်၏ငင်း၊ သီတင်းငယ်၏ငင်း ဂုဏ်ကျေးဇူး စကားကို ငါဘုရားသည် နှစ်လိုအားရမ်း ပြောကြားပေသည်။

အဘယ့်ကြောင့် နည်းဟူမူကား ထိုသို့ သဘောရှိသော ရဟန်း၏ ကျေးဇူးစကားကို ပြောကြားသဖြင့် ဤပုဂ္ဂိုလ်၏ကျေးဇူးစကားကို မြတ်စွာဘုရား ချီးမွမ်းတော်မူပါပေသည်ဟု ထိုပုဂ္ဂိုလ်အထံ တပါးသော ရဟန်းတော်တို့သည် ဆည်းကပ်ကြကုန်လိမ့်မည်၊ သို့ဆည်းကပ်လျှင် ထိုသိက္ခာသုံးပါးကို လိုလားသောပုဂ္ဂိုလ်၏ ဒိဋ္ဌာနုဂတိ အတုလိုက်၍ ကျင့်ကြလိမ့်မည်၊ သို့ကျင့်ကြံသော ရဟန်းတော်အရှင်သူမြတ်တို့အား ကြီးစွာသော အစီးအပွါး ကြီးစွာသော ချမ်းသာတရား ဖြစ်ဘို့ရန် မှန်ကန်သော အကြောင်းစင်စစ် ဖြစ်ပေသည်၊ ထို့ကြောင့် ငါ့ဘုရားသည် ဤသို့သဘောရှိသော မထေရ်ကြီး, သီတင်းလတ်, သီတင်းငယ် သုံးမျိုးလုံး၏ ကျေးဇူးစကားကို နှစ်လိုအားရမ်း ဝမ်းမြောက်စွာပြောကြားပေသည်ဟု ဤဆိုအပ်ပြီးသော သင်္ဂဝါ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် ကဿပဂေါတ္တအမည်ရသော ရဟန်းတော်ဂဂို အကြောင်းပြု၍ သမ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သင်္ဂဝါသုတ် ပြီး၏

လောဏကပလ္လဝဂ်

အစ္ဆာယိကသုတ်

ပု။ ။တေနာဝုသော။ပ။သမ္မာသမ္ဗုဒ္ဓေန အင်္ဂုတ္တရနိကာယေ တိကနိပါတေ လောဏကပလ္လဝဂ္ဂေ ပဌမံ အစ္ဆာယိကသုတ္တံ ကထံ ဘာသိတံ။

ဝိ။ ။လောဏကပလ္လဝဂ္ဂေ ဘန္တေ ပဌမံ အစ္ဆာယိကသုတ္တံ "တီဏိမာနိ ဘိက္ခဝေ ကဿကဿ ဂဟပတိဿ အစ္ဆာယိကာနိ ကရဏီယာနိ။ ကတမာနိ တီဏိ၊ ဣဓ ဘိက္ခဝေ ကဿကော ဂဟပတိ သီဃံ သီဃံ ခေတ္တံ သုကဋ္ဌံ ကရောတိ သုမတိကတံ။ သီဃံ သီဃံ ခေတ္တံ သုကဋ္ဌံ ကရိတ္ဝာ သုမတိကတံ သီဃံ သီဃံ ဗီဇာနိ ပတိဋ္ဌာပေတိ။ သီဃံ သီဃံ

http://www.dhammadownload.com

ဗီဇာနိ ပဘိဒ္ဒာပေတွာ သီဃံ သီဃံ ဥဒကံ အဘိနေတိပိ အပနေတိပိ။ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ ကဿကဿ ဂဟပတိဿ အစ္စာယိကာနိ ကရဏီယာနိ”တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုသဗ္ဗညုမြတ်စွာဘုရားသခင်သည် အင်္ဂုတ္တရနိကာယ် တိကနိပါတ် လောဏကပလ္လဝင်္ဂ၌ ရှေးဦးစွာသော အစ္စာယိကသုတ်မည်သော တရားဒေသနာတော်ကို အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။လောဏကပလ္လဝင်္ဂ၌ ရှေးဦးစွာသော အစ္စာယိကသုတ် အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို “တီဏိမာနိ ဘိက္ခဝေ ကဿကဿ ဂဟပတိဿ အစ္စာယိကာနိ ကရဏီယာနိ” အစရှိသည်ဖြင့်- ချစ်သား ရဟန်းတို့....၊ လယ်ထွန်သမား အိမ့်ရှင်ယောကျ်ား၏ အဆောတလျင် ပြုလုပ်ရမည့် အမှုကိစ္စတို့သည်ကား သုံးမျိုးတို့ ရှိကုန်သည်၊ သုံးမျိုးတို့ ဟူသည် အဘယ်သည်တို့နည်း—

(၁) ချစ်သားတို့....၊ ဤလောက၌ လယ်ထွန်သမား အိမ့်ရှင်ယောကျ်ားသည် လျင်မြန်စွာ လျင်မြန်စွာသာလျှင် မိမိ၏ လယ်မြေကို ကောင်းစွာ ထွန်အပ်သည်ကိုငင်း၊ ကောင်းစွာ ကျမ်းတုံးဖြင့် အညီအညွတ် ပြုအပ်သည်ကိုငင်း ပြုရပေသည်။

(၂) လျင်မြန်စွာ လျင်မြန်စွာ ကောင်းစွာ လယ်ကို ထွန်ပြီး ကျမ်းတုံးဖြင့် ကျမ်းပြီးလျှင် လျင်မြန်စွာ လျင်မြန်စွာ မျိုးစေ့တို့ကို ကြဲချရပေသည်။

(၃) လျင်မြန်စွာ လျင်မြန်စွာ မျိုးစေ့တို့ကို ကြဲချပြီးလျှင် လျင်မြန်စွာ လျင်မြန်စွာပင် ရေသွင်းသင့်သောအချိန်၌ ရေကို သွင်း၍ ရေကိုထုတ်သင့်သော အချိန်၌ ရေကို ထုတ်ပစ်ရပေသည်။

ချစ်သားတို့....၊ ဤဆိုအပ်ပြီးသော သုံးမျိုးတို့သည်ကား လယ်ထွန်သမား အိမ့်ရှင်ယောကျ်ား၏ အဆောတလျင် ရှောင်တခင် ပြုလုပ်ရမည့် အမှုကိစ္စတို့ ဖြစ်ပေသည်။

http://www.dhammadownload.com

ချစ်သားတို့....၊ ထိုသယ်သုပ်သမား အိမ့်ရှင်ယောကျ်ား၏ သန္တာန်ဝယ် ငါ၏မျိုးစေ့ဘို့သည် ယနေ့ပင် ပေါက်ကြပါစေကုန်သတည်း၊ နက်ဖြန်ခါ၌ စပါးအနှံတို့ ထွက်ကြပါစေကုန်သတည်း၊ သဘက်ခါ၌ စပါးတို့သည် ရင့်ကြပါစေကုန်သတည်း ဟူ၍ စီမံဖန်တီးနိုင်သော တန်ခိုးကျေးဇူးပါဒ်အာနုဘော်သည် မရှိပါချေ၊ သို့စေကာမူ ချစ်သားရဟန်းတို့....၊ အချိန်တန် အခါကျသော အခါ ထိုသယ်လုပ်သမား အိမ့်ရှင်ယောကျ်ား၏ ထိုမျိုးစေ့တို့သည် ဥတုဖြင့် ရင့်ကျက်ကြကုန်သည်ဖြစ်၍ ပေါက်ချိန်တန်လျှင်လည်း ပေါက်ကြပေကုန်သည်၊ အသီးအနှံ ထွက်ချိန်တန်လျှင်လည်း ထွက်ကြပေကုန်သည်၊ ထိုစပါးတို့သည် ရင့်ချိန်တန်လျှင်လည်း ရင့်ကြပေကုန်သည်။

အဆောတလျင်ပြုအပ်သည့် အမှုများ

ချစ်သားတို့....၊ ဤနည်းအတူပင်လျှင် ဤသာသနာတော်၌ ရဟန်းသူမြတ်၏ အဆောတလျင် ရှောင်တခင် ပြုလုပ်ရမည့် အလုပ်တို့သည်ကား သုံးမျိုးတို့ ရှိကြကုန်သည်၊ သုံးမျိုးတို့ ဟူသည်မှာ—

(၁) အဓိသီလသိက္ခာကို ဆောက်တည်ခြင်းတပါး

(၂) အဓိစိတ္တသိက္ခာကို ဆောက်တည်ခြင်းတပါး

(၃) အဓိပညာသိက္ခာကို ဆောက်တည်ခြင်းတပါး

ချစ်သားတို့....၊ဤသာသနာတော်၌ ရဟန်းသူမြတ်၏ အဆောတလျင် ရှောင်တခင် ပြုလုပ်ရမည့် ကိစ္စတို့သည်ကား ဤသုံးမျိုးတို့ပင် ဖြစ်ပေတော့သည်။

ချစ်သားတို့....၊ ထိုရဟန်း၏ သန္တာန်ဝယ် ငါ၏စိတ်သည် ယနေ့ဖြစ်စေ၊ သိမဟုတ် နက်ဖြန်ဖြစ်စေ သဘက်ခါ ဖြစ်စေ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မစဲလမ်းမူ၍ အာသဝဘာရားတို့မှ လွတ်စေဟူ၍ ဖန်ဆင်းနိုင်သော တန်ခိုးကျေးဇူးပါဒ်အာနုဘော်ကား မရှိပါ၊ သို့ပင် မရှိငြားသော်လည်း ချစ်သား ရဟန်းတို့....၊ အချိန်တန် အခါကျသောအခါ အဓိသီလသိက္ခာကိုလည်း ကျင့်နေဆဲ၊ အဓိစိတ္တသိက္ခာကိုလည်း ကျင့်နေဆဲ၊ အဓိပညာ သိက္ခာကိုလည်း ကျင့်နေဆဲ ဖြစ်သော ထိုရဟန်း၏ စိတ်အစဉ်သည် တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မစဲလမ်းမူ၍

http://www.dhammadownload.com

အာသဝတရားတို့မှ လွတ်မြောက်နိုင်ခြင်း အရဟတ္တဖိုလ်ပေါက် လွတ်မြောက်နိုင်ခြင်း ဖြစ်ပါတော့သည်။

ချစ်သားတို့....၊ သို့ရကား ငါတို့၏သန္တာန်ဝယ် အဓိသီလသိက္ခာကို ဆောက်တည်ရာ၌ရင်း အဓိစိတ္တသိက္ခာကို ဆောက်တည်ကျင့်သုံးရာ၌ရင်း အဓိပညာသိက္ခာကိုဆောက်တည်ကျင့်သုံးရာ၌ရင်း ထက်သန်သောဆန္ဒဖြစ်စိမ့်မည်ဟု သင်ချစ်သားတို့သည် ကျင့်ကြံကြိုးကုတ် အားထုတ်သင့်လှပါတော့သည်ဟု အစ္စာယိက အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အစ္စာယိကသုတ် ပြီး၏

သမ္မောဓဝဂ်

ရူဏ္ဏသုတ်

ပု။ ။သမ္မောဓဝဂ္ဂေ ပနာဝုသော ပဥ္စမံ ရူဏ္ဏသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။သမ္မောဓဝဂ္ဂေ ဘန္တေ ပဥ္စမံ ရူဏ္ဏသုတ္တံ "ရူဏ္ဏမိဒံ ဘိက္ခဝေ အရိယဿ ဝိနယေ ယဒိဒံ ဂီတံ၊ ဥမ္မတ္တကမိဒံ ဘိက္ခဝေ အရိယဿ ဝိနယေ ယဒိဒံ နစ္စံ၊ ကောမာရကမိဒံ ဘိက္ခဝေ အရိယဿ ဝိနယေ ယဒိဒံ အတိဝေလံ ဒန္တဝိဒံသကဟသိတံ။ တသ္မာတိဟ ဘိက္ခဝေ သေတုဃာတော ဂီတေ သေတုဃာတော နစ္စေ၊ အလံ ဝေါ ဓမ္မပ္ပမောဒိတာနံ သတံ သိတံ သိတမတ္တာယာ"တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။သမ္မောဓဝဂ်၌ ငါးခုမြောက် ဖြစ်သော ရူဏ္ဏသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောသဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သမ္မောဓဝဂ်၌ ငါးခုမြောက် ဖြစ်သော ရူဏ္ဏ မည်သော သုတ္တန်ဒေသနာတော်မြတ်ကို ဘုရားလက်ထက်တော်အခါ ဆဗ္ဗဂ္ဂိရဟန်းတို့သည် ကခြင်း သီခြင်းတို့၌ လေ့လာကြသဖြင့် ရဟန်းတော်တို့က မြတ်စွာဘုရားအား

http://www.dhammadownload.com

လျောက်ထားသော အကြောင်းအဋ္ဌုပ္ပတ်ဝယ် "ရူဏ္ဏမိဒံ ဘိက္ခဝေ အရိယသာဝိကယေ ယဒိဒံ ဂိတံ" အစရှိသည်ဖြင့်—

(၁) ချစ်သား ရဟန်းတို့....၊ ငါဘုရား၏ ဆုံးမရာ သာသနာတော် အတွင်းဝယ် သီချင်း ဆိုခြင်း သည် ငိုကြွေးခြင်းပင် ဖြစ်တော့သည်။

(၂) ချစ်သား ရဟန်းတို့....၊ အရိယာဝိနည်း အမည်ရှိသော ဤငါဘုရား၏ သာသနာတော်၌ ကခြင်းဟူသည် ရူးသွပ်ခြင်းပင် ဖြစ်ပေတော့သည်။

(၃) ချစ်သားရဟန်းတို့....၊အရိယာဝိနည်း အမည်ရှိသော ဤငါဘုရား၏ သာသနာတော်၌ အချိန်ကြာမြင့်စွာ သင်္ကာကာရာမ ဖြစ်၍ အပေါင်းအဖော်တို့၌ မွေ့လျော်ပြီးလျှင် တဟားဟား ရယ်သွမ်း၍ နေခြင်းသည်ကား ကလေးတို့၏ အမူအရာ အကျင့်ပင် ဖြစ်တော့သည်။

ချစ်သား ရဟန်းတို့....၊ သို့ရကား သင်ချစ်သားတို့၏ သန္တာန်ဝယ် သီချင်း ဆိုခြင်း ကခြင်း ဤတရားနှစ်ပါးကို အကြောင်းနှင့်တကွ ပယ်ရှားပြီး ဖြစ်ပါစေ၊ ချစ်သား ရဟန်းတို့....၊ တစုံတခု အကြောင်းရှိ၍ ရယ်ရွှင်ဘွယ်ရာ အကြောင်းရှိ၍ သင်ချစ်သားတို့ ရယ်ရွှင်စေကာမူ သွားဖျားကလေးမျှား ပေါ်လွင်ရုံ ပြုံးရွှင်ရုံမျှ လောက်သာလျှင် သင်ချစ်သားတို့ ရယ်ခြင်းငှါ ထိုက်ပေသည်ဟု ဣန္ဒြေသိက္ခာတို့ကို စောင့်ထိန်း၍ ရယ်ရွှင်ရန် အလိုငှါ ရူဏ္ဏမည်သော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သမ္ပညူမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ရူဏ္ဏသုတ် ပြီး၏

အရက္ခိတသုတ်

ပု။ ။တတ္ထေဝ အာဝုသော သတ္တာမံ အရက္ခိတသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထ္ထ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ အနာထပိဏ္ဍိကံ ဂဟပတိံ အာရဗ္ဘ "စိတ္တေ ဂဟပတိ အရက္ခိတေ ကာယကမ္မမ္ပိ အရက္ခိတံ ဟောတိ၊ ဝစီကမ္မမ္ပိ။ မနောကမ္မမ္ပိ အရက္ခိတံ ဟောတိ။ တဿ အရက္ခိတကာယကမ္မန္တဿ အရက္ခိတဝစီကမ္မန္တဿ အရက္ခိတမနောကမ္မန္တဿ ကာယကမ္မမ္ပိ

http://www.dhammadownload.com

အဝဿုတံ ဟောတိ၊ ဝစီကမ္မမ္ပိ အဝဿုတံ ဟောတိ၊ မနောကမ္မမ္ပိ အဝဿုတံ ဟောတီ”တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသမ္မောဓဝဂ်၌ပင်လျှင် ခုနစ်ခုမြောက် ဖြစ်သော အရက္ခီတသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းအရပ်ဝယ် ဇေတဝန်ကျောင်းဒါယကာ အနာထပိဏ်သူဌေးကို အကြောင်းပြု၍ “စိတ္တေ ဂဟပတိ အရက္ခီတေ ကာယကမ္မမ္ပိ အရက္ခီတံ ဟောတိ၊ ဝစီကမ္မမ္ပိ အရက္ခီတံ ဟောတိ၊ မနောကမ္မမ္ပိ အရက္ခီတံ ဟောတီ”အစရှိသည်ဖြင့်—

ဒါယကာ အနာထပိဏ်သူဌေး....၊ လောကဥပမာအားဖြင့် အထွဋ်တပ်သော တန်ဆောင်းဝန်းကို ကောင်းစွာ မပိတ်ဆို့အပ်၊ မမိုးအပ်သည်ရှိသော် အထွဋ်လည်း စောင့်ရှောက်အပ်သည်မမည်။ အခြင် ရနယ် ဒိုင်း မြှားတို့ကိုလည်း စောင့်ရှောက်အပ်သည်မမည်၊ နံရံကိုလည်း စောင့်ရှောက်အပ်သည်မမည်၊ အထွဋ်ကိုလည်း မိုးခ်းစွတ်အပ်ပါတော့သည်၊ အခြင် ရနယ် ဒိုင်းမြှားတို့ကိုလည်း မိုးခ်းစွတ်အပ်ပါတော့သည်၊ နံရံကိုလည်း မိုးခ်းစွတ်အပ်ပါတော့သည်၊ အထွဋ်သည်လည်း ပုပ်ဆွေးရ၍ သွားပါတော့သည်၊ အခြင် ရနယ် ဒိုင်းမြှားတို့လည်း ပုပ်ဆွေးရ၍ သွားပါတော့သည်၊ နံရံလည်း ပုပ်ဆွေးရ၍ သွားပါသည်။

အနာထပိဏ်သူဌေး....၊ ထို့အတူပင် ဤလောက၌ မိမိစိတ်ကို မစောင့်ရှောက်အပ်သည်ရှိသော် ကာယကံကိုငင်း ဝစီကံကိုငင်း မနောကံကိုငင်း စောင့်ရှောက်အပ်သည် မမည်တော့ချေ၊ ထိုသို့ မစောင့်ရှောက်အပ်သော ကာယကံ, မစောင့်ရှောက်အပ်သော ဝစီကံ,မစောင့်ရှောက်အပ်သော မနောကံ ရှိသော ထိုပုဂ္ဂိုလ်၏သန္တာန်ဝယ် ကာယကံလည်း ကိလေသာမိုးခ်း အစွတ်ခံရတော့သည်၊ဝစီကံလည်း ကိလေသာမိုးခ်းအစွတ်၊မနောကံလည်း ကိလေသာမိုးခ်းအစွတ်ခံရတော့သည်၊ ထိုသို့ ကိလေသာမိုးခ်းစွတ်သော ကာယကံ, ကိလေသာမိုးခ်းစွတ်သော ဝစီကံ,ကိလေသာမိုးခ်းစွတ်သော မနောကံရှိသော

http://www.dhammadownload.com

ထိုပုဂ္ဂိုလ်၏ သန္တာန်ဝယ် ကာယကံသည်လည်း ဒုစရိုက်မျိုး ဖြစ်၍ ပုံသိုး တော့သည်၊ ဝစီကံသည်လည်း ဒုစရိုက်မျိုး အပုပ်အသိုးသာ ဖြစ်တော့သည်၊ မနောကံ အမှုသည်လည်း ဒုစရိုက်မျိုး အပုပ်အသိုးသာ ဖြစ်တော့သည်။

ထိုသို့ ဒုစရိုက်မျိုး ပုပ်သိုးသော ကာယကံ၊ ပုပ်သိုးသော ဝစီကံ၊ ပုပ်သိုးသော မနောကံရှိသော ထိုပုဂ္ဂိုလ်အား ကောင်းသော နတ်ရွာသုဂတိသို့ လားရောက်စေနိုင်သော စုတိပြတ်ကြွေ သေလွန်ခြင်း မည်သည် မဖြစ်နိုင်။

ဇေတဝန်ကျောင်း ဒါယကာ အနာထပိဏ်သူဌေး....၊ လောကဥပမာ အားဖြင့် အထွဋ်ရတပ်သော ကျောင်းဝန်းကို ကောင်းစွာ မိုးအပ်သည်ရှိသော် အထွဋ်ရကိုသည်း စောင့်ရှောက်အပ်သည် မည်၏၊ အခြင် ရနယ် ဒိုင်းမြား တို့ကိုလည်း စောင့်ရှောက်အပ်သည်မည်၏၊ နံရံကိုလည်း စောင့်ရှောက်အပ်သည် မည်၏၊ ထို့အတူပင် အထွဋ်ရကိုဂင်း အခြင် ရနယ် ဒိုင်း မြားတို့ကိုဂင်း နံရံကိုဂင်း မိုးမစုတ်နိုင်၊ အထွဋ်ရသည်ဂင်း အခြင် ရနယ် ဒိုင်း မြားတို့သည်ဂင်း နံရံသည်ဂင်း မပုပ်မဆွေးဘဲ ရှိမြဲတော့သည်။

အနာထပိဏ်သူဌေး....၊ ထို့အတူပင်လျှင် ဤလောက၌ မိမိ၏စိတ်ကို စောင့်ရှောက်အပ်သည်ရှိသော် ကာယကံမှုကိုလည်း စောင့်ရှောက်အပ်သည် မည်၏၊ ဝစီကံမှု, မနောကံမှုကိုလည်း စောင့်ရှောက်အပ်သည် မည်တော့၏၊ ထိုသို့စောင့်ရှောက်အပ်သော ကာယကံမှု, စောင့်ရှောက်အပ်သော ဝစီကံမှု, စောင့်ရှောက်အပ်သော မနောကံမှု ရှိသော ပုဂ္ဂိုလ်၏ ကာယကံမှုကိုလည်း ကိလေသာမိုးမစုတ်အပ်၊ ဝစီကံအမှု,မနောကံအမှုကိုလည်း ကိလေသာမိုးမစုတ်အပ်တော့ချေ။

ထိုသို့ ကိလေသာမိုးမစုတ်သော ကာယကံ ဝစီကံ မနောကံရှိသော ထိုပုဂ္ဂိုလ်၏ သန္တာန်ဝယ် ကိလေသာတို့မှ လွတ်ကင်းသဖြင့် မပုပ်မသိုး စင်ကြယ်သော ကာယကံ၊ မပုပ်မသိုး စင်ကြယ်သော ဝစီကံ၊ မပုပ်မသိုး စင်ကြယ်သော မနောကံတို့ ဖြစ်တော့သည်၊ ထိုသို့ မပုပ်မသိုးသော ကာယကံ,ဝစီကံ, မနောကံ ရှိသော ထိုပုဂ္ဂိုလ်၏ စုတိပြတ်ကြွေ သေလွန်ခြင်းသည် နတ်ရွာသုဂတိသို့ လားဘို့ရန် စုတိပြတ်ကြွေ သေလွန်ခြင်းပင် ဖြစ်သောကြောင့် ကောင်းသော စုတိပြတ်ကြွေ သေလွန်ခြင်းပင် ဖြစ်ပေတော့သည်ဟု မိမိ စိတ်ကို အကျိုးရှိတရားတို့ ဝင်ရောက်၍ မဖျက်ဆီးအောင် စောင့်ရှောက်ရန် အလို့ငှါ

http://www.dhammadownload.com

ဤအရကိုတ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဇေတဝန်ကျောင်းဒါယကာ အနာထပိဏ်သူဌေးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အရကိုတသုတ် ပြီး၏

အာပါယိကဝဂ်

အပဏ္ဏကသုတ်

ပု။ ။အာပါယိကဝဂ္ဂေ အာဝုသော ဆဋ္ဌံ အပဏ္ဏကသုတ္တံ ဘဂဝတာ ကထိတံ ဘာသိတံ။

ဝိ။ ။အာပါယိကဝဂ္ဂေ ဘန္တေ ဆဋ္ဌံ အပဏ္ဏကသုတ္တံ "တိဿော ဣမာ ဘိက္ခဝေ ဝိပတ္တိယော။ ကတမာ တိဿော သီလဝိပတ္တိ, စိတ္တဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိ။ ကတမာ စ ဘိက္ခဝေ သီလဝိပတ္တိ၊ ဣဓ ဘိက္ခဝေ ကေစ္စော ပါဏာတိပါတီ ဟောတိ။ပ။ သမ္ဖပ္ပလာပီ ဟောတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ သီလဝိပတ္တိ" တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။အာပါယိကဝဂ်၌ ခြောက်ခုမြောက် ဖြစ်သော အပဏ္ဏကမည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအား‌ဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။အာပါယိကဝဂ်၌ ခြောက်ခုမြောက် အပဏ္ဏက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "တိဿော ဣမာ ဘိက္ခဝေ ဝိပတ္တိယော။ကတမာ တိဿော၊သီလဝိပတ္တိ,စိတ္တဝိပတ္တိ,ဒိဋ္ဌိဝိပတ္တိ" အစရှိသည်ဖြင့်—

ပျက်စီးခြင်း သုံးမျိုး

ချစ်သားတို့....၊ ပျက်စီးခြင်းတို့သည် ၁-သီလ၏ပျက်စီးခြင်း၊ ၂-စိတ်၏ပျက်စီးခြင်း၊ ၃-အယူ၏ ပျက်စီးခြင်း ဟူ၍ သုံးမျိုးတို့ ရှိကုန်သည်။

http://www.dhammadownload.com

ချစ်သားတို့....၊ အဘယ်သည် သီလ၏ ပျက်စီးခြင်း ဖြစ်သနည်း ကား ပါဏာတိပါတအမှုကိုလွန်ကျူးခြင်း,အဒိန္နာဒါန် အမှုကိုလွန်ကျူးခြင်း, ကာမေသု မိစ္ဆာစာရ အမှုကို လွန်ကျူးခြင်း, မုသာဝါဒ, ပိသုဏဝါစာ,ဖရုသ ဝါစာ သမ္ဖပ္ပလာပ တည်းဟူသော ဝစီဒုစရိုက်လေးပါးကို လွန်ကျူးခြင်းကို သီလ၏ ပျက်စီးခြင်းဟူ၍ ခေါ်ဆိုအပ်ပေသည်။

အဘိဇ္ဈာ, ဗျာပါဒတည်းဟူသော မနောဒုစရိုက် နှစ်ပါးကို လွန်ကျူး ခြင်းကိုကား စိတ္တဝိပတ္တိ ဟူ၍ ခေါ်ဆိုအပ်တော့သည်။

ချစ်သား ရဟန်းတို့....၊ "ဤလောက၌ အလှူသည်လည်း မရှိ၊လှူအပ် သော အလှူ၏အကျိုးလည်းမရှိ၊ မဟာဒါန-မည်သော အလှူကြီးလည်းမရှိ၊ ထိုအလှူ၏ အကျိုးလည်းမရှိ၊လက်ဆောင်အလိုငှါ ပို့ဆောက်၍ အရိုအသေ ပြုအပ်သော ကောင်းမှုကုသိုလ်၏ အကျိုးလည်း မရှိ၊ ကောင်းမှု မကောင်းမှု ဤနှစ်ရပ်၏ အကျိုးဝိပါက်လည်းမရှိ၊ ထိုဘဝ၌ တည်သော ပုဂ္ဂိုလ်တို့အား လည်း ဤဘဝဟူ၍ မရှိ။ ဤဘဝ၌တည်သော ပုဂ္ဂိုလ်တို့အားလည်း ထိုဘဝ ဟူ၍ မရှိ။ အမိအဘေါ်၌ ကောင်းစွာ မကောင်းစွာ ကျင့်အပ်သော ကောင်း ကျင့် မကောင်းကျင့်တို့၏ အပြစ်အကျိုးဟူ၍လည်း မရှိ၊ အဖအဘေါ်၌ ကောင်းစွာကျင့်အပ်သော မကောင်းစွာကျင့်အပ်သော အကျင့်တို့၏ အကျိုး အပြစ်ဟူ၍လည်း မရှိ၊ ဤဘဝမှ စုတိပြတ်ကြွေ သေလွန်သည်မှ နောက် ကာလဝယ် ဘဝပဋိသန္ဓေ တည်နေသော ဟူ၍ မရှိ၊ ဤဘဝမှာပင် ပြတ်တော့ သည်၊ ဤလောကဝယ် ကောင်းစွာ ကျင့်ကြံကြသဖြင့် ဤပစ္စုပ္ပန်လောက တမလွန်လောကကို ကိုယ်တိုင်သိမြင်၍ ဟောကြားကြသော သမဏဗြာဟ္မဏ အမည်ရသော ပုဂ္ဂိုလ်တို့လည်းမရှိ" ဟူ၍ ဖောက်ပြန် မှားယွင်းသော အယူ ဖြစ်ခြင်းသည် ဒိဋ္ဌိဝိပတ္တိ-အယူ၏ပျက်စီးခြင်း မည်၏။

ချစ်သား ရဟန်းတို့....၊ သီလ၏ ပျက်စီးခြင်း ဟူသော အကြောင်း ကြောင့်သော်၎င်း စိတ်၏ပျက်စီးခြင်းဟူသော အကြောင်းကြောင့်သော်၎င်း အယူ၏ပျက်စီးခြင်း ဟူသော အကြောင်းကြောင့်သော်၎င်း ကိုယ်ခန္ဓာပျက် ကြွေ စုတေသည်မှ နောက်ကာလဝယ် လောကဥပမာအားဖြင့် မျက်နှာပြင် ခြောက်ခူရှိသော အန်စာကို လှိမ့်လိုက် မြှောက်လိုက်သည်ရှိသော် အကြင် အကြင်သို့သော်မျက်နှာပြင်ဖြင့် ကျရောက်၏၊ ထိုထိုကျရောက်ရာ မျက်နှာ ပြင်ဖြင့်ပင် မတ်မတ်ခိုင်ကျည် တည်နိုင်ဘိသကဲ့သို့ ထိုသို့သီလဝိပတ္တိ၊ သို့မဟုတ်

http://www.dhammadownload.com

စိတ္တဝိပတ္တိ၊ ဒိဋ္ဌိဝိပတ္တိ ဟူသော အကြောင်းကြောင့် ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် အပါယ်ငရဲသို့ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရပေ၏။

ချစ်သားတို့....၊ ဤဆိုအပ်ပြီးသော သုံးပါးတို့သည်ကား ပျက်စီးခြင်း သုံးပါးတို့ ဖြစ်သည်။

ပြည့်စုံခြင်း သုံးမျိုး

ချစ်သားတို့....၊ ပြည့်စုံခြင်း တရားတို့သည်လည်း (၁) သီလ၏ ပြည့်စုံခြင်း၊ (၂) စိတ်၏ပြည့်စုံခြင်း၊ (၃) အယူ၏ပြည့်စုံခြင်းဟူ၍ သုံးမျိုးပင် ရှိပေသည်။

သီလ၏ပြည့်စုံခြင်းဟူသည်မှာ ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ခြင်း, ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်းကို သီလ၏ပြည့်စုံခြင်း သီလသမ္ပဒါဟူ၍ ခေါ်ဆိုအပ်၏။

အဘိဇ္ဈာမှ ရှောင်ကြဉ်ခြင်း, ဗျာပါဒမှ ရှောင်ကြဉ်ခြင်းကို စိတ္တသမ္ပဒါ-စိတ်၏ပြည့်စုံခြင်းဟူ၍ ခေါ်ဆိုအပ်၏။

ရှေးဆိုအပ်ပြီးသော ဆယ်ပါးသော ဖောက်ပြန်မှားယွင်းသော အယူမှ အပြန် အလှူဒါန အကျိုးရှိသည်၊ ကြီးစွာသော အလှူဒါန၏အကျိုးရှိသည်၊ လက်ဆောင်အလို့ငှါ ပို့ရောက်၍ ရိုသေစွာ လှူအပ်သော အလှူဒါန၏အကျိုးလည်း ရှိသည်၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးတရားလည်း ထင်ရှားရှိသည်၊ ဤပစ္စုပ္ပန်လောကလည်းရှိသည်၊ တမလွန်လောကလည်းရှိသည်၊ ထိုမိခင် ဖခင်တို့၌ ကောင်းစွာ ပြုကျင့်အပ်သော ကောင်းသော အကျင့်၏ အကျိုးတရား၊ မကောင်းစွာ ပြုကျင့်အပ်သော မိစ္ဆာပဋိပတ်၏ အပြစ်တရားလည်း ရှိသည်၊ ကောင်းစွာ ကျင့်ကြံကြသဖြင့် ဤလောက တမလွန်လောက ကို ယထာဘူတ နေရာကျ ကိုယ်တိုင် သိမြင်၍ ဟောကြားကြသော သမဏ ဗြာဟ္မဏ အမည်ရသော သူတော်ကောင်း ပုဂ္ဂိုလ်တို့သည်လည်း ရှိသည်ဟူ၍ မှန်ကန်သော အယူ၏ ဖြစ်ခြင်းကို ဒိဋ္ဌိသမ္ပဒါ-အယူ၏ ပြည့်စုံခြင်းဟူ၍ ခေါ်ဆိုအပ်တော့သည်။

http://www.dhammadownload.com

ချစ်သား ရဟန်းတို့....၊ လောကဥပမာအားဖြင့် မျက်နှာဝ ခြောက်မျက်နှာရှိသော အန်စာကို အထက်သို့ မြှောက်၍ ပစ်လွှတ်အပ်သည်ရှိသော် အကြင် အကြင်မျက်နှာပြင်ဖြင့် မြေပြင်အရပ်သို့ ကျရောက်၏၊ ထိုထိုကျရောက်သော မျက်နှာပြင်ဖြင့်ပင်လျှင် ထိုအန်စာသည် မြေပြင်၌ မတ်မတ်ခိုင်ကျည် တည်နိုင်ဘိသကဲ့သို့။

ထို့အတူပင်လျှင် ချစ်သား ရဟန်းတို့....၊ သီလ၏ ပြည့်စုံခြင်း ဟူသော အကြောင်းကြောင့် ဖြစ်စေ၊ စိတ်၏ ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ဖြစ်စေ၊ အယူ၏ ပြည့်စုံခြင်း-ဒိဋ္ဌိသမ္ပဒါ ဟူသော အကြောင်းကြောင့် ဖြစ်စေ သတ္တဝါဘို့သည် ကိုယ်ခန္ဓာ ပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် ကောင်းသောသူတို့၏ လားရာ နတ်ရွာသုဂတိသို့ ဘဝပဋိသန္ဓေကပ်ရောက်၍ နေရပေသည်ဟု ဤအပဏ္ဏက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ပျက်စီးခြင်းသုံးပါး ပြည့်စုံခြင်း သုံးပါးတို့ကို ထင်ရှားစွာ ဖော်ပြလျက် သဗ္ဗညုမြတ်စွာဘုရား ဟောကြား တော်မူအပ်ပါသည် အရှင်ဘုရား။

အပဏ္ဏကသုတ် ပြီး၏

ကုသိနာရဝဂ်

ကုသိနာရသုတ်

ပု။ ။ကုသိနာရဝဂ္ဂေ ပနာဝုသော ပဌမံ ကုသိနာရသုတ္တံ ဘဂဝတာ ကတ္ထကံ အာရဗ္ဘ ကထဥ္စ ဘာသိတံ။

ဝိ။ ။ကုသိနာရာယံ ဘန္တေ ဗလိဟရဏော ဝနသဏ္ဍေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ "ဣဓ ဘိက္ခဝေ ဘိက္ခု အညတရံ ဂါမံ ဝါ နိဂမံဝါ ဥပနိဿာယ ဝိဟရတိ၊ တမေနံ ဂဟပတိဝါ ဂဟပတိပုတ္တော ဝါ ဥပသင်္ကမိတ္ဝာ သွာတနာယ ဘတ္တေန နိမန္တေတီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ကုသိနာရဝဂ်၌ ရှေးဦးစွာသော ကုသိနာရမည်သော သုတ္တန် တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု

http://www.dhammadownload.com

မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကုသိနာရုံပြည် ဗလိဟရဏ အမည်ရသော တောအုပ်၌ မျှားစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ "ဣဓ ဘိက္ခဝေ ဘိက္ခု အညတရံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရတိ" အစရှိသည်ဖြင့်—

အကျိုးမကြီးသော ဒါန

ချစ်သားရဟန်းတို့....၊ ဤငါဘုရားသာသနာတော်၌ တစုံတယောက်သော ရဟန်းတော်သည် အမှတ်မထင် တစုံတခုသော ရွာသို့ ဖြစ်စေ နိဂုံးသို့ ဖြစ်စေ အမှီပြု၍နေပေ၏၊ ထိုရဟန်းကို တယောက်ယောက်သော သူကြွယ်က ဖြစ်စေ သူကြွယ်သားကဖြစ်စေ ချဉ်းကပ်ပြီးလျှင် နက်ဖြန်အလှူဌာ ဆွမ်းဖြင့် ဘိဘ်ကြားပေ၏၊ အလိုရှိသော ရဟန်းတော်သည် ထိုဆွမ်းကို လက်ခံသာယာ၏၊ ထိုရဟန်းသည် နောက်တနေ့ နံနက်အခါ ထိုသူကြွယ်၏ အိမ်သို့ ဖြစ်စေ သူကြွယ်သား၏အိမ်သို့ ဖြစ်စေ သွားရောက်၍ ခင်းထားအပ်သော နေရာ၌ နေထိုင်ခဲ့၏၊ ထိုရဟန်းကို ထိုသူကြွယ် ဖြစ်စေ သူကြွယ်သားဖြစ်စေ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်ဖြင့် မိမိကိုယ်တိုင် သာဟတ္ထိကမြောက် ရောင့်ရဲစေ၏၊ တန်ပြီဟု မြစ်သည်တိုင်အောင် ဆွမ်းခဲဘွယ်ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးပေ၏။

ထိုသို့ အလုပ်အကျွေးခံရသော ထိုရဟန်း၏စိတ်သန္တာန်ဝယ် ဤသူကြွယ်သည် ဤသူကြွယ်သားသည် ငါ့အား မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ်တို့ဖြင့် ကိုယ်တိုင် ကိုယ်ကျ လုပ်ကျွေးပြုစုပါပေ၏၊ လွန်စွာ့ လွန်စွာ သူတော်ကောင်းသဘော ရှိပါပေစွတကား ဟူ၍လည်း အကြံဖြစ်တတ်၏၊ ဤတွင်မျှ မကသေး၊ ဤသူကြွယ် ဤသူကြွယ်သားသည် ငါ့အား နောက်ကာလ၌ ဤသို့သဘောရှိသော မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် ကိုယ်တိုင် ကိုယ်ကျ လုပ်ကျွေးပါမူ ကောင်းလေစွ ဟူ၍လည်း အကြံ ဖြစ်လိုက်သေး၏။

ချစ်သား ရဟန်းတို့....၊ ဤတွင်မျှ မကသေး၊ ရဟန်းသည် ထိုသူကြွယ်သူကြွယ်သားတို့ လျှဒါန်းအပ်သော သဒ္ဓါဒေယျ ဘောဇဉ်ကို တဏှာတည်းဟူ

http://www.dhammadownload.com

သော အနှောင်အဖွဲ့ နှောင်ဖွဲ့လျက်၊ တဏှာတည်းဟူသော တွေဝေမိန်းမော ခြင်းဖြင့် တွေဝေမိန်းမောလျက်၊ တဏှာတရား လွှမ်းမိုးအုပ်စိုးလျက် သံသရာ ဝဋ်မှ ထွက်မြောက်စေနိုင်သော ပညာမရှိဘဲ ထိုဆွမ်းခဲဘွယ်ဘောဇဉ်အပေါ် ဝယ် အပြစ်ဒေါသ အာဒီနဝကို မမြင်ဘဲ စားသုံးပေရာ၏၊ ထိုရဟန်းသည် ထိုစားသုံးသော နေရာမှာပင်လျှင် ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာ ဝိတက်တွေ့ ကိုလည်း ကြုံစည်၍ နေ၏။

ချစ်သားရဟန်းတို့....၊ဤသို့ သဘောရှိသော ရဟန်းအား လှူအပ်သော ဆွမ်းကို အလှူဒါနကို အကျိုးမကြီးဟူ၍ ငါဘုရားဟောဆို၏၊ အကြောင်း သော်ကား ထိုရဟန်းသည် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေသော ကြောင့် ဖြစ်ပေသည်။

အကျိုးကြီးသော ဒါန

ချစ်သား ရဟန်းတို့....၊ ထိုမှ တပါး ဤငါဘုရား သာသနာတော်၌ သဒ္ဓါပမ္ဗဇိတ စင်စစ် ဖြစ်သော အကြင်ရဟန်းတော်သည် အမှတ်မထင် ရှာနိဂုံး တခုခုကို ဥပနိဿယ အမှီပြု၍ နေ၏၊ ထိုရဟန်းကို တစုံတယောက် သော သူကြွယ်ကဖြစ်စေ သူကြွယ်သားကဖြစ်စေ သူဌားရောက်၍ နက်ဖြန် အလှူဋ္ဌာ ဆွမ်းဖြင့် ဘိတ်ကြားခဲ့ပေ၏၊ အလိုရှိသော ထိုရဟန်းသည် ထိုဆွမ်း ကို လက်ခံသာယာခဲ့ပေ၏။

ထိုရဟန်းသည် ထိုညဉ့်လွန်မြောက် နောက်တနေ့ ရောက်သော အခါ ထိုဒါယကာအိမ်သို့ ကပ်ရောက်၍ ခင်းထားအပ်သော နေရာဝယ် ထိုင်နေ၏၊ ထိုရဟန်းကို ထိုသူကြွယ် သူကြွယ်သားသည် မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ဖြင့် ကိုယ်တိုင် ကိုယ်ကျ ပြုစုလုပ်ကျွေးပေ၏။

ချစ်သားတို့....၊ ထိုသဒ္ဓါပမ္ဗဇိတ ဖြစ်သော ရဟန်း၏စိတ်သန္တာန်ဝယ် ဤသူကြွယ်သည် ဤသူကြွယ်သားသည် ငါ့အား မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ဖြင့် ကိုယ်တိုင် ကိုယ်ကျ ပြုစုလုပ်ကျွေးပါပေ၏၊ ကောင်းမြတ် သော သဘောရှိပါပေစွ ဟူ၍လည်း အကြုံအစည်မှု မပြုခဲ့။

ထိုမှတပါးလည်း ဤသူကြွယ် သူကြွယ်သားသည် နောက်အခါလည်း ဤသို့ပင်လျှင် ဤသို့ သဘောရှိသော မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ်တို့

http://www.dhammadownload.com

ဖြင့် ကိုယ်တိုင် ကိုယ်ကျ ငါ့အား ပြုစုလုပ်ကျွေးပါမူ ကောင်းလေစ္တ ဟူ၍လည်း မတောင့်တ။

ဤတွင်မျှ မကသေး၊ ထိုရဟန်းသည် ထိုသူကြွယ် သူကြွယ့်သား လျှူသော သဒ္ဓါဒေယျ ဘောဇဉ်ဆွမ်းကို တဏှာဖြင့် မနှောင်ဖွဲ့ဘဲ တဏှာဖြင့် မမိန်းမောဘဲ တဏှာဖြင့် မလွှမ်းမိုးအပ်ဘဲ သံသရာဝဋ်မှ ကျွတ်လွတ်စေတတ်သော ပစ္စဝေက္ခဏာ နိဿရဏဉာဏ်ပညာရှိပြီးလျှင် ထိုဆွမ်းခဲဘုယ်ဘောဇဉ် အပေါ်၌ ပုတ္တ မံသူပမ-အစရှိသော ဥပမာတို့ဖြင့် အပြစ်ဒေါသ အာဒီနဝကို ကြည့်ရှု၍ စားသုံးပေ၏။

ဤတွင်မျှ မကသေး၊ ထိုရဟန်းသည် ထိုနေရာ၌ပင်လျှင် နေကွမ္မဝိတက် အဗျာပါဒဝိတက် အဝိဟိံသာဝိတက် တည်းဟူသော ကောင်းသော အကြံအစည် သုံးမျိုးကိုလည်း ကြံစည်ပေ၏။

ချစ်သားတို့....၊ ဤသို့ သဘောရှိသော ရဟန်းအား လျှူအပ်သော အလှူဒါနကို အကျိုးကြီးမြတ်လှ၏ဟူ၍ ငါဘုရားဟောဆိုပေ၏။ အကြောင်းသော်ကား ချစ်သား ရဟန်းတို့....၊ ထိုရဟန်းသည် မမေ့မလျော့ မပေါ့မတန်သော ရဟန်းဖြစ်ချေသည်ဟု ဤကုသိနာရ အမည်ရသော ပဌမသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ကုသိနာရသုတ် ပြီး၏

ဟတ္ထကသုတ်

ပု။ ။တတ္ထဝေ အာဝုသော ပဋမံ ဟတ္ထကသုတ္တံ ဘဂဝတာ ကတ္ထ ကေန သဒ္ဓိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ ဟတ္ထကေန ဒေဝပုတ္တေန သဒ္ဓိံ "ယေ တေ ဟတ္ထက ဓမ္မာ ပုဗ္ဗေ မနုဿဘူတဿ ပဝတ္တိနော အဟေသုံ၊အပိနု တေ တေ ဓမ္မာ တောရဟိ ပဝတ္တိနော "တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုကုသိနာရဝဂ်၌ ပင်လျှင် ငါးခုမြောက် ဖြစ်သော ဟတ္ထကသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံ

http://www.dhammadownload.com

တော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်မည်သော ပုဂ္ဂိုလ်နှင့်အတူ တကွ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် ဟတ္ထက အမည်ရှိသော ဗြဟ္မာနှင့် အတူတကွ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

ဟတ္ထက ဗြဟ္မာမင်း

သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ မြတ်စွာဘုရား ကိန်းအောင်းမွေလျော် နေတော်မူဆဲ ကာလဝယ် ဟတ္ထက အမည်ရှိသော ဗြဟ္မာသည် ညဦးယံ လွန်မြောက် သန်ကောင်ယံ ရောက်လတ်သော်အခါ ကိုယ်ရောင် ကိုယ်ဝါတောက်ပစွာဖြင့် ဇေတဝန်ကျောင်းအတွင်းသို့ လာရောက်၍ ဘုရား ထံမှောက် ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရား၏ ရှေတော်၌ မတ်မတ်ရပ်တည် အံ့ဟု ကြံစည်၍ ရပ်တည်ပါသော်လည်း မရပ်တည်နိုင်ဘဲ ထိုဟတ္ထက ဗြဟ္မာ၏ ကိုယ်ခန္ဓာသည် လွန်စွာသိမ်မွေ့လှသဖြင့် မဟာပထဝီမြေကြီးအတွင်းသို့ သာလျှင် စိမ့်၍ စိမ့်၍ ဝင်သွားပါသည်၊ လောကဥပမာအားဖြင့် ဆီကိုဖြစ်စေ ထောပတ်ကိုဖြစ်စေ သဲအပြင်၌ လောင်းအပ်သည်ရှိသော် မရပ်မတည်ဘဲ စိမ့်၍ စိမ့်၍သာလျှင် ဝင်ဘိသကဲ့သို့ ထို့အတူ ဟတ္ထကဗြဟ္မာသည်လည်း သြဠာရိက ရုန့်ရင်းကြမ်းတမ်းသော ရုပ်ကို မဖန်ဆင်းဘဲ ပကတိ သိမ်မွေ့လှစွာသော ဗြဟ္မာ၏ ရူပကာယဖြင့် မြတ်စွာဘုရား၏ ရှေတော်ဝယ် ရပ်တည်အံ့ ဟူ၍ ရပ်ပါသော်လည်း ရူပကာယသိမ်မွေ့လွန်းလှသဖြင့် မြေအတွင်းသို့ သာလျှင် စိမ့်၍ စိမ့်၍ ဝင်ခဲ့ပါသည်၊ ရပ်တည်ခြင်းငှါ မစွမ်းနိုင်ပါ။

ထိုအခါ မြတ်စွာဘုရားက—

သြဠာရိကံ ဟတ္ထက အတ္တဘာဝံ အဘိနိမ္မိနာဟိ—

ချစ်သား ဟတ္ထက....၊ သင်၏ ပကတိ သိမ်မွေ့လှစွာသော ရုပ်အဆင်းကို ပယ်ရှား၍ ရုန့်ရင်းကြမ်းတမ်းသော အတ္တဘောကို အသင်သည် ဖန်ဆင်းလော့ ဟု မိန့်ကြားတော်မူလတ်သည်တွင်—

"ဧဝံ ဘန္တေ၊ ကောင်းပါပြီ ဘုရား" ဟု နည်းရ၍ မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ရုန့်ရင်းကြမ်းတမ်းသော သြဠာရိက အတ္တဘောကို ဖန်ဆင်း

http://www.dhammadownload.com

ပြီးမှ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုး၍ အပြစ်ခြောက်ပါးလွတ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ရပ်တည်၍ နေနိုင်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ယေ တေ ဟတ္ထက ဓမ္မာ ပုဗ္ဗေ မနုဿ ဘူတဿ ပဝတ္တိနော အဟေသုံ၊အပိ နု တေ တေ ဓမ္မာ ဧတရဟိ ပဝတ္တိနော" ဟု—

ချစ်သား ဟတ္ထက....၊ သင့်အား လူဖြစ်စဉ်အခါက အကြင်သို့ သဘော ရှိသော ပရိယတ် တရားတော်တို့သည် သင်၏ နှုတ်ဝယ် လည်၍ နေကုန်၏၊ ထိုလူဖြစ်စဉ် ကာလက သင်၏နှုတ်ဖျားဝယ် တဖွားဖွား လည်၍ နေသော ပရိယတ် တရားတို့သည် ယခုအခါဝယ် သင်၏ နှုတ်ဖျားဝယ် တဖွားဖွား လည်လျက် ရှိပါကုန်၏လော ဟု မေးမြန်းတော်မူသည်တွင်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်အား လူဖြစ်စဉ် ကာလက ရခဲ့ဘူး နှုတ်တက်ဆောင်ခဲ့ဘူးသော ပရိယတ် တရားတော်တို့သည်၎င်း၊ ယခု ဗြဟ္မာဖြစ်သော အခါမှ နှုတ်ရှုဆောင်ဘူးသော ပရိယတ်တရားတော်တို့သည်၎င်း အမြဲတစေ နှုတ်ဖျားဝယ် တဖွားဖွား လည်၍ နေပါတော့သည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ရှင်တော်ဘုရားသည် ယခုအခါဝယ် ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမ မင်း မင်းအမတ် တိတ္ထိ တိတ္ထိတပည့်အပေါင်းဖြင့် ခြံရံ၍ တရားဟောကာ နေတော်မူဘိသကဲ့သို့ တပည့်တော်သည်လည်း ထို့အတူပင် ဗြဟ္မာ့ပြည်လောကဝယ် များစွာသော ဗြဟ္မာ အပေါင်း ခြံရံလျက် တရားဟောကာ နေရပါသည်၊ များစွာသော ဗြဟ္မာအပေါင်းတို့သည် ငါတို့ကား ဟတ္ထကဗြဟ္မာ၏ အထံ၌ တရားနာကြကုန်အံ့ ဟူ၍ အမြဲမပြတ် လာရောက်ကြပါကုန်သည်။

မရောင့်ရဲဘဲ စုတေခဲ့သူ

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်သည် သုံးပါးသော အရာဌာနတို့ကို ရောင့်ရဲခြင်းမရှိဘဲ ဆုတ်နစ်ခြင်းမရှိဘဲ လူ့ပြည်မှ စုတေခဲ့ပါသည်၊ အဘယ်သုံးပါးတို့ နည်းဟူမူကား—

http://www.dhammadownload.com

(၁) ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်သည် လူ့ပြည်လောကဌ ဖြစ်စဉ်ကာလဝယ် ရှင်တော်ဘုရားအား ဖူးမြင်ရခြင်းကို မရောင့်ရဲ တင်းမတိမ် မဆုတ်နစ်ဘဲနှင့် စုတိပြတ်ကြွေ သေလွန်ခဲ့ရပါသည်။

(၂) ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်သည် သံဃာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ပြုစုလုပ်ကျွေးရသည်ကို တင်းမတိမ် အားမရ မရောင့်ရဲ မဆုတ်နစ်ဘဲလျှင် စုတိပြတ်ကြွေ သေလွန်ခဲ့ရပါသည်။

(၃) ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်သည် လူ့ပြည်ဘဝ ဟိုကာလဝယ် တရားတော်နာခြင်းကို တင်းမတိမ်ဘဲ အားမရ မရောင့်ရဲဘဲ မဆုတ်နစ်ဘဲနှင့် စုတိပြတ်ကြွေ သေလွန်ခဲ့ရပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော်သည် ဤဆိုအပ်ပြီးသော သုံးပါးသော တရားတို့ကို မရောင့်ရဲ တင်းမတိမ် မဆုတ်နစ်ဘဲ လူ့ပြည်ဘဝမှ စုတိပြတ်ကြွေ သေလွန်ခဲ့ရပါသည်ဟု ဤဟတ္ထက အမည်ရသော သုဘဒ္ဒန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဟတ္ထကပြဟ္မာမင်းနှင့် အတူတကွ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဟတ္ထကသုတ် ပြီး၏

အနုရုဒ္ဓသုတ်

ပု။ ။တထ္ထော အာဝုသော အဋ္ဌမံ အနုရုဒ္ဓသုတ္တံ ကံ အာရဗ္ဘ ကေန ကထဥ္စ ဘာသိတံ။

ဝိ။ ။အဋ္ဌမံ ဘန္တေ အနုရုဒ္ဓသုတ္တံ အာယသ္မန္တံ အနုရုဒ္ဓတ္ထေရံ အာရဗ္ဘ အာယသ္မာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ "ယံ ခေါ တေ အာဝုသော အနုရုဒ္ဓ ဧဝံ ဟောတိ 'အဟံ ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန သဟဿံ လောကံ ဝေါလောကေမီ'တိ၊ ဣဒံ တေ မာနသ္မိ"ံ"တိ ဧဝမာဒိနာ ဘာသိတံ။

http://www.dhammadownload.com

မေး။ ။ထိုကုသိနာရဝဂ်၌ ပင်လျှင် ရှစ်ခုမြောက် ဖြစ်သော အနုရုဒ္ဓသုတ် မည်သော တရားဒေသနာတော်ကို အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။အရှင်အနုရုဒ္ဓါ မထေရ်သူမြတ်ကို အကြောင်းပြု၍ တရားစစ်မှုန်း ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ် ဟောကြားတော်မူအပ်ပါသည်။

အရဟတ္တဖိုလ် မရနိုင်သေးပုံ

အခါတပါးဝယ် အရှင်အနုရုဒ္ဓါ မထေရ်သည် အရှင်သာရိပုတ္တရာ မထေရ်မြတ်ထံသို့ သွားရောက်ပြီးလျှင် ဝမ်းမြောက်စကားပြောကြား၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပြီးလျှင် "ဣဓာဟံ အာဝုသော သာရိပုတ္တ ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန သဟဿံ လောကံ ဩလောကေမိ" အစရှိသည်ဖြင့်—

ငါ့ရှင် သာရိပုတ္တရာ....၊ ငါသည် ဤသာသနာတော်၌ စင်လည်း စင်ကြယ်သော ပကတိ လူတို့၏ မျက်စိအမြင်ကို လွန်မြောက်၍ မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် လောကဓာတ်အထောင်ကိုလည်း ရှုမြင်ပါ၏၊ ငါ၏ လုံ့လဝီရိယသည်လည်း အားထုတ်အပ်ပြီး မဆုတ်နစ်အပ်ပြီး ဖြစ်ပါ၏၊ သတိတရားသည် လည်း မမေ့မပျောက်ဘဲ ထင်လှစွာပါပေ၏၊ ငါ၏ကိုယ်သည်လည်း မပူမပန်ဘဲ ငြိမ်းအေးလှပါပေ၏၊ ငါ၏စိတ်သည်လည်း ဥပစာရသမာဓိအပွနာသမာဓိဖြင့် တည်ကြည်လှပါ၏၊ တခုသော အာရုံ၌ တည်မြဲ၍ နေပါ၏၊ သို့စေကာမူ ငါ၏စိတ်သည်ကား တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မစဲလမ်းမူ၍ အာသဝတရားတို့မှ မလွတ်မြောက်နိုင်၊ အရဟတ္တဖိုလ်ပေါက် မရောက်နိုင်ဘဲ ရှိပါသည်ဟု လျှောက်ထားခဲ့ပါသည်။

တရားသုံးပါး ငြိကပ်နေသေးသည်

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်သူမြတ်က "ယံ ခေါ တေ အာဝုသော အနုရုဒ္ဓ ဟောတိ" အစရှိသည်ဖြင့်—

http://www.dhammadownload.com

ငါ့ရှင် အနုရုဒ္ဓါ....၊ ငါသည် ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် လောကဓာတ် အထောင်ကို ကြည့်နိုင်၏ဟူ၍ သင်၏စိတ်သန္တာန်ဝယ် ဖြစ်ပေါ်၍ နေခြင်း ကား မာနပင် ဖြစ်တော့သည်။

ငါ၏ ဝီရိယကား အားထုတ်အပ်ပြီ၊ မဆုတ်နစ်၊ ငါ၏သတိကား အလွန် ထင်၍ မမေ့ပျောက်၊ ငါ၏ ကိုယ်သည်ကား ငြိမ်းအေး၍ ပူပန်ခြင်း မရှိ၊ ငါ၏ သမာဓိသည်ကား ဥပစာရအပ္ပနာ နှစ်ဖြာရောက်၍ တည်ကြည်လှပေ၏၊ တခုသော အာရုံရှိ၏ ဟူ၍ သင်မှတ်ထင်၍ နေခြင်းသည်ကား ဥဒ္ဓစ္စ ပို့လွှင့်ခြင်း ပင် ဖြစ်တော့သည်။

ငါ့ရှင် အနုရုဒ္ဓါ....၊ ထိုသို့ ဖြစ်ပါလျက် ငါ၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစုံလမ်းဘဲ အာသဝတရားတို့မှ မလွတ်မြောက်နိုင်၊ အရဟတ္တဖိုလ်ပေါက် မရောက်နိုင်ဟူ၍ မှတ်ထင်နေခြင်သည်ကား ကုက္ကုစ္စပင် ဖြစ်တော့သည်။

"သာဓု ဝတာယသ္မာ အနုရုဒ္ဓေါ ဣမေ တယော ဓမ္မေ ပဟာယ ဣမေ တယော ဓမ္မေ အမနသိကရိတ္ဝာ အမတာယ ဓာတုယာ စိတ္တံ ဥပသံဟရတု"—

အို အရှင်အနုရုဒ္ဓါ....၊ အကျွန်ုပ် တောင်းပန်လိုပါသည်၊ အရှင်အနုရုဒ္ဓါ သည် ဤဆိုအပ်ခဲ့ပြီးသော သိမ်မွေ့လှစွာသော မာန၊ သိမ်မွေ့လှစွာသော ဥဒ္ဓစ္စ၊ ဥဒ္ဓစ္စ-မှန်း မသိအောင် သိမ်မွေ့လှစွာသော ဥဒ္ဓစ္စ၊ ကုက္ကုစ္စမှန်းမသိ အောင် သိမ်မွေ့လှစွာသော ကုက္ကုစ္စ၊ ဤတရားသုံးမျိုးကို ပယ်စွန့်၊ ဤတရား သုံးမျိုးကို နှလုံးသွင်းတော်မမူဘဲ အမတဓာတ်အလို့ငှါ မိမိစိတ်ကို ကမ္မဋ္ဌာန်း အာရုံသို့ ရှေးရှုဆောင်တော်မူပါဟု တောင်းပန်စကား လျှောက်ထားခဲ့ပါ သည်။

ထိုအခါ အရှင်အနုရုဒ္ဓါ မထေရ်သူမြတ်သည် နောက်ကာလ၌ အရှင် သာရိပုတ္တရာ တိုက်တွန်းစကား မိန့်ကြားတော်မူသည့်အတိုင်း ထိုဆိုအပ်ပြီး သော သိမ်မွေ့သောမာန,သိမ်မွေ့သောဥဒ္ဓစ္စ,သိမ်မွေ့သောကုက္ကုစ္စတရားသုံးပါး ကို ပယ်ရှား၍ ထိုတရားသုံးပါးကို နှလုံးမသွင်းဘဲ အမြိုက်နိဗ္ဗာန်အလို့ငှါ ကမ္မဋ္ဌာန်းအာရုံသို့သာလျှင် စိတ်ကိုဆောင်တော်မူခဲ့ပါသည်၊ တကိုယ်တည်း ဆိတ်ငြိမ်ရာ ကပ်၍ မမေ့မလျော့ဘဲ သတိနှင့် ပြည့်စုံသည် ဖြစ်၍ နိဗ္ဗာန်သို့ စေ့သွတ်အပ်သော စိတ်နှလုံးရှိတော်မူသည်ဖြစ်၍ ကမ္မဋ္ဌာန်းအာရုံဖြင့်နေတော်

http://www.dhammadownload.com

မူသော အရှင်အနုရုဒ္ဓါမထေရ်သူမြတ်၏ စိတ်သန္တာန်ဝယ် မကြာမြင့်မီပင်လျှင် အာသဝေါ ကုန်ခန်း ရဟန္တာ စင်စစ် ဖြစ်တော်မူလတ်၍ ရဟန္တာစာရင်းဝင်တပါး အပါအဝင် ဖြစ်ခဲ့ရပါသည်။

ဤသို့လျှင် အနုရုဒ္ဓ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် အနုရုဒ္ဓါ မထေရ်သူမြတ်ကို အကြောင်းပြု၍ တရားစစ်မှူး ဓမ္မသေနာပတိ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ် ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အနုရုဒ္ဓသုတ် ပြီး၏

ကုသိနာရဝဂ်

ပဋိစ္ဆန္နသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ ။ပ။ သမ္မာသမ္မုဒ္ဓေန အဂ်ုတ္တရနိကာယေ တိကနိပါတေ ကုသိနာရဝဂ္ဂေ နဝမံ ပဋိစ္ဆန္နသုတ္တံ ကထံ ဘာသိတံ။

ဝိ။ ။နဝမံ ဘန္တေ ပဋိစ္ဆန္နသုတ္တံ "တီဏိမာနိ ဘိက္ခဝေ ပဋိစ္ဆန္နာနိ အာဝဟန္တိ နော ဝိဝဋာနိ။ ကတမာနိ တီဏိ၊ မာတုဂါမော ဘိက္ခဝေ ပဋိစ္ဆန္နော အာဝဟတိ နော ဝိဝဋော၊ ဗြာဟ္မဏာနံ ဘိက္ခဝေ မန္တာ ပဋိစ္ဆန္နာ အာဝဟန္တိ နော ဝိဝဋာ၊ မိစ္ဆာဒိဋ္ဌိ ဘိက္ခဝေ ပဋိစ္ဆန္နာ အာဝဟတိ နော ဝိဝဋာ။ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ ပဋိစ္ဆန္နာနိ အာဝဟန္တိ နော ဝိဝဋာနီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော။ပ။ မြတ်စွာဘုရားသခင်သည် အဂ်ုတ္တရနိကာယ် တိကနိပါတ် ကုသိနာရဝဂ်၌ ကိုးခုမြောက် ဖြစ်သော ပဋိစ္ဆန္နသုတ် မည်သော တရားဒေသနာတော်ကို အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကုသိနာရဝဂ်ဝယ် ကိုးခုမြောက် ဖြစ်သော ပဋိစ္ဆန္ဓ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "တီဏိမာနိ ဘိက္ခဝေ ပဋိစ္ဆန္နာနိ အာဝဟန္တိ နော ဝိဝဋာနိ" အစရှိသည်ဖြင့်—

http://www.dhammadownload.com

ဖုံးထားမှ ဂုဏ်ရှိသောအရာသုံးမျိုး

ချစ်သား ရဟန်းတို့....၊ ဤလောက၌ ဖုံးအုပ်၍ထားမှ ဂုဏ်ကိုဆောင်နိုင်၍ ဖွင့်လှစ်၍ထားလျှင် ဂုဏ်ကို မဆောင်နိုင်သော အရာဝတ္ထုတို့ သုံးမျိုးရှိသည်၊ သုံးမျိုးတို့ ဟူသည်မှာ—

(၁) ချစ်သား ရဟန်းတို့....၊ မာတုဂါမ မင်းမိန်းမသည် ဖုံးအုပ်၍ထားမှသာလျှင် ဂုဏ်ကို ဆောင်နိုင်၍ ဖွင့်လှစ်ထားသည်ရှိသော် ဂုဏ်ကို မဆောင်နိုင်။

(၂) ချစ်သား ရဟန်းတို့....၊ ပဏ္ဏားတို့၏ ဗေဒင်သည်လည်း ဖုံးအုပ်၍ ထားမှသာလျှင် ဂုဏ်ကို ရွက်ဆောင်နိုင်၍ ဖွင့်လှစ်၍ ထားလျှင် ဂုဏ်ကို မရွက်ဆောင်နိုင်။

(၃) ချစ်သားတို့....၊ မိစ္ဆာဒိဋ္ဌိအယူသည်လည်း ဖုံးအုပ်၍ ထားမှသာလျှင် ဂုဏ်ကို ဆောင်နိုင်၍ အစစ်အမှန်ကို ဖွင့်လှစ်၍ ပြသည်ရှိသော် ဂုဏ်ကို မဆောင်နိုင်။

ချစ်သားတို့....၊ ဤဆိုအပ်ပြီးသော သုံးပါးတို့သည် ဖုံးအုပ်၍ ထားမှသာလျှင် ဂုဏ်ကို ဆောင်နိုင်၍ ဖွင့်လှစ်၍ ထားလျှင် ဂုဏ်ကို မဆောင်နိုင်သော အရာဝတ္ထုသုံးမျိုးတို့ ဖြစ်ကုန်သည်။

ဖွင့်ထားမှ တင့်တယ်သော အရာသုံးမျိုး

ချစ်သားတို့....၊ ဤလောကဝယ် သုံးပါးသော အရာဝတ္ထုတို့သည် ဖွင့်လှစ်၍ ပြမှသာလျှင် တင့်တယ်၍ ဖုံးအုပ်၍ ထားလျှင် မတင့်တယ်နိုင်ကြကုန်။ သုံးပါးတို့ ဟူသည် မှာ အဘယ်သည်တို့ နည်းဟူမူကား—

(၁) ချစ်သား ရဟန်းတို့....၊ ကောင်းကင်မှသွား လရထားသည်လည်း ဖုံးအုပ်၍ ထားအပ်သည်ရှိသော် မတင့်တယ်၍ တိမ် မီးခိုးစသည်တို့ဖြင့် မဖုံးအုပ်ဘဲ ဖွင့်လှစ်၍ ထားမှသာလျှင် တင့်တယ်နိုင်သည်။

(၂) ချစ်သား ရဟန်းတို့....၊ နေရထားသည်လည်း မြူမှုန်မီးခိုးအစရှိသော အညစ်အကြေးတို့ ဖုံးအုပ်၍ထားလျှင် မတင့်တယ်နိုင်ဘဲ

http://www.dhammadownload.com

ထိုအညစ်အကြေးတို့မှ ကင်းဝေး၍ ဖွင့်လှစ်၍ ထားမှသာလျှင် တင့်တယ်နိုင်သည်။

(၃) ချစ်သား ရဟန်းတို့....၊ ရွှေဘုရားတို့ အတူ လာခြင်းကောင်း တော်မူသော သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်သော ဓမ္မက္ခန္ဓာဒေသနာအပေါင်း တည်းဟူသော ဘုရားစကားတော်သည်လည်း ဖုံးအုပ်၍ ထားလျှင် မတင့်တယ်နိုင်ဘဲ ဖွင့်လှစ်၍ ထားမှ ဖော်ပြမှသာလျှင် တင့်တယ်နိုင်သော အရာဖြစ်သည်။

ချစ်သားတို့....ဤဆိုအပ်ပြီးသော လဝန်း,နေဝန်း,သဗ္ဗညုမြတ်စွာဘုရား၏စကားတော် ဤသုံးပါးသော အရာဝတ္ထုတို့သည် ဖုံးအုပ်၍ ထားလျှင် မတင့်တယ်နိုင်ဘဲ ဖွင့်လှစ်မှသာလျှင် တင့်တယ်နိုင်သော အရာဝတ္ထုသုံးမျိုးတို့ဖြစ်ပါသည်ဟု ဤပဋိစ္စသမုပ္ပန္နအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရားဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပဋိစ္စသမုပ္ပန္နသုတ် ပြီး၏

လေခသုတ်

ပု။ ။တတ္ထေဝ အာဝုသော ဒသမံ လေခသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ဒသမံ ဘန္တေ လေခသုတ္တံ "တယောမေ ဘိက္ခဝေ ပဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ တယော၊ ပါသာဏလေခူပမော ပဂ္ဂလော ပထဝီလေခူပမော ပဂ္ဂလော ဥဒကလေခူပမော ပဂ္ဂလော။ ကတမော စ ဘိက္ခဝေ ပါသာဏ လေခူပမော ပဂ္ဂလော၊ ဣဓ ဘိက္ခဝေ ကောစ္ဆော ပဂ္ဂလော အဘိဏှံ ကုဇ္ဈတိ၊ သော စ ခွဿ ကောဓော် ဒီဃရတ္တံ အနုသေတိ။ သေယျထာပိ ဘိက္ခဝေ ပါသာဏလေခါ နဒိပ္ပံ လုဇ္ဇတိ ဝါတေန ဝါ ဥဒကေန ဝါ၊ စိရဋ္ဌိတိကာ ဟောတိ၊ ဧဝမေဝ ခေါ ဘိက္ခဝေ ဣဓေကစ္စော ပဂ္ဂလော အဘိဏှံ ကုဇ္ဈတိ၊ သော စ ခွဿ ကောဓော ဒီဃရတ္တံ အနုသေတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ ပါသာဏ-လေခူပမော ပဂ္ဂလော"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

http://www.dhammadownload.com

မေး။ ။ထိုကုသိနာရဝဂ်၌ပင်လျှင် ဆယ်ခုမြောက် ဖြစ်သော လေခသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူအပ်ခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဆယ်ခုမြောက် ဖြစ်သော လေခသုတ္တန် အမည်ရှိသော တရားဒေသနာတော်မြတ်ကို "တယော မေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....၊ ဤလောက၌ ပုဂ္ဂိုလ်တို့သည် သုံးမျိုး သုံးစားတို့ပင် ရှိကြပေသည်၊ သုံးမျိုးတို့ ဟူသည် အဘယ်သည်တို့နည်းဟူမူကား—

(၁) ကျောက်၌ ရေးထွင်းအပ်သော အရေးအသားနှင့်တူသော ပုဂ္ဂိုလ်လည်းတပါး

(၂) မြေကြီး၌ ရေးသားအပ်သော အရေးအသားနှင့်တူသော ပုဂ္ဂိုလ်လည်းတပါး

(၃) ရေ၌ ရေးခြစ်အပ်သော အရေးအသားနှင့် တူသော ပုဂ္ဂိုလ်လည်းတပါး။ ဤသို့ သုံးမျိုး သုံးစားရှိကုန်သည်။

ချစ်သားတို့....၊ ကျောက်၌ ရေးထွင်းအပ်သော အရေးနှင့်တူသော ပါသာဏလေခူပမပုဂ္ဂိုလ်ဟူသည် အဘယ်ပုဂ္ဂိုလ်မျိုးနည်းဟူမူကား—

ချစ်သားတို့....၊ ကျောက်၌ရေးထွင်းအပ်သော အရေးအခြစ်သည် ရေဖြင့် မည်သို့ပင် လှုပ်မိုးစေကာမူ၊ လေ မည်သို့ပင် တိုက်ခတ်စေကာမူ လျင်မြန်စွာ မပျက်စီးနိုင်ဘဲ ရှည်မြင့်စွာ တည်တံ့၍ နေသည်၊ ထို့အတူပင်လျှင် ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အမြဲမပြတ် စိတ်ဆိုး အမျက်ထွက်၍ နေ၏၊ ထိုပုဂ္ဂိုလ်၏အမျက်ဒေါသသည်လည်း ကျောက်၌ ရေးထွင်းအပ်သော အရေးအခြစ်ပမာ ကာလရှည်လျားစွာ ကိန်းဝပ်စွဲတည်၍ နေ၏၊ ချစ်သားတို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို ပါသာဏလေခူပမ ကျောက်၌ ထွင်းအပ်သော အရေးအကြောင်းနှင့် တူသော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုအပ်ပေ၏။

ချစ်သားတို့....၊ ပထဝီလေခူပမ မြေကြီး၌ ရေးအပ်သော အရေးအသားနှင့်တူသော ပုဂ္ဂိုလ်ဟူသည် အဘယ်ပုဂ္ဂိုလ်မျိုးနည်းဟူမူကား—

http://www.dhammadownload.com

ချစ်သားတို့....၊ လောကဥပမာအားဖြင့် မြေကြီး၌ ရေးခြစ်အပ်သော အရေးအသားသည် လေတိုက်၍ ဖြစ်စေ ရေတိုက်၍ ဖြစ်စေ မကြာမြင့်မီပင် လျှင် ပျောက်ပျက်၍ သွားဘိသကဲ့သို့၊ ထို့အတူ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အမျက်ထွက်တတ်ပါ၏၊ ထိုပုဂ္ဂိုလ်၏ အမျက်ဒေါသသည် မြေ၌ ရေးခြစ်အပ်သော အရေးအခြစ်ကဲ့သို့ လျင်မြန်စွာလည်း ကွယ်ပျောက်တတ်၏၊ ပျက်စီးတတ်၏၊ ချစ်သားတို့....၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို ပထဝိ လေခူပမ- မြေကြီး၌ ရေးအပ်သော အရေးအသားနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုအပ်၏။

ချစ်သားတို့....၊ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်ကို ဥဒကလေခူပမ ပုဂ္ဂိုလ် ရေ၌ ရေးအပ်သော အရေးအသားနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုအပ်သနည်း။

ချစ်သား ရဟန်းတို့....၊ ရေ၌ ရေးအပ်သော အရေးအသားသည် ရှေ့က ရေးပြီးလျှင် နောက်က ပျက်၍ လိုက်ဘိသကဲ့သို့၊ ထို့အတူ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အတင်းအကျပ်ပင် ပြောဆိုအပ်စေကာမူ ကြမ်းကြမ်း တမ်းတမ်း ပြောဆိုအပ်စေကာမူ မနှစ်သက်ဖွယ် ဘယ်လိုပင် ပြောဆိုအပ်စေ ကာမူ စိတ်မဆိုးနိုင်ဘဲ မနာကြည်းနိုင်ဘဲ မူလအတိုင်း စပ်မြဲ ဆက်စပ်၍ နှီးနှောမြဲ နှီးနှော တပေါင်းတည်း ပေါင်းသင်းမြဲ ပေါင်းသင်း၍နေတတ်သည်၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို ဥဒကလေခူပမပုဂ္ဂိုလ် ရေ၌ ရေးသားအပ်သော အရေးနှင့် အလားတူသော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုအပ်ပေသည်။

ချစ်သားတို့....၊ ဤလောက၌ ဤဆိုအပ်ပြီးသောအတိုင်း ပါသာဏ လေခူပမ,ပထဝီလေခူပမ, ဥဒကလေခူပမ ကျောက်၌ ရေးအပ်သော အရေး အသားကဲ့သို့ အမျက်ဒေါသ တာရှည်စွာ တည်၍ နေသော ပုဂ္ဂိုလ်, မြေ၌ ရေးအပ်သော အရေးအသားကဲ့သို့ အမျက်ဒေါသ ခေတ္တမျှ တည်ရှိတတ်သော ပုဂ္ဂိုလ်, ရေ၌ရေးအပ်သော အရေးအသားကဲ့သို့ အမျက်ဒေါသဟူ၍ မထင် ခဏအတွင်းပင် ချုပ်ပျောက်တတ်သော ပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်သုံးမျိုးသုံးစားရှိ ကြောင်းဖြင့် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအတိုင်း လေခအမည် ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြား တော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

လေခသုတ် ပြီး၏

http://www.dhammadownload.com

ယောဓာဇီဝဝဂ်

ကေသကမ္မလသုတ်

ပု။ ။ယောဓာဇီဝဝဂ္ဂေ ပန အာဝုသော ပဥ္စမံ ကေသကမ္မလသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ယောဓာဇီဝဝဂ္ဂေ ဘန္တေ ပဥ္စမံ ကေသကမ္မလသုတ္တံ "သေယျထာပိ ဘိက္ခဝေ ယာနိ ကာနိစိ တန္တာဝုတာနံ ဝတ္ထာနံ၊ ကေသကမ္မလော တေသံ ပဋိကိဋ္ဌော အက္ခာယတိ။ ကေသကမ္မလော ဘိက္ခဝေ သီတေ သီတော ဥဏှေ ဥဏှော ဒုဗ္ဘက္ခော ဒုဂ္ဂန္ဓော ဒုက္ခသမ္ဖဿော။ဧဝမေဝ ခေါ ဘိက္ခဝေ ယာနိကာနိစိ ပုထုသမဏဗြာဟ္မဏဝါဒါနံ၊ မက္ခလိဝါဒေါ တေသံ ပဋိကိဋ္ဌော အက္ခာယတီတိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ယောဓာဇီဝဝဂ်၌ ငါးခုမြောက် ဖြစ်သော ကေသကမ္မလ မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ယောဓာဇီဝဝဂ်၌ ငါးခုမြောက်ဖြစ်သော ကေသကမ္မလ အမည်ရသော သုတ္တန်ဒေသနာ တော်မြတ်ကို "သေယျထာပိ ဘိက္ခဝေ ယာနိ ကာနိစိ တန္တာဝုတာနံ ဝတ္ထာနံ၊ ကေသကမ္မလော တေသံ ပဋိကိဋ္ဌော အက္ခာယတိ" အစရှိသည်ဖြင့်—

အဝတ်တွင် ကေသကမ္မလာသည် အဆိုးဆုံး

ချစ်သားရဟန်းတို့....၊လောကဥပမာအားဖြင့် အမှတ်မထင် အကြင် တစုံဘခုကုန်သော ချည်ဖြင့် ရက်အပ်ကုန်သော အဝတ်အပေါင်းတို့သည် ထင်ရှား ရှိကြကုန်၏၊ ထိုသို့ ရက်အပ်သော အဝတ်အပေါင်းတို့အနက် လူဆံပင်ဖြင့် လူ့ဆံချည်ဖြင့် ရက်လုပ်အပ်သော ကေသကမ္မလာသည် အဝတ် အပေါင်းတို့အနက် အညံ့ဆုံး အဖျင်းဆုံး အယုတ်ဆုံး ဟူ၍ ခေါ်ဆိုအပ်၏။

ချစ်သားရဟန်းတို့....၊ လူဆံပင်ဖြင့် ရက်လုပ်အပ်သော ကမ္မလာသည် အေးသောအခါ၌လည်း လွန်စွာ အေးမြ၍ ပူသော်အခါ၌လည်း လွန်စွာ

http://www.dhammadownload.com

ပူလှ၏၊ အနံ့လည်း မကောင်း၊ အဆင်းလည်း မကောင်း၊ အတွေ့အထိလည်း မကောင်းပင် ဖြစ်ပေတော့သည်။

အယူတွင် မက္ခလိဝါဒ အဆိုးဆုံး

ချစ်သားရဟန်းတို့....၊ ဤနည်း အတူပင်လျှင် ဤလောက၌ များစွာသော ရဟန်း ပုဏ္ဏားတို့၏ အယူဝါဒများစွာရှိကြသည့်အနက် မက္ခလိဆရာ ပြောဆိုသော အယူဝါဒသည် အယုတ်ဆုံး အညံ့ဆုံး ဟူ၍ ခေါ်ဆိုအပ်၏၊

ချစ်သားတို့....၊ မဂ်ဖိုလ်မရ ကိစ္စမပြီး အချည်းနှီးဖြစ်သော မက္ခလိဆရာကြီးသည် ကံဟူ၍ မရှိ၊ ကုသိုလ်အကုသိုလ်မှုဟူ၍ မရှိ၊ လုံ့လပယောဂ ဝီရိယဟူ၍ မရှိ ဟူ၍ ဟောကြားလေ့ရှိသည်၊ ဤသို့ ယူလေ့ရှိသည်။

ဘုရားရှင်တွေကို ဟန့်တားသူ

ချစ်သားတို့....၊ အတိတ်ကာလ အတိတ်သံသရာတခွင်ဝယ် ပွင့်တော်မူကြပြီးသော သဗ္ဗညုမြတ်စွာဘုရားတို့သည်လည်း ကံကိုငှင်း ကုသိုလ် အကုသိုလ်အမှုကိုငှင်း ထိုထိုဝီရိယအမှုကိုငှင်း ဟောပြတော်မူလေ့ရှိကုန်၏၊ ကမ္မဝါဒ, ကိရိယဝါဒ, ဝီရိယဝါဒ ရှိတော်မူကြပါပေကုန်၏။

ချစ်သားရဟန်းတို့....၊ နောင်အနာဂတ် သံသရာဝယ် ပွင့်တော်မူကြလတ္တံ့သော သဗ္ဗညု မြတ်စွာဘုရားတို့သည် လည်း ကမ္မဝါဒ, ကိရိယဝါဒ, ဝီရိယဝါဒသာရှိတော်မူကြသည် ဖြစ်ပါကုန်လိမ့်မည်။

ချစ်သားတို့....၊ခု ဝတ္တမာန် ပစ္စုပ္ပန် အခါ၌လည်း ငါဘုရားသည် ကုသိုလ် အကုသိုလ်ကံကို ဟောဆိုသော ဝါဒ, ကုသိုလ်မှု အကုသိုလ်မှုကို ဟောဆိုသော ဝါဒ, ထိုထိုပုဂ္ဂိုလ်ဘို့၏ လုံ့လဝီရိယ အကျိုးရှိကြောင်း ဝီရိယဝါဒကို ငါဘုရားသည် ဟောဆိုလေ့ရှိပေ၏။

ချစ်သားရဟန်းတို့....၊မဂ်ဖိုလ်မရကိစ္စမပြီး အချည်းနှီးဖြစ်သော မက္ခလိဆရာကြီးသည် ကံမရှိ၊ ကုသိုလ် အကုသိုလ်မှုမရှိ၊ ထိုထိုလုံ့လဝီရိယ၏ အကျိုးမရှိဟူ၍ ပြောဆိုခြင်းဖြင့် အတိတ်ဖြစ်သော မြတ်စွာဘုရားတို့ကိုငှင်း အနာဂတ် ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရားတို့ကိုငှင်း ယခုပွင့်ဆဲဖြစ်သော ငါဘုရားကိုငှင်း ဟန့်တားသူ ပုဂ္ဂိုလ်ပင် ဖြစ်တော့၏။

http://www.dhammadownload.com

ဝါဒမြှုံးကြီးကို ဆောင်ထား၏

ချစ်သားရဟန်းတို့....၊ လောကဥပမာအားဖြင့် မြစ်ဝ ချောင်းဝဲ၌ များစွာသော ငါးအပေါင်းတို့ အကျိုးမဲ့ ဖြစ်စိမ့်သောငှါ အစီးအပွါးမဲ့ဖြစ်စိမ့်သောငှါ ဆင်းရဲဘရားများစိမ့်သောငှါ အကျိုးမဲ့ ပျက်စီးစိမ့်သောငှါ မြှုံးကို ချထားဘိသကဲ့သို့၊ ထို့အတူပင်လျှင် ဤလောက၌ မကွလိဆရာကြီး၏ ပေါ်ပေါက်၍ လာခြင်းသည် လူ့ပြည်လောကဝယ် များစွာသော သတ္တဝါတို့ အစီးအပွါးမဲ့ ဖြစ်ဘို့ရန် ဆင်းရဲတရားများဘို့ရန် အကျိုးမဲ့ပျက်စီးဘို့ရန် ဝါဒဘည်းဟူသော မကောင်းသော မြှုံးကြီးကို ချ၍ ထားလေယောင် တကား ဟူ၍ ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ကေသကမ္မလ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

ကေသကမ္မလသုတ် ပြီး၏

မင်္ဂလဝဂ်

ဝန္ဒနာသုတ်

ပု။ ။မင်္ဂလဝဂ္ဂေ ပနာဝုသော နဝမံ ဝန္ဒနာသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။မင်္ဂလဝဂ္ဂေ ဘန္တေ နဝမံ ဝန္ဒနာသုတ္တံ"တိဿော ဣမာ ဘိက္ခဝေ ဝန္ဒနာ။ ကတမာ တိဿော၊ကာယေန ဝါစာယ မနသာ။ ဣမာ ခေါ ဘိက္ခဝေ တိဿော ဝန္ဒနာ"တိ၊ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။မင်္ဂလဝဂ်၌ ကိုးခုမြောက်သော ဝန္ဒနာသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဝန္ဒနာမည်သော ဤသုတ္တန်ဒေသနာတော်မြတ်ကို—

"တိဿော ဣမာ ဘိက္ခဝေ ဝန္ဒနာ။ကတမာ တိဿော၊ ကာယေန ဝါစာယ မနသာ။ ဣမာ ခေါ ဘိက္ခဝေ တိဿော ဝန္ဒနာ"။

http://www.dhammadownload.com

ချစ်သားတို့....၊ရှိခိုးခြင်းတို့သည် (၁)ကာယဒွါရဖြင့် ရှိခိုးခြင်း ကာယဝန္ဒနာ တပါး၊ (၂) ဝစီဒွါရ နှုတ်ဖြင့် ရှိခိုးခြင်း ဝစီဝန္ဒနာတပါး၊ (၃) မနောဒွါရ စိတ်ဖြင့် ရှိခိုးခြင်း မနောဝန္ဒနာတပါး ဤသို့အားဖြင့် သုံးပါးရှိသည်ဟု ကာယဒွါရဖြင့် ရှိခိုးနိုင်ရန်, ဝစီဒွါရဖြင့် ရှိခိုးနိုင်ရန်, မနောဒွါရဖြင့် ရှိခိုးနိုင်ရန် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဤဝန္ဒနာမည်သော သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဝန္ဒနာသုတ် ပြီး၏။

ပုဗ္ဗဏ္ဍသုတ်

ပု။ ။တတ္ထော အာဝုသော ဒသမံ ပုဗ္ဗဏ္ဍသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ဒသမံ ဘန္တေ ပုဗ္ဗဏ္ဍသုတ္တံ "ယေ ဘိက္ခဝေ သတ္တာ ပုဗ္ဗဏ္ဍသမယံ ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊ မနသာ သုစရိတံ စရန္တိ။ သုပုဗ္ဗဏ္ဍော ဘိက္ခဝေ တေသံ သတ္တာနံ။ ယေ ဘိက္ခဝေ သတ္တာ မဇ္ဈန္ဒိကသမယံ။ပ။ သာယန္ဒသမယံ ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊ မနသာ သုစရိတံ စရန္တိ။ သုသာယ-နှော ဘိက္ခဝေ တေသံ သတ္တာန"န္တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုမင်္ဂလဝင်္ဂ၌ပင်လျှင် ဆယ်ခုမြောက်ဖြစ်သော ပုဗ္ဗဏ္ဍသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။မင်္ဂလဝင်္ဂ၌ ဆယ်ခုမြောက်ဖြစ်သော ပုဗ္ဗဏ္ဍအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "ယေ ဘိက္ခဝေ သတ္တာ ပုဗ္ဗဏ္ဍသမယံ ကာယေန သုစရိတံ စရန္တိ" အစရှိသည်ဖြင့်—

အချိန်ကောင်း,အခါကောင်းများ

ချစ်သားရဟန်းတို့....၊ အမှတ်မထင် အကြင်သို့သဘောရှိသော သတ္တဝါတို့သည် အမှတ်မထင် အကြင်သို့ သဘောရှိသော နံနက် အခါ၌ ကာယ

http://www.dhammadownload.com

သုစရိုက်ကို ကျင့်ကြံပွါးများ အားထုတ်ကြကုန်၏၊ ဝစီသုစရိုက်, မနောသုစရိုက်ကို ကျင့်ကြံပွါးများ အားထုတ်ကြကုန်၏။

ချစ်သားရဟန်းတို့....၊ ထိုသတ္တဝါတို့အား ထိုသို့ ကာယ, ဝစီ, မနောသုစရိုက်ကို ကျင့်ကြံပွါးများ အားထုတ်မိသော နံနက်ခင်းသည် ကောင်းသော နံနက်ခင်းပင် ဖြစ်တော့သည်။

ချစ်သားရဟန်းတို့....၊ အမှတ်မထင် အကြင်သတ္တဝါတို့သည် အမှတ်မထင် အကြင်သို့သဘော ရှိသော နေ့ခင်း အခါ၌ ကာယသုစရိုက်ကို။ ဝစီသုစရိုက်ကို။ မနောသုစရိုက်ကို ကျင့်ကြံပွါးများ အားထုတ်ကြကုန်၏။

ချစ်သားရဟန်းတို့....၊ ထိုပုဂ္ဂိုလ်တို့အား ထိုသို့ ကာယ, ဝစီ, မနောသုစရိုက်ကို ကျင့်ကြံပွါးများ အားထုတ်ရသော နေ့ခင်း အချိန်သည် ကောင်းမြတ်သော နေ့ခင်း အချိန်ဖြစ်တော့သည်။

ချစ်သားရဟန်းတို့....၊ အမှတ်မထင် အကြင်ပုဂ္ဂိုလ်တို့သည် တနင်္ဂနွေ, တနင်္လာစ-သည် မရေတွက်ဘဲ အမှတ်မထင် အကြင်သို့ သဘောရှိသော ညချမ်းအခါကာလ၌ ကာယသုစရိုက်ကို, ဝစီသုစရိုက်ကို, မနောသုစရိုက်ကို ကျင့်ကြံပွါးများ အားထုတ် ကြကုန်၏။

ချစ်သားရဟန်းတို့....၊ ထိုသို့ သုစရိုက်တရား ပွါးများ အားထုတ်သော ပုဂ္ဂိုလ်တို့အား ထိုသို့ သုစရိုက်တရားကို ပွါးများအားထုတ်ရသော ညချမ်းကာလသည်ပင်လျှင် အပြစ်ခပ်သိမ်း လွတ်၍ ကောင်းမြတ်သော ညချမ်းကာလ ဖြစ်တော့သည်ဟု ဟောကြားတော်မူပြီးလျှင် အကျဉ်းချုပ်ဂါထာရစိကပုဂ္ဂိုလ်တို့အတွက်—

သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။

သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

အစရှိသည်ဖြင့် ဤပုဗ္ဗဏ္ဏ အမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုဗ္ဗဏ္ဏသုတ် ပြီး၏

တိကနိပါတ် အမေးအဖြေ ပြီးပြီ

နေ-ဗ-သ-၈၊—၃—၁-၉-၆၀—၃၀၀၀

http://www.dhammadownload.com

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့တွင် ရနိုင်သည့်စာအုပ်များ
ဆဋ္ဌသံဂါယနာမူ ပိဋကတ်တော်များ

ဆဋ္ဌသံဂါယနာမူ ပါဠိတော်များကို လစ်သိုစက်ကြီးဖြင့် တလလျှင် တအုပ်ကျစီ ပြီးစီးအောင် ဒုတိယအကြိမ် ပြန်လည် ရိုက်နှိပ်လျက်ရှိနေပါပြီ၊ အလှူရှင်များသည် အုပ်ရေ ၄၀-ရှိ ပါဠိတော် (အဝတ်ဖုံး) တစုံအတွက် ကြိုတင်ငွေပေးသွင်း၍ (အောက်ပါ) ရိုက်ပြီးသမျှ ပါဠိတော်များကို ယခုရယူထားနိုင်သည့်ပြင် ကျန်ပါဠိတော်များအတွက် တလလျှင် တအုပ်ကျ ရရှိသွားမည်ဖြစ်ပါကြောင်း။

ယခုအခါရနိုင်သည့် ပါဠိတော်များ

အမည်	ဘိလပ်ဖုံး
၁ ဝိနည်းငါးကျမ်းတစုံ	၆၀ -
၂ ဒီဃနိကာယ် ၃-ကျမ်းတစုံ	၃၀ -
၃ မဇ္ဈိမနိကာယ် ၃-ကျမ်းတစုံ	၃၆ -
၄ သံယုတ္တနိကာယ် ၃-ကျမ်းတစုံ	၃၆ -
၅ မဲမှသင်္ဂဏီ	၁၀ -
၆ ဝိဘင်္ဂ	၁၂ -
၇ ဘေတုကထာနှင့် ပုဂ္ဂလပညတ္တိ	၀ -
၈ ကထာဝတ္ထု	၁၂ -
၉ ယမက ပ-ဒု-တ ၃-အုပ်	၁၂ စီ
၁၀ ပဋ္ဌာန ပ-ဒု-တ ၃-အုပ်	၁၂ - ၈၀-စီ

မဇ္ဈိမနိကာယ် ၃-ကျမ်းမှတပါး ကျန်ကျမ်းစာအုပ်များမှာ စက္ကူဖုံးမရနိုင်ပါ။

မဇ္ဈိမနိကာယ်တစုံ စက္ကူဖုံး ၃၀ -

အမှတ် ၁-၂-၃-၄ ပါဠိတော်များကို အစုံလိုက် မဟုတ်ဘဲ တအုပ်စီခွဲ၍ ဝယ်ယူလျှင်လည်း ရောင်းပါသည်။

ရနိုင်သည့် အဋ္ဌကထာကျမ်းစာအုပ်များ

၁ ပါရာဇိက အဋ္ဌကထာ ပ-ဒု		၁၀ - စီ
၂ ပါစိတျာဒိ ။		၁၀ -
၃ စူဋ္ဌဝဂ္ဂါဒိ ။		၀ -
၄ သီလက္ခန္ဓဝဂ္ဂ ။		၁၀ -
၅ အဋ္ဌသာလိနီ ။		၁၂ -
၆ ဒီဃနိကာယ ။	(မဟာဝဂ္ဂ)	၁၀ -
၇ ။	(ပါထိကဝဂ္ဂ)	၈ -
၈ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ပ-ဒု		၁၀ စီ
၉ သမ္မောဟဝိနောဒနီ အဋ္ဌကထာ		၁၂ -
၁၀ ပဋ္ဌပကရဏ		၁၂ -
၁၁ မူလပဏ္ဏာသ အဋ္ဌကထာ ပ-ဒု		၁၀ စီ
၁၂ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ		၁၀ -

အမည်		ဘိလပ်ဖုံး
၁၃ ဥပရိပဏ္ဏာသအဋ္ဌကထာ		၈ -
၁၄ သံဂါထာဝဂ္ဂ ။		၈ -
၁၅ နိဒါနဝဂ္ဂနှင့်ခန္ဓဝဂ္ဂ။		၀ -
၁၆ သံဋ္ဌာယတနဝဂ္ဂ ။		၀ -
၁၇ အင်္ဂုတ္တရအဋ္ဌကထာ ပ-ဒု-တ		၁၀-စီ
၁၈ ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ ပ-ဒု		၁၀-စီ
၁၉ ကခ်ါဝိတရဏီအဋ္ဌကထာ		၇ -
၂၀ ခုဒ္ဒကပါဋ္ဌ ။		၆ -
၂၁ မေ္ဓပဒ အဋ္ဌကထာ ပ-ဒု		၈-စီ
၂၂ ဥဒါနအဋ္ဌကထာ		၈ -
၂၃ ဣတိဝုတ္တက အဋ္ဌကထာ		၇ -
၂၄ ဝိမာနဝတ္ထု ။		၈ -
၂၅ ပေတဝတ္ထု ။		၇ -
၂၆ သုတ္တနိပါတ ။	(ပဋ္ဌမတွဲ)	၇ -
၎င်း	(ဒုတိယတွဲ)	၈ -
၂၇ ထေရ ဂါထာ အဋ္ဌကထာ ပ-ဒု		၁၄ စီ
၂၈ ထေရီဂါထာ ။		၁၀ -
၂၉ အပဒါန ။	(ပဋ္ဌမတွဲ)	၁၂ -
၃၀ ၎င်း ။	(ဒုတိယတွဲ)	၁၀ -
၃ ဇာတက အဋ္ဌကထာ	(ပဋ္ဌမတွဲ)	၁၄-
၃၂ ၎င်း ။	(ဒုတိယတွဲ)	၁၂ -
၃၃ ၎င်း ။	(တတိယတွဲ)	၁၃ -
၃၄ ၎င်း ။	(စတုတ္ထတွဲ)	၁၃ -
၃၅ ၎င်း ။	(ပဉ္စမတွဲ)	၄ -
၃၆ ၎င်း ။	(ဆဋ္ဌမတွဲ)	၁၂ -
၃၇ ၎င်း ။	(သတ္တမတွဲ)	၁၂ -

စက္ကူဖုံးများကို အလိုရှိပါက ဘိလပ်ဖုံး ဈေးနှုန်း ထက်တအုပ်လျှင် ၂-ကျပ်-နှုန်း လျှော့၍ ရောင်းပါသည်။

http://www.dhammadownload.com

သံဂါယနာအမေးအဖြေများ

အမည်		ဘိလပ်ဖုံး
စာအုပ်စာရင်း ၂ မှ		
၁ သံဂါယနာအမေးအဖြေ (ဝိနယ)	ပ-ဒု	၅ -စီ
၂ ဒီဃနိကာယ် ။		၄ -၅၀
၃ မဇ္ဈိမနိကာယ် ။	ပ-ဒု	၄ -၅၀-စီ
၄ သံယုတ္တနိကာယ်	(ပဌမတွဲ)	၅ -
၅ ၎င်း ။	(ဒုတိယတွဲ)	၅ -

ပိဋကတ်မြန်မာပြန် စာအုပ်များ

၆ ပါရာဇိက	မြန်မာပြန်	၁၂ -
၇ ပါစိတ်	။	၁၄ -
၈ ဝိနည်းမဟာဝါ	။	၄ -
၉ စူဋ္ဌဝါ	။	၁၀ -
၁၀ သုတ်သိလက္ခန်	။	၁၀ -
၁၁ သုတ်မဟာဝါ	။	၁၀ -
၁၂ သုတ်ပါထိက	။	၁၀ -
၁၃ ပဋိသမ္ဘိဒါမဂ်	။	၁၂ -
၁၄ အင်္ဂုတ္တိုရ်	။ (ပဌမတွဲ)	၁၃ -
၁၅ အင်္ဂုတ္တိုရ်	။ (ဒုတိယတွဲ)	၁၄ -
၁၆ အင်္ဂုတ္တိုရ်	။ (တတိယတွဲ)	၁၂ -
၁၇ ပရိဝါ	။	၁၂ -

စက္ကူဖုံးများ အလိုရှိပါက ဘိလပ်ဖုံး ဈေးနှုန်း ထက် တအုပ်လျှင် ၂ -ကျပ်နှုန်းလျှော့၍ ရောင်းပါသည်။

အခြားမြန်မာပြန်စာအုပ်များ

၁၈ ဋီကာကျော် မြန်မာပြန်	(ပ)	၄ -
၁၉ ၎င်း	(ဒု-တ)	၄ -၅၀ -စီ
၂၀ ဝိသုဒ္ဓိမဂ်မြန်မာပြန်	(ပဌမတွဲ)	၆ -
၂၁ ၎င်း	(တတိယတွဲ)	၇ -

အခြားကျမ်းစာအုပ်များ

၂၂ မူလပဏ္ဏာသ ဋီကာ (ဒု)	၅ -၅၀
၂၃ မဇ္ဈိမနှင့် ဥပရိပဏ္ဏာသဋီကာ	၆ -၅၀
၂၄ မောဂ္ဂလာနဗျာကရဏကျမ်း	၆ -
၂၅ အဘိဓမ္မတ္ထသရူပဒီပနီ	၂ -၅၀

အမည်	ဘိလပ်ဖုံး
၂၆ မြို့ပြင်ကြီး သင်္ဂြိုဟ်အကောက်	၂ -၅၀
၂၇ နမက္ကာရဋီကာ	၂ -၅၀
၂၈ အဘိဓမ္မာနေ့အရေးတော်ပုံ	-၅၀
၂၉ မင်္ဂလာအဖွင့် အကျယ်လက်စွဲ (စံကျောင်း)	၂ -
၃၀ ဓမ္မစကြာအနတ္တလက္ခဏသုတ်ပါဠိနိသျ	၁ -
၃၁ ဓမ္မစကြာပါဋိတော်နှင့် ပရိတ်တော် (၆) သုတ်တွဲ	-၄၀
၃၂ ဗြဟ္မယာစနကထာ	၂ -၇၅

၎င်း၌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လျှောက်ထားချက်အရ ဆဋ္ဌသံဂါယနာ ဝန်ဆောင်အဖွဲ့မှ ဖြေဆိုတော်မူသည်။

၃၃ အဋ္ဌကထာသံဂါယနာစီစစ်ခဏ်း	(ပဌမတွဲ)	၅ -
၃၄ ၎င်း	(ဒုတိယတွဲ)	၄ -

ကျမ်းစာအုပ်များကို ၂၀ဝိ၊ဘိုးနှင့် အထက်ဝယ်ယူသူ များအား ငွေ ၁၀ဝိ-လျှင် ၁၅ ကျပ် ရာခိုင်နှုန်း ကော်မရှင် ပေးပါမည်။

မိန့်ခွန်း

၃၅ ငါးပါးသီလစာအုပ် (ဦးနု)မိန့်ခွန်း	- ၅၀

၎င်း၌ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရား ကြီး၏ ငါးပါးသီလ မိန့်ခွန်းနှင့် ပူးတွဲရိုက်နှိပ်ထားပါသည်။

၎င်းစာအုပ်ကို ငွေ ၅၀-ဘိုးနှင့် အထက် ဝယ်ယူသူများ အား ငွေ ၁၀ဝိ-လျှင် ၃၀ ရာခိုင်နှုန်း ကော်မရှင်ပေးပါမည်။

စာစောင်

၃၆ သာသနာ့ရောင်ခြည်စာစောင်	-၅၀
၃၇ ဓမ္မရောင်ခြည်စာစောင် ( )	၂ -

၎င်း ၃-လတကြိမ် ထုတ်ဝေသည့် စာစောင်များကို နှစ် ကြေးနှင့် ကြည့်ရှု လိုပါက သာသနာ့ရောင်ခြည် တနှစ် အတွက် (ပြည်တွင်း) ၆-ကျပ် (ပြည်ပ) ၇-ကျပ်ယူပါသည်။ ဓမ္မရောင်ခြည် စာအုပ်များကို (ပြည်တွင်း) ၇-ကျပ် (ပြည်ပ) ၈-ကျပ် ယူပါသည်၊ စာစောင်များကို ငွေ ၅ဝိ-ဘိုးနှင့် အထက် ဝယ်ယူသူများအား ငွေ ၁၀ဝိ လျှင် ၂၅-ရာခိုင်နှုန်း ကော်မရှင်ပေးပါမည်။